
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ — ဒေါ်နိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ — ဒေါ်နွဲ့နွဲ့ရီ (၀၈၇၀၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်တန်ရပ်ကွက်၊ သဃ်န်းကျွန်း။
ရန်ကုန်မြို့။

အကြိမ် — ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
မသိခဲ့တဲ့ အရင်က/ သျှင်မ၊
ရန်ကုန်။ ရွှေညာထိလင်းစာပေ၊ ၂၀၁၆။
၃၄၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) မသိခဲ့တဲ့ အရင်က




### အခန်း (၁)

"မယော တို့ ဒီတိုင်းပဲ နေသွားရတော့မှာလား မောင် .. ပြောပါဦး.."

"မောင် မပြောနိုင်တာကိုပဲ မေးနေတော့ ဘယ်လိုပြောရမှာလဲ မယော ရယ် .."

ရှုံ့တွတွမျက်နှာကြီးဖြစ်သွားတိုင်း ထိုမျက်နှာကိုကြည့်၍ သူမမှာ ခွန်အားတွေဆုတ်ခမ်းသွားသလိုခံစားကျန်ခဲ့ရတာ ဖြေသိမ့်ရာလည်း မရှိ။

ရင်ခွင်ထဲမှာ မှီနေရင်း ကိုယ်ကိုမတ်မတ်ပြင်ထိုင်လိုက်မိကာ ..၊

"မောင် သေချာဖြေစမ်းပါ၊ မယော့ ကို မောင် ချစ်သေးရဲ့လား .. သူ့ကို လုံးဝစိတ်ပျက်တယ်ဆိုတဲ့စကားတွေက တကယ်ရော ဟုတ်ရဲ့လား .."

"မောင့် မျက်နှာက မင်းနဲ့ရှိနေတဲ့အခါ သူ့ဆီရောက်နေတဲ့ပုံများ ပေါ်နေသလား .."

"ပေါ်ချင်လည်း ပေါ်မှာပေါ့ မောင်၊ မောင့်ကိုမြင်လိုက်တာနဲ့ မယော က မိုးမမြင်လေမမြင်ဖြစ်သွားခဲ့တာကိုး .."

ကြည်ဖြူ့ မျက်နှာမှာ စိတ်ရှုပ်ထွေးခြင်းတွေ နေ့င့်ယှက်လာခဲ့လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ .. ရှေ့ရေးနောက်ရေးဆွေးနွေးရအောင် မောင်တို့က ကျောင်းပိတ်ချိန်ကို ကြောက်ကြောက်လန့်လန့် စောင့်နေရတဲ့ တက္ကသိုလ် ကျောင်းသားတွေလည်း မဟုတ်တော့ဘဲနဲ့ .. ခဏတွေ့ရတုန်းလေးမှာ ငြိမ်းချမ်းနေချင်တယ်ကွာ .. နော် .. အဲ့ဒါတွေ ခဏလောက်မေ့ထားလိုက်"

"ဟင့်အင်း ..."

ကြည်ဖြူ က သူမကိုယ်လေးကို အတင်းဆွဲဖက်သည်။ မယော က ရှုန်းဝစ်လိုက်၏။ သူ့မျက်နှာ ရှုံ့မဲ့သွားကာ ..၊

"ကျွတ် .."

"မယော ကတော့ ရှေ့ရေးနောက်ရေးပူရမယ် မောင် .. မောင့်ကို မယော အရမ်းချစ်တယ်၊ ပြီးတော့ အားကိုးတယ်၊ အဲဒါကြောင့် မောင့်ကိုလည်း ပိုင်ဆိုင်ချင်တယ်၊ မောင့်အရိပ်ကိုလဲ ဒီ့ထက်လုံလုံလောက် လောက် လိုချင်တယ် .."

"ခုလည်း မင်းလိုချင်တာ မောင်အားလုံး ဖြည့်ဆည်းနေတာပဲ မလား .. နိုင်ငံခြားကို ရောက်ပင်းနဲ့ထွက်ချင်တိုင်း မင်း ဘယ်နိုင်ငံသွားမလဲ ဘယ်လောက်သုံးမလဲ မင်းစိတ်ကြိုက် ထုတ်ပေးခဲ့တာပဲ .."

"အဲဒါတွေ အခု မောင် ညည်းညူလာပြီလေ၊ မောင့်ဘက်မှာ အခက်အခဲတွေ ဖြစ်နေပြီမဟုတ်ဘူးလား .."

"မောင့်ဘက်မှာ ဘာဖြစ်ဖြစ် မင်း လိုချင်တာရဲနေဖို့ပဲ မဟုတ်ဘူးလား .. ကဲ .. မောင် မပေးခဲ့တာ ရှိခဲ့ဖူးသလား .."

"ဟင့်အင်း .. မယော လိုချင်တာ မောင့်ဆီက အခက်အခဲတွေ ရောသောပါနေတဲ့ လိုက်လျောမှုတွေမဟုတ်ဘူး .."

"ခက်တော့တာပဲကွာ .."

ကြည်ဖြူ သူမကိုထိကိုင်ဖို့မကြိုးစားတော့ဘဲ ခုံတန်းမှာ ကျောကပ်မှီ၍ လက်တွေဆန့်တင်ထားလိုက်၏။

"မောင် .."



ဒါကျတော့ မယော က သူ့ရင်ခွင်ထဲဝင်လာခဲ့လျက် လည်ပင်းကြား ထဲကို သူမလက်ဖဝါးလေးနဲ့ တိုးဝင်ပွတ်သပ်ရင်း ..၊

"မောင့်ကို မပိုင်ဆိုင်ရတဲ့အဖြစ်ကိုတော့ မယော ဘယ်လိုဖြေရမလဲ ပြောပါဦး မောင် .."

"အဲဒါက ဖြစ်မှမဖြစ်နိုင်တာကိုးကွာ .."

"မဖြစ်နိုင်တာက သူ့ကိုမောင်က ချစ်နေလို့ဆိုရင် မယော့ အတွက် မျှော်လင့်ချက်မဲ့ပြီပေါ့ .."

"မဟုတ်ဘူး မယော .. အိမ်ထောင်တစ်ခုတည်ဆောက်ထားတယ် ဆိုတာ လင်မယားလုပ်တမ်းကစားကြတာမဟုတ်ဘူး၊ သူ့ရယ်ကိုယ်ရယ် အတူတူနေကြတာတစ်ခုတည်းနဲ့ အိမ်ထောင်ရေးဖြစ်လာတာလည်း မဟုတ် ဘူး၊ နှစ်ဖက်အသိုင်းအဝိုင်းတွေရှိတယ်၊ ကျိုးကြောင်းချိတ်ဆက်ပတ်သက် မှုတွေရှိတယ် .."

ပြောနေကြရင်း အသံတစ်ချက်ကြားလိုက်ရကာ ကြည်ဖြူ က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။

အနီးအနားမှာ စုံတွဲတစ်တွဲ သစ်ပင်ကွယ်၍ ထိုင်နေတာပဲရှိကာ တခြားမသင်္ကာစရာဘာမှမတွေ့ ..။

"ဘာဖြစ်လို့လဲ .."

"တစ်ယောက်ယောက် ချောင်းကြည့်နေသလို ခံစားရလို့၊ ပြီးတော့ ဓာတ်ပုံရိုက်လိုက်သလိုပဲ .."

"မောင်ကလည်း ဒီလိုပဲ ဆက်ဖိဆွဲနေကြတာဖြစ်မှာပေါ့ .."

ဖြေသိမ့်ပြောလိုက်ပြီးမှ မယော မျက်မှောင်လေးကုတ်သွားကာ ..၊

"မောင့်ထာဝရ သိသွားမှာစိုးလို့ ဖြစ်နေတာလား မောင် .."

"မဟုတ်ပါဘူး .."

"မဟုတ်ပေမယ့် မောင့် မျက်နှာကြီးကို မှန်ဖွင့်ကြည့်ပါဦး .."

"ကြည့်သင့်တာက မောင် မဟုတ်ဘူး၊ မင်းကိုယ်မင်းကြည့်ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!..."

"ဟုတ်တယ် .. ဒီမှာထိုင်တည်းက မင်းပဲ ဝါရီတွေများပြီးပွားနေ ဘာ၊ မောင်က ထာဝရကို ဘယ်တုန်းကမှ ဂရုစိုက်ခဲ့တာမဟုတ်ဘူး၊ သူကလည်း မောင် ဘာလုပ်လုပ် ချက်ကင်လိုက်လုပ်နေမယ့် မိန်းမမျိုး မဟုတ်ဘူး၊ ဒါပေမယ့် စောင့်ထိန်းသင့်တာတွေတော့ ရှိသေးတယ် .."

"မောင် ..."

"အင်း .. ပြော .."

"ထာဝရ က မပော့ ထက် လှလားဟင် .."

"မလှပါဘူး .."

"မပော ကျေနပ်အောင်ပြောမနေပါနဲ့ မောင်ရယ်၊ သူက အရမ်း တော်တယ်၊ ထက်မြက်တယ်၊ အခု မောင့်လိုပဲ အောင်မြင်နေတဲ့ စီးပွား ရေးလုပ်ငန်းရှင်တစ်ယောက် .."

"လုပ်ငန်းရှင်က မောင်ပါ .."

"ဒါပေမယ့် မောင်က အလုပ်နဲ့ တခြားစီဖြစ်နေပြီလေ .."

"မောင် အလုပ်မလုပ်တာကိုပြောတာလား .."

"အဲ့ဒါလည်းမဟုတ်သေးဘူး၊ သူ့ကို မောင်က ပြန်နိုင်းခဲ့တယ်ဆို ပေမယ့် ဆရာထက် တပည့်က လက်စောင်းထက်တယ်ဆိုတာမျိုးလည်း ရှိတယ်မို့လား .. အခု ထာဝရ ရဲ့ နာမည်က မောင်တို့အသိုင်းအဝိုင်းကြား မှာ တိုးပေါက်နေပြီ၊ လှတယ် တော်တယ်ဆိုတဲ့ မိန်းမတစ်ယောက်ကို.."

"သူ့ကို စိတ်မဝင်စားလို့ မောင် မင့်နားမှာပဲရှိနေတာပေါ့၊ သူ တော်တယ်ဆိုတာလည်း အဲဒီလိုတော်ဖို့ပဲ သူကကြိုးစားနေတာလေ၊ ဘာပဲဖြစ်ဖြစ် သူ ကြိုးစားတော့ မောင်တို့မှာပဲ အကျိုးအမြတ်တိုးလာ တာ၊ နစ်နာသွားတာမှ မဟုတ်ဘဲ .."

"ဟွန်း .."

မပော က ကြည်ဖြူ့ ကို မော့ကြည့်ရင်းပြုံးသည်။ မေးဖျားကနေ



မြင်နေရသည့် မျက်နှာဟာ ယောကျ်ားပီသချောမွေ့လျက် ထိုသူဟာ ဘယ်ကကြည့်ကြည့် စမတ်ကျပြီး လိုလေသေးမရှိ ပြည့်စုံသည့်ယောကျ်ား ဖြစ်၏။

ကြည်ဖြူ နဲ့ သူမ တွဲခဲ့တာ နှစ်နဲ့ချီနေပြီဖြစ်သည်။ သူမက နိုင်ငံ ကျော်မော်ဒယ်လ်တစ်ယောက်ဖြစ်ကာ ကြည်ဖြူ က ရေပမ်းစားလွန်း သည့် လူငယ်လုပ်ငန်းရှင်တစ်ယောက်ဖြစ်၏။

ထိုယောကျ်ားနဲ့ ပတ်သက်ဆက်နွယ်ဖို့က မခဲယဉ်းသော်လည်း ထာဝရ ဆိုသည့် သူ့ရဲ့ဇနီးကို ကျော်လွန်ပြီး ကိုယ့်ဘေးမှာပဲ ငြိတွယ်လာ အောင် ကြိုးပမ်းခဲ့ရတာက မလွယ်ပေ ..။

အဘယ့်ကြောင့်ဆိုသော် ထာဝရ ဆိုသည့်မိန်းမသည် ..၊

"ထာဝရနဲ့ ပတ်သက်တာတွေ တွေးမနေနဲ့ကွာ .. မောင့်ဆီက သူ မရနိုင်တာတွေ မင်းကို မောင်ပေးခဲ့တာပဲ၊ အဲ့ဒါ ငွေကြေးတစ်ခု တည်းကိုပြောနေတာမဟုတ်ဘူး .."

"မပော သိပါတယ်၊ ဒါပေမယ့် သူ့ရဲ့ ဂုဏ်သတင်းတွေကြားရ လွန်းတော့ မပော မျက်နှာငယ်လာသလိုပဲ .."

"ချပ် ..."

တချပ်ချပ်အသံက ခတ်ပုံရိုက်နေမှန်းသိပေမယ့် လှည့်ရှာလိုက် တိုင်း မတွေ့တော့ စိတ်ကသိကအောက်နဲ့ပဲ ကြည်ဖြူ မေ့ဖျောက်ထား လိုက်ရ၏။

"ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်တဲ့စိတ် မပော တစ်ခါမှမဝင်ခဲ့ဘူး၊ ဒါပေမယ့် မောင့်ရဲ့ ထာဝရ က .."

"သူက ပုံမှန်လမ်းကြောင်းတစ်ခုပေါ်က ငွေကြေးကွန်ယက်ကြီးထဲ မှာ အမြဲတမ်း ပိတ်မိနေမယ့် မိန်းမပဲ၊ မင်းက အောင်မြင်ကျော်ကြားနေ တဲ့ မော်ဒယ်လ်တစ်ယောက်လေ၊ ပေါ်ပြူလာဖြစ်တာချင်းရော တကယ့် အလှချင်းရော ဘာမှကိုမဆိုင်ဘူး၊ ဘာကိုသိမ်ငယ်စရာရှိလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



မယော မျက်နှာလေးပြုံးကြည့်သွားသည်။ ပြီးတော့ ကြည်ဖြူ လည်ပင်းကို ဖက်၍ မေးဖျားလေးကို နှုတ်ခမ်းနဲ့ ဖိကပ်နမ်းလိုက်ကာ ..၊

"အဟွန်း .. အဲဒီ မော်ဒယ်လ်လေးကတော့ သူ့ အားကိုးမြတ်နိုးနေရတဲ့ ကြည်ဖြူ ဆိုတဲ့ ယောက်ျားကို စိတ်ကုန်သွားမှာ သေအောင်ကြောက်နေရတာသိရဲ့လား .."

"ဘာလို့ စိတ်ကုန်ရမှာလဲ မယော ရယ် .. ဟောဒီက မိုင်ဂဲ(လ်)လေးနဲ့ အိုးလေဒီကြီး တူပါ့မလား .."

"မောင် .."

"ပြော .."

"နောက်ထပ် မယော ထက်လှတဲ့ မော်ဒယ်လ်လေးတွေပေါ်လာရင်ရော .."

"ဒါကတော့ .. အင်း ..."

"ကြည့်ပါလား .."

"ဟား .. ဟား .. ဟား .."

ပန်းခြံထဲမှာဆိုတာ မေ့သွားသည်။ ရင်ခုန်ဖွယ်အနမ်းများဖြင့် ခဏတစ်ဖြုတ် မေ့မူးနေခဲ့လျက် ..၊

"မောင် ပြန်တော့မယ် .."

"မောင် .."

နာရီကြည့်လိုက်တာနှင့် မယော မျက်နှာလေးပျက်သွားကာ လက်မောင်းကိုဖက်ထားလိုက်၏။ ပြီးတော့ ပါးပြင်လေးနဲ့ ကပ်မှီလိုက်ပြီး...

"မောင် ခုတစ်လော တိုက်ခန်းကိုလာမအိပ်တာကြာပြီနော် .."

"မောင် မအားလို့ပါ .. နိုင်ငံခြားက လုပ်ငန်းတွေနဲ့ ပတ်သက်တာကျတော့ မောင်မရှိလို့ မဖြစ်ဘူးလေ .. မင်း လိုချင်တာရှိရင် ဖုန်းဆက်လို့ရနေတာပဲ .."

"ဟုတ်ရဲ့လား မောင်ရယ်၊ မယော့ မောင်လေးနဲ့ မောင် အဆင်မပြေ



လို့ မလာဘဲနေတာတော့ မဟုတ်ပါဘူးနော် .."

"မဟုတ်ပါဘူး .. သူကလည်း မောင့်ကို လိုက်ငြိနေတာမှမဟုတ်တာ .."

"ဟုတ်တော့ ဟုတ်ပါတယ်၊ တစ်ခါတစ်ခါ အဲ့ဒီကောင်လေးက ဂျစ်တိဂျစ်ကန်ဆိုတော့ .."

"သူဘာဖြစ်ဖြစ် မောင်က မင်းဆီလာတာပဲ သူ့ဆီသွားတာမှမဟုတ်တာ .."

"ပြီးတာပါပဲ .. မယော ကလည်း မောင် စိတ်အနှောင့်အယှက်ဖြစ်သွားသလားလို့ စိုးရိမ်လို့ပါ၊ သူ့ကိုခွဲထုတ်ပစ်တော့မယ်လို့လည်း စဉ်းစားထားပြီးပြီ၊ အစ်မကို မှီခိုနေပြီး နည်းနည်းလေးမှကို မနေတတ်မထိုင်တတ်ဘူး၊ သူ့ကြောင့် စိတ်ညစ်ရတာတွေများလှပြီ .."

မျက်နှာလေးမဲ့ပြီး ညည်းညူနေ၏။ ဒီမောင်နှမကိုတွေ့ရတော့ ထာဝရတို့ မောင်နှမတွေကို ပြေးမြင်မိသည်။ ငါးရာနှစ်ဆယ့်ရှစ်သော ချစ်မေတ္တာတွေ ဘယ်နှစ်မျိုးနှစ်စားလောက်ရှိနေသည်တော့မသိ ..။

ဒီမောင်နှမနဲ့ ဟိုမောင်နှမတွေကတော့ တခြားစီပါလား ..။

'အစ်မကြီးတော့ အမိအရာ' ဆိုသော်လည်း ခုချိန်မှာ အမိနဲ့တူသော အစ်မတစ်ယောက်ကို ရယူပိုင်ဆိုင်ထားခဲ့သော သူ့အတွက်ကတော့ သဲလေတို့ တိုက်စားခံထားရသဖြင့် အောက်ခြေပြတ်လုလုဖြစ်နေသော သဲသောင်ကမ်းပါးက ကျောက်မှိုပွင့်ကြီးကဲ့သို့ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"စင်ကာပူကို မာကဲတ်တင်းလွှတ်မယ့်သူအတွက် ဦးမင်းညွန့် စီစဉ်ထားတာတွေ ကျွန်မ ကြည့်ချင်တယ် .."

"ဒီမှာပါ .."

ဦးမင်းညွန့် က ဖိုင်ကိုတလေးတစားကမ်းပေးလိုက်ပြီးမှ ..၊

"သူပြန်လာတဲ့အထိ ဘာ့ဂျက်ကိုလည်း ဥက္ကဋ္ဌသတ်မှတ်ထားတဲ့အတိုင်း အပိုအလိုမရှိအောင် စီစဉ်ထားတာပါ .."

"ကျွန်မက ဂျပန်ကိုလွှတ်မယ် .."

စကားပြောနေတုန်း လက်ကိုင်အိတ်ထဲက ဖုန်းသံမြည်လာ၏။ သူမရဲ့ အတွင်းရေးမှူး လှုပ်လှုပ်ရှားရှားဖြစ်သွားသော်လည်း အိတ်ထဲက ဖုန်းကိုတော့ မကိုင်ရဲပေ ..။

ဒါပါနဲ့ဆို သုံးကြိမ်မြောက်မြည်လာခြင်းမို့ တန်းစီထိုင်နေကြသည့် ဝန်ထမ်းအားလုံးကလည်း နေရခက်သည့် မျက်နှာတွေနှင့်ဖြစ်လာကြ၏။

ထာဝရ က ရှေးနည်းတူ အိတ်ထဲကိုလက်ထည့်ပြီး အသံပိတ်ထားလိုက်၏။ ပြီးတော့ စကားကိုပြီးဆုံးအောင်ဆက်ပြောနေလျက် ..၊

"မနက်ဖြန် ဒါရိုက်တာတွေအားလုံး အစည်းအဝေးတက်ကြလိမ့်မယ်၊ ကျွန်မတို့ ကုမ္ပဏီနဲ့ အမြဲလက်တွဲခဲ့တဲ့ ကက်စတန်မာတွေအတွက် ဒီကုမ္ပဏီက ဘယ်လို .."

စတုတ္ထမြောက် ဖုန်းမြည်သံကြောင့် စကားလက်စနှင့် တိခနဲပြတ်



ကျသွား၏။

"ကျွတ် .."

အမြဲတမ်းတည်ငြိမ်နေတတ်သည့် မျက်နှာလေးမှာ ဒေါသရိပ်ဖျန်းခနဲတက်သွား၏။ ပြီးတော့ စိတ်ကိုထိန်းလိုက်သလို ပင့်သက်ရှိုက်ရင်း ဖုန်းကိုထုတ်ယူ၍ ..၊

"ဒေါက် ..."

တစ်ခုတစ်ခြားဆီခွဲထုတ်ပစ်လိုက်ကာ စားပွဲပေါ် ဒီတိုင်းချလိုက်သည်။ သူမအတွက် သေရေးရှင်ရေးပူလောက်စရာလူ အိမ်မှာမရှိပေ။

ရှိနေရင်လည်း အလုပ်တစ်ခုခုမှာ အာရုံစိုက်နေတုန်း နောက်တစ်ခု တိုးလာခြင်းအတွက် သူမ ဘယ်လိုမှ မနှစ်မြို့နိုင် ..။

မီတင်မှာရှိနေကြသည့် အဆင့်ဆင့်ဝန်ထမ်းအားလုံး၏ တင်ပြချက်တွေကိုယူကာ တာဝန်တွေခွဲဝေသတ်မှတ်ပြီးတဲ့အထိ စိတ်က မကြည်လင်တော့ဘဲ ..၊

"ဒီနေ့ ပြောစရာ ဒီလောက်ပဲ .."

သွားလို့ရပြီဆိုတဲ့အကြောင်း လက်ခါပြလိုက်ပြီး ထိုင်ခုံမှာပဲ ကျောကပ်မှီထားလိုက်သည်။ ပြီးတော့ ခါးပြန်မတ်ကာ စားပွဲပေါ်မှာ လက်နှစ်ဖက်တင်၍ ...

မျက်လုံးတွေမှိတ်၍ စုတ်သပ်ခေါင်းခါမိသည်။

ကြည်ဖြူ ..၊

ရှင့်ကို ကျွန်မ မနှောင့်ယှက်ပါဘူး၊ ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီထိ နှောင့်ယှက်နေရတာလဲ ..၊

"မမ .. သံပုရာရည် .."

"ဟင် .. အင်း .."

နားထင်နှစ်ဖက်မှာထောက်ထားသည့် လက်ချောင်းတို့ကိုဖယ်၍ သေးချောက်လာသည့် သံပုရာရည်ဖန်ခွက်လေးကို ငုံကြည့်မိသည်။ ပြီးတော့...

"ပန်းရောင် .."

"ရှင် .. မမ .."

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ဒါရိုက်တာတွေ အစည်းအဝေးပြီးရင် ဒေါ်မိုးညိုခြင်းကိုင်ထားတဲ့ နိုင်ငံခြားကိုယ်စားလှယ်တွေရဲ့ နှစ်ချုပ်စာရင်းတွေကို ယူကြည့်ထားလိုက် .."

"ဟုတ်ကဲ့ မမ .."

"ဘာလုပ်ရမယ်ဆိုတာ သိတယ်မို့လား .."

"သိပါတယ် .. ဒါပေမယ့် ဒေါ်မိုးညိုခြင်း က ဥက္ကဋ္ဌရဲ့ အထူးပါတနာဖြစ်နေတော့ အလုပ်ကိစ္စတွေ ပန်းရောင် နဲ့ပြောဖြစ်တိုင်း .."

"ငါခိုင်းတာလို့ ပြောလိုက် .."

သူမ စကားအဆုံးမှာ နောက်ထပ်ဖုန်းမြည်သံပေါ်လာလေသည်။ ထာဝရ မျက်နှာအေးခနဲဖြစ်သွား၏။ သို့သော် ပြောစရာရှိတာကို ပြီးဆုံးအောင်ပြော၍ ...

"ပြီးရင် အဲဒီ ဘာ့ဂျက်နဲ့ ပတ်သက်တဲ့ဖိုင်တွေအားလုံးကို ပြန်စီပြီး ငါ အဆင်သင့်ကြည့်လို့ရအောင် လုပ်ထားလိုက် .."

ဖုန်းမြည်နေသည့်အိတ်ကို ဒီတိုင်းကောက်ကိုင်ကာ ထာဝရ အပြင်ထွက်လာခဲ့သည်။ သူမ ထွက်လာတာမြင်သည်နှင့် ကုမ္ပဏီ၏ မှန်တံခါးအတွင်းမှာ ပခုံးတစ်ဖက်နဲ့ မှီ၍လက်ပိုက်ရပ်နေသော သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားသည်။

ပြုံးနေလျက်နှင့် ထာဝရ ရဲ့ ခြေလှမ်းတွေအတိုင်း စူးစိုက်ကြည့်နေခဲ့၏။ မရမ်းရင့်ရောင် စကတ်ရှည်နှင့် ကုတ်အင်္ကျီအနီရဲရဲကို ထပ်ဝတ်ထားသည့် သူမကိုယ်ပေါ်မှာ အထဲအင်္ကျီက ဖေဒါရောင်ရင့်ရင့်ဖြစ်၏။

မလိုက်ဖက်သလိုရှိပေမယ့် အရပ်မြင့်မြင့်နှင့် သွယ်လျတင်းပြည့်သော ကိုယ်ဟန်က ဝတ်ထားသမျှကို ပေါ်လွင်စေကာ ခါးမရောက်တရောက် ဆံပင်ရှည်တွေကို ခပ်တွန့်တွန့်ကောက်ထားသည်။

ထာဝရ ဆိုသည့်မိန်းမက ကျက်သရေရှိသလောက် ယဉ်သည်။ မရိုင်းဘဲနဲ့ ခေတ်မီ၏။ ထို့ပြင် ဆွဲဆောင်မှုရှိသော သူမရဲ့ အလှတရားများမှာ ...

"မင်း ဘာလာလုပ်ပြန်ပြီလဲ .."



သူ့ဘေးက ဖြတ်လျှောက်သွားသည့် လေကတောင် ဟူးခနဲတိုးဝှေ့သွားတာ ဒေါသတွေလားမသိ ...။ သူ အမီလိုက်တော့ မေးခွန်းက ရင်ဝကို ဆောင့်ကန်သည်။

သူ မဖြေဘဲ ပြုံးလိုက်မိ၏။ ဒီတိုင်း ရှေ့နောက်လျှောက်ခဲ့ကြရင်း ကားပါကင်ရောက်တော့မှ သူမ ဖျတ်ခနဲလှည့်ကြည့်သည်။

လက်တစ်ဖက်မှာကိုင်လာသည့် အိတ်ကို ကားဘွန်းနက်ပေါ် ပစ်တင်လိုက်ကာ ...၊

"မေးနေတာဖြေလေ .."

"ခင်ဗျားသိနေတာပဲ ဒေါ်ထာဝရ .."

"မင်း တော်တော်တရားလွန်နေ့ကကိုလည်း ကိုယ့်ကိုယ်ကိုယ်သိသင့်တယ် .."

"ဘာကိုလဲ .."

မေးပုံက အူကြောင်ကြောင်မျက်နှာနှင့် ...၊

"ဖုန်းဘယ်နှစ်ခါခေါ်ခေါ် မကိုင်တဲ့ ခင်ဗျားကလား .."

"ဘာ ..."

"လူတစ်ယောက်လုံးပါလာတာကို လူလိုမဆက်ဆံဘဲ ဒီလိုနေရာရောက်မှ စကားပြန်ပြောဖော်ရတာကိုလေ .."

"မင်းက ငါ့ကို ပြန်အပြစ်တင်နေတယ် ဟုတ်လား .."

"ဟုတ်တယ် .. ကျုပ်က ခင်ဗျားဆီက ရသလောက်လေးယူပြီး မချိမဆန့်ရမှာတွေကို လက်လွှတ်ခံထားရတာ .."

ဖြူချောချော မျက်နှာလို့ပြောလို့ရသည့် ရုပ်ရည်ရူပကာသည် ထာဝရ မျက်လုံးထဲမှာ စိတ်ပျက်ဖွယ်အတိပြီးလျက် ...၊

"ဒီမှာ မိုက် .."

"ပြောပါ .."

"မင်း လုပ်တတ်တဲ့ ကလိန်ကကျစ်အပေါ်စားနည်းလမ်းတွေ ရှုတ်ပြပြီး ရင်ထုငိုမနေနဲ့ .."

"မငိုပါဘူး .. ပြောပြတာ .."

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး .. မင်း ဒီထက်ငွေရှာနိုင်သေးတယ်ဆိုတာသိတယ်၊ မင်းကို သိစေချင်တာက ငါ့အလုပ်ထဲထိ လိုက်မနှောင့်ယှက်ဖို့ပဲ .."

"ကျွန်တော်လည်း အလုပ်လုပ်နေတာပဲ .."

ပြောင်လိုက်သည့် မျက်နှာလို့ပြောချင်ပေမယ့် ပြောင်ဖို့အတွက်ပဲ မျက်မှန်ကို အမြဲတမ်းတပ်ထားခဲ့တာလားမသိ ..။

သူ့ကို မြင်လိုက်ရလျှင် မျက်မှန်ထည်လဲတပ်လျက်နှင့် ..၊

"ခင်ဗျားကိုလည်း ပြောဖို့ရှိတယ်၊ နောက်တစ်ခါဆို ဖုန်းနှစ်ခါ မဆက်ဘူး .."

ဖုန်းမကိုင်ရင် ဘာလုပ်မယ်ဆိုတာ ထည့်မပြောပေမယ့် ထာဝရ သိနေ၏။ ဒီလူ ခြိမ်းခြောက်သည့်နေရာမှာတော့ သူ့လုပ်ရပ်အတွက် ရှက်ရမှန်းလည်းမသိ၊ စကားလုံးကလည်း ပြောင်ပါပေသည်။

"နောက်တစ်ခုက ကျုပ်က ငွေတွင်းတစ်တွင်းတွေ့ထားရင် အဲ့ဒီတွင်း မခမ်းမချင်း တခြားတွင်းကို မပြောင်းဘူး .."

ကြည့်စမ်း ..၊

ထာဝရ မျက်နှာမှာ ရှုံ့ရှာခြင်းတွေပါ ဖြစ်သွားလျက် နှုတ်ခမ်းလေး ဈေးပိတ်ထားသည့်ပြင် နှာခေါင်းလေးပါတွန့်သွားခဲ့၏။

"လိုရင်းက ကျွန်တော့်ဖုန်းကို ခင်ဗျားမကိုင်ရင် ဘာဖြစ်သွားနိုင်လဲ ဆိုတာ ဒီတစ်ခါ အတိအကျသိစေရမယ် .."

"နေပါဦး .. မင်းချည်းပဲ ကြိမ်းလို့မောင်းလို့ပါလား .."

"ပြောဖို့လိုလို့ ပြောနေရတာ၊ ခင်ဗျားအလုပ်ကို အနှောင့်အယှက်ဖြစ်စေတဲ့ အဲ့ဒီဖုန်းသံဟာ ခင်ဗျား မကိုင်မချင်းစောင့်ခေါ်နေရတဲ့အတွက် ကျွန်တော့်ဘက်မှာလည်း ထိခိုက်မှုတွေရှိတာပဲ .."

ယောက်ျားဖြစ်ပြီး ကုပ်ကပ်လှည့်ပတ်ပြောနေတဲ့နေရာမှာ "လှတော သား" က ဆရာခေါ်သွားနိုင်၏။

"ထိခိုက်တာချင်းယှဉ်ရင် ခင်ဗျားရဲ့ထိခိုက်မှုက အခုပြီးသွားပြီ.."

"မင်းကတော့ မပြီးနိုင် မဆုံးနိုင် ထိခိုက်နေဆဲပေါ့ .."

"ဟုတ်တယ် .. ကျွန်တော်က ပိုက်ဆံမရတဲ့အလုပ်ဆို အသက်မှန်



မှန်ရှူနေရတာတောင် စိတ်မရှည်တဲ့ကောင် .."

"ဒါဆိုလည်း တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်လိုက်ပါလား၊ အသက်ရှူနေဖို့မလိုတော့ဘူး .."

"အဲ့ဒီလိုလုပ်ပြီးတဲ့နောက် မနက်ဖြန်တွေ ဆက်ရှိနေဦးမယ်ဆိုရင်တော့ ဒါလည်း စိတ်ဝင်စားစရာပဲ၊ လောလောဆယ်တော့ ခင်ဗျား ဒီဓာတ်ပုံတွေကို လိုချင်သလား မလိုချင်ဘူးလား ဒါပဲဖြေပါ .."

ဒီဓာတ်ပုံတွေဆိုပြီး သူ့လက်ထဲမှာတော့ ဘာမှမပါပေ။ သူက ဖုန်းကိုထောင်ပြကာ ...၊

"ကြည်ဖြူ ဆိုတဲ့ခင်ဗျားရဲ့ .."

"တော်တော့ .."

ထာဝရ မျက်နှာလေးတင်းသွားခဲ့လျက် ..၊

"မင်းကို ငါ ပိုက်ဆံတွေပေးနေတာ ဘာဖြစ်လို့များထင်နေသလဲ"

"ဟွန်း .."

"သူ့နာမည်ကို နောက်တစ်ခါထပ်မခေါ်မိစေနဲ့ .."

ပြောပြီး ပတ်ဝန်းကျင်ကို မျက်လုံးကစားသည်။ ပြီးတော့ သူ့လက်ထဲကိုကြည့်၍ ...

"ဘာပုံတွေလဲ .."

"ဘာလဲ .. ခုကြည့်ချင်တာလား .. ဒါဆို ခဏပဲစောင့် .."

"အို .. မလုပ်နဲ့ ..."

ပျာပျာသလဲတားလိုက်တော့ မိုက် ရဲ့ မျက်နှာက ရယ်မြူးရိပ်နှင့်..၊

"ဘာဖြစ်လို့လဲ .. ပုံသွားထုတ်လိုက်ရင် ပိုအဆင်မပြေဘူးလား၊ မဟုတ်ရင် ဘာပုံတွေမှန်းမသိဘဲနဲ့ ဒီလောက်တောင်ပေးပြီး ယူထားလိုက်ရတယ်ဆိုတာ ခင်ဗျား တစ်လမ်းလုံးတွေးပြီး .."

"နေပါဦး .. မင်းက ဘယ်လောက်တောင် တောင်းဖို့ကြံစည်ထားလို့လဲ၊ သူများရဲ့ အားနည်းချက်ကို ဖိနှိပ်လုပ်စားနေတာ တော်တော်အကြိုက်တွေ့နေတဲ့ပုံပဲ .."

"အင်း .. အားနည်းချက်ရှိတဲ့လူတွေကလည်း အမြင့်မတော်အောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရတော့ ..."

"ရှာလို့တွေ့တာပါ၊ အဲဒါမျိုးတွေ ရှာဖွေနေတဲ့အဆင့်အတန်းမျိုးက ဘယ်လိုအဆင့်မျိုးလဲ မင်းသိလား ..."

"ဒါကတော့ ယိုသူမရှက် မြင်သူရှက်လေ၊ ကျော်လွှားသွားနေမယ့် အစား အမှိုက်ထဲက ရွေထုတ်တာမကောင်းဘူးလား၊ ပြီးတော့ ဒါမျိုးတွေကို တားဆီးရာလည်း ရောက်ပါတယ်၊ အဲ ... ခင်ဗျားလို ဖုံးဖိကာကွယ်နေတဲ့လူရှိ၍ရင်တော့ ခုလို ပေရှည်နေတာမျိုး ..."

"တော်ပြီ ... တော်ပြီ ... ဘယ်မှာလဲ ပေး ..."

"ခင်ဗျားက ပေးရမှာ ..."

"ဘယ်လောက်လဲ ..."

"ဆယ်သိန်း ..."

"ဘာပြောတယ် ..."

"တစ်ပြားမှ မလျှော့နိုင်ဘူး၊ နိုးဆိုရင် တစ်ခါတည်းပြော ဒီပစ္စည်းတွေက သွားမယ့်လမ်းကြောင်းတွေအများကြီးပဲ ..."

"တောက် ...."

ထာဝရ တက်ခေါက်လိုက်မိသည်။ ကြည်ဖြူ နဲ့ ပတ်သက်နေသည့် ကောင်းသတင်းအနံ့အသက်တို့ကို အသိုင်းအဝိုင်းပတ်ဝန်းကျင်တွေထံ ဖုံးနှံ့မခံနိုင်သလို မိသားစုတွေကိုလည်း မသိစေချင်ပေ ...။

ကြည်ဖြူ မေမေ ဒေါ်မကြည်ဦး က နဂိုတည်းက သားနဲ့ပတ်သက်ပြီး သူမ အပေါ်မှာ အမြင်မကြည်ဖြစ်နေခဲ့တာ ...။

"ညည်း ဒီလောက် ချွေးမသိပ်အားအောင် ပြုံးပြုံးရှာဖွေနေစရာမလိုဘူး ထာ့ဝရ ... ငါ့သားအတွက် စီးပွားရှာကောင်းတဲ့မိန်းမ မလိုဘူး၊ သူ့ကို သာယာကြေနပ်မှုပေးနိုင်တဲ့ ဇနီးပဲလိုတာ ..."

ကျွတ် ....၊

ဒါတွေပြန်တွေးလိုက်မိလျှင် ကိုယ့်ရဲ့ခြေလှမ်းတွေပေါ် ခဲ(ဂဲ)ဆွဲလိုက်သလို စိတ်ပျက်လေးလံခဲ့ရသည်။ ကြည်ဖြူ ဒီလိုတွေ ရှုပ်နေတာ သိသွားခဲ့ရင် အန်တီဦး ဘာပြောမလဲ ...၊



"ကျွန်တော်ပြောတဲ့ လမ်းကြောင်းတွေကို ခင်ဗျား သိပါတယ်"

"စကားမရှည်နဲ့တော့ အဲဒါပေး ..."

သူမ အိတ်ကိုဖွင့်လိုက်တော့ သူကလည်း ဘောင်းဘီအိတ်ထဲလက်နှိုက်၏။ ပြီးတော့ ပြိုင်တူလက်ပြန်ထုတ်ကာ ...၊

"လောလောဆယ် ခုနစ်သိန်းပါတယ် ... နောက် ..."

သူ့လက် ဘောင်းဘီအိတ်ထဲပြန်ရောက်သွားတာ မြင်လိုက်ကာ ထာဝရ စကားမဆုံးဘဲ ရပ်သွား၏။

"မင်း ဘာလုပ်တာလဲ ..."

"ကျွန်တော် အလုပ်လုပ်တာ အပေးအယူတစ်ခါပဲ ... နှစ်ခါမလုပ်ဘူး ..."

"မင်းကို ငါ ဈေးဆစ်နေတာမှမဟုတ်ဘဲ ..."

"ဈေးဆစ်လို့လည်းမရဘူး၊ ကြွေးချန်လို့လည်း မဖြစ်ဘူး ..."

"မိုက် ... ဟော့ ..."

သူ လှည့်ထွက်သွားသဖြင့် အမောတကော လှမ်းတားမိကာ ...၊

"မင်း ဒီလောက်တောင် ငွေမက်ရသလား ..."

"မက်လို့လုပ်နေတာလေ ... တိုင်တယ်လ်တွေအမျိုးမျိုးတပ်ပြီး အတိအကျစော်ကားခဲ့တာ၊ အတိအကျမပေးနိုင်ရင်တော့ ဆောရီးပဲ ..."

"မင်း ... တောက် ..."

ဒေါသသည် ဘယ်ကိုဖော့ပြုရမှန်းမသိဘဲ ရင်ဝမှာပဲပြင်းထန်စွာ ပေါက်ကွဲ၏။ တက်ခေါက်မိတာလည်း ဘယ်နှစ်ခါမှန်းတောင် မသိတော့ပေ။

ထို့ကြောင့် ပိုက်ဆံကို ပြန်ထည့်လိုက်ကာ လက်စွပ်ကိုချွတ်၍...

"ရော့ ... အဲဒါ ဆယ့်နှစ်သိန်းတန်တယ် ... ယူလိုက် ..."

"သိန်းနှစ်ဆယ်တန်လည်း မလိုချင်ဘူး ..."

မိုက် က လက်နှစ်ဖက်စလုံး ဘောင်းဘီအိတ်ထဲထည့်ထားလိုက်ပြီး ခပ်တည်တည်မျက်နှာနှင့် စိုက်ကြည့်ကာ ...၊

"ဒါကိုကိုင်သွားပြီး ကိုယ့်ကိုယ်ကိုယ် သူခိုးလိုမျိုးဖြစ်ခံရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ငတုံးမှမဟုတ်တာ ..”

“ဖြစ်နေပြီးသားပဲ ..”

သူမက ပက်ခနဲပြော၍ ..၊

“လက်စွပ်ရောင်းဖို့ကျမှ ကြောက်နေတာလား ..”

ဒီစကားမှာ မိုက် မျက်နှာကွက်ခနဲပျက်သွားသည်။ သို့သော် ခဏ ပဲဖြစ်ကာ ခပ်လွန့်လွန့်မဲ့လိုက်ပြီး ..၊

“အဲဒီ သူခိုးဂျပိုးက အခု ခင်ဗျားရှေ့မှာ အရောင်းအဝယ်လာလုပ် နေတာနော် .. သေချာစဉ်းစားဦး၊ ခြံကွယ်မှာ သိက္ခာတွေခဝါချနေတဲ့ တစ်ယောက်အတွက် ခင်ဗျားက သူခိုးဂျပိုးဆိုတဲ့ကောင်နိုင်းသမှုလုပ် ပေးရမယ့်သူ ..”

ပြော၍ ဟွန့်ခနဲမဲ့သည်။ ပြီးတော့ လက်ကနာရီကိုပင့်ကြည့်ကာ..၊

“နောက် နာရီဝက်အချိန်ရတယ်၊ သမ္မတအောက်က စနူကာကလပ် မှာရှိမယ် ..”

“မိုက် .. ယော့ .. မိုက် ..”

ခေါ်နေတာကို တစ်ချက်မှရပ်မစောင့်သဖြင့် ထာဝရ အပြေးတစ်ပိုင်း လိုက်ရကာ သူ့ဘေးကနေ ခလုတ်တိုက်မတတ်လျှောက်ရင်း ..၊

“ဒီမှာပဲ ခဏလေးစောင့် .. မင်းရှိတဲ့နေရာကို ငါ မလာနိုင်ဘူး..”

သူက ခြေလှမ်းမရပ်ဘဲ သူမ မျက်နှာကိုငဲ့ကြည့်၍ ..၊

“ခင်ဗျားနဲ့ အလုပ်လုပ်ရတာ အဆင်မပြေဘူး၊ ဖုန်းခေါ်ရတာက စပြီး ဘာမှမရဘဲ ကျုပ် စိုက်ထုတ်နေရတာ နောက်ထပ်မရတော့ဘူး..”

“နေဦး ..”

ပြေးလိုက်နေရတာ မောလာသဖြင့် သူ့ရှေ့က ပိတ်ရပ်ထားလိုက်မိ၏။ ဒါတောင် ရုတ်တရက် စကားမပြောနိုင်သေးဘဲ နှုတ်ခမ်းလေးကို ဖိပိတ်ထားရင်း အသက်ရှူပြင်းနေခဲ့လျက် ..၊

“ဒီမှာ စောင့်ရတဲ့အတွက် နှစ်သိန်းပိုပေးမယ် ..”

“ငါးသိန်း ..”

“ဘာ ...”



“ရက်(စ်) .. အော် .. နိုး ..”

“ပိုက်ဆံတွေကို ကျောက်ခဲသလဲလို ကောက်ယူလို့ရတယ်များ မင်း ထင်မှတ်နေသလား ..”

“ကောက်ယူရမယ်ဆိုရင်တောင် ကျုပ်က ပင်ပန်းခံပြီးကောက်နေ မှာမဟုတ်ဘူး၊ စိတ်ကမှန်းလိုက်ရင် လက်ထဲအထပ်လိုက်ရောက်လာမှ..”

“ရတယ် ..”

နောက်ထပ် နည်းနည်းလေးမှ တောင်းဆိုခွင့်မရှိတော့မှန်း သူမ နားလည်လိုက်သည်။ ထို့ကြောင့် ရှုံ့စရာမျက်နှာကို စူးစိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်ရင်း ..၊

“ခဏပဲစောင့် ..”

“ဘယ်လောက် ခဏလဲ ..”

“ဆယ်မိနစ် ..”

“စက္ကန့်သုံးဆယ်ထိပိုသွားရင် နောက်ထပ် ငါးသိန်းပါယူလာခဲ့၊ ဒီတစ်ခါ ပြန်လှည့်ယူခွင့်မပေးနိုင်ဘူး ..”

သေလိုက်စမ်း .. တိရစ္ဆာန်ကောင် ..။

စိတ်ထဲမှာ ပစ်ပစ်နှစ်နှစ် ဆဲရေးမိ၏။

ဒါပါနဲ့ဆို သင်းကို ပိုက်ဆံပေးရတာ သုံးခါရှိပါပြီ။

ကြည်ဖြူ ကို ကိုယ့်ယောက်ျားမှန်း ဘယ်ကဘယ်လိုသိသွားမှန်း လည်းမသိ၊ ဒီသတ္တဝါ ဘယ်ကနေ ချောင်းမြောင်းသိမြင်နေမှန်းလည်း မသိပေ ..။

ကြည်ဖြူ နဲ့ မယောသီ ..၊

အစက အပျော်တွဲနေကြသည်ထင်ခဲ့ပေမယ့် ခုကျတော့ ဒီလိုမဟုတ် တော့ပေ ..။ ဟိုတုန်းက ကြည်ဖြူ နဲ့ မိန်းကလေးတစ်ယောက် တွဲနေ သည်အသံကြားရလျှင် သိပ်မကြာလိုက်ပါ နောက်ထပ် သတင်းကြားရပြီ ဆို နောက်တစ်ယောက်ဖြစ်နေတတ်သည်။

မယောသီ ဆိုသည့် နာမည်ကြီးမော်ဒယ်နဲ့ကျမှ နှစ်နှစ်ရှိနေပြီဖြစ်၏။ သူမကလည်း အားကိုးရာချင်လို့တွဲနေတာလား၊ ကြည်ဖြူ က အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် လှငယ်စီးပွားရေးသမားတစ်ယောက်မို့ ချောမောတင့်တယ်ခြင်းတို့ ခက်မောနေသည်လား ...၊

-အမှတ်တမဲ့ နေလို့မရခဲ့တော့အောင် အတည်အတံ့ကြီးဖြစ်လာခဲ့၏။ သူမနဲ့ ကြည်ဖြူ ဘယ်အတိုင်းအတာတိအောင် ပတ်သက်နေပြီဆိုတာမသိ ...။

အလုပ်တွေပိနေသဖြင့် ဒီကိစ္စတွေနောက်ကိုလည်း မလိုက်နိုင်ခဲ့ပေ။ ဒါပေမယ့် အချိန်တိုင်းမှာ ကြည်ဖြူ ကြောင့် ခံစားနေခဲ့ရသည်။ ယောက္ခမသိသွားမှာစိုးသည့်စိတ်ကြောင့် တစ်စက်လေးမှ ရတက်မအေးခဲ့ရ ...။

ဒါတွေအပြင် အခွင့်အရေးသမားတွေ ခွင်တွေ့သွားလောက်အောင် ကြည်ဖြူ သတင်းကြားလိုက်ရသည်နှင့် သူမ ထိတ်လန့်ဖျာများသွားခဲ့တာ သဝန်တိုစိတ်နှင့် ပေါက်ကွဲဖို့မဟုတ်ခဲ့လေရာ ...၊

အဲ့ဒါ နှင့်အပြစ်ပဲ ထာဝရ ...၊

ဒီသတင်းမပေါက်ကြားပါစေနဲ့လို့ အခွင့်အရေးသမားကိုမှ ဖုံးဖိနိုင်းခဲ့တာ နှင့်အမှား ...၊

ခုတစ်ခါရော ဘယ်နေရာမှာ ချိန်းတွေ့နေကြပြန်ပြီလဲ ...၊



## အခန်း (၃)

ရေချိုးအဝတ်စားလဲပြီးတော့ နာရီမော့ကြည့်တော့ ညကိုးနာရီထိုးပြီဖြစ်သည်။ ဆံပင်တွေကို တဘက်နဲ့ပွတ်သုတ်ရင်း မွေ့ရာအစပ်မှာထိုင်လိုက်မိသည်။

သူမ ကုမ္ပဏီကပြန်လာတော့လည်း နောက်ကျသည်။ အိမ်ရောက်တော့လည်း အလုပ်လုပ်နေရသေးသည်။ ဗိုက်ဆာနေတာကို မျိုသိပ်ပြီး ကြည်ဖြူ ပြန်လာမှ အတူတူစားဖို့စောင့်နေခဲ့တာပါ။

တဘက်ကို တန်းပေါ်မှာ လွှားတင်လိုက်ကာ နာရီမော့ကြည့်မိပြန်သည်။ ထိုစဉ် ဖုန်းလာသဖြင့် အိတ်ထဲကထုတ်ယူလိုက်ကာ ...

"ဟလို .."

"... ... ..."

"ဩော် .. ကိုမင်းသက်.."

"... ... ..."

"ဟုတ်တယ်.. ဟုတ်တယ် .. မိန်းကလေးတစ်ယောက်လေ ယောက်ျားလေးနှစ်ယောက် .."

"... ... ..."

"အဲ့ဒီနေရာက သူတို့အရည်အချင်းနဲ့မှ သင့်တော်မှာမို့လို့ပါ.."

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ဝန်ထမ်းဟောင်းတွေထဲက အတော်ဆုံးတစ်ယောက်ကို ရာထူးတိုးပေးလိုက်ပါ၊ သူတို့နဲ့ တွဲပေးမယ့် ဝန်ထမ်းဟောင်းတွေကိုတော့ လျာထားအဆင့်နဲ့ သတ်မှတ်ထားပေးလိုက်လေ၊ ဒါမှ သူတို့လည်း ကြိုးစားကြမှာ .."

"…. …. …."

"အဲဒါ ကိုမင်းသက် စိတ်ပူဖို့မလိုပါဘူး၊ ဟိုတယ်လ်တစ်ခုလုံးကို စီမံခွင့်မရှိသေးပေမယ့် ကျွန်မက လေးဆယ့်ငါးရာခိုင်နှုန်းရထားတာ၊ ဒါတွေကို အစည်းအဝေးကျရင်တင်ပြကြမှာပါ၊ အခု ကျွန်မပြောသလို ခန့်ထားပေးလိုက်ရင် ရပြီ .."

"…. …. …."

"ဟုတ်တယ်၊ အဲဒါလည်းပြောဖို့ရှိတယ်၊ သူတို့ ဖြုတ်ဖျက်ပြင်ဆင်သမျှ ကျွန်မ သိချင်တယ် ကိုမင်းသက် .."

"…. …. …."

"အိုခေ .."

ဖုန်းပြောရင်း ဒီဘက်လှည့်လိုက်တော့ ဒေါ်မေကြည်ဦး က အခန်းရှေ့မှာရပ်ကြည့်နေသဖြင့် ...၊

"အန်တီဦး .."

"ဟုတ်တယ် .. အခု ငါပြောလို့ရပြီလား .."

"ဟုတ်ကဲ့ .. ပြောပါ အန်တီဦး .."

ဒေါ်မေကြည်ဦး က ဖုန်းကိုင်ထားသည့်လက်ကို စူးစမ်းကြည့်သည်။ ထာဝရ ဖုန်းကိုပြန်ငုံ့ကြည့်မိကာ ချက်ချင်းသွားချထားလိုက်၏။

ပြီးမှ ပြန်လှည့်လာ၍ ...

"အန်တီဦး ဘာပြောမလို့လဲဟင် .. အထဲကိုဝင်မှာလား အထော်အပြင်ထွက်ခဲ့ရမလား .."



"ဟွန်း ..."

မကျေနပ်သည့်အပြုံးက မဲ့နေတာမဟုတ်ဘဲ အေးစက်စက်ကြီးဖြစ်နေခဲ့၏။ ဒေါ်မေကြည်ဦး က ဒါကို ဆက်မပြောဘဲ တံခါးရှေ့မှာပဲ ခပ်ဖွဖွ လက်ပိုက်လိုက်ပြီး ...၊

"အလုပ်နဲ့ မျက်နှာ ဖုန်းနဲ့ နားနဲ့ ပြီးတော့ ဘာကျန်သေးလဲ ညည်းရဲ့ မအားလပ်မှုတွေထဲကနေ ငါ့သားအကြောင်း ပြန်ဖြေပေးနိုင်မလားလို့ ငါ လာမေးတာ .."

ထာဝရ မျက်နှာလေးပျက်သွားကာ မျက်တောင်ဖျားလေးတွေပါ စိုက်ကျသွားခဲ့၏။ ပြီးတော့ ခေါင်းညိတ်လိုက်ရင်း ...၊

"အထာ လည်း ကိုမောင့်ကို ထမင်းစားဖို့စောင့်နေတာပါ .."

"စားကိုမစားအားသေးတာ မဟုတ်ဘူးလား အထာ၊ ငါ မြင်နေရသလောက်တော့ ယောကျ်ား ပြန်အလာကိုမျှော်နေရတဲ့ပုံ တစ်စက်မှ မပေါက်ပါဘူး .."

ဒေါ်မေကြည်ဦး က တိုက်ရိုက်ပစ်ခွင်း၏။ ကြည်ဖြူမောင် ဆိုတဲ့ ကိုယ့်သားမှာ သူ့ထက်ချောလှပြီး သူ့ထက်အသိုင်းအဝိုင်းဂုဏ်မြင့်မားတဲ့ မိန်းကလေးတွေ ဒုနဲ့ဒေးပါ။

ခင်ပွန်းသည်၏ တစ်မိန့်တစ်အာဏာကြောင့်သာ ထာဝရ ဆိုတဲ့ မိန်းကလေးက ရွှေမင်းသားရဲ့ ကြင်ယာတော်ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် သားကိုယ်တိုင်ကလည်း သူမကိုပဲ လက်ထပ်ချင်ပါသည်လို့ လိုလားစွာ တောင်းဆိုခဲ့သဖြင့် ဒီလိုဖြစ်လာခဲ့ရပေမယ့် ...၊

"ညည်းနဲ့ သားရဲ့ အခြေအနေကို ငါသိတယ် ထာဝရ .."

ထာဝရ ဘာမှပြန်မပြောဘဲ နားထောင်နေခဲ့မိသည်။

"ငါ့သား အိမ်မကပ်တာကြာပြီ၊ ညည်းတို့ ဘာတွေဖြစ်နေကြသလဲ ဆိုတာ ငါ သေချာမသိပေမယ့် လင်ယောကျ်ားတွေ အိမ်မှာမပျော်ဘူးဆိုတာ သူတို့ရဲ့ ဇနီးမယားတွေညံ့လို့ပဲ၊ ညည်းမှာ ဘယ်လိုအရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



တွေပဲရှိရှိ ဖန်းကောင်းတော့ ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူး ..”

“အထာ က သူ့ကို ဝိုင်းကူပေးနေတာပါ ..”

“ခုချိန်ထိလား ..”

“ခု သူ ရှိမနေတဲ့အချိန်တွေမှာ အလုပ်ချိန် မလစ်ဟင်းဖို့ ..”

“တော်ပါအေ .. ဒါဖြင့် ငါမေးမယ်၊ အခု အသစ်ဖွင့်မယ့် ဟိုတယ် လုပ်ငန်းမှာ ရှယ်ယာဝင်ထားတယ်ဆိုတာက ဘယ်သူ့သဘောနဲ့လဲ ..”

“ရှယ်ယာဝင်တာက ဟိုတယ်လ်အသစ်မှာမဟုတ်ပါဘူး အန်တီဦး၊ ဖွင့်လက်စ ဟိုတယ်လ်မှာပါ ..”

“ငါကြားတာက ..”

“ဟိုတယ်လ်အသစ်က ရှယ်ယာ မခေါ်ပါဘူး အထာ တစ်ဦးတည်း ပိုင်ပါ ..”

“ဘာ .. ဘာပြောတယ် အထာ ..”

ဒေါ်မြကြည်ဦး ဟန်မဆောင်နိုင်ဖွာ ချောက်ချားသွားလေသည်။ သင်းက ဒီလောက်ထိ ..၊

“ညည်းပိုင်တာ ဟုတ်လား .. ညည်းက ..”

“အဲ့ဒါက အန်တီတို့ရဲ့ စီးပွားရေးတွေနဲ့ ဘာမှမဆိုင်ပါဘူး အန်တီ၊ ဖေဖေ ထားခဲ့တဲ့ အထာ တို့ မောင်နှမလေးယောက်အတွက် ဝေစုတွေ ပေါင်းပြီးတော့ပါ ..”

ဒေါ်မြကြည်ဦး မယုံနိုင်ပါ။ ဟိုအရင်တုန်းကတည်းက ကိုကြွယ်ဝ က အထည်ကြီးပျက်မှဆိုးဖို့တစ်ယောက်ဖြစ်သည်။

ဒါကို သားရဲ့အဖေက သူငယ်ချင်းချင်း ကူညီတဲ့အနေနဲ့ အနားမှာ ခေါ်ပြီး အတွင်းရေးမှူးပြန်ခန့်ထားခဲ့တာဖြစ်၏။

“ကြွယ်ဝ က တကယ်နောင်တရနေတာ မေ ရဲ့၊ သူ့သမီးတွေကို လည်း သိပ်ချစ်တာ၊ အဖေလိုရော အမေလိုရော အုပ်စီးထားနိုင်တယ်၊ လူတစ်ယောက်က အဆိုးထဲကနေ ဒီလောက်ထိ ရုန်းထွက်ကောင်းမွန်



လာတာ အံ့ဩစရာပဲနော် ..”

“ဒီကောင် အလုပ်တော့ ကြိုးစားတယ်ကွ .. သူ ကြိုးစားလေ ငါ့ အတွက် ရွှေဖြစ်လေပဲ၊ ဒီလုပ်ငန်းတွေကို သူက ကျွမ်းကျင်ပြီးသားဆို တော့ ဘာမှပြန်ကြည့်ဖို့မလိုဘူး ..”

“သူ့သမီးအကြီးမလေးက တကယ်တော်တယ်၊ ခုမှ ကိုးတန်းပဲရှိ သေးတာ၊ စီးပွားရေးလုပ်ငန်းတွေကို လိုက်စားနေပြီ၊ ကွန်ပျူတာ ကိုင် တာလည်း ကျွမ်းကျင်တယ်၊ ကြွယ်ဝ က အလုပ်တွေပြန်ယူသွားပြီး သမီးကိုခိုင်းနေတာ ငါ့ရှေ့တင်ပဲ .. သူ အကုန်လုပ်နိုင်တယ် ..”

ခင်ပွန်းသည်နဲ့ အထာ ရဲ့ အဖေတို့ အတူတူအလုပ်လုပ်စဉ်က ဒီစကားတွေကိုပဲ ကြားနေခဲ့ရသည်။ ဒါပေမယ့် ကြိုးစားတဲ့လူတိုင်း ချမ်းသာလာတာမှ မဟုတ်ဘဲ ..။

အထည်ကြီးပျက်ဆိုတာကရော ဘာအမွေအနှစ်တွေကျန်နေနိုင်မှာ လဲ ..။

သံသယများစွာနှင့် ဒေါ်မြကြည်ဦး ရဲ့ မျက်လုံးတွေဟာ သိသာစွာ လှုပ်ရှားနေခဲ့လျက် ..၊

“မောင်နှမလေးယောက်ပိုင်တဲ့ အမွေကို ညည်းက ကိုယ့်နာမည်နဲ့ လုပ်လိုက်တာ အားလုံးက ကျေနပ်တယ်ပေါ့ ..”

“ဟုတ်ကဲ့ .. ကျေနပ်ကြပါတယ် ..”

ကျေနပ်မှာပေါ့ ဒီငွေတွေက ငါ့သားရဲ့ ငွေတွေပဲ ..။

“ကိုမောင့် လုပ်ငန်းထဲက ငွေစာရင်းကို အန်တီဦး အချိန်မရွေး ဝင်စစ်လို့ရပါတယ်၊ ကိုမောင့် ငွေကို လင်မယားပတ်သက်မှုနဲ့တောင် အထာ မတော်မတရား မသုံးစွဲခဲ့ဘူး ..”

ဒေါ်မြကြည်ဦး ပါးစပ်ပြင်လိုက်စဉ် ကြည်ဖြူ ပြန်ရောက်လာကာ အထာ တို့ကို တစ်လှည့်စီကြည့်၍ ...

“မေမေက ဒီထိလာပြီး စကားပြောနေရတာလား ..”

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်သည့်မျက်လုံးက အထာ့ ဆီ စူးရှစွာကျရောက်၏။ ဒေါ်မကြည်ဦး က ထိုမေးခွန်းကို မဖြေဘဲ ချာခနဲလှည့်ထွက်သွားသည်။

ခပ်လှမ်းလှမ်းကျမှ ပြန်လှည့်၍ ...၊

"မင်း မအိပ်ခင် မေမေ့ဆီ လာခဲ့ဦး .. ပြောစရာရှိတယ် .."

"ဟုတ်ကဲ့ .. မေမေ .."

သူ့အမေကို ချိုသာကျိုးနွံစွာပြန်ပြောလိုက်သေမယ့် စားပွဲခုံပေါ်လှမ်းပစ်လိုက်သည့် ကားသော့က အထာ ချထားသည့်ဖုန်းပေါ်ကို အရှိန်ဖြင့်ကျသွား၏။

ချွမ်းခနဲမြည်သံက ကျယ်လောင်သွားလျှင် အထာ မျက်လုံးလေးဝိုင်းသွားပြီး ကမန်းကတန်းရှေ့တိုးကြည့်၏။

"မကွဲသေးဘူးလား .."

လှည့်ထွက်သွားရင်း မေးသံက အတော်ကြီးချဉ်တူးနေမှန်းသိသာလျက် ...၊

"တစ်ခါတည်းကွဲသွားအောင် ပစ်ထည့်လိုက်တာ .."

"ကွဲသွားတော့ ဘယ်သူ့မှာအကျိုးရှိမှာလဲ ကိုမောင် .."

"အကျိုးအကြောင်းစာရင်းဇယားတွေ မင်းလုပ်လေ .. အဲ့ဒါမျိုးတွေ မင်းပဲကျွမ်းကျင်တာ .."

"ကိုမောင် .."

"ဖယ် .. ငါ အိပ်မလို့ .."

"ကိုမောင် ဘယ်ကပြန်လာတာလဲ .. ရေမိုးချိုး ထမင်းစားရမှာ မဟုတ်ဘူးလား ကိုမောင်ရယ်၊ အထာ ဘာမှမစားရသေးဘူး .."

အိပ်ရာဆီကို ရှောင်ဖယ်လှမ်းနေရင်း စိတ်မရှည်စွာပြန်ကြည့်သည်။ သို့သော် ခပ်တွန့်တွန့်ဆံနွယ်တွေ ဖားလျားပြန့်ကျနေလျက် သနွားရောင် အကျီပွပွလေးနှင့် ဖွေးညက်နေသော မျက်နှာလေးကို စိုက်ကြည့်မိရင်း ခဏတော့ ငေးနေမိ၏။



"ကိုမောင် ပြန်လာမှ အတူတူစားကြဖို့စောင့်နေတာ .."

သူမ စကားသံကို ထပ်ကြားလိုက်ရမှ သူ့မျက်နှာမှာ လှောင်ရိပ် ထင်သွားခဲ့လျက် ...၊

"မင်းက ထမင်းစားဖို့စောင့်နေတယ် ဟုတ်လား .. ဟွန်း .."

"ကိုမောင်ရယ် .. အစောကြီးရှိသေးတာကို .."

သူက အိပ်ရာဆီ ရှေ့ရှု၍ ကွေ့ရှောင်သည်။ အထာ က လက်ကိုဆွဲထားသည့်ပြင် ရှေ့ကလိုက်ပိတ်ထားကာ ...၊

"ကိုမောင်နဲ့ အထာ စကားလည်းပြောစရာရှိလို့ပါ .."

"ငါကတော့ နပြောစရာမရှိဘူး .."

"အထာ တို့က ဒီအချိန်လေးပဲ အေးဆေးပြောဆို .."

"ငါက မင်း အေးဆေးမယ့်အချိန်မှာ ပြောဖို့ဆန္ဒမရှိဘူး .. အိုခေ.."

ကြည်ဖြူ က ထာဝရ လက်ကိုဆွဲဖယ်လိုက်ကာ အိပ်ရာထဲဝင်လှဲ ပစ်လိုက်၏။ ပြီးတော့ မျက်နှာကျက်ကို စူးစိုက်ကြည့်၍ ...

"ငါပြောချင်တဲ့အချိန်မှာ မင်းက ပြောဖို့အချိန်မရှိဘူး၊ မင်းပြော ချင်တဲ့အချိန်ကိုလည်း ငါက စိတ်မဝင်စားဘူး၊ မမျှတတာမရှိပါဘူး.."

"ကိုမောင့် ဖုန်းကို အထာ မကိုင်ခဲ့တာရှိသလား .. ဖုန်းဆက်ဖော် တောင်မရတာက ကိုမောင် ပါ .."

"ဘာကွ ..."

ကြည်ဖြူ ဖျတ်ခနဲ ငုတ်တုတ်ထထိုင်လိုက်ကာ ...၊

"ငါက မင်းနဲ့ပြောဖို့ကို ဖုန်းဆက်ပြောရမှာလား .. မင်း အိမ်က မထွက်ခင် ငါ့မျက်နှာကိုပြေးကြည့်ဖို့၊ ငါက ထွက်ခဲ့ဆိုရင် ထွက်လာဖို့၊ အဲဒီ ဝတ္တရားတွေကျတော့ အားလုံး မင်းအလုပ်ကိစ္စတွေနောက်မှာလား.."

"အလုပ်ကိစ္စတွေကို ဦးစားပေးနေရတာက ကိုမောင်သိတဲ့အကြောင်း တွေပါ ကိုမောင်၊ ကိုမောင် ကုမ္ပဏီကိုလုံးဝမလာတော့ဘဲနေတဲ့အထိ တခြားရှယ်ယာဝင်တွေ ဘာမှ ပြောကွက်မရအောင် အထာ က ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ပေးတာပါ ..”

“ဟုတ်လား .. ဒါဆို ကျေးဇူးတင်ရဦးမှာပေါ့ ..”

“မငြေါပါနဲ့ ကိုမောင် .. ကုမ္ပဏီမှာ အထာ က ..”

“ဆရာမကြီးပါ .. မင်းရဲ့ ဂုဏ်သတင်းဘယ်လောက်မွေးနေသလဲ ဆိုတာ အားလုံးသိတယ် ..”

“အဲ့ဒီလိုဖြစ်အောင် အထာ လုပ်ယူနေတာမဟုတ်ဘူး ..”

“ဟား .. ထပ်ကြွားနေပြန်ပြီကွာ .. ဟုတ်တယ်၊ သိတယ် ကုမ္ပဏီမှာ မင်းကို အားလုံးက လက်ခံကြတယ်၊ မင်း ကြိုးစားလို့ အခု လုပ်ငန်းမှာ ရှယ်ယာဝင်တွေအများကြီးတိုးပြီး လုပ်ငန်းကအကြီးကြီးဖြစ်နေပြီ၊ ပြီးတော့ ငါ့ကိုလည်း မေ့ကုန်ကြပြီဆိုတာ ..”

“ကိုမောင် အဲဒီအဖြစ်ကို ရင်ခံနေတာလား .. အထာ့ ကို ကုမ္ပဏီမှာ မထိုင်စေချင်ရင် တစ်ခွန်းပဲပြောလိုက်ပါ ..”

“တစ်ဆုံးပြောပြီး မင်း ငါ့ကို ပါဝါမပြပါနဲ့ ..”

“ပါဝါပြတာ လူမုန်းခံရဆုံးပဲ ကိုမောင် .. အထာ က ပါဝါပြပြီး ဘာတွေထူးခြားမှုရသွားမှာမို့လို့လဲ ..”

“တွက်ကြည့်ပေါ့ကွာ .. နေ့ုတာကာ ရတာမရတာ အရှုံးအမြတ်တွေ မင်းပဲတွက်တတ်တာ ..”

ဘာလေးပြောလိုက်ပြောလိုက် ‘ဘာအကျိုးရှိမှာလဲ’ ‘ဘာရမှာလဲ’ ဆိုတဲ့ သချ်ာတွေ ဒီမိန်းမပါးစပ်ထဲမှာ အမြဲတမ်းရှိသည်။

တစ်စက်လေးမှ မြတ်နိုးစိတ်ဝင်လို့မရတာ အဲဒါတွေကြောင့် ...၊

“ကိုမောင် ..”

သူ့ဘေးမှာဝင်ထိုင်ပြီး စလာတဲ့လေသံကြောင့် ကြည်ဖြူ နှုတ်ခမ်းတွန့်သွားသည်။

“အလုပ်ကိစ္စအတွက် ကိုမောင် ဖြစ်စေချင်တာကိုပြောလို့ရပါတယ်၊ အထာ ကြိုးစားနေတာ ကိုမောင့် ကိုယ်စားပါ ကိုမောင် .. အခု အထာ



ပြောချင်နေတာ အဲဒါမဟုတ်ဘူး ..”

ကြည်ဖြူ က မျက်နှာလွှဲပစ်လျှင် ထာဝရ က သူ့မျက်နှာကို မြင်ရအောင်လိုက်မော့ကြည့်ကာ ...၊

“ကိုမောင် အခု တွဲနေတဲ့မိန်းကလေးနဲ့ပတ်သက်ပြီး ..”

“ဟော့ .. မင်း ကိုယ့်ကိစ္စကိုယ်ပြော ..’

“ကိုယ့်ယောကျာ်း တခြားမှာနောက်တစ်ယောက်နဲ့တွဲနေတာ ကိုယ့်ကိစ္စမဟုတ်ဘူးလား ..”

“ငါ တွဲနေတာ တစ်ယောက်မှမကတာ မင်း ဘယ်တုန်းကမှလည်း ဂရုစိုက်ခဲ့တာမဟုတ်ဘူး၊ ဘာလဲ ခုကျမှ ..”

“ခုကျမှ ဘာလို့ပြောရသလဲဆိုတာ ကိုမောင် က ပိုသိမှာပေါ့၊ ကိုယ့်မိဘရဲ့ ဂုဏ်သိက္ခာရော ကိုယ့်ဂုဏ်သိက္ခာပါ ထိခိုက်ပါတယ်၊ ကိုမောင် နည်းနည်းလောက် ဆင်ခြင်စမ်းပါ ..”

“အဲဒါ မလွှယ်ဆုံးပဲ ..”

“ဘာ ...”

“မင်းလောက် စိတ်ပျက်ဖို့ကောင်းတာမရှိတဲ့မိန်းမနဲ့ ငါ ဘယ်လိုနေရမလဲ .. ပြော ..”

ဟင်ခနဲဖြစ်သွားသည့် မျက်နှာလေးကို လှောင်ပြုံးနှင့် စိုက်ကြည့်မိ၏။ ဒါပေမယ့် မျက်တောင်ကော့လေးတွေ ဖြန့်ကပ်နေအောင် မော့ဒေးနေသည့် မျက်ဝန်းလေးတွေကို ကြာကြာမကြည့်ဖြစ်ဘဲ မျက်နှာလွှဲလိုက်မိကာ ...၊

“ငါလိုချင်တာတွေ မင်းဆီက ဘာမှမရနိုင်ဘူး ..”

“ကိုမောင် လိုချင်တာတွေက အထာ့ ဆီကမဟုတ်လို့ရော မဖြစ်နိုင်ဘူးလား ကိုမောင် ..”

ကြည်ဖြူ ဖျတ်ခနဲလှည့်ကြည့်သည်။ သူမကလည်း ပြန်စိုက်ကြည့်နေခဲ့လျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင့် ကို အထာ မကြည်ဖြူတာ ဘာမှမရှိခဲ့ဘူး .."

"ဟုတ်လား .. သူများအိပ်ချိန်ထိ အလုပ်စားပွဲကမထဘဲ မင်းအိပ်နေတဲ့အခါ အိပ်ရေးပျက်အောင် မနှောင့်ယှက်ပါနဲ့ဆိုပြီးတော့လား .."

"ဒါက အထာ ပြောဖို့မလိုဘဲ လင်မယားချင်း နားလည်မှုရှိထားသင့်တာတွေပါ၊ ကိုမောင့် ကိုယ်စား အထာ က .."

"တော်တော့ အထာ .."

ဒေါ်သက ဒီနေရာမှာပဲ အင်ပြည့်အားပြည့်နှင့် ခေါင်းထောင်လာ၏။ ပြီးတော့ နှာတံကော့ကော့ မျက်ဝန်းပြာလဲ့လဲ့နှင့် အထာ့ မျက်နှာလေးကို အံကြိတ်ရင်း စိုက်ကြည့်မိကာ ..၊

"မင်း တော်တယ် .. စီးပွားရေးနဲ့ ပတ်သက်သမျှ ဘွဲ့တွေတစ်သီကြီးယူထားတဲ့အပြင် ဆိုရှယ်နက်ဖေါ်ဒ်တစ်ခုလုံးလည်း မင်းဘက်မှာရှိတယ်၊ ငါကတော့ ရှုပ်ပွေပျက်စီးနေတဲ့ ကြည်ဖြူမောင် လေ .."

"မဟုတ်ဘူး ကိုမောင် .. ကိုမောင့် ကို အဲဒီလိုမဖြစ်ဖို့ပဲ အထာ ပြောနေတာ၊ ကိုမောင့် လုပ်ရပ်မှားယွင်းလို့ဖြစ်ဖြစ် အထာ က ကိုယ့်ဘာသာကိုယ်ရှည်သွေးနေလို့ဖြစ်ဖြစ် ကိုမောင် အဲ့ဒီလိုလူဖြစ်နေပြီဆိုရင် အထာ ရော ဘာဖြစ်သွားမလဲ၊ အထာ အဲဒီလိုလုံးဝအဖြစ်မခံဘူး .."

"သြော် .. သြော် .. ဟွန်း .. ကိုယ့်ပေါင်ကိုယ်လှန်မထောင်းတဲ့အမျိုးပေါ့၊ ကိုယ့်ကိုယ်ကိုယ် အနာမခံနိုင်တာ .."

"အထာ ပြောသမျှ မကောင်းတဲ့ဘက်ကချည်းမတွေးပါနဲ့ ကိုမောင်ရယ်၊ ကိုမောင် နဲ့ အထာ လူကြီးချင်းသဘောဆန္ဒနဲ့ လက်ထပ်ခဲ့ကြပေမယ့် .."

"မင်းကတော့ သချှာတွေနဲ့ ခေါင်းညိတ်ခဲ့တာပါ .."

"ကိုမောင် ဘယ်လိုပြောလိုက်တယ် .."

"ဘာမှကို မပြောချင်တာ အထာ .."

ဖက်လုံးကို ကန်ချပစ်လိုက်ပြီး သူ အိပ်ရာပေါ်က ဆင်းလိုက်သည်။



"မင်း နောက်ထပ် ဒီကိစ္စတွေကို ငါနဲ့ ဆွေးနွေးဖို့မကြိုးစားနဲ့.."

"ကိုမောင် ..."

"တစ်ခုရှိတာက ငါကလို့ပြောရင် ဘာလာယူယူ ဘယ်လောက်ဖြစ်ဖြစ် ထုတ်ပေးလိုက်၊ ငါ လွှတ်လိုက်တဲ့လူကို စစ်ဆေးမေးမြန်းတာဘာမှမလုပ်နဲ့ .. ဒါပဲ .."

"ဒီလိုတော့ မရဘူး ကိုမောင် .."

"ဘာကွ ..."

ခြေလှမ်းပြင်ပြီးမှ ဖျတ်ခနဲပြန်လှည့်၏။

"အထာ ထိန်းသိမ်းနေရတဲ့ ဘတ်ဂျက်က နည်းနည်းနောနော မဟုတ်ဘူး၊ တစ်သိန်းပဲဖြစ်ဖြစ် ရာထောင်ချီပြီးပဲဖြစ်ဖြစ် ကိုမောင် ကိုယ်တိုင် ဒါမှမဟုတ် ကိုမောင် က နိုင်းတယ်ဆိုတာ သေချာတာတစ်ခုခု မရဘဲ အထာ တစ်ပြားမှ ထုတ်မပေးနိုင်ဘူး .."

"မင်း ..."

ထာဝရ လက်မောင်းလေးနှစ်ဖက်ကို ဒေါသနှင့် ဆုပ်ကိုင်ပင့်ယူလိုက်မိလျက် ..၊

"မင်းကလား .. ငါ့ကို .."

"ကိုမောင့် ကို ပြောနေတာမဟုတ်ဘူး .. ကိုမောင် လွှတ်လိုက်မယ်ဆိုတဲ့ တစ်ယောက်ယောက်ကိုပြောတာ၊ ကုမ္ပဏီက အထာ တို့ပဲပိုင်တာ မဟုတ်ဘူး၊ နောက်တစ်ချက်က အန်တီဦး မေးဘဲ့အချိန်မှာ အထာ သက်သေနဲ့တကွ ထုတ်ပြနိုင်မှဖြစ်မယ် .."

"တောက် .."

လက်ကိုဆောင့်လွှတ်လိုက်ပြီး ရှိုးကေ့စ်ပေါ်က ပန်းအိုးကိုဆွဲယူလိုက်မိသည်။ အားကုန်လွှဲပေါက်ပစ်လိုက်ဖို့ လက်မြှောက်လိုက်လျှင် အထာ က ပန်းအိုးကို လှမ်းကိုင်ထားလိုက်ပြီး ..၊

"ဆယ်နာရီကျော်နေပြီ ကိုမောင် .. ပစ္စည်းတွေကို ဖျက်ဆီးပြီး

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို ဒုက္ခမပေးပါနဲ့ ..."

"ဒါဆို ငါက မင်းကို ကိုင်ပေါက်ပစ်ရမှာလား .. ငါ အဲ့ဒီလိုပေါက်ကွဲတာ မင်းမျှော်လင့်နေတာလား .."

"လုပ်လိုက်ပါ .. ကိုမောင် အဲ့လို စိတ်ကူးတွေနဲ့ ကြိတ်မနိုင်ခဲမရဖြစ်နေတာလား .."

"ဟုတ်တယ် .. အဲ့ဒါ မင်းကြောင့် .. မင်းလိုမိန်းမကြောင့် .."

"အ ..."

ကြည်မြူ က အံကြိတ်အော်ကာ အထော့ ကိုယ်လေးကိုဆောင့်တွန်းပစ်လိုက်၏။ ပန်းအိုးကိုင်လျက်နှင့် မွေ့ရာပေါ်နောက်ပြန်လဲကျသွားလျှင် ပန်းအိုးက မျက်နှာကိုပြန်ဆောင့်သွား၏။

"တောက် .. မင်း .. မင်း .. ငါလုပ်ရရင် မင်း သေတော့မယ်.."

သူ လှည့်ထွက်သွားတဲ့အထိ အထာ ပတ်လက်လေးပဲရှိနေခဲ့ပြီး သူ့အသံ ပျောက်သွားမှ နှုတ်ခမ်းမှာကပ်ထားသည့် လက်ခုံလေးကို အသာလေးဖယ်ပြီး ကြည့်လိုက်၏။ လက်ခုံမှာ သွေးစတွေပေနေတာ တွေ့တော့ မိန်းမသားပီသစွာ မျက်ရည်က ဝေ့ခနဲပြေးတက်လာသည်။

ပန်းအိုးနဲ့ ဆောင့်မိသည့် ဝေဒနာထက် ရင်ထဲက နာကျင်မှုက ပိုလေသည်။

ကိုယ့်ဘက်က စေတနာတွေဟာ ဝေဒနာဖြစ်ခဲ့ရသည့်အခါ ...



## အခန်း (၄)

"ဘာဖြစ်ရတာလဲ အသည်းအသန် .."

ဝင်လာတည်းက နားရင်းအုပ်ပစ်ချင်အောင်မေးလာတာ သူကပဲ တစ်ပြန်စီး ...။

"အသည်းအသန်ဟုတ်လား .. အဲ့ဒီမှာကြည့်လေ .."

စားပွဲပေါ်မှာရှိရှိသမျှ လိုအပ်သောပစ္စည်းတွေ အလှတင်ပစ္စည်းတွေပြီးတော့ ရှိုးကေ့စ်ပေါ်မှာ အထပ်စင်ရှိသမျှ ပြင်ဆင်ထားသိုခဲ့သော ဘာပစ္စည်းအဆင်တန်ဆာတွေမှ အကောင်းတိုင်းမကျန် ...။

ပြန့်ကျဲကွဲကြေစတွေနှင့် ညှို့ခန်းတစ်ခန်းလုံး မွစာတက်နေတော့သည်။

"ခွမ် ..."

"ချလွမ် .."

ဆောင်းဆီအိတ်တွေထဲမှာ ထည့်ထားသည့် လက်နှစ်ဖက်ကိုမထုတ်ဘဲ ပစ္စည်းဟူသမျှကို ခြေဦးထိပ်နဲ့ ကန်ထုတ်လွှဲယမ်းပစ်၏။

ပြီးတော့ မြင်မြင်သမျှကို ဇောကြည့်အကဲခတ်၍ ...

"ဘယ်သတ္တဝါ ဝင်မွှေသွားတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"နင့်သတ္တဝါတွေလေ .. နင့်ရဲ့ ကြွေးရှင်တွေ .."

"ဟာ .. ကြွေးရှင်မဟုတ်ပါဘူး၊ ဘောလုံးပွဲမှာ သူ နိုင်သွားတာ .."

"ဟဲ့ .. အဲဒါ နင် တစ်ပြားမှမရှိဘဲ အလောင်းစားလုပ်လို့လေ .."

"တစ်ပြားမှမရှိပေမယ့် ငွေဝင်တာလည်း အလောင်းအစားပဲရှိတာ.."

"ခိုက် ..."

"ပြောပါ မမ ဘယ်လောက်တောင် စိုက်လိုက်ရလို့လဲ .."

"ပြောတော့ နင် ပြန်ပေးမှာလား .. ခု .."

"ခုတော့မဟုတ်ဘူးလေ .. ကျွန်တော် မပေးဘဲထားတာရောရှိလို့လား .."

"ခိုက် .. ပါးစပ်နဲ့ ဘုရားတည်ကျောင်းဆောက်တာ လွယ်လွယ်လေးရယ် .. ဒါပေမယ့် ဆောက်ဖြစ်မှ ကျောင်းဒကာ .."

"ဘယ်အချိန်မှာဆောက်ဖြစ်ဆောက်ဖြစ် ဆောက်ဖြစ်တဲ့အချိန် ကျောင်းဒကာပဲ .."

"နင်ဟာလေ .. ငါမပြောလိုက်ချင်ဘူး သိလား .."

"နားအေးတာပေါ့ .."

"ဘာ ..."

"ဟား ... အော်လိုက်တာဗျာ .. ဒါလား နာမည်ကြီးမော်ဒယ်လ်တဲ့ .."

"နာမည်ကြီးတာနဲ့ ဒေါသမထွက်ရတော့ဘူးလား .."

"ဖေ့စ်ဘွတ်ပေါ်မှာတော့ သဘောဖြူမနောဖြူ စာနာသနားတတ်လိုက်တာတွေမှ .."

"ခိုက် နော် .. နင့်ကို ငါ လုပ်မိတော့မယ် .."

"ဒုန်း .. ချွမ်း .."

"ဟဲ့ .. အောင်မယ်လေး .. ဘာလုပ်လိုက်ရတာလဲ မကွဲသေးတာကို .."



"မကွဲပေမယ့် ဒဏ်ရာထင်နေတာကြည့်လို့မှ မကောင်းတော့တာ.."

လာဘ်ခေါ် ဦးတီဘွားရုပ်လေးကို နမြောတသစွာကြည့်၍ မယောသီ တံတွေးမျိုချ၏။

"ဘာလဲ .. မမ ဘဲကြီး ဟီးရိုးလုပ်ပေးသွားတာလား .."

"ဟုတ်တယ် .. သူ့ဆီ ဖုန်းဆက်ပြီး အဲ့ဒီလူတွေကို သူ့ဆီလွှတ်လိုက်ရတာ .."

"မဆိုးပါဘူး .."

"ဘာ ...."

"မမ ပိုက်ဆံ ကျွန်တော် တစ်ပတ်အတွင်းပြန်ဆပ်မယ်၊ ဒါပေမယ့် ခုနစ်ဆယ်ရာနှုန်းပဲရမယ် .."

"ဘာပြောတယ် .."

"ဟုတ်တယ် .. မမ ဒေါသက ကျွန်တော့်ကို မြောင်းထဲရောက်သွားအောင် ပြောဆိုပြီးနေပြီဆိုတာ အတိအကျသိတယ် .."

"နင်လုပ်တာတွေပြန်ကြည့်လေ .. တစ်ခါတည်း နှစ်ခါတည်းမှ မဟုတ်တော့တာ .."

"ဟုတ်တယ် .. ဒါပေမယ့် ကျွန်တော် ပြန်ဆပ်ရတာပဲလေ၊ ငွေကျေသွားတာလူမသိဘူး၊ မမရဲ့ ပါးစပ်ကြောင့် ကျွန်တော်ပဲ ချေးဝါးထားတဲ့ သားရေဖတ်ဖြစ်သွားတာ .."

"မတတ်နိုင်ဘူး .."

"ကျွန်တော်ကတော့ အဲ့လိုမထားနိုင်ဘူး .."

မောင်နှမ နှစ်ယောက်အကြည့်ချင်းဆုံသွားသည်။ ပြီးတော့ ....

"ချွမ်း .. ချလွမ် .."

ခိုက် က ရှေ့မှာရှိသမျှအကွဲအစတွေကို ခြေတစ်ဖက်နဲ့ သိမ်းကန်လိုက်ပြီး ဆိုဖာမှာ ဝင်ထိုင်၍ ...

"ကျွန်တော့်ဘက်က စိုက်ထုတ်ရတာရှိရင် အဲ့ဒီအတွက် ပြန်ရဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုတယ် ..."

"အံမာ ..."

"မမ အခု စိုက်ပေးလိုက်ရတာကို တစ်ပတ်အတွင်း ပြန်ဆပ်မယ်၊ ဒါပေမယ့် နာမည်ပျက်ခ သုံးဆယ်ရာနှုန်းဖြတ်မှာ ..."

"ဒါဆို နင့်ကို ပိုက်ဆံထပ်ပေးမယ်လေ၊ နာမည်ပျက်အရှက်ရအောင် လုပ်လို့ရလား ..."

"အဲ့ဒီလို တမင်တကာကို ကျွန်တော် ဂရုမစိုက်ဘူး၊ လက်တွေ့စမ်းချင်ရင် လုပ်လိုက်၊ မမ ဒီ့ထက်မွဲသွားလိမ့်မယ် ..."

ဘယ်လိုကောင်လေးလဲ ...၊

မောင်နှမ နှစ်ယောက်ပဲရှိပေမယ့် အစ်မကို စောင့်ရှောက်ရမှန်းမ..၊ ကြင်နာဖို့ဆိုတာဝေးလို့ ...။

"မမကရော ကြင်နာဖူးလို့လား ... သူကြင်မှ ကိုယ်ကြင် ..." လို့ ဖြေခဲ့သေးသည်။

သူ့မဘဝမှာရော ဒီမောင်တစ်ယောက်ကို နဖူးသပ်ချေချော့ဖို့ အချိန်ရှိခဲ့သလား ... ကြင်ကြင်နာနာသွန်သင်ဆုံးမရအောင် သူ့မကရော မိဘရဲ့ဆုံးမသွန်သင်မှုအောက်မှာ ဘယ်လောက်နေခဲ့ရလို့လဲ ...။

မောင်နှမနှစ်ယောက်စလုံးအရွယ်တွေမရောက်ခင် မိဘမဲ့ခဲ့သည်။ အဒေါ်ဝမ်းကွဲက ရောက်လာလိုက်၊ ဦးလေးဝမ်းကွဲဆိုတာ ပေါ်လာလိုက်...။

အိမ်မှာ နို့က်စရာ စားစရာလေးတွေနဲ့ စိုပြည်နေတုန်းကတော့ လူကြီးသူမအဖြစ် စောင့်ရှောက်ပေးတော့မလိုလို အနားမှာလာနေပေးတော့မယ့်အတိုင်း ...။

ရှိတာတွေ ကုန်ခမ်းခြောက်သွေ့လာတော့ အားလုံးလွတ်လွတ်ခါခါ ထွက်သွားကြတော့သည်။ ပြောသွားကြတာက 'နင့်မောင်က ပြောမကောင်း ဆိုမကောင်း ...' တဲ့ ...။

"သူများတွေ ပြောသွားကြတာ နည်းတောင်နည်းသေးတယ် ..."



အရင်းမရှိ အဖျားမရှိပြောပြီး မဟေသီ က နိုက် ရဲ့ ရှေ့မှာဝင်ထိုင်လိုက်သည်။ နိုက် က မျက်လွှာပင့်ကြည့်၍ ...၊

"ဘာလဲ ... ခုက စတာလား ... နောက်ထပ်နာမည်ပျက်ဖွယ်တစ်ခုခု စလာတာနဲ့ ငွေအရင်းချထိုးရမှာနော် ...၊ ဘယ်ဟာမှ အလကားမရဘူးဆိုတာ ပြောပြီးသား ..."

"နင့်လိုလူကို နာမည်ပျက်အောင် ပြောဆိုဖို့များ ငါက အရူးမို့လို့ ပိုက်ဆံကုန်ခံရမှာလား ..."

"ပိုက်ဆံကုန်မခံနိုင်တာပဲရှိတာ သိပ်တော့ မထူးပါဘူး ..."

"ဘာပြောတယ် နိုက် ..."

"မမ လူကြီးကို ကျွန်တော်နဲ့ မျက်နှာချင်းမဆိုင်မိစေနဲ့ ..."

စကားပြောတိုင်း သူ စိတ်ဝင်စားတာ သူပြောတတ်တာလည်း အကျင့်ဆိုးတစ်ခုပင် ...။

ဘယ်သူ့ဘာအကြောင်းကိုပဲ စိတ်ဝင်တစားပြောနေနေ သူ့ဘာသာ ခေါင်းစဉ်ပြောင်းချင်ပြီဆို ကောက်ခနဲ ...။

"အဲ့ဒီလိုသတ္တဝါတွေဆို ကျွန်တော်က သိပ်ကြည့်ရတာမဟုတ်ဘူး ..."

"နင်ကြည့်ရတာ မရတာ ဂရုစိုက်ပြီး လွှဲပေးနေတယ်တော့ မမှတ်နဲ့၊ မောင်က မျက်နှာပြောင်ပေမယ့် အစ်မဖြစ်တဲ့သူက ရှက်လို့ ..."

"တော်သေးတယ် ..."

"ငါက နင့်အစ်မနော် နိုက် ... အဲ့ဒီလိုမမဲ့နဲ့၊ ပါးရိုက်တာထက်နေဖို့ကောင်းတယ် ..."

"ဟား ... ဟား ... ဟား ..."

ရယ်ချလိုက်မှ ပိုဆိုးသွား၏။ လူကို 'နာတတ်သေးလို့လား' ဟု မေးချလိုက်သည့်အတိုင်း ...။

"အားကိုးရာတာလည်း လွတ်လပ်တဲ့ယောကျ်ားကိုရှာပေါ့ မမရား

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှိမှန်းသိရက်နဲ့တော့ မကောင်းပါဘူး ..” လို့ ဟိုအရင်တည်းက ပြောခဲ့ဖူး၏။ ထို့ပြင် ...၊

“ပြီးကျမှ ကျေးဇူးကန်းတယ်၊ ရက်စက်တယ်တွေမပြောနဲ့နော်.. ဒီကိစ္စကိုတော့ ကျွန်တော့်နည်းကျွန်တော်ဟန်နဲ့ တိုက်ဖျက်ရမှာပဲ ..” လို့လည်း သတိပေးခဲ့သေးသည်။

“အဲဒီကိစ္စကြီးပေါ်သွားရင် မမတော့ ကွဲပြီ” ဆိုတာကရှိသေး ...။

ဒီလိုပြောခဲ့တာတွေကြောင့် လူကိုဟားတိုက်ရယ်လိုက်တော့ ရှက်စိတ်မွှန်သွားခဲ့၏။ မယောသီ ခပ်ကြိတ်ကြိတ်တက်ခေါက်မိကာ ...၊

“မပြောနဲ့ဆိုလည်း ပြောရမှာပဲ .. နင်က ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ သတ္တဝါ ..”

“ဘယ်မှာ ကိုက်ရသေးလို့လဲ .. ကိုယ့်အစ်မမို့လို့ ပါးပါးလေးလှုပ်ရှားနေတာ ..”

“နင့်ကို ဟိုတစ်နေ့ကလည်း ပန်းခြံကထွက်တော့ ငါ မြင်လိုက်တယ် ..”

“ဟုတ်လား ..”

“နင် အရှက်မရှိ လိုက်ချောင်းနေတာတော့ မဟုတ်ပါဘူးနော်..”

“ချောင်းတယ်ဆိုရင်တောင် ကျွန်တော်ဆိုတဲ့ကောင်က ပိုက်ဆံမရတဲ့ လမ်းကို ခြေတစ်လှမ်းတောင် မရွှေ့ဘူး .. မမသိပါတယ် ..”

“သိ .. ဟင် ..”

ခပ်ရွဲ့ရွဲ့ခေါင်းညိတ်လိုက်ပြီးမှ စိတ်ထဲမှာတစ်ခုခုကိုတွေးမိသွားကာ ...

“နင် ဘာပြောလိုက်တာလဲဟင် ..”

“ဒါပဲပြောတာ ..”

နိုက် က ပြောပြီးနေရာမှ ထသည်။ မယောသီ က မျက်တောင်တဖျတ်ဖျတ်နှင့် စဉ်းစားကျန်ခဲ့၏။ ပြီးမှ ...၊



“နိုက် .. ဟဲ့ .. နေဦး ..”

နောက်ကနေ လက်ကိုအတင်းလိုက်ဆွဲ၍ ...၊

“နင် ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲဟင် .. ငါတို့နောက် လိုက်ချောင်းနေတာ တကယ်လား .. ဘာလုပ်မလို့လဲ ..”

“မမ မေးတာတွေ များနေပြီ ..”

“နင်လည်း ရှင်းအောင်ပြောလေ ..”

“ရှင်းအောင်ပြောရမယ်ဆိုရင် ဒေါသထွက်စရာပါလိမ့်မယ်၊ မုန်းတီးနာကြည်းသွားနိုင်တာပါရင်လည်း တစ်ဖက်ဖက်မှာ အကျိုးရှိမှ ..”

“ဘာ ...”

“ခံရကျိုးနပ်ဖို့ပြောတာ ..”

“ဒါက တယ်ကိုလဲ .. နေဦး ..”

“ထမင်းဆာလို့ ..”

“မစားနဲ့ ..”

နောက်ထပ် ပခုံးတစ်ဖက်ကိုပါ ဆွဲလှဲဆောင့်ခါ၍ မျက်နှာချင်းဆိုင်ဖြစ်သွားမှ ...၊

“နင့်လောက် မျက်နှာပြောင်တာ မတွေ့ဖူးဘူး သိလား .. ငါ့ထမင်းလည်း စားသေးတယ်၊ ငါ့ဆီက ရသလောက်လည်း ချူသေးတယ်၊ ငါ ဒီ့ထက် သည်းမခံနိုင်တော့ဘူး ..”

“ကျွန်တော့်ကို မစားစေချင်လို့လား ..”

“ပြော် .. ဒါကျမှ အရူးကွက်နင်းပြီး တုံးချင်ယောင်ဆောင်နေတယ်၊ ဒီမှာ နိုက် .. နင်က ကွယ်ရာမှာ နင့်ကိုယ်နင် ‘မိုက်’ ဆိုတဲ့ နာမည်နဲ့ နေပေမယ့် ငါ့အတွက်တော့ နိုက် ဆိုတဲ့အတိုင်း နိုက်တယ်၊ နင့်ကြောင့် ကောင်းကျိုးဘာမှဖြစ်မလာတဲ့အထဲ ခံလိုက်ရတဲ့ ဒုက္ခတွေ..”

“လျှောက်ပွားမနေပါနဲ့ .. ကျွန်တော်က ကိုယ့်အစ်မဆိုတဲ့ အသိနဲ့ ပြန်လာနေတာ၊ ထမင်းစားရဖို့အတွက်တော့ ဒီလောက် မချေနဲ့ ..”

www.burmeseclassic.com

www.burmeseclassic.com



"အေး .. မချေစေချင်ရင် နင် နောက်ထပ် ငါ့ဆီပြန်မလာနဲ့ .."

ရင်ထဲမှာ ဆူးတစ်ချောင်းလို စူးခနဲနစ်၏။ အစ်မအရင်းခေါက်ခေါက် ဆိုသည့်မျက်နှာကို တစ်ချက်တော့ စိုက်ကြည့်ဖြစ်ကာ ..၊

"မမ တစ်ယောက်တည်းဖြစ်တာ သေချာလား .."

"အိုး .. ဘာလို့မဖြစ်ရမှာလဲ .. နင့်လို မောင်တစ်ယောက်ရှိနေတော့ ရော ငါဘာများအားကိုးရလို့လဲ .."

မမကရော 'အစ်မကြီး အမိအရာ' ဆိုတာမျိုးရှိခဲ့ဖူးလို့လား ..။

ရင်ထဲမှာ ဖြစ်သွားပေမယ့် အပြုံးတစ်ချက်နဲ့ပဲ သူ ခေါင်းညိတ်လိုက်သည်။

"ဟဲ့ .. နေဦး .."

ထွက်သွားပြီးမှ ခြေစုံရပ်နေလိုက်တော့ မယောသီ က ထိုနေရာက နေပဲ လှမ်းအော်၍ ..၊

"အခု ငါပေးလိုက်ရတာ ငွေဆယ့်တစ်သိန်း၊ တစ်ပတ်အတွင်း လာပေးလှည့် .. မပေးနိုင်ရင် ငါ ရဲတိုင်မှာ မယုံမရှိနဲ့ .."

"ယုံပါတယ် .."

"ယုံဖို့ပဲလိုတာ .."

တမင်အော်ပြောပြီး မဲ့ပစ်လိုက်မိသည်။ သိပ်ညာဏ်များတဲ့ကောင်လေး၊ ပြိုပြတ်ဆိုးလေး ..။ မင်းနိုက် ဆိုတဲ့အတိုင်း အကြီးအကဲတွေအကုန်လုံး ကို ဒုက္ခပေးခဲ့တာ ခုထိ မနားသေးပေ ..။

ဒီ့ထက် ဘယ်လိုသည်းခံရဦးမလဲ ..၊

ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက် ရှင်းရှင်းလင်းလင်းပဲ..။



အခန်း (၅)

"မင်းကလည်းကွာ .. မင်းအစ်မ ဒီလိုပဲပြောနေကျကို .."

"တော်ပြီကွာ .. မပြန်ချင်တော့ဘူး .."

"မပြန်လို့ရမလားကွ .. အဲ့ဒီတိုက်ကို မင်းလည်းပိုင်တာပဲ၊ အနွံ့ချည်းပဲရှိတော့တယ်ဆိုပေမယ့် တိုက်နဲ့ခြံရဲ့တန်ဖိုးက ကာလပေါက်ဈေးနဲ့ဆိုရင် .."

"နေပေ့စေ .. သူက မိန်းကလေးပဲ သူ့အတွက် အရိပ်လိုတယ်၊ ငါ့အတွက် မလိုဘူး .."

"ဘာရယ် .."

ကျော်စွာ တအံ့တသြမေး၍ ခိုက် ရဲ့ တစ်ကိုယ်လုံးကို စုန်ချီဆန်ချီ ကြည့်၏။

"မင်း ဘာဖြစ်သွားတာလဲ .."

"ဘာဖြစ်လို့လဲ .."

"ဒီလောက် ငွေမက်ပြီး ပြူးပြဲနေတဲ့ကောင်က .."

"ငါ ငွေမက်တာ အကြောင်းရှိတယ် .."

"အံမယ် .."

"ဟုတ်တယ် .. ငါ ဘာအကောင်ဖြစ်နေနေ အဲ့ဒါ ကိုယ့်ဝမ်းကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းဖို့အတွက် ရုန်းကန်တာပဲ ..”

“အင်း ..”

“လူကို ပါးစပ်နဲ့ဖြစ်ဖြစ် လက်နဲ့ဖြစ်ဖြစ် ဘာနဲ့မှ စီးကြောတာ မခံနိုင်ဘူး .. ငွေရေးကြေးရေး တစ်ကျပ်တစ်ပြားကစပြီး ပြူးပြဲစွာချ တတ်လာတာ အဲ့ဒါကြောင့် ..”

“ဒါပေမယ့် ..”

“ဘာကြောင့်မှ အဲဒီပုံစံကို ပြောင်းလဲမှာမဟုတ်ဘူး ..”

“ဩော် .. ကဲ .. ပြောတာနားထောင်ပါဦး ..”

“မမဆီ ပြန်သွားဖို့ဆို မပြောနဲ့တော့ ..”

“မင်း ဘယ်မှာနေမှာလဲ .. ဒါဆို ..”

“ဘယ်မှာနေနေ ..”

ကျော်စွာ က သက်ပြင်းချလိုက်ပြီး ဆံပင်တစ်ချက်ဖွ၏။ ပြီးတော့ ဂီတာကိုင်ပြီး တီးလည်းမတီးဖြစ်တာမို့ ဘေးချပြီး ထောင်ထားလိုက်ကာ...

“မင်း အစ်မကလည်း နည်းနည်းတော့ လွန်ပါတယ် ..”

ဟု အမှန်တရားတစ်ခု ထွက်လာခဲ့သည်။

“မင်း စိတ်တော့မဆိုးနဲ့ကွ .. တစ်ချို့က ပါးစပ်မပါပေမယ့် လက် ပါတယ်၊ တစ်ချို့က နှုတ်ချိုပြီး လက်ကျတော့လျှိုတယ်၊ မင်းအစ်မက တော့ ပါးစပ်လည်းမပါဘူး၊ လက်လည်းမပါဘူး၊ ကိုယ့်မောင်လေးရယ် လို့ တစ်ခါမှလည်း နူးနူးညံ့ညံ့မဆက်ဆံတဲ့အပြင် ဟိုတုန်းတည်းက အစားတစ်လုတ်တုတ်တစ်ချက် ..”

နိုက် က ဘာမှမပြောဘဲ အအေးဘူးကိုခွဲဖွင့်ပြီး မော့သောက်နေ၏။

“စဉ်းစားကြည့်လေ .. မင်းကို သူ ဆောင့်ရှောက်ခဲ့တာ ဘာရှိလို့လဲ မိဘတွေမရှိတော့တာနဲ့ပဲ မင်း ဆယ်တန်းအောင်ပြီး ကျောင်းဆက်တက် ခွင့်ရခဲ့လို့လား ..”

“စာပေးစာယူနဲ့ရတဲ့ဘွဲ့လည်းအတူတူပါပဲ ..”



“အဲဒါ မင်း ဘာသာရအောင်ယူခဲ့ရတာပဲကွ .. သူကတော့ တစ္ဆ သိုလ်တက်ပြီး မော်ဒယ်လ်ဖြစ်ဖို့ ကုန်လိုက်တဲ့ငွေတွေ ..”

မိဘတွေကျန်ခဲ့သမျှ ချုတ်ခြုံသုံးစွဲခွင့်ကို မဟေသီ ကပဲ အပြတ် အသတ်ယူခဲ့သည်။ မောင်ငယ်လေးတစ်ယောက်ဆိုတဲ့အသိက ကြင်နာ စွာ မွေးမြူစောင့်ရှောက်ဖို့မဟုတ်ဘဲ ထမင်းကျွေးထားရုံနဲ့ နေ့နေ့ညည ကြိမ်းမောင်းဆူပြောနေတာတွေပဲရှိသည်။

နိုက် ဘယ်လိုနေနေ ဘယ်လောက်ပျက်စီးပါစေ ပြုပြင်ထိန်းကျောင်း ဖို့တော့ သတိရခဲ့တာမဟုတ်ပေ ..။ ဒီလိုလူငယ်တစ်ယောက်က လည် သလိုလုပ်စားနေတာ ဒီ့ထက်ပျက်စီးမသွားတာပဲ ကံကောင်း ..။

“မင်းအစ်မနဲ့ ဟိုဘဲ ငြိနေတဲ့ကိစ္စကရော ..”

“ဘာလဲ ..”

“မင်း လျှပ်ရှားနေတာတွေ မင်းအစ်မ မသိဘူးမို့လား ..”

“သိရင် မိုးမီးလောင်သွားမှာပေါ့ ..”

“သိသိ မသိသိ မင်းအစ်မ အမြဲတမ်းလောင်မြိုက်နေတာပဲ ..”

ဆောင့်ဆောင့်အောင့်အောင့်မဲ့ရွဲ့ကဲ့ရယ်ပြီးမှ ခုံတန်းပေါ်မှာပဲ ဖင် ရွှေ့ထိုင်လိုက်ကာ ..၊

“မင်းလည်း အဲဒါတွေ နာမည်ပျက်နေတာ နိုက် .. ကြည့်လည်း လုပ်ဦး ..”

“ပျက်ပျက် ..”

“ပျက်တာကို ပျက်နေတဲ့ကောင်လို့ သူများပြောရင် မင်း ခံနိုင် လား ..”

“မကြားရင် ခံနိုင်တယ် ..”

ကျော်စွာ က မျက်စောင်းထိုးသည်။

“အတင်းအဖျင်းဆိုတာ ကွယ်ရာမှာပဲ ပြေးပြောကြတာမဟုတ်ဘူး ကွ ..”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. ငါ့ရှေ့ရောက်လာတာနဲ့ တွေ့သွားမှာပေါ့ .."

"ခိုက် ..."

"ဘာလဲ .."

"မင်းအစ်မနဲ့ပတ်သက်ပြီး .."

"နေဦး .."

ကမန်းကတန်း တားဆီး၍ ထရပ်လိုက်သဖြင့် ကျော်စွာ ကလည်း လိုက်ထရပ်ကာ ..၊

"ဘာဖြစ်တာလဲ .."

"ဟိုမှာ .."

"ဘယ်မှာလဲ .."

"သွားပြီ .."

"ဘယ်သူလဲ .."

"မင်း မသိပါဘူး .. အဲဒါ ငါသိတယ်၊ မခေဆီ သွားတဲ့ကား .."

ပြောနေရင်း ကမန်းကတန်း ဖုန်းထုတ်လိုက်ကာ ..၊

"ကျွတ် .."

စိတ်ပျက်စွာညည်း၍ ဘယ်ပုံမရမကခေါ်နေမှန်းမသိ၊ ခဏကြာ မှ ...

"ဟုတ်တယ် .. ကျွန်တော် .."

"ခင်ဗျားကို သတင်းပေးစရာရှိတယ်၊ အခု အရေးကြီးနေလို့ ငွေရေးကြေးရေးနောက်မှပြောမယ်၊ ခင်ဗျားယောကျ်ားနဲ့ ဟိုတစ်ယောက်ကို .."

"..... ..... ....."

"ဟုတ်တယ် နားထောင် .. အခု ဟိုတယ်လ်တစ်ခုထဲမှာ .."

"..... ..... ....."

"မပြောနိုင်ဘူး .. ဒါက ဒီလောက်ပဲ မကြာခင်ပုံတွေယူလာပေးမယ် .."





"..... ..... ....."

"ဖြစ်တယ်လေ .. လမ်းကြောင်းတွေအများကြီးရှိတယ်လို့ ခင်ဗျားကို ပြောခဲ့ဖူးသားပဲ၊ ဂရုမစိုက်ဘူးဆိုရင်ရတယ် .."

ဖုန်းပိတ်လိုက်ပြီး ဟွန်းခနဲပြုံးသည်။ ပြီးတော့ ပြန်ထိုင်လိုက်ကာ ခပ်တိုးတိုးရေရွတ်၏။

"ခင်ဗျား ဘယ်လောက်တော်နေနေ ဒီလိုကိစ္စမှာတော့ မတည်ငြိမ်နိုင်ပါဘူး .."

"ဘာတွေပြောနေတာလဲ .."

"ငါ့အလုပ်ကိစ္စပါ .."

"အေးပါ .. မင်း မပြောလည်း ငါသိပါတယ်၊ ဒါပေမယ့် ငါ သတိပေးချင်တာလည်း အဲဒါပဲ၊ မင်းအစ်မနဲ့ ပတ်သက်ပြီး မင်း ဘာမှမလုပ်တာ အကောင်းဆုံးပဲနော် .. မကောင်းတာလုပ်နေလို့ ဆက်မလုပ်စေချင်တာဆိုရင်လည်း သူ့ကို အရင်ပြောထားပြီးမှ .."

"ငါ စိတ်ဝင်စားတာ ငါ့အတွက် ဘယ်ခွင်ကတည့်မလဲဆိုတာပဲ.."

ပြောနေတုန်း ဖုန်းဝင်လာ၏။ ... ကြည့်လိုက်ပြီး ကျေနပ်သလိုပြုံးမိရင်း ..၊

"ပြော ..."

"..... ..... ....."

"အဲ့ဒါကို မပြောနိုင်ဘူးလို့ ပြောပြီးပြီလေ၊ သူတို့ကို ခင်ဗျားသွားပြေးကြည့်စရာမလိုဘူး၊ မကြာခင်မြင်ရမှာ .."

"..... ..... ....."

"ဟွန်း .. တစ်ခါတစ်လေ ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုငွေထက်တန်ဖိုးထားတယ်၊ ကျွန်တော် မပေးနိုင်ဘူးဆိုတာကို ခင်ဗျား ဘယ်လောက်ပုံပေးပေး မရဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်တော့ ကျော်စွာ က မေးရန်အသင့်နှင့် ..၊

"ဒေါ်ထာဝရ မို့လား .."

"ထာဝရ လုပ်စမ်းပါ မသာယာလိုက်တာ .."

"မင်းထက် ကြီးတယ် .."

"ဘယ်နေရာမှာကြီးသွားတာလဲ .."

"ယော့ကောင် .."

"ကမ္ဘာဖြစ်ဖြစ် သဘာဖြစ်ဖြစ် မိန်းမက မိန်းမပဲ .."

"ဟုတ်တယ်လေ .. ငါပြောတာက သူက စီးပွားရေး .."

"စီးပွားရေးလုပ်နေတိုင်း ဒေါ်တုပ်ခေါ်စရာလား .."

"မပြောတော့ဘူး .."

"မပြောနဲ့တော့ .."

"ခုန ဒီရှေ့က ဖြတ်သွားတဲ့ကားက သူလား .."

"ဟုတ်တယ် .."

"ဒါကျတော့ မင်းအစ်မ ကျိုင်တက်မှာစိုးသားပဲ .."

"မစိုးပါဘူး .. သိသာသိစေ မမြင်စေနဲ့တဲ့၊ ငါက သူတို့ချင်းရှင်း
ခချင်တာ၊ မိန်းမသားချင်းမဟုတ်ဘူး .."

"တစ်ချို့မိန်းမတွေကျတော့ ယောကျ်ားတွေကို နားမပူဘူးကွ၊
န်းမချင်းအပြင်မှာထွ ာ်ရှင်းကြတာ၊ မင်းပဲ ဆေးထိုးထားပြီးတော့ .."

"ဒါက ငါ့အလုပ်ပဲ .."

"မင်းအစ်မဖြစ်နေတာ အဆင်ဆိုးတယ်လေ .."

"ထာဝရ က အဲ့ဒီလိုအကျယ်တဝင့်ဖြေရှင်းတဲ့ နည်းမသုံးဘူးဆို
က ငါယုံလို့ .."

"ခုပဲ လိုက်လာပြီမဟုတ်ဘူးလား .."

"အကြောင်းတော့ရှိမှာပေါ့ .."

ကျော်စွာ က ခေါင်းခါပြီးမဲ့သည်။ ခိုက် က အအေးဘူးခွံကို ဒီတိုင်း



ကိုင်ထားပြီး မျက်ခုံးတွေ တွန့်ကုတ်နေလျက် ..၊

"ငါ စဉ်းစားလို့မရတာ ဒီမိန်းမ သူ့ယောကျ်ားကို ဘာဖြစ်လို့
ကာကွယ်နေလဲဆိုတာပဲ .."

"သူ့ယောကျ်ားသိက္ခာကျမှာစိုးလို့ဆို .. မင်းပဲပြောတော့ .."

"ကျမှစိုးတဲ့ သိက္ခာကို သူ ဖမ်းဆုပ်သိမ်းဆည်းထားလို့ရတာမှ
မဟုတ်ဘဲ လောလောဆယ် ဒီလူ့သိက္ခာအဝဝက ငါ့လက်ထဲမှာ .."

ကျော်စွာ က ငြိမ်သွားသည်။ ခိုက် တို့နဲ့ သူ့အိမ်က လမ်းအဟွင်း
နဲ့ လမ်းထိပ်ပဲဖြစ်သည်။ ထို့ကြောင့် ထာဝရ လမ်းထဲဝင်သွားတာကို
ခြံထဲကနေ သူတို့လှမ်းမြင်လိုက်ကြတာဖြစ်၏။

"မင်း စဉ်းစားကြည့်လေ .."

"စဉ်းစားမယ် .. ပြော .."

မေးတိုင်း ဖြေချင်မှ ဖြေတဲ့သူမို့ စိတ်လိုလက်ရစဉ်းစားနိုင်းလာ
တော့ ကျော်စွာ တက်ကြွစွာခေါင်းညိတ်မိ၏။

"ဘယ်မိန်းမဖြစ်ဖြစ် ကိုယ့်ယောကျ်ားဖောက်ပြန်နေတာကို ကိုယ်
က မပြောရဲရင်တောင် ဒီလူကိုနိုင်တဲ့ မိဘအုပ်ထိန်းသူတစ်ယောက်ယောက်
ကိုတော့ အားကိုးရှာမှာပဲ .."

"အင်း .. ဟုတ်တယ် .."

"သူက အိမ်သားတွေ ဘယ်သူမှ မသိအောင်ဖုံးဖိနေသေးတာ.."

"မင်းက အဲဒီခွင်တွေတည့်ပြီး နိုင်နေတာလား .."

"ဟုတ်တယ် .. ဘယ်နေရာမှာ ဘယ်လောက်တော်နေနေ ဒီနေရာ
မှာတော့ တော်တော်တုံးတယ် .."

"ပြီးပြည့်စုံအောင် တော်တဲ့သူမရှိပါဘူးကွာ .."

"သူက တုံးကိုတုံးတာ .. ငါ့လိုလူရှေ့မှာ သူ မဖြစ်စေချင်တာတွေ
ကို မဖုံးဖိနိုင်တာ စဉ်းစားကြည့် .."

"မင်းကိုက ချွန်လွန်းတာလည်းဖြစ်နိုင်တယ်၊ သူ့ရဲ့ ဖုန်းရှိသမျှ

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တွေ သိရအောင် မင်း ကြိုးစားနိုင်တယ် ..."

"ဒါက သူ့ဘဲက ငါ့မျက်စိအောက်မှာရှိနေတာကိုး ..."

"သူတို့ မျက်စိအောက်မှာ မင်းရှိနေတာတွေကျတော့ သူတို့သိကြလို့လား ..."

"ဟွန်း ..."

သူ့အပြုံးက အောင်နိုင်သူ့အပြုံးမျိုးပဲဖြစ်မယ်ထင်သည်။ ပန်းခြံထဲရောက်သွားလျှင် ကိုယ်လည်းအတွဲရှာလိုက်သည်။ သူတို့နဲ့ မနီးမဝေးမှာ ထီးနဲ့ကွယ်၍ လိုချင်သလောက် ဓာတ်ပုံတွေအသာလေးရိုက်ယူရုံပဲဖြစ်၏။

"ဒါပေမယ့် မျက်နှာပြောင်တဲ့ မောင်မျိုးဖြစ်ရတာတော့ မမိုက်ဘူး ..."

"ငါလိုချင်တာ ဒီလူ ခြေရှုပ်နေတာကိုပဲ ကျန်တာတွေမပါဘူး ..."

"အေးပါ .. ရှားပါးမောင်ပါပဲ .. မမဟောသီနဲ့ မင်းက မောင်နှမလာဖြစ်နေကြတာသေချာတယ်၊ တစ်ယောက်ကလည်း မောင်လို့မထင်၊ တစ်ယောက်ကလည်း ဂရုမစိုက်၊ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို အဲဒါ ငွေရဖို့တစ်ခုပဲကြည့်တဲ့ မင်းရဲ့အတ္တပဲကွ ..."

"ဟုတ်မှာပေါ့ ..."

ပြောပြီးနေရာမှ ထရပ်လိုက်သည်။ ကျော်စွာ က အံ့ဩသလိုဖြစ်သွားပြီး ...၊

"ဘာဖြစ်တာလဲ ချက်ချင်း ..."

"ကျော်ဇင့် ဆီ သွားဦးမယ် ..."

"ကျော်ဇင် က ဒီအချိန် သူ့အဖေအလုပ်တွေနဲ့ လုံးထွေးနေမှာပေါ့..."

ကျော်ဇင် ရယ် ကျော်စွာ ရယ်က နိုက် ရဲ့ နှစ်ယောက်တည်းသော ကျော်နှစ်ကျော်ဖြစ်သည်။ နာမည်ချင်းဆင်ပေမယ့် ကျော်ဇင် ကတော့ ခပ်အေးအေးသမားဖြစ်၏။

မေးရင် သိသလောက် စိတ်ရှည်လက်ရှည်ပြောပြတတ်ပေမယ့်



စပ်စပ်စုစုပြန်မေးတာသိပ်မရှိ ...။ မေးကြည့်လို့ မဖြေရင်လည်း မရမက သိချင်တာမျိုးမဖြစ်ပေ ...။

ထို့ပြင် သူတို့လိုမဟုတ်တာတစ်ခုက ကျော်ဇင် က စီးပွားရေးကို ဝါသနာပါ၏။ မိဘရဲ့ ဂျာနယ်လုပ်ငန်းတွေမှာ ကိုယ်ဖိရင်ဖိပါဝင်နေသူမို့ သူတို့နဲ့မတွေ့ဖြစ်လောက်အောင် အိမ်တွင်းအောင်းနေတာတွေကများသည်။

"နိုက် .. မင်း ဂျာနယ်တွေထဲ ထည့်ပစ်တာမျိုးတော့ မလုပ်ဘူးမို့လား .."

"ပြောလို့တော့မရဘူး၊ မင်းလည်း ငါ့ရှေ့မှာ အနေအထိုင်ဆင်ခြင်ပါက ငွေရမယ်ဆို သွေးသားတော်နေတာကိုတောင် ငဲ့တဲ့ကောင်မဟုတ်ဘူး .."

"သိတယ် .. မင်းကို .."

ကျော်စွာ့ စကားကြောင့် လှည့်ထွက်လာရင်း ရယ်လိုက်မိ၏။

လုပ်စရာလား .. ကိုယ် ထမင်းစားနေတဲ့အလုပ်ကို ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

ဟိုတယ်လ် အောက်ထပ်က ရုပ်စထရန့်မှာ ကော်ဖီထိုင်သောက်ရင်း နာရီကြည့်မိသည်။ ခဏစောင့်လိုက်တာနှင့် မကြာခင်စုံတွဲတစ်တွဲဝင်လာကြ၏။

အဝင်ဝနဲ့ ကပ်လျက်ရှိနေသည့် နိုက် ရဲ့ စားပွဲကိုသတိမပြုမိဘဲ ပျော်ရွှင်ကြည်နူးနေကြသည့် မျက်နှာတွေက အပြုံးပန်းတွေဝေလျက် ထောင့်စားပွဲတစ်လုံးမှာ နေရာယူလိုက်ကြ၏။

မယောသီ နဲ့ ကြည်ဖြူမောင် ...၊

မယောသီ ရဲ့ ပေါ်လွင်ထင်ရှားမှုနှင့် ကြည်ဖြူ ရဲ့ သပ်ယပ်ခန့်ညားသော ရုပ်သွင်ကြောင့် ရှိနေကြသည့်လူတွေရဲ့ မျက်လုံးတွေက သူတို့ဆီမှာပဲ စူးစိုက်သွားကြ၏။

သွားလေရာမှာ ဒီတိုင်းပဲဆိုတာ သိပြီးသားမို့ မျက်လုံးချင်းမဆုံစေသော အကြည့်တစ်ချက်လောက် စားပွဲတွေဆီဖြတ်သန်းလိုက်ခြင်းဖြင့် မယောသီ ရဲ့ စိတ်ဝင်စားခြင်းက ပြီးဆုံး၏။

"ဘာတွေကြည့်ပြီး သက်ပြင်းချနေတာလဲ မောင် ..."

"မင်းကို လူတွေအရမ်းကြည့်နေတာလေ ..."

"အဲဒါ ဘာဖြစ်လဲ မောင့်ချစ်သူက နိုင်ငံကျော်ပဲဟာ ..."



"စိတ်မချဘူးကွာ ..."

"ဒါကြောင့် လက်ထပ်ရအောင်လို့ပြောတာပေါ့ ..."

အတူတူထိုင်တည်းက နံရံကို မျက်နှာမူ၍ လူအများဘက်ကို ကျောခိုင်းထားတာဖြစ်သည်။ နောက်ထပ်ဆိုင်ထဲကို ဂရုစိုက်ကြည့်မှာမဟုတ်တော့တာလည်း သေချာနေကာ နိုက် က သူမတို့နဲ့ကပ်လျက်စားပွဲကို ပြောင်းထိုင်သည်။

ထို့ပြင် သေချာမျက်နှာမူ၍ ဖုန်းတစ်လုံးနှင့် လိုချင်တာမှန်သမျှကို စိတ်ကြိုက်ယူခဲ့၏။ ✤

ပြီးတော့ ဦးအောင်ထပြန်လာခဲ့သည်။ ပြောစကားများအရ ကြည်ဖြူ က နိုင်ငံခြားကိုအလုပ်ကိစ္စနဲ့သွားသည်ဟု အိမ်မှာအကြောင်းပြထားခဲ့၏။

ထာဝရ ကို သူတို့ဟိုတယ်လ်မှာ ရှိနေသည်လို့ သူပြောခဲ့တာက လောလောဆယ် သူမ မယောသီ့ အိမ်ကိုရောက်မသွားအောင် တမင်ပြောခဲ့တာဖြစ်သည်။

တကယ်ပဲ ဟိုတယ်လ်ထဲဝင်သွားကြတာကို မြင်ခွင့်ရလိုက်တာကတော့ ရာသီဥတုကိုယ့်ဘက်ပါနေလို့ဖြစ်သည်။

ဒါဆို ထာဝရ က ကြည်ဖြူ နိုင်ငံခြားထွက်သွားတာကို မယုံလို့ မယော့ ဆီ လာကြည့်တာလား ...၊

မယောသီ့ အိမ်ကိုဘယ်လိုသိသွားတာလဲ ...၊

ပေါ့ပါးစွာလှမ်းနေသည့် ခြေလှမ်းက ချက်ချင်းနှေးကျသွားခဲ့၏။ ဒီတစ်ခါ ထာဝရ ထက် တုံးတာက သူပဲဖြစ်နေ၏။

ထာဝရ က ယောကျ်ားနောက် တကောက်ကောက်လိုက်ချောင်းခြင်းဖြင့် အချိန်ကုန်ခံနေမည့် မိန်းမမျိုးမဟုတ်ပေ ...။ ဒီကိစ္စတွေကိုတောင် သူ သတင်းပေးမှသိသည့် သူမက မယောသီ့ အိမ်ကို သိသွားရလောက်အောင် တော်တာမဖြစ်နိုင် ...။

သူ့ကိစ္စနဲ့သူ တိုက်ဆိုင်စွာရောက်လာခဲ့ခြင်းကို သူ ဘာဖြစ်လို့ အထင်တကြီးလန့်ဖျန့်သွားခဲ့မှန်းမသိ ...။ တကယ်က သူမ ညီနေမှ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် စားပေါက်ချောင်မှာမို့ပါ။

ကိုယ့်ဘာသာသုံးသပ်ဆုံးဖြတ်၍ ခေါင်းခါရင်း ရယ်လိုက်မိသည်။ ထိုစဉ် လမ်းချိုးတစ်ခုသို့အရောက် ...။

"ဟာ ..."

"ကျွီ ..."

မျက်လုံးထဲမှာ ကားဦးခေါင်းကြီး ဘွားခနဲပေါ်လာတော့ ရှောင်လိုက်ပေမယ့် နောက်ကျသွားသည်။ ဖုန်းကိုင်ထားသည့် လက်တစ်ဖက် ထုံကျင်သွားလျက် ဖုန်းက ဘယ်ဆီလွင့်ထွက်သွားသည်မသိ ...။

ကားက ကိုယ့်ရှေ့ကျော့ကျော့လေးမှာ ထိုးရပ်သွားပေမယ့် ဒေါသက ရှူးခနဲထဖြစ်ကာ နောက်မြီးက ဘွန်းနက်ကိုပြေးကန်ပစ်လိုက်၏။

"ဟဲ့ .. အို .. ဘာလုပ်လိုက်တာလဲ .. မဆီမဆိုင် ကားကို .."

"ဩော် .. ခင်ဗျားကို .."

ကမန်းကတန်း ဆင်းထွက်လာသူက ထာဝရ ဖြစ်နေသဖြင့် ဘောင်းဘီ ခါးစပ်မှာ လက်မနှစ်ဖက်ချိတ်လိုက်ရင်း သူမကို စေ့စေ့ကြည့်၍ ....

"ကားက လူကို ပွတ်တိုက်သွားတာ ကားကိုမကန်ရင် ခင်ဗျားကို ကိုင်ပေါက်ပစ်ရမလား .."

"မင်း မိုက်ရိုင်းလှချေလားကွ .."

"ဟုတ်တယ် .. လေလုံးချင်းတောင် ကျုပ်က တစ်လုံးပိုတင်ရမှ ကြိုက်တာ၊ လူကို အသားထိတယ်ဆိုတွေးကြည့် .."

"တွေးကြည့်ဖို့မလိုဘူး .. ငါသိတယ်၊ အခု မင်း ဘာဖြစ်သွားလို့လဲ .. အကြီးကြီး ပုံကြီးချဲ့ပြီး ပိုက်ဆံတောင်းမလို့ပြင်ဆင်လိုက်တာလား .."

"အတိအကျမှန်တယ် .."

အနီရဲရဲပိုးပျော့ချိတ်ဝတ်စုံနှင့် နှုတ်ခမ်းနီရဲရဲလေးတင်ထားသော ဖွေးညက်သည့်မျက်နှာလေးက ဒေါသဖြစ်သွားလိုက် အုံ့ညိုပြီး နှုတ်ခမ်းလေးဟသွားလိုက်နှင့် သူ့ကို လူထူးဆန်းတစ်ယောက်လို ...။



"အခု ကျွန်တော့်ဖုန်း ဘယ်ရောက်သွားလဲမသိတော့ဘူး .."

"မင်းတောင် ဒီနားမှာ ရပ်နေသေးတာ ဒီနားမှာပဲရှိမှာပေါ့ .."

"ဒါဖြင့် ရှာပေး .."

"မင်း .."

တစ်ခုခုပြောဖို့ပြင်ပြီးမှ သူမ ပါးစပ်လေးပြန်ပိတ်၏။ ပြီးတော့ သူ့ရဲ့ ဘေးပတ်လည်မှာ ချာလပတ်ရမ်းအောင်ရှာလေသည်။

"မင်းလည်းရှာဦးလေ .. ကိုယ့်လက်ထဲက ဘယ်လိုလွင့်သွားသလဲ မင်း မှန်းကြည့်တော့ ပိုနီးစပ်တာပေါ့ .."

"ဒါ ခင်ဗျားကြောင့်ပဲ .. ခင်ဗျား ပြန်ရှာပေးရမှာပေါ့၊ ကျွန်တော့် ဖုန်း ပျက်စီးသွားရင် ကျွန်တော်လိုချင်တဲ့ဖုန်း ပြန်ဝယ်ပေးရမယ်၊ လုံးဝ မတွေ့တော့ရင် ကျွန်တော် တောင်းသလောက် ပေးရမယ် .."

"ဘာပြောတယ် .."

"ဟုတ်တယ် .. ပျက်စီးသွားရင် ပြန်ဝယ်လို့ရတယ်၊ အပျက်ထဲ ကနေ ပြန်ရနိုင်တာတွေလည်းရှိသေးတယ်၊ ပျောက်သွားရင်တော့ ကျွန်တော့် အတွက် ရွှေဖြစ်မှာတွေ အဲဒီထဲမှာ ပါသွားပြီလေ .."

"မင်း တော်တော်ငွေစကားပြောပါလား .."

"ခုမှသိတာလား .."

ထာဝရ စိတ်ပျက်သလိုလေး စိုက်ကြည့်၏။ ပြီးတော့ ခဏငြိမ်နေ လိုက်ရင်း သူ့လက်ထဲက လွတ်ထွက်သွားသည့်ပုံစံကို ပြန်မြင်အောင် စဉ်းစားလိုက်မိသည်။

သူ့ဖုန်း လွင့်ထွက်သွားတာကတော့ အမှန်ပဲမို့ ဘာကြောင့်ပဲပျက် ပျက် သူပြောတဲ့အတိုင်း လုပ်ပေးရတော့မှာပဲဖြစ်သည်။ ဒါတောင် အသည်း အသန်ရှောင်လိုက်နိုင်လို့ လက်တစ်ဖက်ကိုပဲ ပွတ်တိုက်သွားခဲ့တာ၊ မျက်နှာချင်းဆိုင်တည့်တည့်ကြီးသာ တိုက်လိုက်မိလျှင် ပွဲချင်းပြီးသွား နိုင်၏။

ကားနဲ့ အက်ဆီးဒန့်ဖြစ်ပြီးဆိုလျှင် ပစ္စည်းပျက်စီးသွားတာကို

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းပေးနိုင်သည်။ လူ့အသက်တစ်ချောင်းဆုံးရှုံးသွားခဲ့လျှင် ဘာနဲ့ပေးလျော်ဖြည့်ဆည်းလို့မှ မရနိုင်ပေ ...။

သူမ စိုးရိမ်သည်က ငွေကုန်မှာစိုးလို့တစ်ခုတည်းမဟုတ်ပါ။ ကိုယ့်ကြောင့် အသက်တစ်ချောင်းသေကြေပျက်စီးသွားမှာကိုသာ ...။

"ဒီမှာတွေ့ပြီး ..."

ဖုန်းသည် လမ်းဆေးက ဌာနဆိုင်ရာအဆောက်အဦးတစ်ခု၏ သွပ်ဆူးခြံစည်းရိုးထဲ ဝင်သွားတာဖြစ်ကာ သူမ အပြင်ကနေ လှမ်းကောက်ပေမယ့် မမှီတမီ ...။

ဟိုဒီလှည့်ပတ်ရှာနေတုန်းက ဒေါက်မြင့်ဖိနပ်လေးအနီရဲရဲ၊ ကိုယ်ပေါ်လှလှလေးတစ္ဆဲ့ဆွဲ့မှို့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိ၏။

သွပ်ဆူးကြိုးတန်းဆောမှာ ထိုင်ချလိုက်ကာ သူမလက်လေးနဲ့ ဖုန်းရဲ့အကွာအဝေးကို လှမ်းမြင်လိုက်ကာမှ ခိုက် လက်ပိုက်ထားတာ ရုတ်ခနဲဖြည့်၍ ...၊

"နေဦး ... နေဦး ..."

သူမ နားကို ဘယ်လိုရောက်သွားလိုက်မှန်းတောင် မသိ ...။

"အတင်းမနှိုက်နဲ့လေ ... ခင်ဗျားလက် ..."

"အား ..."

ဟင်!...၊

သူပြောတာ နောက်ကျသွားသည်။ အနားရောက်လာသည့် သူ့ကိုလှည့်ကြည့်ပြီး လက်ပြန်ရုတ်လိုက်မှ သွပ်ဆူးနဲ့ ခြစ်မိသွားကာ ...၊

"မလှည့်လိုက်နဲ့ ..."

လက်ကိုပြန်လှည့်ကြည့်ဖို့ အရေးကိုကပ်မြင်လိုက်သဖြင့် ခိုက် က ထာဝရ ရဲ့ မျက်နှာလေးနဲ့ သွပ်ဆူးကြိုးကြားမှာ သူ့လက်ဝါးကာပေးထားလိုက်ပြီး ...၊

"ဘယ်လိုဖြစ်လို့ ကိုယ့်အန္တရာယ်တောင် မမြင်ရတာလဲ ..."

သူ့လက်ဖဝါးမှာ ပါးပြင်လေးထိကပ်သွားကာ လူချင်းလည်းနီး



ကပ်နေသဖြင့် ထာဝရ မျက်နှာလေးလွှဲပစ်လိုက်မိကာ ...၊

"အဲ့ဒါ မင်းပဲလေ ..."

"ကျွန်တော် မဟုတ်ဘူး ... ခင်ဗျားက ဥစ္စာခြောက်နေတာ ..."

"ဘာ ..."

သူမက လက်ပြန်ရုတ်လိုက်ပြီး သွပ်ဆူးခြစ်မိသွားသည့် လက်မောင်းကို ပွတ်သပ်ကြည့်နေ၏။ ခိုက် က ဖုန်းကိုလှမ်းကောက်လိုက်ကာ ...၊

"အလျော်ပေးရမယ်ဆိုတာနဲ့ ဖုန်းကိုတွေ့လိုက်တော့ ဘာမှမမြင်တော့ဘူး ..."

"ငွေကြောင့်မဟုတ်ဘူး ခိုက် ..."

"ပြောပါ ... ဘာရှိသေးလို့လဲ ..."

ဖုန်းထဲမှာ သူ့အတွက်အရေးကြီးတာတွေပါသွားသည်ဆိုတာကို စာနာစိတ်နဲ့ပါ။ ဒီစေတနာစိတ်နဲ့ အရင်းခံတာ မဟုတ်ရင်တောင် လျော်ပေးရမှာစိုးလို့မဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာနားလည်နေသည်။ သို့သော် ...၊

"ဟုတ်တယ် ... မင်းပြောတဲ့အတိုင်းပဲ၊ ပြော ... အခု ဘယ်လောက်ပေးရမလဲ ..."

ဒေါသထွက်နေသည့်ကြားက လက်မောင်းကို လက်ဖဝါးလေးတစ်ဖက်နဲ့ အုပ်ထားပြီး မဲ့သွားတာကရှိသေးသည်။

ခိုက် က သူမလက်ကိုလှမ်းကြည့်၏။ သူမ တော်တော်ထိရှသွားသလားလို့တွေးမိကာ အုပ်ထားသည့်လက်ကို ဆွဲဖယ်ကြည့်ချင်စိတ်တွေပါဖြစ်မိသေးသည်။

ဒါပေမယ့် ဘာဆိုင်လို့လဲ အနေသာကြီး ...။

"နေဦး ... မင်းကို ငါ တွေ့ချင်နေတာ အတော်ပဲ၊ နေ့လယ်တုန်းက မင်းပြောတဲ့ကိစ္စက ဘယ်လိုလုပ်ကြံဇာတ်လမ်းမျိုးလဲ ..."

"လုပ်ကြံတယ်ထင်ရင် မမေးနဲ့လေ ..."

"ထပ်လုပ်ကြံဖို့တွေရှိနေနိုင်လို့ပေါ့ ... ကိုမောင် က စင်ကာပူ

www.burmeseclassic.com



သွားတာ နှစ်ရက်ရှိပြီ ..."

"ဟွန်း ..."

သူ့အပြုံးကြောင့် ထာဝရ မျက်နှာလေးပျက်သွားသည်။ ဒီကောင်လေး ငွေစကားချည်းပဲပြောနေတတ်ပေမယ့် သူ့စကားကလည်း ယုံကြည်ဖွယ် ရှိသော်ငြား ...၊

"မင်း ဘာပြုံးတာလဲ ..."

သူ့အပြုံးကိုပဲ ယုံကြည်စွာတုန့်လှုပ်သွားခဲ့၏။ ဒါဆို ကိုမောင်က ယုံကြည်ဖွယ်မရှိသည့်လူစား ...။

"ကျွန်တော့်ဆီက ဘာမှအလကားမရဘူး ဒေါ်ထာဝရ၊ ပစ္စည်း တစ်စုံတစ်ရာ ဒါမှမဟုတ် မေးခွန်းတစ်ခုအတွက် အဖြေ ..."

"ချောင်းမြောင်းငွေညှစ်တဲ့ဂုဏ်ထူးအပြင် အတင်းရောင်းစားသူ လည်း ဖြစ်ချင်သေးတာကိုး ..."

"ဖြစ်ချင်တာ မဟုတ်ဘူး .. အဲ့ဒါ ကျွန်တော်ပဲ ..."

ဒီကောင်လေးပြောရဲလွန်းလို့လည်း အံ့သြရတာ အထုံအကျင့်စွဲနေ ပြီထင်၏။ ထာဝရ သူ့ဖုန်းကိုလှမ်းကြည့်လိုက်ပြီး ...၊

"ဒီထဲမှာ ပါလာပြီလား ..."

"ဟုတ်တယ် ..."

"အခု မင်း ငါ့ဆီကိုလာတာလား ..."

"မဟုတ်ဘူး ..."

"ငါ ဘယ်လောက်ပေးရမလဲ ..."

"ဘာအတွက်လဲ ..."

"အဲ့ဒီသတင်း ..."

"နေဦး .. ခင်ဗျားနဲ့ အခု ရှင်းရမှာ အဲဒါမဟုတ်ဘူး ..."

ပြောပြီး နှစ်ခြမ်းကွဲနေသည့်ဖုန်းကို ထောင်ပြ၍ ...၊

"ဒါအတွက် ..."

"နှစ်ခြမ်းကွဲထွက်သွားတာ ဖြစ်တတ်တာပဲ .. ပြန်ဖိကပ်လိုက်ရင်



ရတယ် ..."

"ရရ .. မရရ အထဲမှာ ဘာဖြစ်သွားတယ်ဆိုတာလည်း ခင်ဗျားတို့ စစ်ပြမနေနိုင်ဘူး၊ အဲ့ဒီတော့ ပြောထားတဲ့အတိုင်းပေးဖို့ပြင်ထား ..."

"မိုက် ..."

ဖုန်းထောင်ပြသည့် သူ့ရဲ့ လက်ခုံမှာ ခြစ်ရာနဲ့ သွေးစတွေမြင်လိုက် သဖြင့် ထာဝရ ကပျာကယာ ခေါ်လိုက်မိကာ ...၊

"မင်းလည်း ထိသွားတာလား ..."

မေးလိုက်မှ မိုက် က သူ့လက်သူ ငုံ့ကြည့်၏။ ပြီးတော့ ပေခေါင်း စောင်းငဲ့ကြည့်၍ ...၊

"အဲ့ဒါ ခင်ဗျားရဲ့ ပါးမှာဖြစ်မယ့် ခြစ်ရာတွေလေ ..."

ပြောပြီး လှည့်ထွက်သွား၏။

"နေဦးလေ .. မင်း ပိုက်ဆံ မယူတော့ဘူးလား ..."

"ကျွန်တော် ဖုန်းဆက်မယ်၊ တော်ကြာ ခင်ဗျားလက်စွပ်တွေ လက်ကောက်တွေ ချွတ်နေဦးမယ် ..."

ပြောပုံက လက်ထဲမှာ အလွယ်တကူပါမလာနိုင်တဲ့ ငွေ အမောင့် မျိုးထိ တောင်းမယ့်ပုံ ...။

မိုက် ရဲ့ ကျောပြင်ကို နောက်ကနေ ငေးကြည့်ကျန်ခဲ့ရင်း အတွေး များနှင့်သက်ပြင်းချမိသည်။ ဒီအရွယ် ဒီလိုရုပ်ရည်မျိုးနှင့် လုပ်စားနေ တဲ့ပုံက မလိုက်ဖက်ပေ ...။

ပညာတစ်ပိုင်းတစ်စနှင့် လေလွင့်နေသော ဂျစ်ပစီပုံလည်းမရှိ၊ ဝတ်စားပုံကအစ ပြောဆိုနေထိုင်ပုံအားလုံးက ဉာဏ်ပညာနည်းပါးသည့် အဆင့်အတန်းမျိုးလည်းမဟုတ်နိုင် ...။

လူတစ်ယောက်ကို အကဲခတ်ဖို့မလွယ်ပေမယ့် မိုက် ကိုတော့ သူမ ထင်တာ နိမ့်ပါးတဲ့မျိုးရိုးအဆင့်အတန်းထဲက ဘယ်လိုမှမဖြစ်နိုင်ဟု ...

ကိုယ့်မောင်လေးအရွယ်ပဲမို့ ဒီအလုပ်တွေနဲ့ ဒီပုံစံဖြစ်နေတာကို နမြောမိတာ အမှန်ပင် ...။ ထိုစဉ် ဖုန်းဝင်လာသဖြင့် လှုပ်လှုပ်ရှားရှား

www.burmeseclassic.com

www.burmeseclassic.com



ခြစ်သွားကာ ..။

"ဟလို .."

"..... ..... ..."

"အင်း .. အင်း .. လာနေတာ ရောက်တော့မယ် အန်တီမြ .."

ပြောရင်း ကားပေါ်တက်လိုက်သည်။ စက်နှိုးလိုက်ပြီးမှ လက်မောင်း
မှာ သွပ်ဆူးနဲ့ငြိ၍ စုတ်ပြဲသွားသည့်အင်္ကျီစကို ပင့်ကြည့်လိုက်မိ၏။

နောက်လည်းကျနေကာမှ အဝတ်အစားပြန်လဲလို့လည်း မဖြစ်နိုင်
တော့ပေ ..။ တော်သေးသည်။ အင်္ကျီစမှာ သွေးတွေစွန်းနေပေမယ့် အနီ
ရောင်ပေါ်မှာ အနီစွန်းတော့ သိပ်မသိသာ ..။

ကိုယ့်ဒဏ်ရာကိုမြင်တော့ သူ့လက်ခုံမှာလည်း ခြစ်မိသွားတာကို
သတိရသွားမိသည်။ မျက်လုံးက ဘက်စ်မှန်ဆီ အလိုလိုရောက်သွားလျှင်
သူ့ကျောပြင်ကိုမြင်နေရသေးကာ လက်ကိုငုံ့ကြည့်နေတာလည်း သေချာ
၏။

ဖုန်းကို သူ့အောင်းဘီအိတ်ထဲထည့်လိုက်တာ သူမ မြင်လိုက်တာမို့
ါက ဒဏ်ရာကိုကြည့်တာမှန်းသိလိုက်၏။ ဒဏ်ရာက နာလို့ငုံ့ကြည့်
တာဖြစ်လိမ့်မည်။

စိတ်မကောင်းဖြစ်သွားခြင်းကြောင့် ရုတ်တရက် ကားထွက်ဖို့တောင်
သတိမရပေ ..။ ဘာပဲဖြစ်ဖြစ် ကိုယ့်မျက်နှာစုတ်ပြဲသွားမှာကို သူ ကာကွယ်
ပေးခဲ့တာဖြစ်သည်။

တွေ့လိုက်ရတိုင်း ဒေါသဖြစ်စရာတွေပေမယ့် ..။



## အခန်း (၇)

"ဟလို .."

"ထာဝရ .."

နားထဲမှာ ခေါ်သံက ထော်လော်ကန့်လန့်ဝင်သွားသည်။

"မိုက် လား .."

"ဟုတ်တယ် .."

"ငါ မင်းကို ခုပဲဖုန်းခေါ်နေတာ .."

"သိတယ် .. ဖုန်းကပျက်သွားလို့ဝင်ပေမယ့် ပြောလို့မရဘူး .."

"အင်း .. ဟုတ်ပါပြီ .. မင်းကို ငါ ပြောစရာရှိတယ် .."

အသံကို နှိမ့်ထားလိုက်ရင်း ဝရန်တာဘက်ကို ထွက်လာခဲ့မိသည်။
လေနုအေးက တသုန်သုန်မြူးလျက် ည၏ပျိုမျစ်ခြင်းကို ဖော်ကျူးနေ
လေသည်။

သုံးထပ် အပေါ်ဆုံးဝရန်တာမှာမို့ တခြားခြံဝင်းထဲတွေမှာ မီးသားစု
လှုပ်ရှားသွားလာနေကြတာလည်း မြင်နေရကာ ကားမီးရောင်တွေလည်း
မကြာခဏဖြတ်ပြေး၏။

ကိုယ့်ခြံဆီ ဇွတ်ခနဲရောက်လာသည့် မီးရောင်ကြောင့် သေချာသည်လား
လို့ ခဏကြည့်နေလိုက်မိသည်။ ပြီးမှ နာရီကိုငုံ့ကြည့်ပြီး ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟလို .."

"ပြောပါ .. ခင်ဗျားမှာပဲ အချိန်တွေတန်ဖိုးကြီးနေတာမဟုတ်ဘူး.."

"မင်းမှာရော တခြားအလုပ်တွေရှိနေသေးလို့လား .."

"ခင်ဗျားရော အခု အားနေပြီလား .."

ပြန်မေးသည့်မေးခွန်းကြောင့် အထာ မျက်မှောင်ကုတ်သွားမိသည်။ သူမ အလုပ်စားပွဲထိုင်တော့မလို့ပါ။ ဒါပေမယ့် ကိုမောင့် အကြောင်းပဲ တွေးမိနေသဖြင့် စိတ်ကူးက မိုက် ဆီ ရောက်သွားခဲ့တာဖြစ်သည်။

"ဆောရီးပါ .. မင်းလိုလူက အမြဲတမ်းခေါင်းစားစရာရှိနေမှာပေါ့.."

"ဘယ်လိုလူပဲဖြစ်ဖြစ် ခေါင်းကောင်းမှ စားရတာ .."

သူမ ခပ်မဲ့မဲ့ပြုံးလိုက်မိကာ ..၊

"မင်းရဲ့စကားကိုနည်းနည်းလောက် ထပ်ရှင်းပြလို့ရမလား .."

"ဘယ်စကားလဲ .."

"ကိုမောင့် ကို ဟိုတယ်မှာတွေ့တယ်ဆိုတာ .."

"ဘာကိုရှင်းပြရမှာလဲ .."

"သူ ခရီးထွက်နေတယ်ဆိုတာ မင်းကို ငါ ပြောပြီးပြီနော် .."

"အဲ့ဒီတော့ .."

"မင်းလည်း ဘာမှမပြနိုင်ဘူးလေ .. အဲ့ဒါ မင်းရဲ့ ခြောက်လှန့်စကားကြောင့် ငါ့မှာ .."

"အကြောင်းအမျိုးမျိုးကြောင့် အဲ့ဒီပုံတွေ ထုတ်လို့မဖြစ်သေးတာ ခင်ဗျားကို ခြောက်လှန့်ပြီး ကျုပ်က ဘာရမှာမို့လို့လဲ .."

မိုက် က ကျုပ်တွေ ကျွန်တော်တွေနဲ့ ပြောတိုင်း လေသံထွက်တာ တိုက ခပ်ရိုင်းရိုင်း ..။

"ဒါကတော့ မင်းရဲ့စတိုင်လ်အရပြောရတာလေ .. မင်း ငါ့ရှေ့ ရောက်လာရင် လက်ချည်းပဲမလာဘူး၊ လက်ချည်းပဲမပြန်ဘူး .."

"ခင်ဗျားဆီကို ကျုပ် လာသေးလို့လား .."

အထာ ဆွံ့အသွားပြန်သည်။ ဟိုတယ်လ်ကပုံတွေရှိတယ်ဆိုတာ



သူ ဖုန်းဆက်တာပဲ၊ လာဖို့တွေ့ဖို့မှ မချိန်းရသေးတာ၊ ထို့ပြင် ညနေတုန်းက တွေ့တာလည်း အမှတ်တမဲ့ ..၊

"ထာဝရ .."

"ဟော့ .. ငါ မင်းထက် အသက်ကြီးတယ် .."

"ကြီးကြီး မကြီးကြီး ခင်ဗျားနာမည်ကို ဘယ်လိုအဖျားဆွတ်ခေါ်ရမှာလဲ .."

"ဒေါ်ထာဝရ .."

"မတတ်နိုင်ဘူး .. ခေါ်ချင်စရာရှိမှ ခေါ်မယ်၊ ဒေါ်တပ်ခြင်း မတပ်ခြင်းကြောင့် ဘယ်လိုပြစ်မှုမြောက်သွားနိုင်သလဲ .."

စိတ်ထဲမှာ ထောင်းခနဲတိုသွားသည်။ ဒါပေမယ့် ဒါ သူ့အခွင့်အရေး ..။

"မင်းကို ငါပြောမယ် မိုက်၊ မင်းလုပ်နေတာက ငါ့ယောကျ်ားနဲ့ ပတ်သက်တဲ့ မကောင်းကြောင်းမကောင်းရာတွေ .."

"ကျွန်တော်လုပ်တာမဟုတ်ပါဘူး .. သူလုပ်နေတာကို ဖော်ထုတ်ပေးတာ .."

"ငါက ဖော်ထုတ်ပေးတာကို ~ျးရှူးတင်ချင်တာမဟုတ်ဘူး"

"ဖုံးထားပေးရမလား .. ခင်ဗျားက အဲလိုဖြစ်စေချင်တာလား .."

တစ်ခါတစ်လေ အမှန်တရားက ခါးသီးလွန်းတယ်ဆိုတာ သင် မသိလေရော့သလား ..။

အိမ်ထောင်သည်မဟုတ်လို့ မသိတာလား၊ ချစ်ခြင်းမေတ္တာကို နားမလည်တာလား ..။

ကိုယ့်ကို တလွဲထင်သွားနိုင်ပေမယ့် သူမ ဘယ်လိုရှင်းပြရမယ်မှန်းလည်းမသိ ..။

"ငါပြောချင်တာက သူများစိတ်ဆင်းရဲစေမှာကိုသိရက်နဲ့ မင်းအလုပ်ကို မင်းလုပ်ထယ်ဆိုရင်တောင် လုပ်ရပ်နဲ့ တစ်မျိုး၊ အသံနဲ့တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်ဒုက္ခပေးတာက ..”

“ခင်ဗျားက မယုံဘူးဖြစ်နေတာလား ..”

“ယုံတာမယုံတာက မြင်ရမှ ဆုံးဖြတ်လို့ရမှာပါ၊ အခု မင်းကြောင့် ငါ ဘာမှလုပ်လို့မရဘူး ..”

“အဲဒါ ခင်ဗျားယောကျ်ားအပေါ်မှာ မယုံတဲ့စိတ်ပဲ ..”

“ဘာ ...”

“ကျွန်တော်က ခြောက်လှန့်တာလို့ထင်တာဆိုရင် ခင်ဗျား ဒီလောက်ဖြစ်စရာလိုလို့လား ..”

“ဒါပေမယ့် ..”

“အိုခေ .. အိုခေ .. ခင်ဗျားကို အဲ့ဒီကိစ္စထပ်မပြောတော့ဘူး၊ ဒါဆို ရပြီလား ..”

မိုက် ဆီက ချက်ချင်းကြီးသဘောတူသွားတာကို စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားမိသည်။

“အခု ကျွန်တော့်ကိစ္စကိုပြောမယ်၊ ပျက်သွားတဲ့ဖုန်းအစား 6 Plus တစ်လုံး ဝယ်ပေး၊ မနက်ဖြန်မနက် ဆယ့်တစ်နာရီ ခင်ဗျားရုံးခန်းမှာ ကျွန်တော်လာယူမယ် ..”

“အဲဒါကို ငါပေးမယ် .. အခု .. မင်း ..”

သူမ ပြောနေတုန်း မိုက် က ဖုန်းချသွားခဲ့၏။

“ဟလို ..”

နောက်ထပ်ခေါ်တော့လည်း မရတော့ပေ ..။ မိုက် ပြောသွားတာ မရိုးသားဘူးဆိုတာသေချာတွေးမိလိုက်တာနှင့် ပို၍ထိတ်လန့်သွားမိ၏။ အဘယ့်ကြောင့်ဆိုလျှင် သူ့အတွက် ငွေဝင်ဖို့က လမ်းကြောင်းတွေအများကြီးရှိသည်လို့ မကြာခဏပြောခဲ့ဖူးသည်မို့ ..။

“ကျွတ် ..”

ငါ ဘာတွေသွားပြောမိတာလဲ ..၊



ကိုမောင့် ကို ဖုန်းခေါ်မရတိုင်း စိတ်တွေတင်းကျပ်လာကာ မကျေနပ်ခြင်းက သူ့ဆီမှာ စုပုံသွားခဲ့မိသည်။ သူ့စကားတွေကြောင့် ကိုမောင့် ကိုပဲ စကားပြောချင်နေမိသည်။ ဒါကြောင့် မရမကခေါ်နေခဲ့၏။ မရတော့ စိတ်တွေတိုမိသည်။

အဖြစ်က ကိုယ်သာမှားခဲ့တာပါ။ မိုက် ဒီပုံတွေကို ဘာလုပ်နိုင်လဲ ..။ ဖြစ်နိုင်ချေတွေ တွေးနေရင်း အိပ်ခန်းထဲပြန်ရောက်လာခဲ့၏။ အန်တီဦး ဆီကိုတော့ ဒီပုံတွေရောက်လို့မဖြစ်ပါ။

သားကိုဆုံးမပေးမယ့် အမေမျိုးမဟုတ်သလို ဒါတွေဖြစ်လာတာ ကိုယ့်ကြောင့်လို့သာ အပြစ်တွေထပ်တိုးသွားမှာဖြစ်၏။ မိုက် ကို ထပ်ခေါ်ပေမယ့် မရတော့သဖြင့် ကြည်ဖြူ ဆီကိုထပ်ခေါ်မိပြန်ကာ ..၊

“ကိုမောင် .. ကိုမောင့် ကို ..”

ဖုန်းဝင်သွားသဖြင့် ကိုင်လိုက်ပြီပဲထင်ကာ ဝမ်းသာအားရပြောမိစဉ် ဖြတ်ချသွားသဖြင့် တစ်ယောက်တည်းရှက်ရွံ့သိမ်ငယ်စွာကျန်ရစ်၏။

နင်က ဒီလိုမိန်းမမျိုးလား ထာဝရ ..၊

ယောကျ်ားပြန်မလာလို့ အိပ်ရာခြေရင်းမှာ ငုတ်တုတ်ထိုင်ပြီး ထိုင်စောင့်နေရတဲ့ မိန်းမမျိုးလား ..၊

ကိုယ့်စိတ်ကိုပြန်တင်းကာ ဖုန်းကိုပါ သံယောဇဉ်ကင်းစွာချထားခဲ့လိုက်သည်။

ပြီးတော့ ညဝတ်အင်္ကျီလဲဝတ်ကာ အလုပ်စားပွဲမှာထိုင်ဖို့ထွက်လာခဲ့သည်။ ရပ်ဝတ္ထုကြီးကို ဘယ်လိုပဲ ထိန်းချုပ်နှိုင်းဆခဲ့သော်လည်း စိတ်ထဲမှာ ကိုမောင် နဲ့ ဟိုအမျိုးသမီးကို ချက်ချင်းဖျောက်လို့မရ ..။

အလုပ်နဲ့မျက်နှာ အပ်လိုက်တဲ့အထိ ပန်းခြံထဲမှာ ကြင်နာနေကြသည့်ပုံရိပ်တွေက နှိပ်စက်နေခဲ့သည်။ ပြီးတော့ စားသောက်ဆိုင်တွေမှာ ကလပ်ထဲမှာ ဒင်နာတက်ကြတဲ့ပွဲအထိ သူမက ကြည်ဖြူ ဘေးမှာ ..။

“မတွေးနဲ့တော့ ..”

ခေါင်းခါထုတ်ပစ်ရင်း ကိုယ့်စိတ်ကို သတိပေးမိပြန်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ယောက်နဲ့ပဲ ခုလောက်ကြာကြာတွဲနေခြင်းက တစ်စုံတစ်ခုသော နိမိတ်လားလို့ တွေးမိလာပြန်၏။

သူမ သဝန်တိုနေတာလား သူ ဒီလိုနေနေတာ ကိုယ့်ကြောင့်ဖြစ်လာမှာစိုးရိမ်တာလား ..၊

"မင်း ဒီလိုပဲနေလာခဲ့တာ ဘာ ခုမှထူးဆန်းနေတာလဲ .."

"ညည်းကမှ ကိုယ့်ယောကျ်ားကို စုံမက်မှုမရှိတာ .."

ကြည်ဖြူ နဲ့ ဒေါ်မကြည်ဦး တို့ရဲ့စကားသံတွေက ခြောက်လှန့်လာပြန်သည်။

ဒါဆို ကိုမောင် ကရော သူ ဖောက်ပြန်နေရတာကို ပျော်နေတာလား .. ရှုံ့နေတာလား ..၊

မိန်းမတစ်ယောက်ကြောင့် တခြားမိန်းမတစ်ယောက်နဲ့ ဒီလောက်ကြာရှည်စွာ ဒီလောက်ထိယုယကြင်နာစွာပေါင်းသင်းနေထိုင်ခဲ့သည်ဆိုတာက ..၊



# အခန်း (၈)

"ဘယ်သူ့ဖုန်းလဲ မောင် .. ထာဝရ် ဆီကလား .."

"အင်း .."

"ကိုင်လိုက်ပေါ့ မောင်ရယ် .. မောင့်ကိုခရီးသွားနေတယ်ပဲ ထင်တဲ့ဥစ္စာ .."

ကြည်ဖြူ ခေါင်းခါလိုက်ပြီး စီးကရက်မီးညှိသည်။ မယောသီ က ညဝတ်ဂါဝန်ရှည်ကြီး၏ ရင်ကွဲနှစ်ဖက်စကို ဆွဲထပ်၍ ကြိုးနဲ့ချည်နေရင်း သူ့ဘေးမှာလာထိုင်၏။

စတက်ပ်ဆံပင်ပျော့ပျော့လေးတွေ ပခုံးအောက်မှာဝဲဖြာလျက် မယောသီ ရဲ့ ဖြူဝင်းသည့်မျက်နှာလေးသည် နေ့ဘက်မှာ ပြင်ဆင်ခြယ်သထားသလောက်တော့မဟုတ်ပေမယ့် ချစ်စဖွယ်လေးပါ။

ထို့ပြင် သူမလေးက ကလေးဆန်သလောက် ချစ်ဖွယ်သောစကားတို့ဖြင့် ချစ်ခင်ကြင်နာချင်အောင်ဆွဲဆောင်နိုင်စွမ်းလည်းရှိ၏။

သူ့ရဲ့ အပျော်ရင်ခုန်သံများစွာထဲမှာ သူမလေးနဲ့ကျမှဖြစ်လာခဲ့သည့် ရင်ခုန်သံတွေက ဖျောက်ဖျက်မလွယ်အောင် တိမ်းမူးဖွယ်အခါနှင့် ..၊

"ဘာကြည့်နေတာလဲ မောင် .. ဒီညဝတ်အပြာရောင်လေးနဲ့ မယောနဲ့ လိုက်လို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဝတ်ထားထား လှနေတာပါပဲ .."

"ဒါပေမယ့် မောင့်ရဲ့ ထာဝရ နဲ့တော့ အမြဲယှဉ်ကြည့်နေတာပဲမို့လား .. ဟွန်း .. မောင့်ရင်ထဲမှာ မယော က ခုထိနံပါတ်တစ်မဖြစ်သေးပါဘူး .. သိတယ် .."

"သူက ကိုယ့်ဇနီးဖြစ်တာနဲ့ပဲ နံပါတ်တစ်လို့ပြောနိုင်မလား မယောရယ် .. သူနဲ့ လက်ထပ်ထားပေမယ့် ကိုယ် ဘယ်သူနဲ့ရှိနေချိန်တွေများသလဲ .."

"ဒါကတော့ မယော က မောင့်အတွက်အရာရာဖြည့်ဆည်းပေးနေခဲ့တာကိုး .."

"အထာ လည်း ကိုယ့်မိန်းမပဲကွာ .. မောင်လိုချင်ရင် မရတာမရှိပါဘူး၊ ဒါပေမယ့် မောင်လိုချင်တဲ့အရာရာက မင်းဆီကပဲ .."

"အပွန်း .."

မယောသီ သဘောကျသွားကာ သူ့ခါးကို ဖက်ထားလိုက်ပြီး ရင်ခွင်မှာ မှီနွဲ့တိုးဝေ့နေ၏။

"မောင်ကလည်း ချစ်ရဲ့သားနဲ့ မယော တို့ ဘာဖြစ်လို့အတူတူမနေရတာလဲဟင် .."

"ခုနေရတာပဲကွာ .."

"မယော က မယောသီ လေ မောင်ရယ် .. မောင့်ရဲ့ မယောသီဖြစ်ခွင့်မရှိဘူးလား .."

"မောင့်ကို အဲ့ဒီကိစ္စနားမပူပါနဲ့ မယော ရယ် .. ထာဝရ ဆိုတဲ့မိန်းမကို မေမေလည်း သဘောမကျဘူး၊ ဒါပေမယ့် သူက မောင် စွန့်လွှတ်ဖို့မလွယ်တဲ့မိန်းမ .."

"ဟင် .. ဘယ်လို .."

"အဲဒါ မောင်က ချစ်လို့ပြောတာမဟုတ်ဘူး၊ သူ့အဖေနဲ့ မောင့်အဖေက သူငယ်ချင်းတွေ .."

"ဒါမျိုးတွေ အများကြီးပါ မောင်ရယ် .."



"ဟုတ်တယ် .. ဒါပေမယ့် မောင်တို့က ဖေဖေ့ကို လေးစားရိုသေခဲ့ကြတာ တခြားမိသားစုတွေနဲ့မတူဘူး၊ ဖေဖေ့ တစ်သြဇာထုတ်အာဏာနဲ့ အားလုံးပြီးခဲ့တဲ့ အစဉ်အလာက ဖေဖေမရှိတော့ပေမယ့် ပျောက်မသွားဘူး .. ဖေဖေက အထာ့ ကိုချစ်တယ် .."

ထာဝရ ကို အထာ လို့ခေါ်လိုက်မိတိုင်း မယောသီ က မျက်နှာပျက်၏။ ကြည်ဖြူ က မသိသလိုနေကာ ..၊

"ပြီးတော့ အထင်ကြီးတယ် .. သူ့တို့သားအဖကြောင့် ကုမ္ပဏီလုပ်ငန်းတစ်ခုလုံး တိုးတက်အောင်မြင်လာတာလို့ ထင်နေတယ် .."

"မဟုတ်ဘူးမို့လား .."

"ဖေဖေက မဟုတ်တာမပြောတတ်တဲ့သူပါ .."

မယောသီ နှာခေါင်းတစ်ဖက်တွန့်သွား၏။

"ဖေဖေကိုယ်တိုင် လက်ထပ်ပေးခဲ့တာ .."

"မောင်က မငြင်းခဲ့ဘူးမို့လား .. ထာဝရ ကလည်း လှနေတာလေ"

သူကိုယ်တိုင် ပိုးပမ်းခဲ့ပါသေးသည်။ ထာဝရ ဆီကိုချောင်းပေါက်အောင်သွားရင်း မြန်မြန်လက်ထပ်ပေးဖို့ ပူဆာခဲ့တာထိ စိတ်ထဲမှာပေါ်လာခဲ့၏။ သို့သော် ..၊

"လှလို့မဟုတ်ပါဘူး .. ဖေဖေ့စကားကို မပယ်ရှားခဲ့တာပါ၊ ယောကျ်ားတွေရဲ့ သာယာစိတ်က မိန်းကလေးတစ်ယောက်ရဲ့ အလှအပတစ်ခုပေါ်မှာပဲ မူတည်နေတာမဟုတ်ဘူး မယော .. အထာ့ ကို မင်းသိသားပဲ စီးပွားရေးအွန်ယက်ကြီးနဲ့ ဖက်မွေးလာခဲ့တဲ့မိန်းမမျိုးကို ဘယ်လိုယောကျ်ားက သာယာမှာလဲ .."

ဒီစကားကိုတော့ မယော အကြွင်းမဲ့ယုံကြည်ကာ သဘောကျဖွယ်တစ်ချက်တိုးသွား၏။

ထိုစဉ် ထာဝရ ရဲ့ ဖုန်းထပ်ဝင်လာတော့ မယောသီ က မျက်ခုံးတောက်ကိုင်ပြီးဖွင့်လိုက်၏။ ကြည်ဖြူ ကလည်း မြန်သည်။

ချက်ချင်းပြန်လုယူပြီး ပိတ်ပစ်လိုက်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



“မောင် ရှင်းပြနေသားနဲ့ကွာ ..”

“မသိဘူးကွာ .. သူ့ကို မယော နိုင်ချင်တာပဲသိတယ်၊ သူ မောင့်ကို ရယူမယ့် မောင့်အချစ်ကို မယော ကပဲပိုင်ဆိုင်ခွင့်ရှိခဲ့တာလေ၊ အဲဒါကြောင့် မယော က နိုင်တဲ့သူမဟုတ်ဘူးလား .. သူ့ကိုကြောက်လန့်ရှောင်ရှားနေရတာ မုန်းတယ် ..”

“ကျွတ် ..”

“ဘာဖြစ်လို့လဲ မောင် .. မောင့်မေမေကလည်း သူ့ကိုမကြိုက်ဘူး မို့လား .. ယောက္ခမကြည်ဖြူလာအောင် မယော ကြိုးစားနိုင်ပါတယ်၊ မယော တို့ ကိစ္စကိုတစ်ယောက်ယောက်တော့ သိသင့်နေပါပြီ ..”

“မလွယ်သေးဘူးလို့ မောင် ပြောနေတာပဲ မယော .. မင်း မောင့်ကို တကယ်ချစ်တယ်ဆိုရင် မောင့်အချစ်ကိုရနေတာနဲ့တင် ကျေနပ်ပေးလို့ ရပါတယ်၊ မယောသီ ဖြစ်ရေးမဖြစ်ရေးက ..”

“မိန်းမတစ်ယောက်အတွက် ဒါ့ထက်အရေးကြီးတာ ဘာရှိဦးမှာ လဲ မောင်ရယ် .. မယော့ မှာလည်း ချစ်ခင်လက်တွဲချင်တဲ့ယောကျ်ားတွေ အများကြီးပါ၊ မောင့်ကိုပဲ ရွေးချယ်ခဲ့မိလို့ မယော ကျုံ့နိုယာဖြစ်ခဲ့ရတယ်၊ မောင် က မယော နစ်နာတာကိုတော့ နည်းနည်းလေးမှ ထည့်မတွက်ဘူးလား ..”

“အဲဒါကြောင့် မောင် တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့တာပဲလေ..”

“သိန်းသုံးရာတန် စိန်လည်တုံဝယ်ပေးတာ နှစ်ထောင်သုံးထောင့် တန်တဲ့ ကွန်ဒိုတစ်ခန်းဝယ်ပေးတာ အဲဒါတွေလား မယော လိုချင်ရင် ဒါတွေကို တခြားလူဆီကလည်းရနိုင်တယ် မောင် ..”

ကြည်ဖြူ့ မျက်နှာမသိမသာတင်းသွားသည်။ ဖြူဝင်းနေသည့် မျက်နှာက မီးရောင်နဲ့မို့ ပို၍သိသာနေကာ ,ဟိုတယ်လ်ရောက်နေသည့် ာဖြစ်ကို မယောသီ သတိရသွား၏။

အလွယ်ချွေးလို့မရနိုင်သေးသည့်ပန်းကို တုံးခုလှမ်းနေရသည့်အဖြစ် မှာ နောက်ထပ်ခုန်ပြီးချူးလျှင် ဒလိမ့်ခေါက်ကွေးပြု[illegible]ကျနိုင်၏။ ထို့ ကြောင့် ..၊



“မယော မောင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ မောင် သိပါတယ်” သူ့လက်မောင်းကိုဖက်၍ မှီနွဲ့လိုက်ရင်း ..၊

“အခု မယော ရဲ့ မောင်လေးကိုလည်း နှင်ထုတ်ပစ်လိုက်ပြီ ..”

“ဟင်!...”

“ဟုတ်တယ် .. သူက အချိန်တိုင်း မယော ကို ဒုက္ခပေးနေတာ၊ ပိုက်ဆံမရရင် အိမ်တိုင်ချွတ်ယူမယ့်မောင်မျိုးသိရဲ့လား .. ပြီးတော့ မယော သည်းမခံနိုင်ဆုံးက မောင့်ကို မကောင်းပြောတာပဲ ..”

“သူက ဘာပြောလို့လဲ .. မောင်က တမင်မဆုံဖြစ်အောင်ရှောင်နေ တာကို ..”

“ဟုတ်တယ် .. သူက အစတည်းက ‘ဆန်မရှိ အစားကြီး’ ‘ဝမရှိ ဘဲ ဝိလုပ်နေတဲ့’ ကောင် ..”

မယောသီ သူ့မောင်အကြောင်းပြောလိုက်တိုင်း ထာဝရ မျက်နှာကို ပြေးမြင်မိတာ ဘာဖြစ်လို့မှန်းမသိ ..၊

“မောင့်ကို သူ လုံးဝမလိုလားဘူးမောင် .. တွေ့ရင် ဘာလုပ်မယ် ညာလုပ်မယ်ထိ ကြိမ်းဝါးလာလို့ နှင်ထုတ်လိုက်တာ၊ အခု မယောသီ တစ်ယောက်တည်းဖြစ်သွားပြီ .. မယောသီ့ ကို မောင် စိတ်ချနိုင်လား..”

ပြန်ဖြေဖို့မေ့နေခဲ့၏။ သူ့စိတ်က မယောသီ့ စကားနဲ့ ထာဝရ အသံ တွေက နှိုင်းယှဉ်ဝေ့ဝဲနေလျက် ..၊

“သူ့အလုပ် သူလုပ်နေကြတာပဲ ကိုမောင် .. ကိုမောင့် ကို လှမ်း တွေ့ပေမယ့် နှုတ်မဆက်အားလို့နေမှာပေါ့ ..”

“တင်ဒါကိစ္စလောက်နဲ့ အမုန်းကြီးမုန်းစရာမလိုပါဘူး .. အဲ့ဒီလို သူရသွားလို့လည်း အထာ ဘာမှမဖြစ်ဘူး ..”

“မင်းက အမြဲတမ်း မင်းမောင်တွေဘက်ကပဲ အထာ .. ငါက [illegible] ကို လုပ်ကျွေးနေတဲ့ယောကျ်ား ..”

“ယောကျ်ားနဲ့ မောင်က တစ်ကဏ္ဍစီပါ ..၊ မိဘမဲ့နေခဲ့ရတဲ့ ဘဝမှာ သူတို့ကို အထာ ပဲ မိဘလိုစောင့်ရှောက်ခဲ့ရတာ၊ ပြောရရင် သူတို့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မကျမချင်း ကြည့်ရှုရမယ့်တာဝန် အစ်မတစ်ယောက်မှာရှိတယ်၊ အခု သူတို့ခြေထောက်ပေါ်သူတို့ ရပ်နေကြတာ အထာ့ ကို ဘာတာဝန်မှ မပိုစေခဲ့ဘူး ..”

“အဲ့ဒီတော့ ပြေးပြီး လက်ဆွဲနှုတ်ဆက်ရဦးမှာလား ..”

“ပြောပြတာပါ .. သူတို့တာဝန် အထာ့ ပေါ်မှာပိနေရင် အထာ့ ယောကျ်ားဖြစ်တဲ့ ကိုမောင်လည်း အေးဆေးနေရမှာမဟုတ်ဘူးလေ၊ စီးပွားရေးလမ်းကြောင်းပေါ်မှာ ရင်ဆိုင်မိကြတာလောက်ကို သူသာ တယ် ငါနာတယ်မတွက်ဘဲ နေပေးစမ်းပါ .. သူက ပြိုင်လာပြီထင်ရင် အထာ တို့လည်း နိုင်အောင်ကြိုးစားရုံပေါ့ ..”

စကားသံတွေက ကြည်ဖြူနားထဲမှာ အမြဲတမ်းလတ်ဆတ်နေခဲ့သည်။ ထာဝရ ဆိုတဲ့ မိန်းမ မောင်နှစ်ယောက်နဲ့ ညီမလေးတစ်ယောက်ကို ထိန်းကျောင်းပုံပြင်ခဲ့တာ သုံးယောက်စလုံး ပညာတတ်သူဌေးပဂေး တွေးချည်းဖြစ်ကုန်တဲ့အထိ ..။

အကြီးဆုံး သုတ က ကုမ္ပဏီလုပ်ငန်းတွေနဲ့ အောင်မြင်နေတာ ယှဉ်နိုင်စရာတောင်မရှိ ..။

အလတ်ဖြစ်သည့် ရသ ကျတော့ ကြီးမားခမ်းနားသည့် ကိုယ်ပိုင် ဆေးရုံကြီးနှင့် သူကိုယ်တိုင်က ဆရာဝန် ..။

အငယ်ဆုံး မိန်းကလေး ကဗျာ ကို ဒီဇိုင်နာသင်တန်းတက်ဖို့ နိုင်ငံ ခြားလွှတ်လိုက်တာ မြန်မာပြည်ကိုပြန်လာတော့ ခဏပဲနေသည်။ ဒီမှာ အောင်မြင်နေသားနဲ့ ဟိုမှာ ပညာသင်ရင်း တိုးချဲ့ဦးမည်ဆိုပြီး ပြန်သွား ၏။ ခုဆို သူမလေးကပဲ ချမ်းသာဆုံးဖြစ်နေသည့်ပြင် ကပြားတစ်ယောက် နဲ့ အိမ်ထောင်ကျသွားတာ တစ်နှစ်လောက်ပဲ ရှိသေးသည်။

သူမက အစ်ကိုနှစ်ယောက်ရဲ့လုပ်ငန်းတွေထဲ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ပေးလျက် မောင်နှမတွေ ချမ်းသာနေကြတာ အပြိုင်အဆိုင် ..။

မမေက ဒါတွေအားလုံးကို အထာ လှုလည်လုပ်ထားသည်ပဲ စွပ်စွဲ ခဲ့၏။



“ဘာမှ မိဘအမွေမဟုတ်ဘူး .. နိုင်ငံခြားက မိန်းမ ဘီလီယံနာနဲ့ ပဲညားပါစေ အိမ်ထောင်ကျတာ မနေ့တစ်နေ့ကမှ ဒီကောင်တွေ ဒီလောက် ဖြစ်လာဖို့မရှိဘူး၊ အဲဒါ အထာ့ ရဲ့ လှည့်ကွက်တွေပဲ၊ အစတည်းက သူ့မောင်တွေအတွက် ငွေမက်ပြီး ငါ့သားကိုယူတာ၊ အိမ်ထောင်ရေး အချစ်ရေး ဘာမှစိတ်ဝင်စားတဲ့မိန်းမမဟုတ်ဘူး ကြည့်ပါလား ..”

“မောင့် ..”

ဟင် ...၊

အတွေးလွန်သွားသဖြင့် မျက်နှာကိုဆွဲလှုပ်ခေါ်လိုက်တော့ဗျာဗျာ သလဲကြီး ထူးမိသွား၏။

“ဘာလဲ .. မောင့်မိန်းမအကြောင်းတွေးနေတာလား ..”

“မဟုတ်ပါဘူးကွာ .. မင်းပြောနေတာကိုတွေးနေတာပါ ..”

ဖြောင်ညာပစ်လိုက်သည်။ သူ့စိတ်တွေ ဘာဖြစ်နေတာလဲ၊ ဟိုအရင် က ဒီလိုမဟုတ်ခဲ့ပေ။ အချစ်အသစ်ဆိုတာကို စိတ်ဝင်စားတတ်သလောက် ကိုယ့်လုပ်ရပ်အတွက်လည်း အမြဲတမ်း ကျေနပ်တတ်တဲ့သူ ..။

ခုကျမှ ထာဝရ ဆီမှာနေလျှင် ဒီကိုသတိရသည်။ ဒီမှာနေတော့ ထာဝရ အကြောင်းပဲတွေးမိနေ၏။ ထာဝရ ဆီက သာယာမှုကိုမရသည့် အခါ မယောသီ ကမှ ချစ်စရာအကောင်းဆုံးဖြစ်နေခဲ့လျက် မယောသီ ရဲ့ တစ်ရှိုးသော အကျင့်စရိုက်တွေကိုတွေ့ရတိုင်း ထာဝရ မျက်နှာကပေါ်လာတတ်၏။

တကယ်ဆို ဒီလိုမိန်းမမျိုးကို ခေါင်းထဲထည့်တွေးသင့်လို့လား ...၊

အတွေးနှင့်အတူ စိတ်က ဖုန်းဆီရောက်သွားခဲ့သည်။

ကောင်းတယ် .. ယောကျ်ားတန်မိုးကိုနားမလည်တဲ့မိန်းမ ဖုန်း ကိုင်ပြီး ငုတ်တုတ်မေ့လိုက်တော့ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ကော်ဖီသောက်နေတုန်း ဒေါ်မကြည်ဦး က အရင်ထသွားကာ ..।

"ဒီနေ့ သား ပြန်လာမှာ ညည်းသွားကြိုမှာလား .. ဒရိုင်ဘာနဲ့လွှတ်ကြိုခိုင်းရမလား .."

"သူပြန်လာရင် ဖုန်းဆက်မယ်လို့ ပြောထားတာ အန်တီ .. ခုထိဖုန်းဆက်သေးဘူး .."

ဒေါ်မကြည်ဦး က သူမနောက်ကျောက်နေမှ ခြေလှမ်းရပ်သွား၏။

"ဖုန်းမဆက်ဘူး ဟုတ်လား .."

"ဟုတ် .."

"ဟွန်း .. မိန်းမအပေါ် သံသယစိတ်ကင်းသွားတာတွေပေါ့အေ၊ ညည်းဆီကို မဆက်ပေမယ့် ငါ့ဆီတော့ သူ ဆက်တယ်၊ ကောင်းပါတယ် .. ယောက်ျားကို ကြိုခွင့်မရလို့လည်း ညည်းပုံစံက စိတ်ဆင်းရဲသွားမယ့်ပုံမရှိပါဘူး .."

ပြောပြီး အပြင်ထွက်သွားသည်။ ထာဝရ ကော်ဖီဆက်သောက်နေလိုက်ရင်း ကိုယ့်မှာ ဘာအပြစ်ရှိခဲ့သလဲဆိုတာတွေ တွေးလိုက်မိ၏။

ညတုန်းက သိမ်ငယ်ရသည့်ကြေကွဲမှုမျိုးကိုနောက်ထပ် မခံစားချင်ပါ။ ဒီလမ်းခရီးကို သူ တကယ်သွားခဲ့သလား .. မသွားခဲ့ဘူးလားဆိုတာ



လည်း သံသယဖြစ်ဖွယ်တွေရှိနေသည့် နောက်မှာ ထွက်ပြေးချင်သူကို ကြိုးတုပ်ဖမ်းမထားချင် ...။

ထို့ကြောင့် ကိုယ့်မှာအပြစ်ရှိခဲ့သလားဆိုတာပဲ အထပ်ထပ်တွေးနေခဲ့လျက် သူ ရှောင်ဖယ်သည့် အပြုအမူအလိမ်အညာတွေပေါ်မှာ မခံစားတတ်အောင် ကြိုးစားရပါမည်။

ဒါဆို သူမ မိုက် ပြောတာတွေပေါ်မှာ ယုံကြည်သွားခဲ့ပြီလား ...၊

ဒီလူဟာ အထင်ကြီးလောက်ဖွယ်မရှိသော်ငြား ကိုယ့်ရှေ့ကို ယူလာပြခဲ့သမျှကတော့ ...၊

"ဟင် ..."

စိတ်တခြား လူတခြားနှင့် ကားမောင်းထွက်လာခဲ့လျှင် ခြံထဲကထွက်ပြီး လမ်းမပေါ်တောင်မရောက်သေးပေ ..။

"ကျွတ် .. ဒုက္ခပေးပြန်ပြီ .."

အေးဆေးလမ်းလျှောက်ဝင်လာသည့် မိုက် ရဲ့ဘေးမှာ ကားက ဒေါသနှင့်ရပ်၏။ နှစ်ချက်လောက်ဆောင့်ခုန်ပြီးမှ ရပ်သွားသည့်ကားကို မိုက် ကလည်း ခြေစုံရပ်ကြည့်၏။

ကားကိုရော ကားထဲကထွက်လာမည့် ပိုင်ရှင်ကိုပါသိထားသဖြင့် သူ့မျက်နှာက တည်တည်တံ့တံ့ရှိနေပေမယ့် မျက်လုံးတွေက ရယ်မြူးရိပ်တို့နှင့် ...၊

"မင်း တမင်ကွက်တိရောက်လာတာပဲ .. သိပ်တော်တယ် .."

"တမင်ဆိုတာ ဘယ်လိုလုပ်သိသွားတာလဲ .."

"အပိုတွေပြောမနေနဲ့ .. အခု ဘာပြောမှာလဲပြော .. ဘာယူလာပြန်ပြီလဲ .."

"ခင်ဗျားသိအောင် တမင်ကွက်တိလာတာပေမယ့် ခင်ဗျားဆီကို မဟုတ်ဘူး ထာဝရ .."

ဘယ်လောက်ပြောပြော ထာဝရ လို့ပဲ လေးစားသမှုမပါဘဲ ခေါ်နေတာက နားကြားပြင်းကတ်ဖို့ကောင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လာတာကို ခင်ဗျားမြင်စေချင်တာက ခင်ဗျားအတွက် အထူးအခွင့်အရေးပေးလိုက်တာ .."

"အံမာ .."

"ဟုတ်တယ် .. ဒီသတင်းတွေ ခင်ဗျား သေလုမျောပါးထိန်းချုပ်နေရတာ သိထားလို့လေ၊ ဒါပေမယ့် ကျုပ်ကလည်း အတင်းထိုးကြိတ်ရောင်းမယ့်လူမဟုတ်ဘူး .."

"မင်းက အခု ငါ့အိမ်ကိုရည်ရွယ်ပြီးလာတာပေါ့ .."

"ဟုတ်တယ် .."

"ယော့ .."

ပြောပြီးတာနှင့် ခြေလှမ်းပြင်၏။ သူ့ကိုတားဆီးမိရင်း ဒေါသက အနယ်နယ်အရပ်ရပ်ကနေ လေနဲ့အတူ ရောလွင့်ပါလာသည့်အမှိုက်တွေလို ..၊

ကျောက်ခဲသလဲ အမှိုက်စုတ်တို့ရောရှိရောရာနှင့် ..၊

"မင်းဟာ ရပ်လေးသနားကမားနဲ့ ဒီလောက်တောင် ညဏ်နီညဏ်နက်တွေထုတ်နိုင်တာ တကယ်လွန်တယ်သိလား .. ကိုယ့်ဝမ်းရေးပဲဆိုပေမယ့် သူများရဲ့ဘဝတွေကို ထိခိုက်နာကျင်အောင် ကျော်ခွနင်းပြီး ဖြတ်စားလာဘ်စားလုပ်ယူတာ မင်းမို့ ငရဲမကြောက် ပြာပူမကြောက် .."

"ဟား .. ခင်ဗျားပြောချလိုက်တာ အကြီးကြီးပါလား .."

"ဒီထက် ကြီးမားကျယ်ပြန့်လို့ရသေးတယ် .."

"ဩော် .. ဩော် .."

"ဘယ်မှာလဲပေး .. ဘာတွေယူလာခဲ့သလဲ၊ ဘယ်လောက်လိုချင်သလဲ .. မင်း ငါ့အိမ်ရှေ့ကိုခြေတောင်ချဖို့မကြိုးစားနဲ့၊ ငါ့ယောက္ခမက ဦးမှီဘဲ .. ကိုမောင့်ကိုလည်း သူ ဘယ်လောက်ခြေရှုပ်နေနေ ငါ့အိမ်ထောင်ရေးထိခိုက်ပျက်စီးဖို့ထိ ငါပေါက်ကွဲမှာမဟုတ်ဘူး၊ သူ ငါ့ကိုဘားသွားတာမဟုတ်ဘဲ သူ့အပြစ်ကြောင့် ငါက စွန့်ခွာတာမျိုးလည်း ဘယ်တော့မှမလုပ်ဘူး .."



"ခင်ဗျားရဲ့ သစ္စာတရားတွေ ခန္ဓီပါရမီတွေကို ကျွန်တော် ရင်မနာဘူး ထာဝရ .. ကျွန်တော့်ကို ရင်ခုန်စေတာ ငွေပဲ .."

"အဲ့ဒီငွေကို ငါပေးနိုင်တယ် .."

"ပေးနိုင်တဲ့လူတိုင်းကို ကျွန်တော် ရောင်းနေတာမဟုတ်ဘူး .."

"မိုက် .."

"ပြောပြတာ .. ခင်ဗျား ကျွန်တော်နဲ့စကားပြောရင် ဆင်ခြင်တတ်ဖို့ .."

"မဆင်ခြင်ရအောင် ငါ မင်းကို ဘာများပြောခဲ့လို့လဲ .. အလုပ်လုပ်နေတာ ရိုးသားမှုလေးတော့ထားစမ်းပါ၊ သူများကိုတစ်ခုပြီးတစ်ခု အကျပ်ရိုက်ဒုက္ခတွေ့အောင် မင်းလုပ်နေတာတွေက .."

"ဒုက္ခတွေ့မှ ကျွန်တော့်ကို ပိုက်ဆံပေးလာမှာပေါ့၊ ကျွန်တော်က နယ်လှည့်တရားဟောနေတာမဟုတ်ဘူး၊ လော်လီဖောက်ပြားနေတာတွေကို အရှင်လတ်လတ် ဖမ်းဆီးပေးနေတာ၊ ခင်ဗျားလို မကောင်းမှုကို မတားဆီးဘဲ တားဆီးနိုင်မယ့်လူတွေကိုပါ မသိစေဘဲ ဖုံးဖိအားပေးနေတဲ့ အိမ်ရှင်မမျိုးကတော့ ရှားပါးလူသားပေါ့ .."

"ပြောပုံက မင်းကပဲ မကောင်းမှုကို ဖမ်းဆီးနှိမ်နင်းနေသလိုလိုပါလား .."

"အဆိုးထဲအကောင်းရှိသေးတာကိုသိအောင် ပြောပြတာပါ၊ လူကြီးလူကောင်းတစ်ယောက် ဆောင်းဘီကျပ်ပြီး လမ်းလျှောက်မရဖြစ်နေတာမျိုး ကျွန်တော် မစပ်စုပါဘူး .."

"ဟွန်း .."

"လင်မယားချင်းရန်ဖြစ်ပြီး ဘယ်သူက ဘယ်သူ့ကို ခေါင်းဖြတ်သတ်သတ် အဲဒါမျိုးတွေ အင်တာနက်ပေါ်တင်နိုင်ဖို့လည်း စိတ်မဝင်စားဘူး .."

"ပိုက်ဆံမရဘဲ စေတနာထားမနေနိုင်ဘူးပဲပြောစမ်းပါ .."

"ကျွန်တော်ကတော့ အဲဒါမျိုးကမှ အချိန်ကိုအလုပ်ရှုပ်တာလို့ထင်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ နောက်ဆိုရင် နာမည်ကြီးအောင် လူသတ်ပြီး အင်တာနက်မှာပါအောင်လုပ်တဲ့လူတွေတောင်ရှိလာနိုင်သေးတယ် ..."

ပြောလိုက်တာ တစ်ဆုံး ...၊

"ဒါပေမယ့် မင်းအခု သူများအိမ်ထောင်ရေးကို သိပ်ကိုစိတ်ဝင်တစားဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်သတိထားမိရဲ့လား ..."

"ဝင်စားရတာပေါ့ .. ဒါ ကျွန်တော့်အလုပ်ပဲ၊ ခင်ဗျားနဲ့ ဒီလူ့အကြောင်းသိဖို့ကြိုးစားပြီးမှ သူ့ကိစ္စအမှောင်ချထားတာတွေကို လိုက်ချက်ရတာလေ၊ ဒေါ်ထာဝရ ဆိုတာ ဘယ်လိုမိန်းမမှန်းမသိဘဲ ကိုယ်ဘာပြန်ရနိုင်မလဲဆိုတာ မသေချာဘဲ ဘာလို့အလုပ်ရှုပ်ခံရမှာလဲ .."

"ငါက .."

"ခင်ဗျားက အဲ့ .. အခု ခင်ဗျားပဲ အဲ့လိုမိန်းမဖြစ်နေတဲ့အတွက် ကျွန်တော့်အတွက် အဆင်ပြေနေတာ .."

"တောက် .."

ဘယ်မိန်းမဖြစ်ဖြစ် ကိုယ့်ယောက်ျားဒီလိုရှုပ်ပွေနေတာကို နည်းနည်းလေးသိလိုက်တာနဲ့တင် ထဘီစွန်တောင်ဆွဲပြီး ချက်ချင်းလိုက်ကြမှာဖြစ်သည်။

နောက်ထပ် ဒီယောက်ျားခြေလှမ်း မှားမမှားဆိုတာကို ဘယ်သူ့ဆီက သတင်းမှ ယူစရာမလိုတော့ဘဲ ဒီမိန်းမကိုယ်တိုင် ယောက်ျားကို တစ်ချက်လေးမှ အလွတ်ပေးတော့မှာမဟုတ် ...။

သူမကတော့ ဘယ်လိုမိန်းမအမျိုးအစားအလဲ ..၊

ခင်ဗျားကတော့ .. အခု ခင်ဗျားပဲလို့ မိုက် ပြောသည့်စကားကြောင့် ထာဝရ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမိန်းမမျိုးလဲဆိုတာတောင် မသိတော့ပေ ...။

"ခင်ဗျား စိတ်ဆိုးသွားတာလား .. ဆောရီးပဲ .. အမှန်တရားက ခါးသီးတတ်ပေမယ့် တစ်ခါတစ်လေ အမှန်အတိုင်းပြောလိုက်တာက အဆင်ပြေတယ် .."



"ခုန မင်းပြောတဲ့အထဲမှာ မင်း ရောက်လာတာကို ငါ မြင်စေချင်လို့ တမင်အချိန်ကိုက်လာတာလို့ပြောတယ်နော် .."

"ဟုတ်တယ် .."

"အဲ့ဒါ မင်း ငါ့ကိုဖြတ်ကျော်ပြီး ဟိုကိုတိုက်ရိုက်မသွားသင့်ဘူးဆိုတာ နားလည်နေသေးလို့ပေါ့ .."

"မသွားချင်သလိုဖြစ်ခဲ့တာပါ၊ ခင်ဗျားဆီက ဒီကိစ္စနဲ့ရယူထားတဲ့ငွေတွေလည်း မနည်းဘူးရှိနေပြီဆိုတော့ အမှားတစ်ကွက်နဲ့ ခင်ဗျားပြန်ရမှာမတန်ဘူးလို့တွေးပြီး တစ်ကွက်ချန်တွေးပေးခဲ့တာ .."

ကိုယ်ကပဲ ပြန်တောင်းပန်ရဦးမလိုပါလား ...။

'ငါ မမှားဘူးဟဲ့' ဆိုပြီး ဆွဲရိုက်ပစ်ချင်စိတ်တွေပါပေါက်၏။ ဒါပေမယ့် ...၊

"ဒါဆို ဘာမှအများကြီးပြောဖို့မလိုဘူး၊ အခု မင်းယူလာတဲ့ သတင်းငါ့ကိုပေးခဲ့၊ ပြီးရင် မင်းနဲ့ငါ ဆွေးနွေးရမယ် .."

"ဘာအတွက်လဲ .."

"ဒီကိစ္စအတွက်ပဲ .. နည်းမျိုးစုံနဲ့ ငွေယူဖို့အချိန်တိုင်းအကြံဉာဏ်ကောင်းတွေထွက်နေတဲ့မင်းကို .."

"ဟား .. ဟား .. ဟား .."

ဟားတိုက်ရယ်ချလိုက်သဖြင့် သူမ စကားမဆုံးလိုက်ဘဲ မျက်ခုံးလေးတွေ တွန့်ကုတ်သွားခဲ့၏။

"ခင်ဗျားကတော့ အချိန်တိုင်းကြံနေစရာမလိုဘဲ ကျွန်တော့်ကိုချုပ်ဖို့ တစ်ထိုင်တည်းတွေးမိသွားတာပဲ၊ ဟား .. ဟား .. ဟား .. ရေရှည်လည်ပတ်ဒ်တယ်ဗျာ .."

"မင်း ပါးစပ်ကိုပိတ်ပြီး အလုပ်လုပ်ဖို့ပဲ စဉ်းစားလိုက် .."

ပြောပြီး သူမက ကားထဲက လက်ကိုင်အိတ်ကို လှမ်းယူလိုက်၏။ အိတ်က အကောင်းစားသားရေနှင့် ပျော့အိနေပြီး တော်တော်လည်းကြီးမား၏။

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး … ခင်ဗျားနောက်ထပ် ပေးနေနိုင်ရင်တောင် ကျုပ်က အိနေပြီ …"

"ဘာပြောတယ် …"

"ငွေကိုပြောတာ …"

"တောက် …"

"အဲဒီတော့ ဒီနေ့ ခင်ဗျားအိမ်ကို ကျုပ် ခြေလှမ်းပြင်လိုက်ရတဲ့ အကြောင်းက ဒီကိစ္စကြီးကို အဆုံးသတ်စေချင်တာပဲ …"

"မင်းက …"

"မဆီမဆိုင်ပြောနေတာမဟုတ်ဘူး …"

သူမ စကားကိုဖြတ်ပြောလိုက်သည့် သူ့မျက်နှာမှာ တည်တံ့ဟန်တွေ အံ့ဩဖွယ်မြင်လိုက်ရကာ …၊

"ကျုပ်က သတင်းရောင်းသမားလုပ်နေတဲ့အတွက် ဒါကို ပါးစပ်လုံခဲ့တယ်၊ ဒါပေမယ့် ပါးစပ်တစ်ပေါက် ဘူးတစ်ရာဆိုတာ ခင်ဗျားလည်း ကြားဖူးမှာပါ …"

"အဲဒီတော့ ဘာဖြစ်လဲ …"

"နောက်ဆို ကျုပ်လိုပဲ မြင်တဲ့လူတွေ ခုနဲ့ဒေးရှိလာမှာပဲ …"

"အဲ့ဒါရော မင်းအ(ေ)ပ်ဘာပါသလဲ … သူများက စားကျက်လုမှာကြိုပူနေတာလား …"

"မပူပါဘူး … ပူရမှာက ခင်ဗျားပါ၊ ဂုဏ်သိက္ခာကြီးအတွက် ခင်ဗျား ပြုံးပြုံးပြုံပြုံဖုံးဖိကြိုးစားနေတာတွေ အလကားဖြစ်ကုန်မှာမဟုတ်ဘူးလား …"

"ခုချိန်ထိ မင်းပြောနေတာ အပိုစကားတွေပဲ …"

"အဓိကကိုပြောရမှာလား …"

သူပဲ မေးခွန်းထုတ်ပြီး သူပဲ ခေါင်းညိတ်လိုက်ကာ …၊

"လိုသလောက်ပေးနိုင်နေတဲ့ ယောကျ်ားတစ်ယောက်ကို အားကိုးချင်တဲ့မိန်းမတွေက မျက်စိကျကြတယ်၊ ဒီကိစ္စကို ခင်ဗျားပိုက်ဆံပေး



နိုင်တိုင်း ဖုံးဖိနေသလောက် ခင်ဗျားလူကြီးကလည်း ဖုံးကြဲပြီးပျော်နေမှာပဲ … ဒါကို ခင်ဗျားတားဆီးပေးရမယ် …"

"မင်းနဲ့ …"

"သူနဲ့ အခု ငြိနေတဲ့ မိန်းကလေးက ကျွန်တော့်ဆွေမျိုးမကင်းထဲက ဖြစ်နေလို့ပြောနေတာ …"

"ဘာ!…"

ဒါနဲ့တောင် သင်းက ကိုယ့်ဆွေမျိုးနဲ့ တန်ဆာခံလုပ်ပြီး လုပ်စားနေသေးသည်။

အံ့ဖွယ်ယောကျ်ားပါလား …။

"ဟွန်း … ခင်ဗျားတွေးလိုက်တာ မှန်တယ်၊ ဒါပေမယ့် ကျွန်တော့်ဘက်ကလည်း မမှားဘူး …"

ထာဝရ တွေးနေတာကို မိုက် က ခေါက်ခနဲပြောချလိုက်၏။

"ထမင်းစားရင်း အရိုးစူးတာထက် ရေသောက်ရင်းလည်း နင်တာက ပိုဆိုးတယ်မလား … ထမင်းဝါးနေတဲ့အခါ ကျောက်ခဲသလဲပါသွားရင်လည်း ဒီလောက်ကန်းရလားဆိုပြီး ကိုယ့်မျက်လုံးကိုဖောက်ထုတ်တဲ့သူမရှိပါဘူး …"

"ဘာဆိုင်လဲ …"

"ကိုယ်လုပ်နေတဲ့ အလုပ်တစ်ခုပေါ်မှာ ဒါက ကြိုတင်ရှောင်ရှားထားလို့ရတဲ့အဖြစ်မှမဟုတ်ဘဲ …"

"တော်တော် တရားကျဖို့ကောင်းပါလား မိုက် … မင်း ငါ့ဆီက အများကြီးစားထားပြီးမှ …"

"မရည်ရွယ်ပါဘူး …"

"ဘာကွ …"

"ဒီလိုရေရှည်အုပ်ဆိုင်းဖုံးဖိထားလိမ့်မယ်လို့မှ မထင်ခဲ့တာ …"

ကိုယ့်ဘက်ပြန်လှည့်လာသည့် မြားဦးကို မြင်မှ ထာဝရ မျက်နှာပျက်၏။

www.burmeseclassic.com



"တစ်ဖက်မှာလည်း တားမရဘူး .. ကျွန်တော်လည်း ကိုယ့်စီးပွားရေးပျက်မခံနိုင်ဘူး၊ ခင်ဗျားကသာ သူလိုကိုယ်လိုမိန်းမမျိုးပဲဆိုရင် ကျွန်တော့်အတွက်က သားရွှေအိုးထမ်းတဲ့ကိန်းပဲ .."

'တော်လိုက်တာ .. တော်လိုက်တာ' လို့ လက်ဖျားခါပေးလိုက်ချင်၏။ ဒီမိန်းမနဲ့ ဘယ်လိုတော်စပ်နေသည်တော့ မသိပေမယ့် ဒီယောကျ်ားမှ မျက်နှာမပြောင်သေးဘူးဆိုရင် နောက်ထပ် ဘယ်သူပြောင်နိုင်ဦးမလဲ..။

ထာဝရ တစ်နေကုန်အလုပ်လုပ်ရတာ စိတ်မပါတော့ပါ။ ထို့ကြောင့် တစ်ယောက်တည်း ကားနဲ့ထွက်လာခဲ့ရင်း သူငယ်ချင်းရဲ့ ဟိုတယ်လ်မှာ တစ်ခန်းယူပြီး အေးဆေးနားဖို့ဆုံးဖြတ်လိုက်သည်။

"ဘာတွေဖြစ်လာတာလဲ အထာ .. အမြဲတမ်း တည်ငြိမ်နေတဲ့ မျက်နှာက အိုနေလိုက်တာ နင့်ကိုမြင်တာနဲ့ ငိုချင်နေတာမှန်းသိသာတယ် .."

"ဟုတ်လား .."

သူငယ်ချင်းကပြောမှ ကိုယ့်ကိုယ်ကိုယ် သတိရ၏။

"နင် တစ်ခုခုလိုအပ်ရင် ငါ့ ရုံးခန်းကို တိုက်ရိုက်ခေါ်လိုက်နော်.. ငါ လာခဲ့မယ် .."

သူမ ခေါင်းညိတ်၍ မွေ့ရာပေါ်မှာလှဲနေလိုက်သည်။ ပြီးတော့ မိုက် ဆီကရခဲ့သော ဗီဒီယိုဖိုင်ကိုဖွင့်ကြည့်လိုက်လျှင် ..၊

ကိုမောင် နဲ့ မော်ဒယ်လ်က ကျောပေးထိုင်နေကြတာဖြစ်ကာ မျက်နှာတွေတစောင်းလှည့်လာပြီး နဖူးချင်းထိလိုက် ပခုံးချင်းတိုက်လိုက် ..။

"စိတ်မချဘူးကွာ .."

"ဒါကြောင့် လက်ထပ်ရအောင်လို့ပြောတာပေါ့ .."

ဘုရား .. ဘုရား ..၊

သူမ ထင်ခဲ့သည့်အတိုင်း ဒီတစ်ယောက်ကို ကိုမောင် တကယ်စွဲလမ်းနေခဲ့တာပဲ ..။

နောက်ထပ် ကြားနေရသည့်စကားကို နားထောင်ရင်း ကိုယ်တိုင်-



သချာထည့်ပေးလိုက်သည့် အညိုရောင်တီရှပ်အစင်းနဲ့ ကျောပြင်ကို ငေးကြည့်နေမိသည်။

ပြီးတော့ ချစ်မြတ်နိုးသောအကြည့်တို့နှင့် ပြုံးချိုရယ်မောနေသော ယောကျ်ားပီသချောမောသည့် ကြည်ဖြူမောင့် မျက်နှာတစ်ပိုင်းတစ်ပိုင်း..။

ယောကျ်ားတွေရဲ့ ချစ်ခြင်းက ဒီလိုမျိုးလား ..၊

"မင်းကို စတွေ့လိုက်တည်းက ချစ်ခဲ့မိတာ၊ မြင်မြင်ချင်းချစ်မိပြီး ချုပ်ချယ်မခံနိုင်တဲ့စိတ်နဲ့ မိဘတွေအားကိုးခဲ့ရတာပါ အထာ ရယ်၊ လူကြီးတွေ လက်ထပ်ပေးလို့ယူခဲ့ကြတာဆိုတဲ့စိတ်ကြီး မထားပါနဲ့ကွာ .. ကိုယ် က ရင်ဘတ်ချင်းနီးချင်တာ .." တဲ့ ..။

ဒီစကားတွေကို သတိရတော့ ခပ်ယဲ့ယဲ့ပြုံးမိ၏။ ရှင်က ရင်ဘတ်ချင်းနီးချင်တဲ့ယောကျ်ားပဲ ကိုမောင် ..။

မြင်မြင်ချင်းချစ်တဲ့အချစ်မို့ ရှင် ပြောင်းလဲနိုင်တာလား ..၊

ဒါဆို ကိုယ်ကရော ..၊

သူမ ကြေကွဲနေခဲ့သည်က မှန်ပါသည်။ ပြီးတော့ ရှက်မိ၏။ ပြီးတော့ ဒေါ်မကြည်ဦး ရဲ့ ငွေမက်လို့ယူခဲ့တာဆိုသည့်အပြောကို ခါးသီးနေမိသည်။

ကြည်ဖြူ ကို ဆုံးရှုံးရမည့် နာကျင်မှုတွေထဲမှာ အကြောင်းတရားများနှင့် သူမအဖြစ်က အငိုလည်းမလွယ် အရှိုက်လည်းခက်နေခဲ့၏။

"မမကြီးယောကျ်ား အချိုးမပြေဘူးနော် .."

"မမကြီးတို့အဆင်ပြေကြရဲ့လား .. ကျွန်တော်သိတယ် မမကြီး စိတ်ချမ်းသာမှာမဟုတ်ဘူးဆိုတာ .."

မောင်လေးနှစ်ယောက်က ပြောခဲ့ဖူးသည်။ သူမ အဲဒီတုန်းက ဘာပြောခဲ့မိသလဲ ..။

"မမကြီး ဘာမှမဖြစ်ပါဘူး၊ မောင်လေးနဲ့ မောင်မောင်က ဘာတွေ ဒီလိုပြောနေကြတာလဲ .."

ဆိုသည့် မေးခွန်းတောင်ပါခဲ့သေးသည်ထင်၏။ တကယ်ပဲ သူမ

www.burmeseclassic.com

www.burmeseclassic.com



မှာ ပူလောင်သောကကင်းခဲ့ပါသည်။ ကိုမောင့် ကို မချစ်ပေမယ့် သူမ ကျေနပ်စွာလက်ခံခဲ့သည်။

ဒါ ဘာကြောင့်လဲဆိုလျှင် မောင်တွေနဲ့ ညီမလေးရဲ့ ရှေ့ရေးအတွက် အရိပ်မိုးပေးခွင့်ရမှာဖြစ်သလို မိဘမဲ့ဘဝနှင့် ရပ်တည်နေရမည့် မိန်းမ တစ်ယောက်အတွက်လည်း အကာအကွယ်တစ်ခုပဲဖြစ်လေသည်။

ကိုမောင့် ငွေတွေနဲ့ သူမ မကင်းခဲ့တာမှန်သည်။ ဒါပေမယ့် မောင်လေး တွေ ဒီငွေကိုတန်ဖိုးထားအောင် အရင်းအမြစ်ခွဲခြားထားသင့်မှန်းသိ အောင် သူမကိုယ်တိုင် ဖိအားပေးခဲ့တာပါ။

ငွေချေးတုန်းကလည်း ကိုမောင် ကြည်ဖြူခဲ့သည်။ ပြန်ဆပ်တော့ လည်း ရယ်နေခဲ့၏။

"အထာ ကတော့ကွာ .. လင်မယားချင်းကိုခွဲခြားနေပြန်ပြီ" လို့ တောင် ပြောခဲ့ပါသေးသည်။

ဒီငွေတွေကို သူမ သုံးစွဲခဲ့ဖူးသော်လည်း ဒေါ်မေကြည်ဦး ပြောသလို စိတ်ထားမျိုးနဲ့တော့ မဟုတ်ခဲ့ပေ ...။ နောက်ပိုင်းမှာ ဒေါ်မေကြည်ဦး ပြောတဲ့စကားမျိုးတွေ ကိုမောင့် ပါးစပ်ကပြောလာတာကို သူမ နား မလည်နိုင် ...။

"ယောက်ျားတွေက သူတို့လိုအင်မပြည့်ဝရင် တန်းအချိုးပြောင်း ကြတာ သိတာ ရေ .. ကလေးတွေမွေးဆက်ယူပြီး ကလေးတွေနဲ့ အလုပ် နဲ့ပဲ လုံးလည်ချာလည်လိုက်မနေနဲ့၊ နင်က ဂရုမစိုက်ရင် သူတို့ကလည်း ဆောရီးလုပ်သွားမှာပဲ .."

ရုံးခန်းအပြင်မှာ ဖြတ်သွားဖြတ်လာလုပ်မိတဲ့အခါ ဝန်ထမ်းမိန်းကလေး တွေ အချင်းချင်းပြောနေကြသံတွေ ကြားဖူးခဲ့သည်။ ဒါပေမယ့် ဒီလို အဖြစ်မျိုးတွေ တကယ့်ဘဝတွေထဲမှာ တကယ်ရှိနေတယ်ဆိုတာ တွေး လည်းမကြည့်မိ၊ စိတ်လည်း မဝင်စားခဲ့ပေ ...။

ခုတော့ ဒီစကားတွေကို သူမ အလေးအနက်စဉ်းစားခဲ့မိပြီဖြစ်သည်။ ကိုယ်ဟာ ယောက်ျားတစ်ယောက်အတွက် လိုအင်မပြည့်စေခဲ့သူလား



စက်မောစရာမိန်းမတစ်ယောက်မဟုတ်ခဲ့တာလား ...။

ဒါမှမဟုတ် ဒီနှစ်မျိုးစလုံး သူမ ဖြစ်နေခဲ့သည်လား .. အစက ချစ် ခဲ့သူသည် နောက်ပိုင်းမှာ မုန်းတီးလာခဲ့ခြင်းနှင့် ပတ်သက်၍ ...၊

"ဒီး..."

ဖုန်းဆီမှ ဗိုင်ဘာရေးရှင်းမှု(စ်)ကြောင့် အထာ့ စိတ်ကူးတွေဖြတ် တောက်သွားခဲ့၏။ ယူကြည့်လိုက်တော့ ကြည်ဖြူမောင် ဆီက ...၊

"ဟလို .."

"မင်းက ဘယ်မှာလဲ .."

"သူငယ်ချင်းဆီမှာ .."

"မင်းကို ဟိုတယ်လ်ထဲဝင်သွားတာတွေ့တယ်လို့ ငါ သတင်းအတိ အကျရပြီးသား .."

ကြည်ဖြူ့ အသံက ဒေါသကိုမျိုသိပ်ထားပေမယ့် ဘယ်လောက်ထိ ဒေါက်ကွဲချင်နေမှန်းသိသာနေ၏။ အထာ ဖုန်းကိုင်ရင်းပြန်ပြောချင်စိတ် မရှိဖြစ်နေခြင်းကို ဘယ်လိုကြိုးစားဖြေလျှော့ရမှန်းမသိဖြစ်နေဆဲ ...၊

"အထာ မင်းကိုယ်မင်း ယောက်ျားရှိသေးတယ်ဆိုတာ မေ့နေတာ လား .."

သူက တစ်ပြန်စီးပါလား ...၊

ဖွင့်ထားလက်စ ဗီဒီယိုဖိုင်ကို မျက်ဝန်းလေးတွေစိုက်ကျသွားကာ သူမ နှုတ်ဆိတ်နေခဲ့မိ၏။ ကြည်ဖြူ့ အသံကိုကြားရတာ တဖြည်းဖြည်း နားဝင်မချိုနိုင်တော့တာ နားလည်လာခဲ့၏။

ပြီးတော့ သိလျက်နှင့် အညာခံနေရခြင်းအတွက် ဘယ်တုန်းကမှ ခံစားခဲ့ဘူးသော နာကျင်မှုသည် နာကျင်နေရတာကိုတောင် မုန်းမိ သည်အထိပင် ...။

အထပ်ထပ်မေးနေမိသည်က သူမက ဘယ်လိုမိန်းမမျိုးမို့လို့လဲ...။

"မင်းဘဝမေ့နေပြီဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမိန်းမ အမျိုးအစားလဲဆိုတာ ပြန်စဉ်းစားသင့်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ကိုမောင် .. အထာ က ဘယ်လိုမိန်းမမျိုးလဲ .."

"ဟွန်း .. အမိပွာယ်တွေလျှောက်ကောက်မနေနဲ့ .. မင်းကိုယ်မင်း 'ငါတော်တယ်' ဆိုတဲ့ မာန်မာနတွေနဲ့ လွှတ်နေတာကိုပြောချင်တာ.."

"အထာ ကတော့ ဘယ်နေရာမှမလွှတ်ဘူးထင်တာပဲ ကိုမောင် .. နေ့နေ့ညည အပြင်မှာချည်းနေနေတာက ကိုမောင် ပါ .."

"ဟား .. မင်း ဒါကျတော့ သတိထားမိသေးတာပဲ .."

"ကိုမောင့် ကို .."

"ငါ့ကို မင်းရှိတယ်လို့တောင် မထင်တော့ဘူးမှတ်နေတာ .."

ဘယ်လိုစကားတွေနဲ့ ဘယ်ကိုအရောက်ပို့ချင်တာလဲ ..၊

အိမ်က ဇနီးမယားကို ရှိနေတယ်မထင်ဘဲ ထင်သလိုနေခဲ့တာက ဘယ်သူလဲ ..၊

သူ့စွပ်စွဲ ကိုယ့်စွပ်စွဲနှင့် မဖွယ်ရာသည့်ကိစ္စတွေအတွက် အငြင်းပွားနေ ကြရာလည်း ရှက်ဖို့ကောင်းပါသည်။

ဒါပေမယ့် ကိုယ်က ငြိမ်နေပြန်ရင်လည်း ကိုမောင့် စကားတွေ ဘယ်ဆီဦးတည်နေသည်ဆိုတာ နားလည်နေသည်မို့ ..။

"အခု ကိုမောင် အိမ်ပြန်ရောက်နေတာလား .."

"ဟုတ်တယ် .. မင်း မျက်နှာလေး မြင်ချင်လွန်းလို့ အခု အိမ်ပြန်လာလို့ရရဲ့လား .."

"ကိုမောင့် ကို လာမကြိုနိုင်လို့ .."

"နိုး .. နိုး .. မင်းကို ဒါမျိုးတွေအတွက် စိတ်ပျက်နေရင် မင်းနဲ့ ငါ ပြီးတာကြာလှပြီပေါ့ .."

"ကိုမောင် က မပြီးသေးဘူးဆိုတာ သိရလို့ ကျေးဇူးတင်ပါတယ်.."

"ဟော့ .. မင်း ငါ့ကို တစ်ခုခုတင်းနေတာလား .."

"ကိုမောင် ပြောခဲ့သလိုပါပဲ .. အထုံအကျင်စွဲနေပြီထင်တယ် .."

"ဩော် .. ဩော် .."

"ကိုမောင် နဲ့ အထာ အဲဒီကိစ္စတွေအတွက်နဲ့ စကားအနိုင်လုပြော



နေရတာ မကောင်းပါဘူး .. အဲဒါကြောင့် .."

"ဟ .. ဒါကို ဘာမှမပြောကြေးဆိုပြီး နေသာသလိုနေကြရင် မင်းနဲ့ ငါက ဘာလဲ .."

"လင်မယားတိုင်း ဒီလိုပြဿနာတွေရှင်းနေရတာမဟုတ်ဘူး ကိုမောင် ကိုမောင် အထာ့ ကို ဂရုမစိုက်ပါနဲ့၊ ဒါပေမယ့် တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တစ်ယောက်ငဲ့ညှာပေးဖို့တော့ စဉ်းစားပါ .."

"ဘာ .. မင်း ဘာပြောလိုက်တာလဲ .."

"အထာ့ ခေါင်းထဲမှာ လူ့ပတ်ဝန်းကျင်နဲ့ အဆင့်အတန်းရယ်၊ အဲဒီထဲမှာ ချိတက်ဖို့အတွက် ကိုယ်ပိုင်အရည်အချင်းရယ်၊ လောလောဆယ် အဲဒါတွေကလွဲပြီး ဘာမှမရှိဘူး .."

"ငါကတော့ရှိတယ် .."

"ကိုမောင် အမြဲတမ်း ကြေညာနေတာတွေကိုသိပါတယ်၊ ဒါပေမယ့် မကြေညာဘဲတစ်ခုခုလုပ်သွားမှာမျိုးရှိရင် အထာ ကြိုပြောချင်တယ်၊ တစ်ယောက်ကိုတစ်ယောက် လေးစားသမှုထားဖို့ပါ .."

တစ်ဖက်က အသံတိတ်သွားသည်။ ခဏကြာမှ ခပ်သဲ့သဲ့ရယ်သံနှင့် ..၊

"ယောက်ျားအပေါ်မှာ ဝတ္တရားပျက်ကွက်တဲ့အတွက် မင်းကို ငါက ကွိုင်ရှာရမယ်ထင်နေတာ .."

"အထာ ကွိုင်ရှာတာမဟုတ်ပါဘူး.."

"တော်တော့ အထာ .. မင်း ဘာသိထားလို့လဲ .. ငါ့ဆီက ဘယ်လိုစကားမျိုးလိုချင်တာလဲ၊ ကြည်ဖြူမောင် က အစတည်းက ခုချိန်ထိ ကြည်ဖြူမောင် ပဲ၊ အစကရိုးရိုး နောက်မှ တစ်မျိုးတိုးက မင်း .."

နောက်ထပ်စွဲချက်တစ်ခုကို လက်ခံရရှိခဲ့လျှင် ..၊

"အထာ အဲ့ဒီကိစ္စတွေ မဆွေးနွေးချင်ဘူးလို့ ကိုမောင့် ကို .."

"မဆွေးနွေးလို့မရဘူး .. မင်းနဲ့ ငါ့ကြားမှာ အကြီးမားဆုံးအက်ကြောင်းက အဲဒါ .."

www.burmeseclassic.com

www.burmeseclassic.com



ရီသွဲ့သွဲ့ခနဲ့သံသည် ချက်ချင်းပဲ လျှပ်တဝင်းဝင်းမိုးခြိမ်းသံတို့ပေး လာခဲ့လျက် …၊

"မင်းနဲ့ ငါ့ရဲ့အစက ရိုးရှင်းပေမယ့် ပြောင်းလဲမှုတိုင်းက အေးစက် လာခဲ့တာ အထာ …၊ ဒါတွေကို မင်းက ငါ့ကြောင့်လို့ ခေါင်းစဉ်တပ်ပြီး ပုတ်ထုတ်ချင်တဲ့ပုံပဲ …"

"အခု … ကိုမောင့် ကို …"

"ငါပြောတာပဲ မင်း နားထောင်ဦး ခပ်ချောချောခပ်ငယ်ငယ် ယောကျ်ားတစ်ယောက်နဲ့ စကားရပ်ပြောရုံပဲလား၊ အပေးအယူတစ်ခုခု တည့်နေတာလား … ဟိုအစတည်းက ချိတ်ဆက်မှုရှိနေတာလား၊ အဲ့ဒါ တွေအားလုံး မင်းကို ငါ မမေးဘူး၊ ငါ့ကိုလည်း မင်း ဘာမှစုံစမ်းမေး မြန်းဖို့စိတ်မကူးနဲ့ …"

"ကိုမောင် ဒီလိုမပြောပါနဲ့ …"

"ပြောချင်လို့ပဲ ခရီးရောက်မဆိုက် ဖုန်းဆက်တာလေ၊ အခု ဟိုတယ်လ် မှဆိုတာကရော မင်း တစ်ယောက်တည်းဟုတ်ရဲ့လား …"

"ကိုမောင် … ရှင် …"

"မင်းက ရုပ်ပြလုပ်စားနေတဲ့ မော်ဒယ်လ်တစ်ယောက်ကို ပိုက်ဆံ ပေးနေတယ်ဆိုတော့ …"

ဆက်မပြောဘဲ လှောင်ရယ်လိုက်သည့် ဟွန့်ခနဲမဲ့သံက နားထဲမှာ မီးစတစ်စလို တိုးဝင်၏။

"မင်း ခု ပြန်လာခဲ့ဖို့ပြောချင်တယ် …"

ရယ်သံကတိခနဲပြတ်တောက်သွားလျက် တုံးတိတိပြောပြီး ဖုန်း ချသွား၏။ အထာ ဖုန်းကိုင်လျက် ဘယ်လိုဖြစ်ကျန်ခဲ့မှန်းမသိပေမယ့် သူ့ရင်ထဲမှာတော့ ပြောချင်တိုင်းမပြောရသေးတာမို့ မကျေနပ်နိုင် …။

ဒါပေမယ့် မေမေ့ရှေ့မှာလည်း မလိုအပ်တာတွေပြောပြီး အလုံးစုံ ပေးမသိချင်သဖြင့် …၊

"ယောကျ်ားတန်ဖိုး နားမလည်တဲ့ မိန်းမ … ဒီနေ့ မင်းနဲ့ငါ တွေ့



မယ် …"

ကိုယ့်ဘာသာရေရွတ်သလို ခပ်ကြိတ်ကြိတ်ကြိမ်းဝါးပြီး ဒီဘက် လှည့်လိုက်တော့ မေမေ့မျက်နှာက သူ့ရှေ့မှာ ကာဆီးလျက်ရှိနေကာ…၊

"မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဆိုတာရော မင်း နားလည်ရဲ့လား သား …"

မေမေ ဘာကိုဆိုလိုတာလဲ …၊

သူ ရုတ်တရက်နားမလည်ဖြစ်နေခဲ့၏။ ဒေါ်မေကြည်ဦး က စိုက် ကြည့်ရင်း …၊

"မိန်းမတစ်ယောက် ဘယ်လောက်တန်ဖိုးကြီးသလဲဆိုတာ မင်း ဘယ်လိုတိုင်းတာသလဲ ပြောပြစမ်းပါ …"

"မေမေ ကျွန်တော့်ကို အပြစ်တင်နေတာလား …"

"မေမေ မေးတာကိုဖြေလေ … သားရဲ့အဖြေကို နားထောင်ဦးမှာ ပေါ့ …"

အဖြေမှားရင်တော့ အတိအကျ ကြက်ခြေခတ်မယ့်ပုံပါလား …။

ကိုယ့်အမေကိုကြည့်ပြီး နားမလည်နိုင်ဖြစ်နေရကာ …၊

"သူ ဘာတွေလုပ်နေတယ်ဆိုတာ မေမေပဲ ပြောပြတာလေ၊ ကျွန်တော် မြင်တာမှမဟုတ်တာ …"

"ဟုတ်တယ် … မြင်တယ်ဆိုတည်းက မမြင်အောင်လုပ်တာမဟုတ် လို့ပေါ့၊ မေမေကလည်း လိုက်ချောင်းလို့မြင်တာမဟုတ်ဘူးလေ … မေမေ ပြောချင်တာက သူက ဖောက်ပြန်တတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာပဲ …"

မေမေ့ မျက်လုံးတွေက ချွေးမအပြစ်ကို ဖာထေး၍ သူ့ဘက်မှာ အစိမ်းရောင်သမ်းနေခဲ့၏။

သူ့စိတ်ကပဲ ထင်နေလို့လား … ဘာလဲ …၊

"နားမလည်နိုင်ဖြစ်နေတယ်မို့လား သား … အဲ့ဒါကိုက မေမေ့ကို မင်း နားလည်မှုလွဲနေတာ၊ မေမေက အထာ့ ကို မြင်နေတာ ချွေးမတော်

www.burmeseclassic.com

www.burmeseclassic.com



နေရတာကြောင့် မဟုတ်ဘူး၊ ငါ့သားလေးအတွက် ပြီးပြည့်စုံတဲ့ ဇနီး ကောင်းတစ်ယောက်ဖြစ်မလာတာကို မချင့်မရဲစိတ်တွေနဲ့ ခံစားနေရတာ ..”

“ကျွန်တော် သူ့ကို စိတ်ကုန်တာလည်း အဲ့ဒါပဲ မေမေ .. အိမ်ထောင်ရေးတစ်ခုမှာ ဇနီးက ဇနီးကောင်းတာဝန်ကျေပွန်ဖို့အဓိကမဟုတ်ဘူးလား ..”

“ဒါဆို သားက သူ ဇနီးကောင်းမဖြစ်လို့ ဇနီးကောင်းရဖို့ကြိုးစားနေတာလား ..”

ကြည်ဖြူ အံ့သံတိတ်ငြိမ်ကျသွားသည်။

“သားရဲ့ခြေလှမ်းတွေကို မေမေသိတယ်၊ မကြိုက်ပေမယ့် မသိချင်ယောင်ဆောင်ခဲ့တယ်၊ ဒါပေမယ့် မသိချင်ယောင်ဆောင်နေဖို့မဖြစ်တော့တဲ့အထိ သားက ခြေလှမ်းပျက်လာရင် မေမေက မိဘ ..”

“ကျွန်တော် ဘာလုပ်နေလို့လဲ မေမေ ..”

“အဲဒါကို မေမေက မပြောချင်ဆုံးပဲ ..”

မေမေ ဘာတွေသိထားလို့လဲ ...၊

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

“သား ဖြေတာလည်း မေမေ နားမထောင်ချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျားက ဟင်းသီးဟင်းရွက်မစားမှန်းသိနေတာပဲ၊ သူ ဘယ်လိုအသားတွေစားသလဲဆိုတာ ခွဲခြမ်းကြည့်နေဖို့မှမလိုတာ၊ အတော့ ကို မေမေ မကြိုက်ပေမယ့် မေမေ အထင်ကြီးခဲ့ဖူးတာ သူ့လိုမိန်းကလေးထဲမှာ သူတစ်ယောက်ပဲရှိတယ် ..”

ဖြစ်ရလေ ...၊

သူ လက်ထပ်ချင်ပါသည်လို့ ပူဆာတုန်းကတော့ ဖေဖေသာ မကယ်လျှင် သူမ ဒီမိသားစုထဲကို ရောက်လာမှာမဟုတ်ပေ ...။ သူ့မောင်တွေညီမတွေလည်း အံမိုမရှိဘဲ အညွန့်တလူလူအလံထူနိုင်ကြမှာမဟုတ် ...။

ဒါနဲ့တောင်မှ ...၊



“ကျွန်တော် ခုထိကို နားမလည်နိုင်သေးဘူး မေမေ .. အထာ က ကျွန်တော်တို့ကို သူတို့မောင်နှမတွေရဲ့ ဂျမ်းတုံးလိုသဘောထားခဲ့တာ မေမေက ပိုသိပါတယ် ..”

“ဟုတ်တယ် .. မေမေ့အနေနဲ့ မကျေနပ်စရာတွေအများကြီးပဲ၊ အဲဒါက မေမေ့သားက သူ့ကိုချစ်ခင်စုံမက်နေရင် ဒီ့ထက်တောင်ပိုကြီးလာဦးမယ့် အပြစ်တွေပဲ ..”

“သူ့ကိုထားပြီး ကျွန်တော်က အပျော်ရှာနေတယ်လို့ မေမေ ထင်နေတာပဲ ..”

“ထင်နေတာလောက်နဲ့ ကိုယ့်သားကို ကဲ့ရယ်ပါ့မလား သားရယ်၊ ဘယ်မိဘမဆို ကိုယ့်သားသမီးဘက်ကပဲ ရပ်တည်ကာကွယ်ချင်တာပါ၊ ဒါပေမယ့် နားရွက်ကိုက်ခံပြီး ကာကွယ်ဖို့ထိတော့ မေမေ အတ္တမကြီးသေးဘူး ..”

ဒေါ်မေကြည်ဦး မျက်နှာမှာ စိတ်မကောင်းခြင်းတွေ ဖြစ်ပေါ်နေခဲ့လျက် ကြည်ဖြူ့ ကို ကျောခိုင်းလျှောက်သွား၏။

ပြီးတော့ တံခါးဝနားကျမှ ရပ်လိုက်ပြီး ခပ်ဖြည်းဖြည်းပြန်ငဲ့ကြည့်၍ ...

“မေမေက သူများဆင်ခြေပေးဖို့လွယ်တဲ့မေးခွန်းမျိုး မမေးချင်ဘူး၊ လိုရင်းကိုပြောရရင် အထာ ကလွဲပြီး မေမေ့ ချွေးမနေရာမှာ ဘယ်မိန်းကလေးကိုမှ အစားထိုးအသိအမှတ်ပြုမှာမဟုတ်ဘူးဆိုတာပဲ ..”

“ကျွန်တော်ကလည်း ကိုယ်ချစ်လို့ယူခဲ့တဲ့ မိန်းမပဲ မေမေရယ်..”

“သား သူ့ကိုမချစ်ပါဘူး ..”

“မေမေရာ ..”

“သားက အချစ်ကို နှလုံးသားနဲ့ သတ်မှတ်တာမဟုတ်ဘဲ မျက်လုံးနဲ့ သတ်မှတ်နေတာ ..”

မေမေ့ဆီက အတိအကျစွပ်စွဲချက်တွေကို မခံနိုင်ခြင်းက ထောင်းခနဲထဖြစ်၏။ ဒါပေမယ့် သူ ဘာပြောရမှန်းလည်းမသိ ...။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်ကို တကယ်ချစ်မိပြီဆိုရင် ကိုယ်လိုချင်တဲ့ အရာရာဟာ သူ့ဆီမှာပဲရှိတယ်၊ အဲ့ဒါကိုလည်း ကိုယ်လိုချင်တိုင်း ဖွဲ့ယူလို့မရဘူး၊ သူ မပေးနိုင်ရင်လည်း မုန်းချင်တိုင်းမုန်းလို့မရဘူး၊ နာကျင်မှုဆိုတာ မျှိုသိပ်ပေးဆပ်ခြင်းပဲ .. သားမှာ ဘာနာကျင်မှုမှမရှိဘူး .."

"ဒါကိုတော့ မေမေ့အမြင်နဲ့ သေချာပေါက်ကြီးပြောမချလိုက်ပါနဲ့ မေမေရာ .."

ကြည်ဖြူ့ အသံက စိတ်ပျက်လက်ပျက်နှင့် ငိုချလိုက်တော့မယ့်အတိုင်း ..။

"ကျွန်တော် သူ့ကို မျှော်လင့်ခဲ့တာလည်း .."

"ချစ်တယ် လက်ထပ်တယ်ဆိုတာ ရေကြည်ရာမြက်နုရာရာတာ မဟုတ်ဘူး သား .. မင်းကတော့ အဲ့ဒီအတိုင်းပဲဖြစ်နေတာ .."

"မေမေ .."

"မေမေ့ကို ဒေါသမထွက်ပါနဲ့ဦး သူ့ကိုချစ်ရင် သူ့ဆီက မေတ္တာကိုရဖို့ပဲ သား ကြိုးစားရမှာမဟုတ်ဘူးလား .."

"ကျွန်တော့်ကို သူတောင်းစားလို သူ့ရှေ့မှာ ဒူးထောက်စေချင်တာလား မေမေ .."

"ဒူးထောက် လက်ထပ်ခွင့်တောင်းတဲ့လူတွေက သူတောင်းစားမှ မဟုတ်ဘဲ သားရယ်၊ ပိုက်ဆံတောင်းတဲ့လူတွေကလည်း ဒူးမထောက်ကြပါဘူး၊ မိန်းမတစ်ယောက်ရဲ့ရှေ့မှာ ကိုယ့်သားက ဒူးထောက်ခစားနေတာကိုရော ဘယ်အမေက ကျေနပ်အားရနေမှာလဲ .."

မေးလာတော့ သူကလည်း ပြန်မေးဖို့ အဆင်သင့်ရှိနေခဲ့၏။ သို့သော် မေးခွင့်ကမကြုံ ..။

"ဒါပေမယ့် အဲ့ဒီမိန်းကလေးက ငါ့သားကို ဘာဖြစ်လို့ မချစ်နိုင်တာလဲဆိုတဲ့ ဒေါသစိတ်က သူ့ရဲ့နောက်မှာ လောဘပါတယ်၊ ဘာလဲဆိုတော့ ကိုယ့်သားကို ဒီမိန်းကလေးက ပြန်ချစ်စေချင်တာလေ၊ အထာ့ကို မေမေ ဒေါသထွက်နေခဲ့တာ သားကို မကြင်နာလို့ပဲ .. သူ့ကိုမုန်းတာ



မဟုတ်ဘူး .."

"မေမေရဲ့ လိုရင်းက ဘာလဲ .. ဘာပြောချင်တာလဲ မေမေ .."

"အထာ က သားအတွက် သားကလည်း အထာ့ အတွက်ပဲဖြစ်စေချင်တာ၊ သူ့ကိုမကြိုက်ပေမယ့် သားကြိုက်တာ ထပ်ရှာလာမှာမျိုး မေမေ ခွင့်မပြုနိုင်ဘူး .."

"ကျွန်တော်က ရှာမယ့်ပုံပေါက်နေလို့လား မေမေ .."

"အဲ့ဒီပုံပေါက်လာမှဆိုရင် မေမေ ဘယ်တားလို့ရတော့မလဲ .."

"ဒါဆိုရင်လည်း မေမေရယ် ကျွန်တော် ဒီလိုပဲနေလာခဲ့တာကို နကျမှ ဘာဖြစ်လို့ အကြီးကြီးပြောနေတာလဲ .."

"လိုအပ်လာလို့လေ .. သား ဖုန်းပြောနေတာ မေမေ အစအဆုံး ကြားတယ် .."

"သူ့ကို ကျွန်တော် သဝန်တိုဒေါသတွေဖြစ်နေတာလို့တော့ မေမေ မတွေးမိဘူးလား .."

"ဟုတ်မှမဟုတ်တာ .."

မေမေ ဘာတွေဖြစ်နေမှန်း သူ လိုက်မမီတော့ပေ ..။

"ကလေးဆန်ဆန်ပြောရရင် သားက အားကိုးရှိလို့ ဂန်ကျယ်နေတဲ့ ကလေးနဲ့တူတယ် .."

"ကျွန်တော့်ကိုချည်း လိုမှ့ စွပ်စွဲနေတာပဲ မေမေရာ .."

"ကိုယ့်စိတ်ဆာလောင်တဲ့အချိန်တိုင်း လက်ဖျစ်တီးခေါ်လိုက်လို့ ရောက်လာတာ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးမဟုတ်ဘူး .."

ကြည်ဖြူ့ မျက်နှာညိုမှောင်သွားသည်။ ဒါက အရိုက်ကိုတည့်တည့်

"အထာ့ ကို မေမေ အလိုမကျခဲ့သမျှ မင်းနဲ့ နီးစပ်လာတဲ့ မိန်းကလေးတွေကြောင့် အားလုံးက ပြောင်းပြန်ဖြစ်ကုန်ပြီ .."

"ဘာကိုလဲ မေမေ .."

"မိန်းမတစ်ယောက်ရဲ့တန်ဖိုး အထူးသဖြင့် အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ ဂုဏ်သိက္ခာမျိုး အထာ့ မှာရှိတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မေမေ မှားသွားပြီ .."

"လုံးဝ မမှားဘူး .."

အမှားနဲ့ အမှန် နှစ်ရပ်ဖြင့် သားအမိ မျက်လုံးချင်းဆုံသွားခဲ့သည်။

"အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ အိမ်ထောင်အပေါ်မှာ သာယာနိုင်မြဲစေမှ သူ့ရဲ့ .."

"လင်နဲ့မယား အတူပေါင်းစည်းမှ အိမ်ထောင်တစ်ခုဖြစ်လာတာလေ ၊ မျက်နှာချင်းဆိုင်နေပေမယ့် ရှေ့မတိုးကြဘဲ နောက်ကိုပဲ ဆုတ်နေကြရင် ဘယ်လိုပေါင်းစည်းကြမှာလဲ .."

"အဲဒီမှာ နောက်ဆုတ်တဲ့သူက ကျွန်တော်ဖြစ်နေတာလား .."

"သားကပဲ တခြားမှာအပျော်ရှာနေတာလေ .. မေမေက ယောက္ခမကောင်းဖြစ်ချင်မှဖြစ်မှာပေမယ့် ဆိုးတဲ့ယောက္ခမတော့ မဖြစ်ချင်ဘူး၊ အထာ ဘယ်လိုမိန်းကလေးပဲဖြစ်ဖြစ် သူက မေမေ့ ချွေးမပဲ၊ ယောက္ခမဆိုးတစ်ယောက်လို ကိုယ့်သားဘာလုပ်လုပ် အထူးသဖြင့် ခုလိုမျိုး လော်လီဖောက်ပြားနေတာကို မသိချင်ယောင်ဆောင်မနေနိုင်ဘူး သား .."

"ကျွန်တော်က .."

"အခန့်မသင့်ရင် အဲဒီတစ်ယောက်ယောက်က မေမေ့ အိမ်ပေါ်ထိပါလာဖို့လည်းရှိလာနိုင်တာကို ဘယ်လိုမှ ကြည့်မနေနိုင်ဘူး .."

ကြည်ဖြူ မဟေသီ ကို ဖျတ်ခနဲသတိရသွားသည်။

"မဟေသီ က မဟေသီလေ မောင်ရဲ့ .. မောင့်ရဲ့ မဟေသီဖြစ်ခွင့်မရှိတော့ဘူးလား .."

"မောင်က သူ့ကို ကွာရှင်းဖို့ထိမှ မစဉ်းစားတာ၊ တစ်ယောက်နဲ့ပြတ်ပြီး တစ်ယောက်ကိုယူတာ ဖောက်ပြန်တယ်လို့ ဘယ်သူစွပ်စွဲရဲမှာလဲ .." တဲ့ ..။

"သားနဲ့ အထာ အရင်လိုပဲ ဆက်သွားနေကြဦးမယ်ဆိုရင်တော့ မေမေ ဒီစကားတွေကို မပြောဖြစ်သေးဘဲဆက်ပြီးစောင့်ကြည့်နေဦးမယ်မှာ၊ အခု မကောင်းသောခြေလှမ်းနဲ့ စပြီး ဦးဆောင်ခွဲထွက်တာက သား



ဖြစ်နေတော့ .."

ဒေါ်မေကြည်ဦး က စကားရပ်ပြီး စိုက်ကြည့်သည်။ ကြည်ဖြူကလည်း ပြန်ငေးနေခဲ့၏။ သားဖြစ်သူ နှုတ်ဆိတ်နေသဖြင့် ဒေါ်မေကြည်ဦး မျက်နှာ တဖြည်းဖြည်း ညှိုးမှိန်သွားခဲ့ပြီး ..၊

"မင်းက ဝန်ခံနေတာပဲ .."

"ဝန်မခံလည်း မေမေက သိနေပါတယ်ပဲပြောနေမှာလေ .."

"ဟွန်း .."

"ကျွန်တော် သူနဲ့ အပြတ်ဆွေးနွေးဖို့လိုလာပြီ မေမေ .."

"ဆွေးနွေးခွင့်ရှိပေမယ့် ပြတ်ကြဖို့မလိုဘူး သား .."

"သူကတော့ ပြတ်သားကြဖို့ အဆင်သင့်ဖြစ်နေမှာပါ .."

"သူက သားကို အလွယ်တကူကွာရှင်းမှာမဟုတ်ပါဘူး .."

"ဒါပေါ့ .. ကျွန်တော်က သူ့အတွက် ဂျမ်းတုံးကြီးကို .."

"မဟုတ်ဘူး .. သူက ဂုဏ်သိက္ခာရှိတဲ့မိန်းမဖြစ်တဲ့အတွက် သားလိုဖြိုင်ဆိုင်ကျောချိုင်းမှာ မဟုတ်ဘူး .."

"အဲဒါ ဂုဏ်သိက္ခာမဟုတ်ဘူး မေမေ .. လူကို နဖားကြိုးထိုးပြီး ထင်သလို .."

"တော်တော့ သား မေမေ နားလည်လာတာ အထာ က အဲဒီလို မိန်းကလေးမဟုတ်ဘူး .. မေမေတို့ ထင်သလိုလည်း သူ မလုပ်ခဲ့ဘူး.."

ဒေါ်မေကြည်ဦး ကုမ္ပဏီလုပ်ငန်းမှာရှိသမျှ ဘတ်ဂျက်တွေကို စစ်ဆေးပြီးပြီဖြစ်သည်။ ဒီနေ့ထိ သိလာရသမျှမှာ ဘယ်ဘက်က ဝင်ငွေထွက်ငွေမှ တစ်ပြားတစ်ချပ် လျော့မနေတာပင် ..။

သူမ သုံးခဲ့တာတွေရှိသည်။ ဒါပေမယ့် ပြန်ထည့်ထားလို့သာ ပြန်ပြည့်နေတာမဟုတ်ဘူးလား ..။

ဒါတွေကို သူမ ဘာမှမရှင်းပြခဲ့ပေ ..။

သူမ မောင်တွေညီမတွေအတွက် ဒီထဲက ထောက်ပံ့နေတာမဟုတ်ကြောင်းပဲပြောသည်။ ယုံတာမယုံတာလည်း ဂရုမစိုက်၊ ထိခိုက်နစ်နာ

www.burmeseclassic.com

www.burmeseclassic.com



အောင် ရှုပ်ထွေးနေတာတွေကိုလည်း မကြားမသိသလိုနေခဲ့သည်။

အခုနောက်ပိုင်းမှာတော့ 'ကုမ္ပဏီမှာ အန်တီဦး လာစစ်ကြည့်လို့ ရပါတယ်'ဆိုသည့် စကားသံလေးထွက်လာခဲ့၏။

ဒါလည်း စစ်ကြည့်တော့ မကြည့်ထာတွေကို သူမ ဂရုစိုက်စောင့်ရှောက်ခဲ့နေခဲ့တာမဟုတ်ပေ ..။

"သူ အဲ့ဒီလို အပြောမခံတဲ့ မိန်းမမှန်း မေမေသိပါတယ်၊ အခု ကျွန်တော်တို့နဲ့ စာရင်းရှင်းတယ်ဆိုတာ သိလိုက်လို့ ချက်ချင်းကြီး တော်တယ်ကောင်းတယ် ဖြစ်သွားတာတော့ .."

"မဟုတ်သေးဘူး သား .. အထာ့ ကို ဒါကြောင့် မေမေ ချီးမွမ်းနေတာမဟုတ်ဘူး၊ ချီးမွမ်းချင်တဲ့စိတ်လည်း တစ်ခါမှမဖြစ်ခဲ့ဖူးဘူး၊ ဒါပေမယ့် သူလုပ်သွားတာ အရမ်းသေသပ်တယ်၊ မရှိသားတာ ဘာမှမပါဘဲ မရှိသားဘူးလို့ မေမေတို့ရှုပ်ထွေးနေကြတာကိုလည်း ဂရုမစိုက်ဘဲ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်နဲ့ ကြိုးစားသွားတာ .."

ကြည်ဖြူ က နှာခေါင်းရှုံ့ပွပွနှင့်မှဲ့၍ နာရိုင့်ကြည့်သည်။ ပြီးတော့ မွေ့ရာအစပ်မှာနောက်ပြန်သွားထိုင်လိုက်တာအိခနဲ ..၊

ဒေါ်မေကြည်ဦး က တစ်ချက်ပဲစိုက်ကြည့်ကာ ..၊

"သူ့မောင်အကြီးကောင်က ကုမ္ပဏီပိုင်ရှင်ဖြစ်နေပြီ၊ ငယ်တဲ့ကောင်လေးက ဆရာဝန်၊ ကဗျာ ဆိုတဲ့ကောင်မလေးကလည်း နိုင်ငံခြားမှာ လုပ်ငန်းတွေတောင် ဖက်စပ်ထူထောင်နိုင်နေပြီဆိုလား .. အဲဒါတွေအားလုံးက အထာ့ အရည်အချင်းတွေပဲ .."

နှာခေါင်းရှုံ့မဲ့ရွဲ့နေရင်းနဲ့ပဲ မေမေ့စကားတွေမှာ ကြည်ဖြူ တဖြည်းဖြည်း ငိုင်ကျသွားခဲ့သည်။ သူ့ရင်ထဲမှာ မေမေ ထင်နေသလောက်ကြီးတော့ မပေါ့ပျက်သေးပါ။

အထာ့ ကို သူချစ်ခဲ့သည်။ ခုလည်း ချစ်နေဆဲပဲဖြစ်၏။ ချစ်ခွင့်မရခြင်းကြောင့်သာ မာနစိတ်တို့က စည်းခြားလာခဲ့ပြီး သူ့ခြေလှမ်းတွေ ပိုကျဲလာခဲ့ရခြင်းဖြစ်သည်။



ဒါပေမယ့် ခုချိန်မှာတော့ ရပ်တန့်ဖို့က ခက်ခဲနေပြီဖြစ်၏။ မပေါသီတလည်း ကိုယ့်တစ်ယောက်တည်းရဲ့ ရင်ခွင်မှာပဲ ခြေစုံပစ်၍ ခိုနားခဲ့တဲ့ မိန်းတာလေး ..။

သူမရဲ့ အပျိုရွယ်တစ်ယောက်၏ ဂုဏ်သိက္ခာမှာ အလှတရား၊ အောင်မြင်မှုအားလုံးကို သူ့အတွက် ပုံအပ်ပြီး စွန့်စားခဲ့ရှာသူ ..။

ချောသောလှသော သာလွန်ကောင်းမွန်သော အရည်အချင်းကောင်းများနှင့် ထာဝရ ကတော့ သူ ချစ်ခဲ့ရသည့် မိန်းတစ်ယောက်မို့ သူမတို့နှစ်ယောက်ကို နှိုင်းယှဉ်ရွေးချယ်မည်ဆိုလျှင် ..၊

"သား .."

"ဗျာ ..."

"မေမေ ပြောတာ မှန်နေပြီပေါ့ ဟုတ်လား .."

"ဗျာ ..."

"ထာဝရ လို မိန်းကလေးမျိုးနဲ့ ယှဉ်ပြီးတော့တောင် ရွေးထုတ်ဖို့ခက်ခဲနေရတဲ့အထိ .."

"မေမေ .. ကျွန်တော် .."

"အဲဒါ ဘယ်သူလဲ .. အဲဒီလောက်ထိ စွဲလမ်းစရာ ဘာရှိလို့လဲ.."

ချစ်ခင်ကြင်နာခြင်းဆိုတာ အရည်အချင်းကောင်းတွေ အမြောက်အများ ပိုင်ဆိုင်ခြင်း မပိုင်နိုင်ခြင်းနဲ့ ဆိုင်လို့လား ..။

မေမေ့ မေးခွန်းကိုမဖြေဖြစ်ဘဲ ဘာမှလည်းမပြောနိုင် ..။

"မင်းနဲ့ အတူတူ တိုးပွားလာမယ့် ငွေ့ရဲ့ သားသမီး မိသားစုကိုပြောရဲ့ သူ့မောင်တွေ ညီမတွေအပေါ်မှာတောင် အထာ ဘယ်လို ခေါင်းဆောင်လမ်းပြခဲ့သလဲ၊ ဒီကလေးတွေရဲ့ ပစ္စုပ္ပန်ကိုကြည့်တာနဲ့သိတယ်.."

အထာ့ အကြောင်း အကောင်းတွေမြင်လာခဲ့တဲ့ မေမေ့ကို သူ [illegible]ပါ။ ကိုယ့်လုပ်ရပ်တွေကို ပြန်လှည့်ငြိုငြင်နေတာကိုပဲ စိတ်ညစ်လာမိသည်။

ဒီအခြေအနေမျိုး အထာ နဲ့ လက်ထပ်စတုန်းကသာ[illegible]မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ထာဝရ ရဲ့ အိမ်ထောင်ရေးက ဒီပုံစံဖြစ်လာချင်မှ လာလိမ့်မည်။

ခုတော့ မေမေ့ ဒေါသတွေ အထာ့ အပေါ် ထောက်ပြသည့် ငြိုငြင်ဖွယ်ပြစ်ချက်တွေကို သူ နေ့စဉ်ကြားနေခဲ့ရသည်။ အထာ ကလည်း အချိန်တိုင်း အလုပ်နဲ့ သူ့မောင်တွေ သာကြောင်းမာကြောင်းသတင်းမှ လွဲပြီး ကိုယ့်အတွက် အချိန်ပေးဖို့ဆိုတာ ခေါင်းထဲလည်းမထည့်၊ စိတ်ကူးထဲမှာလည်း ရှိပုံမပေါ်ခဲ့ ...။

ထို့ကြောင့် မပြည့်ဝသော အလိုမကျမှုတွေပေါ်မှာ ပြစ်ချက်တွေ တိုးသထက်တိုး၍ ဒီနေ့ သူ့ရင်ထဲမှာ အထာ က ဘယ်လိုနေရာမှာ ဘယ်လောက်ထိ နက်ရှိုင်းစွာရှိနေခဲ့သလဲဆိုတာ ကိုယ်တိုင်တောင် မသိတော့တဲ့အထိ ...။

"သား မသိရင် မေမေ ပြောပြမယ်၊ အထာ တို့က အစတည်းက အသိုင်းအဝိုင်းဂုဏ်မကြီးမားပေမယ့် နိမ့်ပါးတဲ့မျိုးရိုးတော့ မဟုတ်ဘူး၊ အခုဆို သူ့မောင်တွေက လူချမ်းသာလူကုံထံတွေဖြစ်နေကြပြီ၊ အစက ဂရုမစိုက်ခဲ့ပေမယ့် အခု ဂရုစိုက်ဖို့လိုလာပြီ သား .."

"အခု ပိုပြီးမစိုက်သင့်တာမဟုတ်ဘူးလား .. သူ့လိုမာနမျိုးနဲ့ ခုကျမှ ဂရုစိုက်လာတယ်လို့ သူ မြင်သွားရင် .."

"ဘယ်လိုဖြစ်ဖြစ် လင်နဲ့မယားဆိုတာ မာနမထားရဘူး၊ မေမေတို့ အခြေအနေကလည်း သူတို့ချမ်းသာလာတာလောက်ကို ဂရုစိုက်စရာလိုလို့လား .. ဒါပေမယ့် ထာဝရ ဘယ်လိုမိန်းမမျိုးလဲဆိုတာ သတိထားနေကြတဲ့ ယောကျ်ားတွေက အထင်ကြီးလေးစားတဲ့ မျက်လုံးတွေနဲ့ ဝိုင်းဝိုင်းလည်နေတာပဲ၊ အဲဒါတွေလည်း မင်း မသိဘူးမို့လား .."

သူ တကယ်ကို ဂရုမစိုက်ဘဲနေခဲ့တာပါ။ သူမက ယောကျ်ားတိုင်း သတိထားမိလောက်အောင် ဆွဲဆောင်မှုရှိတဲ့ မျက်နှာကိုယ်ဟန်ကရှိပြီး သား ...။

စီးပွားရေးလောကမှာ ထိပ်ဆုံးက ပါဝင်လာခဲ့ပြီဆိုတော့ ဒီတိုင်း ရှိလာကြတာ ဆန်းတော့ မဆန်းပေ ...။ ကြည်ဖြူ မျက်နှာကြီးမှာ မဲ့ပြုံး



တွေ လျှောင်ရိပ်တွေ ပျောက်ဆုံးခဲ့ပြီဖြစ်၏။

"သားရယ် .. အရင်တုန်းက တော်က သာအေး ပေမယ့်လည်း ဆွေ့ငြင်နန်းမှာစံပြီး သံလျက်ကိုင်နေပြီဆိုရင်တော့ ဒူးတုပ် ဘုရားထူးရမှာပေါ့ .."

မျက်နှာပေါ်က ရာသီဥတုကို အကဲခတ်ပြီး ဒေါ်မေကြည်ဦး အသာ လှည့်ထွက်လာခဲ့သည်။

အမြဲတမ်း ကိုယ်လိုချင်တာရနေသည့် သူက ထိုအရာကို သူများက ယူသွားတာမျိုးကြုံလိုက်ရသည့်အခါ ...။

အမြဲတမ်း ကိုယ့်ခြေထောက်အောက်မှာ ခေါင်းငုံ့ပိပြားနေတဲ့ သူ ကို ကိုယ်အထင်ကြီးအားကျနေရသည့် ပတ်ဝန်းကျင်လူထုက လေးစား အားထားနေကြတာကို မြင်ရသည့်အချိန် ...။

ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်တော့လည်း ဒါတွေကို ကိုယ်ပြန် ယူဖို့နည်းလမ်း အင်အားများစွာ ပျောက်ဆုံးကုန်ခမ်းနေပြီဖြစ်သည့် နောက် ...၊

ဒေါ်မေကြည်ဦး ၏ မျက်နှာသည် သားကို နားလည်စေချင်သော အနေတို့ဖြင့် ရီဝေအုံ့မှိုင်းနေခဲ့၏။ ပြီးတော့ ရင်ထဲမှာ တိုးတိတ်စွာရေရွတ် နေခဲ့သည် ...

'ထာဝရ ကို လက်လွှတ်ခံလို့မဖြစ်'

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ညက သူ ပြန်လာတော့ မင်းမရှိဘူးမို့လား သား .."

"ကျွန်တော်က သူ ပြန်လာဖို့ခေါ်တာ တွေ့ချင်လွန်းလို့မှမဟုတ်တာ မေမေ .. ကိုယ့်ကိုလေဆိပ်မှာလာကြိုဖော်တောင်မရဘဲ ဟိုတယ်လ်မှာ အခန့်သားသွားပြီး အပန်းဖြေနေတဲ့မိန်းမကိုအိမ်ကနေငုတ်တုတ်ထိုင်စောင့်နေရမှာလား .."

"မင်း ပြန်ရောက်နေပြီပဲ သားရယ် .. တစ်ခေါက်ထပ်ထွက်သွားတာက တမင်လုပ်တာပဲ၊ မိန်းမနဲ့ ပြိုင်ဆိုင်ရှုတတ်တာ ယောကျ်ားကောင်းအလုပ်မဟုတ်ဘူး .."

မေမေနဲ့ မဆုံမိအောင် အိမ်ထဲပြန်ဝင်နေလိုက်တာတောင် သူ ထွက်သွားတာကို ဘယ်လို [illegible]သွားတာလဲ ..၊

"ဩော် .. ကိုမောင် နိုးနေပြီလား .."

သားအမိနှစ်ယောက် ပြန်လှည့်ကြည့်လိုက်တော့ ထာဝရ က သူ့ကိုလာနှိုးတာဖြစ်ကာ နိုးနေပြီမှန်းသိတော့ ပြန်လှည့်ထွက်သွား၏။

"အထာ .."

ကြည်ဖြူ က လှမ်းခေါ်လိုက်ကာ ..၊

"မင်းက ငါ့ကိုလာကြည့်တာလား .."



အထာ က ဖျတ်ခနဲလှည့်ကြည့်၏။ ပြီးတော့ ခေါင်းမကြည့်ဦး ဆိုချက်လုံးတစ်ချက်ဝှေ့လျက် ..၊

"ကိုမောင့် ကို လာနှိုးတာလေ၊ နိုးနေတာမြင်လို့ပြန်ထွက်လာတာပါ .."

"ဟွန်း .."

ဘာကိုပြောချင်နေမှန်းမသိသောအကြည့်တို့နှင့် ကြည်ဖြူ က မှဲ့သည်။ လက်ဖက်ရည်သောက်ရအောင် ဆင်းခဲ့နော် ဘာညာဘာမှမပြောဘဲ လူကိုကြည့်ပြီး လှည့်ထွက်သွားရလား ..၊

ဒီက မနိုးသေးဘူးဆိုရင်ရော လင်နဲ့မယားအိပ်ရာကနိုးတာ ဘယ်လိုနိုးရသလဲ ဒီမိန်းမ ကျွမ်းကျင်လိမ္မာခဲ့တာ ဘာရှိလို့လဲ ..၊

နေရာတကာ သင်းလောက်လိမ္မပါးနပ်လိုက်တာမရှိ၊ ကိုယ် တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးပေါ်မှာဆို ကျောက်ရုပ်တစ်ရုပ်နဲ့ မခြား ..။

အသည်းနှလုံးကိုမရှိတာလား .. ကိုယ့်အပေါ်မှာပဲ မခံစားတတ်တာလား ..။

ဒီလိုဇနီးမယားအပေါ်မှာ သူ သည်းမခံနိုင်တာ အပြစ်မရှိဘူးလို့ပဲ ထင်သည်။ ကိုယ့်ဇနီးမယားအပေါ်မှာ သာယာချင်လို့ အနားကပ်သွားမိတိုင်း သူမရဲ့အချိန်တွေက ကိုယ့်အတွက်မရှိဘဲဖြစ်နေတာ ဘယ်လိုခန္ဓိပါရမီနဲ့ သည်းခံရမလဲ ..။

မကျေနပ်ချက်တို့ဟာ သူမ မျက်နှာလှလှလေးကို မြင်လိုက်ရတိုင်း သူတယ်ထင်လို့တောင် ခံစားလို့မရတော့တဲ့အထိ ..၊

"အထာ .. မင်းကို ငါ မေးထားတာ မင်း ပြန်မဖြေသေးဘူးနော်.."

"ဖြေနေတာပဲလေ .. ကိုမောင့် ကို အထာ လာနှိုးတာ .."

"အဲဒါမဟုတ်ဘူး .."

သူမရဲ့ ထူးခြားသောအကျင့်ကောင်းတစ်ခုသည် မေ့လျော့တယ်ဆိုတာမရှိတတ်ခြင်းပဲဖြစ်၏။ မပြီးပြတ်သည့်စကား .. မေးခဲ့ဖူးသည်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုခု ...။

ဤသို့သော အကြောင်းတွေကို သူမ မေ့သွားတယ်ဆိုတာမရှိခဲ့သေ[း] လေ ...။

သူမကို မြတ်နိုးနေခဲ့စဉ်ကာလတုန်းကတော့ သူကိုယ်တိုင် သဘော ကျပြီး စနောက်ခဲ့သေး၏။

"ပြောပါဦး မင်းက ဦးပေါ်ဦးနဲ့ ဘယ်နှစ်ဘဝလောက်ခြားခဲ့တဲ့ မျိုးဆက်လဲ ..." လို့ ...။

"အဲ့ဒါ ကိုမောင် က မေးခဲ့တာမှမဟုတ်ဘဲ၊ ကိုမောင် သိတာကို ပြောသွားတာပါ၊ သိပေမယ့် မမေးဘူးလို့တောင် ပြောသွားသေးတယ်-

သူ မျက်မှောင်ကုတ်သွားခဲ့သည်။ သူ တကယ် ဒီတိုင်းပြောခဲ့သ[လား] လား ...။

သူများကို အချက်ကျကျမေးခွန်းထုတ်လိုက်ပြီးမှ ကိုယ့်ဘက်ပြ[န်] လှည့်လာတော့ ကြောင်တောင်တောင်ဖြစ်သွားသည်။ ပြီးတော့ သူ[မ] မျက်နှာကို စူးစိုက်ကြည့်မိသည်။ ပြီးတော့ သူမ တစ်ကိုယ်လုံးကို စုန်ဆ[န်] ကြည့်မိ၏။

အနက်နှင့် ကြက်သွေးရောင်စက်ဝိုင်းတွေပါသည့် ဒူးကျစက ထူထူလေးနှင့် လည်ဟိုက်အင်္ကျီအနီရဲရဲကို ဝတ်ထားကာ အနက်ရော ကုတ်အင်္ကျီရှည်ကို ထပ်ဝတ်ထား၏။

သူမ ကိုယ်ပေါ်မှာ မြန်မာဝတ်စုံတွေ၊ စကတ်ကျပ်အရှည်တွေ အတိုတွေအပြင် ဘောင်းဘီရှည်တွေဆိုလည်း အကုန်ဝတ်၏။

သွယ်၍ တင်းပြည့်သော သူမကိုယ်ခန္ဓာအလှက ပုံတုံးတာဝ ထားလည်း လှသည်။ ခေတ်ဆန်ဆန်တွေနဲ့လည်း လိုက်ဖက်၏။ အဝ အစားဘယ်လိုဝတ်ဝတ် မပြောင်းလဲတာက သူမရဲ့ မျက်နှာပဲဖြစ်လေသည်။

ဘယ်လိုနေနေ ဘယ်လိုပြောပြော သူမ မျက်နှာက အေးဆေးတည် ငြိမ်နေတတ်ကာ သူမကို မပိုင်ဘဲ ဒေါက်ဖြုတ်ဖို့ကြိုးစားမိလိုက်တိုင်



ခုလိုမျိုး ...။

"အထာ မမေ့ပါဘူး .. အခု ကိုမောင် သိချင်တယ်ဆိုရင်လည်း ဖြေလို့ရပါတယ် .."

သူမက သူ့မျက်နှာကိုပြန်၍စိုက်ကြည့်ပြီး တိတ်ဆိတ်စွာနေသည်။ သူကလည်း ဘာပြောလာမလဲဆိုတာကို စောင့်နေခဲ့၏။ သို့သော် သူမ ဒီတိုင်းလှည့်ထွက်သွားလျှင် ...။

"ဟော့ .."

စိတ်က ထောင်းခနဲတိုသွားကာ သူမ လက်ကို ဖမ်းဆွဲထားလိုက်ပြီး ...။

"မင်းနဲ့ငါ စကားပြောနေတာ မပြီးသေးဘူး .."

"ဒါ လက်ဖက်ရည်သောက်တဲ့ အချိန်လေ .."

"ငါက မင်းနဲ့စကားပြောဖို့ကို တိုင်မာခေါ်နေရဦးမှာလား .."

အထာ က သူ ကိုင်ထားသည့်လက်ကိုဖယ်ချပစ်လိုက်ပြီး အေးစက်၍ တည်ငြိမ်စူးရဲနေသော မျက်ဝန်းတို့နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်တာ ...။

"ကိုမောင် နဲ့ အထာ ကြားမှာ မလိုလားအပ်တဲ့ ပြဿနာတွေရှင်းနေရတာက စိတ်ပျက်ဖို့ကောင်းတဲ့ဆိုးကျိုးတွေ ဝင်လာတာပဲ ကိုမောင်.."

"ဘာ ..."

"ကိုမောင် က မေးရင် ဖြေဖို့ရှိတယ်၊ ကိုမောင် ဘာမှမမေးတာကို အထာ က ဒီမှာရပ်ပြီး ဘာလုပ်နေရမှာလဲ .."

"မင်း လုပ်နေတာတွေက ဘာမှမပတ်သက်ကြတဲ့ လူမှုဆက်ဆံရေးအတိုင်း ဝတ္တရားဆန်နေတာမဟုတ်ဘူးလား .."

"ဘာမှမပတ်သက်ဘူး .. ပတ်သက်တယ်ဆိုတာတွေကလည်း ကိုမောင် ပဲတွေးနေတာတွေပါ၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲလေ၊ သိစိတ် မသိစိတ်ဆိုတာလည်း ကိုယ်တိုင်က မသိချင်လို့ မတူးဖော်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ထားတဲ့စိတ်ပဲ ..”

“မင်း ဘာပြောချင်တာလဲ ..”

“ကိုမောင် ဘာပြောချင်တာလဲပဲ ကိုယ့်ကိုယ်ကိုယ် မေးကြည့်လိုက်ပါ၊ ဘာမှမပြောတဲ့ ကိုမောင့် စိတ်ကို ဖတ်နိုင်ဖို့ထိတော့ အထာ ကလည်း..”

“နေဦး မင်းပြောတာက မင်းကိုပဲ ငါက မကောင်းတဲ့စိတ်နဲ့ကြည့်နေတယ်ပေါ့ .. ဟုတ်လား ..”

“ကိုမောင် မေးချင်တာ အဲဒါလား ..”

“ဟုတ်တယ်ဆိုရင်ရော ..”

“ဟုတ်တယ်ဆိုပေမယ့် ဒီမေးခွန်းကို အထာ မဖြေနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူ့စိတ် ဘယ်လိုဆိုတာ အကဲခတ်ဖို့ အထာ စိတ်မဝင်စားဘူး ..”

“အထာ ...”

ကြည်ဖြူ က အထာ့ ပခုံးလေးနှစ်ဖက်ကို သူ့ဘက်ဆွဲယူလိုက်၏။ ပြီးတော့ မိတ်ကပ်ပြေပြေလေးနှင့် ညက်နေသော ဝင်းနုသည့် မျက်နှာလေးကို စိုက်ကြည့်၍ ...၊

“မင်းနဲ့ အပေးအယူတွေတည့်နေတာ ဘယ်ကကောင်လဲ၊ ဘာအတွက် ပေးယူနေတာလဲ .. ဒီမေးခွန်းကိုတော့ မင်း စိတ်ဝင်စားမှာပါ..”

အထာ က နှုတ်ခမ်းလေးကို ဖိပိတ်ပစ်လိုက်၏။ ပြီးမှ မေးဖျားလေး ပင့်ပြီး ခေါင်းညိတ်ကာ ...၊

“အထာ က ဘယ်အလုပ်ကိုပဲလုပ်လုပ် ကိုယ်လုပ်တဲ့အလုပ်တိုင်းအပေါ်မှာ စိတ်ဝင်စားပါတယ် ..”

“သိတယ် .. အဲ့ဒီတော့ ငါမေးတာကိုအတိအကျဖြေ ..”

“အထာ နဲ့ မကြာသေးခင်ကမှ သိတဲ့အသိတစ်ယောက်ပါ ..”

“မယုံဘူး ..”

“ကိုမောင် မေးလို့ပြောပြနေတာလေ ..”



ယုံဖို့မယုံဖို့က အရေးမကြီးဘူးလို့ပြောနေသည့်နှယ်၊ အထာ့ ချက်ဝန်းလေးတွေက စူးလက်နေ၏။ ကြည်ဖြူ က မဲ့လိုက်ပြီး ...၊

“ဟုတ်ပြီ .. ဘာလုပ်ကြတာလဲ ..”

“အထာ့ အတွက် အရေးကြီးတဲ့ အလုပ်ကိစ္စတစ်ခုပါ၊ ဒီ့ထက်ပိုတဲ့ မရိုးသားမှု ဘာမှမပါဘူး ..”

“ဟွန်း .. ယုံချင်စရာမရှိပေမယ့် ထားလိုက်ပါတော့ ..”

“ဒါဆို အထာ က ပြန်မေးလို့ရပြီထင်တယ် ..”

“ခင်းပဲ လက်ဖက်ရည်သောက်ချိန်ဆို ..”

အထာ က ငေးခနဲကြည့်လိုက်ပြီးမှ ခေါင်းညိတ်ကာ တိတ်ဆိတ်စွာ ထွက်ခွာသွားသည့် ဒေါ်မေကြည်ဦး ရပ်နေခဲ့သည့်နေရာကိုတစ်ချက်ကြည့်၍ ...၊

“မမေးတော့ပါဘူး ..”

ပြောပြီးတာနှင့် ခြေလှမ်းပြင်လျှင် ...၊

“ဘာမေးမလို့ပဲ ..”

လက်ကို ဖျတ်ခနဲဆွဲလိုက်ပြီး ...၊

“မေး ...”

“ကိုမောင် ခရီးသွားတာ တစ်ယောက်တည်းလား .. နှစ်ယောက်လား ..”

အံ့ဩသလိုဖြစ်သွားပြီးမှ ကြည်ဖြူ့ မျက်နှာမှာ ရှောင်ရိပ်သမ်း၏။ ဘယ်ကဘယ်လို သတင်းတွေပေါက်ကြားသွားတာလဲ ဒါပေမယ့် သူ ခရီးသွားသည်လို့ပဲ ထင်နေကြတာကတော့ သူ့အတွက် အားသာချက်ဖြစ်နေသေးရာ ...၊

“မင်း ခုတစ်လော ငါ့အကြောင်းကို စိတ်ဝင်စားလာသလားပဲ ..”

“အမြဲတမ်း စိတ်ဝင်စားပါတယ် ကိုမောင် .. တစ်ယောက်နဲ့တစ်ယောက် ဘဝတွေပုံအပ်ပြီး ကာမပိုင်အိမ်ထောင်ဖက်တစ်ခု တည်ဆောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပြီးမှ တစ်ယောက်ခြေလှမ်းကိုတစ်ယောက်က ကျားချောင်းသလို လိုက်ချောင်းနေဖို့မှ မလိုတာ၊ အထာ့ကိုယ် အထာ အဲ့လိုအလုပ်တွေနဲ့ စိတ်မောလူမောဖြစ်နေရမယ့် မိန်းမမျိုးဖြစ်ရလိမ့်မယ်လို့လည်း မထင်ခဲ့ဘူး ..."

"ခုတော့ မင်းက .."

"ခုလည်း မဖြစ်ပါဘူး .."

သူမလေသံက တကယ်ကို ဝေဒနာအညစ်အနွမ်းကင်းစင်လျက် ကြည်လင်ပြတ်ရှစွာရှိနေခဲ့ပြီး ...၊

"ပုထုဇ္ဇဉ်ပီပီ ခံစားတတ်တယ် ဝမ်းနည်းစရာကြုံရင်လည်း ငိုချင်တာပဲ၊ ဒါပေမယ့် ခံစားချက်တစ်ခုနောက်ကို အထာ့ ရဲ့ အတွေးတွေ၊ စိတ်ကူးမျှော်လင့်ချက် အကုန်ထည့်ပြီး ဘယ်တော့မှ နစ်မွန်းအောင် မလုပ်ဘူး .."

"လူတိုင်းသိတယ် အထာ .. ဘယ်လိုနေတတ်ရင် မြတ်တယ်၊ ဘယ်လိုနေတာ ရှုံးတယ်၊ အဲ့ဒါတွေကို လူတိုင်းသိတယ်၊ ဒါပေမယ့် အသိကိုရှိအောင်လုပ်ဖို့ကခက်တာ၊ မင်းမှ မခံစားတတ်ဘဲ မခံစားတတ်လို့ မခံစားရတာကို ဆရာမကြီးစတိုင်နဲ့ ပြောမနေစမ်းပါနဲ့ .."

"ဘာကို မခံစားရတာလဲ .. ဟင် .. အထာ ဘာမှမခံစားတတ်ဘူး၊ ဘာမှမခံစားရဘူးလို့ ကိုမောင် ဘာနဲ့တိုင်းတာကြည့်လိုက်တာလဲ .."

"မင်းကိုပဲကြည့်နေတာပါ .. မင်းရဲ့ ပစ္စုပ္ပန်တိုင်းက အမြဲလတ်ဆတ်နေတာလေ၊ ငါ့ကိုရော မင်းရဲ့အိမ်ထောင်ရေးကိုရော မင်းခေါင်းထဲမှာ အလေးအနက်ထားခဲ့လို့လား .."

"အခု အလေးအနက်ရှိခဲ့တာတွေ အထာ ပြောနေတာပါ .."

"ငါ ခရီးသွားတာ ဘယ်နှစ်ယောက်ဖြစ်တော့ မင်းအတွက် ဘာဖြစ်သွားနိုင်သလဲ .."

"အထာ မေးတာကိုဖြေပြီးမှ ပြန်မေးပါလား ကိုမောင် .."



ကြည်ဖြူ မျက်နှာပျက်သွားသည်။ ပြီးတော့မှ ပြုံးလိုက်ပြီး —

"နှစ်ယောက် .."

"ဘယ်သူနဲ့သွားတာလဲဆိုတာ ကိုမောင် ပြောပြချင်မှာမဟုတ်ဘူး၊ ဒါပေမယ့် သိတယ် .."

ဟင်!...၊

နောက်ထပ် ခေါင်းနားပမ်းကြီးသွားခြင်းက ဟန်မဆောင်နိုင်စွာ ဖြစ်လျက် ကြည်ဖြူ မျက်လုံးအကြောင်သားဖြစ်သွား၏။ အထာ့ မျက်ဝန်းမှာ မျက်ရည်စတို့ဝေ့သီနေတာမြင်လိုက်ရသဖြင့် အံ့ဩမှင်တက်ခြင်းက ပို၍ကြာရှည်ခဲ့ပြီး ...၊

"သူ ဘယ်သူလဲဆိုတာ အထာ မသိဘူး၊ ကိုမောင့်ကိုလည်း မမေးချင်ဘူး၊ ဒါပေမယ့် ကိုမောင် သူ့ကိုဖြတ်ဖို့ကြိုးစားပါ၊ အပျော်သဘောအတွက်နဲ့ တစ်ဖက်က မိန်းကလေးကို အညွှန့်ကျိုးစေတာမကောင်းပါဘူး၊ ကိုမောင့် မှာ ကာမပိုင်ဇနီးမယားရှိနေတဲ့အတွက် ကာမေသုမိစ္ဆာစာရင်းကို ကျူးလွန်ရာလည်းရောက်တယ် .."

"အထာ .. ဒါတွေကို မင်းကို ဘယ်သူပြောတာလဲ .."

"ဘယ်သူပြောတယ်ဆိုတာ မလိုပါဘူး .. ကိုမောင်နဲ့ ပတ်သက်ပြီး အထာ က မခံစားတတ်ဘူး၊ အလေးအနက်မထားခဲ့ဘူးဆိုတာတွေအတွက် သိစေချင်တာ .."

"ဘာပဲဖြစ်ဖြစ် အတင်းအဖျင်းပြောချင်လို့ ကိုယ့်အိတ်ထဲကစိုက်ပြီး အပင်ပန်းခံလိုက်တဲ့လူတွေဆေးတဲ့ သတင်းမျိုး မင်းကြားတာပေါ့.."

"ဘာပဲဖြစ်ဖြစ်ဆိုတာက ကိုမောင် ဝန်ခံတာပဲမို့လား .."

"ခရီးထွက်တာမထွက်တာ ငါ့စိတ်နဲ့ ငါ့ကိုယ်ပါ.."

"ဒါဆိုလည်း ခရီးထွက်သွားပါတယ်လို့ ကိုမောင် ညာပြောသွားဖို့ မလိုပါဘူး .."

ကြည်ဖြူ မျက်နှာ မလုံမလဲပုံဖြစ်သွား၏။ ဘယ်လိုပဲ ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



တင်းထားသော်လည်း မျက်လုံးချင်းမဆုံမိအောင် လွှဲထားမိလျက် …၊

"အဲ့ဒါ မေမေ့ကြောင့် …"

"ဟုတ်ပါပြီ … ဒါဆို အထာ က ခရီးဦးကြိုပြုတဲ့အတွက် ခနဲ့တာရွဲ့တာတွေထပ်မပြောဖို့တော့ ဖြစ်တယ်မို့လား …"

"အခု မင်းကရွဲ့နေတာ …"

"ဒီလောက်တော့ ကိုမောင် လည်း သည်းခံသင့်တာပဲလေ …"

မျက်တောင်ရှည်တွေ တဖျတ်ဖျတ်ခတ်ပစ်ရင်း မျက်ရည်စတို့ကို သိမ်းဆည်းမိ၏။ သူမ လှည့်ထွက်လာတော့ ကြည်ဖြူ က နောက်က နေပါလာခဲ့ပြီး …၊

"မင်း အဲ့ဒါတွေကိုပြောပြပြီး မေမေ့ကို မစည်းရုံးနဲ့ အထာ …"

"ကိုမောင် ကလည်း မရပ်တန့်ဘူးဆိုရင်တော့ …"

"အထာ …"

နောက်ထပ် သူမလက်ကိုဆွဲထားလိုက်ပြီး …၊

"ဒါကြောင့် မေမေက ငါ့ကိုဆူတာလေ၊ မင်း … မင်းရဲ့အကျင့်အတိုင်း ပညာရှိစကားတွေနဲ့ မေမေ ရိပ်မိအောင်ပြောလိုက်တယ်မို့လား…"

အထာက မျက်ရည်ရောင်လက်နေသည့် မျက်ဝန်းလေးတွေနှင့် ပြန်ကြည့်ကာ …၊

"ဘာဖြစ်လို့ ဒီလိုမေးတာလဲ ကိုမောင် … အထာ က သားအမိကြားမှာ ဒီလိုစကားတွေပြောပြီး ခလောက်ဆန်အောင်လုပ်မယ့် မိန်းမပုံပေါက်နေလို့လား …"

ကြည်ဖြူ့ မျက်လုံးတွေက မသက်မသာကြည့်နေဆဲနှင့် ဘာမှတော့ထပ်မပြောပေ …။

ပြီးတော့ ဆုပ်ကိုင်ထားသည့်လက်ကို တဖြည်းဖြည်းလွှတ်၍ …

"ငါ့ဟာ ငါ ဘယ်လိုက်ကိုပဲကျူးလွန်နေနေ ငါက အဲ့လိုကောင်မျိုးဝဲလို့ ထားလိုက်တော့ …"



"ဘယ်လို …"

"မင်း သည်းခံနိုင်နေတာပဲ … မျိုသိပ်ထားနိုင်တယ်ဆိုတာ ပေါက်ကွဲဖို့အဆင်သင့်မဖြစ်လို့ပဲ …"

"ကိုမောင် က အထာ ပေါက်ကွဲတဲ့အထိ ရှေ့ဆက်နေချင်တာလား … ဒါမှမဟုတ် ဘယ်လိုမှ မရပ်တန့်နိုင်ပါဘူးလို့ ပြောလိုက်တာလား …"

"နှစ်ခုစလုံးပဲထင်တယ် …"

"တစ်ခုမှ မလုပ်ပါနဲ့ ကိုမောင် …"

အထာ က မထင်မှတ်စွာတောင်းပန်လာခဲ့လျက် အဖျားခတ်တုန်ခါနေသော စကားသံတို့ကို ငိုသံစွက်လျက် …၊

"အထာ့ ဘက်ကိုမကြည့်ရင်တောင် မီဘနဲ့ ကိုမောင့် ဂုဏ်သိက္ခာကို ငဲ့ညှာပါ၊ ပြီးတော့ အထာ တို့မှာ ရင်သွေးရတနာရှိလာခဲ့ရင် ကိုမောင် ဒီအမည်းစက်တွေအတွက် ပြင်ဆင်ခွင့်မရနိုင်တော့ဘူးဆိုတာ …"

"အခု မင်းမှာရှိနေလို့လား …"

အထာ အသံတိတ်သွားတော့ ကြည်ဖြူ က ခပ်မဲ့မဲ့ကြည့်ပြီးရယ်သည်။ ခါးလောက်ရှည်သည့်ဆံနွယ်တွေက ခပ်တွန့်တွန့်လှိုင်းသေးသေးတွေနှင့် တစ်ခါတစ်လေ နဖူးနဲ့ နားသယ်စပ်က ဆံပင်တွေကို ကျစ်ဆံမြီး အသေးလေးတွေကျစ်ပြီးတွဲလွဲချထားတတ်သေးသည်။

နဖူးက ဆံပင်တွေကို သိမ်းတင်ထားပြီး ကျစ်ဆံမြီးလေးတွေ ရောသောချထားတဲ့အခါ ထာဝရ ဆိုသည့် သူမရဲ့မျက်နှာလေးက တက္ကသိုလ်ကျောင်းသူလေးတွေရှုံးအောင် နုငယ်လတ်ဆတ်သည့်အလှတို့နှင့် လင်းလက်နေတတ်၏။

အလုပ်တွေ ဘယ်လောက်ရှုပ်ပါစေ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အလှအပအတွက်တော့ သူမက အချိန်ပေး၏။ ဖုန်းပြောရင်း လက်သည်းခြေသည်းအလှကိုပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက် အလုပ်ကခဏတစ်ဖြုတ်ထသည့်အခါ သူမရဲ့ စိတ်အပန်းဖြေခြင်းက ဆံပင်ကိုင်ခြင်းဖြစ်၏။ မှန်တင်ခုံရှေ့မှာ ပြေးထိုင်ဖို့မလိုဘဲ ဝရန်တာမှာ မတ်တတ်ရပ်၍လုပ်သည်။

ညှော်ခန်းမှာလျှောက် အောက်ထပ်ဆင်းရင်း တစ်ခါတစ်လေ မှန်တင်ခုံရှေ့မှာ ..၊

သူမရဲ့ အမျိုးမျိုးသော အချိန်တွေထဲမှာ ကိုယ့်အတွက် ဘယ်အချိန်လဲဆိုတာ ရှာဖွေရင်း စိတ်မောလူမောနှင့် အိပ်ပျော်ခဲ့ရသည့်ညတွေ ဘယ်လောက်တောင်ရှိခဲ့သလဲ ..။

တွေးမိတော့ နာကျင်တာတွေက ခေါင်းထောင်လာခဲ့၏။ ထို့ကြောင့် သူမရဲ့ သေသပ်လှပစွာ သုံးစွဲတတ်ခဲ့သော အချိန်ဇယားတွေအတိုင်း သူမရဲ့ လှုပ်ရှားမှုတွေက သူ့အတွက် ခါးသီးခဲ့ရ၏။

ဘယ်သူတွေက သူမကိုတော်သည် လှသည်လို့ ပြောကြတာလဲ..။

သူ့မျက်လုံးထဲမှာ သူမရဲ့ပုံရိပ်တိုင်းက အလှအပတွေမဟုတ်ဘဲ စိတ်ပျက်ဖွယ်သာဖြစ်လျက် ..၊

"မင်းမှာ ငါ့ရင်သွေးရှိနေပြီဆိုရင်ပြောလေ .. အဲဒီနေ့ကစပြီး ငါ ဆင်ခြင်မယ် .."

"ရှင်နဲ့ အထာ သဘောတူပြီးသားပဲ ကိုမောင် .. စီးပွားရေးကို အရင်ဖောက်ချဦးစားပေးပြီးမှ ကလေးယူကြမယ်ဆိုတာ .."

"ဟား .. ဟား .. ဟား .." သူက တမင်အော်ရယ်ပစ်လိုက်ကာ..၊

"အခု စီးပွားရေးက မင်း သတ်မှတ်တဲ့လစ်မစ်ကို မရောက်သေးတာလား .. ဒီလိုလား .."

ရယ်ရင်းမေးရင်းနှင့် မေးခွန်းတွေ ဆက်တိုက်ထွက်လာခဲ့လျက်..၊

"ပြောပါဦး မင်းနဲ့ ငါ့ရဲ့ ဘယ်ရတုမှာ ကလေးယူကြမှာလဲ .."

"ကိုမောင် အိမ်ထောင်ပြုတာ သားသမီးရရေးအဓိကလား .."

"ဒါဆို မင်းကိုပဲ ငါမေးပါရစေ .. မင်း ငါ့ကို ယူတာကရော



ဘာအဓိကလဲ၊ မင်းတို့မောင်နှမရဲ့ ရည်မှန်းချက်ပန်းတိုင်တွေ ပြီးမြောက်ဖို့လား .. ငါ့ရဲ့ ဖနီးကောင်းတစ်ယောက်ဖြစ်ဖို့လား .."

"မိန်းမတစ်ယောက် မွေးဖွားလာခြင်းဟာ ယောကျ်ားတစ်ယောက်ရဲ့ ဖနီးကောင်းဖြစ်ဖို့ပဲမဟုတ်ဘူး .. အဲဒီမိန်းမမှာ ရွေးချယ်ပိုင်ခွင့်တွေ အများကြီးရှိတယ် .."

"ဒါဖြင့် မင်း ရွေးချယ်လိုက်တာ ဘာလဲ .."

"မေးခွန်းတိုင်းကိုဖြေဖို့မလိုဘူး ကိုမောင် .. ကိုမောင် သိချင်လို့မေးတာလည်းမဟုတ်ပါဘူး အထာ သိတယ်၊ ဖြေရမယ်ဆိုရင်လည်း ဆက်ရန်ရှိသေးသည်ပဲ ထားလိုက်ပါ .."

သူမ နာရီကြည့်လိုက်သည့်ခဏမှာပဲ ဖုန်းသံမြည်လာတာ ကြားလိုက်ရသည်။ သူမ ဖုန်းထုတ်ကိုင်လိုက်လျှင် ကြည်ဖြူ က သူမရဲ့ကိုယ်လေးကို ဆွဲဖက်ထားလိုက်၏။

ပြီးတော့ မျက်နှာလေးကို အတင်းမော့ယူလိုက်သည်။ အထာ က ရှောင်တိမ်းနေရင်း ..၊

"အင်း .. အခု လာခဲ့မယ် .."

".... .... ...."

"တို့အတွက် ဘာရေ့ဖက်(စ်)လုပ်ထားပေး .."

ဖုန်းကိုဖယ်လိုက်တာနှင့် ကြည်ဖြူ က အတင်းအကျပ်နမ်းလျှင်..၊

"ကိုမောင့် .."

အထာ ကလည်း မရမကရုန်းထွက်သွားကာ ..၊

"တမင်တကာ နှောင့်ယှက်တာမျိုးတော့ မလုပ်ပါနဲ့ ကိုမောင် .. အထာ အလုပ်သွားခါနီးမှ ပျက်စီးကုန်မှာတွေကို ဘယ်လိုပြန်ပြင်ရမှာလဲ .."

"လင်မယားချင်းနမ်းတာ နှောင့်ယှက်တာဖြစ်ရလားကွ .. ဘယ်အချိန်ဖြစ်ဖြစ် နမ်းချင်လာရင် နမ်းလို့မရဘူးလား ..

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက ရှုးရှူးဒိုင်းဒိုင်းထဖြစ်၏။ သူမ ဒီလောက်တောင်လှနေတာ ချက်ချင်းကြီး ရင်ထခုန်လို့မရဘူးလား .. ရင်ခုန်လို့နမ်းချင်လာရင် နမ်းခွင့်မရှိဘူးလား ...၊

ဒါဆို သူမအတွက် သူက ဘာလဲ ..၊

"မင်း ငါ့ကို ဘာကောင်ထင်နေတာလဲ အထာ .. ခင်းအတွက် ငါက ဘာသတ္တဝါလဲ .."

ငြင်းပယ်ခံရသဖြင့် ရှက်ခြင်းက ဒေါ်သနှင့် နှစ်ရပ်ပေါင်းလျက်...၊

"မင်းလိုမိန်းမမျိုးကို ငါက ဘာဖြစ်လို့ သစ္စာစောင့်ရမှာလဲ .. ရင်ခုန်သံတွေ ငါ့အတွက် ကြိုက်သလောက်ဖြစ်လို့ရတယ်၊ ခင်းထက်လှတာတွေ မင်းထက် ငါ့ကိုကြင်နာမယ့်မိန်းမတွေရော .."

"ဒိန်း .."

အခန်းထောင့်က ပန်းအိုးကို လက်နဲ့တအားလွှဲရိုက်သွား၏။ စောစောစီးစီး ဝုန်းဒိုင်းကြသံကြားလိုက်သည်နှင့် ဒေါ်မေကြည်ဦး နေရာမှ ကမန်းကတန်းထလာခဲ့လျှင် ..၊

"သား .."

ကြည်ဖြူ က အရင်အပြင်ထွက်လာကာ ဒေါ်သခြေလှမ်းများက တစ်ချက်လေးမှ မနားဘဲ အပြင်ကိုတိုက်ရိုက်ဦးတည်၏။ အထဲကိုဝင်ခဲ့လိုက်လျှင် အပေါ်ထပ်လှေကား တစ်ဝက်လောက်မှာ အထာ က ခြေလှမ်းမှန်မှန်ဖြင့် ..၊

"ဘာတွေဖြစ်ကုန်တာလဲ အထာ .."

"သူ .."

"ညည်းနဲ့ သူက လင်မယားနော် .. အဲဒါ သတိရရဲ့လား ..၊ ကိုယ့်ယောက်ျား အိမ်မကပ်ချင်အောင် တမင်လုပ်နေတဲ့မိန်းမမျိုး ညည်းကျမှပဲ တွေ့ဖူးတယ်အေ .."

"အထာ ဘာမှမလုပ်ဘူး အန်တီဦး .. စကားပြောနေရင်း .."



"တော်တော့ .."

တစ်ယောက်က ခြေလှမ်းမှားနေရင် တစ်ယောက်က ပြင်ဆင်ပေးဖို့မကြိုးစား ..။

ဒိုင်းခနဲဆို ဒီနှစ်ယောက် ဘာဖြစ်ကြပြီလဲ၊ ပြေးကြည့်စရာမလိုအောင် အမြဲတမ်း ဘုနဲ့ဘောက် လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးနဲ့ သူမတို့မှ နှစ်သက်ပါသည်ဆိုသော ယောက်ျားတစ်ယောက်ရဲ့ အိမ်ထောင်ရေးက ဤသို့ရှိလာလိမ့်မည်လို့ ဘယ်လိုမှကို ထင်စရာမရှိပေ ..။

ကိုယ်က မကြည်ဖြူခဲ့သည့်ဘက်ကနေ ဒါမျိုးဖြစ်လာတာကို လက်ခုပ်တီးအားရနေရမှာပေမယ့် ဒေါ်မေကြည်ဦး စိုးရိမ်စိတ်များနှင့် တနုံ့နုံ့ဖြစ်နေခဲ့ရ၏။

"အခု .. ညည်းက ဘရေ့ဖက်(စ်)မစားဘဲ သွားတော့မယ်ပေါ့.."

"ကိုမောင် နဲ့ စကားပြောနေရင်း ကြာသွားလို့ပါ၊ အလုပ်ကိစ္စက နောက်ကျလို့မဖြစ်လို့ .."

ဖြစ်ရလေ ..၊

သူမရဲ့ အချိန်တွေများစွာမှာ လင်မယားစကားပြောချိန်မပါခဲ့ဘူးလား ..၊

ကော်ဖီသောက်ချိန်ကို အပွဲခံပြီး စကားလက်ခံပြောခဲ့တာကိုပဲ ဂုဏ်ယူစွာအောက်မေ့ဆယ်ပတ်လောက်ထိုးပြီး ဂုဏ်ယူစွာအော်ရဦးမည်။

အဲ့ဒါ ထာဝရ ဆိုတဲ့မိန်းမပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘာစောင့်နေတာလဲ .."

နာရီကြည့်နေစဉ် ဘေးမှာလူရိပ်ပေါ်လာသဖြင့် မျက်လုံးက ထိုသူရဲ့ ခြေအစုံဆီအရင်ရောက်သွားခဲ့၏။ ပြီးမှ ရှေ့ပြန်လှည့်၍ ..၊

"ဒီနားကို ဘာကိစ္စနဲ့လဲ .."

"ကျွန်တော်က အရင်မေးတာလားလို့ .."

ပြောပြီး မျက်နှာချင်းဆိုင်နေရာမှာ သွားထိုင်၏။ ထိုအခါကျမှ မျက်တောင်ကော့တို့ ရံခနေသော မျက်ဝန်းပြာလေးတွေ သူ့ဆီစူးရဲစွာ ကျရောက်လာခဲ့လျက် ..၊

"ငါ့ညီသည်လာမှာ .."

"သိတယ်လေ .. ခင်ဗျားတစ်ယောက်ယောက်ကို စောင့်နေတာ မှန်း၊ ဒါပေမယ့် ဒီမှာ ခုံလေးလုံးတောင်ရှိတာပဲ .."

"ကျွတ် .."

စိတ်ပျက်ခြင်းက ဒေါသကိုမှုန်းတီးစွာပစ်ပယ်ထားသည့်ကြားက ခေါင်းပြူလာ၏။

"မင်း ဒီလောက်ထိ လူမှုရေးခေါင်းပါးရလား မိုက် .."

"မခေါင်းပါးပါဘူး .. ခဏပဲထိုင်မှာပါ၊ ခင်ဗျားကိုပြောစရာရှိလို့.."



"မြန်မြန်ပြော .."

"မြန်မြန်ပြောရရင် ခင်ဗျားစိတ်တိုသွားနိုင်တယ် .."

"ပြော .."

မိုက် က ခေါင်းညိတ်လိုက်ပြီးမှ လက်နှစ်ဖက်ကို စားပွဲပေါ်တင်၍ ..၊

"ခင်ဗျားရဲ့ ယောက္ခမကြီး ကျွန်တော့်နောက်လိုက်ပြီး ချက်ကင်ထုတ်နေတယ် .."

ဟင်!...၊

အထာ မျက်နှာပျက်သွားသည်။

ကိုမောင် ပြန်ရောက်လာသည့်ညနေက မိုက် နဲ့ သူမ ပိုက်ဆံပေးယူနေတာကို မြင်တယ်ဆိုတာ ဒေါ်မေကြည်ဦး ရဲ့ စကားလား ..၊

ဒါကို သူမ ဘာဖြစ်လို့ ခုမှတွေးမိရတာလဲ ..၊

ကိုယ့်လမ်းထဲမှာပဲ မိုက် နဲ့ တွေ့ခဲ့သည့်ကိစ္စမှာ ကိုမောင် က မြင်သွားစရာအကြောင်းမရှိပေ ..။

"သူ ဘာတွေမေးမြန်းသွားလဲဆိုတာ ခင်ဗျားခန့်မှန်းမိမှာပါ .."

"ဟုတ်တယ် .. အဲဒီတော့ မင်းပြောစရာကုန်ပြီလား .."

"ကုန်ပြီ .. ဒါပေမယ့် ပြန်ခိုင်းဖို့တော့ မစဉ်းစားနဲ့၊ ကျုပ်က ဘာတစ်ခုမှ အလကားမပေးဘူးဆိုတာ ခင်ဗျားသိပါတယ် .."

"ဘာ ..."

"ဒီသတင်းအတွက် အခု ငါးသိန်းလိုချင်တယ် .."

"ဘာ .. ငါးသိန်း .."

ဒေါသကြောင့် နီမြန်းသွားသည့် မျက်နှာလေးကို မိုက် က စိုက်ကြည့်၍ ..၊

"များတယ်ထင်လို့လား .. သူ စုံစမ်းနေတာ ကျွန်တော့်ရှေ့မှာတင်လေ၊ အဲ့ဒါကို ကျွန်တော်က ရှောင်တိမ်းမနေဘဲ ခင်ဗျားဆီရောက်စေမယ့် စကားတစ်ခုခု .."

www.burmeseclassic.com

www.burmeseclassic.com



"ပေးမယ် ..."

ပြောပြီး ပိုက်ဆံအိတ်တန်းဖွင့်တော့ သူ ပြုံးလိုက်မိ၏။ ပြီးတော့ ဒေါသထွက်သွားတိုင်းလှနေသည့် မျက်တောင်ကော့လေးတွေနဲ့ မျက်ဝန်းတို့ကို ထပ်ကြည့်မိသည်။

ထို့ပြင် ပုံကျလှပနေသော နှုတ်ခမ်းသားလေးတွေက နှုတ်ခမ်းနီ အမြဲတမ်းရှိနေတတ်ကာ တင်းခြောက်နေတာမျိုးလည်းမတွေ့ရပေ။

နုထွေးစိုအိနေသော နှုတ်ခမ်းလွှာတို့နှင့် ထိုင်ကြည့်နေချင်အောင် လှသော ထာဝရ ဆိုသည့် အမျိုးသမီးနဲ့ပတ်သက်၍ ...၊

"ရော့ ..."

"ခင်ဗျားကို အဲ့ဒီကိစ္စ ..."

"နေဦး ..."

သူမက တစ်သောင်းတန်အထပ်လိုက်ကို ရှေ့တိုးပေးလိုက်ပြီး ...၊

"မင်း ငါ့ယောကျ်ားနဲ့ပတ်သက်ပြီး ငွေတွင်းတူးခဲ့တာ အားမရလို့ ငါ့ကိုပါလာငြိဖို့ကြိုးစားနေရင်း ..."

"မဟုတ်ဘူးနော် .. ခင်ဗျားဆီမှာ ကျုပ်ကငွေညှစ်သလိုဖြစ်ခဲ့တာ မှန်တယ်၊ ဒါတွေက ငွေညှစ်ဖို့တမင်ကြိုးစားလုပ်ယူခဲ့တာ တစ်ခုမှ မဟုတ်ဘူး ..."

သူမက ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။

"အခု ယုံချင်မှယုံမှာပေမယ့် ကျွန်တော် ဘာကြောင့်ပြောသလဲဆိုတာ သိလာတဲ့အခါ ခင်ဗျားနားလည်သွားမှာပါ ..."

"စကားအပိုတွေလျှောက်ပြောပြီး နှောင့်မနေစမ်းပါနဲ့၊ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်တဲ့ ..."

"ခင်ဗျားက ကျွန်တော် ကြာကြာဝါးဖို့အတွက် ဝါးကြောတွေဖွင့်ပေးနေဖို့ အစီအစဉ်ရှိနေလို့လား ..."

"မိုက် ..."

"မေးကြည့်တာပါ ..."



"လောကကြီးရင် ဘာလောက်ပဲရတယ်ဆိုတာ မင်းကြားဖူးလား..."

"လောဘနည်းတော့ မွဲတတ်တယ်ဆိုတဲ့စကားပဲ ကျွန်တော်က ထက်ကိုင်ထားတာ ..."

"ဘယ်အရာမဆို လိုတာထက်ပိုလာရင်မကောင်းဘူး ..."

"ရလေလိုလေဆိုတာ လူ့သဘာဝပဲ ထာဝရ .. 'လိုအပ်ချက်' တိုင်းမှာ လစ်မစ်မရှိဘူး ..."

"ငါကတော့ လစ်မစ်ကကျော်လာရင် မင်းကို ဒုက္ခပြန်ပေးဖို့ကြိုးစားရလိမ့်မယ် ..."

"လောလောဆယ်တော့ ခင်ဗျားဒုက္ခရောက်နေတာ အသက်ရှူဖို့တောင် ပင်ပန်းနေတယ်မို့လား ..."

"တောက် ..."

တက်ခေါက်လိုက်ရင်း ကိုယ့်ဒေါသကိုထိန်းချုပ်ဖို့ကြိုးစားနေရသည်။ ဒီသတ္တဝါလေးဟာ နောက်ထပ် ဘယ်လိုစကားနဲ့ပြောပြော ကျွတ်တမ်းဝင်မယ့်အမျိုးအစားလည်း ဟုတ်ပုံမရ ...။

"မင်း ပြန်လိုက်တော့ မိုက် ..."

"ကျွန်တော်က ခင်ဗျားခေါ်လို့လာတာမှမဟုတ်ဘဲ ..."

"အခု ဒီစားပွဲကနေ ပြောင်းဖို့ပြောနေတာ ..."

"ခင်ဗျားညွှဲသည်လာရင် ခင်ဗျားမျက်လွှာတစ်ချက်တောင် ပင့်ကြည့်စရာမလိုဘူး .၊ အိုခေ ..."

"ဘာကို အိုခေတာလဲ .. မင်း ငါ့နားမှာရှိနေတဲ့အတွက် ငါ့ဘက်မှာ ဘာဖြစ်သွားမလဲဆိုတာသိလို့ နောက်ထပ် ငွေရပေါက်လမ်းထွင်နေတာလား ..."

"ပြောပြီးပြီပဲ .. ကျွန်တော် အဲ့ဒီလိုဖြစ်အောင် တမင်လုပ်ယူနေတာ မဟုတ်ဘူးဆိုတာ၊ တကယ်တော့ ဒါတွေဖြစ်လာရတာ ခင်ဗျားကြောင့်ပဲ .. ကျွန်တော် ခင်ဗျားကို သတိပေးချင်တာ အဲ့ဒါပဲ ..."

လာပြန်ပြီလား ဒီစကား ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောဖူးလားမသိဘူး .. ဓနိမယားတစ်ယောက်က ကိုယ့်ယောကျ်ားရှုပ်ပွေလေလွင့်နေတာကို မထိန်းသိမ်းနိုင်ဘူးဆိုရင်.."

"လေလွင့်နေတာကို ထိန်းသိမ်းရအောင် သူက အမှိုက်တစ်စမဟုတ်ဘူး .."

"အမှိုက်လွင့်နေရင်လည်း ကောက်လို့မနိုင်ရင် မီးပုံရှို့လိုက်ရုံပဲလေ၊ သူက ခင်ဗျားယောကျ်ား .. ပြီးတော့ ခင်ဗျားလို အရမ်းလှပြီး ဒီလောက်တော်တဲ့ မိန်းမတစ်ယောက်က .."

"မင်း ငါ့ကို ဝေဖန်ထောက်ရှုနေဖို့မလိုဘူး၊ မင်းရဲ့ ခွေမျိုးတစ်စုတစ်ရာတော်နေတဲ့ မိန်းမကို ထိခိုက်နေတယ်ထင်ရင်လည်း ကိုယ့်ခွေမျိုးကို လည်ပတ်တစ်ပြီး တိုင်မှာသွားချည်ထားလိုက် .."

"သူက ခင်ဗျားယောကျ်ားကို အဲ့လိုလုပ်ထားလိုက်ရင်ရော .."

အထာ့ မျက်နှာ ရဲခနဲဖြစ်သွားသည်။ ဒေါသကြောင့် အမှားပြောမိခဲ့သည်။ ကိုယ်က စတင်မိုက်ရိုင်းခဲ့ပြီမို့ သူ ပတ်ကခနဲပြန်ပြောလိုက်တာကို သင်ခန်းစာလို့ပဲ မှတ်ယူလိုက်ရပြီး ..၊

"ခင်ဗျားဖုန်းထင်တယ် .."

အထာ က သူပြောမှ ထုတ်ကိုင်ရဆဲမယ့် နေရာမှာပဲ ဖွင့်လိုက်က..၊

"မောင်မောင် ဘာဖြစ်လို့လဲ .."

".... .... ...."

"သူ အဲ့လိုပဲပြောသလား .. မမက မအားတဲ့ကြားက အချိန်ပေးပြီး ကြိုးစားခဲ့ရတာ .."

".... .... ...."

"သုတ ကို ပြောလိုက် ဒီတစ်ခါ မမ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ဒါမျိုးမလုပ်နဲ့လို့ .."

ပြောနေတုန်း နောက်ထပ်တစ်လုံးကမြည်လာသဖြင့် စကားပြောနေရင်း ထုတ်ယူကြည့်ကာ ..၊

"မောင်မောင် ပြီးတော့မှပြောမယ်၊ ဒီမှာ သုတ ဆီက ဖုန်းလာနေလို့.."



တစ်လုံးကိုချပြီး နောက်တစ်လုံးကိုင်ကာ ..၊

"ပြော .."

".... .... ...."

"ဟုတ်တယ် မောင်လေး .. မမ တကယ်စိတ်ဆိုးတယ် .."

".... .... ...."

"ရှုန်းစက် က မောင်လေးနဲ့လည်း ကျောင်းအတူတက်ဖူးခဲ့တယ်၊ မောင်လေးကိုယ်တိုင်လည်း သူ့ကို .."

အထာ ဖုန်းပြောနေတာကို ခိုက် က ဒီတိုင်းပဲထိုင်ကြည့်နေခဲ့၏။ မောင်မောင် နဲ့ သုတ ဆိုတာ ပြောနေပုံအရတော့ သူ့မောင်တွေဖြစ်နိုင်ချေရှိ၏။ သို့သော် ...

"ငါ့အစ်မက နေရာတကာ ပါနေတယ်လို့ထင်ရင် .."

".... .... ...."

"မလိုဘူး .. လုပ်ချင်ရာလုပ်တဲ့ခြေလှမ်းကို ပြန်ရုတ်ရဘာ လွယ်တယ်၊ စကားကျွံတာကို 'တောင်းပန်ပါတယ်' ပြောလိုက်တာနဲ့ ဖြုတ်ထုတ်ပြင်ဆင်လို့မရဘူး .."

".... .... ...."

"ဒါဆို ဘယ်နေ့လဲ ပြော .."

".... .... ...."

"အေး .. ဒီတစ်ခါဆို မမ လုံးဝခွင့်မလွှတ်ဘူးနော် .. မောင်လေး သေချာမယ့်ရက်ကို ဖုန်းပြန်ဆက် .."

ဖုန်းချလိုက်ပြီးတာနှင့် သူမ မျက်လုံးတွေက သူ့ဆီ ဒိုင်းခနဲရောက်လာ၏။

"ခင်ဗျားယောက္ခမကြီးပြောနေတဲ့ သူ့မောင်နှစ်ယောက် ဒီ့ထင်တယ် .."

သူကဦးအောင်မေးခွန်းထုတ်လိုက်၏။ အထာ မျက်မှောင်ကျုတ်သွားတာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကပြောတာလဲ .. မင်းကို သူ သချောမမြင်ဖူးဘူးမို့လား .."

"ဘယ်တုန်းကဆိုရင်တော့ သိပ်မကြာသေးဘူးလို့ပြောရမှာပဲ၊ ကျုပ်ကို သူက လိုက်စုံစမ်းနေမှန်းသိနေကာမှ ကိုယ့်ကိုယ်ကိုယ် သားကောင်ဖြစ်ခံစရာလား .. ကျွန်တော်က မုဆိုး .."

စကားပြောတိုင်း ကျုပ် ဖြစ်သွားလိုက် ကျွန်တော် ဖြစ်လိုက်နှင့်..။

"သူ လိုက်တာသိလိုက်လို့ ကျွန်တော်က ပြန်လိုက်တာလေ .."

"ဒါပေါ့ .. မင်း ကျွမ်းကျင်တဲ့အလုပ်ပဲ .."

"ဟုတ်တယ် .."

"သူတို့ ဘာတွေပြောသလဲဆိုတာ သိချင်ရင် ဘယ်လောက်ပေးလို့ ပြောဦးမလို့လား .."

"အရေးမပါတာတွေအတွက် အလုပ်ရှုပ်မခံပါဘူး၊ သူတို့ရဲ့ စကားတွေက ခင်ဗျားကို အကျိုးယုတ်စေလောက်တာလည်း မပါဘူး .."

ပြောရမယ်ဆို ဒေါ်မေကြည်ဦး ဆိုတဲ့ မိန်းမကြီး ချွေးမကိုလည်း တည့်အောင် မပေါင်းခဲ့ဘဲ သူ့သားအခြေအနေကိုလည်း သိနေကာ လက်လွှတ်ခံရတော့မလိုဖြစ်လာမှ မျက်လုံးပြူးနေတာဖြစ်၏။

အမျိုးသမီးကြီးတစ်ယောက်နဲ့အတူ လက်ဖွဲ့အိတ်ကြီးဘရမ်းရမ်းနှင့် 'ရွှေကောင်းယော့ပေါ့' ထဲမှာ ထိုင်နေကာ နှစ်ယောက်ရဲ့အလယ်က ယောပေါ့အိုးကြီးက မဆူသေးဘဲ သူမရဲ့ သောကတွေက ပွက်ပွက်ဆူလျက် ..။

"သိပ်စိတ်မပူပါနဲ့ မေရယ် .. မေ့ ချွေးမ ဒီလိုအလုပ်မျိုးမလုပ်ဘူးဆိုတာ ယုံတယ်လည်းပြောသေးတယ် .."

"ယုံတာက ခုထိ စိတ်ချနေရသေးတယ်လေ၊ နောက်ထပ်ပြီး လင်မယားရှုံကြချိတ်ကြမလား .. ဒါမှမဟုတ် သူ့လိုမိန်းမမျိုးကို အထင်တကြီး ရှိနေကြတဲ့ သူ့အေးက အသိုင်းအဝိုင်းထဲက ယောကျ်ားတွေက .."

"မဖြစ်လောက်ပါဘူး မေရယ် .. ကြံဖန်တွေးပူမယ်ဆိုရင်တော့



ပူလို့ကို ဆုံးမှာမဟုတ်တော့ဘူး၊ စားစရာရှိတာ အေးအေးဆေးဆေးစားစမ်းပါ၊ ပြီးရင် ဆက်လုပ်ကြတာပေါ့၊ ဒီတစ်နေ့လုံး မေ ဘယ်သွားချင်သလဲ .. မြ လိုက်ပေးပါ့မယ် .."

"သိပါတယ် .. ကျေးဇူးလည်းတင်တယ်၊ တို့မှာ မြ တစ်ယောက်ပဲ အတွင်းရေးအပြင်ရေးတိုင်ပင်လို့ရတဲ့ မိတ်ဆွေကောင်းရှိတာပါ .."

"အေးပါ .. ယုံကြည်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်၊ စိတ်ကို ခဏလေးအေးအေးလျှော့လျှော့ထားလိုက် .."

"အေးတော့ မအေးနိုင်ဘူး မြ ရယ်၊ သူတို့ အိမ်ထောင်ရေးအခြေအနေကို သိထားကြတဲ့ ယောကျ်ားတွေက သူ့ထက်ငါ ကြင်နာလိုက်လျှောမှုတွေပေးပြီး စိတ်ယိုင်အောင်ပြုစားနိုင်တယ်၊ ပြောလို့ပြောတာမဟုတ်ဘူး အထာ က အရမ်းလှတာ .."

"အစတည်းက ကောင်မလေးက အရမ်းတော်ပါတယ်၊ ကြည်ကြည်ဖြူဖြူ နေလိုက်ပါတော့လို့ မြ ပြောသားပဲ၊ ခုတော့ အစကလည်း သမီးယောက္ခမ နွေးနွေးထွေးထွေးမရှိခဲ့ဘူး၊ သူ့မောင်တွေ ညီမတွေနဲ့ ပတ်သက်ပြီး မေ ကပဲ စွပ်စွဲလိုက် ပုတ်ခတ်လိုက်လုပ်ခဲ့တာ .."

"ဟုတ်တယ် .. ခုတော့ သားကလည်း သူ့ဘက်က မရှိ၊ တို့ကလည်း လူကြီးဖြစ်နေတော့ ချက်ချင်းကြီး မီးစိမ်းပြရမှာခက်နေပြီ၊ သူက နဂိုတည်းက အေးတိအေးစက်ရယ်လေ .."

"ဟုတ်တယ်လေ .. မြ သိသားပဲ .."

"အခု ကိုယ့်သားက ခြေလှမ်းမှားနေတာဆိုတော့ မြ ပဲ စဉ်းစားကြည့်ပါဦး .."

"သူက ရိပ်မိနေတယ်ဆိုပြီး ဘာမှမဖြစ်ဘူးလား .."

"သားက လူပျိုတည်းက ရည်းစားများတာ သူ သိတယ်လေ၊ သားကို အဲ့ဒါကြောင့် လက်မထပ်ချင်ပါဘူးပြောလို့ တို့ဆို တအားစိတ်တိုခဲ့ရသေးတာ .."

"ခုရော ကိုမောင် က တော်တော်ဆိုးလာလို့လား .."

"ထင်ရတာပဲကွယ် .. ဖုန်းတွေခဏခဏလာ အပြင်မှုသည်းပဲထွက်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လှတဲ့ မိန်းမနဲ့နေတာတောင် ဂရုမစိုက်တော့တာ .. ဟိုတစ်ဖက်မှာ တော်တော်စိတ်ပါနေတာသိသာတယ် .."

"မေ တောင် သိသာနေရင် အထာ က ပိုသိမှာပဲ .."

"သူကတော့ အစတည်းက သားကို ချစ်မှမချစ်ခဲ့တာ .."

"ကိုမောင် ကလည်း သိပ်မချစ်လို့သာ လက်သာရာမှာပျော်တာပေါ့ မေရယ်၊ ကလေးကလား ပြောရရင် တကယ်အချစ်စစ်မရှိခဲ့လို့ ပြောင်းလဲလွယ်တာပေါ့၊ ယောကျ်ားတွေရဲ့ သာယာစိတ်ကဲ လှတာ မလှတာပေါ်မှာပဲရှိတာမဟုတ်ဘူးလေ .."

"တို့တော့ အထာ ကို ဆုံးရှုံးမခံနိုင်ဘူး မြရယ်၊ လုပ်ငန်းတွေအားလုံးကို သူပဲနိုင်နင်းတာ၊ သားက ဘာမှကိုပြန်လှည့်မကြည့်တော့ဘူး၊ သုံးမယ် ဖြုန်းမယ် လွတ်လပ်သလိုနေမယ် ဒါပဲ .."

"အစက သူ ဦးစီးနေတာပဲ .."

"တို့လည်းအစက အထာ က မကြင်နာလို့ ရွဲ့နေတယ်မှတ်တာပဲ၊ နောက်တော့ အထာ က ဒီလိုဖြစ်အောင် တမင်လုပ်ပြီး နေရာဝင်ယူတယ်လို့ ထင်ပြန်ရော .. သူ့မောင်နှစ်ယောက်က တစ်ရှိန်ထိုးမြင့်တက်လာတော့ ကိုယ့်ပစ္စည်းတွေချည်းပဲလို့ တန်းတွက်လိုက်တာပေါ့ .."

"အေးလေ .. နင်က အစတည်းက သူ့ကို ငွေမက်တဲ့မိန်းကလေးလို့ထင်နေခဲ့တာကိုး .."

"ဟုတ်တယ် .. ဟုတ်တယ် .. အခု သူ ငွေမက်နေတာကိုပဲ ကျေးဇူးတင်နေရတယ်၊ စီးပွားရေးပေါ်မှာ စွဲစွဲစပ်သေချာတာရော အလုပ်ကိုကိုင်တွယ်သွားတာရော လက်ဖျားခါလောက်တယ် .."

"အင်း .. မေက ပူနေတာလည်း ပူလောက်စရာပဲ၊ ကိုမောင် ကိုယ်တိုင်က မလိုလားဘူးဖြစ်နေတော့ ခုနေများ ကွာကြရှင်းကြမယ်ဆို ဒုက္ခ.."

"အောင်မယ်လေး .. အဲ့ဒီလိုဖြစ်စရာလား .. ဒီမိန်းမ အဲ့ဒီလိုပြောလာလို့ကတော့ ငါ့သား လွန်လွန် မလွန်လွန် သင်းကို နှစ်ပြားမတန်အောင်ကို ပြောပစ်မှာ၊ အိမ်က နှာခေါင်းမရှိ မျက်လုံးမပါတဲ့သတ္တဝါလေးလည်း သေဖြီသာမှတ် .."



"မေရယ် .. သူတို့ချင်း နှစ်ဦးတူ ဆုံးဖြတ်ကြမယ်ဆိုရင် သားလူတွေက ဘာတတ်နိုင်မှာလဲ .."

"တတ်နိုင်အောင်လုပ်ရမှာပဲ .. တခြား ဘယ်မိန်းကလေးကိုမှ ငါ ချွေးမ မတော်နိုင်ဘူး၊ ဒီနေ့ အဲ့ဒီကောင်လေး ဘာလဲဆိုတာသိရအောင် စုံစမ်းမယ် .."

"နေပါဦး .. စကားရုပ်ပြောနေတာမြင်တာနဲ့ပဲ မေ က .."

"မဟုတ်ဘူး .. ပိုက်ဆံတွေပေးနေတာသေချာမြင်တာပါ၊ တို့အိမ်က မာလီကိုလိုက်ကြည့်ခိုင်းပြီးပြီ၊ ဒီကောင်လေးနေတဲ့နေရာရော၊ သူငယ်ချင်းတွေပါသိတယ်၊ ကောင်လေးက တော်တော်ချောတာ၊ တစ်ခုလပ်တို့ မုဆိုးမတို့ကိုရှာပြီး ချူစားနေတဲ့ရုပ်မျိုး .."

ပြောနေကြသည့် စကားတွေထဲမှာ ဒီစကားကိုတော့ ခိုက် သေချာမှတ်မိနေသည်။ နောက်ထပ် သေချာတာက ဒေါ်မေ ဆိုသည့်အမျိုးသမီးကြီး ချွေးမလောဘတွေနဲ့ အဆိပ်တက်နေတာဖြစ်၏။

သူမကလည်း မက်လောက်စရာပါပဲ ...၊

အတွေးတို့နှင့်အတူ သူမဆီ အကြည့်ရောက်သွားခဲ့သည်။ သူမက ဘယ်ကဖုန်းဝင်လာပြန်သည်မသိဘဲ ထိုင်ရာမထပြောနေ၏။

ကြည့်လိုက်တိုင်း မရိုင်းမယဉ်ဆင်ယင်မှုများနှင့် ထောက်ပနေတတ်သည့် ထာဝရ ဆိုသောသူမသည် စကားပြောသည့်လေသံအမူအရာက အစ ဆွဲဆောင်မှုရှိလေသည်။

ထို့ပြင် ဒေါသဘယ်လောက်ထွက်နေနေ နှုတ်ခမ်းလေးဖိပိတ်ပစ်တတ်ကာ ခပ်ကြိတ်ကြိတ်တက်ခေါက်ခြင်းမှလွဲ၍ ရုန့်ရင်းကြမ်းတမ်းသော စကားတို့ကိုလည်း မဆိုတတ် ...၊

ထို့ကြောင့် သူမသည် အလေးထားမြတ်နိုးဖွယ်ရာ အရည်အချင်းတို့ဖြင့် အတိပြီးသော ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"နေစမ်းပါဦး မင်းက ဘာဖြစ်လို့ သူ့ကိုလိုက်ကြည့်နေတာလဲ.."

"စိတ်ဝင်စားလို့ .."

"ဟော့ကောင် .."

"ငါ ရိုးရိုးပြောတာ လျှောက်တွေးမနေနဲ့ .."

ကျော်ဇင် က မယုံနိုင်သည့်အကြည့်နှင့် အပြင်စားပွဲဆီပြန်ကြည့်သည်။ မှန်နောက်ရဲ့အပြင်မှာ စားပွဲတစ်လုံးနှင့် တစ်ယောက်တည်း လန့်ချိစားနေသော အထာ က မိုးပြာရောင်ဖျော့ဖျော့ ဝတ်စုံပျော့ပျော့ ကပ်ကပ်လေးမှာ အဖြူရောင်ကုတ်အင်္ကျီလေး ထပ်ဝတ်ထား၏။

ဆံပင်တွေကို ဒီတိုင်းချထားကာ ထမင်းပေါင်းတစ်ပွဲနဲ့ အအေးတစ်ပုလင်းကို သေသေသပ်သပ်လေးစားနေ၏။ တစ်ခါတစ်ခါ မျက်နှာလေးမော့၍ ဆံပင်တွေသပ်တာရှိသည်။

ပြီးတော့ ဖွင့်ထားသည့်လက်ပ်တော့ကို လှည့်ကိုင်၏။ သူမ လုပ်ကိုင်စားသောက်နေပုံက စားတော့လည်း မက်မက်စက်စက်ရှိနေကာ အလုပ်လုပ်တော့လည်း စိတ်ဝင်တစား ..။

"သူ့ကိုကြည့်ရတာ ဘာပူပင်သောကမှမရှိသလိုပဲ .."

"မင်းပြောသလိုဆို ပူစရာမှမရှိတာ၊ ယောကျ်ားက ရှုပ်ပွေနေတာ



တောင် သူက ငွေနဲ့လိုက်ဖြေရှင်းနေတယ်ဆိုတော့ .."

"ကျော်ဇင် .."

"ပြော .."

"မင်းပဲ သူ့မောင်တွေအကြောင်းသိတယ်ဆို .."

"ဟုတ်တယ် .. မင်းက သူနဲ့သွားငြိတာ၊ ငါက ကိုသု တို့နဲ့သိတာ၊ ဒါပေမယ့် ခင်မင်ရင်းနှီးတာမျိုးမဟုတ်ဘူးနော် .. သူတို့ရဲ့ စီးပွားရေး ကြော်ငြာတွေနဲ့ ငါ့ဂျာနယ်တိုက်က ကင်းလို့မှမရတာ .."

"ဘာကြောင့်ပဲသိသိ ငါသူနဲ့ တော်တော်ပတ်သက်နေပေမယ့် သူ့အကြောင်း ဘာမှမသိဘူး .."

"သိတော့ ဘာလုပ်မလို့လဲ မင်းက .."

"မသိဘူး .. သိချင်လာတာပဲသိတယ်၊ သိပြီး ဘာလုပ်တာ မလုပ်တာ မင်း အပူလား .."

" 'သိ' အလုံးပေါင်းများစွာထပ်နေတာပဲကွာ .. ဒီလောက်တောင် သိချင်နေတာ မင်းဥစ္စာက .."

"ဘယ်ဥစ္စာလဲ .."

"မင်းလေ ဒါ ပုံမှန်မဟုတ်ဘူး .."

"မဟုတ်စရာလားကွ .. ကာမပိုင်လင်ရှိမိန်းမတစ်ယောက်ကို.."

"မင်းသိဖို့ပဲလိုတာ .."

"ကျော်ဇင် ငါ မင်းနဲ့ လိုရင်းမရောက်တော့ဘူး .."

"မင်းရဲ့ လိုရင်းက သဘာဝမကျလို့ ငါက တည့်မတ်ပေးနေရတာ .."

ကျော်ဇင် ဆိုတဲ့ကောင် ပြောလိုက်ရင် သူ့ကိုယ်သူဆရာကြီး[illegible]ထာနဲ့ ..။

"ဟော .. ဟိုမှာ အလုပ်နဲ့ အစားစားခြင်းရဲ့ကြားမှာ ငေးငိုင်သွားပြီ တွေ့လား .."

ကျော်ဇင် က စားပွဲပေါ်တင်ထားတဲ့ ခိုက်ရဲ့ လက်ကို လှမ်းကုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး မေးဆက်ပြသည်။

"သူ့မှာလည်း ဇီလင်ရှိတယ် .."

"သြော် .. မင်းပဲအပြောကောင်း .."

ကျော်ဇင် က ရွှံ့နေပေမယ့် ခိုက် က ခေါင်းညိတ်၍ စားပွဲပေါ်မှာ လက်ပိုက်တင်လိုက်ရင်း ..၊

"သူတို့လင်မယားပုံစံကို မင်းပဲတွေးစမ်းပါဦး။ အရွယ်ညီညီချောချော လှလှလေးတွေ၊ ဒါပေမယ့် ကြည့်ဖြူ ဆိုတဲ့လူကလည်း တခြားမှာအပျော်ရှာတယ်၊ သူကလည်း နမြောတာသမရှိဘူး .."

"ရှိချင်ရှိမှာပေါ့ကွာ .. ခုပဲ ဟိုမှာငေးငိုင်နေပြီ၊ သူ့ယောကျ်ား အပျော်ရှာတာလည်း သူက အရမ်းအေးခဲနေခဲ့လို့ဖြစ်မှာပေါ့၊ အဲ့ဒါတွေ တွေးပြီး နောင်တရနေတာရော မဖြစ်နိုင်ဘူးလား .."

"ငုတ်တုတ်ထိုင်ပြီး နောင်တရနေဖို့မလိုသေးပါဘူးကွာ .. သူ ပြင်ဆင်ချိန်ရှိပါသေးတယ်၊ ယောက္ခမကလည်း သူ့ကို လိုလားနေတာ .."

"ခိုက် .. မင်း ဘာဖြစ်လို့ အပျက်အစီးတွေပဲတွေးနေတာလဲ .. မင်းနော် .."

"သူဖြစ်ဖြစ် တခြားတစ်ယောက်ယောက်ဖြစ်ဖြစ် သူများထက်ထူးပြီး စိတ်ဝင်စားစရာကောင်းလာရင် စိတ်ဝင်စားမိမှာပဲ၊ မင်းကရော ဘာဖြစ်လို့ အညီအယောက်ဘက်ကိုပဲ လှည့်တွေးနေတာလဲ .."

"မင်းနဲ့ သူက ပတ်သက်နေတာ မဟုတ်ဘူးလား .."

"ပတ်သက်တော့ .."

"ပတ်သက်နေတဲ့သူက ပြစ်မှားချင်အောင်လုပ်နေတော့ စိုးရိမ်လို့လေ .."

"မစိုးရိမ်ပါနဲ့ ငါ့အစ်မကို ဆုံးမ မရလို့လွှတ်ထားရပေမယ့် မင်းခိုက်ဆိုတဲ့ကောင်က အနန္တငါးပါးနဲ့နေတာ .."

"သာစုနှစ်ကြိမ်ခေါ်တယ် .."

"သုံးကြိမ်တစ်ခါတည်း ခေါ်ထားလိုက် .. နောက်တစ်ကြိမ်မခေါ်



ရသေးခင် မြန်းဒိုင်းဆို မင်း သေသွားရင် ငါက မပြည့်မစုံနဲ့ .."

"ခွေးကောင် .. ဒါကျတော့ လည်တယ်၊ ငါမသေဘဲ မင်း သေသွားမှာရော မဖြစ်နိုင်ဘူးလား .."

"မဖြစ်နိုင်ဘူး .. ခုခေတ်က လူတော်လူကောင်းလို့ထင်ရတဲ့ လူတွေချည်းအသေစောနေတာ၊ ငါ့လို ဆန်ကုန်မြေလေးတွေ အသက်ရှည်တဲ့ခေတ် .."

"ဒါတော့ မဟုတ်သေးပါဘူးကွာ .. ဆိုင်ကယ်လ်ပေါ်မှာ ဇလန်းဇလန်းစီးနေတဲ့ လမ်းပျော်ပုဂ္ဂိုလ်လေးတွေ ပျော်ပျော်ကြီးသေနေကြတာ မင်း မကြားဘူးလား၊ သေတာမှ သူ့ထက်ငါ အလန်းဆုံးဒီဇိုင်းတွေနဲ့.."

"အဲ့ဒါက ဆိုင်ကယ်လ်တွေ စီးခွင့်ပေးပြီး အညင်သာဆုံးလူဦးရေလျှော့ချရေးပလန်ပဲ၊ လမ်းပေါ်မှာသွားလာနေပေမယ့် လူတော်လူကောင်းလေးတွေနော် .. မတော်ကားနဲ့ ကိုယ်ဖြစ်ကိုယ်ခံအကြောင်းတရားမှာ မလိမ့်ပိုးမလိမ္မာလေးတွေဖြစ်ခဲ့ရတာ .."

နှစ်ယောက်သားပြောနေရင်း ဇက်ပုပြီး တခွိခွိရယ်မိကြ၏။ ထိုစဉ် ကျော်ဇင် က အထာ ရှိရာလှမ်းကြည့်လိုက်ပြီး ..၊

"ဟိုမှာ ကိုသုတ .."

"ဟင် .."

"သူ့ပဲ 'မိုးသောက်နေ' ကုမ္ပဏီပိုင်ရှင် .."

"မိုးသောက်နေ က ကုမ္ပဏီကြီးတစ်ခုပဲ ရှယ်ယာဝင်တွေအများကြီးပဲကို .."

"ဟုတ်တယ် .. ကိုသုတ က ရှယ်ယာအများဆုံးရထားတော့ သူ့လက်ထဲမှာပဲ၊ ပြီးတော့ လူသာငယ်တာ အရမ်းတော်တယ်၊ သက်တမ်းရင့် ပရော်ဖက်ရှင်နယ်တွေက သူ့ကိုလေးစားတယ်ကွ .. နေရာပေးတယ်၊ ဒီလူကလည်း သူ့အစ်မကို အမေလိုပဲ .. ဒါကြောင့် .."

"နေပါဦး .. ဒီလူက ထာဝရ ရဲ့ မောင်လား .."

မြင်နေရတာက အရပ်ကြီးမြင့်မြင့် ကိုယ်ခန္ဓာတောင့်တောင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထာဝရ ထက် မြင့်မားဆီးမိုးနေကာ မျက်နှာအနေအထားအရလည်း ထာဝရ အောက်က မောင်တစ်ယောက်ဆိုတာယုံနိုင်စရာပင်မရှိ ..။

"သူ့အစ်မထက် လူကောင်ကြီးနေလို့လား၊ ညီအစ်ကိုနှစ်ယောက် စလုံး အဲဒီပုံစံတွေချည်းပဲကွ .. သူတို့အမေက ရွှေမှုန်စားပြီး မွေးထား သလားမသိဘူး၊ မောင်နှမလေးယောက်စလုံးလှတယ်၊ ကဗျာ ဆိုတဲ့အငယ် ဆုံးတစ်ယောက်ကိုလည်း မာတ်ပုံတော့ ငါ မြင်ဖူးတယ်လေ .. တော် တော်လှတယ် .."

"အားလုံး လူလွတ်တွေလား .."

"လွတ်ရုံတင်မကဘူး လူပျိုအပျိုတွေချည်းပဲ၊ ဒါကြောင့်လည်း သူတို့အစ်မကို ပိုင်းချစ်နေကြတာဖြစ်မှာပေါ့ .."

ခိုက် က ခေါင်းညိတ်လိုက်ပေမယ့် အင်တင်တင် ..၊

"သူတို့က လူပျိုအပျိုတွေမို့ ချစ်ကြရင်တောင် အိမ်ထောင်သည် ဖြစ်နေတဲ့သူက သူတို့ကို ချစ်တယ်ဆိုတာကတော့ .."

"အေးလေ .. မင်းက အနီးကပ်မှ မမြင်ဘူးတာ ဘယ်ယုံမလဲ၊ ပြီးတော့ မင်းအစ်မနဲ့ နှိုင်းယှဉ်ကြည့်ရင်လည်း .."

"ဘာနဲ့မှ မနှိုင်းနဲ့ တော်တော့ .."

မယောသီ နဲ့ ပတ်သက်လာပြီဆို ခိုက် က ရှေ့မဆက်ဖြစ်အောင် ပိတ်ပြောသည်ချည်းဖြစ်ကာ ဒီတစ်ခါတော့ သူ့ဘာသာ ခပ်မှုံမှုံရှေ့ဆက် ရင်း ..၊

"အစတည်းက သူနဲ့ငါက 'ကိုယ့်လမ်းကိုယ်ထွင် ကိုယ်ဝန်ကိုယ် ထမ်းပဲ' ဒါတွေပြောရင် ဒေါတွေပါလို့ .. တော်တော့ .."



## အခန်း (၁၃)

"မောင် .. မောင့် .."

ပြောလို့မပြီးသေးခင် ဖုန်းချသွားသဖြင့် မယောသီ ဖုန်းကိုင်ရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။ ပြီးတော့ တက်ခေါက်လိုက်ပြီး မရမကပြန်ခေါ်၏။

နောက်မှာ ခိုက် က လက်ပိုက်ရပ်ကြည့်နေပေမယ့် သူမ မသိ..။

"မောင် .. မောင်နော် .. ဖုန်းမချပစ်နဲ့၊ မောင့်ရဲ့ ထာဝရ ဆီကို မယော တိုက်ရိုက်ပြောလိုက်လို့ရတယ်သိလား .."

"... ... ..."

"ဘာမှမလိုဘူး မောင် .. မယော့ အတွက် မောင်ပဲလိုတာ၊ အခု မောင် ဖုန်းလည်းမဆက်ဘူး၊ မယော ဖုန်းဆက်တော့လည်း မကိုင်ရတာနဲ့ ချပစ်လိုက်တာနဲ့ လူကို လုံးဝရှောင်နေတာ ဘယ်လိုဖြစ်ရတာလဲ .."

"... ... ..."

"ဟာ .. မရဘူး .. အဲ့လို ပျားရည်နဲ့ ဝမ်းချတာမျိုးမလုပ်နဲ့၊ မောင့် မှာ အခက်အခဲရှိရင် မယော နဲ့လာပြော၊ မယော မောင်နဲ့ပဲ တွေ့ချင်တယ်.."

"... ... ..."

"မဟုတ်ဘူး .. အဲဒီငွေ တောင်းမိလို့ မောင် ခက်ခဲနေရင် မလိုချင်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ မယော့ အတွက် မောင်ရှိနေရင် ဘာဖြစ်ဖြစ် ရင်ဆိုင်သွားနိုင်တယ်၊ မောင်နော် .. မောင့်ရဲ့ ထာဝရ ကို ပစ်ကျပြီး မယော့ ကို ခေါက်ဖို့မကြိုးစားနဲ့ .."

"…. …. …."

မယောသီ ဖုန်းပြောရင်း ခြေဆောင့်တာရော လက်ခါတာရော ဆံပင်တွေဆွဲဖွပစ်ပြီး ခုံတန်းလေးပေါ် ဆောင့်ခနဲထိုင်ချလိုက်သေးသည်။

ထိုအခါကျမှ နိုက် ကို မြင်သွား၏။ ထိုင်ပြီးမှ အံ့သြ၍မလှုံမလဲ ဖြစ်သွားပုံနှင့် ဖျတ်ခနဲပြန်ထရပ်၏။ အမှုအရာတွေပါ ခုနလောက် မလှုပ်ရှားတော့ဘဲ စကားလက်စသတ်လိုက်ပြီး ..၊

"နင်က ဘာလာလုပ်တာလဲ .."

"မမ ဘာလုပ်ထားသလဲလို့လာမေးတာ .."

"ဘာ …"

မယောသီ မျက်နှာ ကွက်ခနဲပျက်သွားသည်။ ပန်းနုရောင်ပျော့ဖက်ဖက် ဂါဝန်ရှည်ကြီးကို လက်တစ်ဖက်က 'မ' ကိုင်ထားကာ ဂုတ်ဝဲဆံပင်တွေက မျက်နှာတစ်ခြမ်းကို အုပ်ကွယ်လုလုပြိုကျနေ၏။

သူမက ဆံပင်တစ်ဖက်ကို နားနောက်မှာသိမ်းညှပ်လိုက်ပြီး ခုံတန်းပေါ်မှာ ဆောင့်ခနဲပြန်ထိုင်၏။

"ငါ ဘာတွေလုပ်နေနေ နင် စိတ်ဝင်စားဖို့မလိုပါဘူး၊ မောင် တစ်ယောက်အနေနဲ့ ကိုယ့်အစ်မကို မစောင့်ရှောက်နိုင်တဲ့အပြင် ငါ့လုပ်စာထဲကနေ မွှေမွှေစားဖို့ ကျားချောင်းချောင်းနေတဲ့ကောင် .."

"မမ လုပ်စာဆိုတာ ဘာတွေလဲ .. ရှုံစရာတွေပြောမနေစမ်းပါနဲ့၊ ကျွန်တော်က ကောင်းရှောင်းကောင်းဝယ်လုပ်မစားခဲ့ပေမယ့် ဖဲရိုက်လောင်းကစားလုပ်ပြီး ခွဲဝေကျွေးခဲ့တာတွေတော့ရှိပါသေးတယ် .."

"တော်စမ်း နိုက် .. နင် ကိုယ့်အစ်မကို ခုတုံးလုပ်ပြီး ဘယ်လိုငွေရှာနေတယ်ဆိုတာ ငါမသိဘူးမှတ်နေလား၊ မောင်နှမဆိုတဲ့ ပတ်သက်မှုကြောင့် မောင် မသိအောင် ငါ မျိုသိပ်နေရတာ .."



"မျိုသိပ်စရာမလိုပါဘူး .. ဒါကို ရှေ့မဆက်ဖို့ ကျွန်တော်တားနေတာ မမက ရပ်လို့လား .."

"အံမာ .. လူပါးဝလိုက်တာ .."

"အဲလိုဖြစ်သွားတာတော့ မတတ်နိုင်ဘူး၊ ကျွန်တော့် စိတ်ကူးအစကဒီလိုတွေဖြစ်လာဖို့မဟုတ်ဘူး၊ မြွေမသေတုတ်မကျိုးဖြစ်ဖို့ကြိုးစားရင်း .."

"ထာဝရ ဆိုတဲ့ဟာမက တော်းမမို့လို့လေ၊ မဟုတ်ရင် ငါအရှက်ကွဲပြီ၊ နင့်ကို ငါ မုန်းတယ်သိလား .. အဲဒါတွေကို ငါသိတဲ့အချိန်မှာ အဲဒီဟာမက တော်းမမှန်းသိလိုက်လို့ ဆက်ပြီး မျိုသိပ်ထားလိုက်တာ၊ နို့မို့ဆိုလို့ကတော့ နင်နဲ့ငါ သေခန်းပြတ်ပဲ .."

"ပြတ်ပြတ် မပြတ်ပြတ် ဘယ်သူက ဂရုစိုက်နေလို့လဲ .."

"မစိုက်ရင် ခု ဘာလာလုပ်တာလဲ၊ ငါ ဒီအိမ်ပေါင်လိုက်ပြီကြားလို့စေ့စုလာခဲ့တာမို့လား .."

"မခဲ့ပါဘူး .. မမ အိမ်ပေါင်တာ မအောင်မြင်တဲ့အကြောင်းလာပြောတာ .."

"ဘာ!…"

မယောသီ ဝုန်းခနဲပြန်ခုန်ထ၏။ ပြီးတော့ နိုက် ရဲ့ ရှေ့ကိုရောက်လာကာ ..၊

"ဘာပြောလိုက်တယ် နိုက် .."

"ဒီအိမ်ကို ရောင်းဖို့ပေါင်ဖို့ ကျွန်တော် လုံးဝသဘောမတူဘူးဆိုတာ .."

"နိုက် …"

စကားမဆုံးခင် မယောသီ က သူ့အင်္ကျီရင်ဘတ်စကို ဒေါသတကြီးဆောင့်ဆွဲလိုက်၏။

"ငါက ဒီည တချုပ်ဖို့သေချာပြောထားပြီးပြီ၊ နင်က .. နင် .. နင် တော်တော်လျှင်ပါလားဟင် .. ဒီလောက်တောင် လျှို့ဝှက်ထားတာကောင်မှ .."

"ကျွန်တော်က လျှင်တာမဟုတ်ဘူး၊ မမနဲ့ အလုပ်လုပ်မယ့် ဒေါ်နွဲ့နွဲ့

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ဆီရောက်လာတာ ..."

သူ တခြားမှာနေပေမယ့် ကျော်စွာ နဲ့ ကျော်ဇင် တို့ဆီကိုတော့ နေ့တိုင်းလိုလိုရောက်တတ်တာမို့ ဒေါ်နွဲ့နွဲ့ က ရောက်လာပြီး ပြောခဲ့တာ ဖြစ်သည်။

"ပေါင်တာနဲ့တာလည်း ဒီလိုဟာမျိုးက အရောင်းအဝယ်စာချုပ် ချုပ်ရတာပဲ၊ ကန့်ကွက်နိုင်တဲ့သူမှန်သမျှကို သူတို့ မေ့ထားလို့မရဘူး၊ မမ လောဘဒေါသတွေမွှန်ပြီး ဥပဒေအကြောင်းကိုမေ့နေတာဖြစ်မယ်.."

"ဒီမှာ ခိုက် .. ငါ့မှာ မိန်းမသားတစ်ယောက်တည်း ရပ်တည်နေရတာ .."

"အဲ့လို မိန်းမတွေအများကြီးရှိပါတယ်၊ တစ်ချို့အစ်မတွေဆိုရင်.."

ထာဝရ ကို သတိရလိုက်ပေမယ့် သူ ဆက်မပြောတော့ဘဲ ရပ်ထားလိုက်ကာ ..၊

"လူတိုင်းက ကိုယ့်ရဲ့ရပ်တည်မှုကို ကိုယ်တိုင်ရွေးချယ်ရတာပဲ၊ ကျွန်တော် ရွေးချယ်တာလည်း မမှန်ကန်ခဲ့ဘူး၊ ဒါပေမယ့် မှားနေတာကို ကျွန်တော်တောင် သတိပေးခဲ့တယ် .."

"ကိုယ့်ကိုယ်ကိုယ် ဘာထင်လို့ ဒါတွေလာပြောနေတာလဲ .."

"မမ ကိုယ့်ကိုယ်ကိုယ် မှားနေမှန်းသိအောင်ပြောပြတာ၊ ဆင်းရဲလို့ အားကိုးရှာတာဆိုရင်လည်း တစ်ခါမှားသွားတာကို ပြင်ဆင်လို့ရတယ်၊ အခု မမက လောဘတွေတက်နေတာ၊ အားကိုးချင်တာမဟုတ်တော့ဘဲနဲ့ လုယူချင်နေတာ .."

"ဟုတ်တော့ ဘာဖြစ်လဲ .. လုယူတာဖြစ်ဖြစ် တောင်းယူတာပဲဖြစ်ဖြစ် သူများရဲ့ အငယ်အနှောင်းမဖြစ်ဖို့ ငါ ကြိုးစားတာပဲ၊ တစ်ယောက်နဲ့ကွဲပြီး တစ်ယောက်နဲ့ လက်ထပ်တာ မတရားတာဘာရှိသလဲ .."

"မှားနေမှန်း မသိဘူးဆိုရင် ဆက်လုပ်လေ၊ ကျွန်တော်က အနေသာကြီး .."

"ဟုတ်တာပေါ့ .. ဒီအတွက် မင်းမှာ ဝင်ငွေလမ်းဖြောင့်နေတာ



တိုး .."

"ကိုယ့်အစ်မပဲဆိုပြီး ကာကွယ်မထားခဲ့တာ ကျွန်တော့်ဘက်က မှန်ကန်မှုပဲ၊ ဒါကို ရပ်တန့်သွားအောင်ကြိုးစားတယ်၊ နှစ်ဖက်စလုံးက အယူလွဲနေကြတယ် ဒါကပြီးပြီ .. အခု ကျွန်တော်ပြောချင်တာ နည်းနည်းတော့ သည်းခံပြီးနားထောင် .."

နားမထောင်နိုင်ဘူးလို့ ထပြောဖို့ပြင်လိုက်ပေမယ့် သူမ အသံမထွက်နိုင်ခင် သူပဲဆက်၍ ..၊

"မမ ကြည်ဖြူမောင် ကို မျှော်လင့်မနေနဲ့ .. ထာဝရ ဆိုတဲ့မိန်းမကို သူ ဘယ်တော့မှ ကွာရှင်းမှာမဟုတ်ဘူး .."

မယောသီ နှုတ်ခမ်းလေးပွင့်ဟနေကာ ဒေါသနှင့်တင်းမာနေပေမယ့် ဘာမှမပြောနိုင် ..၊

"အခု လုပ်ငန်းအားလုံးကို ထာဝရ က ချုပ်ကိုင်ထားတာ၊ ပြီးတော့ သောကွမကိုယ်တိုင်က ထာဝရ လို ချွေးမမျိုးကို ဆုံးရှုံးမခံနိုင်ဘူးဖြစ်နေပြီ.."

"ဘာမှမသိဘဲနဲ့ လျှောက်ပြောမနေနဲ့ .."

"မမ အဲ့လိုထင်နေတာလား .."

မယောသီ ငိုင်သွားပြန်သည်။ ခိုက် က ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထားလိုက်ပြီး ..၊

"ထာဝရ ဆိုတဲ့မိန်းမက စီးပွားရှာတဲ့နေရာမှာ သူ့စီးပွားရေးတင်မကဘူး တခြားလူတွေအပေါ်မှာပါ ပံ့ပိုးပေးနိုင်တယ်၊ ဩဇာညောင်းတယ်.."

သူ့မောင်တွေအပေါ်မှာ အစ်မကြီးပီသည်လို့ ကြားထားသမျှကိုတော့ ပြောချင်ပေ။ ဒီလိုမျှော်လင့်နေတာလားလို့လည်း အထင်လွဲမခံနိုင် ..။

"အစက သဘောမတူခဲ့ပေမယ့် အခု ချွေးမတော်လှချေရဲ့ ဖြစ်နေတဲ့ ဒီအမေကို .."

"တော်တော့ .. တော်တော့ .. ငါ အဲဒါတွေ ဂရုမစိုက်ဘူး၊ အမိက ရောင့်အချစ်ကို ငါ ပိုင်ဆိုင်ထားဖို့ပဲ .."

"အခု ပိုင်နေပြီထင်လို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နှင့်အလုပ်မဟုတ်ဘူး၊ ထာဝရ ဆိုတဲ့ မိန်းမတော်တာ ကောင်းတာတွေလည်း နောက်ထပ်လာမပြောနဲ့၊ နှင်နဲ့ငါ ဘာမှမတော်ဘူးလို့မှတ်ပြီး ငါ့အကြောင်း နှင့်ခေါင်းထဲက ထုတ်ပစ်လိုက် ခိုက် .."

"ဘာမှမတော်ရဖို့က တော်တော်အရေးကြီးနေတဲ့ပုံပဲ .."

"ဟုတ်တယ် ကြီးတယ် .. ကြီးလို့ ဟောဒီအိမ်ကိုရောင်းပစ်ပြီး အမွေခွဲမယ် .."

"မမရဲ့ ကြွေးတွေနဲ့ ဘယ်လောက်ရမှာမို့လဲ .."

"ငါတို့ ဘယ်သူမှ အိမ်ထောင်မကျသေးဘဲနဲ့ မမရဲ့ ကြွေးလို့မပြောနဲ့လေ၊ ကြွေးရှိသမျှ ဆပ်မယ် ကျန်တာ တစ်ယောက်တစ်ဝက်ပဲ၊ ကိုယ်ရသင့်တာရပြီးရင်တော့ နှင်နဲ့ငါ လှည့်မကြည့်စတမ်းနော် .."

သူ မဟောသီ မျက်နှာကိုစူးစိုက်ကြည့်နေမိ၏။ ဒီအိမ်ကို ပေါင်နှံရောင်းချခြင်းမပြုလုပ်စေချင်တာ၊ သူ့အတွက် ဘာမှမပါပေ။ ကိုယ်က ဘယ်လိုမောင်မျိုးပဲဖြစ်နေပါစေ အစ်မတစ်ယောက်အပေါ် ငဲ့ညှာရမှန်းတော့ သူ နားလည်သည်။

ယောကျ်ားတစ်ယောက်အတွက် ဘဝက လုံးသလားပြားသလားတွေးပူနေဖို့မရှိပေမယ့် မိန်းကလေးတစ်ယောက်အတွက်ဘဝက အသက်ပဲဖြစ်၏။

ဒါပေမယ့် ရှိပါစေတော့ ..။

စေတနာက ဖနောင့်ပေါက်ပေးရတာမဟုတ်တော့ အရာမထင်တတ်တာ မဆန်းပါ။

အရာထင်ချင်ရင်တော့ နောက်ဆို ရှေ့ပဲဆိုပြီး ဖနောင့်ပေါက်ထားခဲ့ဖို့လိုပြီ ..။



အခန်း (၁၄)

"ဟလို .."

"ခင်ဗျားကို သတင်းပေးဖို့ရှိတယ် .."

ပေါ့ပေါ့ပါးပါးကိုင်လိုက်သည့်ဖုန်းကို စိတ်ပျက်သွားသလို ပြန်ကြည့်လိုက်၏။

"မိုက် .."

"ဟုတ်တယ် .. ကျွန်တော် .."

"ဘာသတင်းမှ မလိုချင်ဘူး၊ အဲ့ဒါတွေသိရတဲ့အတွက် ငါ့မှာ တိုးတက်သာယာတာလည်း ဘာမှမရှိဘူး .."

"ပြီးတာပဲ .. သိပ်မကြာခင် ခင်ဗျားနောင်တရလိမ့်မယ် .."

သူက ဝှတ်ခနဲချသွားတော့လည်း သူမ ချက်ချင်းမချနိုင် ..၊

ပြီးတော့မှ စိတ်ပိုင်းဖြတ်၍ ချထားလိုက်မိသည်။ စိတ်ကိုဒုန်းဒုန်းမချနိုင်ခြင်းက အလုပ်လုပ်ဖို့ ပြင်လိုက်ပေမယ့် နောက်ထပ် ဖုန်းကိုကြည့်မိပြန်ကာ ..၊

သူ ဘာပြောမလို့လဲ .. ပြန်ခေါ်ရရင်ကောင်းမလား ..၊

ကြာကြာမတွေးတတ်ခဲ့သော်လည်း အန်တီဦးက မိုက် နဲ့ ကိုယ့်ကို သံသယဖြစ်နေသည်။ အိမ်က စောစောထွက်ရင်လည်း လည်ပင်းရှည်

www.burmeseclassic.com



လျက် ကျန်ရစ်ကာ အိမ်ပြန်နောက်ကျပြီဆို မေးခွန်းတွေနဲ့ မျက်လုံးက လူကိုခံရခက်စေ၏။

ခုကျမှ သံသယတွေပိုလာလို့သာ သူမ အနေကျပ်အသွားကျပ်ဖြစ်ခဲ့ရ၏။ အထူးသဖြင့် မိုက် နဲ့ မဆက်သွယ်ဖို့ ဆုံးဖြတ်ထားခဲ့ပေမယ့် ...၊

"ကရင် .. ရင်း ..."

ဖုန်းသံမြည်လာတော့ စိတ်ဝင်တစားကောက်ကိုင်လိုက်မိ၏။

"ဟလို ..."

"အထာ .. မင်း အခု ကုမ္ပဏီမှာလား .."

"ကိုမောင် .."

"မေးတာဖြေစမ်းပါ .. ငါ ကားမောင်းနေလို့ .."

"ဟုတ်တယ်လေ .. ဒါပေမယ့် နောက်နာရီဝက်လောက်ဆို မီတင်ရှိတယ် .."

"အဲဒါကြို့ပြောထားတာ .. ငါလည်းအရေးကြီးကိစ္စရှိတယ်၊ မင်းရဲ့ မီတင်ကို ဦးအောင်ရောက်ချင်မှရောက်မယ်၊ ငါရောက်လာရင် ငါ့ကိစ္စပဲ .."

ပြောပြီး ဖုန်းချ၏။ သူမဆီ ဖုန်းတွေဆက်ပြီး ဘာဖြစ်လို့ သူတို့ကချည်း ဒေါကန်နေကြတာလဲ ...၊

"မမ .. ချိတ်ပိတ်တင်ဒါအတွက် ဒေါ်အေးအေးခက် တို့က ကော့ပလိန်းတက်ထားတာရှိတယ် .. အဲဒါ .."

"ထားလိုက်ဦး ခဏ .."

"ဟုတ် .."

သူမ ကိုယ်ရေးကိုယ်တာကြောင့်နဲ့ တော်ရုံကိစ္စလောက်ကို အလုပ်ပျက်ခံပြီး မဖြေရှင်းတတ်ပေ ...။

ခုတော့ တွေးစရာတွေရှိလာပြီဖြစ်၏။ သူမ ဘာတွေဖြစ်နေတာလဲ...၊ အိမ်မှာ အန်တီဦး ကိုယ်နဲ့ထမင်းပွဲအတူထိုင်ပြီး အလုပ်ကိစ္စတွေ



မှာ မေးမြန်းဆွေးနွေးလာတာရှိသလို ကိုမောင့် ကိုလည်း အလုပ်ကိုစိတ်ဝင်စားဖို့ ပြောဆိုနေသံတွေကြားနေရ၏။

ဒီအတောအတွင်းမှာပဲ ကိုမောင့် ရဲ့ ငြိုငြင်မှုတွေက သူမအပေါ်မှာ ပို၍ အနုစိပ်လာခဲ့သည်။ ပိုက်ဆံကိစ္စပါလာပြီဆို ပိုလို့တောင်ဆိုးသေးသည်။

အခု ကိုမောင် ရောက်လာမှာနဲ့ မိုက် ခုနက ဖုန်းဆက်တဲ့ကိစ္စ တစ်ခုတည်းများလား ...၊

သူမ ဘာဖြစ်လို့ မိုက် ဆီကသတင်းကို လှမ်းပြီးစိတ်ဝင်စားလိုက်မိမှန်း ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိလိုက်ပေ ...။

စိတ်တိုစရာကောင်းနေပေမယ့် မိုက် ရဲ့ သတင်းတွေ သက်သေတွေမှာ တစ်ခုမှ လုပ်ကြံလိမ်ညာတာမပါသေးပေ။ ထိုပြင် အန်တီဦးကို ဖွင့်ပြောပြမည်လို့ သူမ မကြိုက်တာတွေတွင်တွင်ပြောပြီး ခြိမ်းခြောက်နေသော်လည်း လက်တွေ့မှာ မိုက် ဒီလိုလုပ်မှာမဟုတ်မှန်းလည်း စိတ်ထဲမှာ အလိုလိုခံစားမိနေခဲ့၏။

ထို့ကြောင့် မိုက် ဆီကို ဖုန်းပြန်ခေါ်ဖို့ စိတ်ကဖြစ်လာခဲ့သည်။ သို့သော် ဖုန်းက နောက်ထပ်မြည်လာလျှင် ...၊

"ဟလို .."

"ဒေါ်ထာဝရ ပါလားခင်ဗျာ .."

"ဟင် .. သြော် .. ဟုတ်ပါတယ်ရှင် .."

မျှော်သည့်ဖုန်းက ဝင်မလာခဲ့ဘဲ အလုပ်ကိစ္စဖုန်းပဲဖြစ်နေခဲ့၏။ နောက်ဆုံး သူမကပဲ ပြန်ခေါ်ဖို့ဆုံးဖြတ်၍ သူ ခေါ်ထားသည့်ဖုန်းနံပါတ်ကို ပြန်ရှာပြီး ခေါ်လိုက်မိ၏။

ဖုန်းက လမ်းဘေးက ပီအိုစီဖုန်းဖြစ်နေသဖြင့် မိုက် က မရှိတော့ပေ ...။ ထို့ကြောင့် လက်ကိုင်ဖုန်းကို ထုတ်ပြီး သူ ခေါ်ထားသည့်ဖုန်းနံပါတ်တစ်ခုကို ပြန်ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"မင်းပြောမယ်ဆိုတာကို ငါ သိချင်လာလို့ ဘယ်လောက်ပေးရမလဲ .."

"ငါးသိန်း .."

"ဘာလဲ .. ငါးသိန်းကို ငါးသောင်းလောက်ထင်ပြီး ကြိုးချည်ထားတာလား .. မင်း တကယ်လွန်လွန်းတယ် .."

"ခင်ဗျားလည်း လွန်တာပဲ၊ ကျုပ်က ငွေယူပေမယ့် ခင်ဗျား ကောင်းကျိုးအတွက် ခင်ဗျားပေးတာမဟုတ်ဘူးလား .. ထမင်းတစ်လုပ် တုတ်တစ်ချက်နဲ့ ပိုက်ဆံပေးတိုင်း ကွိစိကွစတွေ ရှုတ်ဖတ်နေတာ နားငြီးတယ် .."

"ငါပြောချင်တာက လွယ်လွယ်ရနေတိုင်း ဘာလေးဖြစ်ဖြစ် ငါးသိန်းက မဆင်းတာ မင်းရဲ့ .."

"ခင်ဗျားကို ငါးသိန်းထက်မကတဲ့ သတင်းတွေလည်းပေးခဲ့ဖူးတာပဲ .."

"ငါးသိန်းထက်မကတာကို ဆယ့်လေးငါးသိန်းတောင်းခဲ့တာတွေ ရောမရှိလို့လား .."

"တန်ရာတန်ကြေးပါပဲ .. အခု ခင်ဗျားအတွက် သိန်းထောင်နဲ့ချီပြီး ထိခိုက်သွားမယ်ဆိုရင် ကျွန်တော် တောင်းထားတာ လက်ဖက်ရည်ဖိုးလောက်ပဲရှိပါတယ် .."

"ဘာ ..."

"ဒါပေမယ့် ဒီလောက်ပဲ ဘာလို့တောင်းရသလဲဆိုတော့ ခင်ဗျားလည်း ဒီလောက်မညှဲဘူးလေ၊ ဒီသတင်းမရခဲ့ရင်လည်း ခင်ဗျားဘာသာဖြစ်သွားနိုင်တာပဲလို့ ယူဆလို့မျှတမယ့်ဈေးကိုခေါ်လိုက်တာ .."

"ကဲ ပေးမယ် .. ဘာလဲပြော .."

"ဒီညနေ ရုံးဆင်းတာနဲ့ ပါကင်မှာလာယူမယ် .."



"မင်း ငါ့ကိုမြင်ရင် ငါမြင်တဲ့နေရာထွက်လာလိုက်၊ ပိုက်ဆံထားခဲ့မယ်၊ မင်းနဲ့ငါ ပေးတာယူတာတွေလုပ်နေလို့ မဖြစ်ဘူး .."

"ဘယ်ဖြစ်မလဲ .. ကျွန်တော်က သူများပိုက်ဆံသွားကောက်ရင် ပြဿနာမျိုးစုံတက်သွားနိုင်တယ်၊ ခင်ဗျားဘက်က ရှောင်စရာရှိရင်လည်း.."

အထာ နာရီကြည့်လိုက်ပြီး စိတ်မရှည်ဖြစ်လာ၏။

"ကဲ .. ဟုတ်ပြီ .. ပြော .. မြန်မြန် .."

"ခင်ဗျားယောကျ်ား ငွေလာတောင်းလိမ့်မယ် .."

"ဘာ!..."

အထာ အံ့ဩသွားသည်။ လှုလှုတ်ပြီး ငွေထုတ်နိုင်းတာ ခဏခဏပါ။ သိပ်မများတုန်းက ပေးလိုက်တာတွေရှိပေမယ့် ငွေအမောင့်များလာတော့ လင်မယားကြားမှာ ဆွေးနွေးရဖို့ဖြစ်လာခဲ့၏။

ကြည်ဖြူ ကလည်း မာနကြီးသည့်လူပါ။ ကိုယ်တိုင်လာထုတ်ပါလို့ ပြောခဲ့ပေမယ့် အထာ ဤသို့ပြောလိုက်တည်းက ငွေရေးကြေးရေးဘာမှ မပြောခဲ့တော့တာ ခုချိန်ထိ ..။

သူ အရေးကြီးနေတယ်ဆိုတာ ငွေလိုနေတာလား ..၊

"ခင်ဗျားတို့ချင်း ဘယ်လိုရင်ဆိုင်ဖို့တွေရှိကြသလဲတော့မသိဘူး၊ ငွေက ထောင်နဲ့ချီမယ်ထင်တယ်၊ သူကိုယ်တိုင်မဟုတ်ဘဲ တစ်နည်းနည်းနဲ့ ငွေရအောင် ထုတ်ယူသွားခဲ့ရင် ခင်ဗျားကြိုသိထားတော့ ကာကွယ်လို့ရတာပေါ့၊ အဲ့ဒါကြိုအသိပေးတာ .. အိုခေ .."

"နေဦး .. နေဦး .. မင်း အဲဒါကို .."

နေဦးလို့ တားတော့ ဆက်နားထောင်နေပြီး ဒီကမေးပြီးဆိုမှ ချပင်လိုက်၏။

သိန်းထောင်နဲ့ချီပြီး တောင်းလိမ့်မယ်ဆိုတာဖြစ်နိုင်ပါ့မလား .. တကယ်ပဲဆိုရင်တော့ ကိုမောင် တစ်ခုခုကိုအကြီးကြီးပြစည်နေပါပြီ။

ဒါ မဟုတ်ပါစေနဲ့ ..၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဘယ်လိုပူလောင်ပုံကြီးမှန်းမသိ ...။

ကိုမောင် တခြားတစ်ယောက်နဲ့ တစ်အိုးတစ်အိမ် ထောင်ထူဖို့ထိ နိုင်မာနေခဲ့ပြီဆိုလျှင် ...။

"မမ .. သူ့ရွေးရောက်နေတယ်တဲ့ .."

"ဟင် .. အင်း .."

လူက မတ်ခနဲဖြစ်သွားသည်။ ဟိုတက်က နားနေခန်းထဲမှာ ကိုမောင် ရောက်နေပြီ ...။

မိုက် ပြောတဲ့သတင်းက သတင်းမှားဖြစ်ပါစေ ...။

"မမ ..."

အထာ မျက်နှာပျက်ယွင်းလျက် ထထွက်လာခဲ့စဉ် သူမရဲ့အတွင်း ရေးမှူး အယ်လင် က အနားကပ်လာကာ ...။

"မမ အခက်အခဲတစ်ခုခုရှိလို့လားဟင် .. အယ်လင် ဘာကူညီပေး ရမလဲ .."

"ရတယ် .. ကျေးဇူးပဲ .."

သူမရဲ့ အိမ်ထောင်ရေးအခြေအနေကို အယ်လင် က အနည်းအကျဉ်း သိထားသဖြင့် တစ်ခုခုဆိုတာကို ရိပ်မိနေ၏။ အထာ ကိုယ့်အတွင်းရေး ကို တစ်စုံတစ်ယောက်ထံမှာ အိတ်သွန်ဖာမှောက်ပြောဖို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူးပေ ...။

ရှေးစာဆိုတော်တော်များများကို ယုံကြည်စွာ လက်ကိုင်ထားခဲ့သည့် အကျင့်က ဟိုအရင်တည်းကရှိခဲ့သည်ဖြစ်ရာ ...။

"နှစ်ထောင့်ငါးရာ ဟုတ်လား ကိုမောင် .."

"ဟုတ်တယ် .."

"အဲ့ဒါတော့ .."

"မဖြစ်နိုင်ဘူးလို့ မပြောနဲ့ အထာ .. ဒီလုပ်ငန်းက ငါ့လက်ထဲက နေ မင်းဆီရောက်သွားတာ .."



"ဘယ်သူ့ဆီက ဘယ်သူ့ဆီကိုရောက်ရောက် ဒါကို ထာဝရ တို့ ပိုင်တာမဟုတ်ဘူး ကိုမောင် .. အန်တီဦး ပဲပိုင်တာ၊ အထာ တို့က မိဘ လက်အောက်မှာနေနေတုန်းပဲ .."

"မေမေ မပြောနဲ့ ငါတောင်မှ ခု ပြောင်းလဲနေတဲ့ ကုမ္ပဏီအတွင်း ကိစ္စတွေကို မသိဘူး၊ လိုရင်းပဲပြောရအောင်ကွာ .. ငါ ဒီငွေကို မရလို့ မဖြစ်ဘူး .."

"အထာ ကလည်း ပေးဖို့မဖြစ်နိုင်ဘူးလို့ပြောရတော့မှာပဲ .. အထာ တကယ်မတတ်နိုင်လို့ပါ .."

"တောက် .."

ဆိုဖာမှာထိုင်နေရာကနေ ဆတ်ခနဲထရပ်ပြီး တက်ခေါက်သည်။

"ငါ တွက်ထားပြီးသား .. မင်း ဒီတိုင်းပြောမှာပဲဆိုတာ၊ ဘာလဲ အထာ မင်း ထုတ်နှုတ်ထားတာတွေ ထုတ်နှုတ်ဖို့ရှိတာတွေအတွက် တစ်ကွက်ချန်နေတာလား .."

"ကိုမောင် ဘာတွေပြောနေတာလဲ .."

"မင်း လုပ်ချင်ရာလုပ်နေခဲ့တာ ငါ ဘာမှမပြောခဲ့ဘူး၊ ငါလည်း ငါပျော်သလိုနေနေတာပဲဆိုပြီးတော့လေ၊ ပြီးတော့ တခြားလူစားတာ လည်း မဟုတ်ဘူး ငါ့မိန်းမစားတာ ရှိပေစေဆိုပြီး .."

"အထာ့ ကို အဲ့လိုမစွပ်စွဲပါနဲ့ .."

"မင်း မဟုတ်ဘူးဆိုရင်လည်း ငါ မင်းကို ယုံကြည်စွာ ရက်ရက် ရောရောထိုးအပ်ထားခဲ့တာကို သိစေချင်တာ .."

"ကိုမောင့် ဘာသာ ဘယ်လောက်ရက်ရောနေနေ အထာ က သူများ ရဲ့ ယုံကြည်မှုကို ဘယ်တော့မှ အလွဲသုံးစားမလုပ်ဘူး၊ အထာ အရှင်း ဝါသနာပါတဲ့ စီးပွားရေးပညာကို ကိုယ်တိုင် စီမံခန့်ခွဲပြီး အုပ်ချုပ်ခွင့်လာ ခွင့်ရခဲ့တယ် ...၊ ကိုယ် ဘယ်လောက်ထိလုပ်နိုင်သလဲဆိုတာ လက်တွေ့ သိခွင့်ရခဲ့တယ်၊ အဲ့ဒါတွေနဲ့ပဲ အထာ့ အတွက် ပြည့်စုံနေပြီးသား .."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါကွာ .. မင်းရဲ့ ရှေ့ကြောင်းနောက်ကြောင်းတွေပါလာရင် ရထားတွဲကြီးကို ခေါင်းတွဲကနေ ထိုင်ကြည့်နေရသလိုပဲ၊ အဲဒါတွေ ပြန်ပြောမနေစမ်းပါနဲ့ .. အခု ငါငွေလိုနေတာ မင်း ထုတ်ပေးလိုက်ရင် နောက်ထပ် ဒီလိုကိစ္စမျိုးတွေ ထပ်မရှိစေရဘူးလို့ ငါ ကတိပေးတယ်.."

ဟင်!...

ကိုမောင့် လို လူမျိုးက ဒီလောက်ထိကတိတွေပေးပြီး လက်ဖြန့်လာတာကို အံ့ဩမိလေသည်။ ကိုယ်တိုင်လာယူလှည့်ပါလို့ ပြောခဲ့စဉ်က ဆတ်ဆတ်ခါဖြစ်သွားသည့် မာန်တွေနဲ့ မျက်နှာကို ခုထိသတိရနေပါသေးသည်။

ထို့နောက်ပိုင်းမှာ ဘယ်မှာလာတော့လို့လဲ ..၊

"အထာ .. ငါ မင်းကို အရှင်းဆုံးပြောမယ်၊ ငါ၊ ဒီငွေနဲ့ ပြဿနာရှင်းဖို့ရှိနေတယ် .."

"မိန်းမကိစ္စအတွက်လား .."

သူ မျက်နှာပျက်သွားသည်။ ဆံပင်သပ်၍ ခပ်လွှဲလွှဲဖြစ်သွားပြီးမှ ပြန်လှည့်လာပြီး ခေါင်းညိတ်၏။

"ဟုတ်တယ် .. ငါ ကတိပေးခဲ့မိတယ်၊ အဲ့ဒီအတွက် ငါ့စကား အလကားဖြစ်မခံနိုင်ဘူး .."

အထာ့ နှုတ်ခမ်းလေးမဲ့သွားသည်။ လှောင်ပြုံးလောက်တော့ သိသာအောင် ပြုံးလိုက်ချင်ပေမယ့် အပြုံးကိုပီပြင်အောင်မဖန်တီးနိုင်ခဲ့ ..။

ကိုယ့်အပေါ်မှာ ချစ်တာမြတ်နိုးတာတွေ အထပ်ထပ်ပြောပြီး သက်ဆုံးတိုင် လက်တွဲချစ်ခင်သွားမယ့်အကြောင်း တတွတ်တွတ်ပြောခဲ့ဖူးတာတွေကတော့ ကတိစကားမဟုတ်ခဲ့ဘူးလား ..။

"ကိုယ် ကတိပေးတယ် .. မင်းတစ်ဘဝလုံး လူရောစိတ်ပါ ချမ်းသာပျော်ရွှင်အောင် ထားမယ် .."

"မမေ ပြောတာတွေကို သည်းခံပေးပါ၊ ဘယ်အခြေအနေမှာ



ဖြစ်ဖြစ် ကိုယ် မင်းဘက်က ရပ်တည်မယ်လို့ကတိပေးတယ် .."

"ဟိုအရင်တုန်းက လူငယ်သဘာဝလွတ်လပ်မှုနဲ့ ပျော်ခဲ့တာတွေပါကွာ .. မင်းကိုမြင်မှ ကိုယ် အားလုံးကို မေ့သွားပြီ၊ လုံးဝမရှုပ်တော့ဘူးလို့ ကတိပေးတယ်၊ နောက်ဆိုရင် ကိုယ့်ဘဝအတွက် မင်းမှမင်းပဲဖြစ်နေစေရမယ် .." တဲ့ ..။

"အထာ .."

ဟင် ..၊

"ဟော့ .. ပြောနေတာကြားရဲ့လား .."

"အင်း .. ကြားတယ် .."

"ငါ အရမ်းအရေးကြီးနေလို့ မင်းကို ဒီလောက်တောင်းဆိုနေတာ အထာ .. ငါ့စကားကိုကျော်လွန်ပြီး မင်း ဘာတွေတွေးနေတာလဲ၊ နောက်ထပ် တစ်ခေါက် ပြန်တောင်းပန်စေချင်တာလား .."

"မဟုတ်ပါဘူး ကိုမောင် ရယ် .. ကိုမောင် ကတိပေးခဲ့တယ်ဆိုတော့ ဒါက အရေးကြီးကိစ္စဖြစ်သွားပြီလေ၊ ကတိစကားတစ်ခွန်းဆိုတာ ဂုဏ်သိက္ခာကို အရည်ဖျော်ပစ်နိုင်တယ်မို့လား .."

အထာ့ ကို စိုက်ကြည့်ပြီး ကြယ်ဖြူ့ မျက်နှာ နီတီတီဖြစ်လာ၏။

"ဒါပေမယ့် ငွေက အရမ်းများနေတယ် ကိုမောင် .. ဟိုတစ်ခါ ကိုမောင် ပြောတုန်းကတောင် အထာ ခေါင်းခါခဲ့ရတာ၊ အခု ငွေတွေ ဒီလောက်အများကြီးကို အထာ ကိုယ့်သဘောနဲ့ထုတ်ယူလို့မရဘူး –"

"ဘာလို့မရရမှာလဲ .. ငါတို့က ရှယ်ယာအများဆုံးရထားတဲ့သူ၊ မင်း သဘောကျဆုံးဖြတ်ခွင့်ရှိတယ်၊ အားလုံးညှိနှိုင်းဆွေးနွေးအဆင့်တွေပဲ .."

"မဟုတ်သေးဘူး .. သူတို့လည်း သဘောတူမှဖြစ်မှာလေ၊ ဒီကိစ္စကြီးကို အန်တီဦး မသိဘဲ အထာ ခေါင်းညိတ်လို့ မဖြစ်ဘူး၊ အန်တီဦးနဲ့ အထာ့ အခြေအနေကို ကိုမောင် လည်း သိပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"သိတယ် .. အခု မင်းကိုယ်မင်းထက် ငါက ပိုသိလို့ပြောနေတာ၊ ကျွတ် .. အထာ .. ငါ အရမ်းအရေးကြီးလို့ပြောနေတာ၊ မင်းလိုမိန်းမမျိုးကို ငါဒီလောက်ထိ .. တောက် .."

"အထာ သိတယ် .. ကိုမောင် ဒီလောက်တောင်ရှင်းပြနေရတဲ့အထိ အထာ က ပါဝါပြနေတဲ့ပုံပေါက်နေပြီ၊ ဒါပေမယ့် အဲဒါကို အထာ က ကျေနပ်နေတယ်ထင်လို့လား ကိုမောင် .."

"အသိသာကြီးပဲကွာ .."

"လုံးဝမဟုတ်ဘူး .. အထာ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရဖြစ်လာမိတာပဲရှိတယ်၊ ဒါ ဂုဏ်ယူစရာမှမဟုတ်ဘဲ .."

အထာ ကလည်း ကိုယ့်ရင်ဘတ်လေးကို ဖိကပ်ပြရင်း စကားသံတွေက တုန်ခါလာ၏။

"တခြားမိန်းမတစ်ယောက်အတွက် ကိုမောင် ကတိတည်ချင်နေတယ်၊ ကတိတည်ဖို့အတွက် မာနတွေခဝါချပြီး ကြိုးစားနေတယ်၊ အထာ ကတော့ ကိုမောင့် ဆီက .."

"မင်း ဘာမှမရခဲ့ဘူးဆိုပြီး ငါ့ကိုချိုးချင်နေတာလား .."

"စေတနာမေတ္တာဆိုတာ ထိတွေ့ကိုင်တွယ်လို့မရသလို ဖြူသလားမည်းသလားဆိုတာလည်း ဘယ်သူမှ မမြင်နိုင်ပါဘူး၊ ကိုယ်လိုချင်တာမရတိုင်း ခုလို နည်းလမ်းတွေနဲ့ တုံ့ပြန်လို့သာရမယ်ဆိုရင် ရာဇဝင်တွင်ခဲ့တဲ့ အချစ်ရူးသမားကြီးတွေက တော်တော်အခဲ့တာပေါ့ .."

"စကားတတ်တိုင်း ပြောမနေနဲ့ .. မင်းအခု ချက်တစ်စောင်ပေးလိုက်ရင်ပြီးပြီ .."

"အထာ က ကိုမောင့် စွပ်စွဲသလို မဟုတ်ဘူးဆိုတာ သက်သေပြဖို့အတွက်နဲ့လား .."

"ဘာအတွက်ဖြစ်ဖြစ် ငါ့လက်ထဲကို ငွေရောက်လာဖို့က အဓိက.."

"ဝမ်းနည်းပါတယ် ကိုမောင် .. အထာ မပေးနိုင်ဘူး .."



"ဘာ ..."

ကြည်ဖြူ ဒေါသသံဟိန်းထွက်လာကာ အထာ့ လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲခါပစ်လိုက်ပြီး ..၊

"ငါ ထပ်မေးမယ် .. မင်း ဆက်ပြီး ခေါင်းခါနေဦးမယ်ဆိုရင် ဒီထက် မင်းအများကြီးအကျပ်ရိုက်အောင် ငါလုပ်လို့ရတယ်နော် .. ခုပေးမှာလား .. မပေးဘူးလား .."

နောက်ထပ် လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆွဲခါပြီး မျက်နှာချင်းဆိုင်ပစ်လိုက်တော့ အထာ က စူးလက်နေသည့်မျက်ဝန်းလေးတွေနှင့် ကြည့်၍ ..၊

"ကိုမောင် က သူဌေးသား ဒီကုမ္ပဏီရဲ့ပိုင်ရှင်ပါ .. ဒါပေမယ့် ကိုမောင့် လုပ်ရပ်က သိပ်ကိုအံ့သြဖို့ကောင်းအောင် သေးသိမ်လွန်းတယ်.."

"တောက် .."

အထာ့ နှုတ်ဖျားမှ အေးစက်စွာ တစ်ခွန်းချင်းထွက်လာသည့် စကားတွေကြောင့် ရှက်သည့်စိတ်က ဒေါသတို့အဖြစ် အင်အားကြီးမားစွာ..၊

"ကြီးကြီးကျယ်ကျယ်တွေပြောမနေနဲ့ .. တိတ် .. ခုချက်ချင်းတိတ်စမ်း .."

စိတ်ရှိလက်ရှိဆောင့်ခါအော်ပစ်ရင်း တွန်းထည့်လိုက်မိ၏။ အထာ ...ပေါ်ကို ပစ်စလက်ခတ်လွင့်ကျသွားကာ ..၊

"အား ..."

မျက်လုံးတွေပြာမိုက်သွားသည်။ ရုတ်တရက် လူးလဲထဖို့ပေမယ့် ...ရှူးရှူးနာကျင်သွားပြီး ပုံခနဲပြန်ကျ၏။

"အ .. အား .."

"မမ .. မမ ဘာဖြစ်သွားလဲဟင် .. မမကို ဘာလုပ်သွားတာလဲ.."

အယ်လင့် ပြေးဝင်လာသည်။ ပြီးတော့ စိုးရိမ်တကြီးမေးတာ သူမ ...ဆွဲထူပေး၏။ မျက်လုံးတွေကိုဖွင့်လိုက်တော့ ချာချာလည်နေဆဲရှိ

www.burmeseclassic.com



ကာ ..။

"သူ .. သူရော .."

"ပြန်ထွက်သွားပြီ မမ .. အယ်လင် ဘာလုပ်ပေးရမလဲဟင် .. ဆရာဝန်ကိုဖုန်းဆက် .."

"ဟင့်အင်း .."

စကားသိပ်မပြောနိုင်ဘဲ လက်နဲ့ပါကာပြလိုက်မိကာ ..။

"ခဏလှဲနေချင်တယ် .."

အယ်လင် က ပျာပျာသလဲပြုစုလုပ်ကိုင်ပေး၏။ ဒရင်းမ်ဘတ်ဒ် ပေါ်မှာပဲ လှဲနေလိုက်မိကာ ခေါင်းတွေ မူးနေဆဲနှင့် ရင်ဝက အောင့်နေ၏။ ခါးက မျက်နေတာလည်း ခံရခက်နေရင်း မျက်ဝန်းထောင့်မှ စီးသော မျက်ရည်စက်တို့က ဆံစများထဲသို့ တိုးဝင်ပျောက်ကွယ်၏။

မြန်မာဝတ်စုံလေးဝတ်ထားသည့် သူမကိုယ်ပေါ်မှာ ကြယ်သီးပြုတ် ထွက်သွားသည့် ရင်ဖုံးစတစ်ဖက်က ဖရိုဖရဲဆန်နေကာ နားသယ်စပ်စ တစ်ဖက်မှာ ဆံပင်ကို ပင့်ထိုးထားသည့် ကလစ်လေးကလည်း ပြုတ်ကျ လုလုတွဲလွဲခိုနေခဲ့၏။

သူမရဲ့ ပုံစံကို မှန်ပြေးကြည့်ဖို့မလိုပေ ..။ နာကျင်မှုတွေထဲတ အင်္ကျီရင်ဘတ်ကိုစမ်းပြီး လက်လေးနဲ့ ဖိကပ်ထားလိုက်မိ၏။

တွဲလောင်းကျနေသည့် ကလစ်လေးကို ဒီတိုင်းစမ်းကာ ဆွဲဖြုတ် ပစ်လိုက်သဖြင့် ဆံပင်တွေတင်းသွားပြီးဖြတ်တောက်ကုန်လေသည်။

သူမ ဘယ်လိုပုံစံဖြစ်နေပြီလဲဆိုတာတွေးမိလိုက်တာနှင့် ငယ်ငယ် က မြင်ဖူးခဲ့သော အဲရက်သမားမိန်းမရဲ့ပုံစံပေါ်လာခဲ့သည်။

သူမ ငယ်စဉ်တုန်းက ကိုယ့်ရဲ့အနီးဝန်းကျင်မှာ အရက်သော ပြီး ပြန်လာသည့် လင်ယောကျ်ားက အိမ်ကမိန်းမကို ရမယ်ရှာပြီး ရိုက် နှက်ကန်ကျောက်တာတွေကြားဖူးသည်။ မြင်လည်းမြင်ဖူး၏။

ပြီးတော့ အရက်မူးမှ ကျွဲခုံးပေါ်ဆိုတာလိုမျိုး မူးလာကာမှ ဒီမိန်း



ဆောက်ပြန်ခဲ့တာကို အော်ကြီးဟစ်ကျယ်ဖော်ပြပြီး လှိမ့်ရိုက်တတ်သည့် အဖြစ်ဆိုးတွေ ..။

ဒီလိုအဖြစ်ဆိုးတွေနဲ့ နေကြရတဲ့ မိန်းမဇွတွေကို ရှေးလူကြီးတွေ က 'လင်ထောင်းတဲ့ရုပ်' လို့ပြောခဲ့ကြသည်။

သူမကရော ဘယ်လိုသရုပ်ပေါ်နေပြီလဲ ..။

ထိုကဲ့သို့ ထုထောင်းရိုက်ပုတ်ခံနေရအောင် သူမက ဘယ်လိုမိန်းမ မျိုးမို့လဲ ..။

ရှက်ရွံ့နာကျင်ခြင်းက ဘယ်လောက်ထိပြင်းရှနေသလဲဆိုတာ ပြစရာ ဆောင်မရှိပေ ..။ ဒီယောကျ်ားရဲ့ ငြူငြင်ခံရပြီဆိုတည်းက 'မင်းလိုမိန်းမ' ဆိုသည့်အပြောတွေ၊ 'ငါ့သားကို ငွေမက်လို့ယူ' ဆိုတာတွေ၊ 'မင်း ငါ့ကို မှ မေတ္တာမရှိဘဲ' လို့ စွပ်စွဲချက်တွေ အလုံးစုံကို ခါးစည်းခံခဲ့ရသည်။

'ရှင့်ကိုချစ်ပါတယ်' ဆိုတဲ့စကားရော သူမ ပြောခဲ့ဖူးပါသလား..။ 'မင်းကိုချစ်ခွင့်ရချင်တာ' လို့ပြောခဲ့တုန်းက မင်းက ချစ်ချစ်မချစ်ချစ် ဟို့ သူ ထည့်ပြောခဲ့ပါသေးသည်။

သူမ တည်ဆောက်ခဲ့သော အိမ်ထောင်ရေးနယ်ပယ်တစ်ခုအတွက် သူမ ဘာတစ်ခုမှ ကတိကဝတ်မပြုခဲ့ပေမယ့် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့သည်သာ .. ဒါပေမယ့် ..။

နောက်ဆုံးမှာ သူမ ရခဲ့တာ ဒါလား ..။

မျက်ရည်သည် မြစ်တစ်စင်းဖြစ်သွားခဲ့မည်ဆိုရင်တောင် ထိုမြစ်ထဲ မှာ သူမ ဘယ်သောင်ဆိုက်လို့ဘယ်ကမ်းကပ်ရမည်ဆိုတာမသိ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မဟုတ်ရင် မယော ကလည်း ဒီလောက်နားမပူပါဘူး၊ အခု မင်းခိုက် ဆိုတဲ့ကောင်လေးက ဒီအိမ်ကြီးကို ဖဲပေါင်ရိုက်ပစ်လိုက်ပြီလေ၊ ငွေတွေ အများကြီးယူထားတာကို ဘယ်လိုလုပ်ပြန်ရွေးနိုင်တော့မှာလဲ .."

"ဘယ်လောက်များနေလို့လဲ မယော .. ကွန်ဒိုခန်းတစ်ခန်းဝယ်မယ့် အစား ကိုယ့်ဝင်းကိုယ့်ခြံမှာပဲ ကျယ်ကျယ်ဝန်းဝန်းခန့်ခန့်ညားညားနေ လိုက်ရင် ပိုကောင်းတာပေါ့ .."

မယောသီ မျက်နှာပျက်သွားသည်။ သို့သော် ..၊

"ဟိုအရင်ကြွေးတွေနဲ့ ပေါင်းလိုက်ရင် လေးထောင်ကျော် ငါးထောင် တော့ .."

"ဟား .."

ဒါကတော့ အဓိပ္ပာယ်မရှိတော့ဘူးထင်သည်။

ကြည်ဖြူ လှဲနေရာကနေ ငုတ်တုတ်ထိုင်လိုက်မိကာ ..၊

"မင်းမောင်က ဘယ်လောက်အကောင်ကြီးနေလို့ ဒီလောက်ဖြုန်း နိုင်ရတာလဲ၊ လူငယ်ပီပီ အပျော်သဘောဆော့တာကိုကွာ .."

"သူက ဖဲတစ်ခုတည်းမဟုတ်ဘူး၊ ဘောလုံး လက်ဝှေ့ အကုန်လုံး လောင်းတာပဲ၊ ပြောရင်တော့ အစ်မဆီက လက်ဝါးမဖြန့်ဘူး .. ကိုယ့်ဟာ



ကိုယ်ရှာစားတာချည်းပဲ၊ တင်သမျှကြွေးတွေကတော့ ဒီအိမ်ပေါ်မှာလေ.."

"နေပါဦး မယော .. ခုပဲ ဖဲပေါင်ရိုက်လိုက်တာလိုလို မင်းပြော တော့ .."

"မောင်ရယ် .."

မယောသီ က ကြည်ဖြူ့ ခေါင်းမှာ ပူးကပ်ဝင်ထိုင်လိုက်ပြီး ခါးကို သိုင်းဖက်ထားလိုက်သည်။ ပြီးတော့ ကြည်ဖြူ့ လက်မောင်းနဲ့ ပါးပြင် လေးကို ပွတ်ကပ်ထိရင်း ..၊

"အစတည်းက ကြွေးတွေရှိခဲ့တာလေ၊ မယော တို့ ငယ်ငယ်တည်း က မိဘမဲ့ဘဝနဲ့နေလာခဲ့ရတာ၊ ဆွေမျိုးတွေကလည်း ထိန်းသိမ်းသလိုလို စောင့်ရှောက်မလိုလိုနဲ့ ဝိုင်းသုံးခဲ့ကြတာရှိသေးတယ် .."

'မိဘမဲ့ဘဝနဲ့ မိန်းကလေး' ဆိုသည့် အဝါကဒ်ဝင်လာတာနှင့် ကြည်ဖြူ ခေါင်းငိုက်စိုက်ကျသွားတတ်တာ မယောသီ ကလည်းသိသည်။ ထို့ကြောင့် ..၊

ပါးပြင်လေးကပ်ထားပြီး ကလေးလို တိုးဖွဲ့ပွတ်သပ်ရင်း ..၊

"ဆင်းရဲတဲ့ လူတွေလက်ထဲမှာ ရောက်လာတဲ့ ပိုက်ဆံက 'အလျှင်ခံ ရှိတဲ့ ချဉ်ပတ်အိုး' လိုပဲ မောင်ရဲ့၊ ဘယ်လောက်ဝဲရနေနေ ငွေမပြဲဘူး၊ သုံးလောက်မလောက်ဘူး၊ နောက်ပိုင်းမှာ မင်းခိုက် က အလောင်းအစား တွေလုပ်လာတော့ ပိုဆိုးသွားတာပေါ့ .. ကိုယ့်မောင်လေးဆိုတော့လည်း ဖြစ်လာသမျှ ကိုယ်ပဲဒိုင်ခံရှင်းနေရတာ .."

"ဒိုင်ခံရှင်းနေရတာက သူ ဖြုန်းဖို့အတွက် လက်ဖြန့်တိုင်းထည့် ပေးပြီးတော့လား မယော ရယ် .. ကိုယ်က အစ်မကြီးပဲ သူ့ကို မင်းဆုံးမ ရမှာပေါ့ .."

"အစ်မဆိုပေမယ့် သုံးနှစ်လောက်ပဲကွာတာ မောင်ရဲ့ .."

အထာ တို့ မောင်နှမတွေလည်း သုံးနှစ်ကြီး သုံးနှစ်ငယ်တွေပဲလို့ သွားလိုက်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတွေက သိပ်ကိုထိန်းရခက်တာ၊ မင်းနိုက် အကြောင်း မောင် သေချာသိရင် မယော့ ကိုတောင် သနားသွားဦးမယ်၊ ဒီကောင်လေး က ကမ်းကုန်အောင်ဆိုးတာ၊ သူ ယူသုံးတာတွေများလာတော့ အိမ်ဂရန် ကို သူ့သဘောနဲ့သူ သွားထိုးပေးလိုက်တာကြည့်လေ .. တကယ်ဆို ဒါက အကြွေးသက်သက်ပဲ .."

ကြွေးရှိလာရင်ရော ဆပ်ရမှာပဲ မဟုတ်ဘူးလား .. ဒီလောက်များတဲ့ ငွေတွေကို ဒီလိုနည်းနဲ့ ဆပ်ဖို့အပြင် တခြားနည်းလမ်းရှိသေးလို့လား..။

အိပ်ရာထဲမှာ ပြန်လှဲလိုက်ရင်း အသက်ရှူမဝသလိုဖြစ်လာခဲ့သည်။ ဘာလိုလိုနဲ့ မယောသီ တို့ မောင်နှမရဲ့တာဝန်က သူ့ခေါင်းပေါ်ပုံကျလာခဲ့ပြီဖြစ်၏။

'မင်းကြောင့်' လို့ပြောပြီး မင်းနိုက် ဆိုတဲ့ သတ္တဝါလေးကို ပြေးထိုးပစ်ရမလား ..၊

'ငါတော့ ရှုံးချင်ပြီ' လို့အော်ပြီး မယောသီ ဘေးကပဲထွက်ပြေးရတော့မလား ..၊

လောလောဆယ်ပြဿနာကို ရှင်းပေးဖို့တောင် သူ့မှာမလွယ် ..။

"ဒါပေမယ့် မောင် အရမ်းခက်ခဲနေတယ်ဆိုရင် ကွန်ဒိုဝယ်ဖို့ မယော့ မလောပါဘူး၊ ကြံစည်ချိန်တွေရှိသေးတာပဲဟာ .. မျက်နှာကြီးရှုံ့တွမနေပါနဲ့ မောင်ရာ .. မောင်က ရယ်နေရင် အရမ်းချောတာ ပြုံးပြုံးရယ်ရယ် နေစမ်းပါ .. နော် .."

မေးဖျားကို ကိုင်လှုပ်ပြီး ကလေးချော့သလိုချော့နေတော့ ကြည်ဖြူ မျက်နှာ ပြုံးယောင်သမ်းလာခဲ့၏။ မယောသီ က နီးနီးခစ်ခစ်လေးရယ် လျက် ..၊

"မောင်က အလုပ်တွေကို ဂရုမစိုက်တဲ့ မယော့ အလိုကျ အနားမှာပဲ နေပေးခဲ့တာတွေ မယော နားလည်ပါတယ်၊ မောင် ဂရုစိုက်စိုက် မစိုက်စိုက် အလုပ်လုပ်ချင်လုပ် မလုပ်ချင်နေ ဒါတွေကို မောင် ပိုင်တာပဲဟာ .. လောလောဆယ် အခက်အခဲဖြစ်တာလေးကို ဘာလို့ပူနေရတာလဲ .."



မယောသီ က သူ့အိမ်မှာ ဘယ်လိုရင်ဆိုင်နေရတယ်ဆိုတာ မသိ..၊ သိရင်လည်း သူမလိုမိန်းကလေးမျိုးက အားကိုးဖွယ်မရှိသည့် ယောက်ျား ကို ကြာရှည်သည်းခံတွဲမှာမဟုတ်တာ သူ ခံစားမိနေသည်။

သို့သော် မယောသီ စိတ် ဘယ်လိုရှိနေနေပါ၊ သူကိုယ်တိုင်က လည်း ကိုယ့်သိက္ခာကိုယ်ချပြီး ပိုက်ဆံသုံးခွင့်မရှိဖြစ်နေရသည့်အဖြစ် ကို ဘယ်တော့မှ ဖွင့်ပြောပြမှာမဟုတ်ပေ ..။

သူ့ရဲ့ဘဝမောတွေပြေစေတဲ့ မိန်းကလေးက မယောသီ .. သူ့ကိုနား လည်ဖြေသိမ့်မှုတွေပေး၍ ထားသလိုနေ ပေးတာလေးနဲ့ ကျေနပ်နေရှာ တာလည်း မယောသီ ပဲဖြစ်သည်။

မိန်းမနှစ်ယောက်၏ မတူညီသော စရိုက်သဏ္ဌာန်နှစ်မျိုးကို သူ သိနေပေမယ့် မယောသီ ကိုလည်း လက်မလွှတ်နိုင်သလို အထော့ ကိုလည်း ဆုံးရှုံးမခံနိုင် ..။

မပြည့်ဝသည့်ဆန္ဒတွေ ဒေါသတွေနှင့် သူ့ဘဝ ပူလောင်နေရတိုင်း မယောသီ ရင်ခွင်ကသာ အေးငြိမ်းရာဖြစ်ပေမယ့် သူမက သူ့အတွက် ဖွဲ့တက်မယားတော့ မဖြစ်နိုင်ပေ ..။

ထာဝရ ရဲ့ ရင်ခွင်က ဘယ်လောက်ပဲ အေးစက်ထုံထိုင်းနေပါစေ မိန်းမတို့ရဲ့ ဂုဏ်ကျက်သရေအပြည့်နှင့် သူမရဲ့ အရည်အချင်းကောင်း များစွာတို့ကသာ ပွဲလယ်တင့်သော ဇနီးကောင်းဖြစ်လေသည်။

ကြည်ဖြူမောင် ဆိုသော ယောက်ျားတစ်ယောက်ဟာ ဇနီးကောင်း နဲ့ သာယာမှုရဲ့ကြားမှာ ဘယ်ဘက်ကိုမှ လက်မလွှတ်နိုင်ဘဲ ..၊

"မောင် ဘာတွေတွေးနေတာလဲဟင် .."

"ဘာမှမဟုတ်ပါဘူး .."

"ဘာမှမဟုတ်ဘူးဆိုရင်လည်း ဒီဘက်လှည့်ကွာ .."

မယောသီ ကလည်း ခုတစ်လော ကြည်ဖြူ တွေဝေနေတတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကို သတိထားမိနေပြီဖြစ်သည်။ အစတည်းက သူ့ဇနီးကလည်း ချောချော လှလှလေးပဲမို့ တစ်နေ့နေ့ ဇနီးဘက်ကို ပြန်ယိုင်သွားမလား စိုးရိမ်နေခဲ့ရတာဖြစ်၏။

ထို့ကြောင့် လောလောဆယ်မှာ ကိုယ့်ရဲ့လိုအပ်ချက်တွေ ပူဆာဖို့ အရေးကို နောက်ဆုတ်ထားဖို့ဆုံးဖြတ်ထားမိ၏။

ကိုယ်ဆီရောက်လာတုန်းမှာ ပူပင်မှုအရာရာကိုမေ့လျော့သွားအောင် ဆွဲဆောင်စည်းရုံးဖို့သာ အာရုံစိုက်၍ ...၊

"မဟော့ ကို ချစ်သေးရဲ့လား မောင် .."

"ဘယ်လိုမေးလိုက်တာလဲ မဟော ရယ် .. ကိုယ်ဘယ်လောက်ထိ ချစ်တာသိသားနဲ့ .."

"အဟွန်း .. ထပ်ကြားချင်လို့ပေါ့ .."

ကြည်ဖြူ ရင်ဘတ်ပေါ်မှာ ကိုယ်လေးတစ်ခြမ်းတိုးတက်လိုက်ပြီး မျက်နှာကို လက်ဖဝါးလေးတစ်ဖက်နဲ့ ပွတ်သပ်ပေးမေးရင်း ...၊

"မောင့်ကို မဟော အရမ်းချစ်တာပဲ .."

ပြော၍ အချစ်တွေ ပုံချအပ်နှံဖို့ပြင်ဆင်လိုက်မိစဉ် ဖုန်းသံကဖျက်၏။

"ခဏလေး မောင် .."

သူမ အိပ်ရာကနေထကာ အဝတ်အစားတို့ကို ပြေပြစ်အောင်ဆွဲတင်ပြုပြင်၍ အခန်းပြင်ထွက်ခဲ့ပြီး ...၊

"ဘာလဲ .. ပြော .."

"တော်သေးတာပေါ့ .. မမ ဖုန်းမကိုင်ဘဲနေလိုက်မှာစိုးနေတာ.."

"အကောင်းမဟုတ်ဘူး .. မောင်ရှိနေလို့ သူ ကောက်ကိုင်လိုက်မှာစိုးလို့ နားလည်လား .."

"အဲ့ဒါတွေထားလိုက်စမ်းပါ .. အခု ကျွန်တော့်ကို ငွေဆယ်သိန်းလောက် .."



"ဘာ ..."

"ပြောတာဆုံးအောင်နားထောင်ပါဦး .."

"မထောင်နိုင်ဘူး .. နင်နဲ့ ငါ မပတ်သက်တော့ဘူးလို့ပြောပြီးသားနော် .."

"မမ နေဦး .. ကျွန်တော်ကလည်း အလကားမတောင်းပါဘူး၊ နောက်လည်း ထပ်မပတ်သက်ဘူး၊ မမငွေကို တစ်ပတ်လောက်ပဲ လှည့်သုံးမှာ၊ အတိုးသုံးသိန်းတင်ပေးပါ့မယ် .. ကျွန်တော် .."

"မျက်လောက်စရာပဲနော် .. ဟွန်း .. မှန်မှန်ကန်ကန်ပြန်ရမယ့် ငွေဆိုရင်တော့ တစ်ပတ်လောက်နဲ့ရမယ့်အတိုးက မနည်းဘူးပဲ .."

"ကျွန်တော် လောင်းကစားနေတာမဟုတ်ဘူး၊ ဒီမှာ ကြွေးရှင်တွေက ခုချက်ချင်း မပေးနိုင်ရင် သတ်မယ်ဖြတ်မယ်လုပ်နေကြလို့ .."

"ဟုတ်လား .. ဩော် .. ဩော် .. ကိုယ့်ကြွေးကိုတောင်မဆပ်နိုင်ဘဲ မင်းခိုက် ရယ် .. ပြောလိုက်ပါလား ခုန ငါ့ကိုပြောသလို နောက်တစ်ပတ်ကြာရင် အတိုးတပ်ပေးပါ့မယ် တစ်ပတ်ပဲစောင့်ပါလို့ .."

"မရလို့ပေါ့ မမရာ .. လုပ်ပါ .. ကျွန်တော်ရှိတဲ့နေရာ ပြောမယ်နော် .."

"အံမာ နင့်ကို ဘယ်သူကပေးပါ့မယ်ပြောလို့လဲ .. နင့်ဆီ လာပေးဖို့နေနေသာသာ နင်လာရင်တောင် ငါကအိမ်တံခါးဖွင့်ပေးဖို့ စိတ်မကူးဘူး .."

ဖုန်းချပစ်လိုက်တော့ ချက်ချင်းပြန်ခေါ်သည်။ ထပ်မခေါ်နိုင်အောင် ဖုန်းကိုစက်ပိတ်ထားလိုက်၏။ ပြီးတော့ နောက်ထပ် အိမ်ဖုန်းကိုပါ ဝလပ်ဖြုတ်ထားလိုက်သေးသည်။

ခေါ်စမ်း မင်းခိုက် ရေ ...၊

ငါ့ဘဝတစ်လျှောက်လုံး ငါလည်း ကိုယ့်ပြဿနာကိုယ်ရှင်းခဲ့ရတာပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



နင်က ယောကျ်ားလေး ...၊

ကိုယ်လုပ်ချင်ရာလုပ်ပြီးမှတော့ ကိုယ်ဖြစ်ကိုယ်ခံ မှားရင်မှောက် အိပ်လိုက် ...၊

စက်ပိတ်ထားသည့်ဖုန်းကို ငုံ့ကြည့်ပြီး ကျေကျေနပ်နပ်လေးပြုံးမိသည်။ တောက်လျှောက်ဆန့်ကျင်ဖီဆန်လာခဲ့တဲ့ မောင်၊ အစ်မရယ်လို့ လေးစားရမှန်းမသိ၊ မောင်တစ်ယောက်ဖြစ်ပြီး အစ်မကိုစောင့်ရှောက် ခဲ့တာရော ရှိလို့လား ...။

သူက မစောင့်ရှောက်သည့်အပြင် ဒီအစ်မ ဘာလုပ်လုပ်ဆေဖန်လိုက် သမျှ ကောင်းတာတစ်ကွက်မှမရှိ ...၊ ကဲ့ရယ်စရာတွေပြီဆိုလည်း ရစရာ မရှိအောင် ထွက်လာပါလိမ့်မည် သူ့ပဲ စကားတတ် ...။

ခုတော့ ဘာတတ်နိုင်သေးလဲ ...၊

အောင်မလေးဆို ပြေးတလိုက်ရုံနဲ့ ဖေးမမယ့်သူရောက်လာဖို့ဆို တာ ...၊

မောင်လေးရေ .. ဆုတောင်း ...။



## အခန်း (၁၆)

"ခွပ် .."

မျက်လုံးတွေကွဲထွက်ကုန်ပြီလားထင်ရအောင် ရောင်စုံမီးပွင့်တွေလို ဖြာထွက်သွား၏။ လက်ပြန်ချုပ်ထားကြသဖြင့် ကုလားထိုင်မှာ ထိုင်လျက်ဖြစ်နေသည့် ခြေထောက်တွေကိုလည်း သုံးစားလို့မရ ...။

"ခင်ဗျားတို့ တော်တော်လွန်နေပြီနော် .."

"ဩော် .. မင်း ပါးစပ်လေးနဲ့ အလွဲသုံးစားချေးသွားတဲ့ငွေတွေကို မပေးဘဲ ရှောင်နေတာကျတော့ မလွန်ဘူးပေါ့ .."

"ကျုပ် ရှောင်နေတာမဟုတ်ဘူး၊ ခင်ဗျားတို့ ထောင်ကျနေလို့ လာမတောင်းနိုင်တာမဟုတ်ဘူးလား .."

"ဘာဖြစ်ဖြစ် မင်းက ကြွေးဆပ်ရမယ့်သူ ငါတို့လိုတဲ့အချိန်မှာပေး ရမယ့်တာဝန်ရှိတယ် .."

"လိုတဲ့အချိန်ကိုတော့ မက်ဆေ့ချ်ပို့သါ့ဗျ .. ဒါမှ ပေးရမယ့်တာဝန် တို့ သတိရမှာပေါ့ .."

"ဟိတ်ကောင် .. သူများကြွေးကိုယူတုန်းကယူပြီး မေ့မေ့လျော့ လျော့နေတာ ဘယ်သူလွန်သလဲ .."

"ကျုပ် မလွန်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ .."

"ဒီကောင့် ပါးစပ်ကို ကျွန်တော် ပိတ်ပေးလိုက်မယ် အာစရိ .."

"နေဦး .."

သုံးယောက်တည်းသောလူစုထဲမှာ နှစ်ယောက်တည်းရဲ့ ဆရာလုပ်နေသည့် ဦးချိန်းသော ၏ ဟန်ပန်က တကယ့် ဂိုဏ်းစတားကြီးလိုလို..။

"မင်းခိုက် .."

ရွဲနေသည့်ဗိုက်အောက်မှာရောက်နေသည့် ဘောင်းဘီခါးပတ်ထဲကို လက်မတစ်မရမက ထည့်ချိတ်၍ ဟန်ပါပါလျှောက်လာကာ ..။

"အားလုံး သိန်းနှစ်ဆယ်နော် .."

"တစ်ပတ်ပဲစောင့် .. ခုချက်ချင်း ရှာကြံပေးရမယ်ဆိုရင်တော့ ဆယ်သိန်းပဲ .."

"မစောင့်နိုင်ဘူး .."

"မစောင့်နိုင်လည်း လုပ်ချင်တာလုပ်ဗျာ .. ခင်ဗျားတို့ရှေ့တင်ကျုပ်အစ်မနဲ့ ဖုန်းပြောတာပဲ မကြားဘူးလား .. ကျုပ်မှာ လောလောဆယ် တစ်ပြားမှမရှိဘူး .."

"မင်း ယူသုံးတုန်းကတော့ ရှိမှပေးမယ်လို့မပြောပါလား .."

"ခင်ဗျားတို့လည်း 'ငါတို့ထောင်ကျနေလို့ ထွက်လာရင်တန်းယူမယ်' လို့ ပြောသွားလို့လား .."

"ဟိတ်ကောင် .."

"ပြောပြတာလေ .. ခင်ဗျားတို့ ထောင်ကျသွားတာ ကျုပ်မှမသိတာ၊ အရမ်းချမ်းသာသွားကြလို့ ဒီငွေလောက်ကို ပြန်လှည့်မကြည့်တော့တာလို့ပဲထင်တာ .."

ပြောသည့်မျက်နှာက ထောင်ကျသွားသည့်အဖြစ်ကို လှောင်ရယ်လိုက်တာမှန်းသိသာစွာ စပ်ဖြဲဖြဲ ..။

"ခွေးမသား .. ဇဲကွာ .."

လက်သီးသွေးပြီး အားပါးတရထိုးချလိုက်၏။ သို့သော် လက်သီး



နဲ့ လက်ဖဝါးထည့်ကြိတ်နေတည်းက ခိုက် က ပြင်ဆင်ပြီးသားမို့ ထိုးချလိုက်တာနှင့် မျက်နှာလွှဲရှောင်လိုက်၏။

လက်သီးဆုပ်ကြီးက ပါးနဲ့ကပ်ပွတ်ပြီး လေကိုခွင်းသွားကာ လူက လက်သီးနောက်လိုက်၏။

"အ ..."

လဲမသွားအောင် ထိန်းရင်း ဦးချိန်းသော ကုန်းကုန်းကွကွဖြစ်သွားလျှင် ခြေချော်လက်ချော်တွေဖြစ်ကာ ..။

"တောက် .. ခွေးသူတောင်းစား .."

"အာစရိ ဖယ်ပါ .."

နောက်ထပ်လက်သီးချက်တွေကျလာ၏။ ခိုက် အသားနာလာလေစိတ်ကိုထိန်းမရလေဖြစ်လေ ကုလားထိုင်နဲ့အတိုင်း ကုန်းကွထလိုက်ကာ ဦးချိန်းသော ရဲ့ တပည့်နှစ်ယောက်ကို ကုလားထိုင်နဲ့ လွှဲတိုက်ပစ်လိုက်၏။ ကုလားထိုင်ကြီး ချာလပတ်ရမ်းနေသဖြင့် ရုတ်တရက် သုံးယောက်စလုံးရှဲသွား၏။

"ရပ် .. ဟိတ်ကောင် ရပ်လိုက်စမ်း .."

ဦးချိန်းသော ဓားမြောင်တဝင်းဝင်းနှင့် ခြိမ်းခြောက်ကာ ..။

"မင်း ဆောင်းကျန်နေရင် ဒီဓားက မင်းဘဝပျက်အောင် ပညာပေးလိမ့်မယ်၊ မယုံမရှိနဲ့ .."

သူ ငိုင်သွားစဉ် တစ်ယောက်က နားထင်တစ်ဖက်ကို ပြေးကန်ထည့်လိုက်၏။ နောက်ထပ်မီးပွင့်သွားပြန်ကာ ခိုက် အမှန်တကယ် ကျရှုံးလေသည်။

"ခင်ဗျားတို့ အလစ်ချောင်းရိုက်ပြီး လူကိုကြိုးနဲ့တုတ်ထားသေးတယ်၊ သတ္တိရှိရင် လွှတ်ပေးလိုက်လေ .."

"ဟိတ်ကောင် .. မင်း သတ္တိဘယ်လောက်ရှိသလဲ စမ်းသပ်ဖို့ခေါ်လာတာမဟုတ်ဘူး၊ အခု ငါတို့ အသိုက်ပျက်နေတယ်၊ ဘန်ကောက်က ဆရာကြီး ငါတို့ဆီ မဆက်သွယ်သရွေ့ ရှောင်နေရမှာပဲ .."

"အိုင်တွေပေါ်ပါတယ် .. ပြေးလူးပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဒီသူတောင်းစားလေးတော့ .."

"တောက် .. လှုပါးဝနေတာ .."

"ဝစမ်းပါစေ .. ဟွန်း .. ဟွန်း .."

ဦးရိုန်းဘော က စားတာဝင်းဝင်းနှင့် သူ့မျက်နှာရှေ့မှာလာပြီး ကုန်းကွ ကြည့်ကာ ..၊

"မင်း လူဖြစ်ရှုံးချင်သလား .. မျက်နှာပျက်ခံမလား၊ အလှပျက်မှာ ကြောက်ရင်တော့ ပျက်မှန်းမသိပျက်နေလို့ရတဲ့အရာကို ဖျက်ဆီးခံပေါ့ကွာ .. သုံးစားမရတာ ကိုယ့်အပိုင်းပဲ .. ဟုတ်ဘူးလား .."

"ဟား .. ဟား .. ဟား .."

"ရွေးချယ်ခွင့်ပေးမနေနဲ့ အာစရိ .. မျက်နှာဆိုရင် မျက်နှာပြပြီး ပြေးတိုင်နေဦးမယ်၊ မမြင်ကွယ်ရာက လူဖြစ်ရှုံးနေတာကျတော့ မတိုင်ပံ့တော့ဘူး၊ ပိုက်ဆံမပေးနိုင်ရင် တန်အောင်လုပ်ရမှာပဲ .."

"အေး .. ဟေးဟေး .. ဟေး .. တော်လိုက်တဲ့ ငါ့တပည့် .."

ဒီလူတွေ တကယ်လုပ်ဖို့က သေချာသလောက်ဖြစ်နေပြီမို့ နိုက် ချွေးတွေပါပြန်လာ၏။ ဘာမဟုတ်တာလေးအတွက်နဲ့ ဒီလိုလူတွေကြောင့်တော့ သူ ဘာမှ ပျက်စီးမခံနိုင် ..၊

"ကဲ .. ကြာတယ် .. မင်းလုပ်မှာလား .. ရှော့ .. ဓား .."

"လုပ်မယ် .. အာစရိတို့ မကြည့်ရဲရင် အပြင်ထွက်နေ .. အေးဆေး.."

တက်တခေါက်ခေါက်ရှိနေခဲ့သည့် ဂင်တိုတိုပုဂ္ဂိုလ်က ဓားကိုဝမ်းသာအားရလက်ပြောင်းယူ၏။ သို့သော် .. နိုက် က ခေါင်းခါရင်း ..၊

"နေဦး .. ဆယ်သိန်းယူထားမယ်ဆိုရင် .. ခု ရအောင် ကျုပ်လုပ်ပေးမယ် .."



## အခန်း (၁၇)

"ဟာ .. မမထား .."

သိုလှောင်ရုံတွေဘက်ကို သူမ ရောက်လာသည်နှင့် မန်နေဂျာ ပျာပျာသလဲဖြစ်သွားသည်။ ဖိုင်ကို ဒီတိုင်းလက်ကကိုင်၍ ထွက်လာပြီး ကြိုဆိုနေကာ ..၊

"မမထား ဘာလိုချင်တာများရှိလို့လဲ .."

"မရှိပါဘူး .. ညနေက ကွန်တိန်နာဝင်လာတယ်ဆိုလို့ .."

"ဟုတ်တယ် .. မမထား၊ နှစ်စီးစာတော့ ရောက်ပါပြီ .."

"ကျန်တဲ့ပစ္စည်းတွေထုတ်ဖို့ ဂျန့်(ခ်)ဖြစ်နေတယ်ဆို .."

"ဟုတ်တယ် .."

မန်နေဂျာ မျက်နှာက အကျပ်ရိုက်နေသည့်ပုံ ချက်ချင်းပေါ်လာလျက် ပစ္စည်းတွေ စစ်ဆေးနေသည့်နေရာကိုလည်း ပြန်လှည့်ကြည့်၏။ ပြီးမှ သူမဘက်လှည့်ကာ ..၊

"အဲ့ဒါက ဘာကြောင့်မှတော့မဟုတ်ပါဘူး၊ အပြောင်းအလဲကိစ္စလေးတွေဘက်မှာ အာရုံစိုက်နေကြတော့ အိပ်စ်ပို့ အင်ပို့တွေ နည်းနည်းကြန့်ကြာမှုဖြစ်သွားတဲ့သဘောပဲထင်တယ်၊ အဲဒါကို ဦးလေးစိုး လိုက်နေပါတယ်၊ မမထား ကျန်းမာရေးလည်းမကောင်းသေးဘူးမို့လား .. စိတ်

www.burmeseclassic.com

www.burmeseclassic.com



အေးအေးနေပါ၊ ကျွန်တော်တို့ ပြီးစီးအောင်လုပ်သွားပါ့မယ် ..”

“ကျွန်မ ဘာမှမဖြစ်ပါဘူး .. ပစ္စည်းတွေအချိန်မီထုတ်နိုင်ဖို့က အရေးကြီးတယ်၊ ပြီးတော့ ဒီထဲမှာ ‘မိုးသောက်နေ’ က ပူးတွဲမှာထားတဲ့ ပစ္စည်းတွေလည်းပါနေတာ နည်းနည်းလေးမှ တိမ်းစောင်းခံလို့မဖြစ်ဘူး ..”

‘မိုးသောက်နေ’ က သုတ တို့ ကုမ္ပဏီဖြစ်သည်။ မောင်နှမချင်းဆိုပေမယ့် သူ့ဘက်မှာလည်း ရှယ်ယာဝင်တွေရှိနေသလို ကိုယ့်ဘက်မှာလည်း ကိုယ်ချည်းပဲ ဆုံးဖြတ်လို့ရတာမဟုတ် ..။

“အဲ့ဒီကိစ္စ ကျွန်မဆက်လုပ်မယ် ..”

“ဒါဆို ကျွန်တော် ဦးလေးစိုး နဲ့ ပြန်ချိတ်ပေးမယ်လေ၊ သူ ဘယ်လမ်းကြောင်းနဲ့ဝင်ထားသလဲမသိဘူး ..”

ပြောလက်စနှင့် ဖုန်းခေါ်နေတော့ အထာ က ဂိုဒေါင်ကြီးထဲဝင်သွားပြီး ပစ္စည်းတွေလိုက်ကြည့်နေ၏။ ထိုစဉ် ဖုန်းဝင်လာသဖြင့် ထုတ်ကြည့်လိုက်တော့ မိုက် ခေါ်နေတာဖြစ်ကာ ..၊

“ကျွတ် ..”

ဒီတိုင်းပိတ်ပစ်လိုက်ဖို့ လက်ကရောက်သွားသေးသည်။ သို့သော် သူပြောချင်တာ မပြောရမချင်း ဖုန်းရှိသမျှ လှည့်ခေါ်နေမှာဖြစ်ရာ ..၊

“ဟလို ..”

“ထာဝရ ကျွန်တော် အခက်အခဲဖြစ်နေလို့ ဆယ်သိန်းလောက် ကြိုပို့နိုင်လုပ်ပါလား ..”

“ဘာ .. ဘာပြောလိုက်တယ် ..”

စိတ်တိုသွားသဖြင့် ကိုယ့်အသံကို မထိန်းလိုက်နိုင်၊ ပြီးမှ ဂိုဒေါင်ထဲက မြန်မြန်ဆန်ဆန်ထွက်လာခဲ့ရင်း ..၊

“မင်း .. လွယ်လှချေလား ..”

“မမထာ .. ဒီမှာ ဦးလေးစိုး က ..”



မန်နေဂျာက နောက်ကခက်သွက်သွက်လိုက်လာပြောရင်း အထာ [illegible]ပြောနေတာကိုမြင်သွားမှ ..၊

“ဆောရီးပါ ..”

ကမန်းကတန်းလက်ကာ တောင်းပန်ပြီး လှည့်ထွက်သွား၏။ သူမ [illegible]တွေနဲ့ ပိုဝေးအောင်လျှောက်ထွက်လာခဲ့ရင်း ..၊

“မင်း နောက်ထပ် ဘယ်ဖုန်းမှထပ်မခေါ်နဲ့၊ ဘာသတင်းဖြစ်ဖြစ် [illegible] စိတ်ဆင်းရဲခံပြီး ပိုက်ဆံပေးမဝယ်တော့ဘူး .. ကြားတယ်နော်..”

“ကြားတယ် .. ကျွန်တော်ကလည်း ခင်ဗျားကို သတင်းရောင်း [illegible]မဟုတ်ဘူး၊ ဟိုတယ်လ်ကိစ္စတုန်းက ခင်ဗျား မကြည့်ရဲလောက်မယ့် [illegible]တိုချန်ထားပြီးမှ ခင်ဗျားလက်ထဲထည့်ခဲ့တာ ..”

“ဘာ ...”

“ကျွန်တော့်လက်ထဲမှာ ဘယ်လိုပုံတွေရှိနေဦးမလဲ တွေးကြည့် [illegible] ..”

“မိုက် .. မင်း အဲ့လိုလုပ်တယ်ဟုတ်လား .. မင်းကို ..”

“လုပ်စားတယ်တော့မထင်နဲ့နော် .. ခင်ဗျားကိုညှာပြီး အကုန် [illegible]မပေးလိုက်တာ ..”

“လုပ်မနေနဲ့ .. မင်းကိုယ်တိုင်ဖော်ပြနေပြီးမှ ..”

“အဲ့ဒါက ခင်ဗျားပဲ ခါးခါးသီးသီးငြင်းချလိုက်တာကိုး ..၊ ကျွန်တော့် [illegible] အသက်လောက်အရေးကြီးနေတဲ့ဒုက္ခတွေ့နေတာ၊ ကျုပ်လိုတဲ့ [illegible]တို ခင်ဗျားပဲ ပေးနိုင်မှာမို့လို့ ..”

“တောက် ..”

“ခင်ဗျားကိုပုံတွေရောင်းမလို့မဟုတ်ဘူး .. အင်တာနက်ပေါ်တင် [illegible]လား .. မတောင်ရဘူးလားပဲဖြေ ..”

“ငါ ဘာဖြေမှာလဲဆိုတာ မင်းပဲသိတယ်၊ ဒီလိုယုတ်ယုတ်မာမာ [illegible]ပဲ ကြံတတ်ဖန်တတ်တာ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ မတတ်သာလို့ပါ .. ကျွန်တော် .."

ပြောလို့မပြီးခင် သူမက ဖုန်းချပစ်လိုက်၏။ စိတ်ထဲမှာတော့ မကောင်းပါ။ သူလုပ်သမျှထဲမှာ ကိုယ့်ကိုယ်ကိုယ် လူယုတ်မာကြီးလို ကိုယ်တိုင်ခံစားမိနေတာလည်း ဒီတစ်ခါပဲရှိသည်။

ဖုန်းကို စိတ်မသက်သာစွာ ပြန်ထောင်ကြည့်နေမိစဉ် တစ်ယောက် က ဆတ်ခနဲဆွဲယူသွားကာ ..၊

"ဘယ်လိုလဲ .."

"ကြားတဲ့အတိုင်းပဲ .."

"ဟိတ်ကောင် .. မင်းလေသံကိုပြင်လိုက်စမ်း၊ မင်းကို ခုချက်ချင်း နပ်နပ်စင်းပစ်လို့ရတယ် နားလည်လား .."

"စင်းလေ .. ခင်ဗျားတို့ ပြင်ပလေကို ဝဝတောင်မရှူရသေးဘဲ ထောင်ထဲပြန်ရောက်သွားမှာပေါ့၊ ကျုပ်က အတွယ်အတာအနှောင်အဖွဲ့ ကင်းတဲ့ကောင် .. မနေရလို့ သေမယ်ဆိုလည်း သေပျော်တယ် .."

ဒီကောင် တကယ်ပြောနေတာလား ..၊

သူတို့ မယုံပေမယ့် နည်းနည်းတော့ရှိန်သွားကာ မျက်လုံးချင်းဆုံ သွားကြ၏။

"ဒါဆိုလည်း မင်းကို မှတ်လောက်အောင် ပညာပေးလို့ရသေး တယ်၊ ဆောင့်ကြွားကြွားပုံစံကိုပြင် .."

"ကျုပ်အသားကို ဒီတစ်ခါထပ်ပြီးနာအောင်ရင် ခင်ဗျားတို့ တစ်ပြားမှမပေးဘဲ အသေခံသွားမယ် .. ယုံလားတော့မသိဘူး၊ ခိုက် ဆိုတဲ့ကောင်က သူများ 'ဒင်' ဆိုရင် ကိုယ်က 'ဒေါင်' ရမှ .."

"တိတ်ကြစမ်း .."

ကိုယ့်ဘက်က အခြေအနေမကောင်းသေးတာကိုသိကာ ဦးချိန်းသော က ရာဇသံပါပါနှင့် ဟန့်တား၏။

"ငါတို့က ဘယ်လောက်စောင့်ရမှာလဲ .. လာပေးရမယ့်နေရာ



ထည့်မပြောလိုက်ဘဲနဲ့ .."

"သူနဲ့ ကျွန်တော် အပေးအယူလုပ်တဲ့နေရာပဲ သူလာမှာ .."

"ဟေ့ကောင် .. မင်းတို့ချင်း ချိန်းတွေ့ဖို့ အဆင်ပြေမယ့်နေရာကို ငါတို့က လိုက်ယူရအောင် မင်္ဂလာ ဂဲ(ခဲ)ဖိုးတောင်းနေတယ်များမှတ် နေသလား .."

"မမှတ်ပါဘူး .. ကျုပ် မင်္ဂလာဆောင် ဂဲ(ခဲ)ဖိုးဆိုရင်လည်း ခင်ဗျား တို့လို လူတွေကိုပေးမယ့်အစား မသန်မစွမ်းဒုက္ခိတတွေကိုပဲ ပေးပစ် မှာ .."

"တောက် .. ချီးထုပ်ကောင် မင်းသေတော့မယ် .."

နှစ်ယောက်က အတော်ကြီးအသည်းယားနေပုံပေါ်ကာ လိုချင် တာမရသေးသဖြင့် ထိန်းချုပ်နေရသည့်မျက်နှာတွေနှင့် ..၊

"ရော့ .. ဒီကိုလာဖို့ပြောလိုက် .."

ဖုန်းကို ခိုက် လက်ထဲပြန်ထည့်ပေး၏။

"မြန်မြန်ပြောလိုက်စမ်း .."

"ခုန နံပါတ်ကိုမက်ဆေ့ချ်ပို့လိုက်လို့ရတယ်၊ ပြန်ပြောမပေးနိုင် ဘူး .."

သူတို့မှာ ခိုက် ရဲ့ ဂျစ်တိဂျစ်ကန်လုပ်နေသမျှကို အံကြိတ်မျိုသိပ် နေရကာ နားရိတကြည့်ကြည့်နှင့်စောင့်နေရင်း တက်ခေါက်ကြတာလည်း ခဏခဏ ..။

ခိုက် ကတော့ ကိုယ့်အခက်အခဲကြောင့်သာ မထိတ်သာလို့ ခေါ်လိုက် ရမယ့် ထာဝရ အတွက် စိတ်ပူနေမိလေသည်။ သို့သော် သူ့မျက်နှာ မှာတော့ ဘယ်လိုပူပန်ရိပ်မှ မထင်စေဘဲ ..၊

"ခင်ဗျားတို့ ကျုပ်ကိုကြိုးဖြည်ပေးသင့်တယ်လို့မထင်ဘူးလား.."

"ဘာလို့ဖြည်ပေးရမှာလဲ .. မင်းက ငါတို့ရဲ့ သုံ့ပန်းပဲ .."

"ကျုပ်ကိုရှိနေတယ်လို့ ပေါ်တင်ပြောလည်း ဒီမှာ ဘယ်သူမှမရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျုပ်တို့ချည်းပဲအကြောင်းသိခဲ့တာ ..."

"တောက် .. ဖြုတ်ပေးလိုက်စမ်း..ကောင့်ကို .."

"အာစရိ .."

"ဖြုတ်ပေးဆိုပေးလိုက် .."

"ဟား .. ဟား .. ဟား .."

ရယ်သံကတော့ ဆွဲဆောင်မှုအပြည့်နှင့် မင်းသားရုံးလောက်ပါသည်။ ဒါပေမယ့် ပါးရိုးတစ်ဖက်ယောင်နေလျက် နှုတ်ခမ်းထောင့်မှာ သွေးစတို့နှင့် ခိုက် ရဲ့ မျက်နှာက သူတို့မျက်လုံးထဲမှာ ရွတ်တော်အမြင်ကတ်ဖွယ်ဖြစ်နေခဲ့၏။

ဘာဖြစ်ဖြစ် သူပြောတဲ့အတိုင်းလိုက်လျှော့ပေးနေတော့ သင်း ရယ်ထားဦးပေါ့။

နောက်ထပ် နာရီဝက်လောက်ကြာမှ ကားသံကြားရ၏။ ကားကို သူတို့ကလည်း လှမ်းကြည့်သည်။ ကားထဲကနေ အထာ ကလည်း တိုက်ခန်းကို သေချာကြည့်နေခဲ့၏။

မိုက် ကို ဘယ်မှာနေထိုင်သည်မသိပေမယ့် သူ့ကိုမြင်နေရသည့် ဂိုက်စတိုင်လ်တွေအရ ဒီကောင်စုတ်ပြတ်သပ်နေသည့် တိုက်ခန်းမျိုးမှာ နေထိုင်လိမ့်မည်ဟု မထင်ခဲ့တာ အမှန်ပင် ..။

တိုက်ခန်းက နှစ်လွှာပဲရှိသည်။ ပက်ကြားအက်ထင်နေသည့် နံရံတွေက ရေညှိကြောင့် မည်းနေကာ အဖြူရောင်ပျောက်နေပြီဖြစ်၏။

အပေါ်ထပ် အောက်ထပ် မျက်နှာစာတွေမှာ အကျီအဝတ်အစားတွေ လှန်းထားသောကြောင့် လူနေထိုင်ဆဲအဆောက်အဦးတွေမှန်းသိရသည်။ မဟုတ်လျှင် လူနေတိုက်တာနဲ့တောင် မတူတော့တာ အမှန်ပင်။

ထို့ပြင် ရှေ့မှာ ပြည့်လျှံပြီကျနေသော ရောမအမှိုက်ပုံးကြီးရှိနေသေးသည်။ ထိုအမှိုက်တို့ကို ဖြတ်သန်းဦးတိုက်လာသော လေငွေ့နွေးကြီးက အသိုးအပုပ်နံ့တွေကြောင့် မှန်ချကြည့်နေရင်းကနေ ချက်ချင်း



မှန်ပြန်တင်လိုက်ရ၏။

အထဲကိုဝင်မည်ဆို ဒါကြီးကို ဖြတ်ကျော်ရမှာဖြစ်ပြီး ပတ်ဝန်းကျင်ဘယ်နေရာကမှ ကွေ့ရှောင်ဝင်လို့ရမယ့်ပုံလည်းမမြင် ..။

မိုက် ကို အပြင်ခေါ်ထုတ်ဖို့စိတ်ကူးမိသော်လည်း ကိုယ့်ကားရပ်လိုက်တာနှင့် ပတ်ဝန်းကျင်က ကားတွေဆိုက်ကားတွေနားမှာ ရှိသမျှလူတို့၏ မျက်လုံးတွေက ကိုယ့်ဆီမှာ ..၊

ထိုအချိန်မှာ မိုက် ကို မယုံရဲသောသံသယစိတ်ဆိုလို့ အနည်းငယ်မျှ မရှိခဲ့တာ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားခဲ့မိပေ ..။

ဝတ်ထားသော နှစ်ရောင်စပ်စကတ်ရှည်ဖေဒါရောင်လေးကို လက်တစ်ဖက်နဲ့ ဆွဲပင့်၍ တစ်ဖက်က ဆလင်းဘက်ခ်အိတ်ကြိုးကို လက်မလေးနဲ့ ပြန်ချိတ်လိုက်သည်။ ပြီးမှ အမှိုက်သရိုက် ရှုပ်ပွပွတွေကို ကျော်ခွရှောင်ရှားရင်း တိုက်ရှေ့ကိုရောက်သွားခဲ့၏။

အဝင်တံခါးဝအမှာ လူခေါ်ဘဲလ်လေးတွေ့သဖြင့် နှိပ်ကြည့်လိုက်ရှိ လက်ပြင်မိတုန်း ..၊

"ကျလိ .."

တံခါးဖွင့်သံနှင့်အတူ သူမရှေ့မှာ ယောကျ်ားတစ်ယောက်ပေါ်လာ၏။

"ဟို .. ဒါက .."

"ဟုတ်တယ် .. ဝင် .."

ဟင်!..၊

တင်းနေသည့်မျက်နှာကြီးနှင့်လူကို နားမလည်စွာကြည့်နေမိစဉ်ဆိုသူက လှည့်ဝင်သွားသဖြင့် သူမ ဒီတိုင်းရပ်ကျန်ခဲ့၏။

မိုက် ဘယ်မှာလဲ ..၊

သူမ ဘာမှမမေးရသေးဘဲ 'ဟုတ်တယ်' ဆိုတာက မိုက် က ထွက်ကြိုခိုင်းထားလို့လား .."

ဒါ ဖြစ်နိုင်တာပဲ ..၊

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တိုက်ရဲ့အတွင်းပိုင်းက မှောင်မိုက်မနေသဖြင့် သူမ ရှေ့ဆက်တိုးခဲ့စဉ် အတွင်းဘက်က ထွက်လာသည့် မိုက် ကို မြင်လိုက်ရ၏။

"မင်း မျက်နှာက!..."

မေးမယ့်မေးခွန်းက ရှေ့မဆက်ဖြစ်တော့ဘဲ မိုက် ရဲ့ နောက်က ပါလာကြသည့်လူတွေကို ကြည့်လိုက်မိ၏။

"သူတို့က ကျွန်တော့်ရဲ့ကြွေးရှင်တွေ .."

မျက်နှာမှာ ဖူးယောင်နေသည့်ဒဏ်ရာနှင့် ဒီလူတွေကိုကြည့်ကာ အခြေအနေကို သူမ သဘောပေါက်သွားခဲ့၏။ လှမ်းထားမိသည့် ခြေလှမ်းကို နောက်ပြန်ရုတ်လိုက်မိရင်း ...၊

"မင်း အကျပ်အတည်းကလွတ်ဖို့အတွက် ငါ့ကိုလက်တစ်လုံးခြား ညာလိုက်တာလား .."

ဆလင်းဘတ်(ခ်)ကို ပခုံးပေါ်ထပ်ဆွဲတင်လိုက်ပုံက ညာတာဆိုရင် သူမ မပေးနိုင်ဘူးလို့ ကြေညာလိုက်သည့်သဘောဖြစ်သည်။

"ကျွန်တော် သူ့ကိုတွေ့ဖူးသလိုပဲ .."

မိုက် ရဲ့ နောက်က စကားသံထွက်လာ၏။ အထာ က တစ်ချက်ပဲ လှမ်းကြည့်၏။ ဒီလူတွေက ကိုယ်နဲ့မဆိုင်ပေ၊ ကိုယ် ရှင်းရမှာက မိုက် ရဲ့ မလိမ့်တစ်ပတ်ကိစ္စ ...။

"ဘယ်မှာလဲ မိုက် .. ငါပြောတာ ဟုတ်နေလို့ ငြိမ်နေတာလား.."

"မဟုတ်ပါဘူး .. ဒါပေမယ့် ခုမပါဘူးလေ၊ ပါလာရင် သူတို့လက်ထဲရောက်နေပြီပေါ့၊ ခင်ဗျားက ဒါကို သတင်းဖြစ်မခံနိုင်လို့ ပြန်သိမ်းချင်တာမဟုတ်ဘူးလား .."

နောက်က လူတွေကို သူမ မျက်လုံးဝေ့သွားမိပြန်သည်။

"သူတို့က ကျွန်တော့်ကိုယ်က အရေပြားကိုတောင် ချမ်းသာအောင်ချင်တာမဟုတ်ဘူး၊ ဘာတွေ့တွေ့ယူမှာ .."

"အဲ့ဒါ ငါ့အလုပ်မဟုတ်ဘူး၊ အခု ငါ့အလုပ်ကိစ္စအရမ်းအရေးကြီး



နေတာကိုထားခဲ့ပြီး ငါဒီရောက်လာတာ၊ ပြောချင်တာက ဒီကကိစ္စကိုလည်း ငါ ဘယ်လောက်အလေးထားတယ်ဆိုတာပဲ .."

"သိတယ်လေ .. ကျွန်တော့်ဆီမှာ လုံခြုံစွာရှိနေတယ်ဆိုရင် ခင်ဗျားမယုံဘူးလား .. ခင်ဗျားနဲ့ ကျွန်တော် ကဲ့က်(ရှ်)ခေါင်း(န်)ချည်းပဲလုပ်ခဲ့တာမဟုတ်ပါဘူး .."

"မင်း ဖြစ်နေတဲ့အခြေအနေက ယုံကြည့်ချင်စရာရှိလို့လား .."

"ဟာ .. မြန်မြန်ရှင်းကြဗျာ .. စိတ်တိုလာရင်တော့ သေကုန်တော့မှာပဲ .."

"ဒါဆိုလည်း ဒီကောင်က်ခဲကို နို့ထွက်အောင်ညှစ်နေမယ့်အစား သူ သိမ်းထားတာ ဘာလဲဆိုတာသိရအောင် သူ့အိမ်မှာသွားရှာလိုက်တာမကောင်းဘူးလား အာစရိ .."

တစ်ယောက်ကပြောပြီး အထာ့ ကို မေးဆတ်ပြ၍ ...၊

"ပြီးရင် သူနဲ့တိုက်ရိုက်အလုပ်လုပ်ရုံပဲ .."

အထာ သိတ်ခနဲဖြစ်သွားသည်။ မိုက် ကို မကျေနပ်စိတ်နှင့် ကိုယ့်အကြောင်းတွေလူသိအောင် ထုတ်ဖော်ကြေညာသလိုဖြစ်ခဲ့ပြီမှန်းသိလိုက်သည်။

ထို့ကြောင့် ဆလင်းဘတ်ခ်ကိုရှေ့မှာဆွဲယူ၍ ဖိကိုင်ထားလိုက်ကာ နောက်ကို ခြေလှမ်းထပ်ဆုပ်လိုက်မိသည်။

ထိုအခါ သုံးယောက်စလုံးရဲ့ တာ့ဂတ်က သူမဆီကိုစုပြုလာခဲ့ပြီး...၊

"မိုက် သူက ဘယ်သူလဲကွ .."

"တော်တော်လှတယ် အာစရိ .. မဆိုးဘူး .."

"ဟုတ်တယ် .. သူနဲ့ဆက်သွယ်ထားတာက ငါတို့လည်းမဟုတ်ဘူးဆိုတော့ ခုနေ ဒီပစ္စည်းလေး ပျောက်ရှပျက်စီးသွားရင် တို့နဲ့မဆိုင်ဘူးပေါ့ .."

"အေးဟ .. ရာသီဥတုက ငါတို့ဘက်မှာပါလား .. ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ချမ်းသာမယ့်ပုံပဲ၊ လည်ပင်းက စိန်လော့ကက်လားမသိဘူး..."

"ဟော့ .. နေကြဦး .."

"အာစရိကလည်း ဒီလောက်လှတာလေးက ကိုယ့်အိတ်ထဲရောက်နေတာကို ဘာလို့ လက်လွှတ်ခံရမှာလဲ၊ ပြဿနာဖြစ်လာရင် ဟိုကောင်ရှင်းရမှာပါ .. မပူပါနဲ့ .."

"ဟုတ်တယ် အာစရိ .. ပြီးမှ ဒီကောင်နဲ့ နည်းနည်းပါးပါးထပ်ညှိလိုက်ရုံပေါ့ .."

"ရှင်တို့နော် .."

သုံးယောက်စလုံး ချက်ချင်းကြီး သူမဘက်လှည့်လာသဖြင့် အထာလှည့်ပြေးဖို့ခြေလှမ်းပြင်မိ၏။

"ဟော့ .. ပိတ်ထား .."

"ဒုန်း .."

တံခါးကိုတစ်ယောက်က ပြေးလွှားပိတ်ပစ်လိုက်၏။ အထာ မျက်လုံးပြူးသွားသည်။ လှည့်ကြည့်လိုက်တော့ ခိုက် က ဘောင်းဘီအိတ်ထဲ လက်ထည့်ထားလျက် ရပ်ကြည့်နေတာ အေးဆေး ..။

"ငြိမ်ငြိမ်လေးနေလိုက် မိန်းကလေး .. မဟုတ်ရင် ပွဲကလှလှပပ ညင်ညင်သာသာလေးပြီးသွားမှာမဟုတ်ဘူးနော် .. ဒါလည်း အပေးအယူသဘောပဲလို့မှတ်လိုက် .."

"နေပါဦး .. သူနဲ့အပေးအယူလုပ်ချင်တာက ဘာအတွက်လဲ .."

ခိုက် က ဦးချိန်းဘော ရဲ့ဘေးကို လျှောက်လာရင်း မေးခွန်းထုတ်၍ ..၊

"ကျွန်တော်နဲ့ ညှိဖို့လည်း လိုတယ်ဆိုတာမေ့နေသလားလို့ .."

"မင်းက ငါတို့ကြေးကိုတောင် မဆပ်နိုင်တဲ့ကောင် .. ငါတို့က ဘာကိုညှိရမှာလဲ .."

"ဒါက ကျွန်တော့်ဆီကိုလာတဲ့လူ .."



"ငါတို့အတွက်လာတာလေ .. ဟား .. ဟား .. ဟား .. မင်းမေ့နေပြီလား .. မင်း ငါတို့ကိုကြောက်လို့ လှမ်းခေါ်ရတာမဟုတ်ဘူးလား .. သူ့မှာပါလာရင် ဆယ်သိန်းပေါ့၊ ငါတို့က အကျေလိုချင်တာလေ၊ လူရောငွေရော သိမ်းရင်တောင် အတိုးတွက်ကျန်တယ်လို့ပြောရင်ရသေးတယ်.."

"ဟုတ်လား .."

"ဟုတ်တယ် .."

"ကျွန်တော်ကလည်း ကိုယ့်စားကျက်ကို သူများလုယူမှာ ဒီတိုင်းဘယ်ကြည့်နေမလဲ .."

သူတို့တွေ ခိုက် ကို ကြိုးဖြည်ပေးခဲ့မိတာမှားပြီဆိုသည့် အကြည့်တွေ ဖျတ်ခနဲဆုံသွားကြ၏။

သုံးယောက်နဲ့တစ်ယောက်ပေမယ့် ခိုက် ကို ရင်ဆိုင်ကြမယ်ဆိုရင် အပြတ်အသတ်နိုင်ဖို့ကမသေချာပေ ..။

သူတို့တွေဝေသွားစဉ် ခိုက် က ရှိုးကေ့စ်ယောင်းကြီးဘက်ကို လှည့်လျှောက်သွား၏။ ပြီးတော့ ထိုပေါ်မှာတင်ထားသည့် ကမ္ဘာလုံးလေးတွေ အလှရုပ်ထုလေးတွေကို တို့တို့ထိထိကိုင်ကြည့်နေရင်း ..၊

"အဲ့ဒီတော့ ဘယ်လိုလုပ်မလဲ .."

သူတို့ဘက်ကို ဖျတ်ခနဲလှည့်ကြည့်ကာ ..၊

"ဟော့ .. ရှင်းရှင်းပြော မင်း ဘာကိုပြောချင်တာလဲ .."

"လူမိုက်လုပ်စားရဲတယ်၊ လုယက်မှာတော့ ဘယ်တော့မှမလုပ်ဘူး .."

"ဘာပြောတယ် .. မင်းက .."

သူတို့လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ တစ်ယောက်က အထာ့ဆီ ပြေးသွားပြီး ဖမ်းချုပ်ဖို့ကြိုးစားကာ နှစ်ယောက်က သူ့ဆီ ဦးတည်၏။

ခိုက် ရှိုးကေ့စ်ပေါ်မှာရှိသမျှ ပစ္စည်းရုပ်ထုအတိုအထွာတွေကို တရစပ်ပစ်လွှတ်၍ ..၊

"ခွပ် .."

www.burmeseclassic.com

www.burmeseclassic.com



"အား .."

"ဒုတ် .."

"ခွမ်း .."

ပစ္စည်းတို့သည် လက်နက်တွေသဖွယ် ပလူပျံသွားခဲ့ပြီး ထိမှန်လဲပြိုကုန်ကြ၏။

"ဟိတ်ကောင် .. မင်းကလားကွ .."

အထာ့ လက်လေးကိုဆွဲ၍ နိုက် က တံခါးဆီပြေးလျှင် အလဲလဲတကွဲကွဲဖြစ်နေသည့်ထဲက နောက်တစ်ယောက်က ပြေးထလိုက်၏။ ပြီးတော့ နိုက် ရဲ့ ကျောကို ခွေးခြေခုံနှင့် လွှဲရိုက်လေသည်။

နိုက် က တံခါးဆွဲဖွင့်ကာ အထာ့ ကို တွန်းလွှတ်ပေးလိုက်ပြီး ပြန်ဆုတ်ရှောင်လိုက်၏။ ခွေးခြေခုံလေးက နိုက် ပြန်ပိတ်လိုက်သည့်တံခါးကို ပြင်းထန်စွာ ရိုက်မိသွားကာ ရိုက်သည့်လူပါ ဟန်ချက်ပျက်သွားသည်။

ထိုလူကို မေ့ကြောထိအောင်လက်ပြန်တစ်ချက်လွှဲရိုက်ပစ်လိုက်ပြီး နောက်လူတွေထမလာခင် နိုက် တံခါးဖွင့်၍ ထွက်ပြေးခဲ့၏။

အထာ က ကားစက်နှိုးနေပြီဖြစ်ကာ သူ့ကိုလည်း ခေါ်တင်သွားမည့်ပုံမရှိ ..။

"ဟော့ .. နေဦးလေ .."

နိုက် ခြေလှမ်းကိုပြန်ရုတ်ကာ ကားရှေ့ကိုပတ်ပြေးပြီး လက်ဆန့်တားလိုက်မှ ရပ်ပေးဖော်ရခဲ့ပြီး ..၊

"ခင်ဗျား တော်တော်ကျေးဇူးကန်ပါလား .."

"ဟုတ်တယ် .. ဒီထက်ကန်းဖို့ရှိသေးတယ် ရှေ့မှာဆင်းတော့ .."

"ဘာဗျ .."

"ငါ့ဘဝပျက်ဖို့ချောက်ကမ်းပါးထဲ ဆွဲချခဲ့တဲ့ မင်းကို ငါက ဘယ်လောက်တောင်ကျေးဇူးပြုနေရမှာလဲ .. မီးပွိုင့်ကျော်တာနဲ့ဆင်း .."

"ခင်ဗျားကို ပြန်ကယ်လာရတာလေ .."



"ဘာကယ်တာလဲ .."

"တီ .. တီ .."

"တီ .."

ဒေါသဖြစ်ဖြစ်နှင့် ဘရိတ်ဆောင့်အုပ်လိုက်မိသဖြင့် နောက်ကားတွေ ဒုက္ခရောက်ကုန်ကာ ဟွန်းသံတွေဆူသွား၏။

"ဒေါသထိန်းဦး မီးမှိုင့်နားနီးနီးနဲ့ ကွိုင်တက်သွားဦးမယ် .."

"ဒီလောက် သွေးပျက်လာခဲ့ရတာ .. ဘာထပ်ဖြစ်ဖြစ် ဂရုစိုက်ဖို့မရှိဘူး၊ မင်းကို ငါ အရမ်းစိတ်တိုတယ်သိလား .."

"ကျေးဇူးတွေတင်နေတာ .."

"ဘာကျေးဇူးလဲ .. မင်းပြောင်စပ်စပ်လုပ်မနေနဲ့နော် .. တံခါးဖွင့်ပြီး တွန်းချမပစ်ဘူးထင်နေသလား .."

"ခင်ဗျား တွန်းမချပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လူသိရှင်ကြားဖြစ်ကုန်မှာမို့ ခင်ဗျားလုပ်မှာမဟုတ်ဘူး၊ ကျုပ်ကလည်း နောက်ကားတက်ကြိတ်လို့ပွဲချင်းပြီးသေဦးမှ၊ မသေသေးရင်တော့ သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်းလေး .."

"သိတယ် .. ကြေညာမနေနဲ့ .."

"ဘယ်သူမဆို ကိုယ့်အပြစ်လွှတ်အောင်တော့ ရုန်းထွက်ကြတာပဲလေ၊ ခုလည်း ခင်ဗျား ကိုယ့်လောဘနဲ့ ကိုယ်လာတာပဲ၊ ဒါပေမယ့် ဒုက္ခတွေ့တော့ 'မင်းကြောင့်' တဲ့ .."

"မိုက် .."

"ပြောပြတာ .."

"မပြောနဲ့ .. ပြောလိုက်သမျှ တစ်ခုမှ အဆင်ပြေတာမပါဘူး၊ မင်းမှာ အဲ့ဒီလိုလူတွေနဲ့ .."

"တီ .."

နောက်ကား ဟွန်းတီးသံကြားမှ မီးပွိုင့်စိမ်းနေတာကို သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



တက်တစ်ချက်ခေါက်မိရင်း မီးပွိုင့်က ထွက်လိုက်၏။

သူမ စိတ်တိုသွားသည့်အခါ ပြီးတော့ စိတ်ကိုဖိသိပ်ချိုးနှိမ်ရင်း အောက်မေးဖျားလေးလှုပ်ရုံ ခပ်ကြိတ်ကြိတ်တက်ခေါက်လိုက်တိုင်း ...၊

သူမရဲ့ ဒေါသကြောင့် ဖွင့်ပိတ်ရိုက်ခတ်သွားသည့် အသံတို့က လွတ်ချင့်၏။

ဖျတ်ခနဲ သတိရသည့်ခဏအချိန်လေးမှာလည်း ကိုယ့်မျက်လုံးတွေကို ချက်ချင်း ရုတ်သိမ်းဖို့ခက်လေသည်။

သူမကို မကြာခဏမြင်တွေ့လာရကာမှ စကားတွေအချေအဘင် မကြာမကြာပြောဖြစ်ခဲ့သည့်နောက်မှာ ...၊

"ရှေ့မှာဆင်း .."

"ကျွန်တော် ခြေထောက်နာလာတယ် .."

"နှစ်ပိုင်းသုံးပိုင်းကျိုးလာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲ .."

"တစ်သက်လုံးက ကိုယ့်ဒုက္ခကိုယ်ရှင်းလာခဲ့တာ၊ မိုက် ဆိုတဲ့ ကောင်ရဲ့ ကိုယ်မှာ ဒီလောက်ဒဏ်ရာမျိုးမရခဲ့ဖူးဘူး .."

"သြော် .. ဒါ ငါ့ကြောင့်ပေါ့ .."

မိုက် က မဖြေဘဲ နှုတ်ခမ်းတွေစေ့ထားပြီး ခပ်တည်တည်စိုက်ကြည့်၏။ အထာ က ဆတ်ခနဲမျက်နှာလွှဲပစ်ကာ ကားကိုလမ်းဘေးဆွဲချပြီး ရပ်ပစ်လိုက်၏။

ဒေါသကြောင့် ဦးစိုက်ဆင်းသွားသည့်ကားက လမ်းဘေးချိုင့်ထဲ ကို ဂျမ်းထိုးဆင်းတော့မယ့်အတိုင်း ...၊

"ခင်ဗျာ ဒေါသတွေ ရေခူအမှတ်ကိုတောင်ကျော်နေပြီထင်တယ်၊ ရှော့ခ်ရှိတယ်နော် .."

"ငါ့ဘာသာ မီးပဲထတောက်တောက် မင်း ပူစရာမလိုဘူး .. ဆင်း.."

"ဘယ်သူက ဆင်းမယ်ပြောလို့လဲ .."

"ဘာ ..."



"မိုးချုပ်တော့မယ် .. ဒီအချိန်ဘတ်စ်ကားတိုးတက်လို့ ဘယ်လို လုပ်ရမှာလဲ .."

"မင်းရဲ့ရှေ့ရေးနောက်ရေးက ငါနဲ့ ဘာဆိုင်သလဲ .."

"ကားပေါ်ကဆင်းရမယ်ဆိုရင်တောင် လမ်းသွယ်ထဲထိဝင်ပြီး ဆိုင်ကယ်လ်ကယ်ရီတွေရှေ့မှာချပေး .."

"ဘာ .. ဘယ်လို .."

"ဟုတ်တယ် .. ခြေထောက်က အရမ်းနာနေတာကျိုးပြီလားတောင် မသိဘူး .."

တမင်တကာ ကပ်တွယ်နေမှန်းသိသောကြောင့် ဒေါသသည် မငြိမ်း သောမီးကဲ့သို့ အလျှံငြီးငြီးတက်နေခဲ့လျက် ...၊

"ပို့ပေးမယ် .. မင်းက မြေပုံလည်းလို့မရ၊ ခြုံပေါ်လည်း တင်လို့ မရတဲ့ ပြဿနာခေါင်းကြီးဆိုတော့ .."

"ဗြဟ္မာကြီးဦးခေါင်းလုပ်ပါ .."

"မတန်မရာတွေ ပြောမနေနဲ့ .."

"ဟွန်း .."

သူ အားပါးတရ ရယ်ချင်စိတ်တွေဖြစ်လာပေမယ့် တစ်ဖက်လှည့် ပြီးရင်း မှန်ထဲက သူမမျက်နှာလေးကိုကြည့်လိုက်မိသည်။ နှုတ်ခမ်းလေး ကို ဖိပိတ်ထားသည့်ပုံလေးက လူကိုရှပ်ဆိုးမသွားစေဘဲ ပို၍နုငယ်သွား စေတာ မျက်တောင်ကော့လေးတွေ ပိုထင်းလာတော့ ချစ်ဖို့ကောင်း၏။

ကားမောင်းရင်း သူမနာရီကြည့်လိုက်တာမြင်တော့ သူက သက်ပြင်း ရှင်ကြီး ခပ်ကျယ်ကျယ်ချ၍ ...၊

"ဒီလောက် တလကြမ်းမောင်းနေပြီး မျက်လုံးက ဟိုရောက်ဒီရောက် နေမှတော့ .."

"တိ .."

"ဒုန်း .."

www.burmeseclassic.com

www.burmeseclassic.com



"ဟ ."

ပြောနေရင်း ချိုင့်ရှောင်ပစ်လိုက်သဖြင့် နောက်က ကျော်တက်လာသည့်ကားနှင့် သီသီလေး ..။

"ဘာဖြစ်လာလဲဟ .."

"ယာဉ်စည်းကမ်းနားမလည်ဘူးလား .."

ကားပေါ်ကနေ အကျယ်ကြီးလှမ်းအော်သွားကြ၏။ ခိုက် က ရယ်ချင်ပက်ကျိမျက်နှာနှင့် ဆံပင်သပ်ရင်း ..၊

"ပြောလို့တောင် မဆုံးသေးဘူးနော် .. ကားမောင်းရင် ဒေါသက ကင်းစင်ရတယ် .."

"ကင်းစင်ဖို့က မင်းမရှိမှဖြစ်မှာ .. ကိုယ့်ကိုယ်ကိုယ် သေမှာစိုးရင် ဆင်းသွားလိုက် .."

"သေမှာမစိုးပါဘူး ကျွန်တော့်မှာ နောက်ဆံတင်းရမယ့်သူမရှိဘူး၊ ကျွန်တော့်ကိုလည်း ဘယ်သူမှ လွမ်းမှာမဟုတ်ဘူး၊ ခင်ဗျားမှာတော့ .."

"ကဲ .. ဘယ်လမ်းလဲ .."

"မရောက်သေးဘူး .. ဒါက ဆယ့်တစ်လမ်း၊ ကျွန်တော်က နှစ်လမ်းဆိုတော့ တောင်ဘက်ခြမ်း ပနိုးထိပ်ဆုံးမှာ .."

အထာ သေချင်စော်နံသွားသည်။ မိုးချုပ်စပြုပြီမို့ လမ်းမီးတွေတောင် စုံနေပြီဖြစ်သည်။ သူ ပြောတဲ့လမ်းဆိုတာတွေကိုလည်း သူမ မသိပေ ..။

ပြောပုံအရ နောက်ထပ် ကားနှစ်မှတ်တိုင်စာလောက် ဝင်သွားရဦးမှာဖြစ်၏။ ဘယ်မြို့နယ် ဘာလမ်းသွယ်တွေထဲ ရောက်နေတာလည်း မေးမနေတော့ဘဲ ..၊

"ရောက်ရင်ပြော .."

"ဒုတ် .. ဒုတ် .. ဒုတ် .."

ကားက သိမ့်သိမ့်ခါပြီး ထိုးရပ်သွား၏။ အထာ မျက်လုံးပြူးပြေးကာ..

"ကျွတ် ..."



"မရောက်သေးဘူးနော် .. ခုမှ ကိုးလမ်းပဲရှိသေးတာ .."

"ကားပျက်သွားတာ မမြင်ဘူးလား .."

"ဟုတ်လား .."

"မိုက် .."

"ဟင် .."

"မင်း ဘာမှမဖြစ်ဘဲနဲ့ ငါ့ကိုသက်သက်အရွဲ့တိုက်ဒုက္ခပေးနေတာလား .."

"ဖြစ်တော့ ဖြစ်ပါတယ် .. ခြေထောက် တကယ်ကျိုးမကျိုးသာ မသေချာတာ .."

"ကားကတော့ ပျက်သွားတာသေချာပြီ .."

"ကျွန်တော် မပြင်တတ်ဘူး .."

"မလိုပါဘူး .. အခု မင်းကားပေါ်က ဆင်းလို့ရပြီ .."

"ခင်ဗျားကရော .."

"မင်းကိစ္စမဟုတ်ဘူး .."

အထာ က ပြောပြောဆိုဆို အိတ်ကိုကောက်ယူကာ ကားသော့ကို ဖြုတ်၍ တံခါးဖွင့်ဆင်းလိုက်၏။

သူမ ဒေါသတွေထွက်နေလေ ထိုင်ကြည့်နေချင်လေ ဖြစ်နေလျက် ခိုက် က တစ်ဖက်ကနေဆင်းလိုက်ပြီး ..၊

"လမ်းမပေါ်ရောက်အောင် မနည်းသွားရဦးမှာနော် .. ဒီကနေ တက္ကစီစောင့်ရင်တော့ .."

သူ ဘာမှဆက်မပြောနိုင်တော့ဘဲ အထာ ဒီတိုင်းလမ်းလျှောက်သွားတာကို တအံ့တာသြကြည့်မိ၏။ သူ ဒီလောက်တောင် စိတ်ဆိုးနေတာ မှန်းသိလိုက်ရကာမှ ခေါင်းကုတ်မိကာ ..၊

"တစ်ယောက်တည်းမဖြစ်ပါဘူး .."

ညည်းတွားလိုက်မိပြီး သူမနောက်ကို အမီလိုက်ခဲ့ရ၏။ သားချင်း

www.burmeseclassic.com

www.burmeseclassic.com



လှည့်သွားတော့ သူမက ငုံကြည့်ကာ ...၊

"ခုတော့ ခြေထောက်က အကောင်းကြီးပါလား .."

"ခုမှ လျှောက်ကြည့်ရတာလေ .. အစတည်းက ကျိုးကိုကျိုးနေပါပြီလို့ပြောမိလို့လား .."

အထာ က ခြေစုံရပ်ပစ်လိုက်ပြီး သူ့မျက်နှာကိုသေချာကြည့်ကာ...

"မိုက် .. မင်း အသက်လေးငယ်ငယ်ပဲရှိသေးတယ် ညာထိုးညာထိုးနက်တွေကတော့ မင်း၊ အသက် မင်းအရပ်လောက်တောင် မကပါလား .."

"ဘယ်လိုလုပ်သိလိုက်တာလဲ .. ကိုယ့်ကိုယ်ကိုယ်တောင် အဲ့လောက်တော်မှန်းမသိဘူး .."

"အဲ့ဒါ တော်တာမဟုတ်ဘူး .. ရှုပ်ဖို့ကောင်းတာ .."

"ကြည့်တဲ့မျက်လုံးပေါ်မှာ မူတည်ပါတယ်၊ လူတိုင်းပဲ ပါမောက္ခတွေ ကထိကတွေဖြစ်နေကြတာမဟုတ်ပါဘူး၊ ဆိုးတာဖြစ်ဖြစ် ကောင်းတာဖြစ်ဖြစ် သူများထက်ပိုနေတော်နေရင် အဲ့ဒါအရည်အချင်းပဲ .."

"ကောင်းတယ် .. မင်းကို ကုစရာဆေးမရှိတော့ဘူး .."

"လူတိုင်းမှာ ကိုယ့်ရဲ့မသေဆေးဆိုတာရှိတယ်တဲ့၊ ရောဂါသေးနဲ့တွေ့လာရင်တော့ ကိုယ်နဲ့ အဆင်ပြေမယ့်ဆေးဆိုတာရှိလာမှာပါ၊ ကျွန်တော့်အတွက် ပူနေတာဆိုရင် မပူပါနဲ့ .. ခင်ဗျားပဲ .."

"မင်း ငါ့ကို ဝေဖန်ဖို့မလိုဘူး .."

ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သွား၏။ သူကလည်း ဆက်လိုက်သွားကာ ...၊

"လမ်းမပေါ်တက်ပြီး တက္ကစီတားမလို့လား .."

သူမက မဖြေဘဲ ဘောက်ဆတ်ဆတ်လေးလျှောက်နေ၏။ ဆံရင်းကနေ ဆံဖျားအထိ လှိုင်းတွန့်လေးတွေနှင့် ဆံနွယ်တွေက ကြည့်ရဆိုးအောင် ထုအုပ်နေတာမျိုးမရှိဘဲ ခါးလောက်ထိ တန့်နန့်ဖြာဆင်းနေ၏။

လမ်းလျှောက်ပုံကလည်း သိပ်မနွဲ့ပေ ...။ ဒါပေမယ့် ကြည့်လို့ကောင်း



၏။ သူမကို သေချာစူးစိုက်မကြည့်ဖြစ်အောင် ဘယ်လိုပဲသတိနဲ့ဖြင်ဆင်ထားပေမယ့် ကြည့်လိုက်မိပြီဆို အားလုံးကိုမေ့၏။

မကြည့်နဲ့ ကြည့်မိရင်လည်း မကြည့်နဲ့တော့ နိုက် ...၊

ဘောင်းဘီအိတ်တစ်ဖက်ထဲ လက်ထည့်လျှောက်ရင်း မျက်နှာလွှဲ၍ ဝင့်သက်ရှိုက်မိသည်။ ထိုစဉ် ...၊

သူမျက်နှာလွှဲလိုက်သည့်ဘက်မှာ မသက်ာဖွယ်တစ်စုံတစ်ရာကိုတွေ့လိုက်ရကာ သေချာပြန်ကြည့်လိုက်မိ၏။

ဟုတ်သည် .. ဒီကားပဲဖြစ်၏။

"နေဦး ထာစရ .."

သူမက လှည့်မကြည့် .. ခြေလှမ်းလည်းမရပ်သောကြောင့် လက်ကို လှမ်းဆွဲလိုက်ရကာ ...၊

"ဟိုမှာ လိုက်လာကြတာ အုပ်စုလိုက်ကြီး .."

"အို .. ဘာလုပ်တာလဲ .. ငါနဲ့ ဘာဆိုင်လို့လဲ .."

သူ့ကြေးတွေကိုစွ သူပဲရှင်းရမှာ ကိုယ်နဲ့ဘာဆိုင်လို့ပြေးရဦးမှာလဲ...။

အဆောက်အဦးထဲမှာ အန္တရာယ်ပေးလာမှာစိုးလို့သာ ထွက်ပြေးခဲ့ရတာ ဒီနေရာထိ ကြောက်နေဖို့လိုသလား ...။

"ဖယ် .. ငါ မပြေးဘူး .. လွှတ်ဆို .."

"ခင်ဗျားကို သူတို့ပိုမက်သွားကြတာ၊ ဒီတိုင်းတွေ့ရင် ချမ်းသာအောင်မှတ်လို့လား .."

ဆွဲရင်းပြေးရင်းနှင့် ရှင်းပြနေရသည်။ ကားဒီဘက်ကွေ့လာတာမြင်လိုက်သည်နှင့် အထာ့ ခါးလေးကိုဆတ်ခနဲဆွဲဖက်လိုက်ကာ အနီးနားမှာရပ်ထားသည့် ထရပ်(ခ်)ကားရဲ့တစ်ဖက်ကြားထဲကို ပြေးကပ်ထားလိုက်သည်။

"မင်း ဘာလုပ်တာလဲ .. လွှတ်စမ်း .."

"ဟိုမှာ မြင်လား .."

www.burmeseclassic.com

www.burmeseclassic.com



ရုန်းနေရင်း လှမ်းကြည့်လိုက်တော့ နီညိုရောင် ဘယ်လ်တာကား လေးက သူမတို့ပုန်းနေသည့်ကားဘေးကနေ ကပ်ဖြတ်သွားကာ ကား ထဲမှာ လူတွေအပြည့်နှင့် ..။

"တွေ့လား .. လေးငါးခြောက်ယောက်တောင်ဖြစ်လာတာ သူတို့ ခင်ဗျားနောက်ကို မည်းပြီးလိုက်လာကြတာ .."

"ငါနဲ့ ဘာဆိုင်လို့လဲ .. ကြွေးရှိတာက မင်းနဲ့ .."

"ကျွန်တော့်ဆီက ဘယ်လောက်ရမှာမို့လဲ .. ခင်ဗျားကသူဌေး-

"ဖယ် .. လွှတ် .."

"ခဏနေဦး .."

ဖက်ထားသည့် ကိုယ်ကိုလွှတ်လိုက်ပြီး လက်ကိုပြန်ဆွဲထားကာ ဒီကားကိုပဲ တစ်ဖက်ထိပ်မှာ ပြောင်းရွှေ့ကွယ်လိုက်ရပြီး ..၊

"ခင်ဗျားကားနားမှာ သူတို့ပြန်ခေါက်လာကြလိမ့်မယ်၊ ဒီကထွက် လိုက်ရင် ဆပ်ပုန်းစရာမရှိတော့ဘူး .."

"ရှိရှိ မရှိရှိ ငါ့ကိုမထိနဲ့ .. ဖယ် .."

အထာ က လက်ကိုရုန်းရင်း ဘယ်ကိုထိထိ လွှဲခါချပစ်လျက် နောက် ထပ်ဆုတ်လိုက်လျှင် ..၊

"ဟား .. တွေ့သွားတော့မှာပဲ .."

"အ ..."

ကားပြန်လှည့်လာတာ မြင်လိုက်ကာ အထာ့ ကို ဆောင့်ခနဲပြန် ၍ ..၊

"မြင်သွားပြီလား မသိဘူး .. ဒီနားမှာ ကားရပ်သွားရင်တော့ သွား ပြီ .."

"မင့် ..."

အထာ အသက်ရှူရပ်မတတ်ဖြစ်သွားသည်။ နီညိုရောင်ကား ထရပ်(ခ်)ရဲ့ ဘေးကို မရောက်ခင်မှာပဲ ရပ်တန့်သွားကာ အထဲက လူ



ယောက်ဆင်းလာ၏။

ပြီးတော့ ဘောနက်ကိုဖွင့်နေတာတွေ့ရလျှင် ..၊

"အရေးထဲမှာ ကားစုတ်က ဒီနားမှာ လာပျက်နေသေးတယ်.."

အထာ စိတ်ထဲကနေကျိန်ဆဲမိရင်း လူကိုဖက်ထားသည့် သူ့လက် ကို ဖယ်ချပစ်လိုက်၏။ သူကလည်း ဖယ်ပေးမါ၏။ သို့သော် ရပ်ထား သည့် ကားနှစ်စီး၏ ကြားထဲမှာ မမြင်အောင်ကပ်ကွယ်နေရတာမို့ တစ် ယောက်တခြားရပ်နေလို့ကမဖြစ် ..။

သူ့ရင်ခွင်ထဲရောက်နေရသည့် ကိုယ့်အဖြစ်ကို တွန်းလို့မရထွက်လို့ မဖြစ်နှင့် အထာ စိတ်ဆင်းရဲကြီးစွာခံစားနေရ၏။ ထို့ပြင် တစ်ယောက် ရဲ့ ကိုယ်နံ့ကို တစ်ယောက်ရနေသည့်အဖြစ်က ဘယ်လောက်ထိ ပူးကပ် နေပြီကို ခံစားမိနေခဲ့လျက် ..၊

"တောက် .."

"ခင်ဗျားကားပေါ်တက်နေမလား .. ကျွန်တော် ရှေ့တံခါးဖွင့်ကြည့် လိုက်မယ် .."

"မတက်ချင်ပါဘူး .. အဲ့ဒါမှ ရှင်ကြီးကျားထက်ဆိုးရင် ဘယ်လိုလုပ် မယ်။ ငါ့ကိုက အကုသိုလ်အထုပ်လိုက်ကို ခေါင်းပေါ်ရွက်လိုက်မိတာ .."

"ကျွန်တော့်ကြောင့် လို့ပြောနေတာလား .."

"ပြောနေတာမဟုတ်ဘူး .. မင်းကိုငါ စိတ်ရှိလက်ရှိသာစီရင်မယ် ဆိုရင် ခုလောက်ဆို မင်း ငါ့ခွစင်းကောထက်ဆိုးနေပြီ .."

"ကျွန်တော်က ကိုယ့်ပြဿနာကိုယ်ရှင်းဖို့ကြိုးစားတာပဲ၊ ခင်ဗျား လာရင်မရဘူးလား .."

"မိုက် နော် .. မင်း ယောက်ျားမတန်မယ့် အနိုင်လုမပြောချင်နဲ့ ဒါလောရင် မင်း ဘယ်လိုကောက်ကျစ်မယ်ဆိုတာတွေ မင်းကိုယ်တိုင် ပြောခဲ့ဘူးလား .."

"ကိုယ့်ပြဿနာ ကိုယ်ရှင်းတာလို့ ပြောပြီးပြီပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်း .."

"အ ..."

သူ့ဗိုက်ကို တံတောင်နဲ့ ပြန်တွတ်ထည့်လိုက်မိသည်။ မိုက် ခါး ကုန်းသွားကာ ညည်းသံသဲ့သဲ့ရဲ့နောက်မှာ အသံတိတ်သွား၏။

အထာ ထိတ်ခနဲဖြစ်သွားသည်။

မိုက် ဘာဖြစ်သွားပြီလဲ .. အရှိက်ထိပြီး အသက်ရှူတွေဘာတွေ မှားသွားတာလား ..၊

"မိုက် .."

"..... ..... ....."

"ဟဲ့ .. မိုက် .."

"ငြိမ်ငြိမ်နေ .."

သူ့အသံ အကောင်းကြီးပါလား ..။ စိုးရိမ်စိတ်နှင့် လှည့်ကြည့် ကြိုးစားလိုက်မိသော အထာ့ ရဲ့ နားသယ်စပ်ဆံစလေးနားမှာ သူ့နှုတ် ကပ်ပြောလိုက်သဖြင့် လာရောက်ထိခတ်သော လေငွေ့နွေးကြောင့် တ ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။

စကားပြောလိုက်တာမှန်းသိသော်လည်း အနမ်းထိသွားသကဲ့ ပူထူရှိန်းဖိန်းသွားခြင်းက လူကို ကျင်စက်နဲ့တို့ပစ်လိုက်သလိုပင် ..။

သူမ အိမ်ထောင်သည်ဖြစ်ပေမယ့် ကိုမောင် နဲ့ ထိခတ်ပတ်သ ခဲ့ဖူးတာတောင် ဒီလောက်ထိ မရှက်ခဲ့ဖူးပေ ..။

"ထာဝရ ခင်ဗျားကို ကျွန်တော် အခွင့်အရေးယူနေတာမဟု ဘူးနော် .."

"အပိုတွေပြောမနေနဲ့ .. မင်းကို ဘယ်သူက စွပ်စွဲနေလို့လဲ ဟိုကားမပြီးသေးဘူးလား .."

"ကားထဲက အားလုံးထွက်လာပြီးကြည့်နေကြတယ်၊ ခင်ဗျား ကျည်းကျပ်နေရင် ဒီမှာနေခဲ့လေ၊ ကျွန်တော် တစ်နေရာကနေ



ထောင်ပြုပြီး ခေါ်ထုတ်သွားမယ် .."

"ဘာ ..."

သူ တကယ်ခြေလှမ်းပြင်လိုက်သဖြင့် အထာ နောက်လှည့်ကြည့်၏။

"မင်း ဘာလုပ်မလို့လဲ .."

"ကျွန်တော့်နောက် သူတို့လိုက်လာကြရင် ခင်ဗျား ဒီက အသာ လေးလစ်ထွက်သွားလို့ရပြီ၊ ဘတ်စ်ကားမှတ်တိုင်ကဝေးတယ်၊ တက္ကစီ ငှားတားနေရင်လည်း ခင်ဗျား လွတ်မှာမဟုတ်ဘူး၊ ကားဆီပြန်ပြီး အထဲ ဝင်ပြီး လော့ခ်ချနေလိုက်၊ ကျွန်တော် ဝပ်စ်ရှော့လွှတ်ပေးလိုက်မယ် .."

"မဟုတ်ဘူးလေ .. နေဦး .. မိုက် .."

သူမ လှမ်းတားပေမယ့် မိုက် က လှည့်မကြည့်တော့ပေ ..။ လမ်းမ ထိပ်ကိုရောက်အောင် သူ ဘယ်လိုထွက်သွားသည်ဆိုတာ တစ်ဆုံးတစ်စ လိုက်ကြည့်မရသဖြင့် အထာ ဘုရားစာတွေရွတ်နေမိ၏။

"တွေ့လိုက်တယ် .. မင်းခိုက် ပဲ .."

"ကောင်မလေးရော .."

"မပါဘူး .."

"ပါပါ မပါပါ လိုက်ကွာ .. ဟိုကောင် ကားကိုလော့ခ်ချခဲ့ .."

ခြေသံတွေကြားလိုက်ရသဖြင့် အထာ ကားကိုတစ်ပတ်လည်အောင် ပြေးနေရသည်။ ပြီးတော့ သူတို့ပြောကြသံတွေ ဝေးကွာသွားခဲ့ပြီး ..၊ သွားကုန်ကြပြီ ..၊

ရပ်ထားခဲ့သည့်ကားကိုလှမ်းကြည့်ရင်း မိုက် အတွက် စိုးရိမ်သွား သည်။ လမ်းလျှောက်နိုင်ပေမယ့် နာနေတဲ့ခြေထောက်က ပြေးနိုင်ပါ့ မလား ..။

ပိုက်ဆံအိတ်ကိုရင်ခွင်ထဲမှာပိုက်၍ အပြေးတစ်ပိုင်းထွက်ခဲ့မိကာ ခေါင်းထဲမှာ မိုက် ကိုပဲ စိတ်ပူစရာတွေတွေးနေခဲ့မိ၏။

သူ့မှာ ကြွေးဆပ်စရာလည်း မြူတစ်ပြားမှ ပါမသွားပေ။ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အဲတူ ထပ်ကပ်နေမိစဉ် သူမ ဒေါသတွေရှက်တာတွေနဲ့ ပူထူနေတာ မိုက် ဘယ်လိုရိပ်မိသွားသည်မသိ ..။

ဒီလိုကြီးတကယ်ထွက်သွားတော့ အားနာမိသလိုလို သနားသလိုလို စိတ်ထဲမှာ မကောင်းနိုင် ..။

ပို၍စိတ်မကောင်းစရာဖြစ်ရတာက ကားထဲပြန်ရောက်ပြီး စက်နှိုး ကြည့်လိုက်တော့ နိုးသွား၏။

ဒီလိုပဋိပက္ခ စိတ်ကျဉ်းကျပ်မှုတွေဖြစ်ရအောင် ကံကိုက လှည့်စား နေတာလားမသိ ..။

သူမ လမ်းမဘက်ပြန်ထွက်ခဲ့ရင်း ကားပေါ်ကနေ မြင်မြင်သမျှ လိုက်ကြည့်ရင်း မိုက် ကိုရှာနေမိ၏။

ညနဲ့ လမ်းဘေးမီးတိုင်တွေအောက်မှာ မိုက် နဲ့ ဟိုလူတစ်စု ပျောက်ချင်းမလှပျောက်နေခဲ့၏။

အိမ်ကိုပြန်လာခဲ့သည့်တိုင် စိတ်က တစ်နေရာမှာကျန်ရစ်ခဲ့သည် ဖြစ်ကာ ရေလည်းမချိုးချင်၊ စားသောက်ချင်စိတ်လည်းမဖြစ်ဘဲ အိမ်ထဲ တန်းတက်လာခဲ့၏။

"ဒါက ဘယ်ကိုလဲ အထာ .. ငါတို့က မင်းကိုစောင့်နေတာ -

လှေကားတစ်ဝက်ကျမှ ရပ်ပြီး ပြန်ငုံ့ကြည့်လိုက်တော့ ကြည်ဖြူ နဲ့ ဒေါ်မေကြည်ဦး တို့က သူမကိုမော့ကြည့်နေကြကာ ..။

"ကုမ္ပဏီကနေ မင်း အစောကြီးပြန်သွားတာ .."

"မစောပါဘူး .. ညနေပိုင်းကျမှပါ .."

"ဘယ်က ဖုန်းရပြီး အရေးတကြီးထွက်သွားတာလဲ .."

ကြည်ဖြူ ဖန်နေဂျာကိုမေးလိုက်ပြီး သူမ ထွက်သွားတဲ့ပုံကိုသိ တာဖြစ်သည်။ အထာ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေသော မျက်နှာ လေးနှင့် သက်ပြင်းချလိုက်ကာ ..။

"အရေးတကြီးသွားဖို့လိုအပ်တဲ့ ဖုန်းဆိုလို့ပါ၊ ခုလည်း ခုနင်



ရှိပါသေးတယ် .."

"ဟာ .. ဒါ မင်း ပြန်နေကျမှမဟုတ်တာ .. ဒီမှာ အထာ မင်းငါ့ကို ချိတ်ပြီး ခြေလှမ်းပျက်ဖို့တော့ မစဉ်းစားနဲ့နော် .."

"ဘာတွေပြောနေတာလဲ ကိုမောင် .. အထာ ကိုမောင့်ကို ပြန်ရှုံ့ဖို့ တူးရှိလာရင်တောင် အဲ့ဒီလိုအလုပ်မျိုးနဲ့ မရှုံ့ဘူး .."

"မင်းပဲပြောပါ .. မဟာသိက္ခာပါဝါတွေ မင်းမှာပဲရှိတာကိုး .."

ကိုမောင် ဘာဖြစ်လို့ ဒီလောက်တောင်မုန်းတီးရွံ့ရှာနေရတာလဲ..။ လက်မထပ်ခင်ကရော လက်ထပ်ပြီးနောက်မှာရော သူမဘက်က ဒီလိုမုန်းတီးလောက်ဖွယ် ဘာတွေလုပ်ခဲ့မိသလဲ ..။

ပင်ပန်းနေသည့်စိတ်က အိမ်ရောက်သည်နှင့် ဂျုံးဂျုံးကျ၏။ ထို့ပြင် ...

"သိအောင်ထပ်ပြောလိုက်ဦးမယ် .. မင်း မောင်တွေကိစ္စနဲ့ပတ်သက် ရင် ရှိသမျှအားလုံးကို ပစ်ချထားခဲ့ပြီး ဖုတ်ဖက်ခါထပြေးသွားတတ် တွေ နောက်ကိုဆင်ခြင်ပါ၊ မင်းက အိမ်ထောင်သည် ငါ ခွင့်မပြုတဲ့ မ်း ဘယ်လမ်းမှ သွားလို့မရဘူး .."

"တော်ပြီ သား .. မင်းလည်း သူများကိုပြောချင်ရင် ကိုယ်တိုင် ဆင်ခြင် .."

ဒေါ်မေကြည်ဦး က ပြောပြီး အထာ့ ကိုလည်းမော့ကြည့်၏။ ပြီးမှ ...

"လင်ကတစ်မျိုး မယားတစ်မျိုးထင်ရာလုပ်နေကြရင် ဒီအိမ်ထောင် ဘာဖြစ်လာမှာလဲ၊ မပြောချင်လို့ကြည့်နေတာ၊ စီးတဲ့ရေ ဆည်တဲ့ န်သင်းဆိုတာမရှိဘူး၊ ပိုက်ဆံချည်းရှာနေတိုင်း ကိုယ့်ကိုယ်ကိုယ် ကာ်လှတတ်လှပြီထင်နေကြတယ် .."

သားကို ဦးတည်သလိုနှင့် ပြောသွားတာက အထာ့ ကို ရည်ရွယ်၍ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မမ .. ညည်းသည်က တွေ့ချင်တောင်းနေလို့ .."

"ဘယ်သူလဲ .."

အယ်လင် က အပိုတွေလာသတင်းပေးနေမှာမဟုတ်တာသိ[illegible] သောကြောင့် ဖုန်းခေါ်မလို့ ကိုင်ထားပြီးမှ ပြန်ချလိုက်မိ၏။ အယ်လင် က အပြင်ကိုတစ်ချက်လှမ်းကြည့်ပြီးမှ ..၊

"မိုက် ဆိုတဲ့လူပဲ .."

"မိုက် လား .."

ဒီတစ်ခါ စိတ်လိုလက်ရမေးလိုက်သဖြင့် အယ်လင် က အံ့ဩသွား[illegible] သည့်မျက်နှာလေးနှင့် ..၊

"မမ ခေါ်ထားတာလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် သိချင်တာရှိလို့ပါ .."

ပြောရင်း ဝင်ခဲ့ခိုင်းလိုက်ဖို့ ခေါင်းညိတ်ပြလိုက်သည်။ အယ်လ[illegible] က ကိုင်ထားသည့်ကော်ဖီခွက်ကို အထာ့ ရှေ့မှာ ချထားပေးရင်း ..၊

"အယ်လင် ကတော့ ဒီလူ မမကို အနှောင့်ယှက်တစ်ခုခုပေး[illegible] တယ်ပဲထင်နေတာ .."

ဘယ်လိုပတ်သက်မှုရှိနေတာလဲလို့ မမေးသော်လည်း အယ်လ[illegible]



က စိတ်ရင်းအတိုင်းမှင့်ပြော၏။ အထာ က အယ်လင့် ကို သဘောကျ သလို ခပ်ယဲ့ယဲ့လေးပြုံးမိလျက် ..၊

"အဲ့ဒါလည်း မှန်တယ် .. ဒါပေမယ့် လူဆိုးတစ်ယောက်တော့ မဟုတ်ဘူးထင်ပါတယ် .."

သူမ ဒါပဲပြောပြခဲ့သည်။ မိုက် ဝင်လာတော့ အယ်လင် က သူ့စားပွဲမှာ ပြန်ထိုင်မလိုဝင်သွားပြီးမှ ထထွက်သွား၏။

အထာ ကလည်း တားမလို့ပဲဖြစ်သည်။ သို့သော် ...

"ခင်ဗျား အဆင်ပြေရဲ့လားလို့ လာကြည့်တာ .."

မိုက် က ပြောလိုက်သဖြင့် အာရုံကပ်ဘက်ကိစ္စကို မဟုတ်တော့ ဘဲ ..၊

"ဘာပြောလိုက်တယ် .."

"ဪ .. ခင်ဗျားတစ်ယောက်တည်းကျန်ခဲ့တာဆိုတော့ .."

စကားမဆုံးခင် ရှေ့မှာဝင်ထိုင်ချလိုက်ကာ ..၊

"အခု အဆင်ပြေတယ်မို့လား .."

"ပြေလို့ မင်းရှေ့မှာ ထိုင်နေတာပဲ၊ လာရင်းကိစ္စက အဲဒါလား.."

ကိုယ်ကလည်း သူပြေးလို့လွတ်ပါ့မလား တွေးပူမိခဲ့တာရှိသည်။ ရောက်လာသည်ဆိုတော့ ဒဏ်ရာအနာတရတွေနဲ့လား၊ ပတ်တီးတွေ ဘာတွေနဲ့ ဖြစ်လာမလား သိချင်စိတ်နှင့် အထဲခေါ်သွင်းလိုက်မိတာဖြစ် ၏။

ဒါပေမယ့် မြင်လိုက်ကြားလိုက်ရပြီဆို စိတ်ကောင်းလေးတွေဝင် ခဲ့သမျှ ကြက်ပျောက်ငှက်ပျောက် ..၊

"ဒါပဲဆိုရင် မင်း ပြန်လို့ရပြီ .."

"ကျွန်တော်က ခင်ဗျားရှေ့မှာ ထိုင်ထလုပ်ဖို့လာတာမဟုတ်တာ.."

"မဟုတ်ရင် လိုရင်းကိုပြော .. ငါ့ရုံးခန်းမှာ အလုပ်ကိစ္စနဲ့ ဝတ်သတ် တဲ့စကားကလွဲပြီး ဘာအကြောင်းမှ အချိန်ပိုလာခံမပြောချင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း အလုပ်ကိစ္စပြောမလို့ပါ .."

"ဘာလဲ .. ဟိုနေ့က မဖြစ်ခဲ့တဲ့ကိစ္စလား .."

"မဟုတ်ဘူး .. ကျွန်တော့်ကို ဒီကုမ္ပဏီမှာ အလုပ်တစ်နေရာ လောက်ပေးဖို့ .."

"ဘာ ..."

မထင်မှတ်သည့်စကားကြောင့် အထာ တအံ့တသြဖြစ်သွားသည်။ ပြီးတော့ စိတ်တိုသွားမိကာ ..၊

"အလိုလိုကာမှ ငါ့အိမ်မှာ ပြဿနာတွေရှင်းမရတဲ့အထဲ မင်းက.."

"ကျွန်တော်က ခင်ဗျားအိမ်ကို လိုက်မှာမှ မဟုတ်ဘဲ .."

"လိုက်လိုက် မလိုက်လိုက် ဒီပြဿနာတွေက မင်းနဲ့ချည်းပဲ သက်ဆိုင်နေတာ၊ ဘာလဲ မိုက် ငွေညှစ်တဲ့ အမျိုးမျိုးသောနည်းလမ်းတွေက ယောင်းကုန်လို့လား .."

သူမ ဘာပြောပြော မိုက် မျက်နှာပေါ်မှာ ဒေါသနဲ့ လှုပ်ရှားပြောင်းလဲသွားတာ ဘာမှမဖြစ်ဘဲ အေးဆေးထိုင်ကြည့်နေလျက် ..၊

"လိုလျှင်ကြံဆနည်းလမ်းရတဲ့ လူတွေ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာတာ ဘာကြောင့်မို့လို့လဲ .."

"မင်း ငါ့ကို မေးခွန်းပြန်မထုတ်နဲ့ .."

"ရှိသေးတယ် .. ခရုမှာအဆံ လူမှာအကြံတဲ့၊ ကျွန်တော့်လိုလူမှာ အချမ်းသာဆုံးက အကြံဉာဏ်တွေပဲ .."

"ဒါဆို မင်း ငါ့ဆီက ငွေရယူနိုင်မယ့် နောက်ထပ်နည်းလမ်းရှာတာပဲ .."

"နိုး .."

ခေါင်းခါလိုက်ပုံက 'ခင်ဗျားအလွဲကြီးလွဲသွားပြီ' လို့ ပြောနေသလိုမျိုး မပြီးနိုင် ..။

"ခားကိုင်ပြေးလာတာမြင်တိုင်း ကိုယ့်ကိုသတ်တော့ မယ်လို့ထင်နေ



တာ တကယ်ဆိုးတယ် .."

"ဟွန်း .."

"ကိုယ့်ကျောနောက်က သတ်မယ့်လူကို မမြင်ဘဲနဲ့ ကယ်မယ့်လူကို ခင်ဗျားကနီးရာလက်နက်နဲ့ ပိတ်သိမ်းဖို့ကြံနေတာ .."

"ငါ့အတွက် ကယ်တင်ရှင်လိုလာရင်သည်း အဲဒါ မင်းလိုလူတော့ မဖြစ်နိုင်ဘူး မိုက် .. စကားလုံးအကြီးကြီးတွေနဲ့ လူရှိန်အောင်ပြောမနေနဲ့၊ မင်းကို ငါ့ကုမ္ပဏီမှာ အလုပ်မပေးနိုင်ဘူး၊ အဖျင်းပြေပြောကြည့်တာ ဆိုရင်လည်း မင်း အပျင်းပြေအောင်ပြောနေဖို့ ငါ့မှာအချိန်မရှိဘူး .. အဲ့ဒီတော့ .."

"ကျွန်တော့်ကတော့ အလုပ်တစ်ခုရဖို့အတွက် .."

"တခြားမှာ သွားပြော .."

"ခင်ဗျားဆီမှာပဲ ပြောဖို့ဆုံးဖြတ်လာခဲ့တာ .."

"ဘာပြောတယ် ..."

အထာ့ ဒေါသတွေ ပေါက်ကွဲကုန်လျက် ..၊

"မိုက် .. မင်း ငါ့ကို ဒုက္ခပေးဖို့ပဲတစ်ချိန်လုံးတွေးနေတာလား .."

"မဟုတ်ပါဘူး .."

"မင်းမှာ အကြံအစည်တစ်ခုခုရှိနေတာ ဟုတ်ရင်ဟုတ် မဟုတ်ရင်လည်း တခြားအကြောင်းတစ်ခုရှိကိုရှိရမယ် .."

"တော်တော်များနေပြီ .."

"မဟုတ်ရင် ဘာလဲ .. မင်း လက်ဝါးဖြန့်တိုင်း သိန်းအုပ်တွေ အထပ်လိုက်ရအောင်ရှာနေနိုင်သားနဲ့ ဂန့်ထမ်းတစ်ယောက်ရဲ့လစာကို မက်မောတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး .."

"အဲ့ဒါ ခင်ဗျားထင်တာလေ .."

"ကျွတ် .."

"ခင်ဗျား ကျွန်တော်နဲ့တွေ့တိုင်း ဘာဖြစ်လို့ ဒေါသတွေထွက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ ..."

"မင်းကိုယ်မင်းပြန်မေးပါလား ..."

"ကျွန်တော်က ကိုယ့်ကိုယ် ပြန်မေးရအောင် အတိတ်မေ့နေတဲ့ သူမှမဟုတ်ဘဲ၊ သူများနဲ့ပြောရင် မှသာဝါဒတွေပါနိုင်ပေမယ့် ကိုယ့်ကိုယ် ကိုယ် ဘယ်တော့မှမညာဘူး၊ လူဆိုတဲ့သတ္တဝါတွေ ဘယ်သူ့ကိုမှ မယုံရ တော့ဘူးဆိုရင်တောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတယ် ..."

"ဒါပေါ့ .. မင်းလုပ်သမျှအားလုံးက လွယ်လွယ်လေးရနေတာကိုး..."

"အဲဒီလိုလူရော ဘယ်နှစ်ယောက်ရှိနိုင်လို့လဲ .. ဘယ်လိုနည်းနဲ့ပဲ ရရ လိုတိုင်း 'တ' လို့ရမယ်ဆိုရင် အားလုံး 'မင်းနိုက်' တွေဖြစ်ကုန်မှာ ပေါ့ .."

"မင်းနိုက် ဟုတ်လား .. ဟိုလူတွေလည်း ဒီနာမည်ပဲခေါ်တာကြား တယ်၊ ငါ့ကိုကျမှ 'မိုက်' လို့ ပြောခဲ့တာဘာလဲ .."

"နိုက် နဲ့ မိုက် နဲ့ သိပ်မကွာပါဘူး .."

ပြောလိုက်သမျှ အလေးအနက်ဖြစ်စေတာတစ်ခုမှမပါ။

"ဒါပေမယ့် ကျွန်တော်က တမင်ညာခဲ့တာမဟုတ်ဘူး၊ ခင်ဗျားကို 'နိုက်' လို့ပဲပြောတာပါ၊ ခင်ဗျားက 'မိုက်' လို့ပဲ ခေါ်နေတော့ .."

"ထားလိုက်တော့ .. အဲဒါ .."

"ထားပြီးသားပါ .. မေးနေလို့ပြောပြတာ .."

အထော့ မျက်ဝန်းလေးတွေ စူးစူးရဲရဲဖြစ်နေလျက် စားပွဲနောက်က နေ ထထွက်လာကာ ...

"ပြောပြစရာမလိုဘူး .. ဘာမှလည်း ထပ်မသိချင်တော့ဘူး၊ မင်းကို တောင်းပန်တယ် အခု ဒီထဲကထွက်သွားပေးပါ .."

"အလုပ်ရဖို့ တန်းစီခိုင်းတာလား .."

"တန်းစီလည်းမရဘူး၊ ငါ့ကုမ္ပဏီမှာ လူလိုရင်လည်း သန့်ရှင်းရေး လောက်ပဲ .."



"သန့်ရှင်းရေးအလုပ်တော့ မလုပ်နိုင်ဘူး၊ ကျွန်တော့်မှာ ဘွဲ့လက်မှတ် တွေရှိတယ် .. ဒီမှာပြ .."

"မပြနဲ့ .."

သူက ဂျာကင်အတွင်းအိတ်ထဲကို လက်နှိုက်၏။ အထော အော်ဝစ် လိုက်မှ လက်ကိုပြန်ထုတ်လိုက်ကာ ...၊

"ဘယ်လိုဖြစ်တာလဲ ထာဝရ .. ခင်ဗျားပြောတော့ ကျွန်တော့်ကို ရုပ်လေးသနားကမားနဲ့ ကလိမ်ကကျစ်နည်းတွေ တစ်ကိုယ်လုံးပြည့်နေ တဲ့လူဆို .."

"မင်းက နာသေးလို့လား .."

"မနာပါဘူး .. ဒါပေမယ့် ကလိမ်ကကျစ်ခေါ်ခံရတဲ့နောက်ပိုင်းမှာ ကလိမ်ကကျစ်မလုပ်ချင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာက တကယ်ပဲ လေ၊ အခု ခင်ဗျားကို မဟုတ်ဘဲနဲ့ ကလိမ်ကကျစ်လာပြောနေတယ် ထင်လို့လား .."

ကြည့်စမ်း ...၊

ကလိမ်ကကျစ်တွေ မိုးမွှန်အောင်ပြောပြီး ရုပ်ကြီးက တည်နေပေ မယ့် မျက်လုံးတွေမှာ ရယ်နေတာ ...၊ မျက်လုံးချင်းဆုံနေမိရင်း အထော့ နှုတ်ခမ်းလေးဖိပိတ်သွား၏။

ထို မျက်ဝန်းတို့ကို နိုက် က စိုက်ကြည့်နေလျက် ...၊

"လူတစ်ယောက်က ကောင်းအောင်နေတော့မယ်ဆိုရင် အားပေး သင့်သလား၊ ကဲ့ရဲ့သင့်သလား .."

"အဲဒါတွေ မင်းရဲ့ကောင်းခြင်း ဆိုးခြင်းတွေကို စိတ်ဝင်စားတဲ့ သူတွေ သွားမေးလေ .."

"တာဝန်သိပြည်သူတိုင်းနဲ့ဆိုင်တဲ့ကိစ္စပါ၊ အထူးသဖြင့် ခင်ဗျားလို ကျွန်တော့်ကိုမြင်တိုင်း နှိမ်ချကဲ့ရဲ့ယ်နေတဲ့လူမျိုးဆိုရင် .."

"မင်းကို ငါ့ကုမ္ပဏီမှာ လက်ခံသင့်တဲ့အကျိုးအကြောင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ခွေမနေနဲ့ မိုက် .. တကယ်အလုပ်လိုချင်တာဆိုရင် ဒီမှာ အချိန်ကုန်ခံမနေဘဲ တခြားသွားလိုက် ..”

“ကျွန်တော်က ဒီမှာပဲအလုပ်လုပ်ဖို့ဆုံးဖြတ်ထားတာ ..”

“မိုက် ...”

အထာ သူ့လက်မောင်းကအင်္ကျီစကို ဆောင့်ဆွဲပစ်လိုက်ကာ မျက်နှာ ရှေ့တိုးခေါ်ရင်း ...၊

“မင်းနဲ့ ငါ့ကို အန်တီဦးက ..”

“မမ ..”

သူမတို့စကားပြောနေတုန်း အယ်လင် ဝင်လာကာ ..၊

“သူဌေးရဲ့ အမေလာတယ်၊ အောက်မှာရောက်နေပြီ ..”

ဟင် ..၊

မိုက် ရဲ့ အင်္ကျီကိုဆုပ်ကိုင်ထားလျက်နှင့် အထာ မျက်လုံးပြူးသွားခဲ့၏။ ဒီလောက်တိုက်တိုက်ဆိုင်ဆိုင်ကြီးရောက်လာတာကို ဘယ်လိုမှ မယုံနိုင် ..၊

ရုတ်တရက် ငေးကြောင်နေမိပြီးမှ သတိရကာ ...

“မင်း သွားတော့ .. သွား ..”

ပြောရင်း အတင်းတွန်းလွှတ်မိလျှင် မိုက် ရဲ့ ခန္ဓာကိုယ်ယိုင်သွား၏။ သူမ တွန်းလိုက်သည့်လက်ကို ဖျတ်ခနဲဖမ်းချုပ်ပြီး ထိန်းလိုက်သဖြင့် နှစ်ယောက်စလုံး ယိမ်းထိုးသွားခဲ့လျက် ..၊

“မင်း ...”

“ဆောရီး .. ခင်ဗျားက အတင်းတွန်းလိုက်တာကိုး ..”

“ငါတွန်းတဲ့ အထိတောင် ဖြစ်စရာမလိုဘူး .. မင်း ဘာလုပ်ရမယ်ဆိုတာ ကိုယ့်ဘာသာနားလည်ရမှာ ..”

အထာ့ လက်ကို လွှတ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် မတ်မတ်ပြန်ရပ်ရင်း ..၊



“ဘာလုပ်ဖို့လိုလို့လဲ .. ခင်ဗျားပဲ မနဲ့လေး ဘဲဥပျောက်သလိုဖြစ်နေတာ ..”

ပြောပြီး ပခုံးတောင် တွန့်လိုက်သေးသည်။

“တောက် .. မင်းကို အန်တီဦး က ..”

“သူ ကျွန်တော့်ကို မမြင်ဖူးဘူး ..”

“မြင်သလား မမြင်ဘူးလား မင်း ဘာနဲ့သေချာတာလဲ ..”

“သူရောက်လာရင် သိလိမ့်မယ် ..”

“အို .. မဖြစ်ဘူး၊ အားလုံးရှုပ်ကုန်လိမ့်မယ် ..”

နောက်ထပ်ပြီး တွန်းထုတ်ဖို့ပြင်လိုက်ပေမယ့် ခုလောက်ဆို အပေါ်ထပ်ကို အန်တီဦးရောက်နေပြီမို့ ဒီထဲက ထွက်လာတာကို မြင်မှာပဲဖြစ်သည်။

“လာ .. လာ .. ဟိုထဲ ခဏဝင်နေလိုက် ..”

“ဘာလို့ဝင်ရမှာလဲ .. ကျွန်တော်က သူခိုးဂျပိုးမှမဟုတ်တာ ..”

“ကျွတ် .. မင်း ဘယ်လိုဖြစ်နေတာလဲ .. လာဆိုမှ ..”

အထာ ပြူးပြူးပျာပျာဖြစ်နေကာ မိုက် ရဲ့ လက်ကိုအတင်းဆွဲတော့သည်။ မိုက် က လက်ကိုမြှောက်ရုန်းလိုက်ပြီး စားပွဲစွန်းမှာ နောက်ပြန်မှီ၍ ..၊

“ကျွန်တော့်ကို အလုပ်ခန့်ဖို့သဘောတူမလား ..”

“ဘာပြောတယ် ..”

“ရက်(စ်)ဆိုရင် ကလစ်တစ်ချက်ထောက်ရုံပဲ၊ နိုးဆိုရင်တော့ ခုချိန်မှာ ကျွန်တော့်စကားတစ်ခွန်းက ..”

“ကဲ .. လာစမ်းပါ ..”

“ဆွဲခေါ်နေဖို့မလိုဘူး .. ရက်(စ်) အော် နိုး ဖြေရုံပဲ ..”

ဒေါသတွေနဲ့ အသက်ဝင်အောင်ကျပ်သိပ်နေသော်ငြား အထာ ခေါင်းညိတ်လိုက်ရသည်။ မမြင်ကွယ်ရာမှာ သွားပုန်းနေဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သဘောတူပေးလိုက်ရတာ မညီမျှမှန်းသိတော့သိပါ၏။

ဒါပေမယ့် ခဏလေးဖျော့များသွားရသည့် သူမရဲ့ အကျုပ်အတည်းကို အသုံးချစ်လိုက်ရတာ မတတ်နိုင် ..။

"ထိုင်လေ .. အန်တီဦး .."

"ညည်းက ဘယ်သွားမလို့လဲ .."

"ဟင် ... ဟင့်အင်း မသွားပါဘူး .."

ကမန်းကတန်းပြောရင်းနောက်မှာသွားထိုင်လိုက်ရ၏။ သို့သော် စုနေ အပြင်သွားစရာကိစ္စတစ်ခုခုပေါ်လာပါစေလို့တော့ ဆုတောင်းမိတာ အမှန်ပင် ..။

ဒေါ်မေကြည်ဦး က လက်ပွေ့အိတ်ကြီးကို စားပွဲပေါ်မှာ အရင်ချလိုက်ကာ ပြီးမှ ထမီစတစ်ချက် 'ပင့်' ၍ ထိုင်လိုက်ရင်း ..၊

"ကြည်ဖြူ ညည်းဆီရောက်လာသေးလား .."

"မလာဘူး .. ဘာဖြစ်လို့လဲ .."

"'သီရိ' စိန်နန်းတော်က ဘောင်ချာရော .."

အထာ မျက်ခုံးတန်းလေးတွေ တွန့်ကုတ်သွားလျက် ခေါင်းခါလိုက်မိ၏။

"စိန်နန်းတော်ကို အထာ မှ မသွားတာ၊ ဘောင်ချာက ဘယ်ကရမှာလဲ အန်တီဦး .."

"ငါသွားထားတာလေ .. မနက်ဖြန် ညည်းမွေးနေ့အတွက် အထည်အပ်ထားတာ .."

ပြောရင်း စိတ်လှုပ်ရှားသည့်မျက်လုံးတွေနှင့် ကျွတ်ခနဲစုတ်သပ်ကာ ..၊

"သွားပြီ ဒီကောင်လေး လုပ်သွားပြီ .."

ဘာဖြစ်ပြီကို အထာ သဘောပေါက်လိုက်၏။ ဒေါ်မေကြည်ဦးလည်း မျက်နှာကြီးတစ်ခုလုံးပြုံတော့မယ့် မိုးလိုဖြစ်နေခဲ့ပြီး ..၊



"ဘာဖြစ်လို့များ လူငယ်တွေလုပ်ကြတဲ့အလုပ်မျိုးလုပ်နေတာလဲ မသိဘူး .. နားကိုမလည်တော့ပါဘူး .. တကယ်ပဲ .."

ပြောနေရင်း အကြည့်က အထာ့ ဆီ ဖျတ်ခနဲရောက်၏။

"ညည်းတို့လင်မယား ဘယ်လိုတွေ မညီညွတ်ဖြစ်နေကြတယ်ဆိုတာ အခု ကြည်ဖြူ ဘာတွေလုပ်နေသလဲဆိုတာ ကြည့်ရုံနဲ့သိတယ်၊ အခုတုန်းက ငါ့သားက စီးပွားရေးမှန်းသိတယ်၊ လူမှုရေးအသိုင်းအဝိုင်း နယ်ပယ်မှာလည်း ကြည်ဖြူမောင် ဆိုတာ .."

စကားပြောနေတုန်း မျက်နှာရှေ့မှာ ကော်ဖီနဲ့ စားစရာတွေရောက်လာတော့ ခဏတိတ်သွား၏။ ပြီးမှ ယူလာပေးသည့် အယ်လင့် ကို တစ်ချက်ကြည့်လိုက်ပြီး အထာ့ ဘက် ပြန်လှည့်၍ ..၊

"မပြောလို့တော့ မဖြစ်တော့ဘူး အထာ .. ညည်း နေတာထိုင်တာ ပြင်မလား .. ဟောဒီလုပ်ငန်းတစ်ခုလုံးကို ရပ်ဆိုင်းထားလိုက်ရမလား.."

"အန်တီဦး ဘာကိုပြောချင်တာလဲဟင် .."

"ကိုယ့်အိမ်ထောင်ရေးကို ဂရုစိုက်ရမှန်းမသိတော့အောင် တစ်မူးတစ်ပဲပြုံးပြုံးရှာဖွေနေတာတွေရပ်ဖို့ပေါ့ .."

"စီးပွားရေးနဲ့ အိမ်ထောင်ရေးက တစ်သားတည်းပါပဲ အန်တီဦးရယ်၊ သူ ဦးဆောင်နေတာဖြစ်ဖြစ် အထာ ပဲ ဖြစ်ဖြစ် ဒါမှမဟုတ် နှစ်ယောက်အတူရှာဖွေတာဖြစ်ဖြစ် သူနဲ့ အထာ ရဲ့ ဘဝအရေးပဲ .."

"စကားတွေ သိပ်တတ်မနေနဲ့ အထာ .. ငါ အခုလာတာ စိန်ထည်ရွေးမယ့်သိန်းတစ်ရာကျော်ကုန်သွားတာကို နှမြောလို့မဟုတ်ဘူး၊ သိန်းတစ်ရာမကလို့ တစ်ထောင်ပဲဖြစ်ဖြစ် ဟောဒီစီးပွားရေးတွေကိုပဲ ပစ်လိုက်ရပါစေ ငါ့သား စိတ်ချမ်းသာဖို့နဲ့ ဘာနဲ့မှမလဲနိုင်ဘူး .."

"ကိုမောင် က အထာ ဒီမှာထိုင်နေတာကို စိတ်မချမ်းသာဖြစ်နေတာလား .."

"အဲ့လို ကပ်ဖဲ့သပ်မပြောနဲ့လေ၊ ဇနီးမယားနဲ့ကြင်နာမွေးထွေးမှု

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ဘယ်အိမ်ထောင်ရေးက အဆင်ပြေမှာလဲ .."

"အဲ့လို ကပ်ဖဲ့သပ်မပြောနဲ့လေ၊ ဓနီးမယားနဲ့ ကြင်နာရွေးတွေ

မရှိဘဲ ဘယ်အိမ်ထောင်ရေးက အဆင်ပြေမှာလဲ .."

"ရွေးတွေးကြင်နာရုံနဲ့ မပြည့်စုံနိုင်ဘူးဆိုတာလည်း သူ သိပါတယ်

အခု အထာ့ ကို အမြင်စောင်းနေတယ်ဆိုတာက .."

"ရှင်းရှင်းပြောရရင် ညည်းမောင်တွေ မပြည့်စုံသေးသမျှ ဒီခုံနေ

ကနေ ညည်းမထဘူးဆိုတာ .."

"အဲဒါ မှားနေပြီ အန်တီဦး .."

ဒီစကားတွေချည်း ထပ်တလဲလဲ ပြောနေရတာ စိတ်ပျက်မိသေး

လည်း ...၊

"ဟိုအစက မောင်မောင်တို့ရော ကျွန်မရော ပညာသင်အရွယ်

ါ၊ အခု သူတို့အရည်အချင်းနဲ့ သူတို့ခြေထောက်ပေါ် ရပ်နိုင်နေပါပြီ

"ဒါပေါ့အေ .. နှမကောင်းစား မောင် အိမ်ဦးခန်းလို့ဆိုထားတာ

ဘာ်ပါပြီ .. ငါ ဒါတွေမပြောချင်တော့ဘူး၊ ခုနကပြောခဲ့သလိုပဲ စိ

ုးမှာနှစ်ထားတဲ့ စိတ်ကိုပြန်ဆွဲထုတ်ပါ၊ ကိုယ့်အိမ်ထောင်ရေး

ရ သ်အောင် အရင်ကြိုးစား၊ ငါ့သားက ညည်းရဲ့ သိစိတ်မှုကို မျှော်

ပြီး အရွဲ့တိုက်နေတာ .."

မဟုတ်ဘူးလို့ ရင်ထဲမှာ ပြောမိရင်း ပင့်သက်ရှိုက်လိုက်မိသည်

သိလျက်နှင့် လုံးဝမသိသလိုပြောနေတော့ ပိုပြီးစိတ်ပျက်မိ၏။ ထို့ကြောင့်

"စိတ်ချပါ အန်တီ .. ဒီလုပ်ငန်းရော ကိုမောင့် အတွက် အ

ကို အန်တီဦး စိတ်တိုင်းကျစီမံပါ .."

"သား ကြည်ဖြူ ကိုတော့ ငါ့လက်ထဲမှာ လွှဲမချနဲ့လေ၊ ညည်း

အိမ်ထောင်ရေးသာယာဖို့ ညည်းကပဲ .."

"အထာ့ ဘက်က ကြိုးစားခဲ့ပါတယ်၊ အန်တီဦး ကျိမ်းမောင်

ပြောနေတာတွေကြောင့်မဟုတ်ဘဲ အထာ ကိုမောင့်ကို စည်းရုံးဖို့ကြိုး



ခဲ့တာပါ .."

ပန်းခရမ်းရောင်ပြေပြေလေးနှင့် ညှိုလက်နေသည့် မျက်ဝန်းလေး တွေကို ဒေါ်မေကြည်ဦး က စိုက်ကြည့်နေ၏။ ပြီးတော့ တော့ထင်းနေ သည့် နှာတံလေးနှင့် နုထွေးစိုရဲနေသည့် နှုတ်ခမ်းလွှာလေးတွေ ...၊

သူမ ဟိုတုန်းက ဒီလောက်မလှခဲ့ပေ ...။ ဒါမှမဟုတ် ကိုယ်ကပဲ အထင်မြင်သေးသည့်စိတ်တွေနဲ့ ကြည့်ခဲ့မိလို့လား ...။

အိမ်ထောင်သည်ဖြစ်လာခဲ့သည့်နောက်မှာမှ ရှည်မျောမျောကိုယ်ဟန် က သွယ်သွယ်ပြည့်ပြည့်လေးဖြစ်လာခဲ့သည်။ မျက်နှာလေးမှာ ပြေပြစ် သည့် ကာလာတွေနှင့် ထင်လင်းလာ၏။ ဖြူသည့်အသားအရေက ဝင်းစက် မြနုခြင်းနှင့် ပြီးပြည့်စုံလာသည်။

ကောင်းမွန်ပြည့်စုံသည့် အထူးထူးသော အရည်အချင်းများနှင့် သူမကို သားဖြစ်သူ ဘာကြောင့်မမြင်ရတာလဲ ...၊

ကိုယ်ကဝေးစေချင်တုန်းက နီးစပ်နေခဲ့ပြီး နီးစေချင်လာမှ ကျောခိုင်း လျှောက်နေကြသည်။ ခုတော့ နီးစပ်ဖို့ကြိုးစားပေမယ့် ...၊

"သူ အထာ့ ကို မျှော်လင့်နေတာမဟုတ်မှန်း အထာ နားလည်နေ တယ် .."

"ဒါတော့ ညည်းက ခေါင်းရှောင်ဖို့ကြိုးစားတာပဲ အထာ .."

"အဲ့ဒါကြောင့် အန်တီဦး ကြိုက်သလိုစီမံဖို့ပြောတာပါ၊ အထာ ဘာမှမလုပ်ဘဲ သူ့ကိုဂရုစိုက်ပေးရမယ်ဆိုရင်လည်းဖြစ်တယ်၊ သူ ဘာလို အစ်နေတာလဲဆိုတာ အန်တီ လည်း သေချာသိသွားမှာပါ .."

"မမ ဆယ့်တစ်နာရီ လန့်ချ်စားဖို့ ဖိတ်ထားတာ ရှိတယ်နော် .. နောက်ကျနေမှာစိုးလို့ .."

ထိုအချိန်မှာ အယ်လင် ဝင်လာသဖြင့် ဓာတ်ပြားဟောင်းဖွင့်ခြင်း အဆုံးသတ်ခဲ့ပေမယ့် ...၊

"ငါက ဖြင်သင့်တာကိုပြောပြတာ၊ အလုပ်ကိုပိတ်သိမ်းပြီး ညည်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြဖို့မလိုပါဘူး၊ အိမ်ထောင်သည်မိန်းမတစ်ယောက်ဆိုတာ ကျရာဇာတ်ရုပ်မျိုးနဲ့ ကနိုင်ရတယ်အေ .. တည့်မတ်ဖာထေးရမယ်ဆို အမေလို အစ်မလိုမျိုး၊ ရှိသေနာခံဖို့လိုလာရင် နှမလို၊ သူ့အတွက် ဖြည့်ဆည်းပေးပါဆိုရင် ပြည့်တန်ဆာလိုလည်း ပေးဆပ်ရမှာပဲ ..”

အထာ့ ပါးပြင်လေးတွေ ရဲခနဲဖြစ်သွားသည်။ ဒါကိုစေ့စေ့ကြည့်၍ ဒေါ်မေကြည်ဦး က နေရာမှထသည်။ ပြီးမှ လက်ပွေ့အိတ်ကိုကောက်ပြီး လက်မှာချိတ်လိုက်ရင်း ..။

“ရှိသေးတယ် .. ကျွန်နဲ့တူသော မယားတဲ့၊ မယားဝတ္တရားတွေ ဘာတွေ ငါမသိဘူး၊ ငါ သိထားတဲ့ သားမယားကောင်းဆိုတာတော့ အဲ့ဒါတွေပဲ၊ ညည်းလည်း မယားကောင်းဖြစ်ဖို့ကြိုးစားချင်မှာမဟုတ်ပေမယ့် မိန်းမကောင်းတော့ဖြစ်ချင်မှာပဲ၊ ဘယ်မိန်းမကောင်းမှ တစ်ယောက်မကောင်း တစ်ယောက်ပြောင်းဆိုတဲ့ ဝါဒကိုမကျင့်သုံးဘူး ..”

အပြစ်တွေ့ရှိသမျှ အကုန်စစ်ပေါက်ပြောပြီးမှ မိန်းမကောင်းတို့မူဝါဒများနှင့် လှည့်ပတ်ခွေပြန်၏။

“ထစ်ခနဲရှိ မာနပြချင်တာတွေက မိန်းမကောင်းအလုပ်မဟုတ်ဘူး ကိုယ့်အိမ်ထောင်ရေးကို ဘယ်လိုကောင်းမွန်အောင် တည်ဆောက်ရမလဲ ဆိုတာထက် ဘာမှအရေးမပါဘူး ..”

ခုပဲ ဒီအလုပ်ကို ရပ်ပစ်တော့မည်။ ငွေက အရေးမပါဘူးပြောသည်။ ချက်ချင်းပဲ အလုပ်ကို ရပ်ပစ်ဖို့မလိုဘူး ဖြစ်ရပြန်သည်။

ဒေါ်မေကြည်ဦး ပြန်သွားသည့်အချိန်မှာ အထာ ငုတ်တုတ်လေး အတိုင်း ငေးငိုင်ကျန်ခဲ့လေသည်။ အယ်လင် က အနားရောက်လာကာ ..

“မမ .. အယ်လင် ညာပြောလိုက်မိတာ တောင်းပန်ပါတယ် ..”

အထာ က ခေါင်းလေးညိတ်ပြရင်း မျက်ဝန်းတွေက လှုပ်ရှားကင်းမဲ့နေခဲ့၏။ အယ်လင် က သက်ပြင်းလေးကြိတ်ရှိုက်လိုက်ရင်း ရှေ့မှာထိုင်ကာ ..။



“စိတ်မကောင်းမဖြစ်ပါနဲ့ မမရယ် .. မမက ဘာမှသေချာမပြောပြပေမယ့် မမ အိမ်ထောင်ရေးအတွက် မမ ဘယ်လောက်ထိ စိတ်ပင်ပန်း လူပင်ပန်း ကာကွယ်နေရသလဲဆိုတာ အယ်လင် သိတယ် ..”

ဟင်!...။

အယ်လင် သိတယ်ဆိုတော့ သူ့ မျက်ဝန်းလေးတွေ လှုပ်ရှားလာသည်။

“သူ့ရွှေ လက်ထက်ကို အယ်လင် မမီလိုက်ပေမယ့် ဝန်ထမ်းချင်း ပြောသံတစ်ချို့ကိုကြားပြီး ..”

“ဘာ!...”

“ဟင့်အင်း .. အများကြီးပြောနေကြတာမဟုတ်ပါဘူး၊ သူတို့လည်း သူ့ရွှေနဲ့ မမတို့ အဆင်မပြေတဲ့စကားတွေ ပြောသံကြားလို့ ရိပ်မိနေကြတဲ့ ပုံစံမျိုးပါပဲ ..”

ဟုတ်လိမ့်မည်။

ကိုမောင် ကုမ္ပဏီကိုရောက်လာပြီဆို သူ့မှာ ဒေါသတွေနဲ့ပဲဖြစ်နေတတ်ကာ ရောက်လာကာမှ ပေါက်ကွဲပြီဆိုရင်လည်း မဆင်ခြင် ..။

“မမကို စိတ်ညစ်သွားအောင် ပြောတာမဟုတ်ဘူးနော် .. အန်တီ ပြောသွားတာတစ်ချို့ကို ကြားလိုက်လို့ပါ၊ မမ သူ့ရွှေအတွက် ဘယ်လို ကာကွယ်ပေးနေရတယ်ဆိုတာ သူ မသိပေမယ့် အယ်လင် သိတယ်၊ မိုက် ဆိုတဲ့လူက ..”

မိုက်!...။

ထိုနာမည်ကြားလိုက်ကာမှ အထာ ဆတ်ခနဲဖြစ်သွားသည်။

“မိုက် .. မိုက် ရေအိမ်မှာ ..”

“ရှင်!...”

“သွား .. သွား .. ခေါ်ထုတ်လိုက်စမ်း ..”

“ဟုတ် .. မမ ..”

www.burmeseclassic.com

www.burmeseclassic.com



မိုက် ရှိနေသေးတာ ခုမှ သိသွားပေမယ့် အယ်လင် အံ့ဩချိန်မရဘဲ ကမန်းကတန်းထွက်သွား၏။ ပြီးတော့ ချက်ချင်း ပြန်ရောက်လာကာ…

"မရှိဘူး မမ …"

"ဘာ!…"

"သူ နောက်ဖေးလှေကားကနေ ဒုတိယထပ်ကိုဆင်းသွားတာ ဖြစ်မယ် …"

"အဲဒီလှေကားက တမင်ဖွင့်ထားမှသုံးလို့ရတဲ့ဟာ …"

"ဟုတ်တယ် … မနက်ကပဲ စတိုပေါက်ပွင့်နေလို့ ပစ္စည်းစစ်ရဦးမယ်ဆိုပြီး မန်နေဂျာတံခါးဖွင့်လိုက်တာ၊ အဲဒီမှာ ဓာတ်လှေကား ပျက်သွားတော့ တံခါးပိတ်ထားလို့မရသေးဘူးဆိုပြီး …"

"ဓာတ်လှေကားက နှစ်မိနစ်လောက်ပဲဖြစ်တာကို ဘာလို့ အဲ့ဒီလှေကားတံခါး ပြန်မပိတ်ရတာလဲ၊ အလုပ်လုပ်တာ အဲ့လိုယိုပေါက်တွေ ဖြစ်နေလို့မရဘူး … မန်နေဂျာကို သွားခေါ်လိုက် …"

"ဟုတ် …"

စိတ်သည် ကိုယ့်ခံစားချက်တွေနဲ့ လုံးထွေးယှက်ပန်းလိုက်၊ အလုပ်ကိစ္စတွေနဲ့ နှစ်မြုပ်ပျောက်ဆုံးသွားလိုက် …၊

သူမရဲ့ မျက်လုံးထဲမှာ ဒေါ်မေကြည်ဦး ရဲ့ အကြည့်တွေ စကားသံတွေက တရစ်ဝဲဝဲဖြစ်နေလေသည်။

သို့သော် မကြာခင် မန်နေဂျာ ရောက်လာသောအခါ အလုပ်ကိစ္စတွေနဲ့ သူမ …၊



အခန်း (၁၉)

အလုပ်ထဲကိုရောက်လာတာနှင့် ဝန်ထမ်းတွေနဲ့ မိုက် ကို ရုတ်ရုတ်သဲသဲတွေ့လိုက်ရ၏။

"ဟွဲ့ … အဲ့ဒါတွေ ဘာဖြစ်နေကြတာလဲ …"

"သူဌေး …"

"သူဌေး လာပြီ …"

"ဒီလိုပါ သူဌေး …"

တစ်ယောက်ကလာပြီး မိုက် ကိုလည်း ပြန်လှည့်ကြည့်၍ …၊

"သူ အလုပ်လုပ်ဖို့လာတာတဲ့ …"

အားလုံးနဲ့အတူ အတော့ မျက်လုံး သူ့ဆီရောက်သွားသည်။ မိုက်က မျက်နှာလွှဲလိုက်ပြီးမှ ပခုံးတွန့်၏။ မြင်လိုက်ရရင် အချိုးက မပြေ…။

"အဲ့ဒါ …"

အတော က မိုက် ကို လှမ်းကြည့်ပြီး ဘာမှမပြောသဖြင့် သူဌေးက ခန့်လိုက်သည့် ဝန်ထမ်းဆိုတာ သူတို့အားသာ သဘောပေါက်သွားကာ ထဲတွေးတစ်ချက်မှိုချပြီးမှဆက်၍ …၊

"အဲ့ဒါ ကျွန်တော်တို့ကလည်းမသိတော့ သူ့အတွက် ဘာယ်နေရာ–"

www.burmeseclassic.com



"တော်ပြီ .. ရပြီ .. အခု ပြဿနာက ဘာလဲ .."

"ဒီလို မမထာ .. သူက ကျွန်မတို့အလုပ်စားပွဲတွေကပ်နေတယ်၊ ဘယ်သူက ဘယ်ဘက်မှာနေရမယ်နဲ့ .."

"အိုခေ .. ရပြီ .."

အထာ က လက်ကာရင်း အယ်လင် ရောက်လာပြီး လက်ထဲက ဖိုင်ကိုယူတော့ထည့်ပေးလိုက်ကာ ..၊

"ဟုတ်တယ် .. သူ့ကို ဒီမှာအလုပ်ခန့်ထားတယ်၊ ရာထူးနေရာ မသတ်မှတ်ရသေးဘူး၊ ပြီးတာနဲ့ ကြေညာပေးမယ်၊ အားလုံး ကိုယ့်အလုပ် ကိုယ်လုပ်ကြပါ .."

ဆေးဆေးပြောနေပေမယ့် အထာ့ မျက်ဝန်းလေးတွေထဲမှာ မီးပွင့်လေးတွေ လက်နေသလို ဒေါသကြောင့် စူးရဲနေ၏။

"မင်း ငါနဲ့ လိုက်ခဲ့ဦး .."

သူ့ရှေ့က ကပ်လျှောက်သွားရင်း ခေါ်သံက အံကြိတ်ပြောလိုက်သလားထင်ရ၏။ ခိုက် က ဆံပင်တစ်ချက်သပ်ရင်း ပြုံးယောင်သမ်းနေသည့် နှုတ်ခမ်းတို့ကို ဖိပိတ်ကာကွယ်၍ ..၊

"ဘာလဲ .. ကျွန်တော့်ကို ဆူပူကြိမ်းမောင်းမလို့လား .."

အခန်းထဲဝင်လိုက်တာနှင့် သူ့ပဲ စကားစတော့ အထာ ဖျတ်ခနဲလှည့်ကြည့်၏။

"မင်းကို မဆီမဆိုင်ဆရာလုပ်တတ်လွန်းသူအဖြစ် ဆုချစေချင်တာလား .."

"မချစေချင်ပါဘူး .. ကိုယ်ဖြစ်ချင်တိုင်းလည်း ဖြစ်တတ်တာမှတ်လို့၊ ဒါပေမယ့် ဆူမယ်ကြိမ်းမယ်ဆိုရင်တော့ ကျွန်တော်ဘာကြောင့် ဆရာလုပ်သလဲဆိုတာ အရင်မေးပါ .."

အယ်လင် က အထာ့ စားပွဲပေါ်မှာ ပန်းအလှထိုးပြင်ဆင်ရင်း လှည့်ကြည့်၏။ ခိုက် က ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ၊ သူ့ဘာသာ ထိုင်ခုံဆွဲယူပြီး





တည့်တည့်မတ်မတ်လည်းမထိုင် ..။

"ကျွန်တော် ဝင်လာတော့ သူတို့က .."

"သူတို့ ဘယ်နေတာထိုင်တာကို မင်း စိတ်ဝင်စားဖို့မလိုဘူးလေ၊ မင်းကိုယ်တိုင်လည်း ဒီမှာ အလုပ်လုပ်သေးတာမဟုတ်ဘူး၊ ငါ မင်းကို အလုပ်ပေးလို့ပြောလိုက်ရတာ မဖြစ်သာတဲ့အခြေအနေတစ်ခုကြောင့်ဆိုတာ .."

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က အလုပ်လုပ်ရမယ့်အသိနဲ့ လာခဲ့တာ.."

"မင်းအသိနဲ့ အလုပ်လုပ်ရမှာမဟုတ်ဘူး .. ငါခိုင်းတာကို လုပ်ရမှာ .."

"ဟုတ်တယ်လေ .. ခု ဖြစ်တာကလည်း အလုပ်ကိစ္စနဲ့မှ မဆိုင်တဲ့ သူတို့ သူများအတင်းအဖျင်းပြောနေကြတာ တရားလွန်းလို့ အထူးသဖြင့် ကိုယ့်သူဌေးအကြောင်းပြောနေတာ နားကြားပြင်းကက်လို့ .."

အယ်လင် က အလုပ်လုပ်ရင်းပြုံးနေ၏။ အထာ ကတော့ ခိုက် ဘာပြောပြော ဘဝင်မကျနိုင်ဘဲဖြစ်နေလျက် ..၊

"အဲ့ဒါတွေလည်း မင်းနဲ့ .."

"မဆိုင်ဘူးပြောမလို့လား .. ဟုတ်တယ် မဆိုင်ဘူး၊ ဒါပေမယ့် ရှေ့မှာတစ်မျိုး ကွယ်ရာမှာတစ်မျိုးလုပ်နေကြတာ .."

အထာ မျက်မှောင်ကြုတ်သွားမိ၏။ သူတို့ ဘာတွေပြောနေကြလို့လဲဆိုတာ သိချင်ပေမယ့် ..၊

"မင်း နောက်ထပ် ဘာကြောင့်မှ ကိုယ်ကစပြီး ပြဿနာမရှာပါနဲ့.."

"ကျွတ် ..."

သူကပဲ ကျွတ်ခနဲစုတ်သပ်ပြီး ရှုံ့ရှုံ့မဲ့မဲ့ ..၊

"အဲ့ဒါ ပြဿနာရှာတာမဟုတ်ဘူး .. ရှင်းပေးတာ၊ ဝန်ထမ်းနေရာတွေကို တသမတ်တည်းအရိုးခွေးအောင်ခန့်ထားတာ လုံးဝမကောင်းဘူး ဒေါ်ထာဝရ .. ရာထူးတိုးတာချတာတွေနဲ့ မဆိုင်ဘဲနဲ့ ဝန်ထမ်းပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



နေရာချထားရေးဆိုတာ လုပ်ကိုလုပ်ရမှာ ..."

အထာ က လက်လေးပိုက်လိုက်ပြီး စိတ်မရှည်သည့် မျက်ဝန်းတို့နှင့် စိုက်ကြည့်နေ၏။ ရင်ဘတ်မှာ ခရမ်းဖျော့ရောင်ဂီတာနဲ့ လက်တစ်ဖက်ပုံပါသော အနီရဲရဲ ရှပ်အင်္ကျီနှင့် ခိုက် ရဲ့ မျက်နှာက ပန်းရောင်သမ်းနေ၏။

နှုတ်ခမ်းမွေးရာစပ်ရိပ်ရိပ်စိမ်းမှောင်နေသည်မှလွဲ၍ မျက်နှာတစ်ပြင်လုံးမှာ ဖုထစ်ကြမ်းရှနေတာမျိုးလည်း ဖြစ်ပုံမရ ...။

နှာတံပေါ်၍ မျက်ခုံးတန်းတို့ ထူနက်နေတာက သူ့မျက်နှာမှာ အထင်းဆုံးဖြစ်လေသည်။

ထိုယောကျ်ား၏ နှုတ်များမှ အလွန်မှန်းတီးစက်ရုတ်ဖွယ်စကားတွေ ဆိုခဲ့သည်။ စာနာခြင်းတရားတို့နှင့် ရည်မွန်ယဉ်ကျေးစွာဆိုတတ်ခဲ့လျှက် ခုကျတော့ သူ့ကိုယ်သူ တကယ့်ဆရာကြီး ...။

"ကျွန်တော်က ဆရာကျနေတာမဟုတ်ဘူး၊ ဘာဖြစ်လို့အဲ့လိုလုပ်သင့်လဲဆိုတာ ခင်ဗျားတွေးမိဖို့ပဲ ထောက်ပြတာ ..."

"အဲဒါတွေလည်း မင်းပြောလာတာကို ငါ မလိုချင်ဘူးဆိုရင်ရော..."

"သဘောပဲလေ .. ကျွန်တော်ကတော့ အမြင်မတော်လို့ ပြောခဲ့တာပဲ ..."

"နောက်ကို .."

"အမြင်မတော်ရင်တော့ ပြောမိဦးမှာပဲထင်တယ် .."

"ခိုက် .."

သူမက မင်းခိုက် လို့ ခေါ်မခေါ်သည့်အတွက် ခိုက့် နှုတ်ခမ်းတွေ ပြုံးသွားသည်။ ထိုအပြုံးကြောင့် အထာ မျက်နှာပျက်သွားကာ ...။

"မင်းရဲ့ ရိုင်းစိုင်းတဲ့စိတ် ဘာဖြစ်ဖြစ် ဂရုမစိုက်တတ်တဲ့အကျင့်တွေ အဲဒါတွေအားလုံး ဒီထိယူလာလို့မရဘူးဆိုတာ မင်း မှတ်ထားရမယ် ..."



ခိုက် က ဆတ်ခနဲခေါင်းညိတ်၏။

"အဲဒါကြောင့် မင်း ငါ့ကို လေးလေးစားစားဆက်ဆံပါ ..."

"ရပါတယ် ကွယ်ရာရောက်ရင် ဘယ်လိုနေနေ ဘယ်လိုပြောပြောရတာပဲဟာ ..."

အထာ့ နှုတ်ခမ်းသားလေးတွေ တင်းတင်းစေ့သွားသည်။ သို့သော်...

"အယ်လင် .."

"ရှင် မမ .."

"မန်နေဂျာနဲ့တွေ့ပြီး သူ့အတွက် နေရာတစ်နေရာပေးဖို့ စီစဉ်လိုက်ပါ .."

"အယ်လင် ပြောထားတယ် မမ .. မန်နေဂျာရောက်လာရင် တစ်ခါတည်းခေါ်သွားပြီး .."

"ခဏလေး .."

ခိုက် က ထိုင်ရာမှ ထရပ်လိုက်ရင်း ...၊

"ကျွန်တော့်ကို ဟိုအုပ်စုတွေထဲမှာပဲ စားပွဲတစ်လုံးချပြီး နေရာမပေးနဲ့နော် .."

"မင်းလိုချင်တဲ့နေရာပေးရအောင် မင်းက ငါ့သားဆိုရင်တောင် ဒီလိုအခွင့်အရေးရဖို့ မစဉ်းစားနဲ့ .."

ခိုက် မျက်နှာခပ်လွှဲလွှဲနှင့်ပြုံးရင်း ...၊

"ငါ့မောင်လောက်တော့လုပ်ပါ .. နည်းနည်းတော့လျှော့ .."

"ဘာ ..."

အထာ အသံထွက်လာမှ ခိုက် က ပြန်လှည့်ကြည့်ကာ ...၊

"အခွင့်အရေးတောင်းတာမဟုတ်ဘူး .. ထာဝရ .."

"ဟော့ .. မင်း ငါ့နာမည်ကိုခေါ်တာ ဆင်ခြင် .."

"ဟုတ် .. ခေါ်ထာဝရ .."

ကိုယ်ကို တောင့်မတ်စွာပြင်လိုက်ပြီး သတိဆွဲသလိုခေါ်လိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အထာ့ မျက်နှာလေးနီရဲသွား၏။

"ကျွန်တော် အခွင့်အရေးတောင်းနေတာမဟုတ်ပါဘူး၊ မလိုချင်တာကို ဦးဆုံးတင်ပြတာပါ .."

ဦးဆုံးတင်ပြတာဆိုတော့ နောက်ဆုံးတင်ပြဖို့ရှိနေသေးတယ်ပေါ့။

"မင်းလိုချင်တဲ့နေရာမှာပဲလုပ်ရမယ်ဆိုရင် ခုထွက်သွားမှာလား.."

"ဟွန်း .."

နှုတ်ခမ်းက မရယ်ပေမယ့် မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့နှင့် ပခုံးတွန့်၏။

"ဒေါ်ထာဝရ နားလည်မှုလွဲသွားတဲ့ပုံပဲ၊ ကျွန်တော်ပြောတာ အဲ့ဒီသဘောမပါဘူး။ မလိုချင်တာကို ထုတ်နှုတ်လိုက်တဲ့အတွက် လိုချင်တာပဲ ကျန်လိမ့်မယ်၊ အဲဒါက ကျွန်တော် ဒေါ်ထာဝရ နဲ့ အနီးဆုံးရှိနေနိုင်မယ့် အလုပ်တစ်နေရာ .."

"ဘာပြောတယ် မိုက် .."

"ကျွန်တော် မရိုးမသားပြောနေတာမဟုတ်ဘူးနော် .. ကျွန်တော်ပြောချင်တဲ့သဘောကို ကျွန်တော်ပဲသိတယ် .."

"မင်းပဲ သိနေလို့ရမလား .."

အထာ ခိုက် ရှေ့ကိုရောက်သွားလျှင် အယ်လင် က အပြင်ထွက်သွားပြီဖြစ်၏။ ဒါပေမယ့် အထာ ဒေါသစိတ်မွှန်ကာ ဘယ်သူရှိတာမရှိတာကိုလည်း မသိ ..။

"မရိုးမသားမပြောဘူးလို့ မင်း ပြောရဲသေးတယ်၊ မင်းက ဘာမို့လို့ ငါနဲ့ အနီးဆုံးမှာနေချင်ရတာလဲ၊ အဲဒါကို သူများတွေကြားကုန်ရင်ရော ဘယ်လိုထင်ကြမလဲ .."

"ဘယ်လိုပဲထင်ထင်လေ .. ကျွန်တော်က လိုရင်းကိုတိုက်ရိုက်ပြောလိုက်တော့ ရိုင်းတာပေါ့၊ အခု ခင်ဗျားနဲ့ စားပွဲချင်းကပ်နေတဲ့ အယ်လင်ကရော ခင်ဗျားကို မရိုးမသားဖြစ်နေတဲ့သူလား .."



ကြည့်စမ်း ..၊

"ဒီရုံးခန်းမှာ နေ့စဥ် နာရီစက္ကန့်မလပ်ဝင်ထွက်အလုပ်လုပ်နေကြတဲ့ ခင်ဗျားပတ်ဝန်းကျင်က ဝန်ထမ်းတွေရော .."

"မင်း လျှောက်ပြောမနေနဲ့ .."

"လျှောက်ပြောနေတာမဟုတ်ဘူး .. ခင်ဗျားကိုမေးနေတာ၊ ကျွန်တော် ခင်ဗျားနဲ့ နီးနီးမှာ အလုပ်လုပ်မယ်ဆိုတာ ခင်ဗျားဒေါသဖြစ်ဖွယ်တွေ၊ အဲ .. ကျွန်တော်က ဆက်သွယ်ချင်တာတွေရှိလာရင် လွတ်လပ်စွာ ဆက်သွယ်ပြောဆိုလို့ရအောင်ပဲ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဖုန်းလုံးဝမကိုင်တော့ဘူး .."

အထာ ရုတ်တရက် ကြောင်တောင်လေးဖြစ်သွားသည်။

"အဲ့ဒီတော့ ကျွန်တော်ကပြောချင်တာ ခင်ဗျား ပြောချင်တာတွေရှိလာရင် .."

"မင်းပြောတော့ ကောင်းအောင်နေတော့မလို့ဆို .."

"ခု ဘာမကောင်းတာပါနေလို့လဲ .."

"မင်း ငါ့ကို ရှေ့ကနည်းလမ်းတွေအတိုင်း ငွေညှစ်ဖို့အစီအစဥ်တွေရှိသေးတယ်ဆိုတာ သိသာနေတာပဲ .."

"အဲဒါ ကျွန်တော့်ကို အကဲခတ်နေရမှာမဟုတ်ဘူး၊ ကျွန်တော့်လိုလူ ကောင်းစားအောင် လပ်(ဗ်)ဆင်းနဲ့တွေ ပေးနေတဲ့ ခင်ဗျားယောက်ျားကိုပဲ ဆုံးမရမှာ .."

"မင်း အဲ့ဒါကို စည်းကမ်းမဲ့ထည့်ပြောစရာမလိုဘူး မိုက် .. မင်းနဲ့ ငါ ပြောနေတာ အလုပ်ကိစ္စ .."

"ဩော် .. ကျွန်တော်ပြောတော့ စည်းကမ်းမဲ့တယ်ဟုတ်လား၊ ခင်ဗျားကျတော့ ညဏ်နီညဏ်နက် ညဏ်ပြာညဏ်ဝါတွေနဲ့လို့ အမြဲတမ်း ကျွန်တော့်ကိုပြောနေတာ၊ ကလိမ်ကကျစ်ကျတယ် ကောက်ကျစ်တယ် ငွေညှစ်နေတယ် စုံနေတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ပြောချသွားလိုက်တာ ရေပက်မဝင်အောင် တစ်ချက်လေးမှ မနားမေ ..။ အထာ အုံ့ညြပြီး ပါးစပ်လေးအဟောင်းသားနှင့် ကြည့်နေမိ၏။

"အဲ့ဒီလို ပြောဖို့ ဖြစ်လာတာတွေက ဘာကြောင့်လဲဆိုတာ နည်းနည်းပါးပါးတွေး .."

"ဟဲ့ .. မင်း ရန်တွေ့ကောင်းလှချေလား .."

"ပြောပြနေတာ .."

"မင်းကို ငါ ပြောခဲ့သမျှက မင်း ငါ့ရှေ့ရောက်လာတိုင်း ဒါတွေကြောင့်ဖြစ်နေလို့လေ၊ မင်း မတုတ်ခဲ့လို့လား .."

"ကျွန်တော်ပြောသမျှကလည်း ဒါတွေဘာကြောင့် ဖြစ်လာရတယ်ဆိုတာပဲ .. ခင်ဗျား ကိုယ့်ယောကျ်ားကိုဆင်ခြင်ဖို့ ပြောဖူးလား .."

ကြည့်စမ်း ..၊

ငွေတောင်းသမျှရနေတာတောင် ပြောနေတဲ့မျက်နှာက ဒေါသတွေနဲ့ .. ဘာလဲ ..၊

"ခင်ဗျားသိထားဖို့က လက်ဖြန့်တောင်းတိုင်း သူတောင်းစားမမှတ်ဖို့ပဲ .."

"မင်း ငါ့ကို ဒေါသလာပြနေတာလား .."

"မဟုတ်ဘူးလေ .. ကျွန်တော့်ဘက်က ဖြူသည်မည်းသည်တော့ ပြောခွင့်ရှိရမှာပေါ့၊ ဒီမှာ အလုပ်တစ်နေရာလေး တောင်းမိတာကစပြီး ခင်ဗျား ပြောသွားတာတန်လို့လား .."

"မတန်ဘူးထင်ရင် မင်း ထွက်သွားလို့ရတာပဲ၊ မင်းကူ ငါနဲ့နီးနီးမှာ အလုပ်လိုချင်တယ်ဆိုတာ တခြားလူတွေဘယ်လိုတွေးမလဲ .."

"ကျွန်တော့်ဘက်ကတော့ အလုပ်ရှင်နဲ့ အလုပ်သမားပဲ .. ရှင်းရှင်းလေး .."

"တောက် .."

"ဒါ ဂျက်ခေါက်လောက်အောင် ဒေါသထွက်ဖို့မလိုပါဘူး .."





"ထွက်တယ် .. မင်း အသိခေါက်ခေါက်ဖြစ်နေတာကို ပြောရကျွံလွန်းလို့ စိတ်တိုတာ .."

"အဲဒါ ခင်ဗျားပဲ အကြီးကြီးတွေးနေတာ၊ နီးနီးနေချင်တိုင်း မရိုးသားတဲ့လူတွေလို့ထင်မယ်ဆိုရင် ခင်ဗျားယောကျ်ား ဒီရုံးခန်းထဲမှာ ခင်ဗျားနဲ့အတူ ဘယ်နှစ်ခါလာထိုင်ခဲ့ဖူးလဲ .."

ဟင်!...၊

သူ ဘယ်လိုမေးလိုက်တာလဲ၊ ကိုယ်ပဲ နားကြားမှားတာလား ..၊

မျက်လုံးဝိုင်းလေးတွေနဲ့ လူကိုကြည့်လာတော့ ခိုက် က ခပ်တည်တည်ပြန်ကြည့်လိုက်ရင်း ..၊

"သိသာအောင်ပြောပြတာပါ၊ ကိုယ့်ချစ်သူလို့ သတ်မှတ်တဲ့လူတိုင်း ကိုယ့်နားကပ်နေကြတာမှက်လို့ .."

မိုက်၊ ဘာသဘောနဲ့ ပြောတာလဲ၊ နားထဲမှာ ရှုပ်ထွေးမှုတွေကြီး သထက်ကြီးမားလာ၏။ သူမ အဓိပ္ပာယ်ရှာနေဆဲမှာ သူက နှာခေါင်းတစ်ချက်ပွတ်၍ လှည့်ထွက်သွား၏။

ကရားရေလွှတ်ပြောချသွားတဲ့ ဒေါသစကားတွေကို သူ မပြောခဲ့ဘူးတဲ့အတိုင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဘယ်လို ကိုမောင် .."

"ဆောရီး အထာ .. ငါ မင်းရဲ့မွေးနေ့ကို သတိမထားဘဲ ကတိပေးခဲ့မိတာ၊ မနက်ကိုးနာရီလောက် တို့အားလုံးထွက်မှာကွ ..၊ ကြော်ငြာရိုက်ဖို့ကအရေးမကြီးဘူးဆိုပေမယ့် အက်တာဂုားတာ သီချင်းအပ်တာကအစ ကိုယ်ပဲ ဦးဆောင်ခဲ့တော့ ပြီးတဲ့အထိ လုပ်ပေးဖို့ တာဝန်ရှိတယ်လေ .. ဆောရီး .."

ဆောရီးလို့ တစ်ခါထပ်ပြောသည်။ နားထောင်နေရသည့် ရင်ဘတ်က အထုံအကျင်စွဲနေပေမယ့် မျက်နှာပြင်ကတော့ ရေခွေးနွေးတွေ ပုံထွက်နေသလို ပူရှိန်းရှိန်းကြီးဖြစ်လာခဲ့၏။

ဘယ်သူမှ မကြားပေမယ့် ရှက်သည်။ ဓနီးမယားရဲ့မွေးနေ့ကို ခင်ပွန်းသည်က မေ့နေသည်ဆိုတာ မွေးနေ့မှာ ကိုယ်တစ်ယောက်တည်းရှိနေပြီဆိုရင်တော့ လူတွေသိကုန်ကြမှာပါ ..။

သိသိ မသိသိ မသိခင်တည်းက ရှက်မိလေသည်။

သူမ ဖုန်းချလိုက်ပြီး မကြာခင် ဒေါ်မကြည်ဦး က ထပ်ခေါ်ပြန်ကာ ..၊

"ညည်းကို မွေးနေ့လက်ဆောင်ပေးဖို့ သားက ငါ့ကိုပေးခဲ့တယ်၊



သူ ခရီးသွားစရာရှိလို့ မအားဘူးဖြစ်နေတာ၊ အဲဒါ မွေးနေ့ပွဲကို ညည်းရဲ့မိတ်ဆွေတွေအတွက် ဟိုတယ်လ်တစ်ခုခုမှာ .."

"ရပါတယ် အန်တီဦး .. မွေးနေ့အတွက် မနက်ကအလုပ်မဝင်ခင် ဘုရားမှာ ကောင်းမှုကုသိုလ်ပြုပြီးပါပြီ၊ ပွဲတွေဘာတွေမလိုပါဘူး၊ အန်တီ မနက်က ခေါင်းတွေအုံနေလို့ဆို သက်သာရဲ့လား .."

"အေး .. သက်သာပါတယ်၊ အဲဒါကြောင့်လည်း ငါ ဘာမှလုပ်မပေးနိုင်တာ ညည်းယောကျ်ားကတော့ လုပ်ပေးဖို့ပြောသေးတယ်၊ ငါက နေသိပ်မကောင်းတော့ မလုပ်လိုက်နိုင်ဘူး .. အဲဒါ .."

"ရပါတယ် အန်တီဦး သက်တောင့်သက်သာနေပါ၊ ဒီနေ့ နည်းနည်း အိမ်ပြန်နောက်ကျမယ်ထင်တယ်၊ ရုံးကဝန်ထမ်းတစ်ချို့ကသိနေတော့လေ .."

"အေး .. အေး .. လိုက်ကျွေးလိုက်ပါ .."

ဖုန်းချလိုက်ရင်း နှုတ်ခမ်းလွှာတို့မှာ မချိတရိပြုံးရိပ်လေးထင်သွားသည်။

ခုလေးတင်ပဲ သားဖြစ်တဲ့သူက မေ့လျော့နေခြင်းကို ပြတ်သားစွာကြေညာသွားခဲ့သည်။ အမေကတော့ ဖုံးဖိကာကွယ်နေတုန်းပါလား..။

"မမကြီး .."

"ဟင် .."

ငိုင်နေမိတုန်းမှာ မောင်မောင့် အသံ ကြားလိုက်တော့ ဆတ်ခနဲဖြစ်သွားသည်။

"မောင်မောင် .."

"ဟုတ်တယ် .. မွေးနေ့ရှင်က ဘာဖြစ်သည်းဒေးဗစ်(ရှ်)ပို့တောလည်း သူ့ဆီးတင်ပါတယ်လေးတောင် ပြန်မပို့၊ တစ်မနက်လုံး ဖုန်းဆက်နေတာလည်း မအားဘူးချည်းပဲဖြစ်နေတော့ .."

"မက်ဆေ့ချ်ကို ဖွင့်မကြည့်မိပါဘူး မောင်မောင်ရယ် .. ဒီနေ့နှုန်ကြီး [illegible] .."

www.burmeseclassic.com



"လန့်ချိုလာစားတာလေ .."

ဒေါက်တာရသ က ပန်းစည်းလေးနဲ့ဝင်လာပြီး အစ်မလက်ထဲကို ပန်းစည်းထည့်ပြီးမှ ထိုင်လိုက်ကာ ..။

"မွေးနေ့လက်ဆောင်ကတော့ ကျွေးတာမွေးတာလေးစားပြီးမှပဲ.."

"မောင်မောင် မမကြီးမေးနေတာဖြေစမ်း၊ အခု 'သာယာဝတီ' မှာ ထိုင်ရမယ့်အချိန်မဟုတ်ဘူးလား .."

"မထိုင်တော့ ဘာဖြစ်လဲ မမကြီးရာ အဲဒီဆေးရုံက သာယာ ... ပြိုင်ပြင်မှာစိုးနေလို့လား .."

"ပူရတာပေါ့ .. ပြောင်ချော်ချော်လုပ်မနေနဲ့ မောင်မောင် .. မင်းတို့ ညီအစ်ကိုတွေ အိမ်ထောင်ပြုရမှာကို တီကို ဆားတို့တာကျနေတာ ... အေးလေ .. အကြီးကိုပြောမရမှတော့ ငယ်တဲ့လူက ဒီအစ်မစကား ... ဘယ်လိုလုပ်အလေးထားပါ့မလဲ .."

"မမကြီးကလည်းဗျာ ကိုယ့်မောင်လေးကို မြင်တာနဲ့ သာကြောင်း ... မာကြောင်းမပြောဘူး .."

"ပြောစရာလား .. မမကြီးလည်း ဘာမှမဖြစ်ဘူး၊ မောင်မောင်လည်း အကောင်းပဲ .."

"ကောင်းပေမယ့် ကျွန်တော်တို့ကတော့ မမကြီးအတွက်ပဲ အမြဲ ... တိုင်းတွေးနေကြတာ .."

"အံမယ် .."

"ဟုတ်တယ် .. အခု မမကြီးယောကျ်ားဘယ်မှာလဲ .."

အထာ မျက်နှာလေးငယ်သွားသည်။ ရသ က ဆိုဖာရှင်းကား ... လှည့်ပတ်ရှာသလို သမင်လည်ပြန်ကြည့်၏။ အယ်လင် ကလည်း ... မဖော်တမ်းအလုပ်လုပ်နေသည်။

အယ်လင့် စားပွဲဘေးက ကွန်ပျူတာမှာ လူရှယ်တစ်ယောက်ထိုင် ... ပြီး အလုပ်လုပ်နေ၏။ ခိုက် ကို ရသ မသိပေ ..။ ထို့ကြောင့် ဝန်ထမ်း ... တစ်ယောက်ယောက်ပဲထင်ကာ မျက်လုံးတစ်ချက်ပဲဝေ့ပြီး ရှေ့ပြန်လှည့် ...



သွားလျက် ..။

"ကိုကိုနဲ့ ညလေးက မြန်မာနိုင်ငံမှာရှိမနေပေမယ့် မမကြီးအတွက် လက်ဆောင်တွေပို့ထားတာမနည်းဘူး .."

"မောင်မောင်ရယ် .."

"မမကြီး လက်ဆောင်မမက်ဘူးဆိုတာသိပါတယ် .. ဒါပေမယ့်.."

"ကဲပါ .. အခု ဗိုက်ဆာနေပြီလား .. ဆယ်နာရီပဲရှိသေးတယ်.."

"မဆာသေးပါဘူး .. မမကြီးနဲ့ စကားပြောချင်လို့ .."

"ပြောမယ်ဆိုလည်း အန်တီသန္တာ တို့ အကြောင်းပဲ မမကြီးပြောမယ်၊ တခြားအကြောင်းမပြောနဲ့ .."

ရသ မျက်နှာ ရှုံ့တွတွဖြစ်သွားသည်။ ပြီးတော့ မကျေနပ်သည့် မျက်လုံးအစုံက ခဝ်တွန့်တွန့်ကုတ်ချီသွားခဲ့ပြီး ..။

"မမကြီး .."

"ပြော .."

"ကျွန်တော်နဲ့ ကိုကို့ကို အိမ်ထောင်ချပေးဖို့မလုပ်ပါနဲ့ဦး .."

"မလုပ်လို့မရဘူး မောင်မောင် .. မင်းတို့အသက်တွေ မငယ်တော့ဘူး၊ ငါ စဉ်းစားတတ်ပြီဆိုပြီးတော့ စိတ်ကြိုက်ဆုံးဖြတ်ခွင့်လည်းမပေးနိုင်ဘူး .."

"မပေးရပါဘူး .. ကျွန်တော်တို့က မမကြီး မသိဘဲ ပုံမှန်မဟုတ်တဲ့ရွေ့လွဲညစာတောင် မစားဘူး .."

"ဘာဖြစ်ဖြစ် ကွယ်ရာမှာ မမကြီး စိတ်မချဘူး၊ အိမ်ထောင်ရေး အချစ်ရေးဆိုတာလည်း အသက်အရွယ်နဲ့ဆိုင်တာမဟုတ်ဘူး၊ ချစ်တဲ့ စိတ်က မျက်ကန်းတစ္ဆေမကြောက်သလိုပဲ .."

"ကျွန်တော်တို့ကတော့ ကြောက်တတ်ပါတယ်၊ အထူးသဖြင့် မမကြီးရဲ့ အိမ်ထောင်ရေးကိုကြည့်ပြီး သတိကြီးကြီးထားရမယ်ဆိုတာ နားလည်တယ် .."

"သဘောပေါက်ပြီလား မောင်မောင် .."

www.burmeseclassic.com

www.burmeseclassic.com



"မမကြီးက ကျွန်တော်တို့ စိတ်မပါပါဘူးဆိုတာကျတော့ ဒါကိုပဲ အမြဲပြောတယ်၊ မမကြီးဘက်လှည့်လာပြီဆိုရင် စိတ်တိုပြလိုက်တာနဲ့ ပြီးပြီ .."

"မမကြီးက မင်းတို့ထက် အသက်ကြီးတယ်၊ မင်းတို့တွေကို ဒီဘဝ ဒီအခြေအနေထိ ပခုံးထမ်းတင်ခဲ့တဲ့တစ်လျှောက်မှာ လောကကြီးရဲ့ ချိုတာခါးတာကို အများကြီးခံစားနားလည်ခဲ့ပြီးသား .."

"မနေ့တစ်နေ့က ကမ္ဘာကြီးက အေးချမ်းနေပေမယ့် ဒီနေ့ ပူဇွေး နေပြီ မမ .. နောက်နေ့ ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှမပြောနိုင်ဘူး.."

ရသ က ပြောလက်စစကားကို ကိုးချပစ်လိုက်ပြီး အယ်လင်နဲ့ နိုက် တို့ဆီ နောက်ထပ်ငဲ့ကြည့်၏။ ပြီးမှ ပြန်လှည့်၍ ...

"မနေ့တစ်နေ့ကထိ မမကြီးက ကျွန်တော့်တို့ရဲ့ အမေနဲ့တူသော အစ်မကြီးပဲ၊ ဒါပေမယ့် ခုချိန်မှာ ကျွန်တော်တို့က အလုပ်အကိုင်ကိုယ်စီ နဲ့ ခိုင်ခိုင်မာမာရပ်တည်နေနိုင်တဲ့ ယောကျ်ားသားတွေဖြစ်ကုန်ကြပြီ.."

"အဲဒီတော့ ဘာဖြစ်လဲ .."

"မမကြီးကို ကျွန်တော်တို့ရဲ့ ညီမ တစ်ယောက်လိုစိတ်ပူနေရပြီ ကျွန်တော်တို့အတွက်နဲ့ မမကြီးရဲ့ ပျော်ရွှင်မှုတွေကို စတေးခဲ့ရတယ် ခုဏီစိတ်ဆင်းရဲနေရတယ် .."

"မမကြီး မျက်နှာက အဲဒီအပူရုပ်မျိုးဖြစ်နေသလား .."

"မြင်နေရသမျှကို အမှန်လို့ ယူဆလို့မရပါဘူး .."

"တော်ပါတော့ မောင်မောင်ရယ် .. မမကြီး အဲဒါတွေမကြားချင် တော့ဘူး၊ သူ့အကြောင်း ဘာအတွက်ဖြစ်ဖြစ် စကားထဲထည့်မပြောနဲ့.."

"မမကြီး အကြောင်းပြောရရင် သူ့အကြောင်းပါလာမှာပဲလေ၊ မမကြီး ဘဝမှာ ဒီလူတစ်ယောက်နဲ့ပဲ ပတ်သက်ခဲ့တယ်၊ ဒီလူကပဲ ငရဲသားကြီး ဖြစ်နေတာ .."

"မောင်မောင် .."

ရှိနေသည့်လူတွေ မကြားစေချင်သည်မို့ အထာ မျက်နှာ



ဒေါသရိပ်လွှမ်းလာ၏။ ပြီးတော့ မျက်နှာလေးရှေ့တိုးလိုက်ပြီး ...

"မိန်းမတစ်ယောက်ရဲ့ အိမ်ထောင်ရေးမှာ ယောကျ်ားဘယ်နှစ် ယောက်နဲ့ ပတ်သက်ဖို့လိုနေသလဲ၊ လိုနေရင်လည်း ငါ အဲဒီလိုမိန်းမ မဟုတ်ဘူး .."

"မမကြီး ကျွန်တော်က .."

"မပြောနဲ့တော့ မောင်မောင် .. 'ငါအကြီး ငါထင်ရာလုပ်မယ်' လို့ မမကြီး ပြောနေတာမဟုတ်ဘူး၊ အိမ်ထောင်ရေးဆိုတာ အဆင်ပြေ မပြေ စမ်းသပ်ကြည့်လို့ရသလား၊ အဆင်မပြေရင် နောက်ဆုတ်မယ်ဆို တာက ခြေကျွံရင်တောင် မိုင်းဗုံးနင်းမိတဲ့ခြေထောက်ဆို ပြန်ရုတ်ဖို့ မလွယ်ဘူး .."

"ကျွန်တော်တို့ကလည်း မမကြီးကို ဒီအိမ်ထောင်ရေးကိုဖျက်ဖို့ ပြင်ဖို့ပြောနေတာမဟုတ်ပါဘူး၊ ဒါပေမယ့် ပျက်မှာပြေမှာပဲဆိုတာကို တော့သိနေကြတယ် .."

ရသ က နောက်မဆုတ်ဘဲ ဖွတ်တိုးပြောသည်။ အထာ့ မျက်နှာ ပေါ်က ဒေါသမာန်တင်းမှုတွေ တဖြည်းဖြည်းပြေကျသွားခဲ့လျက် ..၊

"အဲဒါလည်း ငါ့ကံတရားပဲ .."

ဟု တိုးတိတ်စွာပြောလေသည်။ ထိုစကားမှာ နိုက် ရဲ့ အကြည့်တစ် ချက် ဖျတ်ခနဲဝင့်တက်လာ၏။ ရသ က ဘေးစောင်းမက ကွယ်နေသဖြင့် မမြင်သော်လည်း အထာ နဲ့ မျက်လုံးချင်းဆုံသွားခဲ့သည်။

သူမ သေချာသိလိုက်သည်က ဒီကပြောနေကြတာတွေကို မိုက် အတိအကျနားထောင်နေသည်ဆိုတာပင် ..။

"မမကြီး ယောကျ်ား အခု ဘာတွေလုပ်နေသလဲ မမကြီး မသိဘူး ရှိလား .."

"ငါ သိသင့်သလောက်သိတယ်၊ ဒါပေမယ့် သိသိ မသိသိ မင်း မပြော ပါနဲ့ .."

"မမကြီးရာ တည်မိတဲ့ဘုရား လင်းတနားနားဆိုပေမယ့် မမကြီးက

www.burmeseclassic.com

www.burmeseclassic.com



သက်ရှိမိန်းမတစ်ယောက်ပါ၊ အတောင့်ရှည်တော့ အနေများတယ်ဆိုတဲ့စကားလည်း ရှိပါသေးတယ် ..."

"ငါက ငှက်သီးတောင့် တစ်တောင့်မဟုတ်ဘူးဆိုတာလည်း မင်းတို့ မမေ့ဖို့လိုတယ် ..."

"ဒါပေမယ့် မမကြီးကို ခေါ်သထွက်စရာတစ်ခုတော့ ပြောဖို့ရှိသေးတယ်၊ မမကြီးက ကျွန်တော်တို့ပြောတာကျတော့ ဘာမှခေါင်းထဲမထည့်ချင်ဘူး၊ ကျွန်တော်တို့ကလည်း ဆုံးဖြတ်ထားကြတာ၊ မမကြီးကို တစ်ဝကြီးစောင့်ရှောက်ချင်တယ်၊ ကျွန်တော်တို့မောင်နှမတွေ လွတ်လွတ်လပ်လပ် ချစ်ချစ်ခင်ခင် ဟိုးငယ်ငယ်ကအတိုင်း ပြန်နေချင်သေးတယ် ..."

သူ့စကားတွေကြောင့် အထာ တဖြည်းဖြည်းမျက်လုံးဝိုင်းလာခဲ့၏။

"မမကြီး ဆင်းရဲသောကတွေနဲ့ တစ်ယောက်တည်းဖြစ်လာတဲ့အချိန်မှာ ကျွန်တော်တို့တွေက အိမ်ထောင်တွေကျပြီး သူ့စိမ်းတွေကနေခဲ့တဲ့ အဖြစ်မျိုး လုံးဝအဖြစ်မခံနိုင်ဘူး၊ အဲဒါကြောင့် မမကြီးရဲ့ ..."

"ဘာပြောတယ် မောင်မောင် ..."

ခေါ်သသည် ဒီထက်ပိုမိုရှက်ခွင့်မသာတော့သည့် ဖျိုင်းခေါင်းကြီးကဲ့သို့ နေရာမှာတင် ခေါင်တက်ထွင့်ဆင်သွားခဲ့လျက် ...၊

"မင်း ဘာပြောလိုက်တာလဲ ... ငါ ဒီအစ်မက အိမ်ထောင်ပျက်တစ်ခုလပ်ဘဝရောက်မှာပဲ ဟုတ်လား ... အဲဒီလိုဖြစ်လာရင် ကောင်းကောင်းကြီးဆိုပွေ့ဖက်ဖို့အတွက် မင်းတို့က အိမ်ထောင်မပြုကြဘဲ စောင့်နေကြမယ် ... ဟုတ်လား၊ အဲ့လိုပြောလိုက်တာလား ..."

"အဲ့လောက်ကြီးမဟုတ်ပေမယ့် ..."

"တော်တော့ ..."

စားပွဲခုံကို လက်သီးဆုပ်လေးနဲ့ကြိတ်ထုကာ အယ်လင် တို့ရှိမြေကြတာကို သတိရလိုက်ပေမယ့် တစ်ချက်ပဲရှုကြည့်ဖြစ်ကာ ...၊

"မင်းတို့တွေ ဒီလိုရပ်တည်နိုင်အောင် သူတို့အကူအညီအများကြီးယူခဲ့ရတာ ..."



"အဲ့ဒါတွေက ကျွန်တော်တို့ အကုန်လုံး ..."

"ကျေးဇူးတရားဆိုတာ ဆပ်လို့ကုန်တယ်မရှိဘူး ..."

"မမကြီး ဆပ်နေရတာ ကျေးဇူးကိုမဟုတ်ဘူးလေ၊ ဘဝတစ်ခုလုံးကို ပေးဆပ်နေရတာ၊ ကျွန်တော်တို့ ဘယ်လိုကင်းအောင်နေနေ သူတို့ဘက်က မိုးတယ် သူတို့ထဲက ယူတယ်ဆိုတာ ဒီနေ့ထိပြောနေတုန်း၊ အစက မကြည်ဦး တစ်ယောက်တည်းပြောတာ၊ အခု မမကြီး ယောကျ်ားပါလာပြီ၊ ကျွန်တော်တို့နဲ့ ဘယ်မှာတွေ့တွေ့ ဘယ်လိုပုံစံနဲ့ပဲဆုံဆုံ ကျွန်တော်တို့က လက်ရှောင်ပါတယ်၊ အဲ့ဒါ မယှဉ်နိုင်လို့မဟုတ်ဘူး၊ မမကြီးမျက်နှာကြောင့် ..."

"ရှောင်စရာမလိုဘူးလို့ မမကြီးပြောထားတယ်လေ ... ကိုယ့်လမ်းကိုယ်သွား၊ လွတ်ရဲ့သားနဲ့တော့ ခလုတ်တိုက် ရန်မစနဲ့လို့ ..."

ရသ က နာကျင်သည့်မပြုံးနှင့် မျက်နှာလွှဲသည်။ အစက ကြည်ဖြူမောင်နှံတိုင် ထူထောင်ပေးခဲ့တဲ့ ဆေးရုံ ...၊

အခု သူ့ကိုယ်ပိုင်ဖြစ်သွားခဲ့ပြီ ... ဒါပေမယ့် သားအမိနှစ်ယောက်လုံး လူထုထုရှေ့မှာဆုံပြီဆို ဒါကိုပြောလိုက်ရတာ မပါမပြီး ...။

"အဲ့ဒါတွေ မမကြီး သိတယ် မောင်မောင်၊ အထူးသဖြင့် သုတနဲ့လုံးပဲ ..."

"ခံရတာပေါ့ ... သူတို့က စီးပွားတွေရန်ဘက်တွေဖြစ်နေတာကိုး၊ အထောင် ကိုကိုက သည်းခံနေလို့၊ မမကြီး ယောကျ်ားက သူ မရတာရှိရင် ငါ ရှုံးပြီဆိုတဲ့ထုံး နှလုံးသွင်းပြီး မဲတာပဲ၊ စင်ကာပူက စီးပွားရေးပါတနာနဲ့ အလုပ်ပွဲကိုတက်ဖို့ အင်ဗိုက်(ဒ်)လုပ်တာတောင် သူ့လက်ထဲကနေ ထွက်တဲ့ဖိတ်စာကို ကိုကို့ဆီ မပို့ခဲ့ဘူး ..."

ကြိတ်တင်ရောက်ရှိနေရမည့်ဖိတ်ကြားခံရသူတွေထဲမှာ သုတ မပါ ဟိုတယ်လ်က ဖုန်းဆက်မေးမှ သူတို့ ဒီကိစ္စကို သိခဲ့ရသည်။

ကြည်ဖြူ ကို မေးတော့လည်း ပြောင်ပြောင်တင်းတင်းဝန်ခံပြီး...

"တွေ့မိလိုက်သလိုတော့ ရှိသားပဲ ... မင်းဆီပို့မိသလား မပို့မိဘူး

www.burmeseclassic.com

www.burmeseclassic.com



လားတောင် သတိမထားလိုက်မိဘူး၊ ဘာဖြစ်လို့လဲ .. အေးပေါ့လေ – ဒါမျိုးတွေ အတွေ့အကြုံမရှိသေးတော့လည်း ဒီပွဲမျိုးကို တက်ချင်မှာပေါ့၊ ဒါပေမယ့် မပူပါနဲ့ ငါသွားလိုက်ရင် မင်းသွားသလိုပဲပေါ့၊ 'မိုးသောက်နေ' ဆိုတာ 'နေရောင်လင်း' ရဲ့ လက်အောက်ကလုပ်ငန်းခွဲလေးတစ်ခုပဲဟာ–"

ဒါတွေကပြီးခဲ့ပြီပေမယ့် ရသ က အစ်ကိုဖြစ်သူအတွက် ခံပြင်းစိတ်နှင့် ပြန်ပြောနေမိလျက် ..၊

"အဖြစ်မှန်ကို မနာလိုစိတ်တွေ အနိုင်ရလိုမှုတွေနဲ့ ဖုံးထားပေမယ့် 'မိုးသောက်နေ' နဲ့ 'နေရောင်လင်း' ဘယ်သူ့လွှမ်းမိုးမှုက ပိုသလဲဆိုတာ လူတိုင်းသိပါတယ်၊ ဒါပေမယ့် ဒီနေ့ထိ ကိုကိုက သူ့ကိုအပြိုင်အဆိုင် ဘယ်တော့မှ မလုပ်ခဲ့ဘူး၊ အဲဒါက မမကြီး မျက်နှာကြောင့် ထောင်သောင်းချီပြီး ရနိုင်မယ့်အကျိုးအမြတ်ကိစ္စတွေကို လက်ရှောင်ပေးခဲ့တာလည်း အဲ့ဒါ မမကြီးကြောင့်ပဲ .."

ငြိမ်သက်နေခဲ့သည့် အစ်မဖြစ်သူဆီ မျက်လုံးရောက်တော့ ရသရဲ့ ကျပ်ခဲတင်းမာနေခြင်းတွေအားလုံး ဖြုတ်ခနဲ ပြေကျသွားခဲ့လျက် –

"မမကြီးပဲ စဉ်းစားကြည့်ပါဦး ကျွန်တော်တို့ မောင်နှမတွေအပေါ် သူ့ ဒီလိုပြောင်းလဲမောက်မာလာတာက မမကြီးကို ဂရုမစိုက်ခြင်းတွေပဲ မဟုတ်ဘူးလား .."

ဟုတ်တယ်လို့တော့ ဝန်ခံလိုက်ပေမယ့် အထာ့ နှုတ်ခမ်းလေးတင်းတင်းစေ့နေခဲ့၏။ ထိုစဉ် ဖုန်းဝင်လာသဖြင့် အယ်လင် က ထကိုင်လိုက်ပြီး ..၊

"မမ .. အယ်လင် .. မန္တလေးရုံးခွဲကကိစ္စအတွက် ခဏအပြင်သွားမယ်နော် .."

အထာ ခေါင်းပဲညိတ်ပြလိုက်မိသည်။ အယ်လင် အစတည်းက ဒီကအတွင်းစကားတွေကို ကြားနေရသဖြင့် စိတ်ကျဉ်းကျပ်နေတာ သူမ သိသည်။

အခု မလိုအပ်ဘဲ ထွက်သွားတာကိုလည်းသိနေ၏။ ထို့ပြင် ထိုင်ရာ



မထ အေးဆေးအလုပ်ရှုပ်နေသော မိုက် ဆိုတဲ့ သတ္တဝါလေး ဘယ်တော့မှ ထထွက်သွားမှာမဟုတ်ဘူးဆိုတာကိုပါ သိနေခဲ့လျက် ..၊

"မောင်မောင် မင်းအဲ့ဒါတွေပြောချင်လို့ လာတာလား .."

"ဟုတ်တယ် မမကြီး .. ကျွန်တော်တို့ရဲ့ မင်္ဂလာကိစ္စအတွက်ပဲ မမကြီး ထည့်သွင်းကြိုးစားနေတာ အရမ်းပင်ပန်းပါတယ်၊ မမကြီး ရင်ဆိုင်နေရတာ ယောကျ်ားမရယ် ယောကျ်ားရယ် ဒီစီးပွားရေးတွေရယ်၊ အဲဒီထဲမှာ ကျွန်တော်တို့ အိမ်ထောင်ရေးတွေ ဘာဖြစ်လို့ ထပ်ထည့်နေရတာလဲ .."

"ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က မမကြီးရဲ့ မောင်လေး ညီမလေးတွေမို့လို့လေ၊ မင်းတို့တွေ အိမ်ထောင်မကျမချင်း မမကြီးရဲ့ တာဝန်ပဲ၊ မိဘတိုင်းက သားသမီး ဘယ်အသက်အရွယ်ဖြစ်နေနေ အိမ်ထောင်တွေကျ သားသမီးတွေရသွားတဲ့အထိ ဆံပင်လေးသပ် ကျောလေးသပ်နဲ့ မျက်နှာလေးတွေကို တစိမ့်စိမ့်ကြည့်မဝဖြစ်ကြရတာ၊ ဘယ်နိုင်ငံမှာ ဘယ်လိုအယူဝါဒသတ်မှတ်ချက်တွေရှိနေနေ ငါတို့နိုင်ငံမှာ ခုထိဒီတိုင်းပဲ.."

"ကျွန်တော်တို့လည်း ဒီနေ့ထိ မမကြီး ရင်ခွင်ထဲမှာ ဝင်ခွေပြီး ကလေးလို ဆိုးနွဲ့ချင်တုန်းပဲ မမ၊ မမကြီးက ကျွန်တော်တို့အစ်မဆိုပေမယ့် အမေလည်းဟုတ်တယ် အဖေဆိုလည်းဟုတ်တယ်၊ ဒါကြောင့် ကျွန်တော် ကြိုးစားနေသမျှက မမကြီးအတွက်ပဲ .."

"မမကြီး အဲဒါကို ဝမ်းသာမှာမဟုတ်ဘူးနော် .. ဒီအစ်မကိုချစ်ရင် အစ်မပြောတဲ့စကားကို နားထောင်ရတယ် .."

"အိမ်ထောင်ပြုဖို့ကလွဲရင် မမကြီးကြိုက်သလိုစီရင်ပါ .."

"မောင်မောင်ရယ် .. မမကြီးပြောတာကို .."

"ကျွန်တော် ဒီတစ်နေ့လုံး မမကြီးနဲ့စကားတွေပြောကြမယ်ဆိုပြီး ဒီထိလာခဲ့တာ၊ ကျွန်တော်တို့ အငယ်သုံးယောက်ရဲ့ရည်ရွယ်ချက်တွေကို ပြောပြသင့်ပြီထင်လို့ ပြောဖို့ဆုံးဖြတ်ချက်နဲ့ပဲ၊ အဲဒါကြောင့် မမကြီး ဒီတစ်ခါတော့ ကျွန်တော်ပြောတာကိုပဲ နားထောင်ပေးပါ .."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မျက်နှာကိုတောင်းပန်သလိုကြည့်နေသဖြင့် အထာ က မေးသတ်ပြိကာ ...၊

"ပြော ..."

"ကျွန်တော်တို့ မောင်နှမသုံးယောက် မမကြီးရဲ့ ဘဝလို ချမ်းသာ ပျော်ရွှင်မှုတွေ ပြန်မပေးနိုင်ဘဲနဲ့ ဘယ်တော့မှ အိမ်ထောင်မပြုဘူး ..."

အထာ့ မျက်နှာမှာ ကျေနပ်အားရမှုတွေဖြစ်မသွားခဲ့ဘဲ ရီဝေဆွေးမြေ့ သွားခဲ့၏။ ပြီးတော့ တဖြည်းဖြည်းတည်တည်တင်းတင်းလေးဖြစ်လာခဲ့ လျက် ...၊

"အဓိပ္ပာယ်မရှိတာ ..."

"သိပ်ရှိတာပေါ့ မမကြီးရယ် ... ဒီနေ့ မမကြီးဆီကို မောင်နှမသုံး ယောက်စလုံး ဒီဆုံးဖြတ်ချက်ကို လာပြောဖို့ဆုံးဖြတ်ထားခဲ့ကြတာ၊ ကိုကို လည်း မမကြီးအမိန့်နဲ့မဟုတ်ရင် ကုမ္ပဏီအသစ်နဲ့ ရှယ်ယာရှင်တွေ့ဆုံ ပွဲကို သူ သွားမှာမဟုတ်ဘူး။ ညလေးလည်း ဒီမလိုတာတွေ့အတွက် နောက် ဆုံးစာမေးပွဲပြီးတာနဲ့ ပြန်လာမှာပဲ ..."

ညလေး ဆိုတာ အငယ်ဆုံးညီမလေး ကဗျာ ဖြစ်သည်။ သူမက ဒီနိုင်ငံပညာနဲ့ပတ်သတ်ပြီး အကြီးမားဆုံးလုပ်ငန်းကြီးတစ်ခုနဲ့ လက်တွဲ ထားပြီးဖြစ်ကာ ပညာရေးပိုင်းမှာလည်း သူ့ရွှေတစ်ခုပြီးတစ်ခုရချင်တဲ့ သူဖြစ်သည်။

သူမရဲ့ ဝါသနာနဲ့ ကြိုးစားမှုကိုလည်း အထာ ဖြည့်ဆည်းပေးနိုင်ခဲ့ သည်။ နောက်ဆုံး အနုပညာသင်တန်းကျောင်းမှာ အောင်မြင်စွာပြေဆို နိုင်ခဲ့သည်။

ပြေပြီးတာနဲ့ ပြန်ခဲ့ချင်သော်လည်း မပြန်ခဲ့ဖို့မှာတာက အထာ ပဲဖြစ်တာ ...၊

"ဒီလောက်လေးအောင်မြင်တာနဲ့ ပြီးပြည့်စုံပြီ မထင်နဲ့ ညလေး၊ ဥစ္စာ ပညာဆိုတာ ရှာနိုင်တုန်းမှာ ရှာထားရတာ၊ ရေမြေခြားမှာသွားနေ ပြီး ကြိုးစားခဲ့တဲ့အချိန်တွေကို သံယောဇဉ်အမျှင်တန်းနေတာကြောင့်



ချည်တစ်ပင်မှ မတင်းစေနဲ့၊ အချိန်ရှိသမျှ ကြိုးစား၊ ကိုယ့်ကိုယ်ကိုယ် ညှာတာဖို့လည်း မမေ့ရဘူး၊ မြန်မာနိုင်ငံကို အချိန်မရွေးပြန်လာလို့ရ ပေမယ့် ပြန်လာချင်တိုင်း မပြန်ရဘူး။ စိတ်ဆန္ဒဆိုတာ ချုပ်တီးနိုင်လေ ကောင်းလေပဲ ..."

သူမ အများကြီးသင်ပေးခဲ့သည်။ သူမက ဒါဆိုဒါ တစ်သွေမတိမ်း နာခံကြသည့်မောင်တွေ ညီမတွေအတွက်လည်း သူမ ကျေနပ်ခဲ့ရ၏။

မြင့်တင်ပေးနိုင်သလောက် မြင့်တက်သွားခဲ့ကြသည့် သူတို့လေး တွေရဲ့ ကြိုးစားမှုတွေကို မြင်ရသည်မို့ သူတို့အတွက် သူမရဲ့ပခုံးနှစ်ဖက် နဲ့ပဲ ထမ်းတင်ရတင်ရ ...၊

လက်မဝါးတို့ကိုပဲ ခြေဖဝါးအောက်မှာထိုးခံထားရပါစေ မောသည် လို့လည်း မထင်ခဲ့မိပါ။ ဒါပေမယ့် ဒီနေ့တော့ 'မမကြီးက သူတို့ပြော တာကို နားထောင်ပေးပါ' တဲ့ ...။

ရသ ပြောနေတာကို နားထောင်ရင်း အထာ ခပ်သဲ့သဲ့ပြုံးမိ၏။ ထိုစဉ် စားသောက်စရာတွေ လာပို့သဖြင့် ရသ ကပဲ ခေါင်းခါ၍ ...

"ငါတို့ အပြင်မှာစားမှာ ... မလုပ်နဲ့တော့ ..."

ပြန်လွှတ်လိုက်ပြီးမှ ...

"မမကြီး အဲ့လိုမပြုံးပါနဲ့ ... မမကြီးလို တော်တဲ့ထက်တဲ့မိန်းမတစ် ယောက်က ဒီလိုအားနည်းတဲ့အပြုံးနဲ့ မလှပါဘူး ..."

"မမကြီးလည်း မလှချင်ဘူး မောင်မောင် ... ဘဝတစ်လျှောက်လုံး မှာ မမ ထောင်မတ်လာခဲ့တဲ့ ခွန်အားတွေက ငါ့မောင်တွေ ညီမတွေက ငါ့စကားနားထောင်တယ်၊ လိမ္မာကြတယ်ဆိုပြီးတော့ ... အခု ..."

"ခုရော ... နောက်ရော ဦးခွေးခံမြေ့တဲ့အထိ မမကြီးမောင်တွေက မမကြီးလက်ပေါ်က ပိုးကောင်လေးတွေပါ၊ သူတ ရသ ကဗျာ ဆိုတဲ့ မောင်နှမတွေ ဘယ်သူတွေအမြင်မှာ ဘယ်လောက်ထိ နိုင်ငံကျော်ပုဂ္ဂိုလ် တွေဖြစ်နေပါစေ မမရှေ့မှာ အမြဲတမ်း ကျောင်းသားလေးတွေပါပဲ ..."

ရသ က ကိုယ်ကိုမတ်လိုက်ပြီး အထာ့ လက်လေးတစ်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖိညှစ်ဆုပ်ကိုင်ရင်း ...၊

"မမကြီးရဲ့ ပျော်ရွှင်မှုက ကျွန်တော်တို့တွေရဲ့ဘဝ၊ ကျွန်တော်တို့ မောင်နှမတွေရဲ့ အေးချမ်းမှုပါ၊ ကျွန်တော်တို့ ဘယ်လောက်ပဲအောင်မြင် နေနေ မမကြီးအကြောင်းကိုတွေးလိုက်ရင် မပျော်နိုင်ဘူး .."

"မတွေးနဲ့ပေါ့ .. မမကြီးက ဘာဖြစ်နေလို့လဲ .. မင်းတို့ကို ကောင်းစား အောင် ပျိုးထောင်ပေးပြီး ငါက လမ်းဆောက်နေလို့လား .."

"လမ်းဆောက်နေရင် ရောက်နေတဲ့နေရာထိ ရွှေထမ်းစင်နဲ့ လာခေါ်သွားရုံပဲ မမကြီး၊ အခုက အိမ်ထောင်ရေးဆိုတဲ့ အကျဉ်းထောင် ကြီးထဲမှာ ကျွန်တော်တို့ကြောင့် မမကြီး ပိတ်မိခဲ့တာ .."

"မင်းတို့တွေကြောင့် အဲ့ဒီထောင်ထဲ ခဏဝင်ပြီး လွတ်ရက်စောင့် နေတာ မဟုတ်ဘူးလေ .. ဘာဖြစ်လို့ နားမလည်ရတာလဲ မောင်မောင် ရယ်၊ ကိုမောင် ဘာတွေလုပ်လုပ် ဘယ်လိုနေနေ မမကြီးကို တဘုန်းဘုန်း ရိုက်နှက်နှိပ်စက်နေတာမဟုတ်ဘူး .."

"ဒဏ်ရာဒဏ်ချက်ဆိုတာ ပျောက်ပျက်သွားနိုင်တဲ့အရာပဲ၊ မမကြီး လို ဓနီးမျိုးကို သူ ဒီလိုစွန့်ပစ်ပြီး ပွေရှုပ်နေတာ ကျွန်တော်တို့ လုံးဝ သည်းမခံနိုင်ဘူး .."

"အဲဒါတွေမပြောနဲ့တော့ .."

"အဲ့ဒါတွေကို ပြောချင်လို့လာခဲ့တာ မမကြီး .. ကျွန်တော် မမကြီး ဆီက ပြန်လာပြီဆိုရင် ကိုကိုက ဘာတွေပြောခဲ့လဲ မေးတော့မှာ၊ ညလေး က သူ ပြောခိုင်းတာတွေပြောခဲ့ရဲ့လားဆိုရင် ဘယ်လိုဖြေရမလဲ .. သူတို့ တွေက ဟိုးအဝေးမှာနေကြပေမယ့် စိတ်တွေက ဒီမှာရယ် .."

အထွာ မျက်ရည်စတောဝေ့လာခဲ့၏။ သူမ ဘယ်လောက်ပဲ ဖုံးဖိ မျိုသိပ်နေပေမယ့် မောင်လေးတွေ သိကုန်ရင်တော့ ဒီကိစ္စကို မျိုသိပ် ပေးကြမှာမဟုတ်ဘူးဆိုတာ သိပါသည်။

တကယ်တော့ သူတို့အားလုံးမျိုသိပ်နေခဲ့ရှာသည်။ ဒီနေ့ထိ ထိုကိစ္စ ကိုပဲ ထဲထဲဝင်ဝင်ပြောခဲ့ဖူးတာ ဒါပထမဆုံးပဲဖြစ်၏။



"ပတွေးနဲ့နေရတဲ့ သား .. အစ်မတွေ ညီမတွေရှိတဲ့ မောင် .. အဲ့ဒီ ယောက်ျားလေးတွေကို မမကြီး လှေ့လာကြည့်လိုက် သူတို့တွေ သည်းမခံ နိုင်ဆုံးက ဘာလဲဆိုတာ .."

ရသ က ပြောပြီး မျက်နှာတစ်ချက်မဲ့သွားသည်။ ပြီးမှ ...

"ကိုယ့်အမေ .. ကိုယ့်အစ်မကို အဲ့ဒီသတ္တဝါစော်ကားလာရင် ဘယ် သူမှ သည်းခံနေမှာမဟုတ်ဘူး၊ ကိုမောင် ကျွန်တော်တို့ကို ကြိုက်သလို နှိပ်ကွပ် ဘယ်လိုစော်ကားအရှက်ခွဲနေပါစေ မမကြီးအပေါ်မှာ မြတ်နိုး ကြင်နာနေရင် အားလုံးကို ကျေနပ်နိုင်တယ်၊ အခု ဒေါ်မကြည်ဦး က မောက်မောက်မာမာဆက်ဆံတယ် .. ကိုမောင် က .."

"တော်တော့ မောင်မောင် .. တော်တော့လို့ မမကြီး ပြောနေတာ မင်း နားမထောင်ဘူးလား .."

"မမကြီးက ..."

"ဟင့်အင်း .. မကြားချင်တော့ဘူး .."

"မမကြီး ..."

အထာ နေရာမှထရပ်လိုက်လျှင် ရသ က အတူလိုက်ရပ်ပြီး လက်ကို လှမ်းဆွဲထားကာ ...

"မမကြီး မွေးနေ့မှာ မမကြီးကို မျက်ရည်ကျစေချင်တာမဟုတ်ပါ ဘူး၊ မမကြီးရဲ့ ပျော်ရွှင်မှုကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒီနေ့ကစပြီး ရယူ ပေးဖို့ ကြိုးစားမယ်လို့ .."

"သူနဲ့ကွဲသွားရင် မမကြီး ပျော်မှာပဲလို့ မင်းတို့ထင်နေတယ်ပေါ့ .."

မေးခွန်းထုတ်ရင်း အထာ တဖြည်းဖြည်းပြန်ထိုင်ကျသွားသည်။ ရသ ကလည်း ပြန်ထိုင်လိုက်ပြီး ...

"ပျက်စီးတယ်ဆိုတာ ပျော်စရာမဟုတ်မှန်း ကျွန်တော်တို့သိပါ တယ်၊ ဒါပေမယ့် ကျွံကျမလား .. ကျိုးကျတော့မလားလို့ တွေးကြောက် နေရတဲ့ တံတားတစ်စင်းကို ဒီတိုင်းကျိုးကျတဲ့အထိ ထားမှာလား၊ ဖျက် ချလိုက်ပြီး အသစ်ပြန်ဆောက်မလား .."

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ရေးဆိုတာ ခြေထောက်အောက်မှာ နင်းထားတဲ့ ပျဉ်ပြား တစ်ချပ်မဟုတ်ဘူး .."

"ဘယ်လောက်ကြီးကျယ်နိုင်ခဲ့နေပါစေ အိမ်ထောင်ရေးဆိုတဲ့ ဘောင်မှာ ဘယ်လိုကန့်သတ်ချက်တွေရှိနေခဲ့သလဲ၊ အားလုံးကလူတွေ သတ်မှတ်တာပဲ မမကြီး .. မိန်းမတစ်ယောက်ဖြစ်နေတိုင်း အိမ်ထောင်ရေး ဆိုတာကြီးကို ဘဝတစ်ခုလုံးထက် အရေးပါနေစရာမလိုပါဘူး .."

"အဲ့ဒီတော့ ဘာလုပ်စေချင်လို့ ဒါတွေလာပြောနေကြတာလဲ .."

"မမကြီး ကိုယ့်စိတ်ချမ်းသာမှုအတွက် အလေးထားပါဦးလို့ပြော ချင်တာ .."

ဒီလူနဲ့ ပြန်လည်ဆွေးနွေးဖို့က မဖြစ်နိုင်တော့သလောက် ခက်ခဲနေ ပြီမှန်း သူမ သိပါသည်။ ဒါပေမယ့် ခုချိန်မှာ ကိုမောင် နဲ့ သူ့အမေအပေါ် သူမဘက်က ငြိုငြင်မှုပြလို့ ဘယ်လိုမှမဖြစ်နိုင်တော့ပေ ..။

ဒီအိမ်ထောင်ရေးအပေါ်မှာ ကိုယ့်ဘက်က သစ္စာမပျက်စေရဘူးလို့ ထားခဲ့တဲ့ အမှန်တရားဟာ ရလိုမှုတစ်ခုအတွက်နဲ့ စီးပွားရေးဆန်ဆန် အကွက်ရွှေ့ခဲ့သည့်လုပ်ရပ်အဖြစ် အမည်းစက်ထင်သွားမှာဖြစ်သည်။

သူမတို့ မောင်နှမလေးယောက်၏ဘဝတွေ တိုးတက်ဖို့အတွက် ဒီမိန်းမ စွန့်စားရင်းနှီးခဲ့သည်လို့တော့ ရာဇဝင်မတွင်စေချင် ..။

"မမကြီးကို အိမ်ထောင်မပျက်စေချင်ပေမယ့် လင်ဆိုးမယားဘဝ နဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲမဖြတ်သန်းစေချင်လို့ပါ၊ ပြီးတော့ မမကြီး သဘောကျလက်ခံနိုင်တဲ့သူကို စွန့်လွှတ်ပြီး ကျွန်တော်တို့ရှေ့ရေးအတွက် နဲ့ ကိုကြည်ဖြူမောင် ကို .."

"အဲဒါတွေမပြောနဲ့တော့ မောင်မောင် .. မမကြီးတို့ ဘာမှလည်း ဟုတ်ခဲ့တာမဟုတ်ဘူး .."

"အချစ်ဆိုတာ ချစ်သူရည်းစားဖြစ်ကြမှ ခံစားလို့ရတာမဟုတ်ပါ ဘူး မမကြီးရယ် .. ကိုမြင့်မြတ်ဦး က ဆင်းရဲတဲ့အတွက်နဲ့ မမကြီးဘဝ ထဲကနေ ကန်ဆယ်လ်လုပ်ခဲ့ရတာပါ၊ ဟာကယ်တော့ မမတို့ချင်း နား



လည် .."

"မောင်မောင် တော်တော့လို့ .."

"ဟုတ်ကဲ့ပါ .. ဒါပေမယ့် ကျွန်တော်တို့ဆန္ဒကတော့ ခုချိန်မှာ မမကြီးကို စိတ်ချမ်းသာပျော်ရွှင်မှုပေးနိုင်မယ်ဆိုရင် တခြားဘာကိုမှ ထည့်မတွက်ချင်ဘူး၊ ကိုမြင့်မြတ်ဦးကို ဖြစ်ဖြစ် နောက်ထပ် မမကြီး သဘောကျနှစ်သက်မယ့် .."

"ငါ့ကို ကလေးကလားစကားတွေ လာပြောမနေပါနဲ့၊ နားရှုပ်စရာ လည်း ထပ်မကြားချင်ဘူး .."

"မမကြီး အသက်နဲ့အရွယ် အများကြီးငယ်ပါသေးတယ်၊ အချစ် ရေး အချစ်ရာပြောတာ နားရှုက်ရမယ့်အရွယ်မဟုတ်သေးပါဘူး မမကြီး ရယ် .. ကျွန်တော်တို့အတွက် ရွှေငွေစည်းစိမ်အားလုံးပြည့်စုံနေပါပြီ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ ကျွန်တော်တို့ရဲ့ဆန္ဒတွေကို မမကြီး ခေါင်းထဲရောက် အောင် ပို့လိုက်နိုင်ပြီမို့လို့ ကျေနပ်တယ် .."

ရသ က ပြောရင်းနဲ့ နှုတ်ခမ်းပိတ်ပြုံးလိုက်၏။

"ကိုမောင့်ကို မမကြီးကစပြီး လမ်းခွဲဖို့ ဘယ်တော့မှ မစဉ်းစားဘူး ဆိုတာလည်း နားလည်သွားပြီ၊ အဲ့ဒီတော့ ကျွန်တော်တို့ဘက်က မမကြီး ကို ငဲ့ညှာပြီး သည်းခံနားလည်မှုတွေ ဆက်မထားနိုင်တော့ဘူး .."

မောင်မောင် ဘာပြောချင်တာလဲ ...၊

အတော အာရုံစိုက်နားထောင်နေမိသည်။ ရသ က စားပွဲပေါ်တင်ထား သည့် လက်နှစ်ဖက်ကို လက်သီးဆုပ်တွေဖြစ်အောင် ဖိဆုပ်ပစ်လိုက်ပြီး မှ ပြန်ဆန့်ထုတ်ကာ ...

"အပင်ပေါ်ကအသီး ပြုတ်ကျလာအောင် ဘယ်လိုမှကြိုးစားလို့မရ နိုင်တော့ဘူးလို့ဆိုရင်တော့ ရိုက်ချရမှာပဲ၊ ဒါမှမဟုတ် ခဲ(ဂဲ)နဲ့ဖြစ်ဖြစ် လှမ်းထုရတော့မယ်၊ အဲ့ဒီအတွက် အကိုင်းဖြစ်ဖြစ် အသီးအနည်းအကျဉ်း တော့ ထိခိုက်မှုရှိလိမ့်မယ် .."

ရသ က ဒီစကားကို အဆုံးသတ်ပြောပြီး မျှော်နေပုံကျင်းပမထေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့်အတွက် တောင်းပန်သည်။

"မောင်နှမတွေလည်း မရှိဘူး .. ပြီးတော့ ဘယ်နှစ်ကမှား ခင်းကျင်း ပြင်ဆင်ခဲ့ဖူးလို့လဲ မောင်မောင်ရယ်၊ အဲ့ဒီအတွက် စိတ်ထဲထားမနေနဲ့၊ သုတ နဲ့ မမကြီး ဖုန်းမပြောဖြစ်တာ သုံးရက်လောက်ရှိပြီ၊ သူ အဆင်ပြေရဲ့လား .."

"ကျွန်တော်တို့လုပ်ငန်းတွေမှာ ဘာမှ အခက်အခဲမရှိဘူး မမကြီး၊ မမကြီး ကျွန်တော်တို့အတွက် စိတ်မပူပါနဲ့၊ ဒီနေ့ ကျွန်တော် မမကြီးကို ဒီထဲမှာပဲ တစ်ယောက်တည်းအလုပ်လုပ်နေတာမြင်ရတာတော့ တကယ် စိတ်မကောင်းဘူး၊ တကယ်ဆို ဒီနေ့က .."

"မမကြီးအတွက်က ပုံမှန်ဖြတ်သန်းနေကျ နေ့တစ်နေ့ပါပဲ၊ ဘာမှ မထူးခြားဘူး .."

အထာ က ပြောပြပြီး ပြုံးလိုက်တော့ ရသ က ရယ်သည်။ မရယ်ချင်ပေမယ့် လှည့်ပြန်ခါနီးမို့ မမကြီး စိတ်ပေါ့ပါးသွားစေချင်သည်။

"ဟုတ်ပါပြီ .. ကိုကိုကလည်း ကြိုပြောထားပါတယ်၊ ညီရောက်သွားရင် ဒီတိုင်းပဲ တွေ့လိမ့်မယ်ဆိုတာ .."

အထာ သိတော့သိနေပေမယ့် သိချင်စိတ်က ဖြစ်လာသေးသည်မို့ ...

"ပြောပါဦး ဒီတိုင်းတွေ့မယ်ဆိုတာ ဘာလဲ .."

"မမကြီးလည်း အလုပ်လုပ်နေလိမ့်မယ်၊ ကိုမောင် လည်း တခြားရောက်နေလိမ့်မယ်တဲ့၊ အခု မမကြီး ယောကျ်ား ဘယ်မှာလဲ .."

"ဒါလည်း သူ နေနေကျပုံစံပါပဲ၊ မမကြီးအတွက် ဘာမှထူးခြားခံစားရဖို့မရှိဘူး၊ အဲဒါကိုလည်း ခေါင်းထဲမထည့်နဲ့တော့ .."

"ဟုတ်ကဲ့ပါ .. ထုတ်လိုက်ပါ့မယ် .."

မောင်နှမနှစ်ယောက် မတ်တတ်ထရပ်ကြရင်း ရယ်လိုက်မိကြ၏။ ရင်ထဲမှာ တူညီသော ထိခိုက်မှုတွေရှိနေကြပေမယ့် နှုတ်ခမ်းတို့ကိုပြုံးနိုင်အောင် ကြိုးစား၍ ....





"ကျွန်တော်ပြန်တော့မယ် .."

ပြောပြီး အထာ သူ့ဘေးကို ရောက်လာလျှင် ...

"ဒီမှာ ကျွန်တော့် လက်ဆောင် .."

အထာ့ ပခုံးလေးကိုဖက်၍ လက်တစ်ဖက်ထဲမှာ ဘူးလေးတစ်ဘူး ထည့်ပေးသည်။

"မမကြီး အိမ်ရောက်မှ အေးအေးဖွင့်ကြည့်နော် .. ကျွန်တော်တို့ မောင်နှမတွေရဲ့ နှစ်စဉ်ပုံရိပ်မှတ်တမ်းလေးရယ်၊ ဒီနှစ်အတွက် မမကြီးကို ပေးမယ့်လက်ဆောင်ရယ် .."

"ပုံရိပ်မှတ်တမ်းက မနှစ်ကလို နည်းနည်းလေးပဲဆိုရင် ဖွင့်မကြည့်တော့ဘူး .."

"ဟာ .. လုံးဝမနည်းဘူး .. မမကြီးရဲ့ ညလေး ပို့ထားတာတွေကိုပဲ အများကြီး .."

"အိုခေ .. အိုခေ .."

အထာ မျက်နှာလေး ပြုံးကြည်သွားသည်။ ပြီးတော့ ရသ မျက်နှာကို သေချာမော့ကြည့်နေပြီးမှ ...

"မမကြီးရဲ့ မောင်လေး အသက်တစ်နှစ်ကြီးသွားပြန်ပြီနော် .."

ပြောပြီး နဖူးကဆံပင်တွေကို တစ်ချက်သပ်ပြီး သေချာကြည့်၏။ ရသ က ရယ်ကာ အထာ့ လက်လေးကို ဆွဲယူကိုင်ထားလိုက်ပြီး ...

"ဟုတ်တယ် .. သေချာကြည့်၊ 'မင်းတို့ကလေးပဲရှိသေးတယ် ဘာမှမသိပါဘူး' လို့ နောက်ထပ်ပြောဖို့ မစဉ်းစားနဲ့ .. မမကြီးရဲ့ မောင်က ဆေးရုံအုပ်ကြီးဖြစ်နေပြီ .."

"ဒါကြောင့် ဥစ္စာပညာရော ရှိရည်ပါ ဘာမှပြောစရာမရှိတဲ့ မမကြီးရဲ့ မောင်တွေကိုလေ .."

"အိမ်ထောင်ချပေးဖို့လည်း မစဉ်းစားနဲ့တော့ .. ကျွန်တော်တို့ ကလေးတွေမဟုတ်တော့ဘူး .. ကိုယ်ရင်ခုန်နိုင်မယ့် မိန်းကလေးတွေ့မှ .."

www.burmeseclassic.com

www.burmeseclassic.com



"ညော် … ညော် … မမကြီး စိမ်ပေးစရာမလိုဘူးလို့ပြောလိုက်တ
ပေါ့ …"

"နိုး … နိုး … မမကြီးကို ပြောပြမယ်လို့ပြောတာ၊ မမကြီးက မီး
လေးပြမှပါ၊ နိုးလို့ တစ်ချက်ပဲခေါင်းခါလိုက် …"

"ဘာလုပ်မှာလဲ …"

"နိုးပြေးမှာပေါ့ …"

"ယုံပါတယ် … ဟွန်း … ချေးကောင်လေး …"

မောင်နှမနှစ်ယောက် အပြင်ကိုထွက်သွားကြတော့ မိုက် က မှန်
သည့်သက်ပြင်းရှည်ကြီးချလိုက်ပြီး ကျောဆန့်၏။

ပြီးတော့ နဖူးတဆံပင်တွေသပ်တင်ရင်း ကျောမှီထက်မှာ မျက်
မှေးလှန်၍ မျက်နှာကျက်ကို စူးစိုက်ငေး၏။

စိတ်ထဲမှာ ပုံရိပ်ထင်နေခဲ့တာက အထာတို့ မောင်နှမရဲ့ ပြော
လှုပ်ရှားဟန်တွေဖြစ်၏။

ပြီးတော့ နာကျင်သည့်အပြုံးတစ်ချက် နှုတ်ခမ်းမှာ ဖြစ်ထွန်း
ခဲ့ရင်း တီးတိုးရေရွတ်၏။

ပြတိုက်ပို့သင့်တဲ့ မောင်နှမတွေပဲ …၊



## အခန်း (၂၁)

"ဟင် … ဘာဖြစ်လို့ တစ်ထပ်လုံး မှောင်နေတာလဲ …"

ကိုယ့်ရုံးခန်းထဲက ထွက်လိုက်တာနှင့် အပြင်မှာ မှောင်နေတာကို ထိတ်ခနဲဖြစ်သွားမိသည်။

"အောင်စိုး … အောင်စိုး …"

ပြာတာ တစ်ယောက်ပြီးတစ်ယောက် လှမ်းခေါ်ပေမယ့် ပြန်ထူးသံ လည်း မကြား …၊

"ဦးဒွေး … ဦးဒွေး ရှိလားလို့ …"

ရှေ့ကိုခပ်စမ်းစမ်းတိုးခဲ့ရင်း မီးခလုတ်ခုံဘယ်မှာရှိမှန်းမသိဘဲ ထက်က လျှောက်စမ်းနေမိ၏။ ဒီနေ့ သူမ တမင်နောက်ကျအောင်ထိုင် နေခဲ့တာဖြစ်သည်။

အယ်လင့် ကိုလည်း ပြန်တော့ဖို့ သူမပဲပြောခဲ့ရတာဖြစ်သည်။ အလုပ်မရှိဘဲထိုင်နေခဲ့သော မိုက် ကိုတော့ ချော့ချော့ငံ့တောင် မပြောခဲ့မိ ပေ …။

တစ်ထပ်လုံး မှောင်နဲ့မည်းမည်းဖြစ်နေကာမှ စိုးရိမ်စိတ်တွေဖြစ် လာခဲ့လျက် …၊

"ကျွတ် … အောက်ထပ်ကို လှေကားကနေပဲ ဆင်းလိုက်တော့ .

www.burmeseclassic.com

www.burmeseclassic.com



မယ် ..”

ကိုယ်ဘာသာ ရှေ့တက်လိုက်ရင်း ဆလင်းဘတ်ခ်ထဲက ခဲတံမီးထော
ကို ထုတ်ယူလိုက်သည်။ ထိုစဉ် မီးတွေမှေးခနဲဝင်းထိန်သွားကာ —

“ဟက်ပီဘတ်သ်ဒေးတူယူ ..”

“ဟေး ...”

“ဖြောင်း .. ဖြောင်း .. ဖြောင်း ..”

ရုံးသူရုံးသားတွေအားလုံး ထွက်လာကြကာ လက်ခုပ်သံတွေညံ
သွားခဲ့၏။ ပြီးတော့ ဖယောင်းတိုင်မှုတ်နိုင်းပြီး ဆုတောင်းတွေအမျိုးမျိုး
ပေးကြသည်။

ပြီးတော့ မိန်းကလေးတွေက ထာဝရ ကို ဝိုင်းနမ်းကြ၏။

“အားလုံးကို ကျေးဇူးတင်ပါတယ် .. ဝမ်းလည်းသာပါတယ်၊ ပျော်
လည်းပျော်ပါတယ်၊ မွေးနေ့ရှင်က ဘာမှလည်း အစီအစဉ်လုပ်မထား
မိတော့လေ .. မနက်ဖြန်အားလုံးနဲ့အတူ ပျော်ပျော်ပါးပါး စားသော
ကြမယ်နော် ..”

“ဟေး ...”

“သိတယ် .. သိတယ် .. ငါတို့သူဌေးက အရမ်းချစ်ဖို့ကောင်း
ကို ..”

“အဲဒါကြောင့် တို့မမ အရမ်းအရမ်းလှနေတာ၊ နောင်အသက်တ
နှစ်ဆယ်တိုင်အောင် ဒီအတိုင်းအလှမပျက် သဒ္ဓါတရားဆက်လက်နိုင်ပြီ
“ကေကေ တို့ အားလုံးကို တစ်ဝတစ်ပြဲ ကျွေးမွေးသွားနိုင်ပါစေ

“ဟေး ...”

“ဖြောင်း .. ဖြောင်း .. ဖြောင်း ..”

လက်ခုပ်သံတွေ နောက်ထပ်သောင်းသောင်းဖျဖျ ဆူညံသွားခဲ့ပြီး

“တစ်ဝတစ်ပြဲကျွေးမယ်ဆိုတော့ တို့ယောကျ်ားလေးတွေဝင်
ပေါ့ ..”

“ဘာလို့မပါရမှာလဲတွ .. အားလုံးကိုကျွေးမှာပေါ့ ..”



“တစ်ဝတစ်ပြဲဆိုတော့ ..”

“ကြည့်စမ်း .. မင်းရာ ညစ်ပတ် .. ကဲဟယ် ..”

“ဘာလဲ .. ဘာလို့ထုတာလဲ .. မကေ ပဲ ပြောလိုက်တာ တစ်ဝ
တစ်ပြဲ ..”

“ထပ်ပြောဖြန်ပြီ .. ကဲ ..”

“ဟား .. ဟား .. ဟား ..”

ဝန်ထမ်းအားလုံး၏ သိတတ်မှုကြောင့် ထိုခဏအတွင်းမှာ အထာ
တွေ ကြည်လင်ရွှင်ပျနေခဲ့သည်။

ပေးကြသည့် လက်ဆောင်တွေကို သူတို့ဘာသာ စုထပ်သိမ်းဆည်း
ကြရင်း ...၊

“ဒါတွေကို မနက်ဖြန်ကျမှ ရုံးကကားနဲ့ မမဆီကို လာပို့ပေးမယ်
နော် .. မမ ..”

အခမ်းအနားလေးတစ်ခုဖြစ်အောင် ရွှေ့ပြောင်းပြင်ဆင်ထားသည့်
ပစ္စည်းတွေကိုလည်း သူတို့ပဲ ပြန်လည်နေရာချရင်း ကျန်ရစ်ခဲ့ကြ၏။

မနက်ဖြန် အားလုံးကို ပျော်ပွဲရွှင်ပွဲလေးပါဖြစ်အောင်စီစဉ်ပေးဖို့
ထားကာ အထာ ဖုန်းထုတ်ယူလိုက်ပြီး သူငယ်ချင်းရဲ့ ဟိုတယ်လ်ကို
လိုက်သည်။ ပြီးတော့ သူမ အစီအစဉ်ကို ပြောပြလိုက်ကာ ...

“ဟုတ်တယ် .. လူကတော့ သုံးဆယ်လောက်ပဲရှိတယ်၊ ဒါပေမယ့်
တကျမှသိတဲ့လူတွေလည်း လိုက်ချင်မှာလေ၊ လူ ငါးဆယ်စာပြင်ထား
ပျော်ဖြေရေးအစီအစဉ်တွေပါလုပ်ထားပေးနော် ..”

“... ... ...”

“အိုခေ .. အိုခေ .. စိတ်ချပြီ ..”

သူမ ဖုန်းပြောပြီးသည်နှင့် အောက်ထပ်သို့ရောက်လာလျှင် သူမ
ကို လူရိပ်တစ်ရိပ်ကပ်လာသဖြင့် လှည့်ကြည့်မိလျှင် ....

“မိုက် ...”

“ဟုတ်တယ် .. ခင်ဗျားကို ဘတ်သ်ဒေးပရဲဆင်ပေးမလို့ ..”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူ ကိုင်ထားသည့် အထုပ်ရဲ့အပေါ်က ဖုံးထားသည့် ပလတ်စတစ်ပါးလေးကို အသာလေးဆွဲဖယ်လိုက်၏။ မီးရောင်အောက်မှာမြင်ရသည်က တစ်ရှူးနဲ့ သေချာလုပ်ထားသည့် နှင်းဆီပန်းလေးတွေဖြစ်ကာ အနီရဲရဲ ကတ္တီပါရှုပ်ပေါ်မှာ အဖြူရောင်နှင်းဆီခင်းလေးတစ်ခင်းကို အပေါ်စီးက မြင်နေရသလိုပင် ...။

အထာ အံ့ဩကာ ငေးခနဲဖြစ်သွားမိသည်။ သူ ကွန်ပျူတာရှေ့မှာထိုင်နေတုန်းက ဒါတွေကိုင်နေတာကိုမြင်သည်။ ပြီးတော့ ကွန်ပျူတာဖွင့်ပြီး ဘာတွေရှာနေမှန်းမသိ ...။

"ကြိုက်ရဲ့လား ... ဒါပေမယ့် ခင်ဗျားလောက်တော့ မလှပါဘူး..."

သဘောတူနှစ်ခြိုက်သည့်စိတ်ဖြင့် ငေးနေမိသည့် အထာ့ မျက်နှာတန်းလေးတွေ တွန့်ခနဲ လှုပ်ခတ်သွားသည်။

မျက်ဝန်းတို့က ကိုယ့်ကိုယ်ပေါ်ပြန်ရောက်သွားလျှင် ရင်ဘတ်တစ်ခြမ်းနဲ့ ပခုံးမှာ ပုလဲတွေပါကာ စကတ်ရှည်၏ ညာဘက်တစ်ခြမ်းမှာ ပုလဲတွေပါသော အဖြူရောင်ဝတ်စုံနှင့် သူမ ...။

တစ်ရှူးနှင့် အဖြူရောင်နှင်းဆီတွေ ဖန်တီးခဲ့သော သူ့စိတ်ကူးတွေက ကိုယ့်ကို မကြာမကြာ လှမ်းကြည့်တတ်သော မျက်လုံးတွေနဲ့ ချိတ်ဆက်ခဲ့မှန်းသိလိုက်သည်။

ထို့ပြင် 'ခင်ဗျားလောက်မလှပါဘူး' ဆိုသည့်စကားက လှကို သတိပေးလိုက်သလိုရှိကာ ...

"မွေးနေ့လက်ဆောင်ပေးတာ ယူတာတွေ ငါ စိတ်မဝင်စားဘူး ..."

မျက်နှာကို တင်းပစ်လိုက်မိသည်။ ပြီးတော့ ဆက်လျှောက်ခဲ့၏။ မိုက် က ဘေးမှာပဲရှိနေကာ ...

"ခင်ဗျားကို တစ်ရုံးလုံးလက်ဆောင်တွေပေးနေကြတာပဲ၊ ကျွန်တော် ပေးတာကျမှ စိတ်မဝင်စားဘူးဆိုတာ အဓိပ္ပာယ်မရှိဘူး ..."

"ဟုတ်တယ် ... တစ်ရုံးလုံးပေးနေကြတာကိုယူတယ်၊ မင်းပေးတာကို မလိုချင်ဘူး၊ အဲ့ဒီတော့ အဓိပ္ပာယ်သိသွားပြီလား ..."



"မသိဘူး ... ကျွန်တော်ပေးတာ ဘာဖြစ်လို့လဲ ... ဒါက တစ်ရှူးနဲ့ ကျွန်တော် မတတ်တဲ့ပညာတစ်ခုကို ကျားကုပ်ကျားခဲ နေ့တွင်းချင်းလေ့လာပြီး သေလုမျောပါးကြိုးစားလုပ်ထားတာပါ ..."

"တန်ဖိုးတွေ တင်မနေနဲ့ ... လက်ဆောင်တစ်ခုရဲ့တန်ဖိုးဆိုတာ ယူမယ့်လူရဲ့ မက်မောမှုနဲ့ပဲ ဆိုင်တယ် ..."

"အခု ကျွန်တော့် လက်ဆောင်က တန်ဖိုးမရှိဘူးလို့ပြောတာလား ..."

မေးခွန်းနှင့်အတူ တစ်ရှူးနှင်းဆီတွေနဲ့ သူမရှေ့ကနေ ဖြတ်တားလိုက်၏။ ကိုယ်က ဒေါသနဲ့ သွားနေတာမို့ သူ့လက်ဆောင်တွေ ခြုံခနဲ ရှေ့ရောက်လာတော့ တိုက်မိသွားမှာစိုးကာ ကမန်းကတန်းပြန်ဆုတ်လိုက်ရ၏။

ထိုအဖြစ်ကို မိုက် က ဖျတ်ခနဲပြုံးလိုက်ပြီး ...

"လုပ်ပါ ... ယူမယ်ဆိုရင်ယူ ... မယူဘူးဆိုရင် တိုးတိုက်သွားလို့ရတယ်၊ ပန်းတွေက မြတ်နိုးထားပန်ဆင်မယ့်သူမရှိဘဲ သူတို့လည်း အဓိပ္ပာယ်မဲ့စွာနေချင်မှာမဟုတ်ဘူး ..."

အထာ သူ့လက်ဆောင်မို့လို့မဟုတ်ဘဲ ပန်းပွင့်လေးတွေ အသက်ဝင်သွားနေတာကို မဖျက်ဆီးရက်ပေ ...၊

သို့သော် ဒီလိုပေးပုံပေးနည်းတွေက သာမန်မိတ်ဆွေတွေချင်းပေးကြတာမျိုးနဲ့မတူ၊ မိုက် ရင်ထဲမှာ ဘာတွေရှိပြီး ဘာတွေကြံစည်နေသလဲဆိုတာကိုလည်း ဘယ်သူမှ မသိနိုင် ...။

"ထာဝရ ..."

ဒီလိုခေါ်လိုက်တိုင်း နားခါးနေရကာ အထာ့ အကြည့်တွေ စူးခနဲ ရောက်သွားသည်။ မိုက် ကလည်း သိသည်မို့ ...

"ဒါက အလုပ်ချိန်မှ မဟုတ်ဘဲ ..."

"မင်းပြောသမျှ ဘာစကားမှ ရှိးသားမှုမရှိဘူး မိုက် ... ငါ့ကို ထာဝရလို့ခေါ်ချင်နေတာကအစ ..."

"ခေါ်ချင်နေတာမဟုတ်ဘူးလေ ... ခေါ်ထာဝရ ဆိုတာကြီးက ခေါ်လို့မှကောင်းဘဲ၊ နေပါဦး ... ကျွန်တော်ပြောတဲ့စကားတွေက ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ပုံစံဖြစ်နေလို့ မရိုးသားဘူးပြောတာလဲ ..."

ကြောင်ဖွင့်ပြောလိုက်ဖို့ စိတ်ကူးနဲ့ ပြောပစ်လိုက်တာဖြစ်သည်။ သို့သော် သူ ပြန်မေးလာတော့ အထာ့ ပါးပြင်လေးတွေ နီမြန်းသွားသည်။

"ထာဝရ လို့ ခေါ်မိတာလေးနဲ့ မရိုးသားဘူးလို့ စွပ်စွဲတာတော့ မကောင်းပါဘူး၊ ကျွန်တော့်စိတ်ကို ထွင်းဖောက်မြင်နေတာဆိုရင်လည်း ခင်ဗျားကို ကျွန်တော်က ချစ်နေတယ်ဆိုတာ ..."

"မိုက် ..."

"ပြောပြတာလေ .. ရိုးသားဘူးလို့ စွပ်စွဲခံရတာ ခင်ဗျားကို ချစ်နေတဲ့ ကျွန်တော်က ..."

"ဘာပြောတယ် .."

"ခင်ဗျားထင်နေတဲ့အတိုင်းပြောပြတာ .."

"မပြောနဲ့ .."

အထာ စိတ်တိုတိုနဲ့ အော်ပစ်လိုက်မိကာ သူ့ရဲ့ လက်ဆောင်ပန်းတွေကို ရှောင်ထွက်လာခဲ့၏။ နိုက် က သေးကနေ အမီလိုက်လာပြီး လမ်းကိုနောက်ပြန်လျှောက်လိုက် သေးချင်းယှဉ်လိုက်နှင့် ...

"ကျွန်တော်က ရိုးရိုးသားသားလက်ဆောင်ပေးနေတာနော် .. ခင်ဗျားက ခေါင်းစဉ်တွေတပ်ပြီး မယူဘူးဆိုရင် မွေးနေ့လက်ဆောင်ဆိုတာ မငြင်းကောင်းဘူး .."

"အခု မင်းလိုက်လုပ်နေတာ တစ်ယောက်ယောက်မြင်သွားရင် ဘာတွေဖြစ်ကုန်မလဲ သိရဲ့လား .. ခုချက်ချင်းရပ်လိုက် ငါ့နောက် လုံးဝ ဆက်မလိုက်နဲ့ .."

"ဒါကတော့ ဆက်လိုက်လာမိအောင် ခင်ဗျားလုပ်တာပဲ၊ ပေးတာ ကိုယူလိုက်ရင်ပြီးပြီ .."

"တောက် .."

"ကျွန်တော်ကတော့ ဒီလောက်ကြိုးစားဖန်တီးခဲ့ရတဲ့ ကျွန်တော့် လက်ဆောင်ကို ခင်ဗျားမယူမချင်း .."



"ပေးစမ်း အဲဒါ .."

ဒါကို ကိုယ်က ပျက်စီးမှာစိုးနေသည်ထင်ပြီး ဒီစကားတွေပြောလာတာ ...၊

ဒေါသဖြစ်ဖြစ်နှင့် တစ်ရှူးနဲ့ ကတ္တူပြားကြီးကို ကိုင်ပေါက်ပစ်လိုက်သည်။ ပြီးတော့ မည်းမည်းမြင်ရာ အကုန်လိုက်တက်နင်းပစ်လျှင် ဂျုံမှုန့်လုံးလေးတွေက ဒေါက်ဖိနပ်ချွန်မှာ ကပ်တွယ်ပေကျံကုန်ပြီး ...

"အား ..."

ကမူးရှူးထိုးလုပ်နေရင်း ချောလဲမလိုဖြစ်လျှင် ...

"ဟား .. ဟား .. ဟား .."

နိုက် က ဖုန်းနဲ့သေချာလိုက်ရိုက်နေရင်းရယ်၏။

"မင်း ဘာလုပ်တာလဲ အဲဒါ .. နေရာတကာမှာ အမြတ်ထုတ်ဖို့ အတွက် လက်ကမြန်လှချေလား .."

"ဟာ .. ဘာလုပ်တာလဲ .. ဒါဘာလုပ်လို့ရမှာမို့လို့လဲ .. ဖယ်ပါ.. အမင်အမှတ်တရရိုက်တာကို .."

"မရဘူး .. ပေး .. အဲဒီဖုန်း ခုပေး .."

နိုက် က လက်မြှောက်ထားရင်း အတင်းရှောင်၏။ ပြီးတော့ ထွက်ပြေးဖို့လုပ်လျှင် အထာ က အတင်းပြန်ဆွဲ၍ဖုန်းကို မရမကလုဖို့ကြိုးစားစဉ် ...

"ဟာ .. သွားပြီ .."

"ဒုန်း .."

"အား .."

စကြီကြွေ့တစ်ခုက လှေကားရင်းမှာ နိုက် လဲကျသွား၏။ ဖုန်းကို အားသွန်ခွန်စိုက်လုပ်နေသည့်အောကြောင့် အထာ့ ကိုယ်လေးပါ သူ့ရှိ ပေါ်မှာ ထပ်လျက်ပါသွားခဲ့ပြီး ...

နှစ်ယောက်သား မျက်နှာချင်းကပ်မိမလိုဖြစ်သွားပြီး ငေးကြောင် ကြည့်နေမိကြ၏။ တဒင်္ဂတိတ်ဆိတ်သွားခြင်းမှာ ရင်ခုန်သံနှစ်ရပ်က

www.burmeseclassic.com

www.burmeseclassic.com



ပွးကစ်ရိုက်စတ်နေကြလျက် ...၊

"ဖယ်လေ ... ငါ့ကိုလွှတ် ..."

"ကျွန်တော်က ..."

မိုက် က မျက်ခုံးတွေပင့်သွားပြီး လွတ်လပ်စွာရှိနေသည့် သူ့လက်တွေကို မြှောက်ပြ၍ခေါင်းခါ၏။

"ကျွန်တော့်ကို ခင်ဗျား တက်ဖိထားတာ ..."

ဟင်!...၊

ရှက်ပါသည်ဆိုမှ တစ်ကိုယ်လုံးပူထူသွားသည်။ ကမန်းကတန်း ထလိုက်ပေမယ့် ...

"အ ..."

လက်က ဘယ်လိုချော်ပြီး ဘာတွေဖြစ်ကုန်မှန်းမသိ၊ လက်ထောက်ပြီး ကျုံးထလိုက်တော့မှ လက်က ချော်ထောက်မိပြီး အင့်ခနဲပြန်ကျ၏။

သူ့မျက်နှာပေါ်ကို ကိုယ့်မျက်နှာတမင်တကာ ကပ်ပေးလိုက်သလို ဖြစ်သွားခဲ့ပြီး ...၊

"ဟင့်အင်း ..."

ဘယ်သူမှ မစွပ်စွဲဘဲ ငြင်းနေမိ၏။ ဘယ်သူမှလည်း ဆွဲမထားပါဘဲ အတင်းရုန်းကန်ထရပ်မိကာ ...၊

"မင်း ... မင်းနော် ..."

"ကျွန်တော် ဘာဖြစ်လို့လဲ ..."

"မင်း ယုတ်မာတာ ... သွား ... သွား ..."

"နေဦးလေ ... ခင်ဗျားပဲ ..."

"မသိဘူး ... သွားဆိုမှ ..."

သူ့ကိုသွားခိုင်းနေရင်း ကိုယ်ပဲ အပြေးတစ်ပိုင်းလှည့်ထွက်လာခဲ့မိ၏။ ရင်တွေခုန်နေကာ ရှက်သည့်စိတ်က ခန္ဓာကိုယ်တစ်ခုလုံး ဆောင်းခနဲ ပွင့်ထွက်တော့မတတ် ဖောင်းကြွထူပြိန်းနေ၏။

ဒီလိုတွေ လဲပြိုထိခတ်ကုန်တာကို တစ်နေရာရာကနေ တစ်ယောက်



ယောက်များ ကြည့်နေမလား ...၊

"ခင်ဗျား ယောက္ခမ ကျွန်တော့်ကို ချက်ကင်လုပ်နေတယ် ..."

လို့ သူပြောသည့်စကားကို သတိရလိုက်တော့ ပို၍ဆိုးသွားသည်။

"မင်းက ငါ့ကိုရွဲ့ပြီး ခြေလှမ်းပျက်ချင်တာလား ..."

"ကိုယ့်ယောက်ျားကို မစည်းရုံးနိုင်တာမဟုတ်နိုင်ပါဘူး၊ ညည်းကိုယ်တိုင်က ငါ့သားနဲ့ အိမ်ထောင်ရေးကို စိတ်မဝင်စားတာပဲ ..."

ကိုမောင်တို့ သားအမိနှစ်ယောက်ရဲ့ အတိမ်းအစောင်းမခံအောင် စောင့်ကြည့်ထောက်ရှုခြင်းတွေက ခုလိုပုံစံကိုသာ တစ်ယောက်ယောက် သတင်းပေးလို့ တစ်နည်းနည်းနဲ့ သိသွားခဲ့ရင် ...၊

ဘုရား ... ဘုရား ...၊

မိုက် ကို ကုမ္ပဏီမှာအလုပ်ပေးမိတာမှားပြီလား ... ဒီကောင်လေး အရော ကိုယ့်ကို ရိုးသားမှုရှိရဲ့လား ...၊

"ခင်ဗျားကို ကျွန်တော်ချစ်ခဲ့တာ ..." ဆိုသည့် စကားတစ်ပိုင်းတစ်စက သူ့ရင်ထဲမှာရှိတဲ့အတိုင်းလား ...၊

မိုက် ကို သူမ သံသယတွေရှိနေလျက်နှင့် ယုံကြည်စိတ်ကလည်း ကြီးစိုးနေ၏။ မရိုးသားမှုတွေကို ခံစားမိလိုက်တိုင်း 'မဟုတ်နိုင်ပါဘူး' ဆိုသည့်စိတ်က အနိုင်ယူသွားတတ်သည်။

ကိုယ့်ကို စိတ်အနှောင့်အယှက်တွေပေးနေသူဖြစ်သော်လည်း ဒုက္ခပေးမယ့်သူမဟုတ်လို့ ယုံကြည်ခဲ့၏။ ဘယ်လိုနိုင်မာမှုတွေကြောင့် ယုံကြည်အလဲဆိုလျှင် ပြစရာလည်းမရှိ ...၊

"ခင်ဗျား ယောက်ျားကို ဆင်ခြင်ဖို့ပြောခဲ့ဖူးလား ..." တဲ့ ...။

သူကပဲ ဒီကိစ္စတွေဖြစ်နေတာကို ရှက်သိမ်းဆင်ခြင်စေချင်လို့ ဒီလိုတွေ ပို့ပေးနေတာလိုလို ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"အထာ .. ဟော့ .."

"ဟင် ..."

"မအိပ်နဲ့ ထကွာ .."

အိပ်ရာထဲ ဝင်လှဲလိုက်တည်းသိသည်။ ဒါပေမယ့် သူမလည်း ခုမှ အိပ်ရာထဲဝင်ရတာမို့ ပင်ပန်းနွမ်းနယ်ခြင်းက လှဲလိုက်တာနှင့် မျက်လုံးတွေကို ပြန်မဖွင့်ချင်အောင်ဖြစ်နေခဲ့၏။

ကြည်ဖြူ က နောက်ကနေ အတင်းဆွဲဖက်ထားပြီး နမ်းဖို့ကြိုးစား၏။ ဘယ်အချိန်ပြန်လာသလဲဆိုတာတောင် မသိလိုက်ရအဲ့ အပြင်ခဏထွက်လိုက်ကာမှ ဆိုဖာပေါ်မှာ ဆန့်ဆန့်ကြီးလှဲအိပ်နေတာမြင်ခဲ့ရ၏။

ခုမှ အထဲဝင်လာပြီး ...၊

"ထပါကွာ .. ကိုယ်မအိပ်ချင်သေးလို့ တစ်ခါတစ်လေ မင်းနဲ့ စကားကောင်းလေးတွေပြောပြီး ကြည်နူးကြည့်ရအောင် .."

ပြောရင်း သူ့ဘက်ကို အတင်းလှည့်ယူဖို့ကြိုးစား၏။ အထာ သူ့လက်တွေကို ဖယ်ချပစ်ရင်း မျက်နှာကိုပါ လွှဲပစ်မိလျက် ...၊

"ကိုမောင် တစ်ရေးနိုးလာပေမယ့် အထာ ခုလေးတင် ဝင်လှဲရတာ .."



"သြော် .. ကိုယ် အပြင်မှာအိပ်နေတာကို မင်းသိရက်နဲ့ လာမနှိုးတာပေါ့ .."

"ကိုမောင် လည်း အိပ်ခန်းထဲဝင်လာပြီး အိပ်လို့ရသားနဲ့ အပြင်မှာ အိပ်နေတာပဲလေ၊ ဘာဖြစ်လို့ အထဲဝင်မလာချင်တာမှန်း မသိတော့.."

"မင်း ငုတ်တုတ်ထိုင်နေတာကို မမြင်ချင်လို့ပေါ့ကွ .."

ကြည်ဖြူ့ ဒေါသတွေ အရင်လို ရှိုးရှင်းစွာစတင်လေသည်။ ထိုဖြင်နွယ်လာခဲ့သောအကြောင်းရင်းကလည်း အရင်အတိုင်း ...၊

"ငါ့အလုပ် ငါ့ကုမ္ပဏီကိစ္စတွေကြောင့် မင်း ဒီလောက်ရှုန်းကန်နေဖို့မလိုဘူး၊ မင်းရဲ့ မောင်အတွက် မင်း ကူလုပ်ပေးနေတာ ကုမ္ပဏီကိုပစ်ပြီး နိုင်ငံပေါင်းစုံမှာ မာကဲကက်တင်းပညာတွေ လိုက်လေ့လာကိုယ်တိုင် မာကဲက်တင်းဆင်းနေတဲ့ကောင်က နောက်ပိုင်းမှာ မင်းလို ကျွန်ခံနေတဲ့ အစ်မရှိနေတော့ အေးဆေးငြိမ့်နေတာပေါ့ .."

မွေ့ရာပေါ်ကနေ ဝုန်းဒိုင်းကြဲဆင်းသွားကာ ခါးထောက်ပြီးတက်ခေါက်၏။ အပြာရောင် ရင်ကွဲညဝတ်အင်္ကျီရှည်ကြီးကို ခါးစည်းဝတ်သားကာ ညဦးပိုင်းမှာ သောက်စားထားသဖြင့် အရှိန်တက်နေသည့် မျက်နှာတစ်ပြင်လုံးက နီမြန်းနေခဲ့၏။

"မင်းက သူခိုးဓားရိုးကမ်းတဲ့မိန်းမမျိုး၊ နောက်ကျောကနေ ဓားနဲ့ထိုးတာ မင်းလိုမိန်းမပဲ .."

"ကိုမောင် စကားပြောတာတွေ ရင့်သီးလှချေလား .."

"ယောကျ်ားတစ်ယောက် လက်မခံနိုင်ဆုံးအလုပ်တွေပဲ မင်းလုပ်နေတာတော့ သိပ်ကိုချိုမြိန်နေသလား အထာ၊ မင်း နေထိုင်ပြုမူနေတာတွေကို ငါ ဘယ်လို ရင်ဘတ်နဲ့ နားလည်ပေးနေရမလဲ .."

"ရင်ဘတ်ကလာတဲ့ တောင့်တမှုတွေကို မောင့်မှာရှိလို့လား .. ကိုမောင် တောင့်တနေတာတွေက .."

"မင်း တော်တော့ .."

အချိန်တွေ နာရီတွေကို ဘယ်တော့မှ သတိမရတတ်သော ကြည်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



က လက်ဆန့်ခါလိုက်ပြီး အော်ပစ်သည်။

"မင်းလိုမိန်းမနဲ့ ရင်ဘတ်ချင်းညှိဖို့ ကြိုးစားနေရင် ငါသာ တာနော ယက္ခဖြစ်သွားမှာလေ၊ ဟွန်း .. တခြားလူတွေက ပြောကြတယ် မင်း မိန်းမ ဒီလောက်လှတာ ဘာလို့ တခြားအပျော်ရှာသလဲတဲ့၊ ဒီမိန်းမ အသည်းနှလုံးမရှိတာ လူမသိဘူး .. ဒါမှမဟုတ် ငါ့ကျမှ .."

"ထင်ရာတွေ စွတ်ပြောမနေပါနဲ့ .. ကိုမောင်နဲ့ အထာ ဒီအချိန်ကျမှ အမြဲတမ်းစကားများရတယ်၊ အဲဒါ ကိုမောင် အထာ့ ဆီက လိုချင်နေတာ ဘာလဲ ပြန်တွေးကြည့်စမ်းပါ၊ ချစ်ခြင်းမေတ္တာဆိုတာ အိပ်ရာထဲ ရောက်ကြမှ ဖြစ်ပေါ်လာတာမဟုတ်ဘူး .."

"ကိုယ့်အလုပ်ကိုယ်လုပ်နေကြတဲ့လူတွေ ညကျမှပဲ မျက်နှာချင်း ဆိုင်ရတာမဟုတ်ဘူးလား .. မင်း ကြင်နာနိုင်မယ့်အချိန်လေးနဲ့ တည့် တည့်တိုးဖို့ မင်းနားမှာ နစ်ဆယ့်လေးနာရီ ငုတ်တုတ်ထိုင်နေရတော့ မလို မင်း ပြောပုံက .."

"ကျွတ် ..."

အထာ ကျွတ်ခနဲမျက်နှာလေးမဲ့သွားတော့ ကြည်ဖြူ့ မျက်နှာတင်း သွားသည်။

"မင်းက ငါ့ကို စိတ်ပျက်တယ် ဟုတ်လား .. အေး .. ငါက စိတ်ပျက် တယ်ပြောရင်လည်း မင်း သည်းခံနိုင်အောင်ကြိုးစား၊ အကြောင်းပြလိုက် ရင် အလုပ်တွေနားမှ နားရလို့၊ ပင်ပန်းလို့ မင်းမှာပဲ တာဝန်တွေကြီး နေတာ တစ်လောကလုံးရဲ့ တာဝန်တွေ မင်း ခေါင်းပေါ်မှာလေ .."

"ကိုမောင် .."

"မင်းက ငါ့လုပ်စာစားပြီး မင်းမောင်တွေကို လုပ်အားရော ငွေအား နဲ့ရော ပံ့ပိုးတယ်၊ ဒီကောင်တွေကတော့ ငါ ချွေးတဲ့မျောက်က ငါ့ဖြစ် ခြောက်လို့ .. တောက် .."

လင်မယား အဆင်မပြေဖြစ်ကြတိုင်း သန်းခေါင်သန်းလွဲလည်း မောင်တွေကိစ္စ အမြဲပါ၏။



"သူတို့နဲ့ ရင်ဆိုင်မိတိုင်း ငါချည်းပဲ နောက်ကျကျန်ခဲ့တယ်၊ အဲ တွေက မင်းလိုမိန်းမအားကိုးနဲ့ ဖြစ်နေတာ၊ ငါ့အိမ်မှာ အတွင်းသူလျှ ရှိနေတာ .."

"ကိုမောင် တော်တော့ .. အထာတို့ မောင်နှမ အဲလောက်အော တန်းမကျဘူး သိလား .."

"ကျတာ မကျတာ လက်တွေ့ပဲလေ၊ မောင်နှမအရင်းတွေသ မဟုတ်ဘူးဆိုရင် အဲဒီနစ်ကောင်နဲ့ မင်းကို ငါ ဘယ်လိုမှယုံကြည်မှ မဟုတ်ဘူး .."

"ကိုမောင် .. ရှင် .."

အထာ့ မျက်လုံးထဲမှာ ရှက်စိတ်ကြောင့် ပြာသွားသည်။ သည်းမ နိုင်သည့်မာနကြောင့် လက်က ဘယ်လိုပါသွားခဲ့မှန်း မသိလိုက်ဘဲ .

"ဖြန်း ..."

ကြည်ဖြူ့ မျက်နှာ လည်သွားရုံမကဘဲ ဒယိမ်းဒယိုင် နောက်ဆုတ် သွား၏။

"ရှင် အဲလောက်ထိ စော်ကားလို့မရဘူး .."

အထာ က မီးခံသေတ္တာကို သွားဖွင့်လိုက်ကာ အထဲက ဖိုင်တစ်အု ကို ဆွဲထုတ်ယူလာပြီး စားပွဲပေါ် ဆောင့်ချလိုက်၏။

"အဲဒီမှာ နေ့လယ်ကမှ ကျွန်မအတွက် မွေးနေ့လက်ဆောင် လ ပေးသွားတာ .."

ပါးတစ်ဖက်ကို လက်ခုံနဲ့ကပ်လျက် မီးဝင်းဝင်းတောက်နေသေ ကြည်ဖြူ့ အကြည့်တွေက ဖိုင်ကိုစိတ်ဝင်စားသွားခြင်းမှာ တစ်ခေါ နားသွားခဲ့၏။

" 'မိုးသောက်နေ' ကို အထာ့ နာမည်နဲ့ လွှဲပေးထားတဲ့ စာချုပ် သူတို့က ကိုယ့်အစ်မမို့ပေးတာပေမယ့် ရှင် သိပ်ကို ဥစ္စာခြောက်နေရင် အထာ ပြန်လွှဲပေးမယ် ကိုမောင် .. နောက်ထပ် မစော်ကားပါနဲ့၊ သူတို ကို သင်ပြကူညီရင်း အဲဒီကအလုပ်တွေ ယူလုပ်ပေးခဲ့တာ တစ်ခါတစ်လေ

www.burmeseclassic.com

www.burmeseclassic.com



ဝဲ၊ အထာ နဲ့ သူတို့ ဘာပဲတိုင်ပင်တိုင်ပင် ဘာပဲလုပ်လုပ် ကိုမောင့် မျက်လုံးထဲမှာ အကြီးကြီးမြင်တယ်၊ စိတ်ချပါ … သူတို့နဲ့ အထာ အလုပ်ကိစ္စကြောင့် ဘာမှမပတ်သက်စေရဘူး၊ ရှင့်ကို ကတိပေးတယ် …"

အထား မျက်ရည်တွေ မိုးရွာသလို သွန်ကျနေခဲ့၏။ တစ်ခါမှမပြောခဲ့ဖူးသော မာကျောခက်ထန်သည့်စကားတွေနဲ့ ပြောချင်တိုင်းပြောသွားသည်။

ကြည်ဖြူ ပါးရိုက်ခံလိုက်ရပေမယ့် ဘာမှမပြောနိုင်ဘဲ ဒီတိုင်းရပ်ကျန်ခဲ့လေသည်။ တကယ်တော့ အထာ့ကို သူ ပိုင်ဆိုင်သည်လို့မခံစားရသောကြောင့် အမြဲတမ်း မကျေမနပ်ဖြစ်နေရခြင်းသာ …၊

သူမကွယ်ရာရောက်သွားလျှင် ဒေါသတွေထွက်သည်။ စိတ်နာသည်။ မိန်းမလှလေးတွေ ထည်လဲတွဲပြီး ပျော်သလိုနေခဲ့လိုက်၏။ ဘယ်အချိန်ဖြစ်ဖြစ် သူမကို သတိမရခဲ့ပေ …။

ဒါပေမယ့် မြင်လိုက်ရသည့်အချိန်ဆိုရင်တော့ သူမ စောင်းစောင်းလေး လှဲအိပ်နေတာကို ငေးစိုက်ကြည့်မိတာတောင် ရင်ခုန်သံတွေ သောင်းသောင်းဖျဖျထဖြစ်လေသည်။

သူမနဲ့ သူ့ရဲ့ နှလုံးသားနှစ်ခု ဘယ်နေရာမှာ ချိတ်ဆက်တွဲနေခဲ့သလဲ …။



## အခန်း (၂၃)

စိတ်ဇိုက်မာန်ပါပြုခဲ့ပြီးမှ သူ့ကို ပါးရိုက်မိတာ တစ်ကြိမ်တစ်ခါလည်း မတော်ဘူးဆိုတာ သတိရသည်။ ဒါပေမယ့် ကိုယ့်စိတ်အလိုမကျတိုင်း ဒီလိုမိုက်ရိုင်းတာကိုတော့ ခွင့်မလွှတ်နိုင်ပေ …။

ရေချိုးဖို့တိုင်စောင့်နေရင်း တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ခဲ့သည့်အခြေအနေကို ပြန်တွေးနေမိသည်။ ညတုန်းက တိုက်ဆိုင်သည်က မိုက် နဲ့ မထင်မှတ်ဘဲ ရောထွေးယှက်တင်ဖြစ်ခဲ့ရသည့်အကြောင်းတွေကို မျှော်ကိမရှုဖြစ်နေခဲ့သည်။

အလုပ်လုပ်ရင်း ဒါပဲတွေးနေမိ၏။ တွေးမိပြီဆို ရှက်တာတွေရော ကြောက်တာတွေရော စုပြုံခံစားမိကာ နေမထိထိုင်မသာဖြစ်လာတတ်၏။

မကြာခဏ မျက်လုံးတွေမှိတ်ပြီး စိတ်ကိုတည်ငြိမ်အောင် စုစည်းလည်း ခဏသာ သက်တောင့်သက်သာရှိခဲ့ပြီး ဒီအကြောင်းတွေ ပုံရိပ်တွေပဲထင်၏။

မျက်နှာတသစ်ပစ်ရင်း တက်ခေါက်မိလိုမိ ဆံပင်တွေ မှုပ်ရင်းခေါင်းခါလိုခါ …။

ဒီလိုပုံစံလုံးဝမဖြစ်သင့်မှန်းသိနေလျက်နှင့် မိုက် နဲ့ တွေ့လိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကျိုးဒုက္ခတစ်ခုခုက ရှိနေတတ်ကာ ဖြစ်လိုက်ပြီဆို ဗရုတ်သုတ်ခ ...၊

ထို့ကြောင့် မကျေနပ်စိတ်များနှင့် အလုပ်လုပ်ရတာ အဆင်မပြေ...

အဆင်မပြေပေမယ့် အလုပ်မပြီးဘဲ မအိပ်တတ်သည့်အကျင့်ကြောင့် အိပ်ရာဝင်တော့ ခါတိုင်းထက် နောက်ကျခဲ့၏။

ကိုမောင်နဲ့ သူမရဲ့ ညှိနှိုင်းမရနိုင်သော အလွဲတွေဟာ ကိုယ်လိုချင်သည့်နှုတ်ကြင်နာခြင်းတွေ၊ သိတတ်နားလည်မှုတွေ သူကတော့ ဘာမှ မပေးခဲ့ဘဲ ...၊

တစ်နေကုန်စိတ်ပင်ပန်း လူပင်ပန်းနှင့် သူ ဘယ်လိုသွားလာခြေလှမ်းမှားနေတာတွေကိုလည်း သိထားခဲ့သော ဇနီးသည်ထံမှ သူ့ထိုသလောက် ကြင်နာခြင်းကိုတော့ အချိန်အခါမရွေး လိုချင်နေသည့်ပြဿနာပင် ...။

ကြည်ဖြူ ရဲ့ တစ်မက်မှုတွေဟာ ပြည့်စုံသာယာသည့်မိသားစုဘဝတစ်ခုမဟုတ်ဘဲ မိန်းမတစ်ယောက်ဆီက အလှအပသာယာမှုတွေပဲလား ...၊

ကိုယ်က သာယာချင်ရင် တစ်ဖက်လူကို သာယာမှုပေးရမယ်ဆိုတာရော သူ နားမလည်တော့ဘူးလား ...၊ အတော မတ်တတ်ရပ်ငေးနေတုန်းမှာ ဖုန်းသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ ကြည်ဖြူ ဖုန်းဖြစ်နေ၏။

"ကိုမောင် .."

လှမ်းခေါ်ရင်း ရေချိုးခန်းရှေ့ထိ ရောက်သွားကာ ...၊

"ကိုမောင် .."

အထဲမှာ ရေကျသံနှင့် ဆူနေကာ သူမ ခေါ်နေတာကို ကြားပုံမထင် ...။ ထို့ကြောင့် ဖုန်းနားသွေးကြည်သွားမိကာ ကောက်ယူလိုက်မိ၏။

"ဟလို .."



"မင်းက ဘယ်သူလဲ .. ကိုမောင့် ကို ခေါ်ပေး .."

အတော ဖုန်းကိုပြန်ကြည့်လိုက်မိကာ မျက်မှောင်ကုတ်သွားမိသည်။ ပြီးမှ ....

"ကိုမောင် ရေချိုးနေတယ် .. ဘယ်သူလို့ပြောလိုက်ရမလဲ .."

"ပြောဖို့မလိုပါဘူး .. သူ့ဖုန်းထဲမှာ 'မယော' လို့ မှတ်ထားတယ် မတွေ့ဘူးလား .. အဲ့ဒါတို့ပဲ တို့က 'မယောသီ' .."

မယောသီ ...၊

သူမကပဲ မစပ်စုခဲ့တာလား၊ ကိုမောင် ဖုံးဖိကောင်းခဲ့တာလား ...။ ထိုနာမည်ကို အတော မသိပေ ...။

"မင်းက တို့နာမည်ကိုသိချင်နေတာလားလို့ ပြည့်ပြည့်စုံစုံပြောပြတာပါ၊ မော်ဒယ်လ် မယောသီ က မောင့်မယောသီပဲ၊ အခု ဖုန်းချပြီးရင် မောင့်ကို ပြောလိုက်စမ်းပါ၊ ညက ပြန်ရောက်တာ တို့ဆီ ဘာလို့မလာတာလဲလို့ .. တစ်ညလုံး တို့ထိုင်စောင့်ခဲ့ရတဲ့အတွက် အပြစ်ပေးဖို့ စောင့်နေတယ်လို့၊ ထုံးစံအတိုင်း တို့ကျေနပ်အောင် ချော့ဖို့ပြင်ထားဖို့ .."

"ရှင် ခု ပြောနေတာ သူ့ဇနီးပဲ မယောသီ .. စကားလူကြုံပါးချင်တယ်ဆိုရင်တော့ ရှင် လူရွေးမှားနေပြီ .."

"မမှားပါဘူး .. မောင်က သူ့ဆီ အချိန်မရွေးဖုန်းခေါ်ပါလို့ပြောထားတာ၊ သူ မလာနိုင်ရင် အိမ်ကိုလာခဲ့ဖို့လည်း မှာထားတယ်၊ ဒါပေမယ့် မယောသီ က တစ်ကောက်ကောက်လိုက်နေရမယ့် မိန်းမမှ မဟုတ်တာ၊ ဒီမှာ မင်းက သူ့ရဲ့ဇနီးဆိုတော့ သိသာအောင်ပြောလိုက်ဦးမယ် ဇနီးဆိုတာ အိမ်မှာထားတဲ့ ပြယုဂ်တစ်ခုပါ၊ အဲဒီခင်ပွန်းက ချစ်မြတ်နိုးမှ ဇနီးတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေပြည့်စုံမှာ .."

"ဇနီးတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေကို ဇနီးဖြစ်နေတဲ့သူတစ်ယောက်က ပြောပြတာ ပိုသဘာဝကျပါတယ်၊ ရှင်ပြောတာ ရှင့် မမှန်ဘူး ကိုယ်ကိုယ် ဇနီးတစ်ယောက်ဖြစ်ဖို့ပဲ အရင်ကြိုးစားပါဦး .."

www.burmeseclassic.com



ရင်ထဲမှာ ခံပြင်းသွားသလောက် မပြောရသေးဘဲ ကြည်ဖြူ ဖုန်းကို ဆတ်ခနဲဆွဲယူသွား၏။

"မင်း ဒီလောက်တောင် စည်းကမ်းမဲ့ရလား .."

"မဟုတ်ဘူး .."

"ဘာမဟုတ်တာလဲ .. ငါ့ဖုန်းလာရင် ငါ့ကိုခေါ်လို့ရတယ် .."

"ကိုမောင့်ကို လာခေါ်သေးတယ် .."

"ဒါကြောင့် ကိုင်လိုက်ရတယ်ပေါ့၊ အခု မင်း ဘာတွေကြားလိုက် လဲ .. ငါ့ကို တစ်ခုချင်းပြန်မေးလို့ရတယ် .."

ရေချိုးထားသည့် ကြည်ဖြူ တစ်ကိုယ်လုံးက ဖြူဖွေးသန့်စင် ကာ ဝင်းမွန်နေသည့် မျက်နှာပြင်မှာ ထူနက်သည့် မျက်ခုံးတို့က အ ရောင်တောက်နေသလိုပင် ..။

အထာ ကြည်ဖြူ မျက်နှာကို ချောလွန်းလို့ငေးနေမိတာမဟုတ် ပေ၊ ကျယ်ပြန့်သည့် ရင်အုပ်ကားကားမှာ မြင်နေကျစိန်လော့ကတ် ပလက်တီနမ်ကြိုးလုံးအထူကို မတွေ့တော့သဖြင့် ..။

"ဘယ်လိုလဲ .. မေးစရာမရှိတော့ဘူးလား .. အေးပေါ့ မင်း ရက် နိုင်တဲ့အရာထဲမှာ မင်း ယောကျ်ားဆိုတဲ့ကောင်လည်း ပါတာပဲဟိုး .."

"ကိုမောင် စွပ်စွဲနေတာတွေ များလှချေလား ကိုမောင် .. ဒီဖုန်း နားထောင်မိလို့ ခုပဲ ရင့်ရင့်သီးသီးတွေပြောတယ်၊ မပြောချင်လို့ လည်း မပြောလို့ ကိုမောင်ပဲ .."

"မပြောချင်ဘူးဆိုတာကိုပဲ ငါပြောနေတာလေ၊ ဒီဖုန်းချပြီး ကွဲရမှာက မင်း .."

"ပေါက်ကွဲကွဲ မကွဲကွဲ ကိုမောင် နဲ့ အထာ အမြဲစကား ဖြစ်နေရတာနဲ့ပဲ .."

"အဲ့ဒါ မကောင်းဘူးလား .. မင်း ဒေါသဖြစ်တိုင်း ပါးရိုက် ရနေတာကို .."



"ထိခိုက်ရှနာဆိုတာ အရေပြားပေါ်မှာပဲ ထင်တာပါ၊ မြင်နေရတဲ့ ရာကို ကြီးသလား သေးသလား တိုင်းတာလို့ရတယ်၊ ကိုမောင် ထင်လွဲစွပ်စွဲနေသမျှ .."

"တော်စမ်းပါ .. မင်းချည်းပဲ ပြောဆိုချိုးနှိမ်ခံနေရပါတယ်လို့ ပြောချင်သေးတာလား .. ငါက အစတည်းကပွေတယ် ခုလည်းပွေနေ ပဲ နောက်လည်း ဒီတိုင်းပဲရှိနေမှာ၊ အဲဒါ မင်း ကျေနပ်တယ်မို့လား.. နားရောက်မလာလေ ရန်ဖြစ်ရသက်သာလေဆိုပြီးတော့ .."

အထာ့ မျက်နှာလေးညှိုးငယ်သွားခဲ့လျက် ..၊

"ကိုမောင် .. ကိုမောင့်ကို ကိုယ်ထိလက်ရောက် စော်ကားခဲ့မိတာ အတွက် အထာ တောင်းပန်ပါတယ် .."

"ဟွန်း .."

"ကိုမောင် နဲ့ အထာ ဒီလိုပဋိပက္ခတွေနဲ့ ဆက်မရှိချင်တော့ဘူး၊ အထာ တို့ နှစ်ယောက် .."

"ငါ မင်းနဲ့ အဆင်မပြေချင်ဘူး အထာ .."

"ဘယ်လို .."

"မင်း အမြင်မှာ ငါက 'စိတ်ရှိတော့လာ .. စိတ်မရှိတော့ခွာ' တဲ့ ကြောင်တစ်ကောင်ပဲ .."

"ကိုမောင် ဘာတွေပြောနေတာလဲ .."

"မင်း မျက်လုံးထဲမှာပေါ်နေတဲ့ စာတွေဖတ်ပြနေတာလေ .."

ပြောပြီး ရယ်သည်။ တဘက်နှစ်စကိုကိုင်၍ လည်ဂုတ်နဲ့ပွတ်ဆွဲ ရင်း ..၊

"မင်းက စီးပွားရှာတော်ပါတယ် .. အဆင်မပြေရင် မောင်တွေကို သွမ်းဆက်ရုံပဲ၊ အဲ့ဒီတော့ ငါ့အတွက် ငါလိုအပ်တာ ငါရှာမယ်၊ ငါ့အတွက် ပါရမီဖြည့်ဖို့ပြင်ထား .."

လက်ညှိုးနဲ့လက်မကိုဝိုင်းပြပြီး မေးဆတ်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်တယ်နော် .. မင်း သိပ်တော်နေလို့ ငါ့အမေကတောင် ငါ့ကို လူရာမသွင်းချင်တော့ဘူး၊ ငါ ဒီစီးပွားရေးတွေကို လုံးဝလက်လွှတ်ပြီးနေခဲ့တာလည်း မင်းမောင်တွေနဲ့ပဲ ပတ်သက်တယ်ဆိုတော့ ငါ့ရဲ့ ငွေရေးကြေးရေးက မင်းမှာ တာဝန်ရှိတယ် .."

"ကိုမောင့် ဆွဲကြိုးရော .."

မေးလိုက်တော့ ကြည်ဖြူ မျက်နှာ ကွက်ခနဲပျက်သွားသည်။ သိန်းရှစ်ဆယ်ပဲတန်တဲ့ လော့ကတ်တုန်းကလည်း သေချာအဖြေမသိရဘဲ ပျောက်ခဲ့သည်။

ဒီလော့ကတ်ကတော့ ..၊

"ဘာလဲ .. သိန်းနှစ်ရာတန်တဲ့ လော့ကတ်မို့လို့ ရင်တုန်သွားတာလား .. ငါ့မိဘပစ္စည်း ငါဖြုန်းတာ မင်းနဲ့မဆိုင်ဘူးလို့ သဘောထားလိုက် .."

"ဒါပေမယ့် ဒီလိုကိစ္စတွေကို အန်တီဦး ကို ကိုမောင် အသိမပေးရဲဘူးမို့လား .. ငွေတွေ ဘယ်လိုကုန်ကုန် တာဝန်ရှိတဲ့သူက အထာ ပဲ.."

"မှန်တာပေါ့ .. မင်းက ငွေကိုင်သူပဲ .."

"ဒါကိုတော့ ကိုမောင် မပြောဘူးဆိုရင် အထာ က ပြောရမှာပဲ.."

"မင်းပြောကြည့်လေ .. ဒီငွေစာရင်းဝင်သွားပေမယ့် မင်း ဘာတွေ ရင်ဆိုင်ရမလဲဆိုတာ သိသွားမှာပေါ့ .."

"ကိုမောင် ဘယ်လိုပြောလိုက်တာလဲ .. အထာ တို့က အေးအတူ ပူအမျှရှိကြရမယ့် လင်မယားတွေပါ .."

"ဟုတ်ရင်ဟုတ်မှာပေါ့ .. မင်း လိုအပ်တဲ့အခါ ကြည်ဖြူမောင်က မင်းယောကျ်ား .."

"အဲတော့ ရင်ထဲမှာ အဲလိုတွေမရှိဘူး ကိုမောင် .. ကိုမောင့် ခြေလှမ်းတွေကိုရပ်လိုက်ပါ၊ ပြီးခဲ့တာတွေကို အထာ သိလည်းမသိချင်ဘူး ဖြစ်လည်း မဖော်ပါနဲ့ .. ရှေ့ဆက်ပြီး အထာတို့ နွေးနွေးထွေးထွေး .."



"နွေးနွေးထွေးထွေးဟုတ်လား .. ဟား .. ဟား .. ဟား .."

ရယ်နေရင်း ရင်ထဲမှာ နာကျင်လာသည်။ ဒီမိန်းမအလုပ်စားပွဲက မထဘဲ နွေးထွေးချင်နေတာလား .. သူ့အလုပ် သူ့စီးပွား ပြီးတော့ သူ့မောင်တွေအတွက် အစစအရာရာ အားလုံး၏နောက်မှာမှ ကိုယ့်အတွက် နွေးထွေးဖို့ အချိန်လား ..။

မိသားစု တစ်ပြုံတစ်မနဲ့ မိန်းမတစ်ယောက်ကို ယူခဲ့မိသည့်နောင်တ တ မိုးသောက်နေ ကို မြင်တိုင်း နောင်တရသည်။

သူတ ရသ ဆိုတဲ့ကောင်တွေ လောက်လောက်လားလား ကောင်းစားကြီးပွားနေကြတာမြင်ရတိုင်း ခံပြင်းမိတာကို ဖြေမဆည်နိုင် ..။

သူ့မှာတော့ အကြည်ယေားခင်းပြီး အလုပ်မှာလက်ကြောမတင်းတော့တဲ့ လူပျော့လူရှပ်အဖြစ် ကြာလာလေ ဘေးရောက်သွားလေ ..။

ဒီမိန်းမကို ရွံ့ချိတ်နေရင်း ခုတော့ သူ့ဇယားတွေကို သူ ရှင်းလို့မနိုင်တော့ပေ ..။

ဥစ္စာပေါ ရုပ်ချောသည့် ကြည်ဖြူမောင် ဆိုတဲ့ကောင် လက်ဖျစ်တစ်ချက်တီးတိုင်း ချောမေ့လှမေ့ဆိုတဲ့ မော်ဒယ်လ်ငယ်ငယ် အလန်းလေးတွေ တန်းစီရောက်လာခဲ့သည်။

သူတို့လေးတွေ မက်မောအားကိုးချင်လာအောင်လည်း သူ့လက် များမှာ ငွေသီးခဲ့၏။ ဒါပေမယ့် တစ်ချို့ မိန်းကလေးတွေက မထင်မှတ်လောက်အောင်လည်သည်။

ခုခေတ်မှာ ရှေ့ပင်းနံ့စင်တာလိုက်ပို့နိုင်းတာမျိုးမဟုတ်တော့ဘဲ သူမတို့က တစ်ထီးတစ်နန်းစံမြန်းခွင့်ကိုပဲ အရဲယူကြ၏။

ဟိုအရင်ကဆို ဘာတွေဖြစ်ဖြစ် သူ့အတွက် အခက်အခဲမဟုတ်ခဲ့ပေ ..။ မရှန်းသာမလွန့်သာသော အခြေအနေတွင်ဖြစ်လာခဲ့တာက အထာနဲ့ သူ့မောင်တွေကြောင့် ..၊

သူမကြောင့် သူ့အမှုအကျင့်တွေ အရင်ထက်ပိုဆိုးခဲ့သည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အခု မေမေက ပြုငြင်လာခဲ့၏။ သူမကြောင့်ပဲ သူ့အတွက် အစစ အရာရာသော အခက်အခဲပေါင်းများစွာသည်။

ကြည်ဖြူ မျက်နှာပေါ်က ရှုပ်ထွေးခြင်းတွေဟာ ခက်ထန်ရင့်ရော် လာခဲ့လျက် ...

"မင်း ငါ့ကို ဒီပုံစံနဲ့ ထိန်းချုပ်ဖို့ မကြိုးစားနဲ့တော့ အထာ .. ရ တော့ဘူး၊ မင်းအတွက် ယောကျ်ားရဲ့ ရင်ခွင်ဆိုတာ အရေးမပါသလိုပဲ ငါ့အတွက် လိုအပ်တဲ့ ရင်ခွင်ကလည်း မင်း မဟုတ်ဘူး .."

ဒီမိန်းမကို ချစ်ခင်စွဲလမ်းခြင်းက နာကြည်းမုန်းတီးခြင်းသို့ရောက် နေခဲ့ပြီဖြစ်သည်။ သူများတွေပြောခဲ့ကြတဲ့အတိုင်း နေနဲ့လ ရှုနဲ့မြလို လိုက်ဖက်ကြတဲ့စုံတွဲဖြစ်ခဲ့ပေမယ့် နေ့ဟာနေ့ ညဟာညပါပဲ ...။

မလင်းမမှောင် မပူမအေးသော နေ့ညပေါင်းစည်းသည့် ရာသီဆို တာရှိခဲ့လို့လား ...။



# အခန်း (၂၄)

"တောက် .. ကောင်မ .. လူပါးဝလို့ .."

ဖုန်းကိုင်ထားရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိကာ နောက် ထပ်ခေါ်တော့ စက်ပိတ်ထားပါသည်လို့ဖြေ၏။

ခုန မောင် ဝင်ယူလိုက်တာလား .. ဒီကောင်မ ချပစ်လိုက်တာလား၊ နောက်ထပ် နံပါတ်တစ်ခုကိုခေါ်တော့လည်း မအားပါဘူးဖြစ်ပြန်၏။

"မောင်း ..."

တစ်ယောက်တည်း ဒေါသဖြစ်ဖြစ်နှင့် ခြေဆောင့်ခေါ်မိတော့ မောင်က 'မောင်း' သံထွက်ကာ ...၊

"ရှင်က မယော့သီ ကို စမ်းတာပေါ့ .. ရှင့်ကောင်မကို ခုတော့ တော်မောသွားပြီပေါ့လေ၊ မရဘူး .. ဒီည ရှင်ရောက်မလာရင် မယောသီ အကြောင်းသိရမယ်မှတ် .."

နောက်ထပ် ဖုန်းခေါ်လိုက်ပြီးသည့်အချိန်မှာ ပြတင်းပေါက်နားသွား ရင်းက ...၊

"ရွှေအိုးလား .. ငါပါ .. မယောသီ .."

"... ... ..."

"ဟုတ်တယ် .. နင့်ကို အလုပ်အပ်ချင်လို့၊ အရမ်းအရေးကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကော့စ်နော် .. နင် မမြင်ဖူးခဲ့တဲ့ ပမာဏထိ ငါပေးမယ်၊ အသက်နဲ့လဲပြီး နှုတ်လုံရမယ် ..”

“.... .... ....”

“ဘယ်သူလဲဆိုတာ ငါပြောမှာပေါ့ .. အခု သူ့ဓာတ်ပုံ ငါပို့လိုက်မယ် ..”

မယောသီ က ဖုန်းထဲမှာ အထာ့ ပုံကို ပြန်ရှာကာ လှမ်းပို့ဖို့ပြင်လျှင် တစ်စုံတစ်ယောက်က ဖုန်းကိုအသာလေးဆွဲယူသွား၍ ...

“ဘာလုပ်မလို့လဲ ..”

ခိုက် ကို မြင်လိုက်ရတာနှင့် မယောသီ မျက်လုံးတွေ အဆမတန်ပြူးကျယ်သွားခဲ့လျက် ..၊

“ပြန်ပေးစမ်း .. ငါ့ဖုန်း ..”

“မမ ဘာလုပ်မှာလဲ .. အရင်ပြောစမ်းပါ ..”

“ငါ့ဘာသာ ဘာလုပ်လုပ်ပေါ့ ..”

‘မပြောဘဲနေပေမယ့်’ ခိုက် က ဖုန်းထဲကပုံကိုကြည့်ပြီးမှ လက်ကိုပြန်ချ၍ ...

“ထာဝရ ပုံကို မမ ဘယ်ကရတာလဲ ..”

“ဘယ်ကရရပေါ့ ..”

“ကြည်ဖြူမောင် ဆိုတဲ့ သတ္တဝါရဲ့ ဖုန်းထဲက နှိုးယူထားတာ မဟုတ်ဘူးလား ..”

“ခိုက် ..”

“ဟုတ်ရင်ဟုတ်တယ်ပေါ့ .. ကျွန်တော်ပြောချင်တာက သူ့ဖုန်းထဲမှာ သူ့မိန်းမပုံတွေရာနဲ့ချီပြီး ထည့်ထားတာ မမသိရက်နဲ့ ..”

“အခု မရှိတော့ဘူး ..”

“ဖုန်းထဲက ဓာတ်ပုံကို ဖျက်လို့ရချင်ရပေမယ့် သူ့ရင်ထဲက ဆွဲထုတ်ဖို့တော့ မကြိုးစားနဲ့၊ အဲ့ဒါ လုံးဝမလွယ်တဲ့ကိစ္စ ..”

“ငါ့ဟာ ငါ ရင်ထဲကမဲ ဆွဲထုတ်ထုတ် စကြာဝဠာအပြင်ထိပဲ



လွှင့်ပစ်ပစ် နင်နဲ့ ဘာဆိုင်သလဲ ခိုက် .. ဘာလဲ အဲ့ဒီမိန်းမနဲ့ လုပ်စားနေရတာ မဝနိုင်သေးလို့လား .. စိတ်တော့မကောင်းဘူး၊ ဒီမိန်းမက သာတော့တွေကောင်းနေပေမယ့် ငါ မကောင်းနိုင်ဘူး ..”

“အဲ့ဒီတော့ ...”

“အကောင်းဆုံးနေရာဆိုတာ တစ်နေရာပဲရှိတယ် ..”

“ဒါနဲ့ပဲ သူ့ကို ရှင်းပစ်ဖို့ကြိုးစားတာလား ..”

မယောသီ မျက်နှာပျက်သွားသည်။ ပြီးတော့ ခိုက် ကို မလုံမလဲကြည့်၏။ ခိုက် က ဖုန်းကိုပြန်ထောင်ကြည့်နေကာ ...

“ပြောတော့ မယောသီ ဆိုပြီး ဗီလိန်ဆန်ဆန်တွေ မလုပ်စမ်းပါနဲ့ -”

“ခိုက် .. နင် .. နင် ဘာလုပ်တာလဲ ပြန်ပေးစမ်း ..”

အတင်းဆွဲလုတော့ ခိုက် က အေးဆေးပြန်ထည့်ပေးသည်။ သို့သော် အထာ့ ပုံတွေ တစ်ပုံမှမရှိတော့ပေ ..။ ပုံတွေထဲက ကိုယ်လိုချင်တာယူထားပြီး ကြည်ဖြူ့ ဖုန်းထဲမှာ တစ်ပုံမှမကျန်အောင် သူမ လုပ်ထားပြီးပြီဖြစ်သည်။

နောက်ထပ် ရိုက်ထည့်မထားရဲအောင်လည်း အပိုင်ချုပ်ပြီး ပြောထားခဲ့၏။ ခုတော့ အားလုံးပျက်သွားပြီဖြစ်ကာ ...

“တောက် .. သူတောင်းစားလေး နင် .. နင် ငါ့ကို အမျိုးမျိုးဒုက္ခပေးနေရတာ အားမရဘူး .. ကဲ .. ကဲဟယ် ..”

“ဒုန်း ...”

“ခွမ်း ..”

ဖုန်းနဲ့ အရင်ပစ်ပေါက်လိုက်ပြီးမှ မြင်မြင်ကရာ ပစ္စည်းအဝိုအထွေတွေနဲ့ အသေပစ်ပေါက်နေ၏။ အနားမှာသာ ဓားလက်နက်တွေရှိလျှင် အသေပြေးထိုးမှာလည်း သေချာလေသည်။

ချက်ကောင်းကို မထိအောင် ရိုက်ပုတ်ရှောင်နေရင်းနှင့် ထိမိသည့်နေရာတိုင်းမှာ နာကျင်မှုများနှင့်ရှိကာ ...

“ဒါလေး ဖျက်တာ ဘာဖြစ်လို့လဲ .. မမ မကောင်းမှုတွေ မလုပ်

www.burmeseclassic.com

www.burmeseclassic.com



စေချင်လို့ ဖျက်လိုက်တာ ..."

"မလိုဘူး .. ငါ့လမ်းငါရှင်းမယ်၊ နင့်အတွက်လည်း ငါမပူဘူး၊ ငါ့အတွက်လည်း ပူစရာမလိုဘူး .."

"မမအတွက် မပူပါဘူး .."

"ဘာ ..."

"ဒီမကောင်းမှုနဲ့ပတ်သက်ပြီး သေရမယ့်လူလည်း မကောင်းဘူး၊ ကျွန်တော့်ကိုလည်း ရိုက်ခတ်လာနိုင်တယ် ..."

"ဪ .. ဟိုဟာမ သေမှာစိုးလို့ကို ..."

"ဘာဖြစ်ဖြစ် မမ လျှောက်ပတ်ရမ်းမနေစမ်းပါနဲ့၊ အစတည်းက ကျွန်တော်ပြောခဲ့သားပဲ ကြည်ဖြူမောင် က သူ့မိန်းမကို ဘယ်တော့မှ စွန့်ပစ်မှာမဟုတ်ဘူးဆိုတာ .."

နိုက် ရဲ့ မျက်နှာက အေးစက်တည်ငြိမ်နေကာ အစ်မဖြစ်သူကို ခြေဆုံးခေါင်းဆုံးကြည့်ပုံက စိတ်ပျက်စွာဖြင့် ...၊

"အခု မမဆီကိုလည်း အလာကျဲသွားပြန်ပြီမို့လား .."

မဟေသီ က မဖြေ ...၊

"မော်လမြိုင်ဆောင်မှာနေပြီး အနုပညာသင်တန်းတွေတက်နေတဲ့ မော်ဒယ်လ်တစ်ယောက်နဲ့ .."

"ဘာတွေလျှောက်ပြောနေတာလဲ .."

နိုက် ရဲ့ စကားမဆုံးခင် အော်ပစ်လိုက်ကာ ...၊

"နင်က ဘာကောင်မို့လို့ နေရာတကာသိနေတာလဲ .. အဲဒီတစ်ယောက်ဆီကလည်း ငွေညှစ်နေပြန်ပြီပေါ့ ဟုတ်လား .. မောင့်ကို ခုတုံးလုပ်ပြီး နင် တော်တော်အလုပ်ဖြစ်နေတာပဲ .."

သူမ ပြောချင်တိုင်းပြောနေပေမယ့် နိုက် က တစ်ခွန်းမှ ပြန်မဖြေဘဲ ကြည့်နေခဲ့၏။

"ဒါပေမယ့် နင်ပဲလည်းလှုပြီထင်မနေနဲ့ နိုက် .. နင် အခု ထာဝရ ဆီမှာ အလုပ်ဝင်လုပ်နေတာ ဘာအတွက်လဲဆိုတာ ငါမသိဘူးထင်နေ



သလား .."

နိုက် မျက်လုံးတွေတစ်ချက်တော့ ရှုံ့ခနဲဖြစ်သွားသည်။ သို့သော် ချက်ချင်းပျောက်ကွယ်သွားခဲ့၏။ မဟေသီ ကလည်း နိုက် ရဲ့ မျက်နှာကို ပဲ မပြတ်အကဲခတ်နေကာ ...၊

"နင် ဘာတွေချိတ်ဆက်ကြံစည်နေသလဲဆိုတာ .. ဟွန်း ..."

"မသိဘူးမို့လား .. မသိရင်မပြောနဲ့၊ အခု မမကို ကျွန်တော်ပြောနေတာ တောင်းပန်နေတာမဟုတ်ဘူး၊ ထာဝရ ကို ထပ်ပြီး ဒုက္ခပေးဖို့ မစဉ်းစားပါနဲ့ .."

"ဒုက္ခရောက်နေတာက ငါပါ .."

"လူတွေက အပြစ်မကြောက်ပေမယ့် လောကကတော့ ကြောက် ကြောက် မကြောက်ကြောက် ကျူးလွန်တဲ့သူကို အပြစ်ပေးမှာပဲ၊ မီမ အစတည်းက ကိုယ်ဘာအလုပ်လုပ်မိနေသလဲ တွက်ရမှာ .."

ထာဝရ ဆီက သူ ငွေညှစ်သလိုပြုမူနေခဲ့မိတာ မှန်သည်။ ကိုယ် ကတော့ မကောင်းတာမလုပ်ဘူးထင်ခဲ့တာပါပဲ။ ဒါပေမယ့် ကောင်း သလား မကောင်းဘူးလားလဲ သူ မသိပေ ...။

သေချာတာက ကြည်ဖြူမောင် နဲ့ မမကို တွဲမနေစေချင်တာပင်...။

ကိုယ်က မောင်တစ်ယောက်အနေနဲ့ မသင့်တော်တာကို တားဆီး ခဲ့သည်။ သူမကတော့ မောင်လို့လည်း မသတ်မှတ်၊ ကိုယ့်စကားကို ထည့်သွင်းစဉ်းစားစရာလို့လည်း မမှတ် ...။

ရှိပါစေတော့လို့ ထားလိုက်သင့်ပေမယ့် မထားလိုက်နိုင်အောင် အခြေအနေတွေက ဖြစ်လာခဲ့၏။ ထာဝရ ကို ဒုက္ခပေးဖို့ မျက်လုံးတဝင်း ဝင်းနှင့် လိုက်ပါလာကြသည့် ဦးချိန်ဘား တို့ လူစုနဲ့လည်း သူ ရင်ဆိုင် ခဲ့ရပြီးပြီ ...၊

"ကျုပ် သူများ လျှို့ဝှက်ချက်တွေကို စုဆောင်းတတ်တဲ့ ဝါသနာ ပါမှန်း ခင်ဗျားတို့သိပါတယ် .. အထူးသဖြင့် ကျုပ်နဲ့ ပတ်သက်သူတွေ ရဲ့ လျှို့ဝှက်ချက်တွေပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောချင်တာလဲ ... မင်းရဲ့ကြွေးတွေကို လျှော်ပစ်မယ့် အပြင် ငါတို့က ဒီကိစ္စအောင်မြင်ရင် မင်းကိုထပ်ပြီးပေးဦးမှာ ..."

"ခင်ဗျားတို့နဲ့ အလုပ်လုပ်ချင်တဲ့ပုံများ ဒီမျက်နှာမှာ ပေါ်နေလို့လား .."

"ဟိတ်ကောင် .. ငါတို့က မင်းကို ထာဝရ နဲ့ အနီးကပ်ဆုံးလူမို့ လို့ .."

"ဟုတ်တယ် .. အခု ပိုနီးကပ်အောင်နေဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ကတ္တတ်ဝက စောင့်နေတဲ့ဗျိုင်းကြီးတွေရဲ့အစာ မစားမိအောင် ထာဝရ ကို စောင့်ရှောက်ဖို့ .."

"မင်းက ငါတို့ကို ဒီလိုပြောတာ ကျားမြီးဆွဲတာပဲ မင်းခိုက် .."

"ကျားမြီးဖြစ်ဖြစ် ဂျွန်မြီးဖြစ်ဖြစ် ဆွဲမိတဲ့လူတိုင်းတော့ မသေပါဘူး၊ ဒီအလုပ်တွေက ကျုပ်ကျင်လည်ပြီးသား၊ ခင်ဗျားတို့ သူ့ကို နောက်ထပ် အန္တရာယ်ပြုမယ်ဆိုရင် ကျုပ်နဲ့အရင်တွေ့မှာ .."

ထိုစဉ်က သူတို့လူစုတွေ ရှုံ့မှုံ့ရှုံ့မှုံ့ဖြစ်ကုန်ကြ၏။

"မင်းက ငါးကင်နားမှာထိုင်မှိုင်နေတဲ့ ကြောင်မိုက်ပဲကွ .. ထာဝရ ဆိုတဲ့ မိန်းမက တကယ့်ရတနာထုပ်ကြီးရယ်၊ သူ့နားမှာဝိုင်းနေတဲ့ သူ့ယောကျ်ား၊ မိုးသောက်နေ ကုမ္ပဏီပိုင်ရှင် ဦးသုတ၊ ပြီးတော့ ဆေးရုံ အုပ်ကြီးဖြစ်နေတဲ့ ပိုင်ရှင်ကောင် .. ဒီလူတွေက ဒီမိန်းမအတွက်ဆို ငွေထုပ်ပိုက်ပြီး ပြေးလာမယ့်လူတွေလေ .."

ဦးချိန်ဘား တို့က အချိန်တိုတိုအတွင်းမှာ ထာဝရ အကြောင်း တော်တော်စုံစမ်းထားကြတာဖြစ်သည်။ ထို့ကြောင့် သူ့ရဲ့ စိုးရိမ်မှုတ်က တစ်ဆုံးထိတက်သွားခဲ့လျက် သူမနဲ့ အနီးဆုံးမှာနေခွင့်ရအောင် အလုပ်တစ်နေရာရဖို့ ကြိုးစားခဲ့ရသည်။

"ကျုပ်အကြွေးကိုလျှော်ပစ်ဖို့ မလိုပါဘူး .."

"ဘာလဲ .. မှ ဆပ်တော့မလို့လား .."

"ဘာကြွေးမှမရှိတော့ဘူးလို့ ပြောချင်တာ .."



သူ ပြောင်ပြောပြီး စိန်ခေါ်ခဲ့သည်။ ကစားဝိုင်းမှာ တင်ခဲ့တဲ့ကြွေး ပြီးတော့ မိန်းကလေးတစ်ယောက်ကို ဒုက္ခပေးဖို့လည်း ကြိုးစားခဲ့ပြီးပြီ..။

ခုလည်း ကြံစည်နေကြပြန်ပြီ ..၊

မကောင်းမှု ကျူးလွန်နေတဲ့လူတွေဟာ ကြောက်လေခြောက်လေ ပြေးလေလိုက်လေ လုပ်နေကြမှာပဲဖြစ်၏။ ထို့ကြောင့် ပေးစရာမလိုဘူးလို့ ကြေညာလိုက်ပြီး သူတို့နဲ့ လက်တွဲလုပ်ရှားရေးလမ်းကြောင်းထဲကို လုံးဝမဝင်ဖို့ဆုံးဖြတ်ခဲ့၏။

ဒါ သူ့ဘက်က မှန်ကန်ခဲ့ခြင်းတွေအတွက် သက်သေပဲဖြစ်သည်။ ထာဝရ ဘက်က ဘယ်လိုပဲမြင်ပါစေ သူ့ဘက်မှာ အမှန်တရားရှိသည်မို့ လိပ်ပြာသန့်ခဲ့သည်။

ဒါကို ဘယ်နည်းနဲ့မှ အပျက်မခံနိုင်ဘေ ..။ အထူးသဖြင့် ကိုယ့်အစ်မရင်းတစ်ယောက်က ဒီပုံစံနဲ့ ထပ်နွှယ်လာမှာမျိုးကို သူ လက်မခံနိုင်ပါ။

ရွှေအိုး ဆိုသည့်လူကို သူသိသည်။ ရပ်ကွက်ငယ်ငယ်ထဲမှာ အရက်ဆိုင်လေးဖွင့်ထားတာ ရဲဒိုင်ကိုင်ထားတာလည်းသိသည်။ သူ့ရပ်ကွက် သူ့နေရာမှာတော့ ရွှေအိုး က အလုပ်နဲ့ကားနဲ့ တပည့်တပန်းတွေနဲ့ အဆင်ပြေနေသူပဲဖြစ်၏။

ထိုသူက မမရဲ့သူငယ်ချင်း ရွှေတိုး ရဲ့ အစ်ကိုကြီးဖြစ်၏။ မမနဲ့ ဘယ်လိုတွေရင်းနှီးပတ်သက်သွားသည်ဆိုတာ မသိ၊ ပြီးတော့ နောက်ထပ် နာမည်ပျက်များစွာနှင့် ရွှေအိုး ဆိုသူသည် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ဘာ .. မလာနိုင်ဘူး ဟုတ်လား .."

မယောသိ ဒေါကန်သွားသည်။ ဒေါသမှာစည့်သည်ပါလာသဖြင့် ပိုမိုး သည်။ အိမ်ရောင်းဖို့အတွက် နိုက် ကို စည်းရုံးမရနိုင်သောကြောင့် နိုက် ကို နိုင်မည်ထင်သည့်သူကို ဒီမှာ တကူးတကာချိန်းထားရတာဖြစ်သည်။

သူက နိုက် ရဲ့ အတန်းတူတက်ဖူးသည့် သူငယ်ချင်းမက ရည်းစား မကျထိ ရင်းနှီးပတ်သက်ခဲ့ဖူးသော 'ပြည်စုံသွန်း' ဖြစ်၏။ သူမက ဟို တုန်းက ချမ်းသာသလောက် ခုတော့ အထည်ကြီးပျက်ဘဝမျိုးရောက် နေခဲ့ရှာ၏။

နိုက် ကို စည်းရုံးပေးနိုင်လျှင် သူမအတွက်ပါ အကျိုးအမြတ်ရ စေရမည်ဟု မက်လုံးပေးထားခဲ့ပေမယ့် နိုက် က မလာနိုင်ပါဟုပြော နေရာ ..၊

"တော်တော် လူပါးဝတဲ့ကောင်လေး .."

"သူက ဘယ်မှာမို့လို့လဲ မမရဲ့ .. သွန်း ပဲ သွားလိုက်မယ်လေ သွန်း ကို မြင်ရင် သူ့ရဲ့ ဂျစ်ကန်ကန်တွေ ပျောက်သွားမှာပါ .."

"ပျောက်မှာမဟုတ်ဘူး .. အဲ့ဒီသတ္တဝါလေး သိပ်ခေါင်းမာ မာတာ .."



ပြောပြီး မျက်လုံးက နေရာရွေးနေမိသည်။ ပြီးတော့ အလယ်ကျကျ စားပွဲမှာ ဆောင့်ခနဲထိုင်ချလိုက်ရင်း ..၊

"ထပ်ကိုခေါ်ဦးမှာ မလာရဲမလာကြည့် .."

ကျောနောက်က စကားသံတွေက ကိုယ်နဲ့တစ်ပိုင်းတည်းမှာ လာ ပြောနေသလို ပီပီသသကြီးကြားလိုက်ရ၏။ အထာ မျက်နှာမသိမသာ မဲ့သွားသည်။

စားသောက်ဆိုင်ထိုင်မိတဲ့အခါ ကပ်လျက်စားပွဲက ဆူညံသံတွေ ကို ကြားနေရတာလောက် ဒုက္ခကြီးမားတာမရှိ ..။

ဒါကြောင့် နစ်ယောက်တွဲစားပွဲခပ်ကျဲကျဲထားသည့်ဘက်ခြမ်းမှာ သေချာရွေးထိုင်ခဲ့တာတောင် ..၊

"ဘာ ဟလိုတာလဲ .. နင့်ကို ငါအရေးကြီးလို့ခေါ်တာလေ .."

"..... ..... ....."

"ဩော် .. ငါအရေးကြီးတာ နင်နဲ့မဆိုင်ဘူးပေါ့၊ ငါက နင့်အစ်မ အရင်းခေါက်ခေါက်ကြီး .."

"..... ..... ....."

"တောက် .. နင့်ကို အိမ်ကကိစ္စတိုင်ပင်မလို့၊ သိပ်ကိုလူတတ်ကြီး လုပ်ချင်နေတဲ့သူဆိုတော့ မပါမပြီးလေ၊ ခဏဖြစ်ဖြစ် ကြွခဲ့စမ်းပါ၊ ငါ့ကို လူကြားထဲမှာ အာဏာတွေပါဝါတွေပြပြီး သင်ပေးစမ်းပါဦး .. တော်ကြာ သတင်းစာထဲက ကြော်ငြာပြီး ကန့်ကွက်လိုသူ ကန့်ကွက်နိုင်ပါတယ်ဆို ရင် ထွက်လာရင် ရှုပ်ကုန်မှာစိုးလို့ .."

"..... ..... ....."

"နင် ငါ့ကိုစိန်ခေါ်နေတာလား .."

"..... ..... ....."

"ဒါကျတော့ ပြတ်သားလှချေလား .. အိမ်ကိစ္စ လာပြောတုန်းက တော့ မောင်နမရင်းမို့လို့ ပြောရေးဆိုခွင့်ရှိတာတွေ နင်ပြောသွားတာ ချဉ် .."

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ပြီးရော .. နင် .. နောက်ထပ် ငါ့အိမ်ရှေ့ကိုဖြတ်တော်မလျှောက်နဲ့၊ နင့်ကိုလည်း ငါက ဘယ်တုန်းကမှ မောင်လို့သတ်မှတ်ခဲ့တာမဟုတ်ဘူး .."

တစ်ဖက်မှာ ဒေါသတွေပစ်ခွင်းနေသမျှ အထာ စားသောက်နေရတာတွေ ဘာအရသာဘယ်လိုရှိမှန်းတောင် မသိတော့ပါ။ ပြောနေတာကလည်း တစ်စက်လေးမှ သည်းခံညှာတာသည့်စကားလုံးမပါဘဲ ..။

"အလကား အသုံးမကျတဲ့ကောင် .. မေမေတို့မရှိတော့တည်းက အိမ်တကာမှာလိုက်နေ ထင်ရာသွား အိမ်နဲ့ယာနဲ့ရှိရဲ့သားနဲ့ မနေနိုင်ဘူး မောင်နှမ ဘယ်လိုတော်လာတာလဲ မသိပါဘူး၊ ငါ့စရိုက်နဲ့ သင်းနဲ့ လုံး ကို မတူတာ .. သိပ်ကို ကလေကချေဆန်တဲ့ကောင်၊ စိတ်ဓာတ်ကလည်း အဆင့်မရှိဘူး .."

"မမရယ် .. သူ ဒီလိုနေလာလို့လည်း မမ သူ့အတွက် တာဝန်မဲ့ခဲ့ရတာပေါ့၊ မဟုတ်ရင် ကိုယ့်မောင်အတွက်ကိုယ်ပဲ ပြုစုပျိုးထောင်ရတာဝန်ရှိ .."

"တော်စမ်းပါဟယ် .. ဘာတာဝန်လဲ .. အကြီးတွေအငယ်တွေ ငါ နားမလည်ဘူး၊ သူက ယောကျ်ားလေး ငါက မိန်းမသား ငါ့ကို တာဝန်ကျောင့်ရှောက်ရမှာ သူ့တာဝန်ပဲ .. ဒါကြောင့် ဘာတာဝန်မှ မသိတဲ့ မောင်ကို ငါကလည်း လျစ်လျူရှုခဲ့တာပေါ့ .."

"မင်းမင်းက အိမ်မှာ မိဘတွေမရှိတော့တည်းက မမနဲ့ မနေဘူး ပေါ့ဟုတ်လား .."

"မနေဘူးလေ .. လမ်းမတန်းက ကွန်ပျူတာစာစီတွေမှာ ဝိုင်မရဘဲ ထမင်းစားကျွန်ခံသွားလုပ်တာ၊ ကေတီဗီမှာ ကားရှိုးရွှန်း(စ်)အို .. စုံနေတာပဲ .."

"အဲဒီတော့လည်း လူရည်လည်ပြီး ဝညာစုံတတ်ဟာပေါ့ .."

"ဟုတ်မှာပေါ့ .. လောင်းကစားသောက်စား ပညာတွေ ..



"မင်းမင်း က အရက်ပါသောက်နေတာလား .."

"တို့ ဘယ်လိုလုပ်သိမှာလဲ .. အတူတူနေဖူးတာမှ တစ်နှစ်မှာ တစ်ရက်လောက်ပဲရှိတာ .."

"အယ် .. တကယ်လား .."

"ငါ့မှာ မောင်ရှိနေတယ်လို့ကို မမှတ်တာ ပြောရင်လွန်ရာကျဦးမယ်၊ သင်းကလည်း သူ့ဝမ်းသူကျောင်းနေရတယ်ဆိုပြီး ငါ့ကို အစ်မလို့ မှတ်တာတွေလေ ခုကြည့်ပါလား .. လာဆိုရင် ပြန်တယ် ထိုင်ပါဆိုရင် ထမယ်၊ ငါက အဖြူဆို သူကအမည်း၊ အတိအကျကိုဆန့်ကျင်ရဲနေတာ.."

ဘာတွေမှာပြီး ဘာတွေမျိုချမိကြီးစားနေသလဲတော့မသိ၊ ပန်းကန်သံ ခွက်သံတွေပါ ကြားနေရ၏။ အထာ သက်ပြင်းချမိကာ ဖုန်းဆက်စရာရှိတာကို မဆက်တော့ဖို့ ဆုံးဖြတ်၍ ပြန်ဖို့ပြင်မိ၏။

ကိုယ့်မှာ မောင်လေးတွေအဝအရေးအတွက် အသက်မရှူအားအောင် လှုပ်ရှားပြေးလွှားခဲ့ရသည်။ ခုချိန်ထိလည်း ဒီမောင်တွေအတွက် ရင်ဆိုင်နေရတုန်းပါ။

ဒီလောက်ထိ အကြင်နာကင်းပြီး ရက်စက်ပြတ်တောက်နေကြသည့် မောင်နှမမျိုးရှိနေတာ နားရှိလို့သာကြားရသည် စိတ်ထဲ အံ့သြနေတုန်း..။

ကိုယ်က ဥပေက္ခာထားခဲ့တာတွေလည်း ပြေ နေသည်။ ဟိုက သူ့စရိုက်တာကိုလည်း ဒေါသထွက်နေ၏။ တရားကျဖို့ကောင်းတဲ့ အစ်မ မျိုးပါပဲ ..။

ခေါင်းတစ်ချက်ခါမိရင်း ဆလင်းဘတ်ခ်ကို ပခုံးမှာ ဆွဲချိတ်လိုက်မှုင် ..

"ဒါဆို နောက်တစ်ရက်ရက်မှ ပြန်ချိန်းကြမယ်လေ .. သွန်း ပြန်တော့မယ် .."

"အို .. မပြန်နဲ့ဦး ဒီအချိန် သူ ဘယ်မှာရှိနိုင်မလဲ တို့သိတယ်၊ ဘာ .. အတူတူသွားကြတာပေါ့ .. တွေ့မယ် သင်း .. မပေါ့ ဘယ်လို နေမလဲသိသွားတာပေါ့ .."

www.burmeseclassic.com

မယောသီ ...၊

ထိုနာမည်ကြောင့် နေရာမှထဖို့ပြင်လိုက်သည့် အတော့ လှုပ်ရှား
တွေ ရပ်တန့်သွားခဲ့၏။

"တို့က မောင့်ရဲ့ မယောသီ .. မော်ဒယ်လ် မယောသီ ပေါ့ .."

ဖုန်းထဲကကြားရတဲ့အသံကို ပြန်စဉ်းစားမိကာ ထိုမျက်နှာ
တစ်ချက်လောက်တော့ ကြည့်ချင်စိတ်တွေဖြစ်လာခဲ့၏။ သို့သော် တော
တတ်တာ မကောင်းတတ်တာတွေ စဉ်းစားနေရင်း မယောသီ တို့
ထထွက်သွားကြပြီဖြစ်သည်။

လှည့်ကြည့်မိတော့ စကားဝါရောင်စကတ်အတိုကျပ်ကျပ်လေး
လှုပ်ယမ်းသွားသည့်နားကွင်းဝိုင်းကြီးကိုပဲ တစ်စွန်းတစ်စမြင်လိုက်
သည်။

သေးကတစ်ယောက်ကတော့ မော်ဒယ်လ်မဖြစ်နိုင်ပါ။ အသ
ကြောင့်ဆိုလျှင် သူမက လှတော့လှပေမယ့် ကိုယ်ခန္ဓာက ခပ်ဖိုင့်ဖိုင့်
ထိုအဝါရောင်လေးရဲ့ ကျောပြင်ကိုသေချာကြည့်နေမိရင်း ဖုန်
မြည်လာခဲ့၏။ ဖုန်းထုတ်ယူရင်း ထွက်လာခဲ့မိသည်။ စိတ်ကတော့
စက်ဆဲကျူရှင်းသောအဝါရောင်ကျောပြင်လေးရဲ့ အလှတို့ကိုသာမြင်
နေမိလျက် ...၊



အခန်း (၂၆)

"ဟလို ..."

"... ... ..."

"ရွှေအိုးလား .. ဪ .. ဘယ်သူလဲလို့ .. နေဦး အဲဒီကိစ္စက သေချာ
ပြော .."

"... ... ..."

"ငါလား .. ဂျေအက်(စ်)မှာလေ .."

အောက်ထပ်ကိုဆင်းလာပြီးမှ ဆိုင်ထောင့်တစ်ခုမှ ခဏရပ်ပြီး ဖုန်း
ခဲ့ တစ်စုံတစ်ယောက်သည် သူမရှေ့ကနေ ဖြတ်လျှောက်သွား
ချမ်းလှမ်းကျူမှ ...၊

"တွေ့တော့ပါတယ် ထာဝရ ပါရှင် .."

ဟင်!...

ယောသီ ဆတ်ခနဲခေါင်းထောင်သွား၏။

ထာဝရ ...၊

မြင်လိုက်သည့်ကျောပြင်မှာ ခပ်တွန့်တွန့်ဆံနွယ်ရှည်တွေ
ဖြော ဖေဒါရောင်စကတ်ရှည်နှင့် ခါးရှည်လက်ပြတ်ဖေဒါရောင်
လက်လေးက ခါးစည်းကြိုးလေးနှင့်ဖြစ်၏။

www.burmeseclassic.com



ဒီသံ ဒီနှာမည်မျိုးနဲ့ ထာဝရ က နှစ်ယောက်မရှိနိုင် …၊

"မမ … မမ ဘယ်ကိုလဲ ဒီဘက်မှာလေ … ဆော်ဒီစပရေး ဝယ်ဦးမလို့ဆို …"

"အင်း … ဟုတ်တယ် ဟိုမှာအသိတစ်ယောက်တွေ့လိုက်လို့ ဆင်းရအောင်နော် …"

သူမ အပြေးတစ်ပိုင်းဆင်းလိုက်ခဲ့သည်။ ဒါပေမယ့် ဖန်ဂေါ်လီလုံးလေးတွေ ဝင်ဝယ်နေရသဖြင့် ထာဝရ ဘယ်ပျောက်သွားသည်မသိ …၊

ဒီနေ့ သူမကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့နေရကာမှ ဒုက္ခမပေးလိုက်ရရင် မယောသီ ဘဝ အဓိပ္ပာယ်မဲ့သွားနိုင်၏။

"ဘယ်ရောက်သွားလဲ …"

အဝင်ဝတံခါးကို မြင်သာတဲ့နေရာကစောင့်နေရင်း မချင့်မရဲဖြစ်နေမိ၏။ ဒီမိန်းမ ဒီဘက်ကပဲထွက်လာရမှာကို သိသိကြီးနှင့် ကိုယ်မမြင်လိုက်ခင် ထွက်သွားတာတော့ မဖြစ်နိုင် …။

သို့သော် သိပ်မကြာလိုက်ခင် ထာဝရ ကို မြင်လိုက်ရသဖြင့် သူမနှုတ်ခမ်းတွေပြုံးသွားခဲ့၏။

"တွေ့မယ် …"

ဖန်ဂေါ်လီတွေအပြည့်နဲ့ဘူးကို အဖုံးဖွင့်နေရင်း သေချာကြိမ်းဝါးမိ၏။ ပြီးတော့ …၊

"သွန်း ရေ … ဟိုဆံပင်ဆိုင်ထဲမှာ ဆံပင့်အတုသွားကြည့်ပေးစမ်းပါ …"

"ဟင် …"

"ရွှေညိုရောင် ဆံပင်ခါးလောက်လေးနော် … ပြီးရင် တို့လာခဲ့မယ် …"

သူမပုံစံ တစ်ခုခုအတွက် စိတ်လောကြီးနေတာသိသာနေသဖြင့် တမင်လွှတ်တာမှန်း သွန်း ကလည်း ရိပ်မိသည်။ ထို့ကြောင့် ထွက်သွားခဲ့၏။

"ကောင်မ … နင် ငါ့ကိုမော့ကြည့်ချိန်တောင် ရလိုက်မှာမဟုတ်



ဘူး … တွေ့မယ် … သိပ်လှသိပ်တော်တဲ့မိန်းမ … ဟွန်း …"

ထာဝရ တံခါးနားရောက်လာသည်နှင့် သူမနောက်ကနေ မယောသီ ထပ်လိုက်သွားခဲ့၏။ ထာဝရ လှေကားထစ်ပေါ် ခြေချမိတာနှင့် ဂေါ်လီတွေ လွှတ်ထည့်လိုက်ဖို့အပိုင်ကြံခဲ့သော်လည်း …၊

"အဲ့လို မညစ်ပတ်စမ်းပါနဲ့ …"

ဂေါ်လီတွေကိုင်ထားသည့်လက်ကိုပဲ ဆုပ်ကိုင်ခံလိုက်ရကာ ဘယ်လိုမှ ရုန်းမရအောင် ဆွဲချခေါ်သွားခဲ့ပြီး …၊

"ခိုက် …"

"ဟုတ်တယ် … မင်းခိုက် ပဲ … မမကို ကျွန်တော် သတိပေးခဲ့ပြီးသား …"

"ဖယ်စမ်း …"

"မရုန်းပါနဲ့ … တခြားလူတွေ တစ်မျိုးထင်ကြဦးမယ် …"

တောက်လျှောက်ဆွဲခေါ်သွားတာ မယောသီ အတွင်းထဲထိ ပြန်ပါသွားပြီး လက်ကိုလွှတ်၍ …၊

"မမကပဲ လုယူသေးတယ် သူ့ကိုဒုက္ခပေးဖို့ထပ်ကြိုးစားတယ်၊ ဆိုတာ ကျပျောက်တဲ့လူ ဘာဖြစ်လို့ ကောက်ရတဲ့လူက နမျောနေတာလဲ …"

"လူပါးဝလို့ နင်က … ကဲဟယ် …"

လူရှေ့သူရှေ့ဆိုတာလည်း သတိမရတော့ဘဲ မယောသီ တအားလွှဲ၍ရိုက်ချလိုက်၏။ သို့သော် ခိုက် ခေါင်းလွှဲရှောင်လိုက်သဖြင့် ရိုက်ချက် [illegible] မထိ …။

ခိုက် မျက်နှာကတော့ ဒေါသရောင် ဖျန်းခနဲတက်လာခဲ့လျက် …၊

"မမကို ကျွန်တော် အရမ်းအံ့ဩတယ်၊ လူငယ်မိန်းကလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်လည်း မင်းသမီးတစ်ပါးလို့ထင်နေသေးတယ်၊ လုပ်တဲ့လုပ်ရပ်တွေက ရွံ့ဖို့ကောင်းတယ် …"

"နင်ကရော ဘယ်လောက်ကောင်းတဲ့ သတ္တဝါမို့လို့လဲ …"

www.burmeseclassic.com

www.burmeseclassic.com



ဂေါ်လီလုံးတွေတက်နင်းမိပြီး လူလယ်ခေါင်မှာ ထာဝရ ပျမ်းထိုး မှောက်ခုံလဲမည်။ ပက်လက်လဲလျှင် နောက်စေ့ပွင့်၍သေနိုင်သလို မှောက်ခုံဆို သွားတွေဘယ်နှစ်ချောင်းကျွတ်ထွက်ကုန်မလဲ ..၊

ဒီလောက်ထိ အရသာရှိရှိ အနိုင်ရမည့် ပွင်ကြဲပါလျက်နှင့် ခိုက် ကြောင့် ပျက်ခဲ့ရ၏။ မယောသီ ဒေါသတွေက ယမ်းပုံမီးကျတာထက် ဆိုးနေခဲ့လျက် ..၊

"ခိုက် .. နင် အဲ့ဒီကောင်မကို ကြိုက်နေတာလား .. ပြော .. မှန်မှန် ပြောစမ်း .."

"ဘာတွေလျှောက်ပြောနေတာလဲ .. မမ တစ်ခုခုလုပ်ချင်ပြီဆို လူမရှောင် ခွေးမရှောင် .."

"ဟုတ်တယ် .. နင့်ကြောင့် ငါအရသာရှိရှိ တုံ့ပြန်ရမယ့်အခွင့်ပွဲ ပျက်ပြီလေ၊ အဲ့ဒါ နင့်ကြောင့် နင်ဖြိုဖျက်မွှေတာ .."

"ဘာကိုတုံ့ပြန်မှာလဲ .. ဘာအခွင့်ပွဲလဲ .. မမကို ဘယ်သူက ဖိနှိပ် နေလို့လဲ .. ဘယ်သူက ပြိုင်ဆိုင်နေလို့ နိုင်ချင်နေတာလဲ .. အဓိပ္ပာယ်ကို မရှိဘူး .."

"နင်က အခုမှ မိုးပေါ်ကကျလာသလို ဘယ်လိုရောက်လာတာ လဲ .. ငါ့ခေါ်တုန်းကတော့ .."

"မမခေါ်လို့ လာတာမဟုတ်ဘူး .. ထာဝရ ကို လာကြိုတာ၊ ကျွန်တော်က သူ့အလုပ်သမား .."

"သြော် .. သြော် .. လက်စသတ်တော့ .."

"စည်းကမ်းမဲ့ လျှောက်ပြောဖို့မစဉ်းစားနဲ့ မမ .. သူ့ပိုက်ဆံတွေနဲ့ ကျွန်တော် အများကြီးအဆင်ပြေခဲ့ရတာ၊ သူ့ကျေးဇူးကျွန်တော့်မှာရှိတယ်၊ ပြီးတော့ သူက အပြစ်မဲ့တဲ့သူ မမဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် သူ့ကိုထိဖို့ကြိုး စားရင် ကျွန်တော်နဲ့ ငြိမှာပဲ .."

ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သွား၏။

"သေနာလေး .. နင်ကမှ ကောက်ရိုးပုံစောင့်တဲ့ခွေး .."



မယောသီ လူထုပြောသော ဂျေအက်(စ်)ရဲ့ မျက်နှာစာ ကားလမ်းထိ အပြေးတစ်ပိုင်းလိုက်လာပြီးအော်သည်။

ခိုက် နဲ့ အနီးဆုံးထိ လိုက်အော်ပေမယ့် အနီးအနားမှာရှိတဲ့လူတွေ ကတော့ လှည့်ကြည့်သွားကြ၏။ ဖြတ်သွားသည့် တက္ကစီဒရိုင်ဘာတစ် ယောက်က စပ်ဖြဲဖြဲနှင့် ဘာပြောသွားသည်မသိ ..။

ခိုက် နှုတ်ခမ်းအစုံတင်းတင်းစေ့နေခဲ့လျက် လမ်းသွားနေရင်း တက်ခေါက်မိ၏။ ထို့ပြင် မျက်နှာတစ်ပြင်လုံးပါမဲ့သွားခဲ့ပြီး ..၊

"တော်တော်လွန်နေပြီ .."

လို့ တစ်ယောက်တည်းပြောမိသေးသည်။ ဒီလုပ်ကြံမှုသာ အထ မြောက်သွားခဲ့လျှင် ထာဝရ ဘယ်လောက်ထိအဖြစ်ဆိုးသွားမလဲဆိုတာ တွေးတောင် မတွေးရဲပေ ..။

သူ့ကို မယောသီ ဖုန်းဆက်ခေါ်တော့ သူမရှိနေသည့်နေရာနဲ့ ထာဝရ နဲ့အတူတူဖြစ်နေသောကြောင့် စိတ်ထင့်သွားခဲ့၏။

ထို့ကြောင့် အပူတပြင်း မောင်းချလာပြီး အသည်းအသန်ရှာခဲ့ရ သည်။

အချိန်မီတားလိုက်နိုင်တာ တော်သေးပေမယ့် ဖြစ်သွားခဲ့ရင်ဆိုသည့် အတွေးက မပျောက်နိုင် ..။ ကိုယ့်အစ်မဖြစ်နေသည့် မယောသီ စိတ်ဓာတ် ကိုလည်း အံ့ဩမိသည်။ ပြီးတော့ ဘယ်လိုမှကို မယုံချင်ပေ ..။

လုပပေါ်လွင်သော မောင်ဒယ်လ်မိန်းကလေးတစ်ယောက်ရဲ့ စိတ် ဓာတ်က ပျက်စီးရာပျက်စီးကြောင်းတွေ အများကြီးရှိနေပေမယ့် ခုလို ဆောက်ကျစ်ကြမ်းတမ်းတာမျိုးကိုတော့ ကိုယ့်အစ်မကျမှပဲ ကြုံဖူးပါ၏။

အတွေးစိတ်တို့ ပူလောင်ရင်း ကားဆီပြန်ရောက်လာတော့ ပတ်ဝန်း ကျင်မှာ လှည့်ပတ်ရှာရင်း ဖုန်းခေါ်မိ၏။

"ဘာလဲ .. ဘာကိစ္စလဲ .. ကားမတွေ့လို့ စိတ်တိုနေရတဲ့အချိန် .."

"ခင်ဗျားက ဘယ်မှာလဲ .."

"ဘာလုပ်မလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လာကြိုတာလေ .."

"ဟင် .. ဒရိုင်ဘာကရော .."

"အဲ့ဒါတွေမသိဘူးဗျာ .. အယ်လင် က လွှတ်လိုက်တာ ဘယ်မှာလဲ .. ကျွန်တော်ထွက်လာနေပြီ .."

"နေဦးလေ .. ငါ့ဘာသာ တက္ကစီပဲငှားပြန်လိုက်မယ် .."

"ဟာ .. မလုပ်နဲ့ .. ခု ထွက်လာပြီ .. ခင်ဗျားဘယ်မှာလဲသိနေပြီ အိုခေ .."

ဖုန်းပြောခြင်းကို ရပ်တန့်ကာ ကားကိုလမ်းမပေါ်တင်လိုက်သည်။ သိပ်မသွားလိုက်ရဘဲ အထော့ ကို တွေ့လိုက်ရကာ ...

"မင်းကို မလွှတ်ပါနဲ့လို့ ပြောထားတာကို အယ်လင် က ဘာလုပ်လိုက်တာလဲ .."

ကားထဲကို ပွစိရေရွတ်ရင်း ဝင်ထိုင်သည်။ နှုတ်ခမ်းလေးစူသလိုဖြစ်နေပေမယ့် အမြဲတမ်းစိုအိနေရဲ့နေသည့် နှုတ်ခမ်းလွှာလေးတွေက ပိုလှနေ၏။

"မင်းက ဘာပြုံးတာလဲ .."

"ကိုယ့်ဘာသာ အတွေးတစ်ခုခုနဲ့ ပြုံးခွင့်မရှိဘူးလား .."

အထော ကျေနပ်ပုံမရှိဘဲ မထော်တော့စိုက်ကြည့်နေ၏။ သူမအတွေးထဲဝင်လာတာက အယ်လင့် ကိုဖြစ်သည်။

"မမရဲ့ ဝန်ထမ်းက မင်းသားရုံးအောင်မိုက်နေတာကို၊ အဲဒါကြောင့်အပြင်က ဝန်ထမ်းတွေသတိထားကြည့်နေကြတာပါ .."

"ဘာဖြစ်လဲ မမရဲ့ မသိလို့မေးတာပဲဟာ .. သူ့ဒွေးက လုပ်ငန်းခွင်ထဲရောက်မလာတာကြာပြီဆိုတော့ နောက်ဝင်လာတဲ့ ရှယ်ယာရှင်တွေဆို မသိဘူးလေ၊ ကိုမိုက် က မမနဲ့ တွဲသွားရင် အပွန်း အရမ်းကြည့်ကောင်းတာ .."

အယ်လင် က နေရာတကာတော့ ရွှတ်နောက်နောက်တွေမပြောတတ်ပေ ...။ မိုက် က ရောက်လာတည်းက ပေါ်လွင်ထင်ရှားနေပေမယ့်



ဘယ်သူ့မျက်နှာကိုမှ ဂရုစိုက်မနေတတ်သောကြောင့်လည်း သူမက ငြိမ်းမွမ်းနေသေးသည်။

"ဒီလူက တစ်ကိုယ်ရေသန့်ရှင်းမှုအရမ်းကောင်းနေလို့ အထူးဆုတောင်ပေးသင့်တာ မမရဲ့၊ ရုပ်ချောပေမယ့် တည်တည်တံ့တံ့နေတတ်တာ မမ မြင်သားပဲ .." တဲ့ ...။

စကားပြောရင်တော့ အတော်ကြီးလက်ဝေါက်ကပ်ကာ အနိုင်မရမချင်း မလျှော့တတ်တာ သူမ မသိ ...။ ထို့ပြင် ဒီတိစ္စနဲ့ပတ်သက်ပြီး သူမပြောခဲ့ဖူးတာပဲ ...။

"လူတွေအထင်လွဲပြီး မေးရတဲ့အထိ တွဲသွားတွဲလာတွေဖြစ်လာတာ မကောင်းဘူး အယ်လင်၊ တို့က အိမ်ထောင်ရှိတဲ့မိန်းမတစ်ယောက်ပြီးတော့ ဒီအိမ်ထောင်ရေးကလည်း သာယာနေတာမဟုတ်ဘူး၊ ယောကျ်ားက တစ်မျိုး မိန်းမကတစ်မျိုး ဘယ်သူမှ မကောင်းဘူးလို့လည်း အပြောမခံချင်ဘူး .."

သူမရှေ့က ကိုယ်မလိုလားတာကို ပြောထားပြီးသား ...၊

"အခု အယ်လင် ဘယ်သွားလို့လဲ .."

"ဘာဖြစ်လို့ ဒါပဲမေးနေတာလဲ ခေါ်ထာဝရ .. ခင်ဗျားကို ကျွန်တော်လာမခေါ်လည်း တုမ္ဗဏီက ဒရိုင်ဘာတစ်ယောက်ယောက် လာကြိုမှာပဲမို့လား .."

"ဪ .. မင်းလာတာကို မကြိုက်တာဆိုမှုဲ .."

"ဘာဖြစ်လို့လဲ .."

ဖျတ်ခနဲလှည့်မေးတော့ ဝင်းမှုံနေသည့်မျက်နှာချောချောကို မိတ်ရှုည်စွာကြည့်မိသည်။ သိနေပြီးသားကို ပြောရခက်တဲ့စကားကိုမှ ထပ်မေးနေသည်။

"ကျွန်တော့်ကို ခင်ဗျားအိမ်ကလူတွေမသိကြပါဘူး၊ ဒေါ်မေကြည်ဦးက သိနေရင်လည်း သူ သေချာမြင်ဖူးခဲ့တာမဟုတ်ဘူး .."

"ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်က ထွက်လာနိုင်မယ့် စကားအစွန်း

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ လွှတ်ချင်တယ် ..."

ပြောနေရင်း တစ်စုံတစ်ခုကို သတိရသွားကာ ခိုက် ကို လှည့်ကြည့်၍ ...

"မင်းကို တစ်ခုလောက်မေးချင်တယ် ..."

"အင်း ... ဘာလဲ ..."

"မင်းဘက်က ငွေရေးကြေးရေးပြောဖို့များရှိသေးလားလို့ ..."

ခိုက် က လှည့်မကြည့်ဘဲ ကားမောင်းရင်းပြုံးသည်။

"ခင်ဗျားက ဘာတွေသိချင်နေလို့လဲ ..."

"ဪ .. မေးခွန်းပေါ်လိုက်ပြီး တန်ဖိုးတွက်ချိုးမှာကိုး .. ဒါပေမယ့် မင်း ငါ့ကို ပေးထားခဲ့တဲ့ဓာတ်ပုံတွေနဲ့ပဲဆိုင်တယ်ဆိုတော့ မေးခွန်းအသစ်တော့ မဟုတ်ပါဘူး ..."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .. ငါ ရယ်စရာပြောနေတာမဟုတ်ဘူး .."

အတော့ ပေါက်ဆတ်ဆတ်အသံလေးကြောင့် ခိုက် က နှုတ်ခမ်းကို ဖြံ့ချေပြီး လှည့်ကြည့်၏။

"ဟုတ်ပါတယ် ရယ်စရာမဟုတ်ပါဘူး၊ ဒါပေမယ့် ဟာသစကားလုံးတွေတောင်မှ ဟာသမြောက်မှရယ်ရတာ ..."

"အဲဒီတော့ ငါပြောတာ ဟာသမြောက်သွားတယ်ပေါ့ ..."

"အဲလိုလည်းမဟုတ်ဘူး .. ဒါပေမယ့် ကျွန်တော်က ခင်ဗျားရဲ့ နံ့ထမ်းလာလုပ်နေကာမှ ကိုယ့်သူဌေးဆီက ငွေညှစ်နေပါ့မလား၊ ပြီးတော့ ကျွန်တော်ပြောခဲ့တယ်လေ အဲဒီအလုပ်တွေ မလုပ်ချင်တော့ဘူးပို့ ..."

"ဒါဖြင့် ကိုမောင် နဲ့ ပတ်သက်ပြီး ငါ ဘာမှမသိရတော့ဘူးပေါ့ .."

"သိနေတုန်းကတော့ ခင်ဗျားပဲ ကျွန်တော်က စိတ်ဆင်းရဲစရာတွေ လာပေးတာဆို ..."

"ဟုတ်တော့ ဟုတ်တယ် .. ဒါပေမယ့် .. အင်း .. အဲဒါတွေထား



လိုက်ပါတော့၊ မင်းကို အခုမေးချင်တာက ကိုမောင် နဲ့ တွဲနေတဲ့အမျိုးသမီးကို မင်းသိလား ..."

ခိုက် အသံတိတ်နေ၏။

"ဓာတ်ပုံတွကလည်း ကိုမောင် က သိသာပေမယ့် မိန်းကလေးကို ဘယ်ပုံမှာမှ မျက်နှာသေချာမမြင်ရဘူး၊ ဟိုတယ်လ်က ရုပ်စထရန့်မှာလည်း ဗီဒီယိုရိုက်ထားတာတောင် သူ့မျက်နှာ သေချာမပါဘူး ..."

"ဟုတ်တယ် .. သူ ဘယ်လိုအကျင့်ပဲရှိနေနေ နစ်နာအောင်တော့ မလုပ် သင့်ဘူးလေ .."

"မှန်ပါတယ် .. ငါ မင်းကို အဲဒီအတွက်အပြစ်မတင်ပါဘူး၊ ဒါပေမယ့် သူ့နာမည်လောက်တော့ မင်း သိနေမလားလို့ ..."

ခိုက် ဘာမှပြန်မဖြေ ...၊

အထာ ကလည်း ခဏပဲနားစွင့်ကာ ...

"ဟိုတစ်နေ့က ကိုမောင့်ဖုန်းကို ငါ ကိုင်လိုက်တယ်၊ ဖုန်းပြောတဲ့ အမျိုးသမီးက သူ့ကိုယ်သူ မော်ဒယ်လ်မယောသီ လို့ ပြောသွားတယ်၊ ကိုမောင် ဘယ်နှစ်ယောက်ပြိုင်တွဲနေသလဲ .. အဲဒီတစ်ယောက်က မယောသီလား ..."

"ဟုတ်တယ် .."

"ဟင် ..."

ဖြစ်နိုင်နေတာသိပြီးသားပေမယ့် ဟုတ်တယ်ဆိုတော့လည်း အံ့ဩသွားမိ၏။

"ပုံတိုင်း ဒီတစ်ယောက်ပဲဖြစ်နေတာ ခင်ဗျားမြင်တာပဲ၊ မော်ဒယ်လ် တစ်ယောက်ဆိုမှတော့ .."

"သူက မော်ဒယ်လ်တွေနဲ့ချည်း ပတ်သက်နေတာလေ ..."

"အခု ဒီနာမည်ကိုအရေးကြီးနေလို့လား .."

"အခုမှ မဟုတ်ဘူး .. ကိုယ့်ယောကျ်ားနဲ့ပတ်သက်နေတဲ့ မိန်းကလေး တစ်ယောက်က တို့အတွက် အမြဲတမ်းအရေးကြီးနေတာပဲ၊ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းမကလို့ ဘယ်တစ်ယောက်က အရေးကြီးဆုံးမှန်းမသိတော့တာ၊ ခု ထပ်ပြီး မော်လမြိုင်ဆောင်က တစ်ယောက်နဲ့တွဲနေတယ်လို့ မင်းပြောပြန်ပြီ ..."

"ဝတ္တုရေးရှိလို့ သတိပေးတာပါ၊ ဒါပေမယ့် ခင်ဗျားအတွက် ဒီသတင်းတွေက ခြင်ကိုက်ဖြုတ်ကိုက်လောက်တောင် နာကျင်ဖွယ်မရှိဘူးမို့လား .. အေးဆေးပေါ့ ..."

"မင်းဘယ်လိုပြောလိုက်တာလဲ မိုက် .. ယောကျ်ားတစ်ယောက်လုံး ခြေလှမ်းပျက်နေတာကို ဇနီးတစ်ယောက်က မခံစားရဘဲနေမလား စကားပြောတာ ကိုယ်ထင်သလိုမပြောရဘူး ..."

"ထင်သလိုပြောတာမဟုတ်ပါဘူး .. ခင်ဗျားတို့ အိမ်ထောင်ရေးက မချောင်းရလို့ ယင်တလောင်းလောင်းဖြစ်နေတဲ့ လမ်းဘေးဈေးသည်ဗန်းထဲက ပြောင်းဖူးပြုတ်တွေနဲ့တူတယ် ..."

အတော့ မျက်နှာလေးကောင်းစနဲ့ဖြစ်သွားသည်။ နိုက် ကလည်း ဂရုမစိုက် ..၊

"ဒီလောက်အေးစက်နေတဲ့ အခြေအနေတစ်ခုက အိမ်ထောင်ရေးတစ်ခုထဲမှာ လာဖြစ်နေတာတွေးကြည့် ..."

"တွေးကြည့်မနေနဲ့ သူများအတွင်းရေးဘယ်လိုရှိသလဲ မသိဘဲနဲ့ ဝေဖန်တာ အတင်းပြောတာပဲ ..."

"ကျွန်တော်သိတာတော့ ကွယ်ရာမှာပြောရင် အတင်းတဲ့၊ အခုခင်ဗျားရှေ့မှာပဲ ပြောနေတာ အတင်းဖြစ်သွားလို့လား ..."

"မဟုတ်က ဟုတ်ကတွေပြောနေတာ မင်းလေ .. ငါ့မှာ ယောက္ခမက တစ်မျိုး .. ယောကျ်ားကတစ်မျိုး စီးပွားရေးကိုလည်း လက်လွှတ်လို့မရ ..."

"အဲ့ဒီလောက် အခက်အခဲတွေက အချစ်ရဲ့ဂုဏ်သတ္တိမှာ ဘာတစ်ခုမှ ပျော့ဝင်သွားမှာမဟုတ်ဘူး ထာဝရ .. ခင်ဗျားတို့ချင်း အချစ်မပါတဲ့ အိမ်ထောင်ရေးကို ဝတ္တုရားဆန်ဆန်တည်ဆောက်ခဲ့ကြတာ"



"မင်း ပြောလေကဲလေပါလား ..."

"ယောကျ်ား ဒီလိုဖောက်ပြန်နေပြီဆိုရင် စီးပွားရေးလုပ်ဖို့မပြောနဲ့ ခင်ဗျားပါးစပ်နဲ့ ခင်ဗျားလက်နဲ့တောင် အစားတစ်လုတ်ဖြောင့်ဖြောင့်သွင်းနိုင်ဖို့မလွယ်ဘူး ..."

"ငုတ်တုတ်ထိုင်ချစ်နေတာနဲ့ရော အရာရာပြီးပြည့်စုံသွားမှာလား"

"အဲ့ဒီကစခဲ့တာ .."

"တော်ပြီ မိုက် .. မင်းသိတာတွေနဲ့ ငါတို့ရင်ဆိုင်နေရတာတွေကို ထပ်တူညီဖို့မကြိုးစားနဲ့၊ မင်း သီအိုရီက အလွဲကြီးပဲထွက်လာလိမ့်မယ် .."

"လွဲနေလို့ ပြောနေတဲ့ခင်ဗျားကိုယ်တိုင် လွဲပြောနေတာ ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါလား .."

ဒေါ်သကြောင့် တက်ခေါက်မိမတတ်ဖြစ်လာခဲ့၏။ နေရာတကာတည်ငြိမ်တတ်ခဲ့သည့်အကျင့်က မိုက် နဲ့ စကားပြောမိတိုင်း ကလေးဆန်သွားတာတွေ စိတ်တိုစိတ်ဆတ်လွယ်သည့်မိန်းမတစ်ယောက်ပုံစံပေါက်သွားရတာတွေ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသတိရပေမယ့် ပြောမိလွန်မိမှ ..၊

နောက်ထပ်များ တစ်လမ်းကြောင်းတည်းအတူတူသွားမိခြင်း၊ အကြောင်းအရာတစ်ခုကိုပြောဆိုမိကြခြင်း ဘယ်တော့မှ မလုပ်မိပါစေနဲ့ ..။

www.burmeseclassic.com



## အခန်း (၂၇)

"မင်းပါးစပ်ကိုပိတ်ပြီး တစ်စက်မှမဟဘဲ ငြိမ်ငြိမ်ထိုင်နေနော်– ဘယ်လိုမှ အဆင်မပြေလို့ မင်းကိုခေါ်လာရတာ .."

ဆုတောင်းတိုင်းလည်း မပြည့်ပါ။ မိုက် နဲ့ တော်ရုံကိစ္စဆို မသွားချင်၊ ဒါပေမယ့် အယ်လင်နဲ့ မန်နေဂျာကို တစ်နေရာလွှတ်ထားရသည်မို့ ပြန်ရောက်တာနဲ့ အရေးပေါ်အစည်းအဝေးလုပ်ရမှာဖြစ်သည်။

ဒီနေ့ အလုပ်များရမည့်နေ့မို့ စိတ်က ရှုပ်ထွေးနေသည်။ ဖုန်းတစ်လုံးနှင့်မရဘဲ နောက်ဖုန်းက ထမြည်၏။ ကိုမောင့် ဆီကဖြစ်နေကာ–

"အထာ ဘယ်လိုမှကို ပြန်လာလို့မရတာ ကိုမောင် .."

"... ... ..."

"ဖွဲ့မလီဒေါက်တာခေါ်ပေးလိုက်တာပါ၊ နောက်နှစ်နာရီလောက်ထိ လုံးဝမအားဘူး .."

"... ... ..."

"ကိုမောင့် .."

အထော့ မျက်နှာလေးညှိုးကျသွားတာကို စိုက်ကြည့်နေပြီးမှ သည်တရမျက်နှာလွှဲ၏။ ပြီးတော့ စီးကရက်တစ်လိပ် မီးညှိပြီး မျက်လုံးကို ရောက်တတ်ရာရာပို့ထားရင်း အလုပ်ပေးလိုက်၏။



"ဦးထက်ဖံ လား .. အဲ့ဒီကိစ္စတွေကို ကျွန်မတို့ မတတ်နိုင်ဘူး ဦးထက်ဖံ .."

"... ... ..."

"အပြတ်အသတ်ငြင်းရတာက ဒါက နောက်ထပ်ညှိနှိုင်းဖို့လည်း မလွယ်လို့ပါ၊ ဦးထက်ဖံ တို့က ကြော်ငြာပို့တိုက်ခန်းတွေအတွက် ငွေအလျှင်မမီရင် ဒီတိုင်းထားရရုံ၊ ကျွန်မတို့ကျတော့ သိန်းပေါင်းများစွာ မြှုပ်နှံထားရမှာလေ .."

"... ... ..."

"ကျွန်မတို့လည်း ဘဏ်မန်နေဂျာနဲ့ ဆွေးနွေးကြည့်ပါသေးတယ်၊ မြန်မာနိုင်ငံမှာက ဘဏ်မှာငွေအပ်နှံတဲ့စံနစ်က ငွေရှင်ပဲဖြစ်နေတော့ အပ်ပြီးကြိုက်တဲ့အချိန် ပြန်ထုတ်သုံးတာ၊ အဲ့ဒီလိုဖြစ်တော့ ဘဏ်အနေနဲ့ အလွန်ဆုံးသုံးနှစ်ထိပဲ ချေးပေးနိုင်မယ့်အကြောင်း ပြောပြတယ် .."

"... ... ..."

"ကျွန်မမောင်နဲ့ မဟုတ်ပါဘူး မန်နေဂျာနဲ့ပဲပြောတာပါ၊ သူ့ဆွေးဘ ကျွန်မ မောင်ပေမယ့် သူ့စီးပွားရေးကိစ္စထိတော့ ဝင်မစွက်ဖက်ချင်ဘူးလေ၊ အခု ကျွန်မတို့ကုမ္ပဏီက ကူညီနိုင်တာကို ပြောပြီးပါပြီ၊ ဦးထက်ဖံ အနေနဲ့ ကက်စတန်မာကို ဘဏ်နဲ့ချိတ်ပေးနိုင်ဖို့ပဲ ကြိုးစားမယ်ဆိုရင်တော့ .."

"... ... ..."

"ဆောရီးပါ .. ကျွန်မ တကယ်မတတ်နိုင်လို့ပါ၊ သူတို့ကလည်း အသေးစားလုပ်ငန်းလောက်ပဲရှိသေးတော့ ဦးထက်ဖံ တို့ကို ငြင်းတာ ခွင့်မှာပါ၊ ပြီးတော့ ကက်စတန်မာအရေးအတွက်ကလည်း သမ်(န်)လစ်မင်နဲ့ ဆိုတော့လေ .."

အတင်းကြီးပြောနေတာကို စကားစပြတ်အောင် အတော်ကြိုးစားဆိုထဲရသည်။ ပြီးတော့ သုတ ကို ဖုန်းခေါ်လိုက်ကာ ..၊

"အေး .. မမကြီးရယ် .. မောင်လေးတို့ဘဏ်က .. အပွတ် ..

www.burmeseclassic.com

www.burmeseclassic.com



ဟွတ် ..."

အားပါးတရပြောနေတုန်း စီးရက်မီးခိုးတွေ ရှိုက်လိုက်မိကာ နှာခေါင်း
ထဲမှာ စပ်ဖျင်းသွားသည်။ မိုက် လည်း ပျာပျာသလဲဖြစ်သွားပြီး ရုတ်တရက်
လက်နှစ်ဖက်ပါမြှောက်သွား၏။

ပြီးတော့ ဆောရီးပြောကာ ...၊

"ခင်ဗျားစကားပြောနေတာကို စိတ်ဝင်စားသွားလို့ ဒီဘက်လှည့်
လိုက်မိတာ .. ဆောရီး .."

ဆောရီးထပ်ပြောပြီး စီးကရက်ကို စားပွဲစွန်းမှာ ဖိကပ်ချေမှ
အထာ က ဆိုလက်ထိလိုက်ကြည့်သေးသည်။ ပြီးမှ ...

"မောင်လေး အလုပ်လုပ်တာ .. အဟွတ် .. အဟွတ် .."

"... ... ..."

"ဟင့်အင်း .. နေကောင်းပါတယ် ဘာမှမဖြစ်ဘူး၊ ခုပဲ ဦးထော်
က ဖုန်းဆက်တယ်၊ ဘဏ်လုပ်ငန်းလုပ်မယ်ဆိုရင် မောင်လေး ဒီပုံစံ
လို့ရမဘူးနော် .."

"... ... ..."

"ငွေအပ်နှံတာဖြစ်ဖြစ် ချေးတဲ့သူဖြစ်ဖြစ် ကိုယ့်ရဲ့ ကက်စတမ်
တွေပဲ ဘယ်သူ့ကိုမှ လက်မလွှတ်အောင် ကိုယ်တတ်နိုင်သလော
လုပ်ရှားပေးရမယ်လေ .."

အထာ ကို ဖုန်းပြောနေတာမြင်ရတိုင်း ဟိုဒီလျှောက်သွားပြီး
ထာမျိုး သိပ်မရှိတတ်ပေ ...။ ခိုက် က မျက်နှာလွှဲထားလိုက် တည့်တည့်
ကြည့်လိုက်နှင့် သူမ ပြောနေသမျှကို နားထောင်နေခဲ့၏။

သို့သော် ပြောစကားတွေ နားထဲရောက်မရောက် ကိုယ့်ကိုယ်ကို
လည်း မသိပေ ...။ သိနေတာ တစ်ခုက ထာဝရ ဆိုသည့်သူမသည် လက်
ချောင်းသွယ်သွယ်လေးတွေကအစ ဖြူနုနီမြန်းနေသည်။

ထိုလက်ချောင်းလေးတွေပေါ်မှာ ခပ်နုနုမြင်နေရသည့် မွေးညင်း
စိမ်းလေးတွေကအစ ထိကိုင်ကြည့်ချင်အောင်လှနေ၏။



ကရုဏာသံအပြည့်နှင့် သူမရဲ့ စကားလုံးတိုင်းက နူးညံ့သည်လည်း
မဟုတ်၊ မာကျောခြင်းလည်းမပြည့်တဲ့ ဆွဲဆောင်မှုရှိသည့်အသံမျိုးဖြစ်၏။

"မမကြီးပြောမယ် .. မောင်လေး ဒီရာထိုင်းမှာပဲ ကားရှိုးရွှန်း(မ်)
ကသူဌေးတွေကိုဖိတ်ပြီး ဆွေးနွေးပွဲလုပ်ရမယ်၊ ကိုယ်တတ်နိုင်တာလည်း
ပြော၊ မတတ်နိုင်ရင်လည်း သူတို့ကျေနပ်သွားအောင် ကိုယ့်အခက်အခဲ
ကို ရှင်းပြရမယ်၊ သူတို့က ညှိနှိုင်းဦးမယ်ဆိုရင်လည်း သူတို့ ဘယ်လို
ဖြစ်ချင်နေတာလဲဆိုတာ မောင်လေးက နားထောင်ပေးရမယ် .."

"... ... ..."

"သိတယ်လေ .. မမကြီးသိတယ်၊ အဲဒါကို မောင်လေးရှင်းပြရမယ်၊
ဒါပေမယ့် ငါမှ မတတ်နိုင်တာဆိုတဲ့တစ်ခုနဲ့ ချုပ်ထားလို့မရဘူး၊ ငါ
ဘာတတ်နိုင်သေးလဲဆိုတာပဲ မောင်လေး စဉ်းစားရမှာ၊ ရင်းနှီးမြှုပ်နှံမှု
တိုင်းက တစ်ရာခိုင်နှုန်းအောင်မြင်ရတာပဲ၊ ဘယ်လိုတိုးမြှားရမလဲဆိုတာက
အရေးကြီးတာ၊ ဘယ်လောက်လေးနဲ့ တောခဲ့တာက အရေးမကြီးဘူး .."

"... ... ..."

"ဟုတ်တယ် .. မမကြီးလုပ်ခဲ့တုန်းက အဲ့လိုပဲ အားမွေးရတာ၊ သူတို့
တွေက မောင်လေးမှာ မလောက်ငတာတွေ ဘာတွေမသိဘူး၊ ချိတ်ဆက်
မှုရှိနေတဲ့ စီးပွားဘက်ရှင်းလို့ပဲတွက်မှာပေါ့၊ မောင်လေးက ဒါကို ဖြေ
ရှင်းဖို့ကြိုးစားလေ၊ မမကြီးလည်း ဆွေးနွေးပွဲတက်မယ် မောင်လေး
ရဲ့ စိတ်ကူးတွေကို နားထောင်ပေးမှာပေါ့ .."

"... ... ..."

"အိုခေ .. အိုခေ .. ဒါမှ မမကြီးမောင် .."

ပြီးလိုက်တော့ နှုတ်ခမ်းဖွင့်လိုက်တာလေးနဲ့ မျက်နှာလေးက နုပျို
သွားသည်။ သူမကိုငေးနေမိတုန်း ကိုယ့်အိတ်ထဲကဖုန်းကမြည်လာသဖြင့်
ထုတ်ကြည့်လိုက်မိသည်။

ဖုန်းမကိုင်တော့ဘူးဆိုပြီး သူမ အနီးမှာ နေရာယူခဲ့သည်မို့ သူ့ဖုန်း
သံကြားတိုင်း အထာ ဆီက မကျေနပ်သည့်အကြည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘာမှမပြောခဲ့သည်မို့ကြိတ်၍ သက်ပြင်းချရတာလည်း ခဏခဏ ..။

မဖြစ်မနေအခြေအနေမျိုးမှာ ဒီလိုမှ မုသားမသုံးရင်ရော သူ ခုလို အခွင့်အရေးမျိုးရမှာတဲ့လား ..။ ဖုန်းကိုင်လိုက်သေမယ့် သူမကိုကျောပေး မတတ်ကိုယ်ကိုစောင်းလှည့်ထားပြီးမှ ..၊

"ဟလို ..."

"မင်းနိုက် .. နေကောင်းတယ်နော် .. ဟဲဟဲ .."

ဘယ်သူလဲ!...၊

အပြုံးလက်စနှင့် မျက်နှာက ဖျတ်ခနဲပြောင်းသွားသည်။ ထို့ပြင် အန္တရာယ်ဆိုသည့်အသိစိတ်ကြောင့် လူက မတ်မတ်ဆန့်ဆန့်ဖြစ်သွား ခဲ့လျက် ..၊

"ဘယ်သူလဲ .. မင်းက .."

"မင်းအစ်မရဲ့ မိတ်ဆွေပါ .."

"ရွှေအိုး .."

"ဟုတ်တယ် .. ဒါပေမယ့် ငါကတော့ ရွှေအိုးမဟုတ်ဘူး .."

နိုက် မျက်ခုံးတွေစုကျုံ့သွားခဲ့သည်။ ရွှေအိုး မဟုတ်ရင် ဘယ်သူ ဖြစ်နိုင်မလဲ၊ မင်းအစ်မရဲ့ မိတ်ဆွေလို့ပြောလာပုံအရ ရောက်လာသည့် လေညှာအရပ်က မမဆီက ဖြစ်နေလို့လား ..၊

မယောသီ ကို သတိရလိုက်တာနှင့် တစ်စုံတစ်ခုကို တွေးမိသွားခဲ့ ပြီး ..၊

"မင်း ဘာပြောချင်တာလဲ .."

"မပြောချင်ပါဘူး .. မာကြောင်းသာကြောင်းလေးမေးကြည့်တာပါ .."

ပြောပြီး ရယ်သံသဲ့သဲ့နှင့် ဒေါသစိတ်ကို နှိုးဆွနေသေးသည်။ နိုက် က ဒေါသကို မျိုသိပ်၍ ဦးနှောက်ကိုပဲ အလုပ်ပေးနေခဲ့၏။

ဒီအသံ သူကြားဖူးနေသည်။ လုံးဝ မစိမ်းခဲ့သည့်အသံကို ခေါင်း ..ကာက်ဂျင်းစားခဲ့မက် ရုတ်တရက် ဘာမှအဖြေမပေါ်ဘဲ ဖြစ်နေခဲ့၏။



ထို့ကြောင့် တစ်ဖက်က ပြောလာမှာကိုပဲ နားစွင့်ထားလိုက်၏။

"မင်းတို့မောင်နှမကတော့ ရာဇဝင်တွင်မှာ ကျိန်းသေတယ်ကွ၊ အခြေအနေကို အကုန်သိလိုက်ရတော့ ဒီလင်မယားနှစ်ယောက်နဲ့ပတ် သက်ပြီး မင်းတို့မောင်နှမက ခွတီးနေကြတာကိုး .."

ခွတီးနေကြသည်ဆိုသည့်စကားကို ကြားလိုက်ရသည်နှင့် ပြောနေ သည့်လူ ဘယ်သူဘယ်ဝါဆိုတာ သိလိုက်သည်။ ဖဲလိမ်ရိုက်သည့်ပညာမှာ ကျွမ်းကျင်အဆင့်နှင့် ဦးချိန်းဘား ဆီမှာ လက်ရုံးနေရာယူထားသည့်လူ ..၊

"မိုးဇက် .."

"ဟား .. ဟား .. ဟား .. ဟုတ်ပ .. မင်း လျှင်သားပဲကွ၊ ဒါနဲ့များ ခေတ်ပုံတွေလိုက်ရိုက်ပြီး လက်ဖြန့်တောင်းစားနေရသလား မင်းနိုက် ရာ အကျွှင်မင်းသားလုပ်ပါလား၊ မင်း ရုပ်ရည်နဲ့ဆိုဖြစ်နိုင်ပါတယ်.."

နိုက် က အံကြိတ်နေကာ ..၊

"ဘာကိစ္စဆက်တာလဲ .."

"မာကြောင်းသာကြောင်းလေးပဲ မေးတာပါဆို၊ ဒါပေမယ့် ကျန်းမာ ရေးဆိုတာ မိန်းမတစ်ယောက်သွားလေရာ တကောက်ကောက်လိုက်ပြီး ဘာလုပ်နေနေ ငုတ်တုတ်ထိုင်ကြည့်နေရုံနဲ့တော့ စိတ်မချရသေးဘူးနော်.. ကိုယ့်ကျန်းမာရေးအတွက် ကိုယ်တိုင်ကြိုးစားရမှာ .."

သူ့မျက်လုံးတွေ ဖျတ်ခနဲလှုပ်ရှားသွားသည်။ ပြီးတော့ အထော့ ကို လှည့်ကြည့်ပြီး ...

"ကျွန်တော် ပြန်မလာသေးဘဲ ခင်ဗျား ဘယ်မှမသွားနဲ့နော် .."

"ဘာလုပ် .. ဟဲ့ .. မင်း ဘယ်ကိုလဲ .."

သူမကို ပြန်မဖြေတော့ဘဲ ဆိုင်ရဲ့သေးပေါက်ထဲကနေ အတွင်းခန်း ထဲကို ပြန်ပတ်ဝင်လိုက်သည်။

"အစ်ကို ဘာလိုချင်လို့လဲ .."

နောက်မှာ ဆိုင်အလုပ်သမားတွေချည်းရှိနေကာ သူ့ကိုငေးကြည့် ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး .."

နေရာကထွက်၍ ဖုန်းပြောနေရာက ဆိုင်ဘက်ကို ကူးလာခဲ့သည်။ ထိုဆိုင်ကိုလည်း နောက်ဖိုင်းကာဝဲ ဝင်လိုက်ကာ မိုးဇက် ကိုရှာသည်။ ဖုန်းက နားမှာပဲမို့ ..။

"ဘယ်လိုလဲ တိတ်လှချေလား .. ဒေါသတွေရှုတ်ထွက်သွားတာလား .. ဒါမှမဟုတ် ငါ့ကိုရှာနေတာလား .."

"သိပ်မရှာရပါဘူး .. မင်းကို ငါတွေ့နေပြီ .."

သူပြောလိုက်တာနှင့် နောက်ဆုံးဘေးအစွန်းကနေ အောက်အနိမ့်ပိုင်းက ဆိုင်ထဲကို ကျကျနနကြည့်၍ ဖုန်းပြောနေသော မိုးဇက် မျက်နှာကြီးဆတ်ခနဲ လှည့်လာ၏။

အံ့သြသွားရမည့်အစား မျက်နှာကြီး ဝင်းထိန်တောက်ပသွားလျက်..။

"မင်း ရောက်လာပြီလား .. မိုက်သာပဲ .. ဟား .. ဟား .. ဟား.."

နိုက် မျက်မှောင်ကုတ်သွား၏။ မိုးဇက် က ထလာပြီး သူ ထိုင်နေသည့်ဘေးက တံခါးကနေ မြက်ခင်းပြင်ပေါ်အင်းထွက်သွား၏။

သူလည်း နောက်ကလိုက်သွားကာ ..။

"ရွှေအိုး နဲ့ မင်း ဘယ်လိုပတ်သက်နေတာလဲ .."

"မင်းအစ်မ .."

"သူ ဘာခိုင်းခိုင်း လုပ်မပေးရဘူးလို့ ငါ ပြောပြီးသား .."

"မင်းကို တစ်ကမ္ဘာလုံးက ကြောက်နေရလို့လား .."

"တစ်ကမ္ဘာလုံးက မကြောက်ရပေမယ့် ရွှေအိုး ကို ငါနိုင်တယ်.."

"ဟား .. ဟား .. ဟား .."

မိုးဇက် ရယ်မောကျေနပ်နေပုံကို စူးစိုက်ကြည့်ရင်း တစ်ခုခုမှားနေပြီကို ခံစားမိလာသည်။

"ဒါဆိုရင်တော့ မင်းလိုကောင်တွေမှားနေတာဖြစ်မယ်၊ ငါတို့လည်း ရွှေအိုး ကို နိုင်တယ်လေ၊ မင်းထက် ပိုသေတော ငါတို့က ရွှေအိုးကို ခိုင်းနေတဲ့လူတွေ၊ ငါတို့လိုလူတွေကိုမှ မင်းက စိန်ခေါ်ခဲ့တာ၊ နှိုး



ဟာ မင်း နောင်တရမယ်ဆိုရင်တောင် သနားမယ့်သူရှိပါ့မလား .."

စကားတွေလျှောက်ဝေ့ပြောနေတာကို အသည်းယားနေမိသည်။ ရွှေအိုး ကို မမက ခိုင်းဖို့စီစဉ်ထားခဲ့သည်။ နှစ်ယောက်စလုံးကို သူ တားဆီးထားခဲ့ပေမယ့် နိုင်းဖြစ်သလား မနိုင်းဖြစ်ဘူးလားဆိုတာ မသေချာ ..။

"မင်းက စားရ မစားရ ညှော်ခံနေရတာကို ကျေနပ်ပေမယ့် ငါတို့ကတော့ မကျေနပ်နိုင်ဘူး .."

နိုက် ထိတ်ခနဲဖြစ်သွားသည်။ မိုးဇက် က ရယ်ပြီးရင်းရယ်နေကာ..

"မင်းလိုကောင်ကို စည်းရုံးနေဖို့မလိုဘဲ ငွေရမယ့်နည်းလမ်းတွေ ငါတို့မှာ ရှိနေပြီဆို မင်းယုံလား .."

ဒီကောင် ဘာပြောနေတာလဲ .. ဘာတွေကြံနေသလဲ၊ ဒါတွေက ထာဝရ နဲ့သာ သက်ဆိုင်နေသည်ဆိုလျှင် ..၊

"တောက် .."

သွားပြီ ..၊

ကိုယ့်ကိုယ်ကိုယ် လျှင်လှပြီထင်နေခဲ့သည့် မှားကွက်ကြောင့် သူ လှည့်စားတာခံလိုက်ရပြီ ..။

နိုက် နေရာမှ ချာခနဲပြေးထွက်လာခဲ့လျှင် မိုးဇက် ၏ ရယ်သံကြီးတွေကျောကိုပြေးကန်နေတဲ့အတိုင်း ..၊

"ဟား .. ဟား .. ဟား .. ခလုတ်တိုက်ပါ့မယ်ကွာ .. မင်း အတောင်ပေါက်နေရင်တောင် မမီတော့ဘူးကွ၊ ဖြည်းဖြည်းသွား .. ဖြည်းဖြည်း .. ဟား .. ဟား .. ဒီကောင်မဆိုးဘူး တော်တော်လျှင်တယ် .."

စကားသံတစ်ချို့ကို နိုက် ကြားခဲ့ရသည်။ ဒေါသနှင့် ခံပြင်းစိတ်သည် ထာဝရ ကိုသာ သူတို့ဒုက္ခပေးလိုက်ပြီဆိုရင် သူ ဘာလုပ်ပစ်မိမည်မသိ .. သို့သော် ..၊

ဆိုင်ထဲကို ဝင်လိုက်တာနှင့် အဲထာ ကို သူ မတွေ့တော့လျှင် ..၊

ထာဝရ ..၊

နောက်မှ ချောက်ချားစွာရေရွတ်ရင်း ဆိုင်ရှေ့ကိုပြေးထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ ...၊

ထာဝရ ကို ဘယ်သူထိရဲတာလဲ ...၊

လူကမမောဘဲ စိတ်မောနေခြင်းကြောင့် နှုတ်ခမ်းတို့ကို ပြန်မဖေ
နိုင် ...။

ကားပေါ်ကင်သပ်သပ်မရှိဘဲ ဆိုင်ရှေ့မှာထိုးထားကြတာမို့ ကားရှေ
ရှိသမျှကိုလိုက်ကြည့်မိသည်။ ထာဝရ ရဲ့ ကားနက်လေးကို ဒီတိုင်းလှမ်း
မြင်လိုက်ရသဖြင့် သူမ ပါသွားပြီကို တွေးလိုက်မိစဉ် ကိုင်ထားသည်
ဖုန်းက ထမြည်လာ၏။

"ဟလို ..."

"ဘယ်လိုလဲ နိုက် ... တော်တော်မှ အီဆိမ့်သွားရဲ့လား ..."

"မမ ..."

"ဟုတ်တယ် ... ငါကတော့ မတော်ချင်ပေမယ့် မခေါ်ချင်လို့
ရတာ မတော်ချင်လို့မရတော့ ..."

"မမ ထာဝရ ကို လုပ်ချလိုက်တာလား ... မမ ဘာလုပ်လိုက်တာလဲ ..."

"အိုး ... အိုး ... ဒေါသတွေနဲ့ ကယောင်ကတမ်းကြီးပါလား၊ ဘာ
တောင် မပြောရသေးဘူး ..."

"တောက် ... မမနော် ... ခင်ဗျားကို လုံးဝခွင့်မလွှတ်ဘူးလို့ ကျွန်
ပြောပြီးသား ... အခု ..."

ဟင်!...၊

ထာဝရ ရဲ့ ကားနက်လေး ဝေါခနဲမောင်းထွက်သွား၏။

"ဟေး ... နေဦး ... ရပ်လိုက်စမ်း ... ဟော့ကောင်တွေ ... ထာဝရ ..."

နိုက် တအားအော်ပြီး ကားနောက်ပြေးလိုက်သည်။ ကားက အ
မှာ ကားချင်းရှောင်လိုက်ရသဖြင့် အရှိန်နှေးသွားလျှင် နိုက် ထ
ရောက်သွားသည်။

"ဘုန်း ... ဘုန်း ..."

"ထာဝရ ... ထာဝရ လိုက်မသွားနဲ့ ... ဟော့ကောင် ... ကားရပ်



နောက်ကနေ ဘောနက်ကိုတအားပုတ်၍ပြေးလိုက်သည်။ ပြီးတော့
နောက်ခန်းကတံခါးမှန်မှာ သေချာကပ်ကြည့်လိုက်ရင်း ...၊

"ထာဝရ ခင်ဗျားကို ညာခေါ်တာ ခု ရပ်နိုင်းပြီးဆင်းလိုက် ..."

"ဘုတ် ... ဘုတ် ..."

မှန်ကို ပုတ်၍ပြောရင်း ကားနဲ့အမီပြေးလိုက်နေမိ၏။ နောက်ခန်း
ထဲမှာ ထာဝရ နဲ့ လူတစ်ယောက်ကိုတွေ့ရကာ ...

"ထာဝရ ..."

ကားက အရှိန်တင်ပြီး ရှောခနဲပြေးထွက်သွား၏။ နိုက် ယောင်ရမ်း
ပြီး ကားကိုဆွဲထားလိုက်ဖို့ အသေအလဲဖိအုပ်ထားမိ၏။ သို့သော် ...

ပြေးလိုက်နေရင်း ကားက ဝေးကွာသွားခဲ့၏။ ပြီးတော့ လမ်းပေါ်
တက်၍ ပျောက်ကွယ်သွားလေသည်။

"တောက် ... ကွာ ..."

သူ တက်ခေါက်ရင်း မချိတရိအံကြိတ်မိသည်။ လူကို တမင်ခေါ်
ထုတ်ပြီး ထာဝရ ကို ဆွဲသွားတာတွေးမိလေ ခံပြင်းမိလေ ...၊

အခုရော ဘယ်သူ့လက်ချက်လဲ၊ ရွှေအိုး ကို မမနိုင်းတာလား၊
ရွှေအိုး နဲ့ ဦးချိန်းဘား တို့က သပ်သပ်လား ...။

လူက မောဟိုက်နေကာ ဘယ်ပြေးလိုက်ရမှန်းလည်းမသိဘဲ မေးခွန်း
တွေနဲ့ ခေါင်းထဲမှာ ရှုပ်ထွေးနေ၏။ ထိုစဉ် ...၊

"ဟာ ..."

သူ့ဆီကို ဦးတိုက်ပြေးဝင်လာသည့် ကားတစ်စီး ...၊

ထိုအဖြစ်ကို ဖျတ်ခနဲမြင်လိုက်ရကာ အထာ ရဲ့ ရှန်းကန်မှုတွေ
ရပ်ဆိုင်းသွားခဲ့၏။ ပြီးတော့ နှုတ်ခမ်းသားတို့ လှုပ်ခတ်လာ၏။

"နိုက် ... သူ ... သူ သေပြီလား ..."

ဟင့်အင်း ...၊

"နိုက် ..."

လိုက်ခနဲပူလောင်သွားသည့် စိုးရိမ်မှုကြောင့် ဘာကိုမှ ဂရုမစိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ တအားကျုံးခေါ်လိုက်မိကာ …၊

"လွှတ် …လွှတ်စမ်း … လူယုတ်မာတွေ ကလိန်ကကျစ်တွေ၊ နင်တို့ ဘာလိုချင်တာလဲ၊ လူတစ်ယောက်လုံးကို အဲ့လောက်ထိလုပ်ဖို့လိုလို့လား၊ လွှတ်စမ်း …"

ချုပ်ကိုင်ထားသူကို အတင်းထုရိုက်ရုန်းရင်း အထာ ငိုလည်းငိုမိ၏။ ကားနောက်ကို မိုက် ပြေးလိုက်လာမှ သူမ လိမ်ညာခံရတာမှန်းသိခဲ့ရသည်။

ရသ ကို ဘယ်ကလူတွေမှန်းမသိဘဲ ဝိုင်းထားပြီး ပြဿနာရှာနေသည်လို့ ရသ ရဲ့ကားကိုမောင်းသည့် ဒရိုင်ဘာက ပြေးလာပြောသည်။

ဘေးမှာလူပိုတစ်ယောက်ပါလာတာကိုလည်း သူမ ဂရုမစိုက်မိခဲ့ပေ …။ ကားသော့ကို သူမပဲကိုင်ထားတာမို့ မိုက် ကို ပြောမနေတော့ဘဲ ထလိုက်လာခဲ့မိ၏။

"ငဝိုင်း မောင်မောင် က ဘယ်နေရာမှာလဲ … ဘယ်ကလူတွေလဲ နင်မသိခဲ့ဘူးလား …"

ခြေမကိုင်မိလက်မကိုင်မိ ထလိုက်လာရင်း ကားနားထိ ဒါပဲအထပ်ထပ်မေးနေမိပေမယ့် ဒရိုင်ဘာ ငဝိုင်း က ကားဆီကိုသာ အရေးတကြီးသွားနေပြီး ဘာမှ ရေရေရာရာ မဖြေ …။

ဒါပေမယ့် သူ အရေးကြီးနေလေ သူမ ပိုစိုးရိမ်လေဖြစ်ရကာ မှုပျက်နေသည့်ဒရိုင်ဘာကို သတိကိုမထားမိခဲ့တာဖြစ်၏။

"ကျွန်တော်လည်း ဝင်မကူနိုင်တဲ့ကိစ္စမို့လို့ လစ်ထွက်လာပြီး မမထာကို လာပြောတာ၊ ခုချက်ချင်းလိုက်ခဲ့ပါ …"

ဆိုသည့် စကားမှာ သူမ အလုံးစုံယုံကြည်သွားခဲ့မိသည်။ ဒါတောင် ယောကျ်ားချင်းပြဿနာဆိုတော့ မိုက် ကိုခေါ်ရင်ကောင်းမလားလို့ တွေးမိလိုက်သေးသည်။

ဖုန်းပြောရင်း ထထွက်သွားတာမို့ ဖုန်းခေါ်လည်းရမှာမဟုတ်တာ သိနေသဖြင့် ကားပေါ်ရောက်လာတဲ့အထိ သူမ မှားယွင်းခဲ့၏။

ခုတော့ မိုက် ကို ကားတိုက်မိပြီးသေပြီလားမသိ၊ ငဝိုင်း က ကား



မောင်းနေရင်း ဘာသံမှမထွက်၊ သူမကို ချုပ်ထားသည့်လူကလည်း ခဏခဏ တက်ခေါက်နေပေမယ့် ဘာစကားမှမပြောပေ …။

"နင်တို့က ဘယ်သူတွေလဲ ဘာလိုချင်လို့လဲ … ငါပေးမယ်ပြောစမ်းပါ၊ ကားကို ခုပြန်လှည့်ပေး၊ ငါ မိုက် ကို ကြည့်ချင်တယ်၊ ကားပြန်လှည့်ပေး နင်တို့ကြိုက်သလောက်တောင်း …"

"တောင်းလိမ့်မယ် … ဒါပေမယ့် အခု နှင့်ပါးစပ်ပိတ်ထားပြီးငြိမ်ငြိမ်နေ … ဒီတစ်ခါဆို ငါ ပါးရိုက်ပစ်မှာ …"

ချုပ်ကိုင်ထားသူက စတင်ကြိမ်းဝါးလာ၏။ ပြီးတော့ ပြောသည့်အတိုင်း အထာ့ ခေါင်းလေးကိုရှေ့က ကူရှင်နဲ့ ပစ်တိုက်ပေးလိုက်လျှင် အထာ့ မျက်ဝန်းလေးတွေ တဖြည်းဖြည်း စင်းကျသွား၏။

ခန္ဓာကိုယ်လေးပါ တအိအိခွေခေါက်သွားတော့မှ …၊

"တော်တော် အရှန်းသန်တဲ့မိန်းမ၊ ဟိတ်ကောင် … ကားမောင်းနေတာ ဘယ်လိုမောင်းနေတာလဲ၊ မင်းကိုယ်မင်း ရေစည်လှည်းတွန်းနေတယ်ထင်နေလား …"

"မောင်းနေတာပဲဗျ … နောက်ကလိုက်မယ့်သူမှမရှိတော့တာ …"

"မင်းမရှည်နဲ့ … ခိုင်းတာလုပ်ပြီး တန်ရာတန်ရာပြော၊ မင်းတို့လိုဗိုက်ဆံနောက်လိုက်ပြီး ကိုယ့်အလုပ်ရှင်ကို သစ္စာဖောက်တဲ့ကောင်မျိုးတွေက လမ်းဘေးက ချေးခြောက်ကောက်စားနေတဲ့ခွေးတစ်ကောင်လောက်တောင် ကျက်သရေမရှိဘူး …"

"ခင်ဗျားဗျာ …"

"မင်းကို ခိုင်းတာလုပ်လို့ပြောထားတယ်မို့လား … မရှည်နဲ့ …"

ရသ ရဲ့ ဒရိုင်ဘာမျက်နှာကြီးတင်းနေခဲ့၏။ ဒါပေမယ့် သူမှာပြောဖို့စကားလည်းမရှိ …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"အား ..."

ခေါင်းထဲမှာ မူးဝေနေသည်။ မျက်လုံးတွေကို ပြန်မှိတ်ထားပြီး ဖွင့်မှ ပတ်ဝန်းကျင်ကိုမြင်လာရကာ ...၊

"ဘယ်လိုလဲ .. သက်တောင့်သက်သာရှိပါတယ်နော် .."

"ရှင်တို့ ဘယ်သူတွေလဲ .."

"ပြန်ပွေးသမားတွေပဲ .. မင်းကိုပြန်ပေးဆွဲလာတာ မသိသေးဘူးလား .."

"မိုက် ကိုရော ဘာကိစ္စ ကားနဲ့တိုက်သတ်တာလဲ .."

ရှေ့မှာ ခြေကားကားနှင့်ရပ်နေသူမျက်နှာကြီး ရှုံ့တွသွားကာ ...

"ဘယ့်နှယ် ကိုယ့်အတွက်ကိုမပူဘဲ သူများအတွက်ပူနေတာလဲ .."

"မိုက် ကို ကားနဲ့တိုက်ပစ်လိုက်တာ ကျွန်မ မြင်လိုက်တာပဲ .."

"အဲ့ဒါ ငါတို့ပဲလို့ ဘာလို့ထင်ရတာလဲ .. ပြီးတော့ ဒါ အက်ဆီးဒန့် တစ်ခုခုလည်း ဖြစ်နိုင်တာပဲ .."

အထာ က အခန်းမှာရှိနေသူတွေကို လှည့်ရှိသမျှလိုက်ကြည့်သည်။ ပြီးမှ ထိုသူဆီမျက်လုံးပြန်ရောက်ကာ ...၊

"ကျွန်မ အကန်းမဟုတ်ဘူး .."



"ဟား .. ဟား .. ဟား .."

ရယ်နေပုံကိုစိုက်ကြည့်ရင်း ထူးဆန်းသည့်ရင်ထဲမှာ ကြောက်စိတ်တွေအစား ဒေါသတွေပဲဖြစ်နေခဲ့၏။ ပြီးတော့ တရှူးထိုးမောင်းဝင်လာသည့်ကားနှင့် မိုက် ရဲ့ ဘယ်လိုမှရှောင်မလွှတ်နိုင်တော့သည့် အကွာအဝေး ...။

လူနဲ့ လက်တကမ်းရောက်နေသည့် ကားရဲ့အရှိန်က အချိန်မီ ဘရိတ်အုပ်နိုင်ရင်တောင် ဒီကားလည်း အဖြစ်ဆိုးသွားမှာပဲဖြစ်၏။

"မင်း မဆိုးပါဘူး .. ဒါပေမယ့် ဒီကောင့်ကို မင်း သနားနေဖို့ မလိုပါဘူး၊ သူတို့မောင်နှမက မင်းတို့လင်မယားနဲ့လုပ်စားနေကြတဲ့ ငလိမ်တွေပါ .."

ဒီလူ ဘာပြောလိုက်တာလဲ ...၊

အထာ မျက်နှာကိုကြည့်၍ မသိသေးဘူးဆိုတာ ဦးချိန်းသော က နားလည်သွား၏။ ထို့ကြောင့် ကျေနပ်စွာပြုံးကာ ...

"မင်းကို ဒီကောင်အစောကြီးတည်းက ငွေတွေတောင်းပြီး ဓာတ်ပုံတွေပို့နေတာမို့လား .. အဲ့ဒီပုံထဲက မင်းလင်နဲ့ ဖောက်ပြန်နေတာ သူ့အစ်မ အရင်း ခေါက်ခေါက်ကြီး .."

ဟင် !...၊

အထာ မျက်နှာလေးပျက်သွားသည်။ ဆွေမျိုးဆိုတာပြောပြထားပေမယ့် အစ်မရင်းဖြစ်မယ်လို့တော့ မထင်ခဲ့ပေ ...။

"ဟဲ .. ဟဲ .. သိပ်တော့ အံ့ဩစရာမရှိပါဘူး၊ ဒီဓာတ်လမ်းမှာ မင်း ဒီ့ထက်အံ့ဩစရာတွေရှိသေးတယ်၊ ငါတို့ကို ငွေတောင်းခိုင်းတဲ့လူကလည်း .."

အထာ နားစွံ့ထားပေမယ့် အပြင်က လူတစ်ယောက်ဝင်လာကာ...

"ဟိုကောင်တွေ .. ဟိုတစ်ယောက်ကို .."

ပြောမည်ပြင်ပြီးမှ အသံတိတ်သွားကာ အထာ့ကို ရှုမ်းကြည့်သည်။ ပြီးတော့ ဦးချိန်းသော အနားကိုသွား၍ နားတိုးသတင်းပို့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးချိန်းဘော မျက်နှာကြီး တဖြည်းဖြည်းတင်းမာလာပြီး ...

"တောက် ...."

"ဘာဖြစ်လို့လဲ .. ဦးချိန်း .."

"ရွှေအိုး .. မင်း ဒီနေရာကို ဟိုကောင်သိလား .."

"ဘယ်ကောင်မှ ဒီနေရာကိုမသိဘူး .."

ရွှေအိုး က ဖြေလိုက်တာမဟုတ်ပေ ...။ ဆလင်းဘတ်ခ်ကိုလှလှပပ လေးလွယ်ထားပြီး အနီရောင်ရင့်ရင့်ဝတ်စုံနှင့် ဝင်လာသူက မယောသီ ဖြစ်၏။

"ဒီနေရာက မယော နဲ့ မောင်နဲ့ပဲသိတဲ့နေရာ၊ ပိုက်ဆံချေပြီးတာ တောင် မကြာသေးတဲ့ အသစ်စက်စက်တိုက်ခန်း .."

ဦးချိန်းဘော က 'မယော' ဆိုတည်းက ခိုက် ရဲ့ အစ်မမှန်းသိသည်။ ခုမှ သေချာမြင်ဖူးတာမို့ စူးစိုက်ကြည့်ကာ ...

"မင်းသိမှတော့ မင်းမောင် သိနေမှာပဲ .. မင်းတို့က ပုလင်းတူဘူးဆို တွေ .."

"အိုး .. အိုး .. လူကဲခတ်ကလည်း ညံ့လိုက်တာ ဂိုဏ်းစတားကြီး ရယ် .."

မိန်းမလှလေးတစ်ယောက်က ကန့်ကလျှော့ကျောက်လာရင်း ကဲ့ရယ် နေတာမို့ ဒေါသဖြစ်ပေမယ့် ထိန်းချုပ်နေရကာ ...၊

"ကောင်မလေး .. မင်း စကားကိုကြည့်ပြော .."

"ကြည့်ပြောတာပါ၊ ရှင်သာမကြည့်ဘဲပြောလိုက်တာ၊ မင်းခိုက် ဆိုတဲ့သတ္တဝါလေးက သစ်ကိုင်းလွတ်နေတဲ့မျောက်၊ အမေ အဖေ ကျွန်မတို့ကို မွေးလိုက်လို့ မောင်နှမတော်ပေမယ့် ဘယ်တုန်းကမှ ညီညွတ် ခဲ့တာမဟုတ်ဘူး၊ အတူတူမွေးမွေးထွေးထွေးလည်းမရှိခဲ့ကြဘူး .."

ပြောနေရင်း ဦးချိန်းဘော ရှေ့မှာရပ်လိုက်ကာ ...

"သူနဲ့ ကျွန်မ ဘယ်အခြေအနေဖြစ်ဖြစ် ခုလည်း ရှင်ပူစရာမလို ဘူး၊ ကားတိုက်ခံရလို့ အရေးပေါ်ရောက်နေပြီ .."



ထိုသတင်းကြောင့် အထော့ ရင်ခုန်သံတွေမြည်လာ၏။ ဒီလိုဖြစ်နေ ပြီကို သူမ သိနေသည်။ ထပ်ကြားရတော့ ပို၍တုန်လှုပ်သွားမိသည်။

သူ အသက်ရှင်ပါ့မလား ...၊

အစ်မရင်းတစ်ယောက်က ဒီသတင်းကိုအေးဆေးပြောနေပေမယ့် အထော့ မျက်ဝန်းလေးတွေပြူးဝိုင်းနေခဲ့၏။ ဒါကို ရွှေအို က လှမ်းကြည့် ကာ ...

"သူကတော့ နင့်မောင်ကို တော်တော်ကြင်နာသနားနေတဲ့ပုံပဲ.."

မယောသီ အကြည့်တွေ အထော့ ဆီ ရောက်လာ၏။ ပြီးတော့မှဲ့ဝစ် သည်။

"ရှင်တို့က ခိုက် ကို သိင်မကြောက်နေကြတာကိုး၊ ကျွန်မ စီစဉ် ထားတာ အဲဒါ ကိုမောင် အထင်လွဲသွားအောင်လုပ်ဖို့ပဲ ဒါမှ သူ့မယား မရှိတော့ပေမယ့် လွမ်းမကျန်ခဲ့အောင်လေ .."

ရွှေအိုး နဲ့ ဦးချိန်းဘော တို့ အကြည့်ချင်းဆုံသွားသည်။ မျက်လုံး ချင်းစကားပြောနေကြရင်း လျှို့ဝှက်သည့်အပြုံးတွေပါ ထပ်ဆင့်ဖြစ်ကြ ရင်း ...၊

"ဘယ်မှာလဲ .. ငါတို့အတွက် ငွေ .."

"ပါလာပါတယ် .. ဒါပေမယ့် ရှင်တို့ သူ့ကို ကျွန်မပြောတဲ့အတိုင်း လုပ်ပြမှဖြစ်မယ် .."

သူတို့ နောက်ထပ် အကြည့်ချင်းဆုံသွားကြ၏။

"ပြောပြလိုက်တော့ ရွှေအိုး .."

"ဟင် .. ဘာလဲ .."

မယောသီ အကြည့်တွေချက်ချင်း လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။

"ဘာတွေရှိသေးလို့ ပြောပြမှာလဲ .."

အကြည့်က ရွှေအိုး ဆီရောက်သွား၏။ ရွှေအိုး က ပုံးအောက်ကျ နေသည့်ဆံပင်တွေကို နောက်မှာ သားရေကွင်းနဲ့ စုစည်းထားကာ ခပ် ဖိုင့်ဖိုင့်ထွားကျိုင်းသည့်ကိုယ်လုံးနှင့် မယောသီ ထားကိုရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမက အလယ်မှာဖြစ်သွားကာ ဆေးနှစ်ဖက်မှာ ဦးချိန်းဘော နဲ့ ရွှေအိုး ...၊

"ဒီအရှုံးသမီးက နှင့်အတွက် ဆူးညှောင့်ခလုတ်ဖြစ်ပေမယ့် ငါတို့ အတွက်က တကယ့်ငွေတွင်းကြီးဟ၊ နှင့်လိုပဲ ငါတို့ကို အလုပ်အပ်တဲ့သူ ရှိတယ် .."

"ဘာ .. ဘယ်လို .."

"ဟုတ်တယ် .. ဒါပေမယ့် နှင့်လောက်မကဘူး၊ ငါတို့ထောင်နဲ့ ချီပြီးရမှာ .."

"အဲ့ဒါ ဘယ်သူလဲ .. ဘာအတွက်ခိုင်းတာလဲ .."

"အဟွန်း .."

"သတ်ခိုင်းတာပဲမဟုတ်ဘူးလား .. သူ့ကိုသတ်လိုက်ရင်ပြီးတာပဲ ပေါ့ .."

"မဟုတ်ဘူး .. သူ့အတွက် ငွေပေးရွေးနိုင်မယ့်လူတွေကို အကြောင်း ကြားလိုက်ရုံပဲ .."

"ရွှေအိုး ..."

မယောသီ ဒေါသတွေ ရွှေအိုး ပေါ် စုပုံကျကာ အခန်းထဲမှာရှိသမျှ လူတွေကို လှည့်ပတ်ကြည့်သေးသည်။ ပြီးမှ ...

"နှင်က နှစ်ဖက်စားစားနေတာပေါ့ .. ဟုတ်လား .."

"အဲလိုဖြစ်သွားပေမယ့် အလုပ်က အတူတူပဲမို့ ငါတို့လက်ခံလိုက် တာလေ၊ ကိုယ့်ကို ငွေထုပ်လာပေးတဲ့ကိစ္စ ဘယ်သူက ပုတ်ချမှာလဲ.."

"မဟုတ်ဘူး .. ငါ နှင့်ကိုပဲခိုင်းတာ၊ ဒီလူတွေမပါဘူး .. ဒီလူတွေ က .."

"သူတို့က ငွေတွင်းရတာ၊ ငါကတော့ နှင် လက်ညှိုးထိုးပြလို့ သူ့ကိုရတာလေ၊ အဲ့ဒီတော့ ဘယ်သူမှ မပင်ပန်းအောင် ငါတို့ပူးပေါင်း လိုက်တာ ဘာဆန်းလို့လဲ၊ စိတ်ချစမ်းပါ .. နှင် ဖြစ်စေချင်သလို သူ့ကို တစ်စစီလုပ်မှာပါ၊ ဟိုက ငွေရပြီးရင် ကိုယ့်သဘောပဲဟာ .."



ခုမှတော့ ဒီအမှုတွဲထဲလည်းပါနေပြီမို့ မယောသီ မတတ်နိုင်တော့ ပေ ...။ သို့သော် ...

"ဒါဆို နှင်တို့မှာ ငွေတွင်းရှိနေပြီပဲ ကျန်တဲ့ငွေ ငါပေးဖို့မလိုတော့ ဘူးပေါ့ .."

"ဟား .. ဟား .. ဟား .."

ဦးချိန်းဘော က အားပါးတရရယ်လိုက်၏။

"ဗေဒင်မေးရင်တောင် ဉာဏ်ပူဇော်ခပေးမှ ဗေဒင်မှန်တာလေ၊ ဒီကိစ္စမှာ မယောသီ ဆိုတဲ့နာမည်ထည့်သွင်းပြီးမှတော့ ငါတို့က ဘာမှ မရဘဲ ပါးစပ်ပိတ်နေရမှာလား .. ပြောရရင် နှစ်ဆတက်ပြီးတောင်းဖို့.."

"ဘာပြောလိုက်တယ် .."

"မင်းက စွာလှချေလား .. ဒီလောကကို ဘာများမှတ်နေလို့လဲ.."

မယောသီ မျက်လုံးတွေက ဂနာမငြိမ်ဖြစ်လာ၏။ ထာဝရ ကို ကြည့် လိုက်တော့ သူမ မျက်ဝန်းတွေမှာ မယုံနိုင်ခြင်းစက်ဆုတ်ရွံရှာခြင်းတွေ ပေါ်နေပေမယ့် ကြိုးတုပ်ခံထားရသည့်အဖြစ်နဲ့ပဲ တည်ငြိမ်စွာရှိနေခဲ့သည်။

သင်းကို သတ်ကြဖြတ်ကြဖို့ ခွဲတမ်းချနေတာကိုများ နားမကြားတဲ့ သူတစ်ယောက်လို နေနိုင်သေးသည်။

"အဲ့ဒီတော့ မင်း အမြန်ဆုံးဖြတ် သူ့ကိုငွေပေးပြီး ရွေးလာကြရင် ငါတို့က ပြန်လွှတ်ပေးလိုက်မှာ .."

"ရှင်တို့ ရှစ်ကြီးတွေကို သူက မမှတ်မိလောက်ဘူးဆိုတော့လေ.."

"ဒါ ငါတို့ကိစ္စပါ၊ မင်း ဖြစ်စေချင်သလို သူ့ကို အမဲဖျက်ပြီး ရှင်းပစ်ဖို့ကတော့ မင်းလက်ဖွာမှုဖြစ်မှာ၊ သူ့ကိုမရှင်းပစ်ဘဲ လွှတ်လိုက် မယ်ဆို မင်းအဖြစ်ကို ပြန်စဉ်းစားလေ၊ သူ့ယောက်ျားကို မင်းက လုယူ ထားတာနော် .. သူ့မိန်းမကို မစွန့်လွှတ်နိုင်လို့တောင် မင်းကို တော်ရာ မှာထားနေသေးတာ၊ ကိုယ့်အနာဂတ်ကိုမြင်အောင်ကြည့်ဦး .."

မရှုနိုင်မကယ်နိုင်ဖြစ်လာခဲ့သည့်ဒေါသက စူးစူးရဲရဲစိုက်ကြည့်နေ သည့် ထာဝရ ဆီမှာ စုပုံသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ .. နင့်ကြောင့် ငါ ဒုက္ခရောက်ရတာ .. သေစမ်း .."

"ဖြန်း ..."

"ဟော့ ..."

"ဖြန်း ..."

ဘယ်လိုမှ တားချိန်ဆွဲချိန်မရလိုက်မီ ထာဝရ ပါးကို ဘယ်ပြန်ညာ ပြန်ပြေးရိုက်ပစ်၏။ ကြိုးတုပ်ခံထားသည့်ပြင် ဆက်တိုက်ရိုက်ချလိုက် သည့်အရှိန်က ပြင်းထန်လွန်းသဖြင့် အထာ ခေါင်းလေးစိုက်ကျသွားကာ မေ့မြောသွား၏။

"မရဘူး .. ဟဲ့ကောင်မ ထစမ်း .. နင့်ကို ငါကိုယ်တိုင် အမဲဖျက် ဦးမယ်၊ နင့်ကြောင့် ငါပေးရမှာတွေအတွက် တန်အောင်ယူမယ် .."

ပခုံးက ဆလင်းဘတ်ခ်လက်ကောက်ဝတ်ပေါ်ထိ လျှောကျလာ သ်ကို စိတ်မရှည်စွာ ဖြုတ်ချပစ်လိုက်ပြီး စားပွဲဆီပြန်ပြေး၏။

ပြီးတော့ ရေအပြည့်နီးပါးရှိသေးသည့် ရေသန့်ဘူးကို ဆတ်ခနဲ ဆွဲ ပြီး အထာ့ ဆီ ပြန်ပြေးကာ ...

"ထ .. စု ပြန်ထ .. သတိမေ့ပြီး မာယာများမနေနဲ့ .."

"အား ...."

ရေတွေနဲ့ ခေါင်းပေါ်ကနေလောင်းချလိုက်၊ လက်ခုပ်ထဲထည့်ပြီး ငုံ့ကျနေ သည့်မျက်နှာကို ပက်ပစ်လိုက်လုပ်လျှင် အထာ သတိပြန်ရလာ ၏။

"ဒီမှာ နင် ငါ့မျက်နှာကိုကြည့်စမ်း .."

အထာ့ နားသယ်စပ်ဆံပင်တွေကို ဆတ်ခနဲဆောင့်ဆွဲ၍ မျက်နှာကို မော့စေ၏။ ပြီးတော့ မျက်နှာချင်းကပ်ကာ ...၊

"ငါက မဟောသီ .. ငါ့လမ်းမှာ ခလုတ်ကန်သင်းဖြစ်နေတဲ့နင့်လို ကောင်မကို ငါ ဘာလုပ်မလဲသိလား .. ဒီထဲမှာရှိသမျှယောကျ်ားတွေကို နင့်ကို ဝိုင်းစော်ကားလိမ့်မယ်၊ မသေမရှင်ဖြစ်နေကာမှ လည်ပင်းခံဆွဲ ပြီး ရေထဲသွားပစ်ချမှာ .."



စကားသံကိုကြားနေရသည်။ ဒါပေမယ့် မျက်နှာတွေမှာ ပူထူနာ င်နေဆဲရှိကာ ခေါင်းတွေပါချာချာလည်နေ၏။ ကိုယ့်ဘဝ ဒီလိုအဖြစ် မျိုးနှင့် ကြုံရလိမ့်မည်ဆိုတာ အိပ်မက်ဆိုးတစ်ခုအဖြစ်နဲ့တောင် မမက် ဖူးပေ ..။

"ကောင်မ .. နင်ကြားတယ်မို့လား .. ဟဲ့ ငါပြောတာကြားရဲ့ လား ငါ့ .."

နောက်ထပ် မဟောသီလက် မြှောက်ချလိုက်တာ ရေသန့်ဘူးကို သိနက်သဖွယ်ကိုင်၍ဖြစ်သည်။ သို့သော် ထိုရိုက်ချက်က ပြန်ကျ သခဲ့ဘဲ ...

"ဘာဖြစ်လို့ လာသောင်းကျန်းနေတာလဲ မဟေ .. သူက ငါတို့ လူမဟုတ်ဘူး၊ သူ့ကြောင့် ငွေတွေရှုံးမှာကို နင်က .."

"ပြောမနေနဲ့ ရွှေအိုး .. သူ့ကိုဆွဲထုတ်သွားလိုက်တော့ .."

"ဘာပြောတယ် ... ကျွန်မကိုဟုတ်လား .. မဟောသီ ကို အဲဒီလိုဆွဲ ထုတ်ရာအခွင့်လို့ သတ်မှတ်လိုက်တာလား .."

မဟောသီ က အကြောက်အလန့်ကင်းစွာ ရန်ပြန်တွေ့၏။ ရွှေအိုး ဘားဆဲလက်ကို ဆောင့်ရုန်းလိုက်ကာ ရေသန့်ဘူးကိုလည်း လွှတ်ပစ် လိုက်၏၊ ပြီးတော့ ဦးချိန်းဘော မျက်နှာရှေ့ကို ရဲရင့်စွာလှမ်းသွားရင်း...

"လူတစ်ယောက်လုံးကို ငွေပေးပြီး သတ်ခိုင်းခဲ့တဲ့ ကျွန်မလို မိန်းမ မျိုးတို့ခြိမ်းခြောက်တိုင်းကြောက်သွားမယ်ထင်လို့လား၊ မကောင်း လုပ်တဲ့လူချင်း ဆရာအခေါ်ခံပြီး မာန်တက်မနေစမ်းပါနဲ့ .."

"ငါတို့က မကောင်းတာလုပ်နေတဲ့ မကောင်းတဲ့လူတွေပဲ၊ ဒါပေမယ့် သင်းဟန်ဆောင်ပြီး ကောက်ကျစ်ဖောက်ပြန်နေတဲ့ မင်းလိုမိန်းမ တွေထက်တော့သာတယ် .."

ဦးချိန်းဘော က ပြောနေရင်း မဟောသီ ကိုယ်ကို စုန်ချီဆန်ချီကြည့် ရင်းထင်မြင်သေးသောမဲ့ပြုံးနှင့် မျက်နှာလွှဲလိုက်ရင်း ...၊

"မင်းအရင်းတစ်ယောက်လုံး သေသလားရှင်သလားမသိတာ

www.burmeseclassic.com



တောင် သေသင့်တယ်လို့ တွေးနေမယ့်အစ်မမျိုး၊ သူများယောက်ျားကို
ခိုးယူပြီး မိန်းမကိုပါ ..”

“အဲဒါ ရှင့်ကိစ္စ ဘာပါသလဲ .. မိန်းမလိုမိန်းမရ အတင်းတုတ်
မနေနဲ့ .. ရှင်တို့ကို ကျွန်မ သွားတိုင်လိုက်ရင်ဘာတွေဖြစ်ကုန်မလဲ
သိတယ် နော် ..”

“သိပ်ကိုသိချင်ပါတယ် .. ငါတို့ ဘာဖြစ်မလဲဆိုတာရော မင်း
ဘာဖြစ်မလဲဆိုတာရောပေါ့ .. တိုင်လိုက်စမ်းပါ ရော့ ..”

“ဘုတ် ...”

သူမ လွှတ်ချထားသည့် ဆလင်းဘတ်ခ်ကို ဦးချိန်းသော က လွှဲ
ပြီး တံခါးဝဆီ တန်းရောက်သွားစေလျက် ...၊

“သွားကောက်ပြီး ပြန်တော့ .. နောက်ထပ် မင်းပါးစပ်က စကား
တစ်ခွန်းထပ်ထွက်လာရင် ရွှေအိုး မျက်နှာလည်း ငါ ထောက်ထားနေ
ဟုတ်ဘူး ..”

ဦးချိန်းသော ရဲ့ဒေါသကို မြင်လိုက်ရလျှင် မယောသီ မျက်နှာ
ဘား၏။ ပြီးတော့ သူမ ကိုယ့်အနာဂတ်အတွက် တွေးပူသွားမိကာ—

“ဆောရီးပါ .. ကျွန်မ စကားလွန်သွားတယ် ..”

ရွှေအိုး က ပြုံးကာ ဦးချိန်းသော က နှုတ်ခမ်းမဲ့၏။ သူတို့
ဗည 'လုံးသွားကြပြီလား ...၊

ထာဝရ အံကြိတ်ထားရင်း မျက်ရည်တွေ တလိမ့်လိမ့်စီးကျ
ကြ၏။



အခန်း (၂၉)

“တောက် ..”

“ဒုန်း ...”

“ဒေါသထွက်မနေနဲ့ ညီ .. ကိုကိုတို့ စိတ်အေးအေးထားနိုင်မှ နည်း
လမ်းရှာလို့ရမှာ ..”

ခရီးရောက်မဆိုက် သုတ မျက်နှာကလည်း နွမ်းလျသုန်မှုန်နေ၏။
ထာဝရ ကို သိန်းတစ်ထောင်နဲ့ လာရွေးရမည်။ ရဲကိုတိုင်လျှင် ပိုက်ဆံ
ရှေ့လျှင် ထာဝရ ကို သတ်ပစ်မည်ဟု ခြိမ်းခြောက်လာ၏။

ငွေ ဘယ်ကိုပို့ရမလဲဆိုတော့ ပေးရမည့်နေရာကို ပြီးမှ ဖုန်းဆက်
မည်တဲ့ ...။

“ကိုမောင် က ဒီအချိန်ကျမှ မအေကို ဘုရားဖူးလိုက်ပို့နေရသလား..”

“အဲ့ဒီလိုတိုက်ဆိုင်နေတာကိုပဲ ညီမ ကျေနပ်တာ၊ မမကြီးကိုလည်း
နည်းနည်းမှဂရုမစိုက်ဘူး၊ ကျွန်တော်တို့ကိုလည်း အလကားနေရင်း
ရန်လိုနေတယ်၊ ယောက်ျားက ဒီလိုမို့လို့ ယောက္ခမက မှန်မှန်ကန်ကန်
ရှိမလားကြည့်တော့ လူကြီးဖြစ်ပြီး အချိန်မစီးဘူး၊ ဒီသား ဘာလုပ်လုပ်
အားပေးအားမြှောက် .. တောက် ..”

“ညီ တော်တော့ .. ခုဖြစ်နေတဲ့ကိစ္စကိုပဲပြော ..”

www.burmeseclassic.com

www.burmeseclassic.com



"ပေးမှာပေါ့ .. မမကြီး အန္တရာယ်ရှိနေတာကို ဒီတိုင်းကြည့်
လို့ရမလား .. ဒါပေမယ့် လောလောဆယ် ကျွန်တော့်မှာ တစ်ထော
မရှိဘူး .."

"ကိုကို့မှာရှိတယ်၊ အဲ့ဒီကိစ္စကို အသာထားလိုက်၊ ကိုကိုတို့ ဒီတ
ငွေပေးရွေးလိုက်ရင် မမကြီးက သူတို့အတွက် ငွေတွင်းကြီးထပ်ဖြစ်
မှာပဲ၊ ငါတို့လည်း တကောက်ကောက်လိုက်ပြီး မစောင့်ရှောက်နိုင်
လေ၊ ပြဿနာရှိနေတာက အဲ့ဒီကိစ္စ .."

"ဟုတ်တယ် ကိုကို .. ညလေးကလည်း အလိုလိုကာမှ ဖြစ်
ချင်နေတာ .."

"မလုပ်နဲ့ ညလေး သိလို့လုံးဝမဖြစ်ဘူး၊ ကိုမောင် ဘယ်လို
ဖြစ် ခုကိစ္စမှာတော့ သူ့မိန်းမအတွက် စိတ်ပူမှာပဲ ပြောရမယ့်တာဝန်
ငါတို့မှာရှိတယ် .."

"ပြန်ပေးသမားက ညီတို့ဆီကိုပဲဖောင်းတာ၊ တော်ကြာ
တွယ်ကပ်နေတယ်ထင်လိမ့်မယ် .."

"အသိမပေးပြန်ရင်လည်း မမကြီးကို ငါတို့က ဆိုင်သာဆိုင်
မပိုင်ဘူးလေ .."

"ပိုင်ပိုင် မပိုင်ပိုင် ဘယ်လိုထင်ထင် ညီကတော့ ဂရုမစိုက်
သူ့ကိုလည်း ပြောဖို့မလိုဘူးလို့ထင်တယ် .."

"လိုတယ် ညီ .. ပြောမှဖြစ်မယ် .. ဒါမှလည်း သူ့စိတ်ရင်း
သိရမှာ .. ပြောသင့်ခဲ့တဲ့ စကားတစ်ခွန်းကို မပြောဖြစ်ခဲ့ဘူးဆိုရင်
စကားတစ်ခွန်းရဲ့တန်ဖိုးက အဲဒီနေရာမှာပဲ ပျောက်ဆုံးသွားတာ
ထပ် အခွင့်အရေးဆိုတာ ရှိမလာနိုင်တော့ဘူး .."

သုတ က အကြီးဗီဗီသေချာစဉ်းစားပြီး ပြောပြနေ၏။
မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခဲ့ရင်း ...၊

"စကားစမကျန်အောင် ပြောကိုပြောရမယ်၊ သူ ဘာလုပ်သင့်
ဆိုတာကို သိတာမသိတာ သူ့အပိုင်း .."



ထိုစဉ် ဖုန်းဝင်လာသဖြင့် ညီအစ်ကိုနှစ်ယောက်စလုံး လှုပ်လှုပ်ရှား
ရှားဖြစ်သွားကြသည်။

ရသ ကပဲ တယ်လီဖုန်းဆီပြေးကိုင်လိုက်ကာ ...၊

"ဟလို 'မိုးသောက်နေ' အထွေထွေဝန်ဆောင်မှုအာမခံကုမ္ပဏီက
ပါ .."

"သိတယ်လေ .. သုတ ဆိုတဲ့ တစ်ယောက်ကိုလည်းသိတာပဲ၊
အဲ .. ဦးသုတ ပေါ့နော် .."

ပြန်ပေးသမားတွေ ဆက်သွယ်လာပြီထင်ကာ သတင်းမျှော်နေသည့်
ထက်သန်မှုက မိန်းကလေးသံကြောင့် ရုတ်ချည်းလျှော့ကျသွားခဲ့၏။

"ခင်ဗျားက ဘယ်သူလဲမသိဘူး .."

"တို့က မဟေသီ .."

ရသ က သုတ ကို လှမ်းကြည့်လိုက်၏။ သုတ ကလည်း အနား
ရောက်လာကာ စပီကာခလုတ်ကိုဖွင့်လိုက်၏။

"မင်းတော့ သိမှာမဟုတ်ဘူး၊ ဒါပေမယ့် မင်းအစ်မ ထာဝရ ရဲ့
ဘေးမှာ လောက်တစ်ကောင်လိုကပ်တွယ်နေတဲ့ ခပ်ချောချောကောင်လေး
ကိုတော့သိမှာပါ .. မင်းခိုက် တဲ့ .."

သုတ က မသိပေ၊ ထို့ကြောင့် ရသ ကိုကြည့်ပြီး မေးဆတ်၏။
ရသ က ခေါင်းညိတ်လိုက်သည်။ မမကြီးရဲ့ ရုံးခန်းထဲမှာ အတွင်းရေး
မှူး အယ်လင် နဲ့ စားပွဲချင်းကပ်ရှိနေတတ်သော ဖြူဖြူချောချောလူရွယ်
တစ်ယောက် ...။

နာမည်တော့ သူလည်းမသိခဲ့ပါ။

"ဟော့ .. တို့ပြောတာ ကြားတယ်နော် .."

"အင်း .. ခင်ဗျား ဘာပြောချင်တာလဲ .."

"မင်းအစ်မအတွက် မင်း အခု ခေါင်းစားနေရတယ်မို့လား .."

ဟင်!...၊

သူတို့ မျက်ခုံးတွေပင့်တက်သွားကြသည်။ ဒီအမျိုးသမီးနဲ့ ပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



သမားတွေ ပတ်သက်မယ်လို့မထင်ခဲ့မိ ..။

"မင်း အစ်မက ငယ်ငယ်ချောချောကောင်လေးကိုမှ သာယာချင်တာကို၊ အဲ့ဒီကောင်လေးက သူ့ကိုဒုက္ခပေးတာပေါ့ .."

"ဘာ .. ခင်ဗျား ဘာပြောလိုက်တာလဲ .."

"အဲဒီကောင်က တို့ကိုလည်း ဒုက္ခပေးခဲ့တာပဲလေ၊ သူက မိန်းကလေးတွေအကြိုက်ဖြစ်နေတော့ .."

"ဒီမှာ ဒေါ်မယောသီ မိန်းကလေးတွေအကြောင်းရော ခင်ဗျားအကြောင်းရော ကျွန်တော် မသိချင်ဘူး .."

"မသိချင်လို့မရဘူးလေ .. အခု မင်းအစ်မကို လူဆိုးတွေနဲ့တိုင်ပင်ပြီး ပြန်ပေးဆွဲဖြစ်အောင် ယုတ်မာသွားတာ အဲ့ဒီကောင်လေးပဲ၊ မင်းတို့မောင်နှမတွေ ဘယ်လောက်ချစ်ကြတယ်ဆိုတာ သူက အတွင်းသိအစင်းသိဖြစ်သွားတော့ အနီးကပ်လုပ်ကြံသွားတာပေါ့ .."

"အခု သူတို့ဘယ်မှာလဲ ခင်ဗျားသိသလား .."

"မသိဘူး .."

"မသိဘဲနဲ့ ဖုန်းဆက်တာက ဘာလုပ်တာလဲ .."

"ဩော် .. ဒေါ်သကြီးလှချေလား၊ မင်းတို့ ရန်သူကိုမသိဘဲ ဆင်ကန်းတောတိုးဖြစ်နေတာ မဆိုးဘူးလား ..၊ ပြီးတော့ အဲ့ဒီကောင်လေးက မြာပွေတယ်၊ မင်းတို့ငွေကိုရပြီးလည်း ထာဝရ ကို ချမ်းသာပေးမှာမဟုတ်ဘူး .."

"ဒါဆို အဲဒါတွေကိုသိနေတဲ့ခင်ဗျားလဲ တစ်နေရာကနေ ပါဝင်နေမှာပဲ .. ခင်ဗျား .."

"ဟား .. ဟား .. ဟား .."

သူမက ရယ်နေကာ ..၊

"ဖြစ်ရလေဟယ် .. စေတနာနဲ့ သတင်းပေးနေတဲ့သူကို ဒီမှာ နင်တို့ဘာမှမသိပေမယ့် သူ့တို့လှုပ်ရှားနေတာကို မြင်တဲ့တွေ့တဲ့လူ ရှိနေတော့ဘူးလား .. အဲဒီလူက မင်းနိုက် ဒုက္ခပေးခံထားရတဲ့ ငါဖြစ်နေသို့



သာ မင်းတို့သိရတာ ကျေးဇူးတင် .."

အားပါးတရကြီး ပြန်ပြောပြီး အသံတိတ်သွားသည်။

"ဟလို .. ဟလို .."

"သူ ဖုန်းချသွားပြီ ညီ .."

"မချသေး ..."

ပြောတုန်းမှာပဲ ချပစ်လိုက်သဖြင့် ရသ ကျွတ်ခနဲရှုံ့မဲ့သွားသည်။ ပြီးတော့ ဖုန်းကို ဝှတ်ခနဲချပစ်လိုက်ကာ ..၊

"ဒီမိန်းမသိတယ် .. အဲ့ဒီကိစ္စကို သေချာကိုသိနေတာ၊ ဘယ်လိုမိန်းမလဲမသိဘူး .."

"သူ မပါဘူးဆိုရင်တော့ ဒီလိုဖြစ်သွားတာကိုကျေနပ်အားရနေတဲ့မိန်းမပဲ .. ကိုကိုတို့ သူ့ဆီက ဘာသတင်းမှရမှာမဟုတ်ဘူး .."

"လူတွေက ညီတို့ကို ဘာဖြစ်လို့မုန်းနေတာလဲ ကိုကို .. ညီ အဲဒါကို နားကိုမလည်တော့ဘူး၊ မိဘမဲ့တွေဖြစ်ခဲ့တာ၊ မမကြီးနဲ့ ကိုမောင်ယူခဲ့ရတာ၊ အဲ့ဒီအဖြစ်တွေက ဘာဖြစ်လို့ ကျွန်တော်တို့တစ်ဘဝလုံးကို အုပ်မိုးနေရတာလဲ၊ ကျွန်တော်တို့ ဒီဘဝမျိုးကိုရအောင်ကြိုးစားခဲ့တာ တခြားလူတွေထက် အများကြီးပင်ပန်းခဲ့တာပါ .."

"ညီရာ .."

သုတ မျက်နှာလည်း နီမြန်းလာခဲ့သည်။ ရသ ငိုသံတွေပါလာတော့ ပခုံးကို အသာဖက်ထားလိုက်ရင်း ကိုယ့်မျက်လုံးတွေ နီရဲနေမှာကို အရင် ဖျောက်ဖျက်နေရသည်။

ရသ ကတော့ သူ့ထက်အငယ်ဖြစ်သည့်အတိုင်း နေရာတကာ နူးညံ့လွန်းသူလည်းဖြစ်ရကာ ဒေါသထွက်ရင်လည်း တော်ရုံဆို မထိန်းချုပ်နိုင် ..။

အတိတ်က မကောင်းခဲ့တဲ့အရာရာနဲ့ ပတ်သက်လာတိုင်းလည်း ခံနိုင်ရည်နည်းခဲ့၏။

"ကိုကိုတို့က ယောကျ်ားတွေပဲကွ .. မကောင်းတာကိုထပ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တွေးပြီး တွေးမိတိုင်းခံစားနေရင် ခဏခဏပေါက်ကွဲနေမယ်၊ ခဏခဏ နာကျင်နေရမယ်၊ ဘာဖြစ်ဖြစ် ထိန်းချုပ်နိုင်ရမှာပေါ့ ..."

"ထိန်းချုပ်ခဲ့တာပဲ ကိုကို .. မမကြီး ကျွန်တော်တို့အတွက်နဲ့ အများကြီးရင်ဆိုင်ခဲ့ရတာ လူ့ဘုံအလယ်မှာ အများနည်းတူရပ်တည်နိုင်ဖို့ ခေါင်းဆောင်လမ်းပြခဲ့ရတယ်၊ ဒါပေမယ့် ဖြစ်ချိန်တန်တဲ့အချိန်မှာ ဖြစ်မလာခဲ့ဘူး၊ အဲဒါ ပတ်ဝန်းကျင်ရဲ့ ဖယ်ကျဉ်မှုတွေကြောင့် ကျွန်တော်တို့ မောင်နှမ ..."

"တကယ်တော့ အရှုံးဆိုတာကမှ ဘဝရဲ့ အနှစ်သာရပါ ညီလေးရာ၊ အခု ကိုကိုတို့ ဒါတွေကို ဖြတ်သန်းနိုင်ခဲ့ပြီပဲ ..."

"မဟုတ်ဘူး ကိုကို .. မမကြီး ခုလိုကြံစည်ခံရတာ လူမုန်းခံရတာပဲ၊ ပြီးတော့ အစတည်းက အဆင့်အတန်းခွဲပြီး မတူမတန်ဆက်ဆံခဲ့တဲ့ ကိုမောင် တို့ရဲ့ ဥပေက္ခာနဲ့လည်းဆိုင်တယ် ..."

သုတ အံကြိတ်ထားလိုက်ရင်း တစ်ဖက်လှည့်လျှောက်သွားမိ၏။ ကိုမောင် နဲ့ ပတ်သက်လာရင်တော့ သူ့ရင်ထဲမှာလည်း ပျောက်ပျက်ချေ ဝင်ဖို့မလွယ်သော အစိုင်အခဲက ထုနဲ့ ထည်နဲ့ပါ။

"မမကြီးကို သူပစ်ထားတာ .. ဒါကြောင့် ပတ်ဝန်းကျင်ရဲ့ မလေး စားမှုကို မမကြီးခံရတာ ..."

"အဲဒါ ကိုကို့အပြစ်လဲပါတယ် ညီ .. သည်းခံလာခဲ့ရတာတွေ ဘဝနဲ့ ချီလာတော့လည်း ကိုကို မခံနိုင်တော့ဘူး၊ ဒါကြောင့် ပြိုင်လာရင် နိုင်ဖို့ပဲ ကြိုးစားတယ်၊ မိန်းမတွေနဲ့ သာယာမှုရှာပြီး စီးပွားရေးလောကနဲ့ သေားမှာ ထွက်ရပ်နေတဲ့သူက ရှုံးတော့လည်း မခံနိုင်ဘူး ..."

'ဒီလိုကောင်စားတွေကများ' ဆိုသည့် မာနက မိုးထိမြင့်ကာ ကွက်မှာတွေကြတဲ့ ရန်သူတွေလိုဖြစ်လာခဲ့တာကြာပြီဖြစ်၏။

"အဲဒါ ကိုကို မမှားပါဘူး၊ သူက ညီတို့ကို ခေါက်ဖြတ်ဖို့အတွက် တမင်လက်ဝင်ဝင်လျှိုတာ၊ မမကြီးနဲ့အတူတူ အလုပ်လုပ်နေရင် ညီတို့ နဲ့ ဒီလိုဖြစ်ဖို့မရှိဘူး၊ ဒီလူ့ကို ကျွန်တော် မကျေဘူး၊ ခု ဖုန်းကွန်တက်ပေး



ရတာနဲ့ ..."

"မလုပ်နဲ့ဦး ညီ – ခုချိန်မှာ ကိုကိုတို့ကိုပဲ သူအပြစ်တင်မှာ၊ သူက ဒီမှာမရှိတဲ့သူ၊ ကိုကိုတို့ရှိနေသားနဲ့ မမကြီး ခုလိုဖြစ်ရတာ ကိုကိုတို့ တာဝန်မကင်းဘူး ..."

"မမကြီးက သူ့မိန်းမပဲ ကိုကို .. ကိုကိုပဲပြောတော့ ညီတို့က ဆိုင်သာဆိုင်တာဆို ..."

ဒီစကားကို သုတ မဖြေရသေးခင် ဖုန်းဝင်လာခဲ့၏။ ဒီတစ်ခါ သုတ က အရင်ကောက်ကိုင်လိုက်ပြီး ...

"ဟလို ..."

"ကိုသုတ လား ..."

"ဟုတ်ပါတယ် .. ခင်ဗျားက ဘယ်သူ ..."

"ထာ .. ထာဝရ ကို ကြည့်မြင်တိုင် (×××)မှာ ချုပ်ထားကြတယ်..."

"ဟင် .. ဟုတ်လား .. ခင်ဗျား ဘယ်သူလဲ၊ ဒီသတင်းသေချာလား သူတို့က ရဲမတိုင်ရဘူးပြောထားတယ်၊ ပိုက်ဆံတောင်းပြီး ပေးရမယ့် နေရာမပြောဘူး ..."

"မပေးနဲ့ .. အခု .. ခု .. ရဲခေါ်ပြီး ..."

"ဟော့လို့ .. ခင်ဗျား ဘာဖြစ်နေတာလဲ .. ကျွန်တော်တို့က ..."

ပြောသင့်သလောက်တော့ပြောလိုက်ပြီမို့ ခိုက် နောက်ထပ်အားမစိုက် နိုင်တော့ဘဲ ဖုန်းက လက်ထဲကနေလွတ်ကျသွားသည်။

လူက မတ်တတ်ရပ်နိုင်ပေမယ့် ခြေထောက်တစ်ဖက်က ဒရွတ်ဆွဲ နေ၏။ အသက်ရှူလိုက်တိုင်း မျက်လုံးတွေပြာအောင် အောင့်သည့်ရင်ဘတ် ကို ဖိထားလျက် ...၊

"အား ..."

တိုက်ခန်း၏ နောက်ဖေးတံခါးကိုဖွင့်ဖို့ကြိုးစားရင်း အသားတွေ ဆတ်ဆတ်တုန်၏။ အထဲမှာ ဘာတွေဖြစ်ပျက်နေပြီမှန်း သူ မသိသော် လည်း အထာ အတွက် ကောင်းကျိုးဖြစ်ဖွယ်မရှိသည့်နေရာမို့ အချိန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပွပန်နေမိသည်။

ထို့ကြောင့် သူ့ကို လူတွေဆေးရုံပို့ပေးကြပေမယ့် သွေးထွက်သံယို တွေကို ပတ်တီးစည်းတဲ့အထိ အပြီးမှာ လစ်ထွက်လာခဲ့တာဖြစ်သည်။

ဒီနေရာကို သူ သေချာပေါက်တွက်မိသည်က မယောသီ နောက်ဆုံး အရစ်ငွေချေဖို့အတွက် ကြည်ဖြူမောင် ဆီ ဖုန်းဆက်နေစဉ် နေရာလိပ်စာ အကုန်လုံးကို ကြားထားခဲ့၏။

သူ့ဘက်မှာ အမြဲတမ်း သာကွက်ဖြစ်နေရခြင်းသည် မယောသီ ဘာလုပ်လုပ် သူ သိခွင့်ရနေခြင်းဖြစ်သည်။ သူ မသိအောင် သူမဘက်က လျှို့ဝှက်သမျှ သူ သိစေသည့်အကြောင်းတွေချည်း ဖြစ်နေခဲ့တာ သူမက မသိပေ ..။

ရွှေအိုး နဲ့ မယောသီ ပါဝင်နေတည်းက နေရာရွေးချယ်မှုမှာ ဒီနေရာ အပြင်မရှိနိုင်ဘူးဆိုတာ သေချာတွက်မိခဲ့၏။ ဦးချိန်းသော တို့အတွက်က ထောင်ထွက်တွေဖြစ်နေသည့်အပြင် သူတို့မှာလည်း လုပ်ပိုင်ခွင့်ဘာမှ မရှိသလောက်ဖြစ်နေရာ ....

"ဒုန်း ..."

အထဲကိုကျော်ဝင်လိုက်ကာမှ နောက်ကျန်ရစ်သည့်ဒဏ်ရာနဲ့ ခြေ ထောက်က ဆင့်ထားသော ဆေးပုံးခွံတွေကို တိုက်မိသွားခဲ့ပြီး ..၊

"ဟား .. ဟား .. ဟား .."

"တော်တော်လာတာကွ .."

အပြင်မှာ ရမ္မက်မှောင်ဖုံးနေသောရယ်သံတွေနှင့် အထဲက အသံကို သတိမထားမိကြပေ ..။ နောက်ဆုံးမှာ ရစ်နေသည့်တစ်ယောက်ကာဝဲ အထဲကိုလှည့်ကြည့်ပြီး မသင်္ကာသည့်မျက်နှာဖြစ်သွားကာ ..၊

"ဟေ့ကောင် .. မင်း နောက်မှာ အစောင့်ချမထားဘူးလား .."

"ရှိပါတယ်ဆို မင်းကတစ်မျိုး၊ ဟိုမှာ ပွဲတော်ကျမြည်းဖို့အာရုံစိုက် စမ်းပါ .."

ဦးချိန်းသော ရဲ့ တပည့်တွေလက်တပြင်ပြင်ဖြစ်နေကြ၏။ ဦးချိန်းသော



က ခုချိန်ထိ ထိုင်ရာမထသေးပေ ..။ သူ့ရဲ့ လက်ရုံးနှစ်ယောက်က ထာဝရ ရဲ့ အပေါ်ထပ်ကုတ်အင်္ကျီကို ဆွဲချွတ်ပစ်လိုက်ပြီး ရောက်ချင်ရာရောက် လွှင့်ပစ်၏။

"မိန်းကလေးတွေ မြန်မာဝတ်စုံဝတ်ထားရင် ဘာဖြစ်လို့ ဒီလောက် လှတာလဲ .. ရွှေအိုး .. ကြည့်စမ်း .."

နှုတ်ခမ်းမွှေးနဲ့ မေးဖျားကိုပွတ်၍ ကြိုးတုပ်လျက် မတ်တတ်ရပ် ထားသည့်မိန်းကလေးတစ်ယောက်ကို ရိုင်းစိုင်းသည့်အကြည့်တို့နှင့်..၊

"ဟေ့ .. ဟိုနံရံက ကိုယ်လုံးပေါ်မှန်ကို ခွာချစမ်း၊ သူ့နောက်မှာ ထောင်ထားလိုက် .."

ရွှေအိုး ရုတ်တရက် နားမလည်ပေမယ့် တပည့်တွေက ဆရာ့ အထာ ကို သိနေကြသဖြင့် ပျာပျာသလဲလှုပ်ရှားကြ၏။

"ဟုတ်တယ် .. ဟုတ်တယ် .. ဒါမှ လိုကားရှင်းကပြည့်စုံမှာ .."

"ဟား .. ဟား .. ဟား .."

ယောကျ်ားတွေပတ်လည်ဝိုင်းနေသောအလယ်မှာ ထာဝရ ရှက်လွန်း သဖြင့် ဒူးတွေညွတ်ကျမတတ်ဖြစ်နေခဲ့၏။ တစ်ယောက်က သူမကိုယ် ကို နောက်ကနေ ဖက်၍ထိန်းချုပ်ထားကာ ...၊

"ဘယ်လိုလဲ အာစရိ .. စရတော့မလား .."

"နေ .. နေ .. နေပါဦး .. ငါ ထောင်နန်းစံနေရတာ ဒီလိုလေး အမော မပြေရတာကြာပြီ၊ သူ့ရဲ့ဝတ်စုံထဲက အလှတွေကို ထွင်းဖောက်မြင်နိုင် အောင် အာရုံစိုက်ချင်သေးတယ်၊ ပြီးမှ အထဲကအလှတရားလေးတွေကို သူ့ရဲ့ ကိုယ်ရုံလွှာတွေ တစ်လွှာချင်းချွတ်ပြီး .."

"လူယုတ်မာတွေ .. နင်တို့လောက် ရွံ့ဖို့ကောင်းတာမရှိဘူး .."

"ဟား .. ဟား .. ဟား .."

"ငွေလည်းတောင်းတယ် .. လူကိုလည်းဖျက်ဆီးဖို့ကြိုးစားတယ်.."

"ဖျက်ဆီးမှာမဟုတ်ပါဘူး .. မင်းယောကျ်ားဆီက မင်းမရခဲ့တာ တွေ တို့အားလုံးက ဖြည့်ဆည်းပေးမလို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ထွီး ...."

"ဟား .. ဟား .. ဟား .. ဒေါသတွေဖြစ်နေတာလည်း လှတာပဲကွာ .. ဟော့ .. မှန်ထောင်တာ မပြီးနိုင်ဘူးလားကွ .."

"ပြီးပြီဆရာ .. ရပြီ .."

"အာစရိ .. ကျွန်တော် စခွာတော့မယ် .."

"နေပါဦး .."

ရွှေအိုး က မရဲတရဲဝင်တားကာ ...

"ဆရာချိန်း သေချာစဉ်းစားပါဦး .. ငွေတောင်းပြီး ကျွန်တော်တို့ ကိုယ်ယောင်ဖျောက်လိုက်ကြရင် လွယ်ပါတယ်၊ လူကိုထိရင်တော့ ပြဿနာကြီးသွားမယ်ထင်တယ်နော် .."

"ဟကောင်ရ မင်းရဲ့ မယောသီ ကပဲ သိန်းတစ်ရာပေးမှာလေ၊ သူ့ကျေနပ်အောင် ငါတို့ရဲ့ ပုံရိပ်လေးတွေပို့လိုက်ရမှာ မဟုတ်ဘူးလား .."

"ဆရာချိန်း ရယ် .. သိန်းတစ်ထောင်လာပေးမယ့်ကောင်တွေကိုတောင် ကတိမတည်ဘူးဆိုမှတော့ သူ့ကိုလည်း ဂရုစိုက်ဖို့မလိုပါဘူး၊ ကျွန်တော်ပြောတာက အားလုံးပဲ အသွားကျပ် အစားကျပ်ဖြစ်ကုန်မှာစိုးလို့ပါ .."

"အဲဒါ ငါတို့စီစဉ်ပြီးပါပြီကွာ .. မင်း သိပ်ကြောက်နေရင် ခုကစပြီး ပါးစပ်ပိတ်ထွက်နေလိုက်ပေါ့၊ ငါတို့ကတော့ ဒါလေးနဲ့တစ်ခါလောက် ပျော်ပါးရမယ်ဆို ဘာဖြစ်ဖြစ် သေပျော်တယ်ကွာ .."

ဦးချိန်းဘော က အရူးရင့်နေသည်။

"အိုခေ .. ရယ်ဒီဟော့ .."

"ရယ်ဒီပဲ အာစရိ .. ဟဲ .. ဟဲ .."

"ရှင် .. ရှင် လွှတ် .."

"ဟာ .. ငြိမ်ငြိမ်နေစမ်းပါ .. ကဲဟာ .."

"ဗြီး ..."

"အား ..."



အကျီရင်ဘတ်က အပေါ်ပိုင်းပါးသားလေးသည် ပခုံးဆက်ကနေ ရင်ညွန့်ထိ စုတ်ပြဲပါသွားခဲ့၏။ ကွယ်ဝှက်ထားရအောင် လက်တွေကို ချုပ်ခံထားရ၏။

ထိုင်ချလိုက်ဖို့ကျတော့ နောက်ကနေ ရှပ်သေးကြိုးခွဲသလို ဖက်ချုပ်ပြီး အသေကိုင်ထားသည်။

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

အကျီပြဲစကို အလံထောင်သလို လက်မြှောက်ပြပြီးမှ လွှင့်ပစ်၏။ ပြီးတော့ ဝါးလုံးကွဲရယ်နေကြကာ ....

"လုပ် .. လုပ် ဆက်လုပ်လေ .. တားမြစ်နယ်မြေကိုကျူးကျော်ဝင်ရောက်ခြင်းက စိတ်ဝင်စားဖို့ကောင်းတာ .."

"ဟီး .. ဟီး .. လှလိုက်တာ ရွှေရောင်လိုအဲသားဝင်းကလေးနဲ့ .."

ခပ်လှမ်းလှမ်းမှာရပ်နေကြသည့်လူတွေက ထိကိုင်ချင်သလိုမျိုး လက်ချောင်းတွေကို ဆုပ်ချီဖြန့်ချီလုပ်၍ ဓာတ်တွေးမျိုးချနေကြသည်။

အထာ မျက်လုံးတွေစုံမှိတ်ထားကာ အံတင်းတင်းကြိတ်မိ၏။ ထိုအချိန်မှာ နာကြည်းရဆုံးဟာ ကိုမောင် ဆိုသည့် ယောကျ်ားပဲဖြစ်ကာ ဖြန့်ပေးသမားတို့ သူ့ဆီကို မဆက်သွယ်ဘဲ သူတ တို့ဆီကသာ ငွေတောင်းခဲ့ကြ၏။

သူမက ဘာလဲ .. ကိုမောင့် အတွက် သူမက ဘယ်နေရာမှာလဲ...

"ငါက မယောသီ .."

ဆိုသည့် မိန်းမ ...၊

သူမ ဒီလောက်အဖြစ်ဆိုးရအောင် အမုန်းကြီးသော မယောသီ ရင်ထဲက မနာလိုခြင်းတို့မြစ်ဖျားခံရာသည် ...၊

"မျက်လုံးတွေ မှိတ်ထားတော့ မင်း မျက်လုံးလေးတွေ ပိုလှပျက်သားပေါ့ကွာ .."

ဦးချိန်းဘား နေရာမှထလာပါပြီ၊ အထာ ကြောက်လန့်ရှက်ရွံ့ကာ

www.burmeseclassic.com



တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာ၏။ မေးဖျားကိုကိုင်၍ မျက်နှာကို ပင့်ယူလိုက်သည့်ခဏမှာ ကိုယ့်လျှာကို ကိုက်၍ သေကြောင်းကြံစည်လို့ရတာကို သတိရသွားသည်။

သို့သော် ...၊

"ခွမ်း ..."

"ဟာ ..."

"ကွဲပြီ ..."

ကိုယ်လုံးပေါ်မှန်ချပ်ကြီး အစိတ်စိတ်အမွှာမွှာကွဲကျသွား၏။ တရားခံသည် ကျောက်ငရုတ်ကျည်ပွေ့လေးဖြစ်လျက် ...၊

"ဘယ်ကောင်လဲကွ .."

"ကျုပ်ပဲ .."

အားလုံးလှည့်ကြည့်လိုက်ကြလျှင် မင်းခိုက် သည် ခေါင်းမှာ ပတ်တီးတစ်ချက် လည်ပင်းတစ်ဖက်နားမှာ မြင်နေရသော ဘယ်နေရာမှာ သိုင်းစည်းထားမှန်းမသိသည့် ပတ်တီးအစွန်းအစတစ်ချို့နှင့် ရယ်နေပုံက ခပ်နဲ့နဲ့ ...၊

"မင်းခိုက် .."

"မင်း မသေသေးဘဲကိုး .."

"အသက်ကလည်း ပြင်းပါ့ကွာ .."

"ဟား .. ဟား .. ဟား .."

အားလုံးက ချိနဲ့နဲ့ရောက်လာသည့် ခိုက် ကို ဝိုင်းဝန်းလှောင်ရယ်ကြ၏။ ခိုက် ကိုယ်တိုင် သူ့အခြေအနေသူသိနေသည်။ ဒီလူတွေလက်ထဲမှာ သူ့ခန္ဓာကိုယ် ဖွဲ့အိတ်ကြီးဖြစ်တော့မှာ သေချာနေ၏။

တကယ်ဆို သူ ထွက်ရင်ဆိုင်ဖို့လည်းမဟုတ်သေးပေ ...။ သူတို့ကို ဒီမှာ တကယ်တွေ့မှ သုတ တို့ကို အကြောင်းကြားနိုင်မှာမို့ အကြောင်းကြားပြီး တစ်နေရာကနေ စောင့်ကြည့်နေဖို့ဖြစ်သည်။

ဒါပေမယ့် စိုးရိမ်သည့်စောကြောင့် ကျူးကျော်ဝင်ခဲ့မိသည်။ နောက်



က အစောင့်ကို အနိုင်ယူနိုင်ဖို့လည်း ကြိုးစားခဲ့ရသေးသည်။

ထို့ပြင် သူသာ ဆက်လက်ခိုအောင်းနေလျှင် ထာဝရ ဘဝပျက်တော့မှာကို သိလိုက်ရသဖြင့် ...၊

"ကျုပ် အစ်မနဲ့ စကားပြောမယ် .. ဘယ်မှာလဲ .."

"ဘာကွ ..."

"လာသေးတယ်ကွာ .. ဟား .. ဟား .. ဟား .."

ရယ်ကြပါစေ သူတို့နဲ့ရင်မဆိုင်ရဘဲ အချိန်ဆွဲထားလိုက်နိုင်ဖို့အတွက် သူတို့လှောင်ရယ်စရာတွေပဲပြောပေးနေရမှာဖြစ်ကာ ...၊

"ဒီကိစ္စမှာ သူပါမှန်း ကျွန်တော်သိတယ် .."

"သိပ်ပါတာပေါ့ .. မင်းအစ်မက ဒါရိုက်တာကြီးလေ .. ငါတို့က တစ်ကျွန်းပြန်ကြီးတွေပေမယ့် လောလောဆယ် လှုပ်ရှားဖို့နယ်ကျဉ်းနေသေးတော့ သူကပဲ ဆရာမကြီးပေါ့၊ ဒါပေမယ့် မင်း သူနဲ့ ညှိဖို့မကြိုးစားနဲ့ အလကားပဲကွ .. သူက မင်း ဆေးရုံမှာသေပြီဆိုပြီး ဝမ်းသာနေတာ .."

"သူ ဘယ်လိုသဘောထားထား ကျွန်တော်ကတော့ တားရမှာပဲ၊ သူ့ကို ရှေ့ဆက်မကြံစည်ဖို့သတိပေးထားပြီးသား .."

"ဘာလဲ .. မင်း စားကျက်လုမှာစိုးလို့လား .."

"ဘာဖြစ်ဖြစ်ပါ .. အခု သူ ဘယ်မှာလဲ .."

"သူ့ကိုတွေ့တော့ ဘာလုပ်မှာလဲ .. ဒီကောင်မလေးကို ပွဲတော်တည်ဖို့အတွက် ငွေနဲ့တကွ လာအပ်သွားပြီးပြီ၊ မင်း ဘာဖြစ်ချင်တာလဲ ...ငါ့ကိုပြော .."

ခိုက် မျက်လုံးတွေ ထာဝရ ဆီ ရောက်သွားသည်။ သူမ မျက်နှာငယ်ချာ ပခုံးလေးဆတ်ဆတ်တုန်နေသဖြင့် ရင်ထဲမှာနင့်သွား၏။ ထိုအခြင်းမှာ ကြောက်ရွံ့စိုးထိတ်တာတွေ ဘာမှမရှိတော့ဘဲ ကိုယ်ပေါ်က လက်ကောင်ထို ချွတ်လိုက်ပြီး သူမရှိရာကိုသွား၏။

တပည့်တွေလှုပ်လှုပ်ရှားရှားဖြစ်ကုန်လျှင် ဦးချိန်မသာ က လက်



www.burmeseclassic.com

www.burmeseclassic.com



ပြတားလိုက်ပြီး အပြုံးမပျက်ကြည့်နေလျက် ...၊

"ပုံစံကိုလည်းကြည့်ပါဦး .. မင်းတို့ကောင်ကို .. ဟား .. ဟား"

"ခွေးနှာ လှည်းနင်းထားတာနဲ့ တူတယ် .."

"သူကများ ဟီးရိုးဝင်လုပ်ချင်လို့ .."

"ဟား .. ဟား .. ဟား .. နောက်ကတစ်ချက်လောက်ဆောင့်ကန်လိုက်ရရင် အပုံလိုက်ကျသွားမယ့်ကောင် .."

ပြောချင်ရာပြော တကယ်တမ်းပြေးကန်ရင်လည်း သူ ရှောင်နိုင်မှာမဟုတ်ပေ ...။ နောက်ကို တစ်ချက်မှ ဂရုမစိုက်တော့ဘဲ ထာဝရ ရဲ့ ပခုံးပေးမှာ အကျီတင်ပေးလိုက်ပြီး လက်နှစ်ဖက်စကို ရင်ဘတ်ပေါ်မှာ ချည်ပေးလိုက်သည်။

ထိုအချိန်မှာ မော့ကြည့်လာသော အထာ ရဲ့ မျက်ရည်တွေနဲ့ မျက်ဝန်းလေးတွေကြောင့် သူတစ်ဘဝလုံး ဆိုးခဲ့မိုက်ခဲ့သမျှအတွက် ရင်နဲ့မဆံ့သာ နောင်တကြီးစွာဖြစ်ခဲ့ရရင်း ...၊

"ကျွန်တော့်ကို ခွင့်လွှတ်ပါ .."

သူ တိုးတိုးတိတ်စွာပြောမိသည်။ စိတ်ကြောင့် လူက ကျားနာတစ်ကောင်လို ထဖြစ်ကာ အံတင်းတင်းကြိတ်၍ ...၊

"ဟ .. ဟေ့ .."

"ခွပ် ..."

အထာ ကို ချုပ်ထားသူ၏ ခါးကြားထဲက ဓားကိုဖျတ်ခနဲဆွဲယူလိုက်ကာ ပျာယာခတ်သွားသည့် ထိုသူကို တစ်ချက်တည်းနှင့် မှောက်သိပ်ပေးလိုက်၏။

"ခွေးသူတောင်းစား .."

"ဟော့ .. ဟော့ .. အေးဆေးကြည့်နေကြစမ်း၊ သူ့အစွမ်းရှိသလောက်လုပ်ပါစေ .. ဟဲ .. ဟဲ .."

ဦးချိန်းဘော ၏ အပြုံးကြီးသော မျက်လုံးတွေက မီးတောက်နေကာ နှုတ်ခမ်းကတော့ ပြုံးနေဆဲ ...၊



"သူ ဘယ်လောက်ထိ လက်စွမ်းပြနိုင်မှာမို့လို့လဲ .. မင်းတို့ကြည့်နေကြ .."

ခိုက် က အထာ ကိုယ်က ကြိုးတွေကို ဓားနဲ့ဆွဲဖြတ်ပစ်လိုက်ပြီး သူ့နောက်မှာ ပို့ထားလိုက်ကာ ...၊

"တစ်ခုခုဆိုရင်တော့ ကိုယ့်အရှက်ကိုကာကွယ်နိုင်အောင် အဆင်သင့်ပြင်ထား .."

သူကိုင်ထားသည့်ဓားကို သူမလက်ထဲ နောက်ပြန်ထည့်ပေး၍ သတိပေးလိုက်ရင်း ဦးချိန်းဘော ကို ရင်ဆိုင်ကြည့်၍ ...၊

"ခင်ဗျားတို့ ငွေလိုချင်ရင် ကြိုက်သလောက်တောင်းယူပါ၊ သူတို့ဖြသနာမရှာဘဲပေးပါလိမ့်မယ် .. လူကိုမထိပါနဲ့ .."

"ဟေ .. ဟား .. ဟား .. ဟား .."

ဦးချိန်းဘော က ရယ်ရင်းပြန်လှည့်လျှောက်လာ၏။ ထိုခဏအတွင်းမှာ ခိုက် အသက်ရှူမှားနေပြီဖြစ်သည်။

အထာ ကို ကာကွယ်လိုစိတ်ကြောင့် ဟန်ဆောင်နေရခြင်းသာမရှိခဲ့လျှင် သူ ဟပ်ထိုးလဲတော့မှာသေချာသည်။

လျှောက်လာသည့် ဦးချိန်းဘော ရဲ့ ကိုယ်ကြီးက နှစ်ဆလောက်အားထွက်ပြီးကြီးမားနေကော သူ့ဆီကို တဆွဲဆွဲခုန်ပြီး လာနေသလို အာရုံတွေက ဝေဝါးလာ၏။

"မင်း ငါ့လူကိုလည်း လက်စွမ်းပြပြီးပြီ၊ လူကမကျိုးမစွမ်းနဲ့ ငါ့ကိုသည်း ဆရာကျနေသေးတယ်၊ မင်းကို ခွင့်လွှတ်နိုင်စွမ်း ငါ့မှာကုန်သွားပြီ မင်းခိုက် .."

"အာစရိ ဖယ်ပါ .. ကျွန်တော်တို့ လှဲသိပ်ပေးပါ့မယ် .."

ဦးချိန်းဘော က လက်ကာ၍ ...

"ငါ့လက်နဲ့ ဆုံးမရမှာပေါ့ .. ဒီကောင် ငါ့အစာကိုပုတ်ချခဲ့တာ သွေးများပြီ .."

ပြောနေရင်း နီရဲဘင်းမာလာသည့် ဦးချိန်းဘော မျက်နှာကြီးကို

www.burmeseclassic.com

www.burmeseclassic.com



နိုက် မသဲကွဲတော့ပေ ..။ ထိုစဉ် ဖောင်းခနဲ မီးပွင့်သွား၏။

"ရှင်တို့ အရှက်မရှိကြဘူးလား .. ဒီလောက် ဒဏ်ရာတွေရနေတဲ့ လူကို .."

မျက်နှာကို တစ်ချက်ပဲထိုးရသေးသည်။ နဖူးက သိုင်းစည်းထား သည့် ပတ်တီးကနေ သွေးစိမ်းရှင်ရှင်တွေ စီးကျလာကြ၏။

"ဟား .. ဟား .. ဟား .. ဒဏ်ရာရနေမှပိုကြည့်ကောင်းတာပေါ့ မင်းလည်း လှလှပပလေး ဘဝကူးချင်ရင် ပါးစပ်ပိတ်နေလိုက် .."

"ဘုန်း ..."

"အင့် ..."

"တော်ပါတော့ .. မလုပ်ပါနဲ့ .."

အထာ အသံပြာအောင် အော်ပေမယ့် အသံက ကျယ်လောင်စွာ မထွက်နိုင်၊ သူ့နောက်ကနေ ရှေ့ကိုတက်ဖို့ ခြေလှမ်းပြင်တာနှင့် နိုက် က သူမ လက်တစ်ဖက်ကို လက်ပြန်ဆုပ်ထားပြီး ဖိဆွဲ၏။

ရှေ့မထွက်ဖို့ တားဆီးတာမှန်းသိပေမယ့် သူ တဖြည်းဖြည်း နွ ညွတ်ကျသွားတာကို အထာ ကြည့်မနေနိုင်တော့ပေ ..။

သူ မတတ်နိုင်တော့ရင် သူမလည်း လွတ်မြောက်မှာမို့လို့လား ..

ထို့ကြောင့် သူ ဆုပ်ကိုင်ထားသည့်လက်ကို ဆောင့်ခါချ ရှေ့ကနေ ကာကွယ်ရပ်လိုက်၏။

"ရှင် သူ့ကိုထပ်မထိနဲ့ .."

"အိုး .. ဟိုး .. ဟား .. ဟား .. ဟား .."

"မိန်းမလှလေးနဲ့ ဓားနဲ့ မလိုက်ပါဘူး ဖယ်စမ်းပါ .."

"အား ..."

သူမကို ဆောင့်တွန်းဖယ်ပစ်လိုက်လျှင် အထာ နိုက် ရဲ့ အပုံလိုက်လဲကျ၏။ နိုက် က လှမ်းကြည့်ပြီး အံကြိတ်သည်။ နော အင်အားစုပေမယ့်လည်း မတတ်နိုင် ..။

"ဒီမှာ ..."



အထာ က ဒူးထောက်လေးကနေ ဓားနဲ့လည်ပင်းကိုထောက်၍...

"ရှင်တို့ကို ကျွန်မ ဒုက္ခမပေးနိုင်မှန်းသိတယ်၊ ဒါပေမယ့် ကျွန်မ ရှင်တို့လက်ထဲမှာ ဘဝပျက်ခံမယ်ထင်သလား .."

"ဘာ ...."

"ကျွန်မ မလုပ်ရဲဘူးထင်ရင် ရှေ့တိုးကြည့်လိုက် .."

ကိုယ့်ဘက်ကို အာရုံရောက်လာမှ နိုက် ကို နှိပ်စက်မည့်လက်တွေ ရပ်တန့်သွားမှာဖြစ်သည်။ ကြောက်သည့်စိတ်နှင့် အရှက်သိက္ခာကတစ် ဖက်၊ နိုက် အတွက် စိတ်ပူတာကတစ်ပိုင်းနှင့် ဟန်ပြတာမဟုတ်တော့ ဘဲ ဓားကိုလည်ပင်းထဲနစ်သွားအောင် ဖိထောက်ပစ်လိုက်၏။ ထိုစဉ်...

"ဆရာ .. ဆရာ .. ရှေ့မှာ ရဲတွေဝိုင်းထားတယ် .."

"ဘာ!..."

"ဟာ .. သွားပြီ .."

"ဒီ ခွေးသူတောင်းစား ငါ့ကို ဒုက္ခပေးပြန်ပြီပေါ့ .."

ဦးချိန်းသော ဒေါသအကြီးအကျယ်ထွက်ကာ နိုက် ရဲ့ အင်္ကျီရင်ဘတ်စ ကို ဆွဲယူမလိုက်ပြီး ..၊

"ဆရာ ထွက်တော့ .. ရဲတွေ နောက်မှာလည်းရှိတယ်၊ ဘေးလှေ ထားက ဆင်းရအောင် .. ဟိုဘက်ခန်းကို ကူးလို့ရတယ် .."

"နေဦး ဒီကောင့်ကို သတ်ခဲ့ဦးမယ် .."

ဦးချိန်းသော ခါးကြားထဲက ဓားမြှောင်ကိုဆွဲထုတ်လိုက်ပြီး တဆတ် ဆတ်တုန်နေသော လက်ထဲမှာ ကျကျနနဖိဆုပ်၏။

ဖြစ်ရသည့်ဒေါသကြောင့် သွားတွေကျိုးကြေမတတ်အံကြိတ်ထား လိုက်ပြီး ..၊

"မင်းကိုမှ မသတ်ရရင် နိဗ္ဗာန်ကူးရဖို့ရှိရင်တောင် မကူးဘူး ခွေး သူတောင်းစား .."

"မလုပ်နဲ့ ..."

အထာ ထိတ်လန့်သွားကာ လက်ထဲကဓားကို မေ့ရင်ရမ်းလွှတ်ချ

www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးတော့ ဦးချိန်းဘော ကို အားရှိသမျှနှင့် ပြေးတွန်းပစ်လိုက်သည်။

ခိုက် ကို ဆွဲမထားကာ လူက ကုန်းကုန်းကွကွမို့ အထာ ပြေးတွန်းလိုက်တော့ ဦးချိန်းဘော ဘေးတိုက်ယိုင်ထွက်သွားလေသည်။ အထာက ခိုက် ကိုပြေးထူ၍ ခြေတုန်လက်တုန်ဖြစ်နေဆဲ …၊

"တောက် … ကောင်မ …"

အချိန်မရှိတော့တာကို သိလိုက်ကာ ဦးချိန်းဘော နည်းနည်းလေးမှတုံ့ဆိုင်းမနေတော့ဘဲ အထာ့ ကျောပြင်ကိုပဲ ဓားနဲ့ထိုးချလိုက်သည်။ သို့သော် …

ခိုက် က အထာ့ ကိုဖက်၍ လှိမ့်ထွက်ပစ်လိုက်သဖြင့် ထိုးချက်ထလွဲသွား၏။ နောက်ထပ်ပြေးထိုးဖို့ပြင်သည်နှင့် …၊

"ဒိုင်း …"

သေနတ်သံတစ်ချက် ကြားလိုက်ရကာ ဦးချိန်းဘော လက်ကြီးကားခနဲလန်ထွက်သွားလျက် ဓားလည်းလွတ်ကျသွားလေသည်။

ဒဏ်ရာများနှင့် ခိုက် သည် အထာ့ ကို တင်းတင်းဖက်ထားလျက်သတိလစ်နေပြီး အထာ သည်လည်း သူ့ရင်ခွင်ထဲမှာ သတိလစ်မေ့မြောနေခဲ့သည့်အဖြစ်နှင့် …၊

"မမကြီး …"

"ကျွန်တော်တို့အစ်မ ဘာဖြစ်သွားပြီလဲ …"



## အခန်း (၃၀)

"ဘာတွေလာပြောနေတာလဲဟေ့ … ဒါ ဘာတွေထူးဆန်းနေလို့လဲ…"

ဒေါ်မကြည်ဦး က နည်းနည်းလေးမှ အပြောမခံ …၊

"ငါ့သား ဒီလိုနေတာ မင်းတို့အစ်မ မသိခဲ့တာမဟုတ်ဘူး၊ သူ့ဟာသူ ငါ့သားလိုချင်လို့ သူ့မယားကို လုံနဲ့ထိုးဖို့ကြံတာ ဘယ်သူက ဘာတတ်နိုင်မှာလဲ …"

"တတ်နိုင်ဖို့ပြောနေတာမဟုတ်ဘူးဗျ … အန္တရာယ်ကမပြီးဆုံးနိုင်ရှိနေဦးမှာ … ကိုမောင့် မှာ ဒီလိုမိန်းမတွေ ဘယ်နှစ်ယောက်ထပ်ရှိနေသေးလဲ ဘယ်သူသိမှာလဲ … သူတို့ ပြူးတေးသမျှ ကျွန်တော်တို့အစ်မကဒီတိုင်းကြုံစည်ခံနေရရင် စဉ်းစားကြည့် …"

"စဉ်းစားကြည့်စရာမလိုဘူး … ကာယကံရှင်တွေပြောလိမ့်မယ်…"

ဧည့်ခန်းထဲမှာ သုတ တို့ ညီအစ်ကိုနှင့် သူတို့ခေါ်လာခဲ့သည့်ရှေ့နေနှစ်ယောက်လည်းပါသည်။ ရပ်ကွက်လူကြီးသုံးယောက်လည်းရှိနေ၏။

လင်မယားကွာရှင်းခွင့်အတွက် လိုက်လာကြတာပေမယ့် ကြည်မြိုင်မောင်ကလည်း မလွှပ်၊ အထာ ကလည်း အနွေးထည်ပါလေးနှင့် သက်မဲ့ရုပ်လေးလိုထိုင်နေလျက် …၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အစ်မကို မေးလိုက်စမ်းပါ .. ငါတို့ဆီက အရယူချင်တဲ့ အထောက်အပံ့အရင်းအနှီးတွေ အခု မလိုတော့ဘူးဆိုတော့ ကွာပါ့မယ်လို့ ခေါင်းညိတ်ချင်ညိတ်မှာ၊ ငါ့သားကတော့ ကွာပေးမှာမဟုတ်ဘူး.."

"အဲဒီ အထောက်အပံ့ရင်းနှီးမြှုပ်နှံမှုတွေမပါရင် အန်တီတို့ စကား မပြောတတ်တော့ဘူးလား .."

"ဖြစ်ရလေ ရသ ရယ် .. နင်တို့မောင်နှမတွေကို လည်မျိုက တက်နင်းရင် ငါ့ထမင်းဟင်းတွေ အတောင့်လိုက်ထွက်လာမှာနော် .. သက်သေပြနိုင်းဖို့ မစဉ်းစားနဲ့၊ ဟွန်း .. ထမင်းဝဝစားရပြီဆိုတည်းက နင်တို့အစ်မကို ဒီကပြန်ဆွဲထုတ်ဖို့ကြိုးစားနေကြတာ ငါက မသိရင် ဘာမို့တုန်း.."

"ဟုတ်တယ်ဗျာ .. ဟုတ်တယ်ဆိုလည်း .."

"မောင်မောင် .."

အထာ က မောင်ဖြစ်သူကို လှမ်းတားသည်။ ပြီးတော့ သုတ ကို လှမ်းကြည့်၏။ သုတ ကလည်း အစ်မရဲ့ပါးပြင်ပေါ်က အညိုအမည်းတွေနဲ့ လည်ပင်းက ဓားဒဏ်ရာကိုစိုက်ကြည့်ပြီး အံကြိတ်သည်။

"ပြောသင့်တာတော့ ပြောပါစေ မမကြီး၊ မပြောဘဲနေလည်း ပြောနိုင်တဲ့ပါးစပ်တွေက ပိတ်တာမှမဟုတ်ဘဲ .."

"သုတ မင်းက ငါ့အမေကိုတောင် လေးစားရမှန်းမသိတော့ပါလား.."

သုတ မျက်နှာတင်းသွားသည်။ ကိုမောင့်ကို ချဉ်တူးတူးစိုက်ကြည့်၍ ...

"လေးစားထိုက်သူကိုမှ လေးစားရမယ်လို့ ကျွန်တော့်မိဘက သင်ထားတယ် .."

"အေး .. ဒါဆိုလည်း ကာယကံရှင်ဖြစ်တဲ့ ငါကပဲပြောမယ်၊ အထာ ကို ငါ ဘယ်တော့မှကွာပေးမှာမဟုတ်ဘူး .."

"အဟမ်း ..."

ရှေ့နေတစ်ယောက်က စကားဖြတ်၍ ချောင်းဟန့်သံပေးလိုက်တာ..



"ဒါက ဒီလိုရှိတယ် မောင်ကြည်ဖြူမောင် .. လင်မယားကွာရှင်းပြတ်စဲခြင်းနဲ့ပတ်သက်ပြီး တည်ဆဲဥပဒေအရ .."

"အို .. ဥပဒေဖြစ်ဖြစ် ရှင်ဘုရင်ဖြစ်ဖြစ် လင်မယားကိစ္စဆိုတာ ကာယကံရှင်တွေ ဆုံးဖြတ်ရမှာပါ .."

"မှန်ပါတယ် .. ဒေါ်မေကြည်ဦး၊ ဒါပေမယ့် ကာယကံရှင်ဆိုတာမှာ နှစ်ဦးနှစ်ဖက် သဘောဆန္ဒတွေလည်းလိုပါတယ်၊ မောင်ကြည်ဖြူမောင်က ကွာရှင်းလိုတဲ့ဆန္ဒမရှိပေမယ့် မိန်းကလေးဘက်က ကွာရှင်းချင်ရင်တော့ သူ့မှာ ခိုင်လုံတဲ့အကြောင်းပြချက် .."

"ကျွန်မ ကွာရှင်းခွင့်မလိုချင်ပါဘူး .."

ဟင်!...

သုတ တို့ မျက်လုံးတွေပြူးကုန်ကြသည်။

"မမကြီး .."

အထာ က မျက်နှာလေးညှိုးနေပေမယ့် မျက်ဝန်းလေးတွေက အေးစက်နေခဲ့ပြီး ဘယ်မျက်နှာကိုမှလည်း မကြည့် ...။

"ဒီကိစ္စကို ကျွန်မတို့လင်မယားထပ်ဆွေးနွေးရဦးမှာပါ၊ လောလောဆယ် အမှုကိစ္စတွေနဲ့ ဆေးရုံက လူမမာကလည်း .."

"မူမနေနဲ့ အထာ .. အသက်ရှင်ဖို့လမ်းမရှိဘူးတဲ့၊ မင်းနဲ့ အဲဒီကောင် အချိန်တိုင်း အမြဲတမ်းအတူတူရှိနေတဲ့အဖြစ်ကို လူတွေသိအောင် ကြေညာဖို့တော့ မစဉ်းစားနဲ့နော် .. ဆေးရုံကို လုံးဝ မင်း မသွားရဘူး.."

အထာ့ မျက်နှာလေး နီရဲသွားသည်။ သို့သော် လူကြီးတွေရှိနေသေးသည်မို့ စိတ်ကို ချုပ်တီးလိုက်ရကာ ...၊

"လူကြီးမင်းတို့ကို ကျေးဇူးတင်ပါတယ်ရှင် .. ကျွန်မတို့ ကွာရှင်းဖြစ်မှာမဟုတ်ပါဘူး .."

သုတ နဲ့ရသ တို့ အထာ့ မျက်နှာကို အံ့သြငေးမောကြည့်ပြီး လူကြီးတွေ အရင်ထပြန်သွားကြသည့်တိုင် သူတို့ နေရာမှ မထနိုင်ခဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. မင်းတို့ပြန်လို့ရပြီ ..."

ဒေါ်မြကြည်ဦး က ထရပ်လိုက်ပြီး ပေါ်တင်နှင်လွှတ်၏။ သူတနှုတ်ခမ်းစေ့ထားရင်း အံ့ကြိတ်၏။ ရသ ပြောမည့်စကားကဲကဲဖြစ်နေတာကို လက်ဆွဲထားပြီး သတိပေး၍ ...၊

"မမကြီး ဆုံးဖြတ်လိုက်တာ ကျွန်တော်တို့အထင်မလွဲပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မမကြီးတ ကျွန်တော်တို့ ယုံကြည်ရဆုံးမိခင်ပါ၊ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လိုဆန္ဒရှိတယ်ဆိုတာကိုတော့ မမကြီးမ မမေ့ပါနဲ့ .."

ရသ ကလည်း နှုတ်ခမ်းမွှေ့ဘဲ သက်ပြင်းရှည်ကြီးချပစ်လိုက်သည်။

"မမကြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ .."

ညီအစ်ကိုနှစ်ယောက်၏ မျက်ဝန်းတို့က ပြုတော့မည့်မိုးလို မျက်ရည်ရောင်တွေ တလက်လက်နှင့် ညိုမှိုင်းနေခဲ့လေသည်။



## အခန်း (၃၁)

"မမကြီးအကြောင်း မမေးနဲ့ မောင်မောင် .. မိုက် အခြေအနေပဲ မမကြီးကိုပြော .."

"အသက်အန္တရာယ်မရှိအောင်တော့ အစွမ်းကုန်ကြိုးစားထားတယ် မမကြီး၊ စိတ်ချပါ .. အတော်ဆုံးခွဲစိတ်ဆရာဝန်တွေနဲ့ ကျွန်တော် ဂရုစိုက်ကုပေးနေတာပါ .."

"အသက်အန္တရာယ်မရှိတော့ရင် သူ ဘာတွေဖြစ်သွားနိုင်လဲဟင်.."

မေးလိုက်ပေမယ့် မကြားရဲ ...၊

ငိုဖို့လည်း မရည်ရွယ်ဘဲ မျက်ရည်စက်တွေ အလိုအလျောက် လျှောဆင်းလာကြသည်။

"မမကြီး ငိုနေတာလား .."

ရသ ကလည်း ဖုန်းထဲက အထာ့ အသံ ပြောင်းသွားတာနှင့် တန်းသိနေ၏။

"ပြောပါ ..."

"သူ ကားတိုက်ခံထားရသေးတယ် မမကြီး .."

"ဟုတ်တယ် .. မမကြီးရှေ့မှာတင် .."

အထာ ဟန်မဆောင်နိုင်တော့ပေ... အင့်ခနဲ ရှိုက်သံကြောင့် ရသ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆက်ပြောမည့်စကားတွေအစ ပျောက်ကုန်သည်ထင်၏။ စကားသံတွေ တိတ်ကျနေခဲ့ပြီး …၊

"သူ … သူက လူကောင်းတစ်ယောက် မဟုတ်ပေမယ့် မမကြီးအတွက် …"

"ကျွန်တော်တို့မြင်ပါတယ် … မမကြီးကို ကျွန်တော်တို့ သူ့ရင်ခွင်ထဲက ဆွဲထုတ်ယူရတာ၊ ဟိုလူကြီး ဓားနဲ့ခြေထိုးတာသာထိသွားရင် မမကြီးကို ကာကွယ်ထားတဲ့ သူ့ကျောကုန်းက ပစ်မှတ်ကွင်းကြီးပဲ…"

ဒါတွေကို သူမ မသိခဲ့တော့ပေ …။ သူ ကိုယ့်ကိုဖက်၍ လှိမ့်ပစ်လိုက်တာသိသည်။ လန့်သွားတာရော နာကျင်သွားတာရော ဒုက္ခပေးလျက် သူမ သတိလစ်သွားခဲ့၏။

"သူ့အိတ်ထဲမှာ 'မေတ္တာမွန်' ဆေးရုံက စာအုပ်တွေ့တယ်၊ သူ ဒဏ်ရာကြီးနဲ့ မမကြီးဆီကို လိုက်လာတာပြီးတော့ ကျွန်တော်တို့ကို အကြောင်းကြားတာလည်း သူပဲနေမှာ၊ သူ သတင်းပေးလို့ ကျွန်တော်တို့ လာနေတုန်း နောက်ကျမှာစိုးလို့ အဲ့ဒီက နယ်မြေအပိုင်ရဲစခန်းကို လှမ်းအကြောင်းကြားလိုက်ရတာ …"

ဒါပေမယ့် အစ်မအပေါ် စိုးရိမ်လွန်းသည့်ဇောနှင့် ကားဝိတ်မခံဘဲ ကူးပြောင်းစီးရင်း အားချင်းလိုက်ခဲ့တာမို့ ရဲစခန်းက ရှာဖွေစုံစမ်းနေတုန်းမှာပဲ သူတို့ရောက်သွားခဲ့နိုင်၏။

ရောက်သွားတော့ အဝတ်အစားဖရိုဖရဲနှင့် အစ်မဖြစ်သူကို သူ သိထားသည့်လူရွယ်၏ ရင်ခွင်ထဲမှာ မြင်လိုက်ရတော့ ကျေးဇူးတင်ခြင်း အံ့ဩတာက စတွေ …။

ခုတော့ ဖမ်းမိခဲ့သည့် တရားခံတွေဆီက ပြည့်ပြည့်စုံစုံသိရပြီဖြစ်ကာ မင်းခိုက် ဆိုတာ မယောသီ ရဲ့ မောင်အရင်းမှန်းလည်းသိခွင့်ရခဲ့၏။ ဒါပေမယ့် …

"သူကလေ ဟိုတစ်ယောက်ရဲ့မောင်ဆိုပေမယ့် …"



"ကျွန်တော်တို့ နားလည်ပါတယ် … မမကြီး လူနာကိုလာမကြည့်နိုင်သေးရင်လည်း စိတ်မပူပါနဲ့ …"

လူနာကိုကြည့်ခွင့်မရှိဘူးလို့ ကိုမောင် တားမြစ်ခဲ့တာ သူတို့ရှေ့တင် …။

"ကိုကိုလည်း သူ့ကို တစ်နေ့နှစ်ခေါက်လာကြည့်တယ်၊ ဖုန်းလည်း ခဏခဏဆက်တယ်၊ ကျွန်တော် သေချာဂရုစိုက်ထားတာပါ …၊ ပြီးတော့ မမကြီးကို ပြောစရာရှိသေးတယ် …"

"ဟင် … ဘာလဲ …"

"ညလေးက ပြောတယ် …"

"ညလေး ဟုတ်လား … မောင်မောင် … ဒါတွေကို သွားပြောလိုက်တာလား …"

"မပြောလို့မရဘူး မမကြီး … အဲ့ဒီနေ့မှာသာ မမကြီး တစ်ခုခုဖြစ်သွားခဲ့ရင် အားလုံးရင်ကျိုးရမှာ၊ ခုလည်း မမကြီး လွတ်မြောက်ခဲ့ပေမယ့် ကျွန်တော် ရင်တုန်မပြေသေးဘူး၊ သူတို့က ငွေလိုချင်လို့ ပြန်ပေးဆွဲကြတာမဟုတ်ဘူး၊ မမကြီးကို သေအောင်သတ်ချင်နေတာ …"

"ဒါပေမယ့် ဘာမှမဖြစ်ခဲ့ဘူးလေ၊ အဝေးကလူကို စိတ်ပူအောင် မောင်မောင်ရယ် …"

"သူကတော့ နောက်မှာစိတ်ပူရတာကိုတောင် အပြစ်တင်နေသေးတာပါ၊ ပြီးတော့ ပြောတယ် … မမကြီး တားမြစ်ခဲ့တုန်းက သူက နားထောင်ခဲ့တယ်တဲ့၊ အခု မမကြီးက ကိုမောင်နဲ့ကိစ္စ ဆက်လုပ်မှာပဲဆိုရင် သူလည်း …"

"ဘာပြောတယ် မောင်မောင် …"

"သူ မမကြီးကို မလေးမစားပြောတာမဟုတ်ပါဘူး၊ နောက်ပြီး ဘွဲ့လက်မှတ်ထုတ်ပြီးရင်တော့ လုပ်ငန်းကိစ္စတွေခဏထားပြီး ပြန်လာခဲ့ဦးမယ်တဲ့ …"

အထော စိတ်ဆင်းရဲသွားသည်။ စိတ်ညစ်ရတာမှာ သူများတွေ ပြောကြသလို အထုံအကျင့်စွဲနေရင်လည်း ကောင်းသားပါ။ ခုတော့ သူမအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ထ တစ်ပုပြီးတစ်ပု တစ်ပုပေါ်နစ်ပုဆင့်တာထက်တောင် ဆိုးလေမလား…။

ချစ်ရသူတွေကို ခွဲခွာပြီး ကိုမောင် နဲ့ ဒီအိမ်ကြီးထဲမှာ နေခဲ့ရပေမယ့် အိမ်ထောင်ရေးသာယာမှုဆိုတာမရှိ …။ ယောက္ခမရဲ့ ရင့်သီးမှုကြောင့် မိသားစုတာဝန်ဆိုတာလည်း ဘာမှန်းမသိခဲ့တဲ့ အလုပ်နဲ့လူသာလုံးတွေးနေခဲ့၏။

အိမ်ထောင်သက်တမ်းသာရင့်လာခဲ့သည်။ နားလည်မှုတွေးခြင်းဆိုတာ ဖြစ်မလာသည့်အပြင် ဒီနေ့ ဒီအိမ်ဒီအိပ်ခန်းကြီးက ငရဲခန်းကြီးလိုပါလား …။

အိပ်ရာထဲမှာ ဝင်လှဲလိုက်စဉ် တလိမ့်လိမ့်ကျဆင်းလာခဲ့သည်။ မျက်ရည်ပူတွေက ဆံစများကြားထဲသို့ စိုဝင်ပျောက်ကွယ်သွားကြ၏။

သူမနဲ့ ကံဆိုးခြင်းက လက်တစ်ကမ်းအကွာမှာလား …၊



အခန်း (၃၂)

ကိုမောင် ကြိုက်ကြိုက်မကြိုက်ကြိုက် သူမ သွားခွင့်ရှိသည်လို့ သတ်မှတ်၍ ရဲရဲတင်းတင်းပဲထွက်လာခဲ့မိသည်။

ကိုယ့်အသက်နဲ့ အရှက်ကို ကယ်ခဲ့သည့်လူတစ်ယောက်အတွက် သူမဘက်က လူနာမေးခွင့်တောင်မရှိဘူးဆိုတာ အဓိပ္ပာယ်မရှိပေ …။

တစ်လမ်းလုံးတွေးလာခဲ့ရင်း ဆေးရုံထဲဝင်ခဲ့တဲ့အထိ ဒီနေ့မှလာခဲ့ရသည့်အဖြစ်အတွက် စိတ်မကောင်းကြီးစွာခံစားနေမိခဲ့သည်။

ဆေးရုံထဲမှာ ဂျူတီကျဆရာမတွေ ဆရာဝန်တွေရှိနေပေမယ့် မောင်မောင့်ကို မတွေ့၊ အထူးကုခန်းတွေကိုဖြတ်ကျော်ကာ လူနာဆောင်တွေဆီ ရောက်လျှင် သူမရှေ့မှာ လူနှစ်ယောက် …။

"ဒီလူတွေ … ဟင်!…"

သေချာကြည့်လိုက်တော့ ဦးထုပ်ကြီးတွေဆောင်းထားကြပေမယ့် ဦးချိန်သား နဲ့ ရွှေအိုး ဆိုသည့်လူမှန်း မှတ်မိလိုက်၏။ ဒီလူတွေ ဒီထိ ဘာလာလုပ်ကြတာလဲ …၊

မောင်မောင် ဘယ်မှာလဲ … မိုက် ကို ဘယ်မှာထားတာလဲ၊ ဒီလူတွေကို ရဲကဖမ်းထားပြီးပြီဆိုပြီး ဒီမှာ ဘာလို့တွေ့နေရတာလဲ …။

အပြေးတစ်ပိုင်းဖြစ်လာသည့်ခြေလှမ်းတွေက ဆေးရုံအုပ်ရုံးခန်းသို့ ပြေးမိတဲ့အထိ သတိလက်လွတ်ဖြစ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူနာပြုနှစ်ယောက်နဲ့ လုံခြုံရေးယူနီဖောင်းဝတ်ထားသူ နှစ်ယောက်ရယ်၊ တခြားအခန်းက ပြေးထွက်လာကြသည့် ဆရာဝန်တွေရယ် ...။

"ဘာဖြစ်တာလဲဟင် ... ဘာဖြစ်လို့ ရုတ်ရုတ်သဲသဲတွေဖြစ်နေတာလဲ..."

သူနာပြုတစ်ယောက်ကိုမေးရင်း လှမ်းဆွဲလိုက်တော့ သူမက မဖြေဘဲ လက်ကိုခါချပစ်ခဲ့ပြီး ပြေးသွားလေသည်။

"ပေးရှင့်က သတိမရသေးဘူး ..."

"ဟုတ်တယ် ... ထိုးသွားတာဓားချက်တွေမနည်းဘူး ..."

"ဆရာမ လူနာကို အသက်ကယ်နိုင်မလား သေချာစစ်ကြည့်ပါ၊ ကျွန်တော် ဂိတ်ဝကိုဖုန်းဆက်လိုက်မယ်၊ ဒါ စောစောက ဦးထုပ်နဲ့ လူနှစ်ယောက်ပဲဖြစ်မယ် ... မီနိုင်သေးတယ် ..."

ဘုရား ... ဘုရား ... ဘာတွေဖြစ်ကုန်တာလဲ ...၊

လူအများပြေးဝင်ကြည့်ကြသည့် အခန်းဆီပြန်ပြေးလာခဲ့ပေမယ့် အထာ ရင်တွေတဒိန်းဒိန်းဆောင့်ခုန်နေ၏။ သူ မဟုတ်ပါစေနဲ့ ဆုတောင်း၍ တိုးဝင်ကြည့်လိုက်လျှင် ...၊

"အမလေး ..."

တစ်ကိုယ်လုံး ဖျင်းခနဲတုန်ခါသွားကာ တစ်ခုခုပေါ်ကနေ ပြုတ်ကျသွားသလို မိုက် ခနဲဖြစ်တလျက် ...၊

ဟင် !...၊

အထာ မျက်လုံးတွေပွင့်သွားလျက် သူမ အိပ်မက်မက်နေတာမှန်း သိလိုက်သည်။ သို့သော် သူမရဲ့ မျက်ဝန်းထောင့်မှာ မျက်ရည်တွေ စိုစွတ်နေတာက တကယ်ပဲဖြစ်၏။

ပြီးတော့ သူမ ပြေးလွှားထားခဲ့တာ တကယ်ဖြစ်ခဲ့တာမျိုး လည်ပင်းမှာ ချွေးစတွေနဲ့ လှိုက က မောဟိုက်နေဆဲ ...။

"မိုက်-တစ်ခုခုဖြစ်နေပြီလား ..."

အိပ်ရာထဲက ငုတ်တုတ်ထထိုင်ရင်း အချိန်ကိုကြည့်မိသည်။ ခု ညဆယ်နာရီပဲရှိပါသေးသည်။ ခါတိုင်းဆို သူမ အလုပ်လုပ်နေတဲ့အချိန်



ဖြစ်သည်။

ဒီအချိန်ကြီးမှာ အိပ်ပျော်သွားပြီး ရှည်လျားသည့် အိပ်မက်ဆိုးကြီးနဲ့သူမ လုံးထွေးသတ်ပုတ်နေခဲ့တာ နိမိတ်တစ်ခုခုများ ဖြစ်နေနိုင်သလား...။

ညဝတ်အင်္ကျီအသစ်တစ်ထည်ပြောင်းဝတ်နေရင်း ရဲသ ဆီ ဖုန်းဆက်ဖို့ပဲ အကြိမ်ကြိမ်စိတ်ကူးနေမိ၏။

'အသက်အန္တရာယ်မစိုးရိမ်ရတော့ဘူး' လို့ ပြောထားတာကို ပြီးတော့ သုတ ကအစ ဂရုစိုက်ပြီး လာကြည့်ပေးနေသည့်ကြားက ဒီအချိန် ဖုန်းထဆက်ရင် တစ်မျိုးထင်စရာတွေဖြစ်သွားနိုင်၏။

ဝုတ်သိက္ခာဆိုသည့် စည်းအောက်မှာ ကိုယ့်ဆန္ဒကိုချုပ်နှိမ်ထားလိုက်သည်။ ရေသန့်တစ်ဘူးထုတ်ယူပြီး ဘုရားခန်းဝင်ကာ မိုက် အတွက် ဆုတောင်းပေးရင်း ပူလောင်နေသည့်စိတ်ကို ဖြေရာရှာမိ၏။

ကိုယ့်ရဲ့ အရှက်နဲ့သိက္ခာ ပြီးတော့ အသက်ကိုကယ်ခဲ့သော မိုက်အတွက် သူမ ဘာမှလုပ်မပေးနိုင်ခဲ့ပေ ...။

သူ သတိမရသေးဘူးဆိုပေမယ့် တစ်ခါလောက်တော့ ပြေးကြည့်ချင်မိ၏။

ဘုရားခန်းထဲက ထွက်လာပြီး အိပ်ရာဝင်ချင်စိတ်မရှိသောဘဲ ဝရန်တာဘက်ကို ခြေဦးလှည့်မိစဉ် စကားပြောသံတစ်ချက် နားထဲဝင်လာသဖြင့် သူမ ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။

အသံသည် ကြည်ဖြူ စာကြည့်ခန်းဆီမှဖြစ်ကာ လှမ်းကြည့်လိုက်တော့ အခန်းတံခါးက ခပ်ဟာဟာပွင့်နေ၏။

သူများဖုန်းပြောနေတာပဲလို့တွက်ကာ ရှေ့ဆက်ခြေလှမ်းပြင်မိပေမယ့် စကားသံက လျှို့ဝှက်စွာပြောနေသံမျိုးဖြစ်သည့်ပြင် ကြည်ဖြူ ဒေါသတွေထွက်နေ၏။

အထာ နေရာမှ မရွေ့မိဘဲ ဒီတိုင်းရပ်နေမိစဉ် ...၊

"တောက် ... မင်း ဒီလောက်တောင် အသုံးမကျရလားကွ ... ငါ့နာမည် ဝေါဓောချင်လို့ မင်းကိုယုံကြည်ပြီး လွှဲထားခဲ့တာ ..."

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

ဒါ လျှို့ဝှက်မှုတစ်ခုဆိုတာ သေချာသွား၏။ ပြီးတော့ ခံစားမိလိုက် သည်က မိမိနဲ့ သက်ဆိုင်သည့်ကိစ္စတစ်ခုခုဖြစ်နိုင်ခြင်း …၊

အထာ့ ခြေလှမ်းတွေ ထိုအခန်းရှေ့ထိ ဦးတည်သွားခဲ့၏။ ထိုအခါ သူမ ဘယ်လိုမှ တွေးမကြည့်ခဲ့ဘူးသော တကယ့်အဖြစ်တစ်ခုကို ကြား လိုက်ရလျှင် …၊

"ငါ ဖြစ်စေချင်တာ ဟိုညီအစ်ကိုတွေရှိသမျှ ချတ်ခြုံထုတ်လာ ပဲ .. ငါ့မိန်းမကို ဒုက္ခပေးဖို့မပါဘူး .."

"…. …. …."

"ဘာဖြစ်လို့ လူက မဟော နဲ့ သွားပေါင်းရတာလဲ .."

"…. …. …."

"တော်တော် .. မင်းလိုကောင်က ငါ့ကို ငွေစကားပြောရဲသေး ပ. ဘ်လား .. မနက်ဖြန် မင်းရဲ့ခေါင်း မင်းခန္ဓာကိုယ်မှာမြဲဖို့ ငုတ် ဝ့် ငံဆုတောင်းလိုက်ဦး .."

"…. …. …."

"အေး .. ဒါဆိုနားထောင် မအောင်မြင်တာကိုထားလိုက် ငါ့နာမည်ကို မင်းခေါင်းထဲက ခု ထုတ်ပစ်လိုက်၊ ဒီကိစ္စ ငါ ခိုင်းတ တာ နေ ာက်ထပ်လူတစ်ယောက်သိရင် မင်းခေါင်းနဲ့ကိုယ် အိုးစားကွဲပြီ"

ဖုန်းချပြီး တက်ခေါက်ပြန်၏။ ပြီးတော့ ဖုန်းကိုစားပွဲပေါ် ဆောင့်ဆောင့်ချလိုက်ပြီး …၊

"ကြဲဖန်ပြီး ကံကောင်းကြဦးပေါ့ .."

အံကြိတ်ကြိမ်းဝါးလိုက်ပြီး ဒီဘက်လှည့်လိုက်လျှင် …၊

ဟာင်!…၊

ကြည်ဖြူ မှင်တက်မိသွားသည်။ သူ့နောက် မလှမ်းမကမ်းထိ နေသည့် အထာ့ ကို သူ လုံးဝသတိမထားမိခဲ့၊ အားလုံးကြားသွားပြီ လည်းသိကာ ဖြေရှင်းဖို့ထက် တောင်းပန်စရာစကားလုံးတို့ထင်



နေခဲ့လျက် …၊

"အထာ …"

နာမည်ကို ထစ်အစွာခေါ်လိုက်မိပြီး တံတွေးမျို၏။

"ငါ .. ငါက .."

နှုတ်ခမ်းတစ်ချက်သပ်ရင်း မျက်နှာငုံ့ပစ်မိသည်။ တကယ်က သူမ ကို ထိခိုက်စေချင်တာမဟုတ်ပေ …။ သူမ ဘာတွေဖြစ်ခဲ့သည်ဆိုတာ လည်း ခုလေးတင်မှ အကြောင်းစုံသိလိုက်ရတာဖြစ်သည်။

ကိုယ်ပဲ ဦးဆောင်လမ်းညွှန်ခိုင်းခဲ့ပေမယ့် ဖြစ်စေချင်တာက သုတ ရဲ့ ငွေတွေအလဟာသတ် ကုန်သွားဖို့တစ်ခုတည်း …၊

"အထာ အဲ့ဒါကို ငါ ရှင်းပြ .."

ဆံပင်ကိုပဲ ဖိသပ်နေရင်း စိတ်ကိုတင်း၍မော့လိုက်တော့ အထာ့ မျက်ဝန်းက ပြည့်ဝိုင်းနေသော မျက်ရည်တို့ကြောင့် …၊

"ငါ မင်းကို ဒီလိုဖြစ်စေချင်တာမဟုတ်ဘူး .. အဲ့ဒါ တကယ်ပြောတာ .."

"သုတ တို့ကို ရှင် ဒီလောက်တောင် မုန်းနေသလား ကိုမောင် .."

တောင်းပန်ခယဟန်နှင့် ပျာယာခတ်နေသည့် ကြည်ဖြူ့ မျက်နှာ တင်းမယောင်တစ်ချက်ဖြစ်သွား၏။ ပြီးတော့ ခပ်ငုံ့ငုံ့ဖြစ်သွားလေသည်။ အထာ က မျက်တောင်မခတ်ငေးကြည့်နေခဲ့လျက် …၊

"ထောင်ထွက် လူယုတ်မာတွေရဲ့လက်ထဲကို ဇနီးတစ်ယောက်လုံး အပ်ပြီး ဒီကောင်တွေဆီက ပိုက်ဆံတောင်းဖို့ ခိုင်းခဲ့တဲ့အထိ သူတို့ကို မုန်းဆီးစေချင်ခဲ့တာပေါ့ .."

"အထာ .. မင်းနဲ့ ငါ့အကြောင်းပဲ ပြောရအောင် .."

"ရှင် ကျွန်မကို စိတ်မဝင်စားတော့လို့ ရှင့်ရဲ့ အမုန်းငြိုးအတွက် အသုံးချခဲ့တာပဲ ကိုမောင် .."

"ခုလည်း မင်းမောင်တွေ တစ်ပြားချပ်မှ ပါမသွားပါဘူး .. မင်း ဘာလို့ .."

"တွေးစုးပြုပြီး ရှင့်စကားကို ဒီမှာတင်ရပ်ပေးပါလား .."

www.burmeseclassic.com

www.burmeseclassic.com



လက်သီးလေးနှစ်ဖက်ဆုပ်ထားရင်း တောင်းပန်သည့်လေသံ အံကြိတ်ထားသဖြင့် ကြိမ်းဝါးသံနှင့်တူနေကာ …၊

"ကျွန်မ စော်ကားခံရတိုင်း ရှင့်ပါးကိုရိုက်ခဲ့ဖူးတယ်၊ ဒါပေမယ့် ဒီတစ်ခါ ကျွန်မ မရိုက်ဘူး၊ အဲ့ဒါ ဘာဖြစ်လို့လဲဆိုတော့ …"

"မင်း ပြောချင်ရာမပြောနဲ့ အထာ … ငါ ခိုင်းခဲ့တာ ပေါ့ပေါ့ပါးပါး လေးရယ် …"

အထာ မျက်နှာလေး ရဲတွတ်တင်းမာသွားသည်။ လှုပ်လီလှုပ်လဲ ခိုတွဲနေသော မျက်ရည်တို့က မျက်တောင်တစ်ချက်မှမခတ်ရသေး တလိမ့်လိမ့်ပြိုဆင်းသွားကြ၏။

"ငါ ထိန်းချုပ်လို့ရတဲ့လူကို ငါ ခိုင်းတာ …"

"ကျွန်မကို ပြန်ပေးဆွဲပြီး မောင်လေးဆီမှာ ငွေညှစ်ဖို့လား …"

"အဲ့ဒီငွေကို ငါစိတ်မဝင်စားဘူး၊ သူတို့လက်ထဲမှာ မင်းကို ရှုံး ပါက်မခွန်းရအောင် အားလုံးချပေးပြီး ကာကွယ်ထားခဲ့တာ …"

"ကျွန်မ မောင်တွေရဲ့ ငွေတွေနဲ့ ကျွန်မကို ကာကွယ်ပေးခဲ့ ကူးခဲ့တာပဲ၊ ကျေးဇူးတင်သင့်တာပေါ့ …"

ကြည်ဖြူ မျက်နှာပျက်ပျက်နှင့် ရှင်းပြဖို့ပဲကြိုးစားနေခဲ့၏။ ဒါပေမယ့် သူပြောသမျှ လွဲလွဲချော်ချော် …။

"ငါ မှားသွားတာမှန်ပါတယ်၊ ဒါပေမယ့် ငါတွက်မထားတဲ့ အခြေအနေတွေ ဝင်နှောက်သွားလို့ပါ …"

"ဝင်နှောက်တဲ့လူက ဘယ်သူမို့လို့လဲ ပြောကြည့်ပါဦး …"

ကြည်ဖြူ မလုံမလဲ မျက်နှာကြီးဖြစ်သွားပြီး တစ်ဖက်လှည့် မီးရောင်နှင့် နီမြန်းနေသောမျက်နှာမှာ နှုတ်ခမ်းသားတွေခြောက် နေတာကိုလည်း မြင်နေရ၏။

ထိုနှုတ်ခမ်းတို့ကို မကြာခဏ လျှာနဲ့သပ် ဖိကိုက်နေရ …

"ငါ … ငါနဲ့ မယော နဲ့ … မယောသိ နဲ့ လမ်းခွဲပြီးပါပြီ … ငါ မသွားတော့လို့ မင်းကို …"



"သူနဲ့လမ်းခွဲပြီး ရှင် ကျွန်မဆီပြန်လာခဲ့တာလား …"

ကြည်ဖြူ နှုတ်ဆိတ်သွားပြန်သည်။ အထာ က မျက်ရည်တွေကို လက်ခုံနဲ့သုတ်ဖျက်ပစ်လိုက်ပြီး မေးဖျားလေးပင့်ထားလျက် …၊

"ရှင် မငြိမ်နိုင်ဘူးမို့လား … ရှင့်မှာ ဟိုအဆောင်ဒီအဆောင် ကူးစရာ မိန်းမလှလေးတွေ အမြဲတမ်းအဆင်သင့်ရှိနေတာပဲ ကိုမောင် …"

"ငါ အဲ့ဒီလိုတွေဖြစ်ရတာက …"

"ကျွန်မကြောင့်လား … ကျွန်မကရှင့်ကို လက်မခံခဲ့တဲ့ မိန်းမလား၊ ရှင် ကျွန်မဆီက ဘာကိုလိုချင်ခဲ့လို့လဲ … ဘာတွေမကျေနပ်လို့ဖြစ်ရတာ လဲ အဲ့ဒါတွေ ကိုယ့်ဘာသာပြန်မေးရင်း ညည့်နက်ခဲ့ရတဲ့ညတွေ အများ ကြီးပဲ၊ ဒါပေမယ့် ဒီနေ့ကျမှ အဲ့ဒီအဖြေကို နားလည်သွားခဲ့တာ၊ ရှင်က မိန်းမတစ်ယောက်ယောက် အနားမှာမရှိရင် မနေတတ်တဲ့ ယောက်ျား…"

ဆတ်ခနဲမော့လာသည့် မျက်နှာကတင်းနေခဲ့၏။

"မယောသိ ဆီက ခွာဖို့ကြိုးစားနေတာလည်း မိန်းမနှစ်ယောက်ကို ထိန်းပုံဖို့ ရှင်မှ မတတ်နိုင်တော့ဘဲ …"

"မင်းက ဘာတွေသိလို့ ဒီလောက်တောင် အပိုင်တုပ်နေတာလဲ…"

"ကျွန်မ သိထားတာတွေ ကျွန်မအိပ်ခန်းထဲမှာ အားလုံးရှိတယ်၊ နောက်ဆုံး ရှင့်ရဲ့အသစ်စက်စက် မိန်းကလေးဘယ်သူဆိုတာလည်း ကျွန်မ သိသေးတယ် …"

"ဟွန်း … မင်း အဲ့ဒါတောင် ငါ့အပေါ် နည်းနည်းလေးမှ …"

"သဝန်မတိုခဲ့တဲ့အတွက် ရှင့်ကို မချစ်လို့လို့ သတ်မှတ်ချင်တာ ဒါလည်းဖြစ်နိုင်တာပဲ … ဒါပေမယ့် မချစ်နိုင်တာဟာ ယုတ်ယုတ် မာမာ နှင့်ပစ်တာထက်တော့ သာတယ်မို့လား … ရှင် ပြန်ပေးဆွဲခိုင်းခဲ့ တဲ့လူတွေရဲ့ လက်ထဲမှာ၊ ပြီးတော့ ရှင့်ကိုမက်မောနေတဲ့မိန်းမတစ် ယောက်ရဲ့လက်ထဲမှာ ကျွန်မရဲ့ပါးပြင်တွေ ပြတ်ကျမတတ်အရိုက်ခံခဲ့ ရတယ်၊ ယောက်ျားတွေရဲ့လက်တွေက ကျွန်မကိုယ်ပေါ်မှာ …"

"မင်း တော်တော့ …"

www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူး ကိုမောင် .. ကျွန်မ ကိုယ်ပေါ်က အဝတ်တွေကို တစ်လွှာချင်း ချွတ်ချပစ်ပြီး .."

"ဘာ!..."

ကြည်ဖြူ့ မျက်နှာတစ်ပြင်လုံးတုန်ခါနေသလား ထင်ရကာ ...

"မင်းကို သူတို့ .. သူတို့ ဘာလုပ်လိုက်သေးလဲ .. ဟင် .. ပြီးတော့ ဘာတွေဆက်ဖြစ်ခဲ့သလဲ .."

"ကျွန်မ ခန္ဓာကိုယ်မှာအဝတ်တွေမရှိတော့တဲ့အထိ ရှင့်အတွက် ကိစ္စမရှိသေးတဲ့ပုံပါလား .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. အဲ့ဒါတွေ ငါမသိ .. သိ .."

"မင်းခိုက် သာ ရောက်မလာခဲ့ဘူးဆိုရင် .."

"အဲဒီကောင်ကိုတော့ ကျေးဇူးတွေသိပ်တင်နေတယ်ဟုတ်လား၊ ဒီကောင်ကလည်း မယောသို့ မောင်အရင်းပဲ၊ လူကောင်းသူကောင်းများ မင်းထင်နေသလား .."

"မထင်ပါဘူး .. သေချာသိသွားတာ၊ ဒါပေမယ့် ဘယ်သူကောင်းတာမကောင်းတာ ရှင် ပြောဖို့မလိုပါဘူး၊ ရှင် ငွေနဲ့ မျှားပြီးခိုင်းခဲ့တဲ့ အဲဒီထောင်ထွက်လူဆိုးဆိုတဲ့ သတ္တဝါတွေထောင် ရှင့်လိုတော့ ကိုယ့်မိန်းမကို ယောက်ျားတစ်အုပ်လက်ထဲ ထိုးကျွေးတဲ့အထိ ယုတ်မာမှာမဟုတ်ဘူး .."

"ငါ့ကို မင်း အဲ့လောက်မပြောနဲ့ အထာ .. ငါ့လုပ်ရပ်မှားခဲ့တာ မှန်တယ် .."

"ရှင့် စိတ်ဓာတ်ကလည်း လောက်ကိုက်နေပြီ၊ ကဲန်ဆာရဲထက်ပို ဆိုးတဲ့ အဆင့်မျိုးပဲ၊ ဒီနေ့အတွက် ကျေးဇူးတင်တယ် ကိုမောင် .."

"ဘာ .. ဘာပြောလိုက်တယ် .."

"အိမ်ထောင်ရေးကိုတန်ဖိုးထားပြီး တွေဝေနေခဲ့တဲ့ ကျွန်မစိတ်တွေ ပြတ်သားနိုင်အောင် ရှင်က အမုန်းတွေပြခဲ့တဲ့အတွက်လေ၊ ဒီနေ့ဒီညမှာပဲ ရှင်တို့သားအမိကိုပေးဆပ်ရမယ့် ကျွန်မရဲ့ ဝဋ်ကြွေးကုန်သွားပြီ–"

"မဟုတ်ဘူး .. နေဦး .."



သူမ လှည့်ထွက်သွားသည်နှင့် လှမ်းဆွဲဖို့လက်ပါသွားမိသေးသည်။ ဒါပေမယ့် တံခါးဝမှာ မေမေ့ကို မြင်လိုက်သဖြင့် အားကိုးတကြီးရပ်တန့်လိုက်မိသည်။

အထာ သူ့ကိုကျော်နိုင်းပြီး တံခါးဘက်ကို လှည့်လိုက်တော့ ဒေါ်မေကြည်ဦး က မားမားမတ်မတ်ရပ်နေကာ သူမအားလုံးကြားပြီးနေသည့် မျက်ဝန်းတို့နှင့် ငေးနေ၏။

အထာ တုံ့ခနဲတော့ တစ်ချက်ဖြစ်သွားခဲ့၏။ သို့သော် ကိုယ့်ဘာသာ တံခါးတစ်ဝက်ဟနေတာကို ဆတ်ခနဲဆွဲဖွင့်ပြီး ရှောင်ထွက်လာခဲ့၏။

တံခါးတစ်ပေါက်မှာ လူနှစ်ယောက်ဆန့်ကျင်ဘက်အရပ်မျက်နှာများသို့ ဇဟိုပြု၍ ရှောင်ထွက်လိုက်လျှင် ပခုံးချင်းမထိတထိ ပွတ်တိုက်သိခတ်သွားခဲ့၏။

ဒေါ်မေကြည်ဦး ယိုင်ခနဲဖြစ်ကျန်ခဲ့ကာ အထာ က ပျောက်ကွယ်သွားလေသည်။

"မေမေ ..."

ကြည်ဖြူ ၏ မတားရကောင်းလားဟု ဖြစ်တင်ချင်သောခေါ်သံကြောင့် ဒေါ်မေကြည်ဦး မသိမသာနှုတ်ခမ်းကိုက်မိသည်။

သားဖြစ်သူ၏ လုပ်ရပ်အတွက် ရှက်သော နာကြည်းခံခက်သော အနှာဆိုးများနှင့် မျှိုသိပ်အံကြိတ်နေခဲ့ပေမယ့် သူမရှေ့သို့ ကြည်ဖြူ ရောက်လာပြီး ပျာယာခတ်လျက် ...၊

"သူ ထွက်သွားပြီ မေမေ ဘာလို့ ကြည့်နေလိုက်တာလဲ .."

ဒေါ်မေကြည်ဦး ၏ လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွား၏။ ကြည်ဖြူ မျက်နှာသည် ဖြန်းခနဲရိုက်ချက်အောက်မှာ ဆံပင်တွေ ဖွာရှာ ပြေလျက် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

အထာ ဘယ်သူ့ကိုမှ ဖုန်းမဆက်တော့ဘဲ ဘာပစ္စည်းမှလည်းမယူဘဲ အရေးကြီးစာရွက်စာတမ်းတွေပါသော အိတ်လေးတစ်လုံးဆွဲ၍ ထွက်လာခဲ့သည်။

ယောက်ျားများစွာ၏ ယုတ်မာမှုတွေကိုရင်ဆိုင်လာခဲ့ရသည့်စိတ် အနာက ညှို့နက်နက်အမှောင်ကိုလည်း မကြောက်တော့ဘဲရှိလေသည်။

လမ်းမထိထွက်၍ တစ်ယောက်တည်း တက္ကစီတားပြီးစီးလာခဲ့သည်။ ရသ ရဲ့ ဆေးရုံကို မောင်းခိုင်းလိုက်ရင်း နှစ်ရက်လုံးလုံး သတိမရဘဲရှိနေသည့် မိုက် အတွက် ဆုတောင်းမိ၏။

သူမ အိပ်မက်ထဲကလိုမျိုး မြင်ရလေမလားလို့ တွေးမိလာတော့ ချောက်ချားသည့်စိတ်က ဖုန်းကိုကိုင်လိုက်မိသည်။

"မောင်မောင် .."

"မမကြီး ဘာဖြစ်လို့လဲ .. ကျွန်တော် ဆေးရုံမှာ .."

"ဟင် ..."

ရင်ဘတ်တစ်ခြမ်းမှာ ဒိုင်းခနဲဆောင့်ခါသွား၏။

"ဘာဖြစ်လို့လဲ .. ဘယ်သူဘာဖြစ်လို့ ဆေးရုံမှာနေသေးတာလဲ ဒီအချိန်ထိ .."

"အက်ဆီးဒန့်ဖြစ်လာတဲ့ ပေးရှုန့်တွေရောက်လာလို့ မမကြီး .."

သူ ဘာမှမဖြစ်လောက်ဘူးလို့ တွေးမိပြီး စိတ်သက်သာရာရသွားမိ၏။

"မမကြီး အချိန်မတော်ကြီး ဘာဖြစ်လို့လဲဟင် .."



"မမကြီး ..."

လူနာတွေအတွက် အာရုံစိုက်နေရသည့် ဆရာဝန်ကို သူမကိစ္စတွေ ပြောသင့်ရဲ့လား ..၊

"မမကြီး မင်းခိုက် ကို ကြည့်ချင်လို့ .."

"မင်းခိုက် .. သူ သတိမရသေးဘူး၊ မမကြီး မနက်မှလာရင်လည်း ရရဲ့သားနဲ့ .. အခု မမကြီးတစ်ယောက်တည်း ကားမောင်းလာတာလား.."

"ဟင့်အင်း တက္ကစီပေါ်မှာ .."

"ဟင်!.. ဘာ .. ဘယ်လိုမမကြီး .."

စိတ်ပူသွားသည့်အသံသည် ရသ ဆေးရုံထဲမှာထိုင်နေတာဆိုလျှင် ဝုန်းခနဲများ ခုန်ထလိုက်သလားမသိ ..။ အထာ မျက်လုံးမှိတ်လိုက်ရင်း သက်ပြင်းတစ်ချက်ရှိုက်၍ ..၊

"မမကြီး အပြီးထွက်လာခဲ့တာ .."

"ဟင်!..."

ရသ အံ့သြတောတိတ်သွားသည်။ ပြီးတော့ ကတုန်ကယင်လေသံနှင့် ..၊

"ကောင်းလိုက်တာ .. ဝမ်းသာလိုက်တာ မမကြီးရာ၊ ညဦးက ကဗျာလည်းရောက်နေတယ် .."

"ကဗျာ!..."

"ဟုတ်တယ် .. မမကြီးဆီ ချက်ချင်းဖုန်းဆက်မယ်လုပ်လို့ မမကြီးဆူမှာသိတာနဲ့ မနည်းတားထားရတာ၊ ဒါဆို ကျွန်တော် အခု ထွက်လာခဲ့မယ်၊ မမကြီး လမ်းမအတိုင်းပဲလာနေတာမို့လား .."

"အို .. မလာနဲ့တော့လေ .. မမကြီးရောက်တော့မှာ၊ ညှို့နက်နေပြီဆိုတော့ ညလေး နဲ့ သုတ ကို ဖုန်းမဆက်နဲ့တော့နော်၊ မိုက် .. ဟို.. မင်းခိုက် ကို ခဏဝင်ကြည့်ပြီးတာနဲ့ မမကြီးပဲ ပြန်လိုက်မယ် .."

"အဟွန်း .. ဟုတ်ကဲ့ပါ .."

ဖုန်းချလိုက်ပြီးမှ မောင်မောင် ဘာလို့ရယ်တာလဲလို့ တွေးလိုက်မိသည်။ ဒါပေမယ့် ဘုရားစာကိုပဲ ဆက်ဆိုရင်း ဆေးရုံကိုမြန်မြန်ရောက်ဖို့ ဆုတောင်းမိသည်။ ဆေးရုံနဲ့ နီးကပ်လာစဉ်မှာ ရသ ဆီက မက်ဆေ့ချ်

www.burmeseclassic.com

www.burmeseclassic.com



င်လာခဲ့၏။

"မမကြီးကို စောင့်နေဖို့တစ်ယောက်ရှိတယ်၊ ကျွန်တော် ခွဲစိတ်ခန်း င်ရတော့မှာမို့လို့ သူ့ ပြောပြလိမ့်မယ်နော် .."

မက်ဆေ့ချ်ကိုဖတ်ပြီး နားမလည်သလိုဖြစ်သွားမိသည်။ မင်းနိုက် ဲ့တဲ့နေရာကို လိုက်ပြရုံပဲ ဘာကိုပြောမှာလဲ ..၊

သူမ ဆေးရုံရောက်လာတော့ စာရေးမလေးတစ်ယောက်က စောင့် ကြို၍ ..၊

"ဒေါက်တာ ခွဲစိတ်ခန်းဝင်နေလို့ မမ .. ဒီမှာ ခဏထိုင်ပါဦးနော်၊ မမအတွက် ကော်ဖီယူပေးရမလား၊ အအေးလား .. မမ ဘာသုံးဆောင် မလဲဟင် .."

"နေပေစေ .. ဒေါက်တာရသ ရဲ့ ပေးရှင့်ဘယ်အခန်းမှာလဲ အဲဒီ ကို ပို့ပေးပါ .."

"ရှင်!..."

"မင်းနိုက် .. ပေးရှင့်နာမည်က မင်းနိုက် .."

"အယ် .. ဒေါက်တာမပြောပြရသေးဘူးထင်တယ်၊ အဲ့ဒီပေးရှင် က မရှိတော့ဘူး .."

"ဘာ ..."

ခုပဲထိုင်လိုက်ပေမယ့် အထာ ဆတ်ခနဲပြန်ထရပ်၏။ စာရေးမလေး မျက်လုံးဝိုင်းသွားကာ ပန်းလေးလည်း ကျွံ့သွားသည်။ ထိုစဉ် ကမန်းကတန်း ရောက်လာကြသည့်လူတွေက အထာ့ ဆီ ပြေးလာကြကာ ..၊

"မမကြီး ..."

နောက်ကနေ သိုင်းဖက်ထားလိုက်တာကို လှည့်မကြည့်ဘဲ အထာ သိလိုက်သည်။

"ကဗျာ .. ညလေး .."

"ဟုတ်တယ် .."

"ဟုတ်တယ် .. မမကြီး .. မမကြီး စိတ်ဆိုးမှာစိုးလို့မပြောရဲခဲ့တာ၊ ပြဿနာဖြစ်တဲ့နောက်နေ့ ညလေး တန်းပြန်လာတာပဲ .."



ကြည့်စမ်း ..၊

သုတ က ရှင်းပြနေပေမယ့် အထာ စိတ်ဆိုးမှာကို သိနေသလို မျက်နှာခပ်ငုံ့ငုံ့နှင့် ..၊

"အဲ့လိုလုပ်မယ်မထင်လို့ ကျွန်တော် .."

"ထားလိုက်ပါတော့ .. ဒါပေမယ့် ညလေး ရယ် .."

"အပြစ်မတင်ပါနဲ့တော့မ မကြီးကလည်း ညလေးအစတည်းက အလည်ပြန်ဖို့ပဲ စိုင်းပြင်းနေတာကို၊ ဒီလောက်ကြီးမားတဲ့ပြဿနာကြီး ကြားတော့ ဘယ်လိုလုပ်နေနိုင်မှာလဲလို့ .."

ဆံပင်ဂုတ်ဝဲလေးနှင့် ခုခေတ်မော်ဒယ်လ်တွေလို မြင့်မားသွယ်လျ သော အရပ်အမောင်းကလည်းလှသည်။ ကဗျာ ပန်းလေးကိုကိုင်၍ မျက်နှာ လေးကို သေချာကြည့်နေမိ၏။ သူမက ပြုံး၍ ...

"အခု မမကြီး အောင်မြင်စွာ ဖျက်သိမ်းခဲ့ပြီဆိုတာ ကြားလိုက်တာ နဲ့ ကိုလေးက ဖုန်းလှမ်းဆက်တာပဲ၊ ညလေး ဖြင့် ကားထဲကနေ အတောင် တွေပေါက်ပြီး ပျံထွက်လို့ရရင်ကောင်းသားလို့တောင် ဆုတောင်းမိတယ်၊ မမကြီးကတော့ သူ့လူနာအတွက် .. ပွန်း .."

လူနာဆိုတော့ ပူလောင်ခြင်းတွေ မီးတောက်သို့ပြောင်းလဲသွားခဲ့ ၏။ အထာ ပတ်ဝန်းကျင်ကို မျက်လုံးရောက်သွားခဲ့လျှက် ..၊

"သူ .. သူ ဆုံးသွားပြီလားဟင် .. မောင်လေး .."

ပြုံးနေသည့် မျက်နှာက တည်တံ့သွားခဲ့ပြီး သုတ ခေါင်းခါ၏။

"သူ မသေဘူး မမကြီး .. ဒါပေမယ့် ခြေထောက်ကဆေးမကုဘဲ အတင်းလှုပ်ရှားထားတဲ့ဒဏ်နဲ့ တော်တော်အခြေအနေဆိုးတာ .."

"အဲ့ဒီတော့ ဘာဖြစ်သွားလဲဟင် .."

"နံရိုးနှစ်ချောင်းကျိုးထားတယ်၊ အတွင်းကြေဒဏ်ရာတွေလည်း ရှိတယ်၊ အဲဒါ နှစ်ဆယ့်လေးနာရီလုံးလုံးသတိမရခဲ့ဘဲ သူ သတိရလာတာ နဲ့ ညနေပိုင်းမှာ ပျောက်သွားတော့တာပဲ .."

"သူဟာသူ ထွက်သွားနိုင်ပါ့မလား မောင်လေးရယ်၊ သူ့ကို ဘယ် သူမှ မမြင်လိုက်ကြဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



သုတ မျက်နှာမကောင်းပေ ..။

"ကျွန်တော်တို့ တတ်နိုင်သမျှ ကြည့်ရှုစောင့်ရှောက်ထားပါတယ်၊ ဒါပေမယ့် ..."

"မင်းတို့ မရှာကြဘူးလားဟင် .. သူ ကူညီလို့ မမကြီးအဝမပျက်ခဲ့ရတာ၊ သူ ဒီတိုင်းထွက်သွားရင် မမကြီး ဘယ်လိုနေရမလဲ .."

"အဲဒါ ညလေး ထင်တယ်သိလား .. သူ သတိရတော့ ရှိသမျှလူတွေကို အကုန်လိုက်ကြည့်တယ်တဲ့၊ အဲဒါ မမကြီးကို မတွေ့လို့ စိတ်နာသွားတာပဲ .."

ကဗျာ သုမ ပြန်လာလာချင်း သိရသမျှကိုသုံးသပ်ပြီး စဉ်းစားပေးသည်။

"မမကြီးပဲ စဉ်းစားကြည့်လေ၊ အဲ့ဒီပုဂ္ဂိုလ်မမကြီးကို လုံးဝမရှိသာဘူး.."

"ညလေး ..."

"မမကြီးကမှ ခေါင်းထဲမထည့်တာ .. ညလေးပြန်ရောက်တာနဲ့ အားလုံးကိုကြားထားပြီးပြီ၊ မသက်ဆိုင်တဲ့သူချင်း ဘယ်သူက အသက်စွန့်ကယ်မှာလဲ၊ သူ့ခြေထောက်တွေက ဆေးကုနေရင်း ကန်ဆာရဲတွေ ဘာတွေတောင် .."

"အို .. မဟုတ်လောက်ပါဘူး .."

အထာ ခေါင်းခါလိုက်မိစဉ် မျက်ရည်စက်တို့ လက်ခနဲစင်ထွက်သွား၏။ သုတ ရှေ့တိုးလာပြီး အထာ့ ပခုံးလေးကို ဖက်ထားလိုက်ကာ...

"မမကြီးလိုပဲ ကျွန်တော်တို့လည်း 'ဟာ' ခနဲဖြစ်သွားကြတာပါပဲ၊ မမကြီးရဲ့အသက်ကို ပြန်ယူပေးခဲ့တဲ့လူမို့လို့ ဘယ်လိုပဲကျေးဇူးဆပ်ရဆပ်ရ အဆင်သင့်ဖြစ်နေကြတာပါ၊ ခုလိုဖြစ်ရတာ ကျွန်တော်တို့အပြစ်ပါ.."

"မဟုတ်ပါဘူး .. ဘယ်သူ့အပြစ်မှမဟုတ်ဘူး၊ မမကြီးကိုယ်တိုင်တွေဝေခဲ့တာ၊ ငရုတ်သီးမှန်းသိရက်နဲ့ တွေးထုတ်ဖို့မကြိုးစားဘဲ မျိုချဖို့ပဲ ကြိုးစားခဲ့တယ်၊ တကယ်ဆို ကိုယ့်အသက်နဲ့အရှက်ကို ကယ်ခဲ့တဲ့လူတစ်ယောက်အတွက် မမကြီး ဒီ့ထက်အလေးထားခဲ့ရမှာ၊ သူ သတိရတဲ့အချိန်မှာ ဆေးမှာရှိနေခဲ့သင့်တာ .."

"ခုလည်း သူ ကျေနပ်အောင် ညလေး တို့ ဝိုင်းတောင်းပန်ပေး



ကြမှာပါ၊ သူ့ သူငယ်ချင်းတွေရှိတယ်ဆိုလို့ ကိုလေးလည်း အပူတပြ
စုံစမ်းနေပါတယ် မမကြီး စိတ်မဆင်းရဲနဲ့တော့နော် .. မနက်ဖြန်
ပြီး မမကြီး ဘဝမှာ ဘာအဆိုးမှမရှိတော့ပါဘူး၊ ညလေးတို့ ခေါင်
တွေ ပျော်ရတော့မှာ မမကြီးရဲ့ .."

"အဲဒီလို ရောကော သောကောနဲ့ပဲ မြန်မာပြည်မှာပဲ အလုပ်
တော့မယ်လို့တော့ စမလာနဲ့နော် .."

"အပွန်း ..."

အထာ က ကဗျာ့မေးဖျားလေးကို ကိုင်လှုပ်၍ ..၊

"ညလေး က အခု အမေရိကန်သူလေးနဲ့တောင် တူနေပြီ၊ အဝ
အကိုင်ဆိုတာ ကိုယ်နဲ့အကျိုးပေးတဲ့နေရာမှာမှ တိုးပွားတာ ညလေ
သတိရရင် ပြန်လာလို့ရတာပဲ၊ အခု ပလန်ချထားပြီးသားကိုဖေ
မဖျက်ရဘူး .."

"မဖျက်ပါဘူး မမကြီးရယ် .. အခု မမကြီးအတွက် ညလေး စိတ်
ရပြီဥစ္စာ .."

"အံမယ် ..."

"သြော် .. ဟို ဧရဲတွင်းက တရားသေလွှတ်မြောက်ခဲ့တာကို
တာပါ၊ တကယ့်ရင်ခုန်သံအစစ်ကို ကြားရဖို့ဆိုတာကတော့ .. အင်း

ကဗျာ က သုတ ဘက်ကို မျက်ခနဲလှည့်၍ ..၊

"ကိုကိုကြီး .. ရင်ခုန်ရင်ဒိုကြသလားဟင် .."

"တောင်မလေးနော် .. အပွန်း .. မမကြီး ကန်တော့ .."

စကားတောင်ဆုံးအောင်မပြောနိုင်ဘဲ သုတ ကဗျာ့ လက်လေ
ဆွဲခေါ်လာခဲ့၏။

ရုတ်တရက် ကဗျာ ပြောသွားတာကို အထာ ကလည်း သဘ
မပေါက် ..။ ဒါပေမယ့် သုတ ပြုံးပြုံးပျာပျာဆွဲခေါ်သွားတာမြင်လို့
မျက်နှာပြင်မှာ ပူပူထူထူကြီးဖြစ်သွားခဲ့လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

နောက်က လှုရိပ်ကို ကျော်ဇင် လို့ပဲထင်ကာ ...၊

"ငါ့ကိုပေး .. ကိုယ့်ဘာသာလုပ်လို့ရတယ် .."

ဆေးထည့်ပြီးရင် ပတ်တီးလဲဖို့အတွက် ကျော်ဇင် ယူလာပြီထင်ကာ လက်နောက်ပြန်လှမ်းလိုက်သည်။

"ပေးဆိုကွာ .."

စိတ်မရှည်လို့ လှည့်ကြည့်လိုက်တော့မှ ...၊

"ကိုသုတ .."

ဆေးပစ္စည်းလေးတွေထည့်ထားသည့် ပလတ်စတစ်ဘူးလေးကိုင်ထားသူက သုတ ဖြစ်နေ၏။ ကျော်ဇင် က သုတ နောက်ကွယ်ကနေ ထွက်လာကာ ...၊

"ဒီရပ်ကွက်ထဲထိ လာစုံစမ်းနေလို့ ငါ သတင်းပေးလိုက်တာပါ၊ ငါ့ကို အထင်မလွဲပါနဲ့ .."

"လွဲစရာမရှိပါဘူး .. ရှင်းနေတာပဲဥစ္စာ .."

"ခိုက် ရာ .. မင်း .."

"ရတယ် ညီလေး .. ကိုကြီး ရှင်းပြလိုက်မယ်နော် .."

သုတ က ကျော်ဇင့် ကို ဖျောင်းဖျလွှတ်လိုက်ပြီး ဆေးသေတ္တာလေး



ကိုင်၍ ခိုက် ရဲ့ ရှေ့မှာဝင်ထိုင်သည်။ ခိုက် က မျက်နှာငံ့ထားပေမယ့် တည်တင်းနေမှန်းသိသာစွာ အံကြိတ်လိုက်သည့် မေးရိုးနှစ်ဖက်က တင်း ခနဲ တင်းခနဲ လှုပ်ခတ်နေ၏။

"ခေါင်းက ပတ်တီးဖြည်ပြီးသွားပြီပဲ .. ခြေထောက်က .."

"သက်သာနေပါပြီ .. ကျွန်တော့်အတွက် ဒဏ်ရာရတာ ပြဿနာ ရှင်းရတာတွေလည်း အဆန်းမှမဟုတ်တာ .."

"ညီလေးအတွက်မဟုတ်ဘဲ သူများအတွက် ငါ့ညီပေးဆပ် .."

"မဟုတ်ပါဘူး .. အဲ့ဒီလိုမဟုတ်ပါဘူး၊ ပေးဆပ်တယ်ဆိုတာထက် ကြွေးဆပ်တယ်ဆိုရင် ပိုမှန်ပါတယ်၊ ကျွန်တော် သူ့ဆီက မဖွယ်ရာတဲ့ နည်းတွေနဲ့ ငွေတွေရယူခဲ့တာရှိတယ်၊ သူ ကျွန်တော်နဲ့ ပတ်သက်လာက မှ စိတ်ဆင်းရဲမှုတွေလည်း ပိုခဲ့မှာပါ၊ အခု အဲဒါတွေအတွက် ကျွန်တော် ပြန်ဆပ်တာ .."

သုတ မျက်နှာက မအီမသာရှိနေခဲ့၏။ ဒါတွေလည်း မမကြီးက အားလုံးပြောပြပြီးပါပြီ။

"ပြီးတော့ ဖြစ်ရတဲ့ပြဿနာအရင်းခံမှာ ကျွန်တော့်အစ်မက တရား အစစ်ပဲ၊ ရှက်လည်းရှက်ဖို့ကောင်းတယ်၊ ကိုသုတတို့ မောင်နှမတွေနဲ့ ကျွန်တော် မျက်နှာချင်းမဆိုင်သင့်တော့ဘူးဆိုတာ နားလည်လို့ ရှောင် ထွက်ခဲ့တာပါ၊ တစ်ယောက်နဲ့တစ်ယောက် အနေခက်ရတဲ့ပုံစံနဲ့ ဘယ် တော့မှ မတွေ့ကြတာကောင်းပါတယ် .."

ပြောပြီး ကိုယ်တိုင်ထုဆစ်ထားသည့် တုတ်ကောက်တိုလှမ်းယူပြီး ထရပ်လိုက်သည်။ သူ့ကို ပြန်စေချင်တာမှန်းသိလိုက်သဖြင့် သုတ နေရာ မှ ထလိုက်ရကာ ...၊

"ခဏနေပါဦးကွ .."

တားဆီးလိုက်ပြီး ခိုက် ရဲ့ ရှေ့မှာ ဝိတ်ရပ်ထားမိလျက် ...၊

"မင်းရင်ထဲမှာ တကယ်ရှိတာ ဘာမှန်းတော့ အစ်ကိုမသိဘူး ဒါပေမယ့် ခုပြောတာတွေအတွက်နဲ့တော့ ငါတို့တွေအနေခက်ဖို့မလို

www.burmeseclassic.com



ပါဘူး၊ လူတစ်ယောက်ရဲ့ဘဝအဆင့်အတန်းဆိုတာ အတိတ်နဲ့လည်း မဆိုင်ဘူး အနာဂါတ်နဲ့လည်း မဆိုင်ဘူး၊ ပစ္စုပ္ပန်က တကယ့်ဘဝပဲ.."

လွှဲထားသည့် နိုက် ရဲ့ မျက်နှာကို သူတ စိုက်ကြည့်ကာ ..၊

"ဘာဖြစ်လို့လဲဆိုတော့ အရာရာဟာ အမြဲတမ်းပြောင်းလဲနေလို့ပေါ့၊ အစ်ကိုတို့မောင်နှမတွေက အချင်းချင်းမှာရော တခြားလူတွေ အပေါ်မှာပါ နားလည်တတ်ကြတယ်၊ ခုလည်း မင်းက တို့ရဲ့ အမြင်မှာ မမကြီးအတွက် ယုံကြည်စိတ်ချရတဲ့မိတ်ဆွေကောင်းတစ်ယောက်ပါ.."

ပြောနေရင်း ပြန်ဖို့အတွက် ခြေလှမ်းပြင်လိုက်ကာ ..၊

"မင်းလို ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေမျိုးကို မမကြီးနားမှာ ဆက်ရှိနေစေချင်တာ တို့မောင်နှမတွေရဲ့ တကယ့်စိတ်ရင်းပါ .."

ပြော၍ ခဏရပ်နေသေးသည်။ ပြီးမှ လှည့်ထွက်သွား၏။ နိုက် ကျိခနဲအံကြိတ်မိသည်။ ဘယ်သူတွေလိုအပ်တာမလိုအပ်တာက သူ့ အတွက် အရေးမပါပေ။

မဟေသီ ယုတ်မာခဲ့တဲ့အတွက် သူ့လိုကောင်ကို မပတ်သက်ချင် ပါဘူးဆိုရင်လည်း မျက်နှာတည့်တည့်ကြည့်ပြီး စိတ်ကြိုက်ပြောသွား စမ်းပါ။

ခုတော့ သေလောက်တဲ့ဒဏ်ရာတွေနဲ့ ဆေးရုံပေါ်ရောက်လာတာ တောင် တစ်ချက်လေးမှ လာကြည့်ဖော်မရခဲ့ ..။ သူ့အတွက် မသေဆေး ဟာ ထာဝရ ဆိုတဲ့ မိန်းမရဲ့ အကြည့်လေးတစ်ချက်ပဲဆိုရင် ခုလောက် ဆို သူ သေဆုံးခဲ့ပြီဖြစ်သည်။

ဒါပေမယ့် သူ နာကျင်ခဲ့ပါ၏။ ရှင်လျက်နှင့် သေခဲ့ရသည့် ရင်ဘတ် ကြီးထဲမှာ သူမကို ရွှဲရွှဲလမ်းလမ်းချစ်နေမိခဲ့၏။

သူများသားမယားကို ဖောက်ပြန်ရာကျနေပြီမှန်းသိပေမယ့် ကိုယ် နှုတ်နှလုံး သုံးပါးစလုံးနဲ့တော့ မစောင့်ထိန်းနိုင်ခဲ့ပေ။

သူ တမ်းတခဲ့တာလည်း သူမကို ပိုင်ဆိုင်ရဖို့မဟုတ်ပါ။ ကိုယ့်ရင်ထဲ ကို မြင်စေချင်သည်။ ပြီးတော့ သူမရင်ထဲကိုမြင်ကြည့်ချင်၏။



သူမရဲ့အကြည့်တစ်ချက် အကြင်နာလေးတစ်ချက်လောက်နဲ့ပဲ တစ်သက်စာ ကျေနပ်သွားနိုင်သည့် မြတ်နိုးမှုမျိုးဖြစ်သည်။ အင်္ကျီရင်ဘတ် ထဲက တစ်စုံတစ်ခုကို သတိတရစမ်းကြည့်လိုက်မိရင်း နိုက် ဆတ်ခနဲ ဖြစ်သွားသည်။

ပြီးတော့ ထိုအရာကိုထုတ်ယူလိုက်ပြီး တိုက်ခန်းရှေ့ကို အလျင်စလို ထွက်ခဲ့မိလျှင် ..၊

"အား ..."

ခြေထောက်က ပြင်းထန်စွာနာကျင်သွားသဖြင့် နံရံကိုလက်နဲ့လှမ်း ထောက်လိုက်မိသည်။ နံရံက အနည်းငယ်ကွာနေသဖြင့် တစ်ကိုယ်လုံး လဲကျသလိုဖြစ်သွားခဲ့ပြီး ..၊

"မိုက် ..."

သူ့ရင်ခွင်အောက်ကို နွေးထွေးနူးညံ့သည့်ကိုယ်လေး တိုးဝင်လာခဲ့ ပြီး ..၊

"မင်းနိုက် ..."

"ခင်ဗျား ..."

သူမကို မှီဆွဲထားမိသလိုမျိုး ပြန်ဖက်ထားမိကာ နီးကပ်နေသော မျက်ဝန်းတို့ ကြာရှည်စွာဖြင့် ငြိတွယ်နေမိကြ၏။ သို့သော် သတိဝင်လာ သည်နှင့် မင်းနိုက် နံရံကို လက်နဲ့လှမ်းထောက်ထားလိုက်ပြီး ..၊

"ရပါတယ် .. ဖယ်ပါ .."

သူမကိုဖယ်ပစ်လိုက်ပြီး လွတ်ကျနေသည့် တုတ်ကောက်ကိုပြန် ကောက်ဖို့ကြိုးစား၏။ အထာ ကပဲ တုတ်ကိုကောက်ယူပေးလိုက်၍..

"ငါ မင်းကိုလာမကြည့်နိုင်ခဲ့တဲ့အတွက် .."

"ဘာအတွက်မှမလိုဘူး ထာဝရ .. အစတည်းက ခုထိ ခင်ဗျားနဲ့ ကျွန်တော် ခင်မင်မှုတွေနဲ့ ပတ်သက်ခဲ့ကြတာမဟုတ်ဘူး .."

"ချစ်ပါတယ်ဆိုတဲ့ ယောကျ်ားကရော ငါ့အပေါ်ကောင်းခဲ့ရဲ့ လား .."

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲနေပြီးမှ နိုက် မျက်နှာပြန်လှည့်မလိုဖြစ်သွား၏။ ဒါပေမယ့် သူမကို မကြည့်မိအောင်ကြိုးစားနေမိကာ ...၊

"ကောင်းကောင်းမကောင်းကောင်း ခင်ဗျားမှာ ဂုဏ်သိက္ခာတွေနဲ့ ပဲ ပြည့်စုံနေပါပြီ၊ ကျွန်တော်က ဘယ်တုန်းကမှ ဂုဏ်သိက္ခာအဆင့်အတန်း မရှိခဲ့တဲ့ကောင် .."

"မင်း ငါ့ကို အဲဒီလိုစကားတွေနဲ့ ခနဲ့မနေပါနဲ့ .."

"ဟုတ်တယ် .. ဒီထက် တည့်တည့်ပြောချင်တာ၊ ပြီးတော့ ကိုင် ပေါက်ပစ်ချင်သေးတယ် .."

"ဘာ!..."

"ခင်ဗျား ကျွန်တော့်ကို နှိပ်စက်တယ်၊ ခင်ဗျားကြောင့် ကျွန်တော် ဘဝပျက်နေပြီ .. အဲဒါ ခင်ဗျားနားလည်လား .."

"ဒီဒုက္ခရာတွေကြောင့် .. မင်းဘဝ .."

"ဪ .. ဒုက္ခရာတွေကြောင့် ထင်လိုက်ပြန်ပြီလား .. ဒီခြေထောက် ကျိုးနေလို့ ဘဝပျက်ရပါပြီဆိုပြီး ကျုပ်က ငိုကြွေးနေတယ်ပေါ့၊ ဟွန်း- ကျလည်းကျတဲ့ ဒေါ်ထာဝရ .."

မင်းနိုက် မျက်နှာတစ်ခုလုံးနီရဲတက်လာ၏။ မျက်ဝန်းထောင့်တွေ နီလာကာ ...၊

"ကျုပ်က သေကောင်ပေါင်းလဲဖြစ်ခဲ့ရတာ၊ ခင်ဗျားကတော့ ခင်ဗျား ယောက်ျားကိုဖြေရှင်းချက်တွေပေးဖို့အတွက် .."

"မဟုတ်ဘူး .."

"ဘာလို့မဟုတ်ရမှာလဲ .. ကျုပ် သတိရေပေမယ့် ခု အားလုံးသိပြီး ပြီ၊ ကိုသုတ တို့ ဝိုင်းပြောကြတာတောင် ခင်ဗျားက .."

"မင်းက ငါ့ကိုကွာရှင်းပြတ်စဲဖို့ မျှော်လင့်နေတာလား .."

နိုက် က အံကြိတ်ပြီးစိုက်ကြည့်ကာ ...၊

"အဲ့ဒီလို အမေးခံရနိုင်လို့ ကျုပ် ဘာမှမပြောမိအောင်နေခဲ့တာ ခင်ဗျားသွားတော့ ဒေါ်ထာဝရ .. ခု ထွက်သွားစမ်းပါ၊ ကျေးဇူးတင်ပါ



တယ် .."

"မိန်းမသားတစ်ယောက်အတွက် ကွာရှင်းပြတ်စဲဖို့က မင်းထင် သလောက်မလွယ်ဘူး နိုက် .. အေး .. အမြဲတမ်းသည်းခံနေလာခဲ့တဲ့ အားလုံးရဲ့ ဂုဏ်သိက္ခာအတွက် ငါ အဲ့ဒီလိုမျိုးသိပ်ခဲ့ရတယ်၊ မင်း ငါ့ အတွက် အသက်ပေးဖို့ ဝန်မလေးပေမယ့် မင်းက သူစိမ်းယောက်ျား.."

"ခင်ဗျားကိုသေတွင်းပို့ခဲ့တဲ့ ယောက်ျားကတော့ ခင်ဗျားယောက်ျား ဖြစ်နေလို့ အမြဲတမ်းတန်ဖိုးကြီးနေတယ်ပေါ့ .."

"မင်း နားမလည်ဘဲနဲ့ .."

"နားမလည်တာက ခင်ဗျားပါ .. ကျွန်တော် ခင်ဗျားကို အရှက် ရှိစောင့်မျှော်နေမယ်လို့ ခင်ဗျားထင်တယ်၊ ကျွန်တော်က အဲ့ဒီလို သိက္ခာမဲ့ တဲ့ကောင်ပဲ၊ ခင်ဗျား ကျွန်တော့်ကို တောက်လျှောက်မြင်လာခဲ့တာ အဲဒီ အဆင့်မျိုး .."

နိုက် အသံတွေတုန်ယင်နေကာ မျက်နှာငုံ့ပြောရင်း ရှေ့တိုးရင်းနှင့် ဒူးချင်းထိကပ်မတတ်ဖြစ်လာ၏။

"ထင်မှာပေါ့ .. ခင်ဗျားရင်ထဲမှာ ဖောက်ပြန်တဲ့ယောက်ျားရယ် ခင်ဗျားကိုင်တွယ်နေတဲ့ ငွေတွေနဲ့ အဲဒီပတ်ဝန်းကျင်ပဲရှိတာကိုး၊ ခင်ဗျား ညည်းနေည်းမှ မတွေးခဲ့ဖူးတာ အချစ်ပဲ၊ မိန်းမနဲ့ ယောက်ျားမရိုးသားစိတ် နဲ့ တတ်သက်မိကြတိုင်း ရယူလိုစိတ်တွေပြင်းထန်လာကြတာမဟုတ်ဘူး၊ ချစ်တဲ့စိတ်ဆိုတာ .. ကျွတ် ..."

ပြောမိတော့မည့် ပါးစပ်ကို ပြန်ပိတ်လိုက်မိရင်း ဒုက္ခရာနဲ့ ခေါင်း ထိုးစိုက်ထားလိုက်သည်။ ဒေါသစိတ်ကြောင့် တဒိန်းဒိန်းကိုက်ခဲလာ၏။

နှလုံးခုန်သံတိုင်းက ဦးနှောက်ကို ပစ်ဆောင့်နေသလို နားထင်နှစ်ဖက် မှာ ခံရခက်နေသည်။

"ပြန်ပါတော့ .. ခင်ဗျားယောက်ျားအထင်လွဲနေပါ့မယ်၊ ကျွန်တော့် အားတွေကိုရော ဒီခြေကျိုးကိုရော ခင်ဗျားခေါင်းထဲက ထုတ်လိုက်၊ ခင်ဗျားဆီက မသထာရေစာ ယူငင်သုံးစွဲမိတဲ့ ငွေတွေအတွက် ပြန်ဆပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်လို့မှတ်ရင် နေသာသွားမှာပါ ..”

“မင်း နေသာဖို့ပဲလိုပါတယ်၊ အခု မင်း ငါ့ကို ကိုင်ပေါက်ချင် လောက်အောင် ပြောချင်ဆိုချင်နေတာတွေ နေသာထိုင်သာရှိသွားပြီလား..”

မျက်လုံးချင်းဆုံသွားခဲ့ပြန်သည်။ အထာ့ မျက်ဝန်းက မျက်ရည်တွေကြောင့် ခိုက် မျက်နှာက တင်းမာမှုတစ်ချို့ပြေကျသွားသည်။ ထိုစဉ် ဖုန်းသံမြည်လာသဖြင့် အထာ က ထုတ်ကြည့်၏။

“မမကြီး ..”

ကဗျာ က ညှို့ခန်းတံခါးဝမှာ ပေါ်လာကာ ခိုက် ကို မြင်လိုက်တော့ ခပ်အမ်းအမ်းတစ်ချက်ဖြစ်သွား၏။ ပြီးမှ အထာ့ ကိုကြည့်၍...

“ဖုန်းလာတာမို့လား .. မမကြီး အဲ့ဒီဖုန်းမကိုင်နဲ့ ..”

ပြောပြောဆိုဆို ဝင်လာပြီး အထာ့ လက်ထဲက ဖုန်းကိုဆွဲယူလိုက်၏။

“ဘာလုပ်တာလဲ ညလေး .. ကိုမောင် မဟုတ်ဘူး .. အန်တီဦး ခေါ်နေတာ ..”

ကဗျာ က ခေါင်းခါလိုက်ပြီး ဖုန်းကို သူမ အိတ်လေးထဲထည့်ပစ်လိုက်ကာ ..၊

“အန်တီဦး ဆိုတဲ့မိန်းမကြီးက ပိုဆိုးတယ်၊ မမကြီးကို ဘယ်လိုချုပ်ကိုင်ရမလဲဆိုတာ သူပဲကောင်းကောင်းသိတာ၊ ဂုဏ်သိက္ခာတွေ ဘာတွေညာတွေနဲ့ အခုဆို အောက်ကျို့ခယတော့မှာ သေချာတယ်၊ မမကြီး သူ့သားကို ကွာရှင်းမယ်ဆိုတည်းက ဟိုမှာနှာနပ်နေရပြီလား မသိဘူး၊ နိုင်းစားလို့ရမယ့် ချွေးမကောင်းလေးသွားပါပြီဆိုပြီးတော့..”

ကဗျာ တို့ကိုအရင်ခေါ်ပြီး ဒီဖုန်းကိုခေါ်တာဖြစ်သည်။ မောင်တွေ ညီမတွေက အဲဒီလောက်ထိတောင်ရှေ့အောင် တွက်ထားကြတာဖြစ်သည်။

သူမ ဟိုက ထွက်လာပြီး နောက်နေ့တည်းက ဖုန်းတွေလဲယူထားကြကာ ..၊

“ဒါပဲနော် .. သွားပြီ ..”

ကဗျာ က ထွက်သွားပြီးမှ လက်လေးနောက်ပြန်ပြ၏။ ငေးငေး



လေး ကျန်ခဲ့သည့် အထာ့ မျက်နှာ တစောင်းလေးကို ခိုက် က စူးစိုက်ကြည့်နေခဲ့လျက် ..၊

“ယောက္ခမ မုန်းသွားမှာကြောက်နေတာလား ..”

လှည့်မကြည့်ဘဲ အထာ့ မျက်ခုံးတန်းလေးတွေ တွန့်ကုတ်သွား၏။ ပြီးတော့ ခပ်စောင်းစောင်းပြန်ငဲ့ကြည့်ကာ ..၊

“အဲဒါ ငါ့ကိစ္စပါ ..”

နာကျင်နေသည့်စိတ်မှာ ဖြစ်ချင်ရာဖြစ်ပါစေလို့ သဘောပိုက်၍ မျက်ဝန်းလေးက လက်ကျန်မျက်ရည်စတို့ကို မျက်တောင်တွေဖိခတ်ပစ်ပြီး ဖျောက်ဖျက်ဖို့ကြိုးစားလိုက်သည်။

ပြီးတော့ သူ့ရှေ့ကနေ ထွက်ခွာဖို့ခြေလှမ်းပြင်၏။

“လူနာတစ်ယောက်နဲ့ ရန်ဖြစ်ပြီး ခင်ဗျား ဒီတိုင်းထားသွားမှာလား ..”

အထာ လှမ်းထားသည့်ခြေလှမ်းကနေရာမှာတင် ရှေ့မဆက်နိုင်..။ ထိုစဉ် ခိုက် က သူမလက်လေးကိုဆွဲယူလိုက်ကာ ..၊

“ဒေါက် ....”

တုတ်ကောက်ကျသွားသည့်အသံနှင့်အတူ ခိုက် ရဲ့ ရင်ခွင်ထဲမှာ သူမ ..၊

“ကျွန်တော့်ကို နည်းနည်းတော့ ငဲ့ကြည့်သင့်ပါတယ် ..”

သူ့ကျောနဲ့ နံရံမှာ ကပ်မှီထားကာ အထာ့ ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ပိုက်ထား၍ ..၊

“ကျွန်တော့်မျက်နှာကိုကြည့်စမ်းပါ ထာဝရ .. ခင်ဗျားအထင်ကြီးအားကိုးလောက်ဖွယ် တစ်စက်မှမရှိတဲ့ရုပ်မျိုးဖြစ်နေသလား .. ကျွန်တော် က ခင်ဗျားအတွက် ..”

“မဟုတ်ဘူး ..”

ရုန်းတော့ရုန်းမိပေမယ့် အားကမပါ။ သူ့မျက်နှာကိုမော့ကြည့်ရင်း ချစ်ခြင်းတွေပြည့်နှက်နေသည့် မျက်ဝန်းတို့ကိုနားလည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ သက်သေပြခဲ့သော ခေါင်းက ဒဏ်ရာက ပတ်တီးမရှိတော့ပေမယ့် ချုပ်ရိုးတွေနဲ့ အနီရောင်သမ်းနေဆဲ …၊

အထာ မော့ကြည့်နေတော့ ခိုက် က မျက်နှာကိုပိုင့်ပေးသည်။

"ကြည့်ပါ … ကျွန်တော်ပြောချင်နေတာတွေ ကျွန်တော့်မျက်လုံးထဲမှာရှိတယ် …"

အထာ မျက်ရည်တွေစေ့သီလာလျှင် ခိုက် က ပါးချင်းကပ်ထားလိုက်တာ …၊

"မငိုပါနဲ့တော့ …"

"ငါ … ငါမသိတော့ဘူး …"

"ဘာကိုသိချင်နေတာလဲ … ကျွန်တော့်ကိုမေးပါ …"

ပါးချင်းကပ်ထားတာကိုခွာဖို့ ကြိုးစားပေမယ့် ခိုက် က အတင်းအကျပ်ဖက်ပြီး ကပ်ထားကာ …

"မေးလေ …"

"ငါ့ရင်ထဲမှာ တွေးမိလာတာ မင်း ထေ့ငေါ့နေတဲ့အကြောင်းအရာတွေမဟုတ်ဘူး …"

"ဘာတွေလဲပြော …"

"ဟင့်အင်း … မသိတော့ဘူး …"

အထာ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ သူ့ကျောပြင်ကို ပြန်ဖက်ထားလိုက်မိသည်။ ဒီနေရာမှာ သင့်တော်တာ မတော်တာတွေလည်း တွေးချင် …။

သူနဲ့ငါနဲ့ ဘာဆိုင်ခဲ့လို့လဲဆိုသည့် မေးခွန်းတွေကိုလည်း မေ့နေခဲ့မိ။ အချစ်နဲ့ မသက်ဆိုင်ခဲ့သော လူနှစ်ဦး ချစ်ခွင့်မရှိရဘူးဆိုရင်တော့ သူနဲ့သူမ တစ်ခြားကမ္ဘာတစ်ခုကိုပဲထွက်သွားပါတော့မည်။

"မသိတာတွေကို မသိချင်ပါနဲ့တော့၊ အခု ကျွန်တော်နဲ့ ခင်ဗျား သိခဲ့တဲ့အရင်က ပြဿနာတွေကိုဖယ်ပြီး မသိခဲ့ဘဲနဲ့ ရင်ဘတ်ချင်းငြိနှိုးနေကြတာကို ပြန်တွေးမယ်လေ …"



"ဒါပေမယ့် …"

"ကျွတ် …"

ခိုက် က သူမမျက်နှာလေးကို အတင်းမော့ယူလိုက်ကာ …၊

"ဟင့်အင်း မလုပ်ပါနဲ့ …"

ကလေးတွေ ဝင်လာမှာကိုကြောက်တာ အထာ အတင်းရှောင်တိမ်းနေမိသည်။ ပြီးတော့ မပြောတော့ဘူးလို့ထားခဲ့သည့် စကားတွေက ထိတ်ထိတ်ပျာပျာယောင်မှားထွက်သွားခဲ့လျက် …၊

"တို့က တစ်ခုလပ်ဘဝနဲ့ မင်းနဲ့ …"

"ခင်ဗျား နောက်ထပ် ကျွန်တော့်ကိုထားပြီးပြေးရင် ဘာဖြစ်သွားနိုင်လဲသိလား …"

ခိုက် ရဲ့ တပ်မက်ခြတ်နိုးသောအနမ်းတွေက ချွေးထွေးနှုတ်ခမ်းတွေဆီ ခင်းလာခဲ့သည်။ ထို့ပြင် နှုတ်ခမ်းချင်းမထိတထိကပ်ပြီးပြောသေးသည်။

"ကျွန်တော် ခင်ဗျားကိုဘယ်တုန်းကစပြီး ချစ်မိသွားတာလဲဆိုတာ သိချင်လား …"

"မသိချင်ဘူး …"

"ဘာဖြစ်လို့လဲ …"

"ငါ့ကို ပြန်မေးမှာစိုးလို့ …"

"မမေးပါဘူး … သိနေတာပဲဟာ …"

အထာ ရှက်ရယ်လေးရယ်ကာ သူ့ရင်ဘတ်ကို ခိုးနမ်းမိ၏။ ပြီးတော့ …၊

"တို့ကို အထင်သေးလားဟင် …"

"ကျွန်တော်ဆို နေစရာမရှိတော့ဘူးပေါ့ …"

ပြောပြီး လက်ချင်းထပ်၍ တင်းခနဲဖက်လိုက်လျှင် …၊

"ငါ့ကို အသက်ရှုကျပ်ပြီး သေအောင်သတ်နေတာတော့ မဟုတ်ပါဘူးနော် …"

"ဟင့်အင်း … ထားစရာမရှိအောင် ချစ်နေတာ …"

www.burmeseclassic.com

www.burmeseclassic.com



"မထင်ရဘူး .."

"ဘယ်ထင်မလဲ .. ခင်ဗျားကမှ စိတ်မဝင်စားတာ၊ ဒါပေမယ့် ကျွန်တော်သိတယ်၊ ခင်ဗျား ဟိုလူကို လုံးဝမချစ်ဘူးဆိုတာ .."

"မင်းကို ချစ်နေတာကျတော့ .. အဲ .."

"အဟွန်း ..."

"ဟာ .. ဘာလဲ .. မရယ်နဲ့ .. သွား .. မျက်နှာကြီးကဖယ်စမ်းပါ.."

စကားမှားပြီး ပြောမိသွားပြီမို့ အထာ အရှက်ကြီးရှက်လျက် နိုက်ရဲ့ အနမ်းတွေကို အကြောက်အကန်ရှောင်ဖယ်နေတော့သည်။

ပြီးတော့ လူကိုထုရိုက်နေရင်း ရှက်ပြုံးလေးလင်းလက်လာပုံက ကရုဏာဆန်ဆန်ချစ်စဖွယ်လေးဖြစ်နေခဲ့လျက် ...၊

"မေတ္တာမှန်လို့ မေတ္တာရတာ .."

"ဘယ်သူရတာလဲ .."

"ကျွန်တော် ..."

"မပေးပါဘူး .."

"ကျွန်တော့် ရင်ဘတ်ထဲမှာ ထည့်သိမ်းထားပြီးပြီ၊ မူနေလို့မရတော့ဘူး .."

လူနှာသည်လည်း ဒဏ်ရာတွေကိုမေ့၏။ သူမကိုယ်တိုင် ပတ်ဝန်းကျင်နှင့် အရာခပ်သိမ်းဂရုမစိုက်ချင်တော့ဘဲရှိကာ ...၊

အချစ်နဲ့သာ ထာဝရ ပျော်ချင်ပါ၏။

❀

ပရိသတ်အတွက်

ထာဝရ

BURMESE CLASSIC .com

www.burmeseclassic.com